www.burmeseclassic.com




R.686

www.burmeseclassic.com

www.burmeseclassic.com


နက္ခတ္တရောင်ခြည် မဂ္ဂဇင်း (၃၃) နှစ်ပြည့် အမှတ်တရ အထူးထုတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်
နက္ခတ္တရောင်ခြည်











## ဘုရားကိုးဆူဂါထာတော်

▲ ဗုဒ္ဓေါစ မဇ္ဈိမေ သေဋ္ဌော သာရိပုတ္တောစ အဂ္ဂိတော ပစ္ဆိမေယေ အာနန္ဒော မောဂ္ဂလာနောစ ဥတ္တရေ။
▲ ကောဏ္ဍညော ပုဗ္ဗဘာဂသ္မိံ ပါရေယျေ ဂဝမ္ပတိ ဥပါလိ နေရတီစေဝ အဂ္ဂိနေယျေ ရေဝတော။
▲ ရာဟုလောစေဝ ဧသနေ သဗ္ဗေ ဧတေ ဝေယျမင်္ဂလံ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

အနက်

**သေဋ္ဌော**၊ မြတ်တော်မူသော၊ **ဗုဒ္ဓေါ**၊ ဘုရားသည်၊ **မဇ္ဈိမေ**၊ အလယ်တည့်တည့်၌၊ **သာရိပုတ္တော**၊ အရှင်သာရိပုတ္တရာသည်၊ **အဂ္ဂိတော**၊ တောင်အရပ်၌၊ **အာနန္ဒော**၊ အရှင်အာနန္ဒာသည်၊ **ပစ္ဆိမေ**၊ အနောက်အရပ်၌၊ **မောဂ္ဂလာနော**၊ အရှင် မောဂ္ဂလာန်သည်၊ **ဥတ္တရေ**၊ မြောက်အရပ်၌၊

**ကောဏ္ဍညော**၊ အရှင်ကောဏ္ဍညသည်၊ **ပုဗ္ဗဘာဂသ္မိံ**၊ အရှေ့အရပ်၌၊ **ဂဝမ္ပတိ**၊ အရှင်ဂဝံပတိသည်၊ **ပါရေယျေ**၊ အနောက်မြောက်အရပ်၌၊ **ဥပါလိ**၊ အရှင်ဥပါလိသည်၊ **နေရတီစေဝ**၊ အနောက်တောင်ထောင့်အရပ်၌၊

**ရေဝတော**၊ အရှင်ရေဝတသည်၊ **အဂ္ဂိနေယျေ**၊ အရှေ့တောင်ထောင့် အရပ်၌၊ **ရာဟုလော**၊ အရှင် ရာဟုလာသည်၊ **ဧသနေ**၊ အရှေ့မြောက်ထောင့်အရပ်၌၊ **ဌိတာ**၊ သီတင်းသုံးတည်နေ ပါပေသတည်း။

**ဧဝ**၊ အကျွန်ုပ်အား၊ **သဗ္ဗေ**၊ အလုံးစုံသော၊ **ဝေယျမင်္ဂလံ**၊ အောင်မြင်မင်္ဂလာသည်၊ **ဟောတု**၊ ဖြစ်ပါစေသတည်း။ **အဟံ**၊ အကျွန်ုပ်သည်၊ **သဗ္ဗဒါ**၊ နေ့ရောညပါ အခါခပ်သိမ်း၊ **ဝန္ဒာမိ**၊ ရှိခိုးပါ၏။

ခက်ခဲသော ပါဠိအသံထွက်

| | | | |
|---|---|---|---|
| ဗုဒ္ဓေါစ | = ဗုတ်ဒေါစ | မောဂ္ဂလာ | = မောဂ်ဂလာ |
| မဇ္ဈိမေ | = မဇ်ဈိမေ | ကောဏ္ဍညော | = ကွန်ဒင်ညော |
| သေဋ္ဌော | = သိဋ်ဌော | ပုဗ္ဗဘာဂသ္မိံ | = ပုပ်ဗဘာဂသမိန် |
| သာရိပုတ္တောစ | = သာရိပုတ်တောစ | ပါရေယျေ | = ပါရိယ်ယေ |
| အဂ္ဂိတော | = အက်ဂိတော | ဂဝမ္ပတိ | = ဂဝံပတိ |
| ပစ္ဆိမေန | = ပစ်ဆိမေန | အဂ္ဂိနေယျေ | = အက်ဂိနေရှင်စ |
| အာနန္ဒော | = အာနန်ဒေါ | ဧသနေ | = ဧအသာနေ |
| ဥတ္တရေ | = အုတ်တရေ | မင်္ဂလံ | = မင်ဂလံ |
| | | ဝန္ဒာမိ | = ဝန်ဒါမိ |
| | | သဗ္ဗဒါ | = သပ်ဗဒါ |

လောကီပညာရသစုံမဂ္ဂဇင်း



www.burmeseclassic.com

# နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

(၃၃)နှစ်ပြည့် အမှတ်တရ အထူးထုတ်

# နက္ခတ္တရောင်ခြည်

လောကီပညာရသစုံ မဂ္ဂဇင်း





ဗေဒင်ဆရာတော်ကြီး ဓာတ်ပုံ သာသနာ့ဖုန်းမြို့မှ ကျောင်းကြီးများပေါ်မှ ...... စာမျက်နှာ ၈၇-၁၀၀

နာယကကြီး

ဒေါက်တာ အောင်မိုး

M.B.B.S (Ygn)

ဒု-ဉာ-ဝ(တိုင်းရင်းဆေး)

M.Med.Sc (Pharmacology)

Advanced Pharmacokinetics

Training (London)

Senio[r]

သာသနာ့အကျိုးဆောင်

ဓာလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ

အကြံပေး

ဒေါ်ဝတ်ရည်ထွေး

B.Sc(Bot),Dip.T.Med.

ဦးဝင်းထိန်ကျော်

B.A(Philos),Dip.T.Med.,

T.L.R.M (INDIA)

စာတည်းချုပ်

ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း

ရွှေသာဝ

နယ်လှည့်အယ်ဒီတာ

အောင်ဇေ(LLB)ကိုမိုးထွန်း

သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ

* ဦးစံတင်

(ဓမ္မာစရိယ၊ စာပေဝိဇ္ဇာ၊ အဘိဓမ္မာ၊ ဓမ္မာစရိယ)

* ဦးသီဟ

[သာသနဓဇဓမ္မာစရိယ]

ဥပဒေအကြံပေး

ဦးထွန်းစိန်

B.A(Myanmar), H.G.P.R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်

ကိုတင်ဦး

တင်တင်နွယ်

မျက်နှာဖုံးပန်းချီ

မြတ်မင်းဟန်

ဖြန့်ချိရေးမှူး

ယဉ်ကျေးဗေဒ

ကွန်ပျူတာစာစီ

ဗိုက်ဇီ ကွန်ပျူတာစာစီလုပ်ငန်း

ထုတ်ဝေသူ

ဦးကျော်မိုးသိန်း(၀၀၃၃၉)

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်

၂၁၁၊ ၂၉ လမ်း ရန်ကုန်မြို့။

အတွင်းနှင့် မျက်နှာဖုံးရိုက်

ဦးနန်းဝေ (ခ) ဦးမိုးမိုး(၀၀၂၈၅)

အောင်နန်းသစ်ပုံနှိပ်တိုက် အမှတ်-၄၄ ၅၅-လမ်း

ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့။

မန္တလေးဖြန့်ချိရေး

နတ်ဗေဒ

ရွှေတောင်ကလျာ ဖြန့်ချိရေး

မိတ်ဖွဲ့စာပေ (တောင်ကြီး)

ဝင်းနဒီစာပေဖြန့်ချိရေး(တောင်ကြီး)

မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး

ကျော်ကျော်စာပေ(မော်လမြိုင်)

ဖြန့်ချိရေး

ကျော်မိုးသိန်းစာပေ ၂၁၁(ပထမထပ်) ၂၉လမ်း ရန်ကုန်မြို့။

ဖ-၀၉ ၇၇၆၃၄၉၇၈၅၊ ၀၉ ၄၄၃၂၅၇၇၂၂၀

ကြော်ငြာတာဝန်ခံ

ယဉ်ကျေးဗေဒ

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ

အမှတ် ၃၃၆

တန်ဖိုး – ၂၅၀၀ကျပ် (ဖြန့်ချိရေး)

[နှစ်ထောင့်ငါးရာကျပ်]

အုပ်ရေ

၁၀၀၀

ဖ- ၀၉ ၇၇၆၃၄၉၇၈၅၊

၀၉ ၄၄၃၂၅၇၇၂၂၀



F.1B. July, 2019.



ညီတော်ရုပ်ပွားကိုယ်စားတော်
လှုပ်ပြတော်မူရှာ
ပူးကြိုစမ်းပါ... ☛ စာ-၁၉

နှမ်းသိန်းရွှေ ပန်းမိုး
ရှင်ဥပ္ပါ ထိပ်ထိန်းမျိုးသော
ပျူနိုင်ငံသည် နှစ်ပေါင်းကိုးထောင်ကျော်ကတည်းက... ☛ စာ-၉၆



## ✳ ဗေဒင်ဆိုင်ရာ ✳


လူဝင်စားတစ်ဦးနှင့် တွေ့ဆုံခြင်းနှင့် ပရလောကမှ အတွေ့အကြုံဆန်းများ [ဆရာမြင့်-ကသာ] ၂၀၀

သိုက်ဝင်စား ဆရာဝန်ကြီးတစ်ဦးနှင့် ဆွေးနွေးမှု မှတ်တမ်း(အပိုင်း-၁) [တိုက်ကြီး တင်အောင်] ၂၆၂


## ■ ဗေဒင်ဆိုင်ရာ ■


ဝိဇ္ဇာဆေးတုံး [လွယ်ကောင်းအောင်] ၆၂


## ✋ လက္ခဏာဆိုင်ရာ ✋


မင်္ဂလာအဖြာအရံ (၅)မျိုးပါသော လက္ခဏာရှင် [ဆရာကြီး ဦးအောင်မြိုင်-ဥပဒေတွဲ] ၁၂၄

အနာဂတ်လူငယ်များရဲ့ လက္ခဏာ [လှမင်းထွန်း (LL.B)-သိပ္ပံလက္ခဏာသုတေသီ] ၁၆၉

ရွှေတူးဖော်ရေးလုပ်ငန်း အကျိုးပေးသော သင်္ကေတ ၁၈၀

လက္ခဏာပဟေဠိ အဖြေညီကြစို့ ၁၉၈


## ☛ ထူးဆန်းဆိုင်ရာ ☛


သိကြားမင်း ဆက်သသော လိုတရ သာရကွန် အရှင်မြတ်ကြီး တည်ရှိရာ ဆင်ကြို့ရွှေဂူမြတ်ဘုရားနှင့် သာရကွန်ဘုရားများ တည်ရှိရာသို့(အပိုင်း-၁) [ဓမ္မဒေဝ] ၉

ရတနာမင်းဘိုချမ်းသာဘုရားတွင် အဓိဋ္ဌာန်ဝင် [ခရီးသည် သုတေသီ] ၄၉

မုန်းဒေသမှ မွေတော်ဘုရားနှင့် စိတ်ဝင်စားဖွယ်ရာများ [မင်းကျော်-ကျွဲရတောင်တန်း] ၆၅

လောကီအစီအရင်နဲ့ ထူးခြားသည့် ရွှေပေါင်းဘုရားနှစ်ဆူ [ကိုသက်ရှည်] ၈၁


## ○ အထွေထွေဆိုင်ရာ ○


ဘုံဖွယ်စုံလင် လှိုင်မြရှင် [ရွှေမော်ဗြေ မောင်ကြည်သိန်း] ၁၇

ဝင်းကျိုက်တောင်က ဝိဇ္ဇာအစည်းအဝေး [တိမ်လွှာမိုး-ရန်ကုန်] ၂၆

ကြွက်မင်းငါးဆူ အဓိဋ္ဌာန် ပူဇော်မှုဓမ္မ(အပိုင်း-၁) [ထက်မင်းကျော်စွာ] ၃၃

မနောမယဆရာတော်ကြီး၏ ထူးဆန်းတဲ့ တရားရှုတွက် နှင့် ဦးညို တွေ့ခဲ့တဲ့ အဘဘိုးမင်းခေါင် [ဦးစန်းမောင်-မြန်မာ့ရိုးရာဆိုက်ပျို(ငြိမ်း)] ၄၀

မြို့စစ်ကိုင်း၏ သမိုင်းဝင်ပါ ချောင်းသောလာ(၈) [အရိယာဝံသချောင်] (အပိုင်း-၂ နိဂုံးပိုင်း) [အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၇၃

မန်းစက်တော်ရာ မြေမတော်အား ဖူးတွေ့ခဲ့ရသည့် တစ်ခဏတာ [ဦးစိန်-တိုးချောင်ကြီး] ၁၉၃

www.burmeseclassic.com



### ကိုယ်တွေ့ရောင်ခြည်


တန်ခိုးကြီးမား အင်းလေးဖောင်တော်ဦးဘုရားနှင့်
ကိုယ်တွေ့ထူးခြားဖြစ်ရပ်များ [ကောင်းမြင့်မြတ်စိန်] ၂၁၇
ကိုယ်တွေ့ လက်စွပ်နတ်သမီး [ဦးတင်ဝင်း-အောင်လံ] ၂၇၃
လူဝင်စား ကျွန်တော့်ညီလေး [ပွင့်မလေး] ၂၇၆
သံသရာအရေး တွေးကြရင် [ရွှေတောင် ခင်မောင်ကြည်] ၂၉၉


### ကျင့်စဉ်ရောင်ခြည်


သင်ယုံကြည်လျှင် ဆုတောင်းပါ [ဦးဘခင်] ၁၅၉
မယ်တော်ကြီး ဒေါ်သုမင်္ဂလာ၏ ဧရာကျင့်စဉ်များ
[ရွှေမင်းသား-စစ်ကိုင်း] ၁၆၁
မှန်မှန်ရွတ်၍ ကျင့်ကြပါလေ သမ္ဗုဒ္ဓေ [မြင့်] ၁၉၀
ရေတံခွန်တောင်စီးကြောင်းထဲက ကျွန်တော်
[သီလ-ရေတံခွန်တောင်] ၂၄၁


### အစီအရင်ရောင်ခြည်


မုန်တိုင်းအန္တရာယ် ကာကွယ်နိုင်ဖို့ စတီနည်းတစ်နည်း
[ထွန်းဝင်း-ကလေး] ၉၉
ကျန်းမာရေးညံ့လျှင် စာ(၉)လုံးနှင့် နဝင်းဆင် စီရင်နည်း
[ဗိုလ်မင်း-မင်းလှ] ၁၁၈
ဓနဝတာလာဘ စီမံကြရအောင်
[အောင်ထက်-ရေအနောက်မြို့တော်] ၁၄၅
မင်းကိုချည်(မင်းကိုးချည်) စီရင်ပြုလုပ်ပုံ
[မောင်ဝင်းဘို-ချင်းတွင်းမြေ] ၁၅၃
ဝန္ဒီရသြစာညွှန် [ရွှေမြန်မာ-ကသော] ၁၅၇
ရေခြားမြေခြား ရောက်နေသူများအတွက်
[အောင်နန္ဒ-ကျိုက်လတ်] ၁၇၇


### အကျိုးပြုရောင်ခြည်


ထူးခြားဆန်းကြယ်သော ဓာတ်လုံးများ (အပိုင်း-၁၄)
[ဦးမင်းဇင်-ရွှေနဝင်း] ၁၂၆
ပျော်ပျော်ရွှင်ရွှင် သွပ်ဖမ်းရအောင်
[အောင်သင်း-P.S.T] ၁၇၁
သီပေါဆရာတော် ဦးဖုး၏
သံနှင့်ဆေးဝန်း တွဲ၍စီရင်နည်း
[ဝိဇ္ဇာမဟိဒ္ဓိ ဆရာဦးသန်းမြင့်-တိုင်းရင်းဆေး] ၁၉၉
အဂ္ဂိရတ်ပညာအတွက် ပေးစာတစ်စောင်
[ဦးကျော်မြ (သာ)မောင်တင်ထွန်းအောင်] ၂၁၅




မန္တလေးရေတံခွန်တောင်တော်ပေါ်မှ
ရဟန်းစင်တောင်ဆရာတော်ကြီး
အထိမ်းအမှတ်စေတီဖြစ်သည်... ☙ စာ-၁၀၅



မပုပ်မသိုး
သေးသော
ဆရာတော်၏
ရုပ်ကလာပ်တော်
ကို
သက်ကယ်ကျောင်း
မှာတွင်
ယနေ့ထိ...
စာ-၂၀ ❥



www.burmeseclassic.com

www.burmeseclassic.com





ရွှေမြင်ဗိုဟ်ဘုရားကြီးဝင်းဆောင်ရှိ
မြင်ဗိုဟ်တောင်ခြေတော်မှ
ခြေတော်ရာဖြစ်သည်... ၈၁-၆၀

အရိယဝံသဆရာတော်ကြီး၏
ကမ္မဋ္ဌာန်းတဲ အောင်မြေအား
ယနေ့ထိ မြင်တွေ့နိုင်သည်... ၈၁-၇၈



### ✱ ဂါထာမန္တန်ရောင်ခြည် ✱

ရွှေဟောင်း ပေစာ၌ တွေ့ရှိရသော
မိစ္ဆာလည်ဖြတ်မန္တန် [ဗိုလ်မင်း-မင်းလှ] ၁၃၂
မိုးသားရန်သူများ မဝင်ရောက်နိုင်သော
တြိသီဟဂါထာတော် [မင်းရာဇာ-နတ်မောက်] ၁၄၈
သူရဿတီမယ်တော်ကြီးနှင့် ဂါထာတော်များ
[မောင်ထင်အောင်လင်း] ၁၈၅
ရန်သူမီးကို တားဆီးနိုင်သော ဂါထာတော်များ
[အုံကြွယ်] ၂၀၉

### ✱ ဗေဒင်နက္ခတ်ရောင်ခြည် ✱

စပါးကြီးတို့၏ လျှို့ဝှက်စွမ်းအင်နှင့်
သည်းခြေ၏ အသုံးများ [မျိုးတင့်-ညောင်လေးပင်] ၄၅
ကြွင်း-နဝင်း အမျိုးကျိုးပေါင်းပျောက်တဲ့ ဝါးမင်း
[ကိုထွန်း-မင်းလှ] ၁၃၄
ပိုးယားထိမိလျှင် ပိစပ်ရွက်ကို သတိရပါ
[သာဂရုး-ကသာမြေ] ၁၄၄

### ▲ ဆေးဝါးရောင်ခြည် ▲

ဆီးချိုသွေးချို ဝေဒနာရှင်များအတွက် ဆေးနည်းကောင်း
[ဦးကိုကိုကြီး(စစ်ဆေးရေး)-က.စ.စ(၁၂)၊ ထုံးဘို] ၃၀
နှာခေါင်းရောဂါများအတွက်
ဆေးနည်းကောင်းလေးတစ်ခု [အေးရွှေ-ဇီးကုန်း] ၈၅
ရှပ်ပျိုတျွန်းမှာ သတ်ရှည်ဆေးနည်း
[ဦးခင်မွေး-တနင်္သာရီမြို့] ၁၆၀

### ✱ ဂမ္ဘီရပညာရောင်ခြည် ✱

ရိုးမတောင်ခြေက ထူးဆန်းသော ပညာနှင့်
ပန်းခင်းလေးရွာရှိ [ကြို့ပင်ကောက် နှင်းနွယ်] ၂၆၅
ဗိုင်းမ ဗိုးပြုပ်မဲက နတ်ရဲ့ဗို [တင်ဘုန်းဝင်း] ၂၈၁
မပြန်ချင်သော်လည်း မပြန်လို့ မရသူ
[စောဗိသွင်-ရှန်ကုန်] ၂၈၉

### ✪ ထူးခြားသမိုင်းရောင်ခြည် ✪

ပျိုမေတို့အတွက် သူယောင်ဝမှန်း
[နတ်မောက် မီးတောက်] ၃၉
ပြည်လုံးချမ်းသာ ဝမှန်း [သီရိဘုန်းခေါင်] ၁၆၈

### ✪ စိုက်ပျိုးရေးရောင်ခြည် ✪

ခွေးလျှောယားမြစ် မှိုတက်၊ ပိုးမစားအောင်
သိမ်းဆည်းနည်း [ဆရာအောင်] ၂၄၀



www.burmeseclassic.com

www.burmeseclassic.com




■ ထူးခြားဗဟုသုတရောင်ခြည် ■

တမာနဂါးတွင်းထိုး စီးပွားတိုး[သာထက်ဇော်–မကွေး] ၁၂၁
စမများ ပေါ်နေသည့် ပတ္တမြားရောင်တောက်
ထန်းသားကျောက် [နတ်မောက် ကောင်းမွန်မြင့်] ၁၂၉

▲ ကုထုံးရောင်ခြည် ▲

ခန္ဓာကိုယ်အောက်ပိုင်း ခြေတွင် လေးလံကိုက်ခဲ
သွေးချည့်ဖြစ်ခဲ့လျှင် [အသိုးစံ] ၁၉၆

◯ သုတေသနရောင်ခြည် ◯

စိတ်ဝင်စားဖွယ်ကောင်းသော
ထိုးမြလက်မှတ်များအကြောင်း
[ဆရာကြီး ဦးအောင်မြင့်–ဥပဒေတွဲ] ၁၆၄
တိုက်"ပျား"၊ နိုက်"ပျား"နှင့်
ကောင်းကျိုးဆိုးကျိုးပေးမည့် ပျားစွဲနည်းနှင့်
အစီအမံများ [သာကျူး–ကသာမြေ] ၁၈၈

◯ မြန်မာ့တိုင်းရင်းဆေးဝါးရောင်ခြည် ◯

မှတ်တမ်းတင် သုတေသနပြုသင့်သော
နိုးရာဆေးဖက်ဝင်အပင်များ
[ကရင်ဇွဲးရာ "ခဒေါင်သော့"ဆေးနွယ်ပင်][ရွှေနန်းနန်း] ၁၈၄

★ တိရစ္ဆာန်ရောင်ခြည် ★

တွဲ့နွား ဦးမျိုးကျိုးနာ ကုသနည်း
[ငွေသိန်း–တိ/မွေး/ကု] ၂၀၈

❁ ယုံကြည်ကိုးကွယ်ခြင်းရောင်ခြည် ❁

သံလွင်မြစ်ဝ ဘီလူးကျွန်းဌာနက ရဟန်းစင်တောင်
ဆရာတော်နှင့် ရသေ့ကြီးဦးခန္တီတို့ သာသနာပြုခဲ့ရာ
ရွှေမြင့်မိုရ်ဘုရားကြီး(အပိုင်း-၁)
[ခင်ခင်ဝင်း–မော်ရဝတီ] ၅၇

✻ အောင်မြေရောင်ခြည် ✻

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏
အောင်မြေနှင့် ရှိခိုးပူဇော်ဂါထာတော်များ(၇၇)
[လင်းမလိုရွှေကူစေတီ]
[အောင်ရွှေမြတ်–စစ်ကိုင်းတောင်] ၈၉
တကောင်းအောင်မြေနှင့် အနီးဝန်းကျင်မှ
စိတ်ဝင်စားဖွယ်ရာများ [အောင်စ–LL.B] ၁၁၃






ရွှေကြုတ်ကျောက်
အောင်အောင်ဖိုးဖိုးကြီး
ဖြစ်မြဲသည်... ← စာ-၃၀



ပေါဒီမှာ
စတားခုတ်ထဲက ရလာတဲ့
တမာကျွမ်းထိုးပ်... ← စာ-၁၂၁



www.burmeseclassic.com



နှတ်နှဂ်ိးကြီးကို
တကောင်းဘိုးဘိုးကြီးဟု
မြို့စောင့်နတ်အဖြစ်...
☁ စာ-၁၁၆



ခြင်္သေ့
ခြေကန်
ရုပ်တုမှာ
လောကီ
အစီအရင်
အဖြစ်...
စာ-၈၃



သူယောင်
ကမှန်းကို
လောကီ
ပညာ
နယ်ပယ်မှာ
အမျိုးမျိုး
သုံးစွဲလို့
ရပါတယ်...
စာ-၃၉

◇ ဗေဒင်ရေးရာကဏ္ဍ ◇

၂၀၁၉ ခုနှစ်၊ ဇူလိုင်လအတွက် ယီထိုးလိုက
ရွေးချယ်ပါ ဤဂဏန်း [ဆရာ ရဲထက်-သုတေသီ] ၁၄

▲ စိုက်ပျိုးရေးရေးရာကဏ္ဍ ▲

အကျိုးရှိသော စကားပိုင်းမှ သိသင့်သိထိုက်သော
စိုက်ပျိုးရေးပညာများ [ကသော သင်းရွှေ] ၁၇၃

❦ အောင်မြင်ကျန်းမာရေးရေးရာကဏ္ဍ ❦

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊
ကျန်းမာပါစေ တိုင်းရင်းဆေးခန်း
ဆရာမဒေါ်မဠ္ဍ(တဆ-၃၈၉၁) ပြောပြသော
ကိုယ်ချင်းစာတရား၊ အမြဲထားသည်နှင့်
သက်ရှည်ကျန်းမာ နည်းလမ်းကောင်းများ
[ပြောင်းမြဲ မောင်ယဉ်တင့်] ၉၇

❑ အင်းအဓိရေးရာကဏ္ဍ ❑

မမြင်ရသော အိမ်တွင်းအနှောင့်အယှက်များ
[ဒေါ်မြင့်-မြင်းမြို] ၁၄၀

✎ မှတ်တမ်းရေးရာကဏ္ဍ ✎

ရေတံခွန်တောင်ဆရာတော်ကြီး ဦးဇောတရနှင့်
ဝန္ဒာရီခရီးလမ်းမှ ထူးခြားသော မှတ်တမ်းများ(အပိုင်း-၃)
[ဇင်ညိုဝေယံ] ၁၀၆
အရှင်မောဂ္ဂလိရဟန္တာမြတ်ကြီးနှင့်
ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ကျောင်းဦးရွာ
[ဦးသောဖြူ-အငြိမ်းစားကျောင်းဆရာကြီး] ၁၃၇

★ ထူးခြားဆန်းကြယ်ရေးရာကဏ္ဍ ★

မြန်ပြည်မြောက်ဖျား နာဂတိုင်းရင်းသားများ၏
တောင်တန်းပေါ်မှ ထူးဆန်းဇာတ်ဖွယ်
နဂါးဖွဲ့၍ နဂါးဝှတ်ထားခဲ့သော အင်း
[မောင်ဘုန်းမြင့်-သင်္ဂါ] ၂၂၆
ခေါ်သံကြားလား၊ ဘယ်သူတွေက ခေါ်နေတာလဲ
[နန်းအိမ်ရွှေ] ၂၃၃
ဘုရားပြင်ခြင်းနှင့် ထူးခြားဆန်းကြယ်သော
ဖြစ်ရပ်ဆန်းများ(အပိုင်း-၂ နိဂုံးပိုင်း) [ဝိုးရှိန်] ၂၄၃
သူတို့အရပ် သူတို့ဒေသနှင့် သူတို့ဇာတိမှ
ပုံပြင်ဆန်ဆန် ဖြစ်ရပ်ဆန်းများ [လင်းသော ကိုထွေး] ၂၆၇

## အမေးအဖြေရောင်ခြည်

ကြောင်ပုံဆေးဆိုတာ တကယ်ရှိတယ်၊
တကယ်စွမ်းတယ်ဆိုတဲ့ စာတစ်စောင် *[လွန်းအောင်]* ၂၄၉

## ဝိဇ္ဇာဗေဒရောင်ခြည်

ဝိဇ္ဇာပေးသည့် အင်းတစ်ကွက်နှင့် ဘိုးတော်မြိုင်
*[တစ်ပိုးအောက်]* ၂၃၆

## နေ့စဉ်သုံး အလင်းညွှန်ရောင်ခြည်

၂၀၁၉ ခုနှစ်၊ ဇူလိုင်လအတွက်
ခုနှစ်ရက်သားသမီးဟောစာတမ်း *[ဆရာ ရောင်ခြည်]* ၂၀၆

## မြန်မာ့ရိုးရာပညာရောင်ခြည်

အနိုးခံရ၍ ပျောက်သည့် ပစ္စည်းဥစ္စာ ပြန်ရရန်
ဓာတ်ဆင်ဓာတ်ရိုက်နည်း
*[ကောင်းခန့်-သစ္စာတော်မြေ ဝက်လက်]* ၁၆၆

## ကျန်းမာရေး ဆေးဝါးရောင်ခြည်

ဆီးချိုသွေးချို ရောဂါရှင်များအတွက် ဆေးဖက်ဝင်
အာဟာရ Diet ဟင်းလျာ စီမံနည်းများ(၁၅)
*[မင်းချမ်းမြေ့-ပုသိမ်]* ၁၈၂
(၁၂)လရာသီနက္ခတ်ဓာတ်စာ(2019- ဇူလိုင်လအတွက်)
ဝါဆိုလ(ကရကဋ်ရာသီ) နက္ခတ်ဓာတ်စာ
ဆောင်ရန်ရှောင်ရန် ဆေးဖက်ဝင် အစားအစာများ
*[ဆရာ မင်းချမ်းသာ]* ၂၁၃

## ဆောင်းပါးရောင်ခြည်

ရေတန်အနီးက သရဲပြိတ္တာ *[ရေနံမြေ လွမ်းစု]* ၂၂၁
ဘဝခြားသော်လည်း မေတ္တာမခြားပါ
*[ကံဝင်း-တံတားဦး(အောင်ဆန်း-၁၂)]* ၂၆၁
ကမ္ဘာ့ဝါတန်ခိုးနှင့် ကျော်သတော်"ရှင်ကြီး"
*[ညီညီမောင်-ပုလော]* ၂၇၀
အိမ်တိုင်မှာ ကပ်ပါတဲ့ တစ္ဆေ *[မေသစ္စာရှင်-ဘုတလင်]* ၂၉၉
ဘီလူးမကို မိနပ်စောင့်နိုင်းကြသူနှစ်ယောက်
*[သန်းဆွေ-ရွှေဘို၊ မှော်ဆုပ်ငြိမ်းဆရာကြီး]* ၂၉၇


ကျန်စစ်မင်း
၏
ကျည်ပွေ့ပေါ်တော်
လမ်းမကြီး
အစား
တော်ပြတ်၏
အောင်မြေ
ပြုခဲ့သည်...
➧ စာ-၉၆



မြေပညာ
သင်လိုသူတို့
အသုံးပြုမည့်
ချည်သုံးမျိုးတွင်
မင်းကိုချည်
ပါဝင်သည်...
➧ စာ-၁၉၃



ဒီဝါးမင်း
အစ်ကို
ငွေးလိမ်းရာ
ကျဉ်တာတွေ
ကိုက်တာတွေ
သက်သာ
သွားပြီ...
➧ စာ-၁၃၉



www.burmeseclassic.com



သိကြားမင်းဆက်သသော လိုတရ သာရကွန်အရှင်မြတ်ကြီး တည်ရှိရာ

# ဆင်ကြို့ရွှေဂူမြတ်ဘုရားနှင့် သာရကွန်ဘုရားများ

တည်ရှိရာသို့ [ အပိုင်း-၁ ]

ဓမ္မ630

မိတ်ဆက်နိဒါန်း

ကျွန်တော်၏ မြင်းမူခရီးစဉ်တစ်ခုတွင် သာရကွန်ရုပ်ပွား(၅)ဆူရှိရာသို့ မထင်မှတ်ဘဲ ရောက်ရှိသွားခဲ့သည်။

ဒေသခံမိတ်ဆွေများ၏ အကြံပေးသောကြောင့် ပုဂံခရီးစဉ်အတွက် ပခုက္ကူဘက်မှ သွားရန် စီစဉ်ဖြစ်ခဲ့၏။ နံနက်စောစော မြင်းမူမှ ချောင်းဦးသို့ မြင်းမူ မုံရွာ ကားလမ်းမကြီးအတိုင်း မောင်းနှင်ခဲ့၏။

ချောင်းဦးမြို့မဝင်မီ **ရေစကြိုပခုက္ကူလမ်းခွဲ**သို့ အရောက်တွင် ထိုလမ်းခွဲမှတစ်ဆင့် ရေစကြိုဘက်သို့ ဦးတည်မောင်းနှင်ခဲ့၏။ ရေစကြိုမြို့မရောက်မီ **"ပခုက္ကူသို့"** ဟူသော လမ်းခွဲတစ်ခုကို တွေ့ရ၏။

လမ်း၏ အနောက်ဘက်တွင် ထီးတည်းကြီးရှိနေသော **ရှင်မတောင်,တောင်တော်ကြီး**ကို တွေ့ရ၏။ ထိုတောင်ပေါ်တွင် သာရကွန်ရုပ်ပွားတော်တစ်ဆူ ကိန်းဝပ်တော်မူသည်ဟု သိရသည်။ လမ်းမှ ဝဲဘက်သို့ မှခ်ဦးဝမှ အတွင်းသို့ (၁၁)မိုင်ခန့် တောင်ခြေသို့ သွားရပြီး



ဆင်ကြို့ရွှေဂူ လိုတရ သာရကွန်
ရုပ်ရှင်တော်မြတ်စွာဘုရားကြီး
(နောင်တော်အရုပ်မြတ်ကြီး)



ဆင်ကြို့ရွှေဂူ လိုတရ သာရကွန်
ရုပ်ရှင်တော်မြတ်စွာဘုရားကြီး
(ညီတော် နန်းထိုင်အရုပ်မြတ်ကြီး)

တောင်ခြေမှ တောင်ပေါ်သို့ ကားလမ်းအတိုင်း တက်ရောက်နိုင်ပါသည်။

ထိုပခုက္ကူကားလမ်းခွဲမှ မောင်းလာရင်း ပခန်းကြီးမြို့ ဟောင်းသို့ ရောက်လာ၏။ ကြီးမား ခိုင်ခံ့သော

လိုတရ သာရကွန်မြတ်စွာဘုရား နှစ်(၉၀၀)ပြည့် အမှတ်တရ အထူးဆောင်းပါး



www.burmeseclassic.com

www.burmeseclassic.com






◆ ရှင်မတောင်ထိပ်ရှိ သာရကွန်ရုပ်ပွားတော်
ကိန်းဝပ်သော ဇမ္ဗူသပြေရုပ်ပွားတော်




မြို့ရိုးကြီးကို တွေ့ရ၏။ ကားလမ်းမမှာ ထိုမြို့ရိုးနှင့် ကျုံးအလယ်မှ ဖြတ်ဖောက်ထားဟန် ရှိသည်။

ထိုသို့ မောင်းနှင်လာရာ လမ်း၏ ဝဲဘက်တွင် **စည်သူ့ရှင်ဘုရားကြီး**ကို ဖူးတွေ့ရသည်။ သို့နှင့် စည်သူ့ရှင်ဘုရားဝင်းအတွင်းရှိ **သာရကွန်ဘုရားတစ်ဆူနှင့် မြတ်ပေါင်းမဥ္ဇူဘုရားတစ်ဆူ**ကို ဖူးတွေ့ခဲ့ရသည်။

ထူးခြားချက်မှာ သာရကွန်ရုပ်ပွားတော်လေးကို မှန်လုံခန်းအတွင်း မှန်ဘီလူးအကူအညီဖြင့် ထင်ရှားစွာ ဖူးတွေ့ခဲ့ရသည်။ ဤသာရကွန်ဘုရားများမှာမူ ဇမ္ဗူသပြေသားဘုရား ရုပ်ပွားတော်အတွင်းမှာသာ ဌာပနာ ပြုလျက်ရှိ၍ ဇမ္ဗူသပြေသား ရုပ်ပွားတော်ကြီးသာ ပူဇော်ခွင့် ရခဲ့ပါသည်။

ထို စည်သူ့ရှင်ဘုရားဝင်းမှ ထွက်၍ ပခုက္ကူဘက်သို့ ဆက်လက်မောင်းလာရာ ပခုက္ကူမြို့မရောက်မီ မိုင်အနည်းငယ်အလိုတွင် လက်ဝဲဘက်၌ **"လို-တ-ရ သာရကွန် အရှင်မြတ်ကြီး ဆင်ကြို့ရွှေဂူမြတ်စွာဘုရား"**ဟူသော **မုခ်ဦးကြီး**ကို တွေ့၏။

သို့နှင့် မုခ်ဦးလမ်းအတိုင်း မောင်းဝင်လာရာ (၇)မိုင်ခန့်အကွာတွင် သာရကွန် အရှင်မြတ်ကြီးရှိရာ ပင်လိန့် အရှေ့ရွာ ရွှေလမင်းကျောင်းဝင်းထဲသို့ ရောက်ရှိခဲ့၏။

သို့နှင့် သာရကွန် အရှင်မြတ်ကြီးအား ဆက်လက် စောင့်ရှောက်လျက်ရှိသော **ဘဒ္ဒန္တစန္ဒိမာစာရ (ဓ/ဝိ) [နိုင်ငံတော် သံဃမဟာနာယက ဗဟိုဝန်ဆောင်] ဆရာတော်ကြီးအား** ဖူးမြော်ခွင့် ရခဲ့ရပါသည်။ ထို့နောက် ဆရာတော်ကြီးမှ ကျောင်းအပေါ်ထပ်ရှိ **သာရကွန် အရှင်မြတ်ကြီးနှင့် ညီတော် နန်းစဉ် အရှင်မြတ်ကြီး** ကိန်းဝပ်ရာ မီးခံသေတ္တာအတွင်းမှ အပြင်သို့ ပင့်ဆောင်ပြီး ပူဇော်ခွင့်ရခဲ့ပါသည်။

ယခင်ကာလက သာရကွန် အရှင်မြတ်များနှင့် ပတ်သက်၍ သာမန်မျှသာ သိခွင့်ရခဲ့ပါသည်။ ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒိမာစာရ ချီးမြှင့်သော **"သာရကွန်ဘုရားရှစ်ဆူ သမိုင်းချုပ်"**စာအုပ်ကို ဖတ်ရမှ သမိုင်းကြောင်း ထင်ထင်ရှားရှား သိခွင့်ရခဲ့ပါသည်။

စာရေးသူကဲ့သို့ သာရကွန်ဘုရားများ၏ သမိုင်းကြောင်းကို ထဲထဲဝင်ဝင် သိခဲ့ရလျှင် စာရှုသူများလည်း အလေးအမြတ် သွားရောက်ဖူးမြော် ကြည်ညိုချင်သော ဆန္ဒများ ပေါ်လာပါလိမ့်မည်။

F.2B. July, 2019.



www.burmeseclassic.com

www.burmeseclassic.com





သာရကုန္ဒ်ရုပ်ပွားတော်



မြတ်ပေါင်းမြူ သာရကုန္ဒ်ရုပ်ပွားတော်

သို့နှင့် စာရေးသူမှ သာရကုန္ဒ် အရှင်မြတ်များနှင့် ရှင်ဖြူရှင်လှ ရုပ်ပွားတော်များ၏ သမိုင်းကြောင်းများကို တတ်နိုင်သမျှ ပြည့်စုံနိုင်သမျှ စာရှုသူများထံသို့ တင်ဆက်အပ်ပါသည်။

အရိမဒ္ဒနံ ပေါက္ကံ(ပုဂံ)ပြည်ကြီးကို အစိုးရတော်မူသော (ပဉ္စမ) နရပတိစည်သူမင်းကြီးသည် တိုင်းပြည်တစ်ခွင် လှည့်လည်၍ အမင်းမင်းတို့အား ကြည့်ရှု ဆုံးမတော်မူသည်။

ထိုစဉ် နောက်ပါအမတ် (၈၄၀၀၀)၊ ရဲမက်ဗိုလ်ခြေ ကုဋေတစ်သိန်း ခြောက်သန်းတို့နှင့် သစ်ကနက်ဖောင် စကြာကြီးကိုစီး၍ တိုင်းခန်း လှည့်လည်ခဲ့သည်။ အပြည်ပြည်မင်းတို့ ခရီးဦးကြို လက်ဆောင်ပဏ္ဏာများဖြင့် ကြိုဆို ဖူးမြော် ဆက်သလာကြကုန်သည်။

သိကြားမင်းက

ဇမ္ဗူသပြေပင်ရင်း၌

အဘိသိက်သွင်း ဘွဲ့နှင်းအပ်၍

ရှင်ဖြူရှင်လှဘုရား ဆက်သခြင်း

နရပတိစည်သူ မင်းကြီးသည် ရဲမက်ဗိုလ်ပါအပေါင်းနှင့် သစ်ကနက်ဖောင်တော်ယာဉ် စကြာကြီးသည် ခရီးဆက်ရင်း ကျွန်းဦး ဇမ္ဗူသပြေပင်ရင်းသို့ ဆိုက်ရောက်တော်မူသည်။

ထိုအခါမင်းကြီးသည် ဇမ္ဗူသပြေပင်ရင်း၌ ခင်းထားသော **ပုလဲကျောက်ဖျာကို** တအံ့တသြနှင့် တစိမ့်စိမ့် ကြည့်ရှုတော်မူသည်။

ထိုအခိုက် မင်းကြီးသည် ပုလဲကျောက်ဖျာအား ဘုရားရုပ်ပွားတော် ထုလုပ်လိုချင်ခြင်းရှိသည်ကို သိကြားမင်း သိတော်မူသည်။

ထိုအခါ သိကြားမင်းမှ...

'အရှင်မင်းကြီး ဤပုလဲကျောက်ဖျာသည်ကား မြတ်စွာဘုရားငါးဆူ သီတင်းသုံးရန် ခင်းထားသော ကျောက်ဖျာဖြစ်ပါသည်။

ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ရှင်တော်မြတ်ဘုရား လေးဆူတို့သည်ကား ဤကျောက်ဖျာ၌ သီတင်းသုံးတော်မူခဲ့ပါပြီ။ အရိမေတ္တေယျဘုရားရှင်



www.burmeseclassic.com

www.burmeseclassic.com



◆ ဖောင်တော်ဦးဘုရား(ဝဲဘက်)၊ အညာသီဟတောအဝေတီတွင် ကိန်းဝပ်သော သရကျွန်ရုပ်ပွားတော်

(ပွဲတော်အတွင်းတွင်သာ ပူဇော်ခံထား၍ ကျန်အချိန်များတွင် မန္တလေးမြို့ ရွှေကျီးမြင်ဘုရား ဂန္ဓကုဋိတိုက်တွင် ကိန်းဝပ်တော်မူပါသည်။)

ဖောင်တော်ဆုံဘုရား(ယာဘက်)

သာ ကျန်ပါသေးသည်။ သို့ဖြစ်ပါ၍ ပုလဲကျောက်ဖျာ ခင်းထားရှိစေရပါသည်'

ဟု ပြောဆိုပါသည်။

သိကြားမင်းမှဆက်၍ တခြား ပုလဲရောင်ကျောက်ကို ရှင်တော်ဂေါတမဘုရားရုပ်ပွားတော် ဖန်ဆင်းတော်မူ၍ ပုလဲကျောက်ဖျာပေါ် တင်ထားကြပြီး မင်းကြီးအား...

**'သိရီတြိဘာဝနာ ဒိတျပဝရ ပဏ္ဍိတ သုဓမ္မရာဇာ မဟာဓိပတိ အလောင်းစည်သူမင်းမြတ်'**

ဟု ဘွဲ့အမည် ပေးခေါ်ဆိုကာ ပုလဲကျောက်ဘုရား ရုပ်ပွားတော်ကို ကိုးကွယ်တော်မူရန် အပ်နှင်းဆက်သလာ၏။

မင်းကြီးလည်း အလွန်ဝမ်းမြောက်ကာ...

'ဘုရားရှင်ရုပ်ပွားတော် အလွန် ကြည်ညိုဖွယ် ဖြူဖြူစင်စင် ရှိပါပေသည်'

ဟု ဆိုတော်မူ၏။ မင်းကြီး ဆိုသည်ကို အလိုသိကြ၍ **''ရှင်ဖြူဘုရား''**ဟု အများကလည်း ဘွဲ့ချည်ကြကုန်၏။

ထို့နောက် ဇမ္ဗူသပြေသားကို နတ်တို့တန်ခိုးဖြင့် ဖြတ်ကာ ဘုရားရုပ်ပွားတော်ထုပြီးသော် အလောင်းစည်သူမင်းကြီးအား အပ်ပြန်၏။

မင်းကြီးက...

'ဘုရားရှင် ရုပ်ပွားတော်ကား လှလှပေသည်'

ဟု မင်းကြီးဆိုသည်ကို အမှတ်ပြုကြ၍ **''ရှင်လှဘုရား''**ဟု အများကလည်း ခေါ်ဆိုကြပါသည်။

### မြင်းမိုရ်တောင်သို့ လှည့်လည်လိုခြင်း

ထို့နောက် အလောင်းစည်သူမင်းကြီးလည်း မြင်းမိုရ်တောင်သို့ သွားလိုသောဆန္ဒ ဖြစ်ပေါ်လာခဲ့သည်။ ထိုအခါ ရမထာကြိမ်လုံးဖြင့် (၃) ချက်ခတ်ပြန်လျှင် သစ်ကနက်ဖောင်ယာဉ် စကြာကြီးသည်လျှင် မြန်စွာ ထွက်ပြန်သည်။

ထိုအခါ သိကြားမင်း သိလေ၍ ဝိသကြုံနတ်သားကိုခေါ်၍ မင်းကြီး မြင်းမိုရ်တောင်သို့ မသွားဖြစ်အောင် မိုးနတ်သား, လေနတ်သားတို့၏ အကူအညီဖြင့် စိတ်ပျက်ဖွယ်တို့နှင့် တကွ တားမြစ်စေပြန်သည်။

သို့နှင့် မင်းကြီးလည်း မြင်းမိုရ်တောင်သို့ သွားလိုသော ဆန္ဒတော် ပျက်လေ၏။

### သိကြားမင်းက သာရကျွန်ရုပ်ပွားတော်များနှင့် ဓာတ်တော်တို့ကို ဆက်သခြင်း

သိကြားမင်းကြီးလည်း...

'ဤ အလောင်းစည်သူမင်းကြီးသည်ကား သာသနာအဓွန့်ရှည်အောင် ဆောင်ရွက်လိုစိတ် ရှိပါပေ၏။ ငါတို့ ကြောင့်ကြမဲ့ မနေသင့်'

ဟု သဘောထားပြီး **မြင်းမိုရ်တောင်၌ရှိသည့် အဝန်း(၁၀)ယူဇနာက မွှေးကြိုင်သော သာရကျွန်အနှစ်**တုံးနှင့်တကွ **ဓာတ်တော်(၁၂)ဆူ**ပါ ယူဆောင်ခဲ့၍ သိကြားမင်းမှ...

'အလောင်းမင်းမြတ် ဤ သာရကျွန်အနှစ်တုံးကို ဘုရား(၅)ဆူထု၍ ဓာတ်တော်(၂)ဆူစီ ဌာပနာထား ကိုးကွယ်ရသော် မြင်းမိုရ်တောင်သို့ သွားရသည်ထက် အဆထောင်မက ကျေးဇူးရပါမည်'

ဟု ပြောဆို၍ အပ်နှင်းဆက်သတော်မူသည်။ ထိုအခါ အလောင်းစည်သူမင်းလည်း ရွှေခွက်ဖြင့် ရိုသေစွာ ခံယူတော်မူသော ခဏ၌ မြေငလျင် (၃)ကြိမ် မြည်ဟည်းတုန်လှုပ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သိကြားမင်းနှင့် ဝိသကြုံနတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ် အပေါင်းတို့က သာဓု သုံးကြိမ်ခေါ် ကြလျက်…

'နှစ်ကာလ အခွန့်ရှည်စွာ တည်တံ့အံ့သော သာသနာရေးကို ဆောင်အံ့သော သာသနာ့ဒါယကာ ဖြစ်အံ့'

ဟု ဆိုလျက် ကောင်းချီးပေးကြ၏။

မင်းကြီးလည်း သာရက္ခန် အနှစ်တုံးကို ကြည့်ရှု၍…

'ဘုရားရုပ်ပွားငါးဆူ ထုရသော် ယယ်လှ၏'

ဟု ပြောဆိုပါသည်။

ထိုအခါ သိကြားမင်းက အလောင်းစည်သူမင်းအား ဘုရား(၅)ဆူထု၍ ပေးပါမည်ဟု တာဝန်ယူပြီး မင်းကြီး၏ လက်လေးသစ်ခန့်မျှစီ ရုပ်ပွားတော်(၅)ဆူတို့ကို သိကြားမင်းကိုယ်တိုင် ထုလုပ်သည်။


ထုလုပ်ပြီး ရုပ်ပွားတော်များကို…

- ▲ ပဌမ သာရက္ခန်
- ▲ ဒုတိယ သာရက္ခန်
- ▲ တတိယ သာရက္ခန်
- ▲ စတုတ္ထ သာရက္ခန်
- ▲ ပဥ္စမ သာရက္ခန်

ဘုရားဟု တံဆိပ်ခတ်၍ မင်းကြီးအား အပ်၏။

မင်းကြီးလည်း ဘုရား(၅)ဆူတို့ကို ဖူးမြော်ကြည်ညိုရာ ဉာဏ်တော်လက်လေးသစ်ခန့်ဖြစ်၍ ''ငယ်လှသည်''ဟု ဆိုသည်။

ထိုအခါ သိကြားမင်းနှင့် ဝိသကြုံနတ်မင်းတို့က ဇမ္ဗုသပြေသားကို



သာရက္ခန်အရုပ်မြတ်ကြီးအား ဆက်လက်စောင့်ရှောက်လျက်ရှိသော ဘဒ္ဒန္တဝိမ္မိုမာစာရ(မ/ဝိ)

ဉာဏ်တော် (၁)တောင်ခန့်မျှ လောက်စီ ဘုရားငါးဆူ ထုပြန်သည်။

ပဌမပိုင်းဘုရားကိုမူ လက်ယာမောင်းတော်တွင် ဖောဓိသားစပ်၍ ထုလုပ်သည်။

ထို့နောက်…

- ❍ ပဌမ ဇမ္ဗုသပြေရုပ်ပွားတော်
- ❍ ဒုတိယ ဇမ္ဗုသပြေရုပ်ပွားတော်
- ❍ တတိယ ဇမ္ဗုသပြေရုပ်ပွားတော်
- ❍ စတုတ္ထ ဇမ္ဗုသပြေရုပ်ပွားတော်
- ❍ ပဥ္စမ ဇမ္ဗုသပြေရုပ်ပွားတော်

ဟု တံဆိပ်ခတ်နိုင်ပြီး သိကြားမင်းနှင့် ဝိသကြုံနတ်မင်းတို့သည် မင်းကြီး၏ ရွှေပန်းထိမ်သည် ဆရာများရှေ့တွင် ပဌမဇမ္ဗုသပြေရုပ်ပွားတော်ကြီးထဲ၌ ပဌမသာရက္ခန် လက်လေးသစ် ရုပ်ပွားတော်နှင့် ဓာတ်တော်(၂)ဆူကို ဌာပနာတိုက် သွင်းကြပါသည်။

ထိုနည်းတူ ဒုတိယ ဇမ္ဗုသပြေ ရုပ်ပွားတော်ကြီးအတွင်း၌ ဒုတိယ သာရက္ခန်လက်လေးသစ် ရုပ်ပွားတော်နှင့် ဓာတ်တော်(၂)ဆူ ဌာပနာသွင်းပြန်၏။

တစ်ဆက်တည်း ကျန်တတိယ၊ စတုတ္ထ၊ ပဥ္စမ ဇမ္ဗုသပြေ ရုပ်ပွားတော် အသီးသီး၌လည်းတတိယ၊ စတုတ္ထ၊ ပဥ္စမ သာရက္ခန် လက်လေးသစ် ရုပ်ပွားတော်နှင့် ဓာတ်တော်(၂)ဆူစီ ဌာပနာတိုက်သွင်းကြပါသည်။

ဌာပနာတိုက်များကိုလည်း မြဲခိုင်သေသပ်အောင် ရွှေပြားပိတ်၊ ရွှေမယ်န (၄)ချောင်းစီ နှက်ကြပါသည်။ ရွှေချိန်ဝင် (၁၅)ကျပ်သားကုန် လှူဒါန်းဌာပနာပိတ်ပြီး အလောင်းစည်သူမင်းကြီးအား အပ်နှင်းကြပါသည်။

ထို့နောက် သာရက္ခန်အနှစ်မှ ဆူးစာ၊ ဆောက်စာ အစအန၊ သပြေသား၊ ဖောဓိသားတို့မှ ဆူးစာ၊ ဆောက်စာများတို့ ပေါင်းစုကြိတ်ခါ သရိုးနယ်ပြီး အမြတ်(၃)ပါး ပေါင်းစု ရုပ်ပွားတော်ထုလုပ်ကာ ဓာတ်တော်(၂)ဆူပါ ဌာပနာထားသောကြောင့် **''မြတ်ပေါင်းမဥ္ဇူဘုရား''**ဟု ဘွဲ့မည်တပ်၍ မင်းကြီးအား အပ်နှင်းဆက်သပြန်သည်။

ထိုအခါ မင်းကြီးလည်း ဘုရား(၆)ဆူမှာ ပလ္လင်တော်နှိမ့်သည်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆင်ပလ္လင်ခံရသော် ကောင်းလိမ့်မည်ဟု စိတ်ကူးကြံစည်၍ ပန်းချီသမားများကို ပုံစံရေးစေကြ၍ ပန်းပုလက်သမားများအား ပုံစံအပ်နှင်းသည်တို့ကို ကျွန်းဦးစောင့်နတ်တို့ ကြားသိကြသည်။

ထိုတွင် ကျွန်းဦးစောင့်နတ်တို့က ဟိမဝန္တာတော၌ ပေါက်ရောက်သော ဆင်ရေသဏ္ဍာန်သစ်သား (၆)ဖြတ်တို့ကို ပဌမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမ၊ ဆဌဟု ကမ္ပည်းအက္ခရာရေးထိုး၍ ဘုရားခြောက်ဆူတို့၏ ပလ္လင်အတွက် လာရောက်ပို့သကြသည်။

ထိုအခါ မင်းကြီးမှ ပန်းပု၊ လက်သမားတို့ထံ အပ်နှင်းစေလျက် ပဌမပလ္လင်ဆင်(၁၄)စီး၊ ဒုတိယ ပလ္လင်ဆင်(၁၄)စီး၊ တတိယပလ္လင် ဆင်(၁၃)စီး၊ စတုတ္ထပလ္လင်ဆင် (၁၂)စီး၊ ပဥ္စမပလ္လင်ဆင်(၁၁)စီး၊ ဆဌပလ္လင်ဆင်(၁၀)စီးဟု မင်းကြီး၏ ဆန္ဒတော်စနစ်အတိုင်း ထုလုပ်ကြပြီး မင်းကြီးထံ ဆက်သကြပါသည်။

အလောင်းစည်သူ မင်းကြီးမှ ပန်းပုလက်သမားတို့ကို ရွှေကျပ်ချိန်(၁၀)ကျပ်သားခန့် ရွှေဖလားတစ်လုံးစီ ဆုပေးတော်မူ၏။ ရုပ်တုတော် (၆)ဆူတို့ကိုလည်း ဆင်ပလ္လင်များတွင် အနေသင့်အောင် အသီးသီးတင်စေပြီး သိတင်းသုံးတော်မူခဲ့ပါသည်။

ထို့နောက် အလောင်းစည်သူမင်းကြီးလည်း သာရက္ခန်အရှင်မြတ် (၆)ဆူတို့ကို နောင်တစ်ချိန်မှာ ဂူထုတ်၊ ဂူသွင်းရှိရာသည့် တင့်တယ်စံပယ်ခြင်းမှာ ဝိသကြုံနတ်မင်းတို့နှင့်တိုင်ပင်၍ ရွှေ၊ငွေကျောက်သံ ဓာတ်(၄)ပါးတို့ဖြင့် ပြီးသော မြင်း(၄)စီးခံ ရထားပလ္လင် ဖန်ဆင်းစေပါသည်။

အားလုံးပြီးလျှင် ဝိသကြုံနတ်သားနှင့် နတ်သား(၆)ယောက်တို့သည် ရထား(၆)စီးကို ဆောင်ယူလာကြ၍ အလောင်းစည်သူမင်းကြီးထံ အပ်နှင်းဆက်သကြလေသည်။

မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာနှင့် နတ်မင်းတို့ကို ကျေးဇူးကြီးလှသည်ဟု ပြောဆိုလေ၏။ ဝိသကြုံနတ်တို့လည်း နတ်ဘုံသို့ ပြန်ကြလေသည်။

ရှေ့လ ဆက်ဖတ်ပါရန်

ဓမ္မဒေဝ

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် တစ်ထောင်ကျပ်တန် အောင်ဘာလေထီမှာ သိန်းပေါင်း တစ်သောင်းငါးထောင် ချီးမြှင့်ထားပြီး ၂၀၁၉ ခုနှစ် မတ်လမှစ၍ ဖွင့်လှစ်ခဲ့ရာ ဇူလိုင်လဆိုလျှင် **(၅)ကြိမ်**မြောက်ပြီဖြစ်သည်။

သို့ဖြစ်၍ ထိုထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက်ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၅ |
| **ဇူလိုင်လ** | + ၇ |
| **ခုနှစ်** | ၂၀၁၉ |
| | ၂၀၃၁= ၆ |

**အကြိမ်,လ,ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက **"၆"**ဂဏန်းရသည်။

သို့ဖြစ်၍ **၁,၃,၆,၈** ဂဏန်းများများပါအောင် ရွေးချယ်ပါ။ ထိပ်ဆုံးဂဏန်းများကို **၁,၃,၆,၈** ကိုပင် ရွေးချယ်ပါ။ ဥပမာ...

## ၂၀၁၉ ခုနှစ်၊ ဇူလိုင်လအတွက်



## ထိုးလိုက ရွေးချယ်ပါ ဤဂဏန်း

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၁...၁ | ၃...၁ | ၆...၁ | ၈...၁ |
| ၁...၃ | ၃...၃ | ၆...၃ | ၈...၃ |
| ၁...၆ | ၃...၆ | ၆...၆ | ၈...၆ |
| ၁...၈ | ၃...၈ | ၆...၈ | ၈...၈ |

မှတ်ချက်။ ။ (...)ကွင်းအတွင်းတွင် **၃,၆,၈** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**"အကြိမ်"** ဂဏန်းမပါဘဲ **"လ"** ဂဏန်းနှင့် **"နှစ်"**ဂဏန်းကိုသာ ပေါင်းပါက (၇+ ၂ + ၀ + ၁ + ၉)= ၁၉ = ၁ ရသည်။ သို့ဖြစ်၍ **"၁"**ဂဏန်းမှာ ပို၍ အားကောင်းသည်။

**စ... ဆုံး**

၁... ၁၊ ၃၊ ၆၊ ၈

၃... ၃၊ ၆၊ ၈၊ ၁

၆... ၆၊ ၈၊ ၁၊ ၃

၈... ၈၊ ၁၊ ၃၊ ၆



ဤလတွင် **တနင်္ဂနွေနှင့် သောကြာ သားသမီး**များ ထီကံပွင့်နေပါသည်။

ထီမထိုးမီ မိမိအိမ်ရှိဘုရားတွင် သစ်သီး (၃)မျိုးဖြင့် ဆွမ်းတော်ကပ်ပါ။ (၃)ရက်တိတိ ကပ်လှူပြီး သမ္ဗုဒ္ဓေဂါထာတော်ကြီး နေ့စဉ် သက်စေ့ ရွတ်ပွားပူဇော်ပါ။

အဓိဋ္ဌာန်ပြီးပါက မိမိတို့ဒေသရှိ စာသင်တိုက်များတွင် ဆန်,ဆီ,ဆေး,ဆား တတ်နိုင်သမျှ လှူဒါန်းပေးပါ။ ပြီးမှ ထီကံစမ်းရန်ဖြစ်ပါသည်။

အထူးဂဏန်း

✦၁၃၆၈၁၃ ✦၃၃၆၈၁၆ ✦၈၆၁၃၈၁

***ထီကံ ပွင့်ပါစေ။***

**ဆရာရဲထက်(သုတေသီ)**



www.burmeseclassic.com

www.burmeseclassic.com

# (33)EpSfjynfhu@Å&mifcnf*Zif

## trSwf& txl;xkwf

## pmwnfcsKyf\ trSwf&

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ထုတ်ဝေလာခဲ့သည်မှာ ယခု **၂၀၁၉ ခုနှစ်၊ ဇူလိုင်လထုတ်**ဆိုလျှင် **(၃၃)နှစ်တင်းတင်း** ပြည့်မြောက်ပြီ ဖြစ်ပါသည်။ ဤမျှ သက်တမ်းထိ ချီးမြှင့်မြှောက်စားခဲ့သော စာဖတ်ပရိသတ်ကြီးနှင့် ဆောင်းပါး ရေးသားပေးပို့ကြသော သုတေသီ၊ ပညာရှင်များနှင့် ဝါသနာရှင်၊ စာပေပညာရှင် အပေါင်းတို့အား အထူးကျေးဇူးတင်ပါသည်။

ကျွန်တော့်အတွေ့အကြုံအရ ယခုနောက်ပိုင်းတွင် ရှေးရှေးခေတ်ကို မီခဲ့သော ပုဂ္ဂိုလ်များ တဖြည်းဖြည်း ကွယ်လွန်ကုန်ပြီဖြစ်ရာ ထိုခေတ်အခါမှ ပညာရပ်များမှာ အတိုင်းအတာတစ်ခုထိ တိမ်မြုပ်သွားပြီ ဖြစ်ပါသည်။

ယခုခေတ်ကာလမှာမူ ထိုထို ဝိဇ္ဇာဓရဂမ္ဘီရပညာများကို နှံ့နှံ့စပ်စပ် လေ့လာသူ၊ တတ်ကျွမ်းနားလည်သူများ ရှားပါးလာပြီ ဖြစ်ပါသည်။

ထိုကွက်လပ်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ မြန်မာ့ရိုးရာ ရှေးဟောင်းပညာများနှင့် ဝိဇ္ဇာဓရဂမ္ဘီရပညာရပ်များ မပျောက်ပျက်အောင် တတ်နိုင်သမျှ ရှာဖွေဖော်ထုတ်၍ မှတ်တမ်းတင်လျက် ရှိပါသည်။

နောင်အနာဂတ် မျိုးဆက်သစ်များ ပညာဆက် မပြတ်အောင်၊ လွယ်ကူစွာ လေ့လာနိုင်အောင် ကွက်လပ်ဖြည့်လျက် ရှိပါသည်။

ပညာရှင် သုတေသီများကလည်း ပညာဒါနအဖြစ် မျိုးဆက်သစ်များအား လက်ဆင့်ကမ်းပေးအပ်ခဲ့ပါရန် ကျွန်တော်မှ မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ဤမျှ သက်တမ်းထိရောက်အောင် ကာယအား၊ ဉာဏအား၊ စေတနာစကားတို့ဖြင့် ဝိုင်းဝန်းပံ့ပိုးခဲ့ကြသော ပုဂ္ဂိုလ်အပေါင်းအားလည်း အလေးအမြတ်ပြုပါကြောင်း မှတ်တမ်းတင်ဖော်ပြရင်း...

***ကျန်းမာ ချမ်းသာကြပါစေ။***

ဦးကျော်မိုးသိန်း
***စာတည်းချုပ်***
***နက္ခတ္တရောင်ခြည်မဂ္ဂဇင်း***



www.burmeseclassic.com

www.burmeseclassic.com


(ကြော်ငြာဆောင်းပါး)

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မြန်မာ့နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ်၏မြေး၊ သမားတော် ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး)၊ ဖနီးဒေါ်ကျင်သိန်းမိသားစု (သမားအိုဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက်ရှိပါသည်။

**မှထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အငြေကျော်လေဆေးလျက်ဆား**



## ဦးစိန်ကောင်း၏

**သမားအို** အမှတ်တံဆိပ် **ငှက်ဖျားရောဂါသောက်ဆေး**

၀၇၁၁ ၄၀၀၉၀၇၉

ဤဆေးသည် ငှက်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

ချွေးထွက်လျှင် အအေးပြန်မပတ်စေရန် အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့်အဖျားမဆို ဆေးသောက်ပြီးပါက အအေးခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ ငှက်ဖျားနှင့် အအေးမိနာစေခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

## ဒေါ်စင်စင်ထွေး၏

**သမားအို အမှတ်တံဆိပ် အစာအိမ်ရောဂါသောက်ဆေး ၀၇၁၁ ၄၀၀၉၀၇၄**

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ၊အစပ်၊ အချဉ်၊အငန်စသည့် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြော်ညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော်လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

## ဒေါ်အေးအေးမူ၏

**သမားအို အမှတ်တံဆိပ် ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး ၀၅၁၂ ၄၀၀၉၆၉၆**

ဤဆေးသည် ရာသီအကူးပြောင်း၌ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရွရွတက်ဖြစ်နေခြင်း၊ တရှီးရှီးမြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာလျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ်ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာလာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

## ဒေါ်နှင်းနှင်းကြည်၏

**သမားအို** အမှတ်တံဆိပ် **ယားနာသောက်ဆေး** ၀၇၁၁ ၄၀၀၉၀၇၂

ပိုးမွှားတိရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သဖွယ် ယားယံမှုကြောင့်လည်းကောင်း၊ အပူ၊အစပ်၊အချို၊အဆိမ့် အရသာများ လွန်ကဲစွာ စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ဝမ်းကိုက်၊သွေးပျက်၊ဝမ်းလျှော၊အသည်းရောင်နှင့် သည်းခြေနာအမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး၊သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း၊ တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကဲ့သို့ ရေကြည်ဖုကလေးများဖြစ်ခြင်း၊ ပူစပ်ပူလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

## ဦးသန်းဇော်၏

**သမားအို အမှတ်တံဆိပ် အငြေကျော်လေဆေးလျက်ဆား ၀၇၁၁ ၄၀၀၉၀၇၃**

လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မူးဝေအော့အန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှောဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းမီးနံ့ရာမှ ဓာတ်လေးပါးပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါသည်။ အထက်ပါ အစားမှား၊ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစားမှား၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ခြားဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ–၀၂၉၁၇) ဖုန်း–၀၉–၅၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။ ဖုန်း ၂၉၀၆၃၀ အပြင်မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com



# ထွိုင်းမြေ ရှိုင်းမြေရှင်

## ရွှေမော်မြေ မောင်ကြည်သိန်း

စိန်ခြူးကြာညောင်
လရောင်လင်းပါလို့
မှန်ရွှေပြူတင်းရယ်က
မယ်ခုမျှော်...၊
သုံးချက်စည်တော်၊
ရိုက်ဆော်ညှင်းတယ်၊
လင်းပြန်လုနော်...။

***လှိုင်ထိပ်ခေါင်တင်***

'မောင်တော် ကနောင်မင်းသား ခန်းဆောင်မလာတာ ရက်မှ လပြောင်း ကြာညောင်းခဲ့ပါပေါ့လား။ မျှော်ရတဲ့ ရက်ပေါင်းကလည်း မနည်း၊ ခုမျှားဖြင့် မေ့အားလေပြီလား မောင်တော်ရယ်'

'ထိပ်ထားလေး ထိပ်ထားလေး အိမ်ရှေ့စံကိုယ်တော်ကြီး၊ လုပ်ကြံခံရပါပေါ့လား'

'ဘာရယ် ပြောပါဦး အထိန်းတော်ကြီးရယ်၊ တောင်စွယ်နေကွယ်သလို၊ နှလုံးစိတ်ဝမ်း မငြိမ်းချမ်းလိုက်ပါဘိ'

'မြင်ကွန်း၊ မြင်ခုံတိုင်ညီနောင် သတ်လို့ ခန္ဓာကုန်ပါပေါ့လား ထိပ်ထားရယ်၊ ခုပင် အမြန်ပြေးလို့ တောင် စမုတ်က၊ ကျောက်ထုပ်သိမ်းလို့၊ ခုပင်မနေး အပြေးသွားကြပါစို့ ထိပ်ထားသခင်မဖုရား'

'ကောင်းပြီ အထိန်းတော်ကြီး၊



▲ ပုံတော်ထူးခြား လှိုင်မြို့ရှင်စေတီတော်ရား

ဘယာဘေးကဝေးအောင် ခုပင် အမြန်ပြေးကြပါစို့ကွယ်။ ထိပ်ထားနဲ့လိုက်တော်မူမည့် ရံရွေတော်များ ဖောင်တော်နဲ့ ရောဝတီ၊ နဒီကြောမှာ မျှောလိုက်ကြစို့ကွယ်'

လရောင်မဖြာ မှောင်မိုက်တဲ့ည၊ ဖောင်တစ်စီးနဲ့ ရံရွေတစ်သိုက် မျှောလာလိုက်တာ ကဋ္ဌနာဂီရိ (၁) ရွှေတောင်မြို့ကို ဆိုက်ရောက်တော်မူပါတယ်။

လှိုင်ထိပ်ခေါင်တင် မိဘ(၂)ပါး

သက္ကရာဇ် ၁၂၁၇ခုနှစ် ''ဘကြီး





www.burmeseclassic.com





◆ ထူးခြားဘုရား
ရှေးဟောင်းဘုရားတစ်ဆူ
နောင်တော်ကြီး (၁)
မျက်ရှင်တော်ဘုရား ပူးကြနိုင်လား ◆

တော် စစ်ကိုင်းမင်း'' လက်ထက်တော်ခါ အိမ်ရှေ့စံ၊ သာယာဝတီမင်းနှင့် မိဖုရား ''မမြလေး''တို့မှ ဖွားမြင်သော ''သီရိသုမြတ်စွာ ရတနာဒေဝီဘွဲ့ခံ၊ ''လှိုင်''မြို့စား (အဘွားကြီး)ခေါ် လှိုင်ထိပ်ခေါင်တင် ဖြစ်ပါတော့သည်။

'အမေ...၊ ဒါ ကျွန်တော့်သူငယ်ချင်း စာရေးဆရာ၊ ရွှေမှော်မြေမောင်ကြည်သိန်းဆိုတာပေါ့'

'ဟိုး ပြီးခဲ့တဲ့(၅)နှစ်လောက်က တစ်ခါလာဖူးတယ်ထင်တယ်'

'ဟုတ်ကဲ့ပါ။ ရေသူမနဲ့ တွေ့ခဲ့တယ်ဆိုတဲ့ ဦးလေးကြီးကော'

'ဆုံးသွားပြီ စာရေးဆရာ'

'တကယ် တွေ့ခဲ့တာလား'

'သူငယ်ငယ် လူပျိုပေါက်တုန်းက ဒီရောဝတီမြစ်ထဲ ငါးပိုက်ချရင်း မြင်ရတာတဲ့၊ လရောင်ကျိုးတိုးကျဲတဲ့ ကျောက်ဆောင်ပေါ် ငုတ်တုတ်ထိုင်နေတာတဲ့။ သူ့လဲမြင်ရောရယ်ပြတာ ရှေ့သွားလေး(၂)ချောင်းပဲ ပါသတဲ့။ ''ဝုန်း''ကနဲဆို ရေထဲငုတ်သွားရောတဲ့။ ဟိုးရှေးက ရောဝတီကမ်းဘေးပေါ့ စာရေးဆရာ'

စာရေးသူရယ် လိုက်ပို့ပေးတဲ့ ကိုဇော်နိုင် ''နိုင်''VIDEOရယ် သွားကြည့်ခဲ့သေးတယ်။

ပြောပြတာက သူ့ဇနီး မသီတာရဲ့ မေမေပါ။ သူတို့အဖေက ကျောင်းဆရာ(ငြိမ်း)၊ စာရေးသူတွေ့တော့ သိလိုသမျှ ရှင်းပြရှာတယ်။

www.burmeseclassic.com





☁ ဤလိုပုံတော်တစ်ဆူ (၉)သိန်းနဲ့ ဘုရားအကာ သင်ပြစ်ပါပြီ ညီတော်ရှင်မွား ကိုယ်လုံတော် လှုပ်ပြတော်မူရှာ မူးကြစမ်းပါ ◆

လှိုင်မြရှင်ဂေါပကဥက္ကဋ္ဌထံ ရောက်ခဲ့ပြန်

'ဗျို့... လေးလေးဦးစန်းငွေ... ရှိရင် ကျွန်တော်တို့ ဝင်ခဲ့ပြီ'

'လာကြဟေ့...လာကြ'

'သူက'

'သူက နက္ခတ္တရောင်ခြည်နဲ့ ပါရမီမဂ္ဂဇင်းက စာရေးဆရာပေါ့'

စာရေးသူရဲ့ မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်ကဒ်ပြား ထုတ်ပြခဲ့တယ်။

ရွှေဆိုတာက ရွှေတောင်ပါ၊ ''မှော်''ဆိုတာက ကျွန်တော့်မွေးရပ်မြေ ''တရုတ်မှော်''ရွာလေးပေါ့။ ကျွန်တော် ၁၉၇၄ ခုနှစ်ကစပြီး ''ငယ်ချစ်ဦး''ဆိုတဲ့ ကဗျာလေးနဲ့ စာပေလောကထဲ ဝင်လာခဲ့တာပါ လေးလေး'

'ကောင်းတယ်ကွာ'

'ဒီဘုရားကြီး သမိုင်းအကျဉ်းလေး သိသလောက် ပြောပြပါ။ ဒီလိုရေးတော့ ရပ်တကာနယ်အဆုံး တစ်တိုင်းပြည်လုံးသိရင် ဘုရားကြီးမှာ လှူမယ့်တန်းမယ့်သူ ပေါလာမယ်။ ရဟန္တာ(၈၀)ဘုရားကြီးအကြောင်းရေးတော့ ဂေါပကမှာ အလှူငွေ သိန်းရာကျော် ရခဲ့ပါတယ်'

'အေးကွယ်... ဒါလဲ သာသနာပြုခြင်းတစ်မျိုးပေါ့လေ။ သာဓုပါကွယ် သာဓု...သာဓု'

ဒီဘုရားကြီးမှာ စောင့်ကြပ်နေတဲ့ ပုဂ္ဂိုလ်တွေ သိုက်နန်းရှင်တွေကိုလဲ ရေးခွင့်ပြုပါ။ သာသနာပြု



www.burmeseclassic.com

www.burmeseclassic.com





◆ ရှင်သီဝလိရဟန္တာ ဖူးမြော်လှည့်ပါ
ဤသို့သောဘုရား
(ဓာတ်နှံမွှဲနဲ့)တည်မှာလား ◆



နေတာပါ။ စောင့်ရှောက်ပေးကြပါ။ အလှူကြီး အတန်းကြီးပေးရအောင်လဲ ကူညီကြပါဦးလို့ ဆုတောင်းအခါခါ ပြုရပါတယ်။

'ဒီ ဆင်ဖြူတော်ဝပ်တဲ့နေရာက မူလ ပထမလိုင်ထိပ်ခေါ်တင် တည်သွားတဲ့ စေတီနေရာပေါ့။ ဒါကို ဟိုး လေးလေးတို့ အရှင်ဂေါပကအဖွဲ့က အမှတ်တရ ဆင်ဖြူတော်ဝတ်နေပုံ ပုံသွန်းထားတာပါ။ ဆင်ဖြူတော်ကျောပေါ်မှာ မြသပိတ်၊ မြသပိတ်ထဲမှာမှ "မြသဘက်"ပုံ ပေါ်ထားတယ်ဆရာ'

ဟုတ်ကဲ့ပါ။ ***(ပုံတွင်ရှုပါ)***

'မူလက ဒီစေတီလေးက (၁၈) တောင်ပဲရှိတာ။ စာရေးဆရာ အဲ ၁၂၈၀ ပြည့်နှစ်မှာ ရာဟုထောင့်ကနေပြီး ပြိုကွဲပျက်စီးလာလို့ ဂေါပကလူကြီး (ဦးလတ်) ဦးစီးပြီး သံဃာတော်မထေရ်မြတ်ကြီး(၅)ပါး ပင့်ဖိတ်ကာ သိမ်ကြီးကျောင်း ဆရာတော် (ဦးနာဂဝံသ) ကမကထ ပြုလျက် ပြန်လည်ပြုပြင် မွမ်းမံခဲ့ပါတယ်။

မူလစေတီတော်က ရေဝတီမြစ်နဲ့ နီးလဲနီး၊ ကမ်းပါးများကလဲ ပြိုကျနေလို့ မူလနေရာကနေ အခုနေရာသို့ ရွှေ့ပြောင်းခဲ့ရတယ် စာရေးဆရာ။

အဲဒီမှာ ဟိုးတုန်းက လူကြီးတွေ ပြောပြတာက စေတီတွင်းကနေပြီး မြသပိတ်တွေ့တယ်။ အဲဒီထဲမှာ ''ပြာ''လိုအမှုန့်တွေ တွေ့ရသတဲ့။ အဲဒါတွေက **မြသဘက်က ဆွေးမြေ့သွားတဲ့သဘောတဲ့'**

'ဟုတ်ကဲ့ပါ'

၁၂၈၆ခုနှစ်၊ ကဆုန်လပြည့်ကျော် နံနက် (၇)နာရီမှာ အခု စေတီကြီး ထီးတော်အသစ် တင်လှူနိုင်ခဲ့ပါတယ်။

၁၃၁၈ ခုနှစ်၊ သာသနာ ၂၅၀၀ ပြည့်မှာတော့ မူလ ထီးတော်အစား ''ကြေး''ထီးတော်ကြီး အသစ်ကို ပူဇော်ခဲ့ပြန်ပါတယ်။ စေတီတော်မှာလဲ အခုခါမှာ (၃၉)တောင်၊ (၂)မိုက် ရှိခဲ့ပါပြီ။ ထီးတော်အမြင့်ကတော့



www.burmeseclassic.com

www.burmeseclassic.com



လှိုဗ်မြှုင်ဘုရားနှင့် ပုရိဂုဏ်အား အဝေးမှ ရှုမြင်ရပုံ



အင်ကြင်းပင်ကြီး မှုပွင့်ခဲ့ လှိုဗ်မြှုင်ဘုရားနယ်မြေ



ရှေးဟောင်းခေါင်းလောင်းနှင့် လှိုဗ်မြှုင်



www.burmeseclassic.com



လှိုင်မြှင့်ဘုရားနှင့် ပုဂိုလ်ဘုရား အဝေးမှ ပူးမြင်ရပုံ



အင်ကြင်းပင်ကြီး ပူမွှင့်ခဲ့ လှိုင်မြှင့်ဘုရားနယ်မြေ



ရှေးဟောင်းခေါင်းလောင်းနှင့် လှိုင်မြှင့်



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com





☁ လှိုင်းထိပ်ခေါင်တင် မောင်တော်ချာ မြစ်ရေဘဝ
(ကန္တနဂီရိ ရွှေတောင်သိမ်ကမ်း)

◆ လက်ရှိကျောင်းထိုင်ဆရာတော် ဦးစန္ဒာသီရိ(ဓမ္မာစရိယ) ဓမ္မကထိက

(၁၂)တောင် (၂)မိုက်ရှိတယ် စာရေးဆရာ။

ကျောင်းတိုက်ကြီးရဲ့ ပဓာန နာယက ဆရာတော်ကြီးများမှာ **''ဦးဉာဏုတ္တမ''နဲ့ ''ဦးကုဏ္ဍိမန္တ''** ဖြစ်တော်မူပါတယ်။

အခုလက်ရှိ ဆရာတော်လေး ဘွဲ့တော်မှာ **''ဦးစန္ဒာသီရိ''**ဖြစ်ပါတယ်။ **ဓမ္မာစရိယအောင်မြင်ပြီး နယ်လှည့်ဓမ္မကထိက** ဖြစ်ပါတယ်။

ရပ်ကျိုးရွာကျိုး သယ်ပိုးရင်း မိုးကုတ်ဝိပဿနာတရားများကျင့်ကြံ အားထုတ် ပြုစုပျိုးထောင်မှုကြောင့် ဘုရားဝန်းထဲမှာ ကျောင်းဆောင်တော်များ ဓမ္မရိပ်သာများ၊ လက်ညှိုးထိုးမလွဲ ပြည့်လျှံနေပါပြီ။ စရဏအားကောင်းပြီး သီလတန်ခိုးကြောင့် ဆထက်ထမ်းပိုး တိုးနေတယ်ဆိုတာ ယုံမှားစရာမရှိပါပြီ။

ဘုရားတန်ခေါင်းတွင်းက
အံ့ဖွယ်ထူးခြား ဘုရား(၂)ဆူ

'ဟယ်လို... ကိုတင်မောင်လတ်ပါလား။ ဒါက ကျွန်တော့်သူငယ်ချင်း စာရေးဆရာ ရွှေမှော်မြေ မောင်ကြည်သိန်းပါ။ ချမ်းသာဆန်စက်ကကိုဌေးနဲ့မယားညီအစ်ကိုတော်တယ်'

'ဟုတ်ကဲ့... တွေ့ရတာ ဝမ်းသာပါတယ်ဗျာ။ ကျွန်တော်ကိုလတ်ကို ရင်းရင်းနှီးနှီး တွေ့ဖူးသလိုပဲ'

'ဟုတ်ကဲ့ပါ... တရားပွဲ၊ ဘုရားပွဲတိုင်း ကျွန်တော်ပါတယ်လေ။ သီတဂူကြယ်တစ်ပွင့်ဆရာတော်ကြီး တရားပွဲမှာလဲ ကျွန်တော်တို့ ဝိုင်းဝန်းကူညီကြတယ်လေ'

'စာရေးဆရာ ဒီဘုရားလေး သေချာဖူးကြည့်ပါ။ မျက်ရှင်တော် (ခ)နောင်တော်ကြီးလို့လဲ အမည်ပေးထားတယ်'

'ဘာပြုလို့ မျက်ရှင်တော်ခေါ်တာတုန်း'

'ဒီလို စာရေးဆရာ။ ကျွန်တော်တို့ညဘက် ဒီဘုရားလေးရှေ့ လျှပ်စစ်မီးမှိတ်ပြီး ဖယောင်းတိုင်ထွန်း ဖူးမြော်နေတုန်း မျက်လုံးတော်များက ရှေ့နောက်ဝဲယာ လှည့်လည်နေတာ မျက်လုံးတော်ဖွင့်ပိတ်ပြတယ်ဆရာ'

ဒီလိုပြောတာက ဂေါပကဥက္ကဋ္ဌ ဦးစန်းငွေက ပြောပြတာ...

'ဟုတ်တယ်ဆရာ။ ဒီဘုရားလေးက **AD**(၁၁)ရာစု၊ ကုန်းဘောင်ခေတ်လက်ရာလို့ ရှေးဟောင်းသုတေသနဌာနက ပြောပြတယ်။ ဆုတောင်းပြည့်ဝပြီး တန်ခိုးကြီးတယ်ဆရာ'

'ဒီစေတီလေးကတော့ ညီတော်ဘုရားလေးပါ'

'သူ့ရဲ့ ထူးခြားချက်ကရော'

'ဒီလိုဆရာ။ တစ်ခါက ရန်ကုန်က ဘုရားဖူးအဖွဲ့လာတော့ ကျွန်တော်က...

ဒေါ်လေး ဒီဘုရားလေးကို ယုံယုံ



www.burmeseclassic.com

www.burmeseclassic.com



▲ ယက္ခညီနောင်စောင့်ရှောက်သော လှိုင်မြရှင်ဘုရား

▼ အစ်မတော်မြနန်းသျှင် စောင့်ရှောက်ရာ လှိုင်မြရှင်မှာ




ကြည်ကြည်နဲ့ ပုဆစ်တုတ်ပြီး ရှိခိုးဖူးမြော်ကြည့်စမ်းပါ။ ထူးခြားပါတယ်လို့လဲပြောရော အဲဒီအဘွားကြီး ပုဆစ်တုတ်ဖူးမြော်တော့...

အမယ်လေး... လာကြပါဦး ဒီမှာ ဒီမှာ'

လေးလေးလဲ အမြန်သွားပြီး...

'ဒေါ်လေး...ဒေါ်လေး ဘာဖြစ်တာတုံး'

'ဒီမှာကြည့်ပါဦး ဘုရားရှင်ကိုယ်တော်လေးက ကိုယ်လုံးတော်လှုပ်ပြလို့ လှုပ်ပြလို့'

ဆိုပြီး ရှိခိုးဖူးမြော်နေလိုက်တာ အကြာကြီးပဲ ဆုတောင်းပြည့်တယ် စာရေးဆရာ။ စာရေးသူလဲ ဦးချ ဆုတောင်းမိတာက တစ်ခါဖူးမျှ အလှူကြီးအတန်းကြီး မပေးဘူးပါ။ လှူနိုင်တန်းနိုင်အောင် ''ငွေ''အစုလိုက်အပုံလိုက် ပေးသနားပါဘုရားလို့ ဆုတောင်းမိပါတယ်။ ***(ပုံတွင်ရှုပါ)***

လှိုင်မြရှင်ဘုရားမှာ

စောင့်ရှောက်ရာ

ဘုရားဝန်းကြီးထဲမှာ **အစ်မတော်မြနန်းသျှင်နဲ့ ဖွဲ့ညီနောင် (၂)ပါးက** စောင့်ရှောက်နေကြပါတယ်။ ယုံကြည်ရာ၊ ကိုးကွယ်ရာ စောင့်ရှောက်နေကြမှာပါ။

ဘုရားကြီးဝန်းထဲမှာလဲ ကြီးမားလှတဲ့**ဗောဓိညောင်ပင်ကြီးနဲ့ လုမ္ဗိနီပင်ကြီး** ဖူးပွင့်နေလိုက်တာ လူ(၁၀၀)မှာ (၁)ယောက်မှ မမြင်ဘူးကြပါ။ ဒါကြောင့် စာရေးသူ အနီးကပ်ပြထားပါတယ်။

***စာဖတ်သူအပေါင်း***

***ကျန်းမာချမ်းသာကြပါစေ...***

**ရွှေမှော်မြေမောင်ကြည်သိန်း**



www.burmeseclassic.com

www.burmeseclassic.com

(ကြော်ငြာ ဆောင်းပါး)

# ကျားမှန်လျှင် အားသန်ရမည်





အမျိုးသား အားနည်းရောဂါ
(ပန်းသေ၊ ပန်းညှိုး)
ဖြစ်တတ်သူများမှာ…

၁။ မေထုန်မှု လွန်ကဲသူများ။
၂။ သဘာဝမဟုတ်သော ဟတ္ထ မေထုန်ပြုသူများ။
၃။ ကုန်ခန်းသွားသော သုက်ဓါတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည် မဖြည့်ဆည်းသူ များ။
၄။ အပျော်အပါး လိုက်စားသူများ။
၅။ သားကြောဖြတ်ထားသူများ။
၆။ မြစ်ခြောက်နာ ရှိသူများ။
၇။ အဆုတ်ရောဂါရှိသူများ။
၈။ လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ။
၉။ ဆီးချို သွေးချိုရောဂါ ရှိသူများ။
၁၀။ လိပ်ခေါင်းရောဂါ ရှိသူများ။
၁၁။ အသက်အရွယ်ကြီးရင့်သူများ

ပန်းသေ၊ ပန်းညှိုး ဖြစ်တတ်ကြပါတယ်။

ပန်းသေ၊ ပန်းညှိုး ရောဂါဆိုပြီး အလွယ်တကူ ပြောဆိုနေကြပေမယ့် အမှန်တကယ်တော့ ပန်းညှိုးပြီးမှ ပန်းသေရောဂါ ဖြစ်တတ်ကြတယ်။ ပန်းညှိုးရောဂါဝေဒနာခံစားရတဲ့ လက္ခဏာများကတော့…

၁။ လိင်တံ တောင့်တင်းနိုင်မှု မရှိခြင်း။
၂။ လွှပ်ရှားရုံသာ လွှပ်ရှားပြီး ပျော့နေတတ်ခြင်း။
၃။ ခန္ဓာကိုယ် ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှု မရှိခြင်း။
၄။ မောပန်းလွယ်ခြင်း။
၅။ အစားအသောက် ပျက်ခြင်း။
၆။ ညည့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တစ်ရေးနိုးလျှင် အိပ်မရ တတ်ခြင်း။
၇။ သတိမေ့လျော့တတ်ခြင်း၊

စတဲ့အချက်များဟာ ပန်းညှိုးရောဂါရှိသူများရဲ့ ခံစားရတဲ့ ဝေဒနာလက္ခဏာများဖြစ်ပါတယ်။

အဲဒီ ပန်းညှိုးခြင်းဝေဒနာရဲ့ လက္ခဏာတွေရှိလာတာကို ဆေးပညာအသိမရှိဘဲ အချိန်မီ ကုသမှုမခံခဲ့ရင် ခန္ဓာကိုယ်ရဲ့အဓိကဖြစ်တဲ့ ရသာရည်၊ အသွေး၊ အသား၊ အဆီ၊ အရိုး၊ ခြင်ဆီ၊ သုက်ဆိုတဲ့ သဓိရဓာတ်(၇)ပါး အဆင့်ဆင့် ကုန်ခန်းပြီး မူလ ပန်းညှိုးရာက ပန်းသေခြင်း ဘဝမျိုးနဲ့ ရင်ဆိုင်ရတတ်ပါတယ်။

ပန်းသေရောဂါ အဆင့်ရောက်ပြီဆိုရင် …

၁။ ငှေတစ်လုံး တက်ခြင်း။
၂။ ကာမရာဂစိတ် ကုန်ခန်းခြင်း။
၃။ သုက်လွှတ်မြန်ခြင်း။
၄။ သလုံးသားများ ခြောက်ခြင်း။
၅။ သလိပ်အုပ်စု ခန်းခြောက်ခြင်း။
၆။ နှုတ်ခမ်း၊ လျှာ ခြောက်ခြင်း။
၇။ အားအင်ကုန်ခန်းခြင်း။
၈။ စကား မပီသခြင်း။
၉။ စသံ၊ နသံ မကွဲပြားခြင်း၊
၁၀။ လိင်ချောင်းသေးပြီး တိုဝင်ခြင်း။
၁၁။ ဆီးပြတ်တောက် ပြတ်တောက်သွားခြင်း စတဲ့ လက္ခဏာများ ဖြစ်လာတတ်ပါတယ်။

ပန်းညှိုးခြင်းလက္ခဏာ (၇)ချက်နဲ့ ပန်းသေခြင်း လက္ခဏာ (၁၁)ချက်ကို တွေ့ထိခံစားနေရပြီဆိုရင် မေ့လျော့ပေါ့ဆမနေပါနဲ့။ "ပြည်စိုး" အထူးကုတိုင်းရင်းဆေးခန်းကို အမြန်အရောက်လှမ်းခဲ့ပါ။

မြန်မာနန်းတွင်း အကြောပညာရှင် နေလဝိဇ္ဇာဆရာကြီး ဦးစံမြင့် (တဆ - ၁၂၇၄)နဲ့ ဆရာဦးစိုးမော် (တဆ - ၂၆၁၁)တို့က အမျိုးသား အားနည်းရောဂါ (ပန်းသေ၊ ပန်းညှိုးရောဂါ)များအပြင် အခြားရောဂါများဖြစ်တဲ့ …

၁။ လေငန်း၊ လေဖြတ်၊
၂။ အကြောကပ်၊ အကြောညှပ်၊
၃။ လေးဖက်နာ၊
၄။ ကျီးပေါင်းရောဂါ၊
၅။ နလုံးသွေးကြောကျဉ်းရောဂါ၊
၆။ လိပ်ခေါင်းရောဂါ၊
၇။ သွေးချို၊ ဆီးချိုရောဂါ၊
၈။ ကျောက်ကပ်ရောဂါ၊
၉။ အစာအိမ်ရောဂါ၊
၁၀။ အာရုံကြောရောဂါများကို အကြောပညာ၊ ဆေးပညာဖြင့် နာယလေးပါးနှင့် ကိုက်ညီကာ အချိန်တိုအတွင်း သက်သာပျောက်ကင်းအောင် အောင်မြင်စွာဖြင့် ကုသပေးနေပါပြီ။

တွေ့ဆုံဆက်သွယ်နိုင်သည့် လိပ်စာ …

မြန်မာနန်းတွင်း အကြောပညာရှင်
နေလဝိဇ္ဇာ ဆရာကြီး ဦးစံမြင့်နှင့်သား ဦးစိုးမော်
ပြည်စိုး အထူးကုတိုင်းရင်းဆေးခန်း
အမှတ် (၁)၊ လိပ်ကန်အနီး၊ တောက်ဘက်မှမ်၊
ကျိုက္ကဆံ ဘုရားဝင်း၊ သယ်ယ်န်းမြို့နယ်၊ ရန်ကုန်မြို့။
**Ph : 09 31054631, 09 251031871**



www.burmeseclassic.com

www.burmeseclassic.com



တိမ်လွှမိုး
(ရန်ကုန်)

# ဇင်းကျိုက်တောင်က

## ဝိဇ္ဇာအစည်းအဝေး

စာရေးသူတို့ ကိုးကွယ်သော ဆရာတော်ကြီး ကျောင်းသည် **ရန်ကုန်မြစ် တစ်ဖက်ကမ်းတွင်ရှိကာ သက်ကယ်ကွင်းရွာ၏ ကွင်းထဲတွင် တည်ရှိပါသည်။** ချောင်းဝရွာနှင့်လည်း နီး၍ ဒလမြို့နယ်အပိုင်ထဲတွင် ရှိပါသည်။

ဆရာတော်ကြီး၏ ဘွဲ့အမည်က **''ဘဒ္ဒန္တစန္ဒိမာ''**ဟု ခေါ်ဆိုကာ **''သက်ကယ်ကွင်း ဆရာတော်''၊ ''ချောင်းဝဆရာတော်''**ဟုလည်း ခေါ်ဆိုကြသည်။

**ယခုအခါ ဆရာတော်သည် ပျံလွန်တော်မူသွားပြီဖြစ်ကာ ဆရာတော်၏ ခန္ဓာအား မှန်ခေါင်းသွင်းကာ စံကျောင်းနှင့် ထားရှိသဖြင့် ဆရာတော်၏ မပုပ်မသိုး ရုပ်ကလာပ်တော်အား သွားရောက်ဖူးမြော်နိုင်ပါသည်။**

**ဆရာတော်၏ ထူးခြားချက်မှာ ဦးခေါင်းတော်မှ ဆံပင်များ ထွက်လာခြင်း၊ ခြေသည်း၊လက်သည်းများ ရှည်ထွက်လာခြင်း၊ ဘာအနံ့အသက်မှမရှိဘဲ တစ်ခါတစ်ရံတွင် မွှေးပျံ့သော ရနံ့ရခြင်းများ ရှိနေပါသည်။**

ယခု တင်ပြမည့် အကြောင်းအရာသည် **ဆရာတော် သက်ရှိထင်ရှား ရှိခဲ့စဉ်က ဖြစ်ခဲ့သော ဂမ္ဘီရဖြစ်ရပ်မှန်** ဖြစ်ပါသည်။

တစ်ခုသော လပြည့်အကြိုည တစ်ညတွင် ဆရာတော်သည် သူ့ကျောင်းထဲမှာ ရောက်နေသည့် သူ၏ ဆွေမျိုးလည်းဖြစ်၊ တပည့်လည်းဖြစ်သည့် ဦးစိန် ဆိုသူနှင့် စကားထိုင်ပြောရင်း ကောင်းကင်တွင် သာနေသော လမင်းကြီးကို ကြည့်ကာ အမိန့်ရှိလိုက်သည်။

'မောင်စိန်ရေ... တန်ဆောင်တိုင်လပြည့်နေ့ ရောက်ရင် ငါ အစည်းအဝေး သွားတက်စရာ ရှိတယ်ကွ'

ထိုအခါ မောင်စိန်က သာမန်သဘောထားကာ လျှောက်လိုက်သည်။

'အရှင်ဘုရား... ဘယ်ကို သွားတက်ရမှာလဲဘုရား၊ ဘာအစည်းအဝေးလဲ ဘုရား'

'ဝိဇ္ဇာအစည်းအဝေးကွ၊ ဇင်းကျိုက်တောင်ကို သွားတက်ရမှာ'

ဆရာတော့်စကား ကြားတော့





www.burmeseclassic.com

www.burmeseclassic.com



အလွန်ရိုးသားသော မောင်စိန် တွေးလိုက်မိသည်က တန်ဆောင်တိုင်လပြည့် ရောက်ရန် နှစ်ရက်ပဲ လိုတော့သည်။

ဆရာတော်သည် ခရီးသွားမည်ဟု အစီအစဉ်လည်း မရှိ၊ ဘယ်လို အမီသွားမလဲဟု တွေးကာ စိတ်ပူ၍သွားမိပြီး ဆရာတော်အား ထပ်၍ လျှောက်ထားလိုက်သည်။

'အရှင်ဘုရား...ရက်ကလဲ ကပ်နေပြီ ဘာနဲ့သွားမှာလဲ ဘုရား။ ရထားနဲ့ သွားမှာလား။ ကားနဲ့သွားမှာလား ဘုရား... တပည့်တော် ဘာစီစဉ်ပေးရမလဲ ဘုရား'

ထိုအခါ ဆရာတော်သည် တစ်ခုခုကို စဉ်းစားနေသည့်အလား ခဏအကြာမှ အမိန့်ရှိလေသည်။

'အေးကွ မောင်စိန်ရ... မနက်ဖြန် ရန်ကုန်သွားပြီး အဆင်ပြေတာနဲ့ သွားကြတာပေါ့ကွာ၊ မင်း အဆင်သင့်ပြင်ထားကွ'

ဆရာတော်က မောင်စိန်အား အမိန့်ရှိကာ ကျောင်းပေါ်သို့ ပြန်ကြွသွားလေသည်။

မောင်စိန် တွေးနေသည်က ဆရာတော် ခရီးသွားမှာ ကြိုတင်မပြောဘဲ ဗြုန်းစားကြီး အခုမှ ထပြောသည်ကို ထူးဆန်းနေသည်။ ကျောင်းက လူများလည်း ဆရာတော် ခရီးသွားမည်ကို သိပုံမရ၊ ဘာပြောသံမှလည်း မကြားမိပေ။

မောင်စိန်လည်း ဟိုတွေးဒီတွေး တွေးရင်း ခရီးသွားရန်အတွက် ဆရာတော့်သင်္ကန်း နှစ်စုံနှင့် သူ့အဝတ်အစား အနည်းငယ်ကို အိတ်ထဲထည့်ကာ မနက်ဖြန် ခရီးထွက်ဖို့ အဆင်သင့်ပြင်၍ ထား



◆ စာရေးသူ နေအိမ်၌ ကိုးကွယ်ထားသော ဆရာတော်ရုပ်တု

လိုက်လေသည်။

နောက်တစ်နေ့နံနက်တွင် ဆရာတော်သည် အရုဏ်ဆွမ်းဘုဉ်းပေးပြီးသည်နှင့် မောင်စိန်အား မိန့်ကာ ရှေ့မှ ကြွသွားလေသည်။

'မောင်စိန်ရေ... သွားကြမယ်ဟေ့'

မောင်စိန်လည်း အဝတ်အိတ်ဆွဲကာ ဆရာတော်နှင့် ရန်ကုန်သို့ စက်လှေစီး၍ လာကြလေသည်။ ရန်ကုန်ရောက်သည် ဆိုသည်နှင့် ဆရာတော်က ကားတစ်စီးငှား၍ ရန်ကုန် ဘူတာကြီးသို့ ခရီးဆက်ကြလေသည်။

ရန်ကုန်ဘူတာကြီးမှ မော်လမြိုင် ရထားစီးရန် ရောက်သွားခြင်း ဖြစ်သည်။

သို့သော်လည်း ဆရာတော်နှင့် မောင်စိန် ရန်ကုန်ဘူတာကြီး ရောက်တော့ မော်လမြိုင်ရထားကြီးသည် ထွက်သွားပြီဖြစ်ကာ ရထားနောက်မြီးကိုသာ လှမ်း၍ မြင်လိုက်ကြလေသည်။

မောင်စိန်က ရထားလွတ်သွားသည်ကို တောက်တခေါက်ခေါက် ဖြစ်နေသော်လည်း ဆရာတော်ကတော့ အေးအေးဆေးဆေးပင်၊ ပူပန်ပုံမရပေ။

'မောင်စိန်ရေ... ရထားမရတော့ ကားဂိတ်သွားကြတာပေါ့ကွာ'

သို့နှင့် ကားဂိတ်ရောက်တော့လည်း ကားလက်မှတ်က မရပြန်ပေ။ ထိုခေတ်က ယခုလို ကားများ ပေါသောခေတ် မဟုတ်၍ အဆင်မပြေပါ။ မောင်စိန်လည်း စိတ်ပူ၍ ဆရာတော်အား လျှောက်ပြန်သည်။

'အရှင်ဘုရား...ရထားရော ကားရော မမီတော့ ဘယ်လိုသွားကြမလဲ ဘုရား၊ မနက်ဖြန်ပဲ လပြည့်နေ့ ရောက်နေပြီ ဘုရား'

ထိုအခါ ဆရာတော်က မောင်စိန်အား ခပ်အေးအေးပင် ပြန်၍မိန့်သည်။

'မောင်စိန်ရာ မမီတော့လဲ ဘယ်တတ်နိုင်တော့မလဲကွာ၊ အေးအေးဆေးဆေး ပဲ့တပည့်အိမ် သွားတည်းကြတာပေါ့ကွာ။ မပူစမ်းပါနဲ့'

ဆရာတော် စကားကြားတော့ မောင်စိန် အတွေးဝင်လာသည်။ ဆရာတော်သည် တမင်များ ရထားရော ကားရော မမီအောင် လုပ်သလားဟု သံသယဝင်နေမိသည်။

ဆရာတော့်လို ပုဂ္ဂိုလ်သည် သူသွားချင်လျှင် ချက်ချင်းသွား၍ အဆင်ပြေသည်ကို တပည့်များ အားလုံး အသိပင် ဖြစ်သောကြောင့် ယခုလို အရေးကြီးကိစ္စတွင် ရထားရော၊ ကားရော မမီခြင်းသည်



www.burmeseclassic.com

www.burmeseclassic.com



အလွန်ပင် ထူးဆန်းနေသော အဖြစ်ပင် ဖြစ်လေသည်။

သို့နှင့် ဆရာတော်နှင့် မောင်စိန် မြင်းပြိုင်ကွင်းနားက ဆရာတော်၏ တပည့်တစ်ယောက် အိမ်သို့ သွား၍ တည်းကြလေသည်။

ထိုအိမ်သည် နှစ်ထပ်တိုက် တစ်လုံးဖြစ်ကာ အိမ်ကြီးအိမ်ကောင်း တစ်လုံးဖြစ်၍ အတော်ပင်ကျယ်ဝန်း လေသည်။


အိမ်ရှင် မိသားစုများကလည်း ဆရာတော်ကို အလွန်ပင် ယုံကြည်သူများဖြစ်၍ ယခုလို လပြည့်နေ့ အကြိုနေ့တွင် ကြွလာသည့်အတွက် ဝမ်းသာအားရ ဆီးကြိုကြလေသည်။

'အရှင်ဘုရား တပည့်တော်တို့အိမ်ကို ကျောင်းအဖြစ် လွတ်လပ်စွာ သီတင်းသုံးတော်မူပါဘုရား'

ဟု အိမ်ရှင်လင်မယားက ဆရာတော်အား လျှောက်၍ အိမ်အပေါ်ထပ် တစ်ထပ်လုံး ဆရာတော်အား သီတင်းသုံးစေကာ လိုလေသေးမရှိအောင် စီစဉ်ပေးထားလေသည်။

ဆရာတော်လည်း အိမ်ရှင်များနှင့် အေးအေးဆေးဆေးပင် စကားပြောနေရာ မောင်စိန် စိတ်ထဲ ခိုးလိုးခုလု ဖြစ်၍နေသည်။

မောင်စိန် တွေးနေသည်က ဆရာတော်သည် လပြည့်နေ့ ဖင်းကျိုက်တောင် အစည်းအဝေး အမီသွားရမည်ဆိုသေး အခုတော့ ဘယ်လိုမှ မမီနိုင်တာကို ဘာမှ မပူဘဲ အေးအေးဆေးဆေး စကားပြောနေနိုင်သည်ဟု တွေးကာ မတင်မကျ ဖြစ်၍နေသည်။



သက်ကယ်ကွင်းရွာရှိ ဆရာတော်ကျောင်းတိုက်၌ ပူဇော်ထားသော ဆရာတော်ရုပ်တု

သို့သော်လည်း ဆရာတော်သည် စကားကို မမှန်ဘဲ ဘယ်တုန်းကမှ မပြောသည်ကိုလည်း သိထားသည့်အတွက် လာရင်းကိစ္စကို အလွန်ပင် သိချင်နေမိသည်။ ဆရာတော်ကိုလည်း မမေးရဲသဖြင့် အတွေးများလျက် ရှိနေသည်။

ဆရာတော်ကို ကြည့်ရသည်မှာ အပူအပင်မရှိ ခရီးထွက်လာခြင်းနှင့် အလွန်တူသည်။

**လပြည့်နေ့မှာတော့ ဆရာတော်အား လာဖူးကြသည့် တပည့်များနှင့် စကားလက်ဆုံကျကြရင်း ခရီးထွက်လာသည့် အကြောင်းရင်းပင် သတိရပုံ မပေါ်ပေ။**

သည်လိုနှင့် အိပ်ရာဝင်ကြရာ မောင်စိန်က ဆရာတော့်ခြေရင်းတွင် အိပ်ရင်း ဆရာတော်အား အကဲခတ်၍နေသည်။

ညဉ့်ဦးပိုင်းတွင် ဆရာတော်သည် တရားထိုင်ပြီး ဘုရားရှိခိုးနေသည်။



မောင်စိန်လည်း ဆရာတော်ဘာများလုပ်မလဲဟု သိချင်စိတ်ဖြင့် စောင့်၍ ကြည့်နေမိရာ ဆရာတော်က ဘုရားရှိခိုးပြီး ကျိန်း၍ သွားလေသည်။

မောင်စိန်ကတော့ အိပ်၍ မပျော်ပါ။ ထိုအချိန်မှာပဲ ဆရာတော်ထံမှ နှစ်ခြိုက်စွာ အိပ်ပျော်နေသော ဟောက်သံပင် ကြားနေရသည်။

အပေါ်ထပ်တစ်ထပ်လုံး ဆရာတော်နှင့် မောင်စိန်သာ ရှိ၍ တိတ်ဆိတ်နေသည်။

ပြတင်းပေါက်က ဖြာကျလာသော လရောင်ဖြင့် ဆရာတော့်အား မြင်နေရကာ အခြေအနေကို အကဲခတ်နေရင်းဖြင့် တိုင်ကပ်နာရီက ည(၁၂)နာရီထိုးသံ ကြားလိုက်ရသည်။

ထိုအချိန်တွင် ဆရာတော်ထံမှ ဟောက်သံသည် ရုတ်တရက် တိခနဲ ရပ်၍သွားသည်ကို မောင်စိန် သတိထားလိုက်မိသည်။

မရှေးမနှောင်းတွင် မောင်စိန် အိပ်နေသည့်ဘက်ခြမ်းမှ တိုက်နံရံကို စလိုက်ထိုးလိုက်သလို ရုပ်ရှင်ပိတ်ကားကြီးသဖွယ် ပေါ်၍လာရာ မောင်စိန်လည်း တအံ့တသြဖြင့် ထ၍ ကြည့်လိုက်မိသည်။

မောင်စိန်ကြည့် လိုက်မိသည့် အချိန်တွင် အလွန် ထူးဆန်းစွာပင် ပိတ်ကားကြီးပေါ်၌ စိမ်းစို၍ သာယာလှပနေသည့် တောင်ကြီး တစ်တောင် ပေါ်လာသည်။

ထိုစဉ် မောင်စိန် စိတ်ဝင်တစား ကြည့်နေစဉ်တွင် ထိုတောင်ပေါ်တွင် အလွန်ကြီးမားသော မဏ္ဍပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ထိုးထားသည်ကို တွေ့နေရသည်။

ထို မဏ္ဍပ်နဖူးစည်းတွင်တော့…

'ဇင်းကျိုက်တောင်တော် ဝိဇ္ဇာအစည်းအဝေး'

ဟု စာတန်းကြီး ထိုးထားသည်ကို အထင်အရှား မြင်ရလေသည်။

ထိုမဏ္ဍပ်ထဲတွင်တော့ **ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများနှင့်တကွ ဆရာတော်ကြီးများ၊ အဖြူရောင်ဝတ်ဘိုးတော်များ၊ အညိုရောင်ဝတ်ပုဂ္ဂိုလ်ထူးများ** စသည်ဖြင့် ပုဂ္ဂိုလ်ထူးများ၊ သူတော်စင်များ အများအပြားဖြင့် ပျားပန်းခပ်မျှ အလွန်ပင် စည်ကားနေကြသည်။

ထိုသူတော်စင်များသည် လူများလိုပင် တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် နှုတ်ဆက်၍ စကားပြောကာ ရယ်မောပျော်ရွှင်နေပုံရလေသည်။

မောင်စိန်လည်း ပါးစပ်ဟောင်းလောင်းဖြင့် မယုံနိုင်ဖွယ် မျက်တောင်မခတ်တမ်း ကြည့်၍နေသည်မှာ အရာရာကိုပင် မေ့၍နေသည်။

ထို သူတော်စင်ပုဂ္ဂိုလ်များထဲတွင် မောင်စိန် မြင်ဖူးသည်များလည်း ရှိသည်။ မမြင်ဘူးသည်များလည်း ရှိသည်။

**နာမည်ကြီး ဆရာတော်ကြီးများလည်း၊ တွေ့ရကာ အရင်တုန်းက ပျံလွန်တော်မူသွားသော နာမည်ကြီး ရဟန္တာများဟု ကောလာဟလထဲတွင်သာ မောင်စိန် မှတ်ရကာ မမီလိုက်သော ဆရာတော်ကြီးများလည်း တွေ့ရပေသည်။**

မောင်စိန်မှာ ဝမ်းသာပီတိဖြစ်လျက် တစ်ကိုယ်လုံး ကြက်သီးများ



ဆရာတော်ငယ်စဉ်ကဓာတ်ပုံတော်

ထသည်အထိ မောင်စိန် ကြည့်နေရင်း ထိုမဏ္ဍပ်ထိပ်တွင် စင်မြင့်တစ်ခုရှိကာ ထိုင်ခုံများ ချ၍ ထားသည်ကို တွေ့ရလေသည်။

ထို ထိုင်ခုံတစ်လုံးပေါ်တွင်တော့ မောင်စိန် ဘယ်လိုမှ မထင်မှတ်ထားသော အရာကို တွေ့လိုက်ရလေသည်။

ထိုအရာသည် အခြားမဟုတ်ပါ။ ဆရာတော်သည် စင်မြင့်ထက်က ထိုင်ခုံတစ်လုံးပေါ်တွင် ကျကျနနထိုင်နေရင်း နံဘေးက ပုဂ္ဂိုလ်ထူးများနှင့် စကားလက်ဆုံကျနေခြင်းပင်ဖြစ်ပါသည်။

မောင်စိန်လည်း မယုံနိုင်စွာ သူ့မျက်လုံးများအား အသေအချာပွတ်၍ ကြည့်မိလေရာ ဆရာတော်မှ ဆရာတော်အစစ်ပင် ဖြစ်ပေသည်။

မောင်စိန်လည်း အလွန် အံ့ဩစွာ ဆရာတော် အိပ်နေရာသို့ အလျင်အမြန် ကြည့်လိုက်မိရာ ဆရာတော်သည် ငြိမ်သက်စွာ ကျိန်းလျက်ရှိနေသည်။

မောင်စိန်က မိမိအဖြစ်ကို အိပ်မက်လား၊ တကယ်လားဟု ကိုယ့်ပေါင်ကို ထောင်းကြည့်လိုက်ရာ အလွန်ပင် နာကျင်၍ သွားသောကြောင့် အိပ်မက် မဟုတ်သည်က သေချာသွားလေသည်။

မောင်စိန် စိတ်ဝင်စားလွန်း၍ အသက်ပင် ရှူဖို့ မေ့နေမိလေသည်။ သူ့ဘဝ တစ်သက်တာတွင် တစ်ခါဖူးမျှ အိပ်မက်ပင် မမက်ဘူးသော သူတော်စင်များ၊ ရဟန္တာပုဂ္ဂိုလ်ထူးများ…

ဝိဇ္ဇာ ဇော်ဂျီ တပသီများကို ယခုလို တစ်နေရာတည်းတွင် စုံစုံညီညီနှင့် တစ်စုတစ်ဝေးတည်း ဖူးတွေ့ခွင့်ရသော အဖြစ်သည် အလွန်ပင် ပီတိဖြစ်စရာကောင်းကာ ကြက်သီးများ ထ၍နေမိသည်။

မောင်စိန်က ကြုံတောင့်ကြုံခဲ ကုသိုလ်ကံထူးသော မိမိအမြင်များ ပျောက်ဆုံးသွားမှာ စိုးမိသည့်အလား အသေအချာ ကြည့်နေတုန်းပင် ရှိသေးသည်။

အစည်းအဝေး ခန်းမအတွင်းအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြကာ အစည်းအဝေး စ,တော့မည့်ပုံဖြင့် နေရာယူနေကြသည်ကို တွေ့ရကာ ရုတ်တရက် နံရံပေါ်က ရုပ်ရှင် ပိတ်ကားကြီးသည် ပျောက်ကွယ်၍ သွားလေတော့သည်။

ယခုမှ မောင်စိန်လည်း ဆရာတော်ကို အသေအချာ ကြည့်မိရာ ပုံစံမပျက်ဘဲ ကျိန်းနေသည်ကို တွေ့လိုက်ရသည်။

ထိုအခါမှ မောင်စိန်လည်း စိတ်တုံးတုံးချကာ အိပ်မည်ဟု ကြံတုန်းရှိသော အချိန်တွင်မှ ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



ဆီမှ ဟောက်သံ ပြန်၍ ကြားလိုက်ရသည်။

မောင်စိန် မျက်လုံးများ အိပ်၍မရ၊ သိချင်တာကို သိလိုက် မြင်လိုက်ရ၍ အလွန်ကျေနပ် ပီတိဖြစ်လျက်ရှိနေသည်။

မောင်စိန် တွေးမရသည်က ဆရာတော်သည် ရန်ကုန်ကို အပင်ပန်းခံမကြွဘဲ ဘုန်းကြီးကျောင်းတွင် ဤမြင်ကွင်းကို ပြ၍ ရသော်လည်း... ဘယ်အတွက်ကြောင့် အပင်ပန်းခံ အိပ်ရေးပျက်ခံပြီး ရန်ကုန်ကိုကြွပြီး ဘူတာကြီးတွေ၊ ကားဂိတ်တွေကို ဘာသွားလုပ်မှန်း စဉ်းစားမရပေ။

မောင်စိန် ကြားဖူးသလို ပုဂ္ဂိုလ်ထူးများသည် ရုပ်နှင့်နာမ်ခွဲ၍ ခရီးသွား၍ရသည် ကြားဖူးသော်လည်း ယခုမှ လက်တွေ့မြင်ဖူးခြင်းပင် ဖြစ်သည်။ ဘာအတွက် ဆရာတော်ကြွလာသည်ကိုတော့ မတွေးတတ်ပါ။

နံနက်မိုးလင်းတော့ ဆရာတော်က မောင်စိန်အား ကောက်ကာငင်ကာ မေးလိုက်သည်။

'မောင်စိန် ညက မင်းတို့ကို တွေ့သလားကွ'

'တင်ပါ့ဘုရား... တပည့်တော် အလွန်ကြည်ညို ဝမ်းမြောက်မိပါတယ်ဘုရား'

'မင်းက ကုသိုလ်ကံထူးတဲ့ ကောင်မို့ တွေ့ရ မြင်ရတာကွ။ မင်းဟာ နောင်တစ်ချိန်မှာ သာသနာပြုရဦးမှာကွ'

'ကဲ... ကဲ... ငါတို့ ကျောင်းကို ပြန်ကြွမယ်ကွ။ အထုပ်ပြင်တော့'

မောင်စိန်နှင့် ဆရာတော်လည်း



ယခု ကျောင်းတိုက်၌ရှိသော မပုပ်မသိုး ဆရာတော်ရုပ်ကလာပ်တော်

ဘုန်းကြီးကျောင်းသို့ ပြန်ကြွရာ စက်လှေပေါ်တွင် ဆရာတော်အား မရဲတရဲ လျှောက်လိုက်သည်။

'ဒါနဲ့... အရှင်ဘုရား... ရန်ကုန်ကို အပင်ပန်းခံ ကြွမလာလဲ ဖြစ်ရဲ့သားနဲ့ဘုရား'

မောင်စိန်က စကားကို ဆက်၍ မလျှောက်ဘဲ ရပ်ထားလိုက်သည်။ ဒီအခါ ဆရာတော်ကြီးက မောင်စိန် မေးချင်သည့် အကြောင်းကို သိသည့်သဘောဖြင့် မောင်စိန်အား ခပ်ပြုံးပြုံးဖြင့် ပြန်၍ မိန့်လိုက်သည်။

'အေးလေ... မင်းပဲ ရထားနဲ့ ကြွမှာလား၊ ကားနဲ့ ကြွမှာလား မေးပြီးတော့ အဲဒါကြောင့် ကြွလာရတာကွ'

ထိုအခါမှ မောင်စိန်လည်း ဆရာတော် ကြွလာသည့် အကြောင်းရင်းကို သိရကာ **ဝိဇ္ဇာဓာတ်ကို မသိဘဲ မေးမိသည့်** မိမိပါးစပ်အား နောင်တရမိလေသည်။

ထို့နောက် ဆရာတော်နှင့် မောင်စိန် ဘုန်းကြီးကျောင်းသို့ ပြန်ရောက်ပြီး ဘုန်းကြီးကျောင်းက တပည့်များ မေးကြသည်ကို ဖြေရလေသည်။

ဝိဇ္ဇာဓာတ်ကို မောင်စိန် အတိအကျ မသိသော်လည်း မိမိစကားကြောင့် ဆရာတော်နှင့် သူ ရန်ကုန်သွားရသည့် အကြောင်းအား ဆရာတော်တပည့်များအား မမောနိုင် မပန်းနိုင် ပြောပြနေရသည်ကိုပင် ကျေနပ်ပီတိဖြစ်လျက် ရှိပါသည်။

**တစ်ခါတစ်ရံမှာ သာမန်လူတို့ အသိဉာဏ်ဖြင့် လိုက်၍မမီသော ပုဂ္ဂိုလ်ထူးများ၊ ထူးခြားဆန်းသော အဖြစ်များသည် အလွန်ပင် ထန်းကြယ်လှပေသည်။**

အကြောင်းအရာများလည်း မရိုးနိုင်အောင် ရှိနေရာ စာဖတ်သူများ အတွက် အမှန်တကယ် ရှိခဲ့သော အဖြစ်အပျက်များအား ဗဟုသုတရရန် တင်ပြပေးခြင်း ဖြစ်ပါသည်။

**ဘယ်လို ပုဂ္ဂိုလ်ထူးမျိုးနှင့် ဖြစ်ဖြစ် ကြုံတွေ့ခဲ့သည်ရှိသော် စကားကို ဆင်ခြင်စွာပြောရန် လိုအပ်ပေသည်။**

**တိမ်လွှာမိုး(ရန်ကုန်)**



www.burmeseclassic.com

နက္ခတ္တရောင်ခြည် မဂ္ဂဇင်း (၃၃) နှစ်ပြည့် အမှတ်တရ အထူးထုတ်

# ဆီးချိုသွေးချို

## ဝေဒနာရှင်များအတွက် ဆေးနည်းကောင်း

ဦးကိုကိုကြီး (စစ်ဆေးရေး)
က.စ.စ(၁၂)၊ ထုံးဘို



**(၁-၁-၂၀၁၉)နေ့** နံနက်စောစောတွင် စာရေးသူ ခြံပေါက်ဝ တံခါးကြီးဆီမှ ''ဘဘကြီး...ဘဘကြီး''ဟု စာရေးသူအား ကလေးငယ်တစ်ယောက်၏ လှမ်းအော်ခေါ်သံ ကြားလိုက်ရပါသည်။

ထိုအသံကြားရ၍ စာရေးသူလည်း စိပ်လက်စ ပုတီးအား ဘုရားစင်တွင် ခဏ ပြန်၍ထားလိုက်ရပါသည်။

ပြီးနောက် ခြံစည်းရိုးတံခါးကြီးဆီသို့ အိမ်ပေါ်မှ ထွက်၍ သွားပါလေ၏။ အိမ်ရှေ့ ခြံစည်းရိုးတံခါးကြီး အပေါက်ဝတွင်မှာတော့ မျိုးဝေ၏သား အသက်(၁၀)နှစ်အရွယ်ရှိ မောင်မြတ်သူအား တွေ့ရှိလိုက်ရပါ၏။

သို့ဖြင့် စာရေးသူမှ...

'ဟဲ့... မောင်မြတ်သူ စောစောစီးစီးပါလားကွယ်။ ဘာကိစ္စလဲကွယ့်'

ဟု စာရေးသူမှ ပြောပြောဆိုဆိုဖြင့် ခြံတံခါးမကြီးအား ဖွင့်ပေးလိုက်ပါသည်။

မောင်မြတ်သူသည် မျက်နှာငယ်ငယ်ဖြင့် အိမ်ခြံထဲသို့ ဝင်လာရင်း အိမ်ပေါ်သို့ အရောက်တွင်...

'အဖေက ခိုင်းလိုက်လို့ပါ။ အိမ်မှာ ထမင်းချက်စရာ ဆန်မရှိလို့ ဆန်(၁)ပြည်လောက် ချေးခိုင်းလိုက်လို့ သား လာခဲ့တာပါ'

ဟု ဆိုပါသည်။

မောင်မြတ်သူ ဆိုသူမှာ စာရေးသူတို့အိမ်တွင် လက်တိုလက်တောင်း ခိုင်းနေရသော မျိုးဝေဆိုသူ၏ သားကြီး ဖြစ်သည်။

မျိုးဝေ ဆိုသူသည် သားသမီး(၃)ယောက်ရှိပြီး ကြုံရာကျပန်း အလုပ်ကို ရရစားစား လုပ်စားနေရသူ ဖြစ်ပါသည်။ ဆီးချိုသွေးချိုဝေဒနာရှင်လည်း ဖြစ်ပါ၏။

သို့ဖြင့် စာရေးသူမှ...

'ချစ်ညိုရေ... မျိုးဝေသား ဆန်ချေးလာတယ်ဟေ့။ (၁)ပြည် မဟုတ်ပါဘူးကွာ၊ (၂)ပြည် ပေးလိုက်ပါ။ ကဲ...သား မောင်မြတ်သူ မင်းအဖေကိုပြောလိုက် ဆန်ကို ပြန်ဆပ်စရာမလိုဘူး၊ ဘဘကြီးက အလကားပေးလိုက်တယ်လို့ပြော။ ဒါနဲ့ မင်းအဖေက သူကိုယ်တိုင် မလာဘဲသားကို ဘာဖြစ်လို့ လွှတ်လိုက်ရတာလဲ'

ဟု မေးလိုက်ရာ မောင်မြတ်သူမှ...

'အဖေ အလုပ် သွားပြီးမလုပ်နိုင်တာ (၅)ရက်ရှိသွားပြီ။ လမ်းမလျှောက်နိုင်လို့'



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပါလေသည်။

'ဟုတ်လား... ဟေ... အေး... အေး... ညနေကျမှ ဘဘကြီး မင်းအဖေဆီကို လာခဲ့မယ်။ ပြောလိုက်ကြားလား'

ဟု ပြောရင်း ချစ်ညိုထုတ်ပေးသော ဆန်(၂)ပြည့် အိတ်လေးအား မောင်မြတ်သူကို ပေးလိုက်ပါလေသည်။

* * *

ညနေဘက် မျိုးဝေတို့အိမ်သို့ စာရေးသူ ရောက်သွားပါလေသည်။

ရောက်သည်နှင့် မျိုးဝေ၏ ခြေခုံကိုကြည့်ရာ လက်ဖက်ရည်အကြမ်းပန်းကန်လုံး မျက်နှာဝခန့်ရှိ အနာကြီးကို ပြည်တစိုစိုနှင့် တွေ့ရပါလေသည်။

မျိုးဝေသည် ငွေကြေးကလည်း မရှိသဖြင့် ဆေးရုံဆေးခန်းကိုလည်း မသွားနိုင် ဖြစ်ရပါသည်။

သို့ဖြစ်၍ စာရေးသူမှာလည်း မျိုးဝေ၏ အနာကို ကုသပေးရန် ဆေးနည်းအား မိမိစိတ်ထဲမှာ ဖြစ်ပေါ်လာပါ၏။

စာရေးသူ၏ ဆေးနည်းသည် ရိုးရိုးအနာကိုတော့ ပျောက်ကင်းတာ မှန်ပါသည်။ သို့သော်လည်း ဆီးချိုသွေးချိုရှိနေသောသူအား မိမိ ကုသပေးလိုက်၍ အမှန်တကယ် မပျောက်ခဲ့လျှင် စာရေးသူအပေါ်တွင် အပြစ်ဖြစ်မှာလည်း စာရေးသူ စိုးရိမ်မိသည်မှာ အမှန်ဖြစ်ပါသည်။

စာရေးသူ သိထားသည်မှာ ဆီးချိုသွေးချို ရှိသူသည် အနာဖြစ်ပါက ပျောက်ရန် ခဲယဉ်းလှသည်။ နောက်ဆုံးအဆင့် မပျောက်ခဲ့လျှင် ခြေထောက်တောင် ဖြတ်တောက်ပစ်ရတာမျိုး ရှိပေသည်။

သို့ဖြစ်၍ နောက်ဆုံး စာရေးသူ ရဲရဲကြီးဆုံးဖြတ်လိုက်ပါသည်။ ကိုယ်ကိုယ်တိုင် ကုသ၍ မပျောက်ခဲ့ပါလျှင် ဆေးရုံဆေးခန်းသို့ ကိုယ်ကိုယ်တိုင် ငွေကုန်ကြေးကျခံပြီး တင်ပေးမည်ဟု ဆုံးဖြတ်၍ ဆေးစတင် စာရေးသူ ကုသပေးလိုက်ပါလေသည်။

သို့ဖြင့် စာရေးသူ စတင်ကုသပေးရာ တစ်လပြည့်သည်နှင့် မျိုးဝေ၏ အနာ လုံးဝ ပျောက်သွားပါသည်။ မယုံမရှိပါလေနှင့်။

ကုသသည့် ဆေးနည်း

- ဗမာကုက္ကို(သို့မဟုတ်)အညာကုက္ကို ဟုခေါ်သော တို့စား,သုပ်စားရ၍ရသော ကုက္ကိုရွက် အရွက်ရင့်ရင့် လက်တစ်ဆုပ်ကို သနပ်ခါးလိမ်းသော ကျောက်ပျဉ်၏ ကျောဘက်တွင် ကျောက်ခဲကြီးကြီးဖြင့် ညက်နေအောင် ထောင်းပါ။
- ထောင်းပြီး ညှစ်၍ အရည်ရလောက်ပြီဆိုသည်နှင့် အနာမျက်နှာဝအား ရေကျက်အေးဖြင့် သန့်ရှင်းရေး လုပ်ပါ။
- အနာသန့်ရှင်းသွားပြီဆိုသည်နှင့် အနာမှ ရေကို အခြောက်ခံကာ ညက်အောင် ထောင်းထားသော ကုက္ကိုရွက်ကို လက်နှင့်ယူကာ အရည်ပျစ်ပျစ်တွေကို အနာ၏ မျက်နှာပြင်တစ်ခုလုံးပေါ်သို့ အနာဖုံးသွားအောင် ညှစ်ချလိုက်ပါ။
- ပြီးပါက အနာမျက်နှာပြင်ပေါ်ရှိသည့် ကုက္ကိုရွက်အရည်များခြောက်သွားအောင် ယပ်တောင်လေးနှင့် ဖြည်းဖြည်း ယပ်ခတ်ပေးပါ။
- အထက်ပါ ပုံစံအတိုင်း အနာကို နံနက်(၁)ကြိမ်၊ ညနေ(၁)ကြိမ် နေ့စဉ် လိမ်းပေးပါ။
- ကုက္ကိုရွက်အရည်ကိုလည်း ဟင်းရည်သောက် စတီးငွန်းနှင့် နံနက်(၁)ကြိမ် ည(၁)ကြိမ် သောက်ပေးရပါမည်။

အနာကို ကုသနေစဉ်မှာတော့ အငန်,အချို,အဆိမ့်နှင့် အဆီပါသည့် အစားအစာများကိုတော့ **လွန်ကဲစွာစားသောက်ခြင်းမှ** ရှောင်ကြဉ်ရပါမည်။ **(လုံးဝမစားဘဲနေနိုင်ရင် အနာမြန်မြန် ပျောက်လွယ်ပါသည်။)**

ထိုကဲ့သို့ ကုသပါက ဆီးချိုသွေးချို ဝေဒနာရှင်များအားငယ်စရာ မလိုသလို အနာမပျောက်၍ စိတ်ညစ်နေကြရသူများ စာရေးသူ ယခု ရေးသားတင်ပြသည့် ဤဆေးနည်းသည် တကယ့်ကို လက်တွေ့ကျကျ ပျောက်ကင်းပါသည်။

သို့ဖြစ်၍ မိမိမှာ အနာဖြစ်၍ အသုံးပြုကြည့်ပါက တကယ့်ကို ကိုယ်တွေ့ အနာပျောက်ကင်းပါကြောင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် စာဖတ်ပရိသတ်များထံသို့ မေတ္တာစေတနာ အပြည့်ဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

***ဆီးချိုသွေးချို ဝေဒနာရှင်များ ကျန်းမာကြပါစေ။***

**ဦးကိုကိုကြီး(*စစ်ဆေးရေး*) က.စ.စ(၁၂)၊ ထုံးဘို**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

တိုင်းရင်းဆေးဝါးမှတ်ပုံတင် **0412 YR 004687**
လိုင်စင် ၇/၂၀၀၈ တဆထလ (တိုင်း)-၁၃၁၂




အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆထက (တနယ်ဇင်၊) ၁၃၀/၀၁၁၀၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ၊ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်၊ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ၊ ကျန်းမာရေးရှုဒေါင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်မှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား၊ လူသားတိုင်း ကျန်းမာဖို့ ခေတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်း လေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ အသွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်၊

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယုတုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း၊ ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့, ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ဖိုးရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ဖိုးပေးနေပါပြီ။

**ပင်ရင်း - မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-၈၂/၃၅၆၊ ပေတာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၁၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)



www.burmeseclassic.com

www.burmeseclassic.com



ထက်မြင့်ကျော်စွာ

■ ရွှေကြက်ယက်စေတီနှင့် မြောက်ဘက်စောင်းတန်း

# ကြက်မင်းငါးဆူ အာဝိဋ္ဌာန်ယူ

ပူဇော်မှုခရီးစဉ် [အပိုင်း-၁]

ကြက်မင်းငါးဆူ အာဓိဋ္ဌာန်ယူ

ပူဇော်မှုခရီးစဉ်

ဘုရားလောင်း ကြက်မင်းဘဝ ကျင်လည်ခဲ့ရာ နေရာဒေသများစွာ တည်ရှိခဲ့သည်။ ဘုရားလောင်း ကြက်မင်း၏ တရားကို နာလိုသော ချင်ခြင်းတပ်သည့် မိဖုရားခေါင်ကြီး အလိုအရ ဗြဟ္မဒတ်မင်းက မုဆိုး ကျော်တို့အား စေလွှတ် အမိဖမ်းစေရာ ဘုရားလောင်း ကြက်မင်းလည်း ကြင်ဖော်နှင့်အတူ မဇ္ဈိမဒေသကို စွန့်ခွာပြီး ဟိမဝန္တာတောစပ်မှ မြန်မာနိုင်ငံအတွင်းသို့ ချင်းနင်းဝင်ရောက်ခဲ့သည်။

ကြက်မောင်နှံသည် ကြက်တန်းခင်အရပ်တွင် ပထမ တစ်ထောက်နားသည်။ **[ယင်းသည် ဗန်းမော်မြို့နှင့် (၆)မိုင်ကွာ ရောဝတီ နောက်ဘက်ကမ်း၌ရှိ၍ တောင်စွယ်ထက်တွင် ကိုးတောင်ပြည့်စေတီငယ်နှင့် အနီးဝန်းကျင်၌ ကြက်ချေးစု သဏ္ဌာန် ကျောက်တုံးငယ်ကလေးများ စုပြုနေသည်ကို ၂၀၀၆ ခုနှစ်၊ ရွှေမဥ္ဇူစေတီ ပူဇော်မှု စာပေခရီးတွင် ကိုယ်တိုင် မြင်တွေ့ခဲ့ရသည်။]**

ထိုမှ အဆင့်ဆင့် တစ်ထောင့်တစ်နား ကွန်းခိုနားနေခဲ့ရာ များစွာကို ဒေသခံစေတီ ပုထိုးများ သမိုင်းအရ တွေ့မြင်ခဲ့ရသည်။ အလွန်ကျယ်ပြန့်လှသည်။

ထို့ကြောင့် မယုတ်မလွန် အနေဖြင့် အင်းဝမြို့တည် ဗျာဒိတ်စကား



www.burmeseclassic.com



▲ နရပတိစည်သူကောင်းမှုကုန်းတော်မှ မှုမြော်ရသော ရွှေကြက်ယက်စေတီ အပြန်(၆)ပါးတွင် လွတ်ကင်းရာမှ မှုတွေ့ရစဉ်



အတိုင်း ဘုရားလောင်း ကြက်မင်းဘဝကို…

'စစ်ကိုင်း ခိုတောင်ရှာ ရွှေကြက်အိပ်စေတီမှ စတင်ကာ ရွှေကြက်ယက်တိုင်အောင် စေတီငါးဆူကို ပူဇော်တင်ပြပါက ဌာန တစ်ခုနှင့်တစ်ခု ကမ်းမီလမ်းမီ ဖြစ်၍ ရွှေကြက်ယက်စေတီသမိုင်း ပြည့်စုံလုံလောက်နိုင်လေသည်'

ဟု စာရေးဆရာ ရွှေကိုင်းသား ကလောင်အမည်ခံ ဆရာတော်က စစ်ကိုင်း သာသနာဝင်ကျမ်းတွင်လည်းကောင်း၊ ရွှေကြက်ယက်, ရွှေကြက်ကျ ဘုရားသမိုင်းတွင်လည်းကောင်း အကြံပြုရေးသားတော်မူခဲ့သည်ဖြစ်ရာ ကြက်မင်းငါးဆူ ကိန်းဝပ်တော်မူရာ ဌာနများကိုသာ လေ့လာပူဇော် တင်ပြအပ်ပါသည်။

ကြက်မင်းငါးဆူ စေတီတော်များ

၁။ ရွှေကြက်အိပ်စေတီ၊
၂။ ရွှေကြက်ထောင့်စေတီ၊
၃။ ရွှေကြက်တောင်စေတီ၊
၄။ ရွှေကြက်ကျစေတီ၊
၅။ ရွှေကြက်ယက်စေတီ

ဤစေတီငါးဆူကို အဓိဋ္ဌာန်ပြုပူဇော်သောအခါ **ရွှေကြက်ယက်စေတီမှ အစပြုကာ ရွှေကြက်အိပ်၊ ရွှေကြက်ထောင့်၊ ရွှေကြက်တောင်နှင့် ရွှေကြက်ကျစေတီ**တို့အား ဆက်လက် ပူဇော်ပြီးနောက် **ရွှေကြက်ယက် စေတီတော်အား ဒုတိယအကြိမ် နိဂုံးပူဇာအနေဖြင့် ဝင်ရောက်ပူဇော်ရသည်ဟု** သိမှတ်ရသည်။ အကြောင်းသော်ကား…

အသက်ဘေးမှ ထွက်ပြေးခဲ့ရသော ကြက်မင်းမောင်နှံသည် ယခု စစ်ကိုင်းမြို့မြောက်ဘက် ခိုထောင်ချောင်းပေါက်သို့ ရောက်သောအခါ ဘေးရန်ကင်း ရှင်းစပြုပြီဖြစ်၍ တစ်ညတာ နားခိုအိပ်စက်သည်။

F.5B. July, 2019.





www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com







◆ နရပတိစည်သူဘုရား

မြောက်ဘက်မုခ်တွင်းမှ

ရွှေကြက်ယက်ရုပ်ပွားတော် ◆

ထိုမှ တောင်ဘက်သို့ ဆက်၍ သွားကာ ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် အစဉ်အမြဲ ကျက်စားနိုင်ထိုင်နိုင်မည့်နေရာကို ထောက်လှမ်းရှာဖွေပြီးနောက် ရောဝတီတစ်ဖက်ကမ်းရှိ ဘေးကင်းရာ နေရာမှန်ကို တွေ့ရှိခဲ့သည်။

ထိုသို့ တွေ့ရှိရာ ရောဝတီမြစ်အနောက်ဘက်ကမ်းခြေ ကုန်းထိပ်မှ တောင်ပံဖြန့်ကာ ပျံဝဲရာ တစ်ဖက်ကမ်းရှိ နဂါးရာဇ်တောင်ပေါ်သို့ သက်ဆင်းကျရောက်သည်။ ထိုမှ တောင်ဘက်ရှိ မန္တာဂီရိတောင်သို့ ပျံသန်းကာ ကျက်စားနေထိုင်ခဲ့လေသည်။

အလောင်းတော် ကြက်မင်းဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် ကျင်လည် ကျက်စားခွင့်ရသော နေရာ၊ မန္တာဂီရိခေါ် ရွှေကြက်ယက်တောင်စေတီတွင် စတင် အဓိဋ္ဌာန်ပြုပူဇော်ခြင်းဖြင့် ဘေးကင်းရန်အောင် နိမိတ်ကောင်းဆောင်သည့် အစ၏ကောင်းခြင်းနှင့် ပြည့်စုံစေလိုသောကြောင့် ဖြစ်သည်။

၎င်းတောင်ထက်တွင် သက်ထက်ဆုံး ဘေးရန်ကင်းစွာ ကျက်စားနေထိုင်နိုင်ခဲ့သည် ဖြစ်သောကြောင့်လည်း ကြက်မင်းငါးဆူစေတီများပူဇော်မှု ပြီးဆုံးသောအခါ နိဂုံးပူဇာအဖြစ် ထပ်မံပူဇော်ခြင်းဖြင့် အဆုံး၏ကောင်းခြင်းနှင့်လည်း ပြည့်စုံစေရန် ရည်ညွှန်းခြင်း ဖြစ်သည်။

ကြက်မင်း(၅)ဆူစေတီများ ဖြစ်ကြ၍ ဂြိုဟ်သချ်ာအရ **ကြက်** တနင်္လာနံ(၅)ခုရှိရာ **ဂြိုဟ်သက်အရ ၁၅×၅=၇၅** ရသည်။ ရွှေကြက်ယက်စေတီတစ်ဆူကို အစအဆုံးနှစ်ကြိမ် (တစ်ကြိမ်ပို၍) ပူဇော်သည် ဖြစ်ရာ ကြက်မင်း(၆)ဆူ ပူဇော်ရ



www.burmeseclassic.com

www.burmeseclassic.com





ရွှေကြက်ယက်စေတီ မြောက်ဘက်မုခ် ဆောင်တန်း

သည်။ ထို့ကြောင့် ၁၅×၆ = ၉၀ = နဝင်းကျေ ပူဇော်စေခြင်းလည်း မည်ပေသည်။

သို့နှင့် ကြက်မင်းငါးဆူ ပူဇော်မှုအတွက် ဆိုင်ကယ်သမားမောင်သန်းကိုအား ခေါ်ယူကာ မဆိုင်းမတွပင် စတင် ပူဇော်ဖြစ်သည်။

## ရွှေကြက်ယက်စေတီ

နိဒါန်း

ရွှေကြက်ယက်စေတီ ကုန်းတော်ခြေရင်းသို့ ရောက်သောအခါ သဲသဲမဲမဲ ရွာသွန်းခဲ့သည့် မိုးကြီးစဲကာစကာလဖြစ်ရာ စောင်းတန်းလှေကားများဆီမှ ရေတံခွန်သွယ်ဖြာကျသကဲ့သို့ ရေများ တဝေါဝေါ စီးဆင်းနေသည်ကို တွေ့ရသည်။

ကုန်းတော်အခြေ မြေပြင်မှာ ရေများ ဖုံးလွှမ်းလျက် ဆိုင်ကယ်ထားစရာအတွက် အခက်ကြုံရသည်။ သို့ဖြင့် ရေလွတ်ရာ ကုန်းမြင့်ရှိ ကွမ်းယာဆိုင်တစ်ခုသို့ ချဉ်းကပ်ကာ ကွမ်းယာအနည်းငယ် ဝယ်ယူမိတ်ဖွဲ့လျက် ဆိုင်ကယ် အပ်နှံရသည်။

ဆိုင်ကလေးအတွင်း ခုံတန်းငယ်၌ အဘိုးအိုတစ်ဦး မိုးခိုနေသည်ကိုလည်း တွေ့ရသည်။ ကလေးငယ်များက ကျွေပြားခင်းထားသည့် စောင်းတန်းခြေတစ်လျှောက် စီးဆင်းနေသည့် ရေများအကြား ရေလွှာလျှော စီးနေကြလေသည်။

'မိုးသည်းရွာရင် ဒီလိုပဲလား မိန်းကလေး'

'ဟုတ်တယ်။ မိုးသည်းလေ့ မရှိတော့ စောင်းတန်းဘေး ရေမြောင်းလုပ်မထားဘူး။ တစ်ခါတစ်ရံမှ မိုးများများ ရွာရင် စောင်းတန်းတွေက ရေတံခွန်လို ကျတတ်ပါတယ်'

'ဟန်ကျတာပဲ့။ ဒီက ကလေးတွေ ရန်ကုန် သွားစရာမလိုဘဲ ရေလွှာလျှော စီးလို့ရတယ်'

'လူလေးတို့က ဘုရားဖူးမှာလား'

ဆိုင်ကယ်အပ်ကာ ကွမ်းယာ ယူ၍ ပြန်ထွက်ခါနီးတွင် အဘိုးအိုက လှမ်းမေးလိုက်ခြင်း ဖြစ်သည်။

'ဩော်…ဟုတ်ပါတယ် အဘိုး'

'ကြည့်ရတာ ခရီးသွားဟန်လွှဲ ဘုရားဖူး ဟုတ်ဟန်မတူဘူး။ အကြောင်းတစ်ခုခု ရှိလိမ့်မယ် ထင်တယ်'

'ဟုတ်ကဲ့၊ကြက်မင်းငါးဆူ ဖူးမြော်ပြီး ဆောင်းပါး ရေးသားပူဇော်မလို့



www.burmeseclassic.com

www.burmeseclassic.com





အာရုံခံတွင်းမြင်ကွင်း၊

ပါ'

'ကရဏီယအောက် ၀,လေးထောက် ဆိုတာ ကြားဖူးသလား'

'လူကြီးသူမတွေ ပြောတာတော့ ကြားဖူးပါတယ်။ အဂ္ဂိရတ်အတွက် မဟုတ်လား အဘိုး'

'အားလုံးရတယ်။ ဆေးလဲ ဒါပဲ ဓာတ်လဲ ဒါပဲ၊ လုပ်ရတ်လဲ ဒါပဲ။ လိုရာဆေး ဖော်သုံးလို့ ရတယ်။ အခု... လူလေးတို့ ကြက်မင်းငါးဆူ ပူဇော်မှုအတွက်လဲ လမ်းညွှန်ပဲပေါ့'

အဘိုးအို၏ စကားကြောင့် စေ့စေ့စပ်စပ် ကြည့်မိသည်။ ခေါင်းပေါင်း ပ၀ါ၊ ပုဆိုး၊ လည်ကတုံးအင်္ကျီတို့မှာ သာမန် မြန်မာအဘိုးအိုတစ်ဦး၏ ဝတ်စားဆင်ယင်ပုံမျိုး ဖြစ်သည်။

သေချာစွာ ကြည့်မိမှ မူလ ထင်ထားသည်ထက် ပို၍ ရင့်ကျက်အိုမင်းသည်ဟု ခံစားသိရှိရသည်။

အသက်ကြီးသော်လည်း ခွန်အား ပြည့်ဝ၍ အရပ်အမောင်း ကောင်းလှသော အားကောင်းမောင်းသန် ရှေးလူကြီးတစ်ဦးဖြစ်သည်။ အသား အရေမှာ စိုပြည်လှသည်။

'မှတ်သားပါရစေ အဘိုး'

'ဒါက မေတ္တသုတ်ထဲက **"ကရဏီရမတ္ထကုသလေန"**ဆို မဟုတ်လား။ အဲဒီက ဆက်ပြီး တွေ့ရတဲ့ ၀,တွေကိုပြောတာ မဟုတ်ဘူး။ ကရဏီယကို ပိဋကတ်သင်္ချာ ကောက်ရင် **(၁+၂+၅+၁)**ပေါင်းရင် **(၉)** ရတယ်။ နဝင်းဆောင်ခိုင်းတာ။

၀,လေးထောက်ဆိုတာ မေတ္တသုတ်ထဲက ၀,ကို မယူရဘူး။ ၀,ဆိုသည် စနေ၊ ပါပဂြိုဟ်ကိုပြောတာ စနေကို ပါပဂြိုဟ်တွေဖြစ်တဲ့ ပါပလေးလုံးကို ဆိုလိုတယ်။

ကြက်မင်းငါးဆူမှာဆိုရင် အဆုံးနံကိုကြည့်၊ **ရွှေကြက်ယက်**=ရာဟုဂြိုဟ်၊ **ရွှေကြက်အိပ်**=တနင်္ဂနွေဂြိုဟ်၊ **ရွှေကြက်ထောက်**=စနေဂြိုဟ်၊ **ရွှေကြက်တောင်**=စနေဂြိုဟ် ပါပဂြိုဟ်နံစေတီလေးဆူ ရှိတယ်။ အဲဒီ ပါပလေးဆူ ပူဇော်ပြီးရင် ဘာဖြစ်မတုံး'

'ဟုတ်ကဲ့ ပြောပြပါ အဘိုး'

'အပြည့်အစုံ ပြောရရင် **"ကရဏီယအောက်၊ ၀,လေးထောက်၊ ပုဂံရှင်ကြီး ထီးနဲ့ပျောက်"**တဲ့။ ဒီစေတီလေးဆူ ပူဇော်ရင် **ရွှေကြက်ကျစေတီ၊ နောက်ဆုံး ရွှေကြက်ယက်စေတီမှာ နိဂုံးချုပ် တစ်ကြိမ်ထပ်ပြီး ပူဇော်လေ့** ရှိကြတယ်'

'ဟုတ်ပါတယ် အဘိုး၊ ဒီတစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



က စဦး ပူဇော်မှုပါ'

'အေး... ဝ,လေးထောက်လို့ လေးဆူ ပူဇော်ပြီး ဒီနှစ်ဆူကို ဆက်လက် ပူဇော်တဲ့အခါ (ပုဂံ)တဲ့၊ ဂမ္ဘေ ပထဝီမိတ်အကျိုး၊ တည်တံ့ခိုင်မြဲစေတဲ့ အောင်မြင်ပြည့်စုံခြင်းကို ရစေတယ်။

**''ရှင်ကြီး''**ဆိုတာ ကြီးမြတ်တဲ့ ကုသိုလ်အကျိုး ရည်မှန်းပြီး ဝါယမ စိုက်ထုတ်တဲ့ ကာယကံရှင်ကို ညွှန်းတယ်။ **''ထီးနဲ့ပျောက်''** ဆိုတာက အောင်မြင်ပြည့်စုံတာကို ပြောပါတယ်။ ထီးမပါတော့ နေပူမိုးရွာ အခက်မတွေ့ပေဘူးလား'

'ကျေးဇူးကြီးလှပါတယ် အဘိုး၊ ကုန်းတော်ပေါ်မှာ ထူးခြားတာတွေ ရှိရင်လဲ ပြောပြပါဦး'

'သွားသာ သွားပါ။ ကုန်းတော်ပေါ်ရောက်တော့ တွေ့ပါလိမ့်မယ်'

## ကုန်းတော်ခါးဝယ်

ရွှေကြက်ယက်စေတီ၏ အဓိကအတက် စောင်းတန်းဖြစ်သော မြောက်မုခ်စောင်းတန်းမှ တက်ရောက်သွားသောအခါ ဆော့ကစားနေကြသည့် ကလေးငယ်များက လက်ရန်းတန်းများကို ခို၍ ဘေးဖယ်ပေးကြသည်။

မိုးစဲသွားသော်လည်း ဖွဲဖွဲရွာနေသေးသဖြင့် ဘုရားဖူး တစ်ဦးတလေမျှ မတွေ့ရပေ။ ကုန်းတော်ထက် အာရုံခံတန်ဆောင်းအတွင်း ဝင်ရောက်သွားသည့်အခါ မိုးရွာသဖြင့် သောင်တင်နေဟန်တူသော ဘုရားဖူး မိန်းမငယ်တစ်ဦးနှင့် ဂေါပကလူကြီးနှစ်ဦးတို့ကို မြင်တွေ့ရသည်။



▲ အောက်ခြေမှ မြင်ရသော
ကျောက်စာတိုက်
ရွှေကြက်ယက်
တောင်စောင်းဘိုးဘိုး ▶



ဂေါပကလူကြီးထံမှ ဘုရားသမိုင်း စာအုပ်တစ်အုပ် ဝယ်ယူပူဇော်ပြီး နောက်စေတီ မုခ်လိုဏ်အတွင်း ဝင်ကာ တင်ပျဉ်ခွေ ရုပ်ပွားတော်ကြီးအား ဦးချကန်တော့သည်။

ထို့နောက် ဝန်ချ တောင်းပန်ခြင်း သီလခံယူခြင်း၊ ကမ္မဋ္ဌာန်း တောင်းခြင်း စသည့် ပုဗ္ဗကိစ္စများ ပြုလုပ်ပြီး ပဋ္ဌာန်းဂုဏ်တော်ကွန်ချာ ပူဇော်ခြင်းဖြင့် ဘာဝနာကုသိုလ် ပြုခဲ့သည်။

ကမ္မဋ္ဌာန်းသိမ်းသော် မိဘနှစ်ပါးအမှူးထား၍ အလုပ်ရှင်၊ ထမင်းရှင်၊ မိသားစုဝင်များနှင့် ဝေနေယျအားလုံးအား ကုသိုလ် အမျှပေးဝေကာ အာရုံခံတန်ဆောင်းသို့ ပြန်ထွက်ခဲ့သည်။

တန်ဆောင်းအတွင်း ဂေါပကအဖွဲ့အနီးရှိ ခုံတန်းပေါ်ထိုင်ကာ ဒါနပြု ပူဇော်ခဲ့သည့် ဘုရားသမိုင်းအကျဉ်းကို ကြည့်ညိုသည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com



ပျိုးမေတို့အတွက်

# သူယောင်ဂမုန်း

ပုံတွင်ဖော်ပြထားသည့် တစ်တောင်ကျော်ကျော် မြင့်တက်နေသော အပင်မှာ နတ်မောက်မြို့၊ မြို့မကွက်သစ် ရပ်ကွက်ရှိ စစ်ပြန်စစ်မှုထမ်းဟောင်း ဦးစောလွင်၏ နေအိမ်တွင် သေချာသန့်ပြန့်စွာ စိုက်ပျိုးထားသော **''သူယောင်ဂမုန်း''**ဖြစ်ပါသည်။

(စာရေးသူ မြင်ဖူးသော သူယောင်ဂမုန်းနှင့် ပုံသဏ္ဍာန် ကွဲပြားပါသည်။ ဆက်လက်လေ့လာတင်ပြပါဦးမည်။)

ဖော်ပြပါ သူယောင်ဂမုန်းကို လွန်ခဲ့သော (၇)နှစ်ခန့်ကပင် ပုပ္ပါးနယ်သို့ ဦးစောလွင် အဓိဋ္ဌာန်ပုတီး သွားရောက် စိပ်ရာမှ ရရှိစိုက်ပျိုးထားခြင်းဖြစ်သည်။

**အမွှေးတိုင် ထွန်းညှိပူဇော်ပေးရသည်။ တစ်နှစ်တစ်ခါ အပင်ကျပြီး ဥ,ရရှိသည်။**

သူယောင်ဂမုန်း၏ အသုံးဝင်ပုံကို လေ့လာမေးမြန်းသောအခါ ဦးစောလွင်က အောက်ပါအတိုင်း ပြောပြပါသည်။

'သူယောင်ဂမုန်းကို လောကီပညာနယ်မှာ အမျိုးမျိုး သုံးစွဲလို့ ရပါတယ်။ သုံးသူက ဉာဏ်ရှိရင်ရှိသလို၊ ဉာဏ်ကျယ်ရင် ကျယ်သလို သုံးစွဲနိုင်ပါတယ်။ ပညာရပ်နယ်ပယ် ကျယ်ဝန်းပါတယ် ဗျာ။

အလွယ်ဆုံး လက်တွေ့ အသုံးပြုတာကတော့ သူယောင်ဂမုန်းဥကို အမျိုးသမီးပျိုမေတွေ သနပ်ခါးလိမ်းရင် ထည့်ပေးပြီး လိမ်းပေးရတယ်။

မျက်နှာမှာ ဖြစ်တတ်တဲ့ ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်တွေ ပျောက်ကင်းတယ်။ မျက်နှာဟာ ဖြူစင်ဝင်းမွတ်ပြီး သူယောင်မယ်လေးတွေလို နတ်သမီးတမျှ လှပစေတယ်ဆိုတာပါပဲဗျာ'



ထူးဆန်းသော သူယောင်ဂမုန်း

သူယောင်ဂမုန်းနှင့်ပတ်သက်သော ရသမျှ ဗဟုသုတကို တင်ပြ ရေးသားလိုက်ရပါတယ်။

**နတ်မောက် မီးတောက်**



www.burmeseclassic.com

www.burmeseclassic.com


ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီ ဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး(နီ၊ဝါ၊လွန်၊နည်း၊များ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊အောင့်)
ဆီးပူညောင်းကျ၊ဆီးကြောင့် မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ဇက်ကြော
တက်၊အသည်းရောင်အသားဝါ
ရောဂါများအတွက်သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 013991(1220)

Diseases to be applied

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 013991(1220)

Source-741, Dana Theikdi street, Ward 8, Mayangone Township, Yangon, Myanmar,
Ph: 095140389/09420007085

ပင်ရင်း-ကိန္နရီ အမှတ်တံဆိပ်၊ကန္တရဝတီဆေးတိုက်၊အမှတ်-၇၄၁၊ဓနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁၄၀၃၈၉ ၊ ၀၉ ၄၂၀၀၀၇၀၈၅




www.burmeseclassic.com

www.burmeseclassic.com





ဦးစန်းမောင်
(မြန်မာ့စိုက်ပျိုး-ငြိမ်း)

# မနောမယဆရာတော်ကြီးပေါ်

## ထူးဆန်းတဲ့ တရားရှုကွက်နှင့် ဦးညီတွေ့ခဲ့တဲ့ အဘဘိုးမင်းခေါင်

ရှေးဖြစ်ဟောင်း အောင်းမေ့ဖွယ်ဆိုတာ အမှန်ပါ။

စာရေးသူတို့ သက်ကြီးရွယ်အိုများဟာ အတိတ်ကို တွေးတတ်ကြတယ်။ ကိုယ်တွေ့ကြုံခဲ့တာလေးတွေကို ခေတ်လူငယ်တွေ ပြန်ပြောချင်ကြတယ်။

ဘဝတစ်လျှောက် တွေ့ကြုံခဲ့တာတွေ အများကြီး။ လူ့ဘဝဆိုတာ အနှစ်(၁၀၀)အတွင်းမှာ အားလုံး သေကြရမှာ ဓမ္မတာပဲ။ ကိုယ်တင်ပြခဲ့တဲ့အရာထဲက တစ်စုံတစ်ခု အမြတ်ရသွားရင် ကုသိုလ်လို့ မှတ်ယူပါတယ်။

သီတင်းနေ့မှာ ဦးညီနဲ့ တွေ့ဆုံဖြစ်ပါတယ်။ ဦးညီ ပြောပြတာကတော့ တရားရှုကွက်နဲ့ သူ့ကိုယ်တိုင် တွေ့ကြုံခဲ့ရတဲ့ **အဘဘိုးမင်းခေါင်...**

ဒီလိုပျ ဦးစန်းရဲ့...





www.burmeseclassic.com

www.burmeseclassic.com





မနောမယဆရာတော်ကြီးထံ သီတင်းနေ့တိုင်း လာရောက်လေ့ရှိတဲ့ ဒကာတစ်ဦး၊ ဦးချ လှူစရာ ရှိတာလှူ၊ သီလဆောက်တည်ပေါ့။ အဲဒီဒကာက ဉပုသ်သာ စောင့်တာ တစ်ခါမှ တရားမထိုင်ဘူး။

တစ်နေ့တော့ ဆရာတော်ကြီးက သီလပေးပြီး…

'မင်း တရားမထိုင်ချင်ဘူးလား ပုတီးပဲ စိပ်နေ'

'တပည့်တော် တရားမထိုင်တတ်ဘူးဘုရား'

'ကဲ…လာ…လာ ထိုင်နည်းပြမယ်'

'ပထမ ဘုရားဝတ်ပြု၊ သီလဆောက်တည် ပြီးတော့ ခင်ပွန်းကြီးဆယ်ပါးကန်တော့'

'ခင်ပွန်းကြီးဆယ်ပါးဆိုတာ ဘာတွေလဲ ရှင်းပြပေးပါဦး'

ဆရာတော်မှ ပါဠိလို…

---

ခင်ပွန်းကြီးဆယ်ပါး ဂါထာတော်

---

ဗုဒ္ဓေါ ပစ္စေကဗုဒ္ဓေါစ၊
အရဟာ အဂ္ဂသာဝကာ။
မာတာ ပိတု ဂုရု သတ္တာ၊
ဓမ္မဒေသကာ စ ဒါယကာ။
ဣမေ ဒသ မဟာဂုဏော၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| ဗုဒ္ဓေါ | =ဗုတ်ဒေါ |
| ပစ္စေက | =ပစ်စေက |
| အဂ္ဂ | =အက်ဂ |
| ဂုရုသတ္တာ | =ဂုရုသတ်ထာ |
| ဓမ္မ | =ဓမ်မ |
| ဣမေ | =အိမေ |
| ဝန္ဒာမိ | =ဝန်ဒါမိ |
| သဗ္ဗဒါ | =သပ်ဗဒါ |

အနက်

**ဗုဒ္ဓေါ၊** မြတ်စွာဘုရားရှင်တို့ လည်းကောင်း။ **ပစ္စေက ဗုဒ္ဓေါစ၊** ပစ္စေကဗုဒ္ဓါတို့လည်းကောင်း။ **အရဟာ၊** ရဟန္တာတို့လည်းကောင်း။ **အဂ္ဂသာဝကာ၊** အဂ္ဂသာဝကတို့လည်းကောင်း။ **မာတာ၊** အမိလည်းကောင်း။ **ပိတု၊** အဖလည်းကောင်း။ **ဂုရု၊** အလေးပြုအပ်သော ဆရာလည်းကောင်း။ **သတ္တာ၊** ဆုံးမတတ်သော ဆရာလည်းကောင်း။ **ဓမ္မဒေသကာစ၊** တရားဟောတတ်သော ပုဂ္ဂိုလ်တို့ လည်းကောင်း။ **ဒါယကာ၊** ပေးလှူတတ်သော ပုဂ္ဂိုလ်တို့ လည်းကောင်း။ **ဒသ၊** ဆယ်ပါးကုန်သော။ **ဣမေ မဟာဂုဏော၊** ဤ ခင်ပွန်းကြီးဆယ်ပါးတို့၏ ဂုဏ်ကျေးဇူးတို့ကို။ **အဟံ၊** အကျွန်ုပ်သည်။ **သဗ္ဗဒါ၊** အခါခပ်သိမ်း။ **ဝန္ဒာမိ၊** ရှိခိုးပါ၏။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသီဟ(သာသနဓဇ ဓမ္မာစရိယ)မှ ပြန်ဆိုပေးပါသည်။]***

အဲဒီဂါထာ တော်တော်ကောင်းတယ်ဗျ။ နေ့ရှုတ် ပူဇော်ရင် နတ်လူချစ် အလုပ်အကိုင် အဆင်ပြေတယ်'

'ကောင်းပါ့ဗျာ… ကျွန်တော် မှတ်စုရေးလိုက်ဦးမယ်'

နှုတ်မှလည်း…

'ခင်ပွန်းကြီးဆယ်ပါးအပေါ် ဘဝဘဝါမှ ယနေ့တိုင်အောင် ကာယကံ ဝစီကံ မနောကံတို့ဖြင့် ပြစ်မှားမှုများရှိရင် ကျေအေးပါစေ၊ ကျွန်ုပ်အပေါ် အပြစ်များရှိပါက ကျေအေးပါ၏'

လို့ လျှောက်ထားရတယ်။

ခန္ဓာကိုယ်ကို တရားရှုမှတ်စဉ်အတွင်း ဘုရားရှင်နဲ့





www.burmeseclassic.com

www.burmeseclassic.com



မိမိကမ္မဋ္ဌာန်းအရာကို လှူဒါန်းရမယ်။ မိမိပြုခဲ့တဲ့ ကုသိုလ်အဖို့ကို အမျှဝေ(၃၁)ဘုံသားတို့အား မေတ္တာပို့ရတယ်'

ဆရာတော်ကြီးက…

'ကဲ…ထိုင်…ထိုင် တင်ပျဉ်ခွေထိုင်၊ ခါးကို ဖြောင့်ဖြောင့်ထား၊ ခေါင်းကိုမမော့နဲ့ အောက်လဲမငုံ့နဲ့…

မိမိရှုနေကြလေလေးကို နှာသီးဝမှာ ဝင်တာထွက်တာ စိုက်ရှု စိတ်ကို တခြားမရောက်စေနဲ့၊ တခြားရောက်သွားတာသိရင် ကမ္မဋ္ဌာန်းအာရုံပြစ်တယ်၊ ဒါပထမအဆင့်ပဲ'

ဒကာ ချွေးပြန်ပါပြီ။ နှာသီးဝ ဝင်လေထွက်လေကို စိုက်ရှု။ ရှုရင်း…ရှုရင်းနဲ့ ကြမ်းပိုးက ဒုက္ခလာပေးပြီ။

ကြမ်းပိုးတွေကို အပ်ချိတ်ကြီးကြီးနဲ့ ထိုးသီ၊ ဖယောင်းတိုင်မီးနဲ့ရှို့၊ ဖောက်ခနဲ ဖောက်ခနဲ။ ကဲ…ကိုက်ချင်ဦးပေါ့။

အလို… ငါ့တရားရှုကွက် ဘယ်ရောက်သွားလဲ၊ တရားရှုကွက်ကို ပြန်တင် ကြမ်းပိုးသတ်လိုက်၊ တရားရှုလိုက်၊ ကြမ်းပိုးသတ်လိုက်၊ တရားရှုကွက်ပြန်တင်လို့မော…ချွေးပြန်လာ…

သူက ကြမ်းပိုးပေါတဲ့အိမ်မှာနေရတာ ညတိုင်း ကြမ်းပိုးစစ်ဆင်ရေး ကြမ်းပိုးဆို သိပ်မုန်း…

'ဟဲ့ ဒကာ…တရားရှုမှတ်တာ အာရုံရရဲ့လား'

ဆရာတော်ကြီး မေးပြီ။ ဘယ်လိုဖြေရပါ့…

'ဟဲ့…မေးနေတယ်လေ'

နဂိုက ချွေးပြန်ရတဲ့အထဲ ဆရာတော်ကြီးရဲ့ အားမလိုအားမရမေးသံ…

'မှန်လှပါ လျှောက်တင်ပါရစေ ဘုရား…

ဒီလို ဘုရား…အရှင်ဘုရား ရှုခိုင်းတဲ့အတိုင်း ရှုပါတယ်။ ခဏအကြာ **တပည့်တော်ကို ကြမ်းပိုးက** ဒုက္ခပေးပါတယ်'

'ဟဲ့…ငါ့ကျောင်း ကြမ်းပိုးမရှိပါဘူး'

'အရှင်ဘုရားကျောင်း ကြမ်းပိုး မရှိပေမယ့် တပည့်တော်အိမ် ကြမ်းပိုး သိပ်ပေါတယ် ဘုရား'

'ဟေ…ဟုတ်လား'

'အရှင်ဘုရား ရိုက်လဲခံရမှာပဲ၊ တပည့်တော်က ကြမ်းပိုးဆို အားကြီးမုန်းတယ် ဘုရား၊ ညတိုင်း ကြမ်းပိုးတွေ ဖမ်း၊ ချိတ်နဲ့ထိုး မီးမြှိုက်လုပ်နေရတာ။

ခု တရားထိုင်တော့ အဲဒီ ကြမ်းပိုး ဒုက္ခပေးနေပါတယ်



ဘုရား။ အပ်နဲ့ထိုးပြီး မီးမြှိုက်နေရပါတယ် ဘုရား'

'ကိုင်း ဒကာ… ပြန်ထိုင်၊ ဆက်ရှု ဆက်သတ်ကွာ'

'ဘုရား ဘယ်လို…'

'ဆက်ရှုကွာ ထူးခြားလာလိမ့်မယ်'

ဒကာ ဆက်ပြီး တရားရှုပါတယ်။ ဆရာတော်ကြီး ပေးတဲ့နည်း ရှုလိုက်၊ ကြမ်းပိုး မီးမြှိုက်လိုက်၊ ရှုလိုက် မီးမြှိုက်လိုက် ကြာလာတော့ ကြမ်းပိုး မီးလောင်တဲ့အသံက ဖောက်ခနဲ မမြည်ဘဲ ကျယ်လောင်တဲ့အသံ **''ဖောင်း''ခနဲ** မြည်ပြီး လန့်သွားပါတယ်။

'အဲဒီတော့ ဒကာ ဘာပြုသွားလဲ'

ဆရာတော်ကြီးက ဘယ်လို အမိန့်ရှိလဲ။

'အေး…မင်းတရားရှုကွက် တွေ့သွားပြီး နောက် ဘာမှ မဖြစ်တော့ဘူး။ ဆက်ရှုကွာတဲ့'

'အေးဆေးစွာ တရားထိုင်လို့ ရပါတယ်'

'သာဓု…သာဓု…သာဓု ကောင်းပါလေ့ဗျာ'


'ကိုင်း… မောသွားပြီ။ အနားယူ အာဟာရစား၊ ရေနွေးကြမ်း အမြည်းစား တရေးတမော ပုတီးစိပ်



www.burmeseclassic.com

www.burmeseclassic.com





အိပ်အနားယူ။

## အဘဘိုးမင်းခေါင်နှင့် တွေ့ဆုံပြီ

'ဆရာတော်ကြီးက ကျွန်တော့်ကို အဘဘိုးမင်းခေါင်ဆီ သွားခိုင်းတယ်ဗျ'

'ဟော့ ကုလားလေး...လာ ဒီပုလင်းယူသွား ဘိုးမင်းခေါင်ဆီ သွားပေးလိုက်'

ပုလင်းကြည့်လိုက်တော့ လျက်ဆားပုလင်းငယ် အရွယ်၊ အပြင်က ပလတ်စတစ်ဖုံး ထိပ်က ကြိုးချည်ထားတယ်။

'တပည့်တော် ဘယ်သွားရမှာလဲ ဘုရား'

'အေး...လာ ဒီကနေ ဘယ်ကိုသွား ဘယ်နေရာမှာ တွေ့လိမ့်မယ်'

သွားရမယ့် တစ်နေရာ သေသေချာချာ ရှင်းပြတယ်။

ကျွန်တော်လဲ ပုလင်းလေးယူ အဘဘိုးမင်းခေါင်ဆီ ဆရာတော်ကြီး လမ်းညွှန်တဲ့အတိုင်း ရောက်သွားပါတယ်။

တွေ့ပါပြီ။

ပုဂ္ဂိုလ်ကြီးတစ်ဦး...

ဘေးမှာ ပရိသတ်တွေက အများကြီး။ ရှေ့မှာလဲ ဒန်အိုးကြီးတစ်လုံးချထား။ အဲဒီဒန်အိုးကြီးထဲက ဘာတွေမှန်းမသိ တုတ်တစ်ချောင်းနဲ့ ထိုးပြီး စားနေတာ၊ မလှမ်းမကမ်းက ခြေဖျားထောက်ပြီး ကြည့်နေတာ...

ပုဂ္ဂိုလ်ကြီးက ကျွန်တော့်ကို မြင်သွားပါတယ်။

'ဟော့...ကုလားလေးလာခဲ့...လာခဲ့... မင်းလက်ထဲဟာပေး... ဆရာတော်ကြီးပေးလိုက်တဲ့ ပြဒါးပြာတွေဟုတ်လား'

ပြောပြောဆိုဆို ကြိုးမဖြေဘဲ ပုလင်းလိုက် ပါးစပ်ထဲ ပစ်သွင်း မျိုချလိုက်ပါတယ်'

'ဗုဒ္ဓေါ ဘယ်လိုကြီးလဲ'

ကျွန်တော့်အတွေး...

'ဟော့ကောင် စားဆိုပြီး ဝက်သားတစ်တုံး တုတ်နဲ့ထိုးပေး'

'ဟင့်အင်း...မစားချင်ဘူး'

ဆိုပြီး ထွက်ပြေးခဲ့ရတယ်။

ကျွန်တော်ကသာ မစားချင်တာ ဘေးကလူတွေက စားရလိုစားရငြား စောင့်နေကြတာတဲ့။

'ဆရာတော်ကြီးဘုရား...ဝိဇ္ဇာလဲဆိုသေး ဘယ်လိုကြီးလဲ ဝက်သားတုံးတွေ တစ်တုံးပြီး တစ်တုံး စားနေတာ။ အရည်တွေ သောက်နဲ့'

'ဟဲ့ကောင်...အဲဒါ သူစားတာလို့ ထင်နေလား၊ ဓာတ်သဘောတွေ တစ်ခါတစ်ခါ ဒီလိုပဲ'

'ဪ...ဓာတ်သဘောတဲ့လား'

အဘဘိုးမင်းခေါင်ဘုရား...အမှားပါရင် ခွင့်လွှတ်တော်မူပါ။

ဒီအကြောင်း ပြောခဲ့တာ ကြာခဲ့ပါပြီ။

ဒီအချိန် ဦးညီတစ်ယောက် အသက်ထင်ရှားရှိနေသလားမသိ။

**သက်ရှည်ကျန်းမာ ဘေးကင်းကွာ ချမ်းသာကိုယ်စိတ် မြဲပါစေ။**

*ကြိုတင်ကျေးဇူးတင်စွာဖြင့်...*

**ဦးစန်းမောင်**
*(မြန်မာ့စိုက်ပျိုး–ငြိမ်း)*



www.burmeseclassic.com



စပါးကြီးတို့သည် ထူးဆန်းသော စိတ်စွမ်းအင်ထူးကို ပိုင်ဆိုင်သောမြွေမျိုး ဖြစ်သည်။ စပါးကြီးမြွေတို့သည် စိတ်စွမ်းအင်ထူးကို **''ထုံ''အကျင့်ကျင့်ရာမှ** ရရှိကြသည်။

စပါးကြီးမြွေတို့၏ သဘာဝမှာ ဆိတ်ငြိမ်ရာ တောတောင် သစ်ပင်ချုံနွယ် လိုဏ်ဂူများ ဘုရားအို ကျောင်းပျက်များ ရွှံ့နွံထူထပ်သော မြစ်ချောင်း ကမ်းပါးများ၌ နေထိုင်လေ့ ရှိကြသည်။

စပါးကြီးမြွေတို့သည် သိမ်းငှက်စသော သတ္တဝါများကို ကြောက်ရွံ့ကြသည်။ ဘုရားရှင်၏ ဟောကြားသော တရားတော်များတွင် ဂဠုန်နှင့်နဂါးများအကြောင်း ပါဝင်သည်။

ဂဠုန်ငှက်များသည် နဂါးတို့ကို ထိုးသုတ် တိုက်ခိုက်ကြကြောင်း ဖတ်ရှုရသည်။

စပါးကြီးတို့သည်လည်း နဂါးမျိုးနွယ် ''မြွေ''ဖြစ်သည့်အလျောက် သိမ်းစွန်ငှက်ကြီးများ မမြင်အောင် ပုန်းလျှိုး နေကြရ သည်။

**ပုန်းလျှိုးနေသော စပါးကြီးမြွေတို့သည် ပုန်းလျှိုးနေရာမှ မြူစင်သော ကောင်းကင်ကြီးကို မမှိတ်မသုန် ကြည့်နေခြင်း ဖြင့်ရာမှ ထိုအလေ့အကျင့်ကို စွဲမြဲလာပြီး အာကာသ ကသိုဏ်းကို ကြည့်သကဲ့သို့ ဖြစ်လာသည်။**

**ကြာလာသော် ကသိုဏ်းဝန်းနိမိတ်များ ပေါ်လာပြီး သဘာဝ သဘောအရ စွမ်းအင်ထူးများရလာသည်ဟု ဗိဇ္ဇာရေ ပညာရှင်တို့က ပြောဆိုကြသည်။**

လူသားတို့ သမထအကျင့်ကို ကျင့်၍ တန်ခိုးစွမ်းအင် ထူးများ ရလာသကဲ့သို့ စပါးကြီးတို့သည် စွမ်းအင်ထူးများ

မိုးတင့်
(ညောင်လေးပင်)

# စပါးကြီးတို့ဌာ

## လျှို့ဝှက်စွမ်းအင်နှင့် သည်းခြေ၏ ဆေးအသုံးများ

ရလာကြကြောင်း ဆိုပါသည်။

နေလ အလင်းရောင်ကို အားကိုးစွာ ကောင်းကင်ကို ထာဝရ ကြည့်နေသော စပါးကြီးမြွေတို့သည် ထိုအကျင့် ကြောင့်ပင် အစွမ်းထက်သည့် စပါးကြီးသည်းခြေကို



www.burmeseclassic.com

ပိုင်ဆိုင်ခွင့်ရလာကြသည်။

စပါးကြီးမြွေ၏ စပါးကြီးသည်းခြေတွင် သက်တမ်းကို လိုက်၍ (၆)လက်မ (သို့မဟုတ်)(၉)လက်မအထိ ရှည်သော ညို့ကြိုးများ ဖြစ်ပေါ်ပိုင်ဆိုင်လာကြသည်။

ထိုညို့ကြိုးနှင့် သည်းခြေသည် စပါးကြီးတို့၏ မွေးရာပါ စွမ်းရည်နှင့်အတူ ဖြစ်ပေါ်လာကြသည်။

**လေ့ကျင့်ခြင်းကြောင့် စွမ်းရည်ထူးသော သည်းခြေနှင့် ညို့ကြိုးကို ရလာပြီး ထိုသည်းခြေနှင့် ညို့ကြိုးကြောင့်ပင် စပါးကြီးမြွေသည် စိတ်ညို့စွမ်းအင်ရှင် ဖြစ်လာရလေသည်။**

မိမိတို့၏ အာဟာရကို တောင့်တသော စပါးကြီးမြွေသည် သမင်,ဒရယ်,ဂျိုငယ်,စိုင်,ဆတ် စသော သတ္တဝါများနှင့် လူသားများကိုပါ အာဟာအဖြစ် ညို့ယူဖမ်းစားကြသည်။

**စပါးကြီးသည် သားကောင်၏ ခြေရာတွင်ညို့ကြိုးအစွန်း ရှိသော ညို့တံခွန်ကုပ်နှင့် ထောက်ထားလျက် အညို့ခံရသူသည် ထိုနေရာ၌ စိတ်ဝိဉာဉ်ထိန်းချုပ်ခံရသောကြောင့် မူးဝေထုံထိုင်းပြီး တလည်လည်ဖြစ်ကာ စပါးကြီးမြွေ၏ ရှေ့မှောက်သို့ ဦးထောက်လျက် အမျိုခံရန် အသင့်ရောက်သွားကြရသည်။**

စပါးကြီးတို့သည် လိင်စိတ်ပြင်းထန်သော သတ္တဝါမျိုးဖြစ်၍ ခန္ဓာကို ရစ်ပတ်ကာ ဒွါရပေါက်သို့ အမြီးနှင့် ထိုးသွင်းတတ်ကြသည်။


သူတို့၏ တံတွေးဂလင်းများနှင့် သတ္တဝါကို ချောမွေ့စွတ်စိုစေပြီး မျိုချကာ စားသုံးလေ့ရှိကြောင်း မှတ်သားရသည်။

ထိုစပါးကြီးမြွေတို့သည် အဆိပ်မဲ့သတ္တဝါများဖြစ်၍ လူတို့ကို ကိုက်ခဲခြင်း၊ မြွေဆိပ်နှင့် ထိုးသွင်းခြင်း၊ ပေါက်ခြင်း မပြုနိုင်ကြပါ။ သန်မာသောအမြီးဖျားနှင့်သာ ရိုက်ပုတ်တတ်ကြသည်။

သတ္တိရှိသော ရဲရင့်သော မုဆိုးများသည် စပါးကြီးကို နိုင်ကြသည်။ သူ့ထက် စိတ်အင်အားကြီးမားသူနှင့် တွေ့လျှင် စပါးကြီးတို့သည် အရှုံးသမားဖြစ်သွားကြသည်။ သေခြင်းကို ရဲရင့်စွာရင်ဆိုင်သည်။ စဉ်းတီတုံးပေါ်တွင် ခေါင်းတင်ပေးတတ်သည်ဟု ဆိုသည်။

ခုတ်ပိုင်း၍ ခေါင်းဖြတ်သူသည် မထိတထိ လုပ်လျှင် အမြီးဖျားနှင့် ရိုက်ပုတ် ရန်မူတတ်သည်။ ထိုအကြောင်းများကို **စပါးကြီးကျွမ်းကျင်သူ ရွှေကျင်တောင်ပေါ် ဒေသနေ တိုင်းရင်းသားများက** ပြောပြခဲ့ကြသည်။

စပါးကြီးသည်းခြေကို ဗိုက်ခွဲ၍ ထုတ်ယူရာတွင် နည်းပညာများ ရှိပါသည်။ ဤဆောင်းပါးတွင် တင်ပြလျှင် အလွန်ရှည်လျားဖွယ်ရှိ၍ မတင်ပြတော့ပါ။ အလျဉ်းသင့်လျှင် တင်ပြပါမည်။



စပါးကြီးသည်းခြေကိုရလျှင် အတုအစစ်ခွဲတတ်ဖို့ လိုသည်။ စပါးကြီးသည်းခြေသည် စပါးကြီး၏ အသက်အရွယ်ကို လိုက်၍ အကြီးအသေးရှိသည်။ ပုံမှန်အားဖြင့် ဖန်ခါးသီးအရွယ်ရှိသည်။

စပါးကြီးနှင့် စပါးအုံးသည် အမျိုးအစားတူကြသည်။ စပါးအုံးသည်းခြေနှင့် စပါးကြီးသည်းခြေမှာလည်း ပုံစံတူသည်။

စပါးအုံးသည်းခြေတွင်လည်း ညို့ကြိုးပါသည်။ သို့ပါ၍ ခွဲခြားရန် ခက်သည်။ စပါးအုံးမှာ စပါးကြီးနှင့် တူသော်လည်း အရွယ်အစားမှာ စပါးကြီးထက် သေးပါသည်။

လိုရင်းကို တင်ပြရသော် စပါးကြီးသည်းခြေကို **နေရောင်တွင် ထောင်ကြည့်**ရသည်။ နေရောင်တွင် **သွေးရောင်လွှမ်းသော အနီရောင်ကို** တွေ့ရလျှင် စပါးကြီးသည်းခြေစစ်သည်။ **မည်းညိုသော အရောင်ရှိလျှင် စပါးကြီးမဟုတ်ဘဲ** စပါးအုံးဖြစ်သည်။

အခြားမြွေသည်းခြေများနှင့် ခွဲခြားရာတွင် ညို့ကြိုးမပါ

www.burmeseclassic.com



လျှင် လုံးဝ မထယ်ယူသင့်ပါ။ အဘယ်ကြောင့်ဆိုသော် **စပါးကြီးနှင့် စပါးအုံးတွင်သာ ညှို့ကြိုးပါသောကြောင့် ဖြစ်သည်။**

သေချာသောစမ်းသပ်နည်းမှာ **လပြည့်နေ့တွင် စပါးကြီးသည်းခြေသည် ခါတိုင်းရက်များကဲ့သို့ မဟုတ်ဘဲ ပြည့်တင်းလာပြီး အရည်လည်နေတတ်သည်ကို တွေ့ရခြင်းဖြစ်သည်။**

နေရောင်ခြည်၊ လရောင်ခြည်တို့နှင့် ဆက်စပ်မှုရှိသော သင်္ကေတဖြစ်သည်။

စပါးကြီးသည်းခြေကို ယနေ့ခေတ်တွင် အလွယ်တကူ မရနိုင်ပါ။ သည်းခြေစစ်လျှင် (၅)သောင်းမှ တစ်သိန်းထိ ခေါ်ဈေးရှိပါသည်။

သဘာဝ ပတ်ဝန်းကျင် ပျက်စီးခြင်းနှင့်အတူ စပါးကြီးမြွေများလည်း လျော့နည်းလာနေပါသည်။ စပါးကြီးသည်းခြေသည် သုံးတတ်သူတို့အတွက် ဣန္ဒြာသဃ ဆေးသဖွယ် ဖြစ်သည်။

စာရေးသူ သိထားသမျှ စပါးကြီးသည်းခြေ၏ ဆေးဖက်ဝင်ပုံတို့ကို တင်ပြပါမည်။

### စပါးကြီးသည်းခြေ၏ ဆေးအသုံးများ

၁။ လူနာ မေးခိုင်လျှင် လျှာကို ပွတ်လိမ်း၍ ကုသပေးပါ။

၂။ လေဖြန်း ပါးရွဲ့လျှင် စပါးကြီးသည်းခြေနှင့် အကြိမ်များစွာ သပ်ချပေးပါ။

ရွဲ့နေသည်ကို ဖြည်းဖြည်းချင်း တည့်ပေးပါ။ အချို့က နှမ်းဆီ၊ မုန်ညင်းဆီများနှင့် စပ်၍ နှိပ်နယ်ကြသည်။

၃။ လေငန်းရောဂါဖြစ်လျှင် တောရှောက်မြစ်ကို သွေး၍ စပါးကြီးသည်းခြေနှင့် တွဲဖက်သုံးပါ။

၄။ ဆီးချိုသမား ဆီးခုံမှာ လိမ်းပါ။ ရေနှင့် သွေး၍ သောက်ပါ။

၅။ ဆီးကျောက်တည်လျှင် စပါးကြီးသည်းခြေကို ရေမှာ စိမ်ထားပြီး သောက်ပါ။

၆။ မျက်စိနာလျှင် သွေး၍ ကွင်းပေးပါ။

၇။ ဗိုက်နာလျှင် ချက်အောက်သို့ သွေးလိမ်းဆွဲချပေးပါ။

၈။ ကိုယ်ပူလျှင် ရေစိမ်သောက်ပါ။

၉။ သူငယ်နာရောဂါအတွက် မိခင်ဖခင်တို့က စပါးကြီးသည်းခြေကို မိမိလျှာမှာ ပွတ်သုတ်၍ လျက်ပေးရသည်။

၁၀။ လေးဖက်နာဖြစ်လျှင် ဆေးပန်းဥ (ပရဆေးဆိုင်မှာရ)နှင့် တွဲလိမ်းရသည်။

၁၁။ ကိုယ်ဖောကိုယ်ယောင်သော် ယူကလစ်ခေါက်နှင့် စပါးကြီးသည်းခြေ တွဲစပ်လိမ်းပေးရသည်။

၁၂။ အဆစ်အမြစ်ကိုက်သော် ရှောက်ရည်နှင့် သွေးလိမ်းပါ။

၁၃။ ဖက်ကြောတက်လျှင် ကွမ်းရွက်စိမ်းရည်နှင့် တွဲဖက်လိမ်းပါ။

၁၄။ ကိုယ်ဝန်ဆောင်မီးဖွားရ ခက်နေလျှင် စပါးကြီးညှို့ကြိုးကို ချက်ပေါ်တွင် ကန့်လန့်ဖြတ် တင်ပေးရသည်။

၁၅။ သူခိုး ခိုးခံရသော် စပါးကြီးညှို့နှင့် သူခိုး၏ ခြေရာကို ထောက်ထားရသည်။**(ညှို့ကြိုးအဖျားတွင်ဖြူသော စွန်ကုပ်သဖွယ် အချွန်ကလေးများ ပါသည်။)**

ညှို့ကြိုးကို ငှက်ပျောဖက်စိမ်းနှင့် အုပ်ထားရသည်။ သူခိုးပြန်လာကြောင်း ဆိုကြသည်။

၁၆။ ဈေးရောင်းကောင်းလိုသော် စပါးကြီးသည်းခြေ (ဖို+မ) တစ်စုံကို ချိန်ခွင်တွင် ချိတ်ဆွဲထားရသည်။

၁၇။ အပင်းသွင်းခြင်းခံရသော် စပါးကြီးသည်းခြေညှို့ကြိုးကို ရေစိမ်တိုက်ပေးပါက အပင်းများ မူလပြန်၍ ဆံချည်ထွေး စသည်ဖြင့် ပုံစံပြောင်း၍ ပြန်ထွက်လာကြောင်း ဆိုပါသည်။

အခြားသော ဆေးသုံးနည်းများလည်း တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလို မြန်မာ့ကျေးလက်ဒေသများတွင် သုံးစွဲနေကြပါသေးသည်။

ဖြစ်နိုင်လျှင် စပါးကြီးသည်းခြေကို အခြေအနေပေးပါက အိမ်ထောင်စုတိုင်း ဆောင်ထားသင့်ပါကြောင်း စေတနာကောင်းနှင့် တင်ပြပါသည်။

***ကျန်းမာ၊ ချမ်းသာကြပါစေ။***

***မေတ္တာရှည်လျက်...***

***မျိုးတင့်(ညောင်လေးပင်)***



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးဝါးမှတ်ပုံတင် ၁၃၀၆ Y ၀၆၆၅၃ လိုင်စင်-၃/၂၀၀၄၊ တ■■လ (၁၂၅၁)]

မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ **"နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင်ရှာ"** ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို စတွေ့စဉ်ကဖတ်ပြီး ပြုံးခဲ့မိပါတယ်။




အလေးအနက် မထားမိရိုး အမှန်ပါ။ ဒါပေမယ့် ပန်းသတင်း လေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး၊ နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရဖန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး၊ အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှိုးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူ့ခန္ဓာကိုယ် ရင်၏ အတွင်းသားမြှတ်နှစ်ခု အလယ် ပဒုမ္မာကြာငုံ သဏ္ဍာန်တည်ရှိပါတယ်။ လူ့ခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေရပြီး၊ တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင်ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျစ်ခဲပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေးဖက်နာ၊ လေငန်းလေဖြတ်ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခွင့်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးစူးခြင်း၊ မောခြင်း၊ ကျပ်ခြင်းတို့ဟာ သိတနဲ့ဥဏှ ဝိရောဓိပစ္စယကြောင့် ဖြစ်လာရခြင်းပါ။ အချိုအဆိမ့် အဆီးအစေးများသော အစာအာဟာရများ လွန်ကျူးစွာ စားသုံးခြင်း၊ အရက်အမျိုးမျိုး၊ ဆေးလိပ်၊ စီးကရက်တို့ သောက်သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း၊ ဖိမ်ခံမှုများခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ နေပူ မီးပူခံပြီး ရေချိုးခြင်း၊ ပန်ကာလေ၊ လေအေးစက်တို့တွင် နေထိုင်မှုများခြင်း စတဲ့ အကြောင်းအချက်များဟာ နှလုံးရောဂါ ဖြစ်ပွားလာရခြင်းရဲ့ အဓိကအချက်များ ဖြစ်ပါတယ်။

အဲဒီ နှလုံးရောဂါကို လျင်မြန်စွာ သက်သာပျောက်ကင်းစေတဲ့ ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း၊ အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာ လှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊ သွေးအားနည်းခြင်း၊ ရင်တုန်မူးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံးစူး၍အောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း စသည့် ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး ကလေးငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆန်းစေပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာကြောင့် မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွယ်တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်မာပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသတင်းကောင်း ပါးလိုက်ပါတယ်။

ပင်ရင်း

**တန်ခိုးရှင် ဆေးတိုက်**

အမှတ်-(၁၉၂)၊ ဇေယျ(ဂ)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉ ၈၆၃၅၂၂၉၊ ၀၉ ၂၅၀၀၁၅၀၈၇။

မြောင်းမြ မောင်ယဉ်တင့်



www.burmeseclassic.com

www.burmeseclassic.com



ရတနာမင်းအိုချမ်းသာဘုရား ပြုပြင်ထားပြီးပုံ

ခရီးသည်သုတေသီ

# ရတနာမင်းအိုချမ်းသာဘုရား

တွင် အစိဋ္ဌာန်ဝင်

အသက်(၆၀)ကျော် အရွယ်များကို လူငယ်များက သက်ကြီးရွယ်အိုဟု သတ်မှတ်ကြသည်။ ကျွန်ုပ်လည်း အသက်(၆၀)ကျော်ပြီဖြစ်ရာ သက်ကြီးရွယ်အိုစာရင်းထဲ ပါဝင်လာပြီဟု ယူဆသဖြင့် မင်းအိုချမ်းသာဘွဲ့အမည်ရှိသော စေတီဘုရားများတွင် သီးခြားသွားရောက်ကာ အစိဋ္ဌာန်ဝင်ခြင်း ပြုခဲ့ပါသည်။

ပုဂံ အရှေ့မြောက် တစ်ဖာလုံခန့်တွင်ရှိသော သက္ကရာဇ် ၄၅၇ ခုနှစ် **ကျန်စစ်သားမင်းကြီး သက်တော်(၇၂)နှစ်အရွယ်တွင်** အိုမင်းမစွမ်းဖြစ်ချိန် တည်ခဲ့သည့် မင်းအိုချမ်းသာစေတီ၌ ပထမ အစိဋ္ဌာန်ဝင်ပြီးမှ ပခုက္ကူ – ပခန်းကြီး – ရေစကြိုလမ်းအတိုင်းသွား၍ သလ္လာဝတီ(ခေါ်) ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းကို မြစ်ကူးတံတားမှ ဖြတ်သန်းပြီး မုံရွာခရိုင် ချောင်းဦးမြို့အပိုင် အမြင့်(ကမ်းမြင့်)မြို့ဟောင်းသို့ သွားရောက်ခဲ့ပါသည်။

တစ်ချိန်က ဆိပ်ကမ်းမြို့အဖြစ် လွန်စွာစည်ကား တိုးတက်ခဲ့သော အမြင့်မြို့သည် ယခုအချိန်တွင် အမြင့် စံပြကျေးရွာကြီးအဖြစ် အဆင့်နိမ့်လျှောခဲ့ရပြီ။

သို့သော် ရှေးခေတ်က တည်ထားခဲ့ကြသည့် စေတီပုထိုး များပြားလှ၍ **''ပထမပုဂံ''**ဟု တင်စားခေါ်ခဲ့သည်။

အမြင့်ဒေသတွင် စေတီပုထိုးပေါင်း ထောင်ချီရှိခဲ့ရာ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးကွယ်ပျောက် ပြိုပျက်ခဲ့ရာ ယခုအခါ အဆူပေါင်း သုံး,လေးရာမက ကျန်ရှိနေပါသေးသည်။

စေတီပုထိုးများမှာ အနည်းငယ်မျှသာ ပြုပြင်ပြီး ပြုပြင်ဆဲ တွေ့မြင်



www.burmeseclassic.com

www.burmeseclassic.com

ရှိ၍ အရေအတွက် အများအပြားမှာ စေတီပြိုငုတ်တို တစ်ပိုင်းတစ်စ အပျက်အစီးများသာ တွေ့ရသည်။ လက်ညှိုးထိုး မလွဲနိုင်ပေ။

ထိုရှေးဟောင်းစေတီ အပြို အပျက် ငုတ်တိုကြီးများကြားတွင် နီညိုရောင်ဆေးသက်န်း ကပ်လှူထားသော ပြုပြင်ထားပြီးသည့် စေတီတော်ကြီးတစ်ဆူကို ထူးခြားစွာ ဖူးမြင်ရသည်။

အမြင့်ဈေးတောင်ဘက် အမြင့်တိုက်နယ်ဆေးရုံလမ်း အနောက်ဘက် မြို့ကုန်းရပ်တွင် တည်ရှိပါသည်။ ခုံညားထည်ဝါလှသော အုတ်တံတိုင်းအပြင်ဘက် ကပ်လျက်၌ **''ရတနာမင်းအိုချမ်းသာဘုရား''**ဟူသော နန်းဆန်သည့် ဆိုင်းဘုတ်ကို တွေ့မြင်ရသည်။ **သက္ကရာဇ် ၅၆၀ ပြည့်နှစ်ကတည်းက ဤဘုရားကို တည်ခဲ့ကြောင်း သိရသည်။**

အုတ်တံတိုင်း အတွင်းဘက်၌ ရင်ပြင်ပတ်လည်မှာ အရိပ်ကောင်းသော သစ်ပင်များရှိသည်။ လိုဏ်နှစ်ဆင့်ရှိသော စေတီတော်ကြီးကို ရှေးလက်ရာအတိုင်း ပြန်လည်ပြုပြင်တည်ဆောက်ထားခြင်း ဖြစ်သည်။

အောက်ဘက်ရှိ လိုဏ်အတွင်း၌ နံရံဆေးရေးပန်းချီများ တွေ့ရသည်။ ရှေးဟောင်းလက်ရာ ဘုရားရုပ်ပွားတော် တင်ပျဉ်ခွေ ထိုင်တော်မူ တစ်ဆူ ပူဇော်ခံထားပါသည်။

ထိုလိုဏ်ခန်းအတွင်းရှိ ဘုရားရုပ်ပွားတော်ရှေ့တွင် ကျွန်ုပ်



ရတနာမင်းအိုချမ်းသာဘုရားစေတီ လိုဏ်အတွင်း ပူဇော်ထားသည့် ရုပ်ပွားတော်နှင့် နံရံဆေးရေးပန်းချီများ

အမြင့်(ကမ်းမြင့်)မြို့ဟောင်းရှိ ရှေးဟောင်းဘုရားအချို့



အဓိဋ္ဌာန်ဝင်ခဲ့ပါသည်။

ရတနာမင်းအိုချမ်းသာ ဘုရား၏ သမိုင်းအကျဉ်းမှာ အောက်ပါအတိုင်းဖြစ်၏။ အတွင်းရွှေကူ အရှေ့မြောက်ယွန်းတွင် စကြဝတေးမင်း၏ ကောင်းမှုရတနာ မင်းအိုချမ်းသာ ဘုရားတွင် ဘုရားလေးဆူဓာတ်တော်များရှိ၏။

သီရိဓမ္မာသောက မင်းကြီးသည် ထပ်မံ ပြင်ဆင်တော်မူသည်။ အလောင်းစည်သူ မင်းကြီးသည် ထိုစေတီတော်ကို ထပ်မံပြင်ဆင်၍ ထီးတော်ကို သံတောင်ငါးတောင် ရွှေထီးငါးဆင့်ဖြင့် တင်လှူပူဇော်



www.burmeseclassic.com

www.burmeseclassic.com





▲ ရှေးဟောင်းရတနာမင်းအိုချမ်းသာဘုရားအား ဘုရားပြိုပျက်များကြားတွင် ဖူးမြင်ရပုံ

ခဲ့ပေသည်။

စေတီတော် ပြုပြင်ရာမှာ ထီးတော်ဖျားက ဖိနပ်တော်တိုင်အောင် ရခိုင်တောရာကြီး တစ်ဆွေတစ်မျိုးလုံးကို သုံးရ၍ အလုပ်အကျွေးအဖြစ် ကျွန်သီးတစ်ထောင်ကို ရတနာမင်းအိုချမ်းသာဘုရားတွင် လှူတော်မူပြီး ကျောက်ထက်အက္ခရာ ထားတော်မူသည်။

နှစ်ကာလာ ကြာမြင့်၍ ပျက်စီးချွတ်ယွင်းကာ စေတီပြိုပျက် ငုတ်တိုကြီးဖြစ်နေသော ရတနာမင်းအိုချမ်းသာဘုရားကို ၁၃၇၃/၇၄ ခုနှစ်လောက်ကစပြီး ထိုစဉ်က စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးအဖြစ်တာဝန်ထမ်းဆောင်နေသော ဦးသာအေး၏ အေးရိပ်ဝေ မိသားစုလှူဒါန်းမှုဖြင့် ပြန်လည်ပြုပြင်ခဲ့ကြောင်း သိရသည်။

ဘုရားဟောင်း ပြုပြင်ရန်အတွက် ပရိဝုဏ်အား ရှင်းလင်းစဉ် ဘုရားဖြစ်တော်မူစဉ် ရုပ်တု(၉)မျိုး၊ မြေခွက်ငယ်(၁)ခွက်၊ ''**အောင်ချာစူလာမြသီဒါ**''စာတန်းပါ ဗုဒ္ဓရုပ်ပွားတော်(၁)ဆူတို့ ရရှိခဲ့သည်။

ရတနာမင်းအိုချမ်းသာ ဘုရားကြီးအား ဖူးမြော်ပူဇော်ကြသူများကို သာယာအေးချမ်းကာ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာများ ဝေဆာခိုင်မြဲကြစေရန် အလှူရှင် မိသားစုက ဆုတောင်းပေးခဲ့ကြောင်း သိရသည်။

''မင်းအိုချမ်းသာ'' ဘွဲ့အမည်ရသော စေတီဘုရားများတွင် သွားရောက် ဖူးမြင်အဓိဋ္ဌာန်ဝင်ရသော အကျိုးမှာ အသက်အရွယ် အိုမင်းချိန်မှာ စိတ်ချမ်းသာ ကိုယ်ချမ်းသာ မကြောင့်မကြ မပူမပင်ရဘဲ အိုဇာတာ ကောင်းမွန်နေရသည်မှာ ကိုယ်တွေ့ဖြစ်ကြောင်း ဖော်ပြပေးလိုက်ပါသည်။

**တစ်ခါတစ်ခေါက် ဖူးမြင်အဓိဋ္ဌာန်ဝင်နိုင်ကြပါစေ။**

### ခရီးသည်သုတေသီ

ကိုးကား

▲ လေးဆူဓာတ်ပျော် ကိုယ်တော်ပျောက်ဘုရားနှင့် ဂေါတမမြတ်စွာဘုရားရှင်၏ လက်တော်ရာဘုရား သမိုင်းအကျဉ်း။

▲ကိုယ်တိုင်သွားရောက် ဖူးမြင်အဓိဋ္ဌာန်ဝင်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



# ဝိဇ္ဇာဆေးတုံး

လွယ်ကောင်းအောင်

ဆရာတော်ကြီးများနှင့် ပတ်သက်နေသည့် အကြောင်းအရာများကို လူတွေက ပြောဆိုလာပါက ချင့်ချိန်၍ ယုံရသည်။ လူတွေသည် သဒ္ဓါတရားစိတ် လွန်ကဲကာ မိမိဆရာသမားကို ပုံကြီးချဲ့တတ်ကြသည်။

ရဟန်းတော်များက ပြောဆိုသောအခါ ဝိနည်းသိက္ခာပုဒ် ရှိနေသောကြောင့် အပိုအလို ရှောင်ကြဉ်ကာ အရှိအကို အရှိတိုင်း ပြောကြရသည်။

**မင်းရပ်ချောင် ဆရာတော်၏ နှစ်(၆၀)အတွင်း မှတ်စုများစာအုပ်မှ** မြိုင်ကြီးငူဆရာတော်အကြောင်း ဖတ်ခဲ့ရပြန်သည်။

ဆရာတော် ကိုယ်တိုင်လည်း ရိပ်သာယောဂီများကို အလျဉ်းသင့်သည့်အခါ ဟောလေ့ ရှိပါသည်။

မြိုင်ကြီးငူ ဆရာတော်သည် ထင်ရှားပြီး လူသိများသော ဆရာတော်တစ်ပါး ဖြစ်၏။ ပြည်တော်ဝင် (ငြိမ်းချမ်းရေး ယူထားကြသည်။) ပုဂ္ဂိုလ်များကို သာသနာပြုနေသောကြောင့်လည်း ပို၍ ထင်ရှားပြန်သည်။



**မင်းရပ်ချောင် ဆရာတော်နှင့် မြိုင်ကြီးငူဆရာတော်သည် ငယ်ရွယ်ချင်းများ ဖြစ်ခဲ့ကြသည်။ ဆရာတော်သည် တိုင်းရင်းသားတစ်ဦးဖြစ်သောကြောင့် ရိုးသားသည်။ ခွဲလုံ့လ ကြီးမားသည်။**

မြိုင်ကြီးငူ ဆရာတော်သည် စေတစ်လုံးပိုင် (သပိတ်တစ်လုံးပိုင်) ဖြစ်သည်။

**ဆရာတော်၏ သပိတ်ဖြင့် ခံယူရရှိလာသော ဆွမ်းကို မဆေးမကြောမချင်း လူတွေကို ကျွေးမွေး၍ ရ၏။ ကုန်သွားသည် မရှိပေ။ လူတစ်ထောင်**



www.burmeseclassic.com

www.burmeseclassic.com



**လာလည်း၊ ကျွေးနိုင်သည်ဟု ဆိုပါသည်။**

စားစရာမဲ့ ဒုက္ခရောက်လာသူများ ဆရာတော်၏ စားကြွင်း ဆွမ်းဟင်းကျန်များကို စားစေသည်။ နေ့ရက်ပေါင်းများစွာ ပြေးလွှားလာခဲ့ရသော အလွန်ပင် ဆာလောင်မွတ်သိပ်နေသူများသည် ဟန်မဆောင်နိုင်ကြရှာဘဲ ဝိုင်းအုံ နှိုက်စားကြသော်လည်း ကုန်သွားသည်ဟု မရှိခဲ့ပေ။

**အကုန်လယ်အောင် စားသုံးကြရသည်။ ထိုသပိတ်သည် ယနေ့အခါ မရှိတော့ပေ။ ဘုရားတည်စဉ်က ဌာပနာ ထည့်လိုက်ပြီး ဖြစ်ပါသည်။**

ဆရာတော်သည် ဖွဲကပင်တောင် ပုဂ္ဂိုလ်များ၏ စောင့်ရှောက်ချီးမြှင့်မှုကိုလည်း ခံယူခဲ့ရသည်။

ဖွဲကပင်တောင်တက်လမ်း နတ်ရေကန်တွင် **ဝိဇ္ဇာဆေး ဆက်ကပ်ခံရဖူးတာလည်း** စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။

ဆရာတော်သည် နေ့လယ် (၁)နာရီခန့်တွင် ဖွဲကပင်တောင်ကို ဘုရားဖူးတက်ပါသည်။ နေပူတော့ ရေက ဆာပါသည်။ နတ်ရေကန်ရောက်မှပဲ သောက်တော့မည်ဟု စိတ်တင်းကာ ဆက်တက်ပါသည်။

ရေဆာဆာ မောမောနှင့် နတ်ရေကန်ရောက်တော့ ရေကန်ထဲက မြင်ကွင်းက အမောဆို့ချင်စရာ ကောင်းနေပါတော့သည်။

နတ်ရေကန်ထဲတွင် **ချေးတုံး (မစင်တုံး)များ (၃)တုံးကို** တွေ့လိုက်ရသည်။

ထိုမစင်တုံးများက နည်းနည်းနောနော မဟုတ်ဘဲ လက်သီးဆုပ်



လောက် ကြီးမားနေပါသည်။ ရေကလည်း အလွန် ဆာလောင်လှပါသည်။ သေတော့မလောက် ဖြစ်လာသောကြောင့် သောက်ရန် ပြင်ဆင်ရတော့သည်။

သပိတ်ဖုံးဖြင့် မစင်များကို ဖယ်ရှား၍ ခပ်ရန်ကြိုးစားပါသည်။ ခပ်လိုက်တိုင်း မစင်တုံး တစ်တုံး,တုံးက အမြဲလို ပါနေပါသည်။

ဘယ်လိုမှ ကြိုးစားခပ်၍ မရသောအခါ ပါလာသော မစင်တုံးကိုပင် လက်ဖြင့် ဆုပ်နယ်ချေမွ၍ သောက်ချလိုက်ပါတော့သည်။

မောပန်းမှုများ၊ ရေဆာလောင်မှုများ ကင်းစင်သွားပါတော့သည်။

တောင်ပေါ် ရောက်သောအခါ တောင်ပေါ်ကျောင်း ဘုန်းကြီးအား ဤအဖြစ်အပျက်ကို လျှောက်ထားရာ **ချေးမစင် မဟုတ်ဘဲ ဝိဇ္ဇာဆေး ဖြစ်နေမှန်း သိရတော့သည်။**

တောင်ပေါ်ကျောင်း ဘုန်းကြီးသည် ပြေးဆင်း၍ ရှာဖွေပါသော်လည်း မတွေ့ရတော့ပေ။

ပဲခူး ရွှေမော်ဓောဘုရားပေါ်က အဖြစ်အပျက်ကလည်း စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။

စေတီတော်၏ ရာဟုထောင့်တွင် နူနာရောဂါသည်ကြီး တစ်ယောက် ဆရာတော်ရှေ့မှာပင် သူ့မှာ ပါလာသော ရေသန့်ဘူးဖြင့် သရက်သီးမှည့်တစ်လုံးကို နယ်ချေ၍ သကြား, ဆား မပါဘဲ အဖျော်ရည်လုပ်ကာ ဆက်ကပ်ပါသည်။

ရောဂါသည်မှာ ရောဂါက အပြည့်၊ လက်မဆေး၊ တွေ့ကရာခွက်နှင့် ကောက်ကပ်သော သရက်သီးဖျော်ရည်ထဲတွင် လက်ပြတ်တစ်ချောင်းက ပေါလောမျော ပါနေပြန်သေးသည်။

ဆရာတော်သည် ထိုဒကာရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ပင် ထိုလက်ပြတ်ကို ဖယ်ရှား၍ ဖျော်ရည်ကို မြိန်ရှက်စွာ ဘုဉ်းပေးလိုက်ပါသည်။

အလှူရှင်သည် ကျေနပ်စွာ သာဓုခေါ်၍ နေရာမှ ပျောက်ကွယ်သွားပါတော့သည်။

ဆရာတော်သည် ကရင်တိုင်းရင်းသား ဖြစ်၏။ ရသမျှ လှူပစ်တတ်သည်။ ရေဆွမ်းသက်သက်ဖြင့် (၄၅)ရက်ကြာ နေခဲ့ဖူးသည်။ ကရင်ပြည်နယ် မီးဖိုင်းတောင်ပေါ်တွင် **ရေဆွမ်း အဓိဋ္ဌာန်အောင်မြင်ခဲ့သည်။**

ဆရာတော်ကြီးသည် ဓုတင်အကျင့်မြတ်များဖြစ်သော တိစီဝရိက်၊ ပိဏ္ဍပါတ်၊ ပိတ္တပိုဏ်၊ ကေသနိက်၊ သုသာန်၊ နေသဇ္ဇိက၊ အဗ္ဘောကာသိက အဓိဋ္ဌာန်များကိုလည်း အခက်အခဲမရှိ အောင်မြင်တော်မူသည်။

ဆရာတော်သည် စေတီအဆူပေါင်း ရာချီ၍ တည်ခဲ့သည်။ သိမ်အလုံးပေါင်း (၁၀၀)ကျော် သမုတ်ခဲ့သည်။ ကျောင်းပေါင်း(၁၀၀)ကျော်၊ ကားစီးရေများစွာ၊ ပြည်တော်ဝင်လာသူ ကရင်တိုင်းရင်းသား (၂၀၀၀၀) ကျော်တို့၏ စားဝတ်နေရေးများ၊ ကျန်းမာရေးများကို တာဝန်ယူစောင့်ရှောက်တော်မူခဲ့သည်။

ဆရာတော်၏ အထူး စွမ်းဆောင်ချက်မှာ ပိဋကတ်သုံးပုံကို ကရင်ဘာသာပြန်ဆိုစေခဲ့သည်။

ဆရာတော် (၁)နှစ် အဓိဋ္ဌာန်၊ (၆)လ၊ (၁)နှစ်၊ (၃)နှစ် အဓိဋ္ဌာန်များကို ကျင့်နိုင်ခဲ့သည်။

**ဆန်၊ သစ်ဥ၊ သစ်သီး၊ ဘောမပါ၊ ဆီမပါ ဆန်ပြုတ်ကိုပင် စား၍ သေါင်းပါးစွာ ကျင့်တော်မူခဲ့သည်။**

ဆရာတော်ကြီးသည် နေ့စဉ်ဘုရား(၃)ကြိမ် ဝတ်တက်သည်။ ဘယ်နေရာရောက်နေနေ ဝတ်မပျက်ခဲ့ပေ။ တစ်ခါဝတ်တက် (၁) နာရီခန့် ကြာတတ်ပါသည်။

ဆရာတော်သည် ဗုဒ္ဓဘာသာဝင်ကရင်များကို စောင့်ရှောက်သာသနာပြုနေမှုကြောင့် အစောပိုင်းတုန်းက နည်းအမျိုးမျိုးဖြင့် လုပ်ကြံတာ ခံခဲ့ရပါသည်။ လုပ်ကြံကြသူများသည် မအောင်မြင်သောအခါ ငိုယိုဝန်ချ တောင်းပန်ကြပါသည်။ တပည့်အဖြစ် ပြောင်းလဲခံယူလာကြပါသည်။

လုပ်ကြံကြသူများကို ကြိုတင်၍ သိရှိနေတတ်ပါသည်။ သေနတ်နှင့်ပစ်ခိုင်းသော်လည်း ကျည်မထွက်ပေ။

မေတ္တာ သစ္စာ အဓိဋ္ဌာန်တန်ခိုးများနှင့် ပြည်သူအပေါ်ထားသည့် စေတနာနှင့် အနစ်နာခံခဲ့သော အကျိုးတရားများက ကျေးဇူးပြုနေခြင်းလည်း ဖြစ်နိုင်ပါလေသည်။ ဆရာတော်သည် ထူးထူးခြားခြား ကျင့်စဉ်ပေါက်မြောက်သော ပုဂ္ဂိုလ်ထူးတစ်ပါးပင် ဖြစ်နေပါတော့သည်။

**လွယ်ကောင်းအောင်**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# t ½ku s Dayg j fa&m* gt wGif

# စကြာမင်း

အမှတ်တံဆိပ်

# ဆေးစွမ်းကောင်းနှစ်လက်

ဦးဉာဏ်ထွန်းရှိန်
(စက်မှု-၁)

'ဟေ့… ကိုဉာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဩော်… စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ လာထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုဉာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်ရိုး (၄ + ၅) အဆစ်တွေမှာ အရိုးကျီးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျီးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျီးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရွှေနေကြီး ဦးညွန့်လှိုင် (စည်ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျီးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးဗျာ'

'ကဲ… လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုဉာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျီးပေါင်းတို့၊ ခါးကျီးပေါင်း။ ဒူးဆစ်ကျီးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ ရှန်းပြန့်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျီးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျီးပေါင်းရောဂါ အမျိုးမျိုးကို နေ့စဉ် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျီးပေါင်းနဲ့ ခါးရိုးကျီးပေါင်း လက္ခဏာတွေက ဘယ်လို ရှိပါသလဲ ဆရာ'




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -၀၅၁၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ကုပ်ဆက်မှာ ကျီးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထုံခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထုံးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြောတက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည်အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်ခိုင်ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံကြောကြီးတွေကို အရိုးကျီးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြုနေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျီးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်–၀၆၁၂YR ၀၀၆၇၀၈

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း၊ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိ ပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်၊လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဇက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေ့ပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုညဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းပါအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျိုးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျိုးပေါင်း၊ ခါးရိုးဆစ်ကျိုးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်ကု လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘဝတူ အရိုးကျိုးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျိုးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် ''စကြာမင်း''လို့ မေးဝယ်ပါ။

q&mjrih
pMumrifaq;wkdf
အမှတ်–၈/၆၆၆ သုဓမ္မာလမ်းမကြီး
သန္တာမှတ်တိုင်အနီး
မြောက်ဥက္ကလာပမြို့နယ်။

ဦးညဏ်ထွန်းရှိန် (စက်မှု–၁)



www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေမြင့်မိုရ်စေတီတော်

ခင်ခင်ဝင်း
(မော်ရဝတီ)

သံလွင်မြစ်ဝ ဘီလူးကျွန်းဌာနက ယက္ကန်းစင်တောင်ဆရာတော်၊ ရသေ့ကြီးဦးခန္တီတို့ သာသနာပြုခဲ့ရာ

# ရွှေမြင့်မိုရ်ဘုရားကြီး

[ အပိုင်း-၁ ]

ကမ္ဘာပေါ်တွင် ရှုခင်းအသာယာဆုံးနှင့် ရေစီးအကြမ်းဆုံးဖြစ်သော သံလွင်မြစ်ကြီးသည် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၏ မြေကမ်းပါးကို ထိတွေ့ပွတ်တိုက် စီးဆင်းလာသည်။

မော်လမြိုင်မြို့၏ အနောက်ဘက်ကမ်းပါးက မုတ္တမပင်လယ်ကွေ့ထဲသို့ မြစ်နှစ်ခွ ခွဲထွက်စီးဆင်းသွားခြင်း ဖြစ်ပါသည်။

မြစ်တစ်မြစ်က မော်လမြိုင်မြို့ဘေးက ဖြတ်စီးကာ မော်လမြိုင်မြစ်အဖြစ် စီးထွက်သွားသည်။ ကျန်မြစ်တစ်မြစ်က ဘီလူးကျွန်း၏ မြောက်ဘက် ဒရယ်ပေါက်မြစ်အဖြစ် စီးဆင်းသွားပါသည်။

မော်လမြိုင်မြို့၏ တစ်ဖက်ကမ်း သံလွင်မြစ်ဝတွင် မော်လမြိုင်မြို့နှင့် အပြိုင် ဘီလူးကျွန်းကြီးက သွယ်တန်းနေလေသည်။

မော်လမြိုင်မြို့ ကမ်းနားလမ်းက ဖြစ်စေ ကျိုက်သန်လန်စေတီတော်၊ နာဂစီသတောင်တန်းပေါ်က သံလွင်မြစ်ကြီး၏ အလှအပ ရှုခင်းများ ကြည့်ရှုခံစားပါလျှင် ဘီလူးကျွန်းကြီးက မပါမဖြစ်သော အလှတစ်ပါး ဖြစ်ပါသည်။

တစ်ခါတစ်ရံ ပင်လယ်ဒီရေ အတက်ကြောင့် ပြည့်လျှံမြင့်တက်လာသော ရေအလျဉ်ကြောင့် ဘီလူး



www.burmeseclassic.com

www.burmeseclassic.com





မြင့်မိုရ်တောင်စေတီကို အဝေးမှ မြင်ရပုံ

မြင့်မိုရ်တောင်သို့တက်ရန် သံဆောင်းတန်းကြီး



ကျွန်းကြီး၏ မြင်ကွင်းက သေးငယ်သော ကျွန်းငယ်လေးအလား ထင်မှတ်မှားသွားစေပါသည်။

ညနေခင်းဆည်းဆာ အရိပ်နှင့်ကြုံပြန်လျှင်တော့ ဘီလူးကျွန်းကြီး၏အလှကို ဝန်းရံဖြည့်စွက်ကြသော သဘာဝ ပတ်ဝန်းကျင်ကြောင့် ဘီလူးကျွန်းကြီးကို ဗဟိုပြုထားသော အလွန်လှပသည့် ဘီလူးကျွန်း၏ ပန်းချီကားတစ်ချပ်အဖြစ် မြင်တွေ့ရပြန်ပါသည်။

အနောက်ဘက် မြစ်တစ်ဖက်ကမ်းတွင်ရှိသော ဘီလူးကျွန်းကြီး၏ တောင်စွယ်များအောက်သို့ ငုပ်လျှိုးပျောက်ကွယ်တော့မည် ဖြစ်သော နေမင်းကြီးသည် သူ၏အလင်းရောင်များအား ကောင်းကင်တစ်ခွင်လုံးသို့ နောက်ဆုံးအနေဖြင့် ဖြန့်ကြက်လွှမ်းခြုံထားဆဲ ဖြစ်ပါသည်။

ထိုထိုသော ပတ်ဝန်းကျင်အလှနှင့် ပိုမို လိုက်လျောညီထွေရှိအောင် ကိုတံငါလှေကလေးနှင့် အိပ်တန်းပြန် ကျေးငှက်တို့ ပျံသန်းဟန်တို့ဖြင့် အသက်ဝင် ဖြည့်စွက်ထားသော သဘာဝ ပန်းချီကားတစ်ချပ်အဖြစ် မြင်တွေ့ရပါသည်။

## သံလွင်မြစ်ဝက ဘီလူးကျွန်းကြီး

ဘီစီ ၂၅၀ မတိုင်မီကပင် ဘီလူးကျွန်းကြီး တည်ရှိနေခဲ့ကြောင်း မှတ်တမ်းများ ရှိပါသည်။

ထိုကျွန်းကြီးထက်တွင် ရှေးအခါက ဘီလူးဟု တင်စားခေါ်ဝေါ်ခဲ့သော အသားမည်းမည်း၊ ဆံပင်



www.burmeseclassic.com

www.burmeseclassic.com

ကောက်ကောက်၊ နှာခေါင်းပွပွ အဝတ်အစားမဝတ်သော နီဂရစ်လူမျိုးများ နေထိုင်ကြသည် ဆိုကြသည်။ မွန်တိုင်းရင်းသားများက သူတို့ကို စမင်း(ရေဘီလူးများ)ဟု ခေါ်ဆိုကြပါသည်။

ဂျီအေဂရီအာဆင် ပြုစုသော အိန္ဒိယဘာသန္တရ လေ့လာမှုစစ်တမ်း၌ **နီဂရိုအနွယ်ဝင် စမင်း**များသည် ဘီစီ ၂၅၀ မတိုင်မီက ယခု ဘီလူးကျွန်းနေရာတွင် နေထိုင်ခဲ့ကြောင်း ဖော်ပြထားပါသည်။

**ပထဝီပညာရှင် တော်လမီ**၏ မှတ်တမ်း၌ ရွက်လွှင့်သွားလာရာတွင် မုတ္တမကွေ့၌ လူသားစားများ တွေ့ရှိခဲ့ကြောင်း ရေးမှတ်ထားပါသည်။ ထိုလူသားစားများသည် နီဂရိုနွယ်ဝင် စမင်းများ ဖြစ်ပါသည်။

သာသနာသက္ကရာဇ် ၂၃၅ (ဘီစီ ၃၀၉) သီရိဓမ္မာသောကရာဇာမင်း လက်ထက်တွင် မဇ္ဈိမဒေသ (အိန္ဒိယ)မှ သာသနာပြုရဟန်းတော် **အရှင်သောဏ နှင့် အရှင်ဥတ္တရမထေရ်**တို့ သုဝဏ္ဏဘူမိ၊ သုဓမ္မဝတီ (သထုံ)သို့ သာသနာပြုကြွ လာကြသည်။

ထိုဒေသသည် သမုဒ္ဒရာနှင့် နီးကပ်သောကြောင့် မင်းနေအိမ်မှ သားဖွားခိုက်ကြ၍ စားရန် ဘီလူးတို့ လာကြကုန်၏။ လူတို့ ကြောက်လန့် ကြွေးကြော်ကြကုန်၏။

ထိုအဖြစ်ကို မြင်သော မထေရ်တို့သည် ပြဟ္မာဦးခေါင်းတစ်လုံးတွင် ခြင်္သေ့ကိုယ်နှစ်ခုရှိသော မနုသီဟ သဏ္ဍာန် ဖန်ဆင်းခြောက်လှန့်ပြသဖြင့် ဘီလူးတို့ ပြေးကုန်၏။



ရွှေမြင်တိုင်ကြေးသွန်းဘုရားကြီး

နောက်ထပ်ဘီလူးတို့ မလာစေရန် ပရိတ်အရံအတားပြု၍ ပြဟ္မဇာလသုတ်တရားကို ဟောကြား၏။ လူပေါင်း ခြောက်ထောင် အရိယာဖြစ်ကုန်၏။ သုံးထောင့်ငါးရာသော ယောက်ျားတို့ ရဟန်းပြုကုန်၏။

ဘုရားစေတီတို့တွင် မနုသီဟပုံများ ထုထားသည်။ မွန်တို့ စလူရွက်၊ ထန်းရွက်တို့တွင် မနုသီဟပုံ ဆွဲ၍ ခေါင်းပေါ်တင် လည်မှာဆွဲကြကုန်၏။ သုဝဏ္ဏဘူမိဂါထာတော် ရွတ်ကြကုန်၏။ ယနေ့တိုင် ရွတ်ကြ၏။

သုဝဏ္ဏဘူမိဂါထာတော်

(ဘီလူးထွက်ပြေးဂါထာ)

သုဝဏ္ဏဘူမိ ဂန္တွာန
သောဏုတ္တရာ မဟိဒ္ဓိကာ။



www.burmeseclassic.com

www.burmeseclassic.com



ပိသာစေ နိဒ္ဒမိတ္တာန၊
ပြဟ္မဇာလ မဒေသယျုံ။

အနက်

**မဟိဒ္ဓိကာ၊** တန်ခိုးကြီးကုန်သော။ **သောဏုတ္တရာ၊** သောဏ, ဥတ္တရ အမည်ရှိသော မထေရ်မြတ် နှစ်ပါးတို့သည်။ **သုဝဏ္ဏဘူမိ၊** သုဝဏ္ဏဘူမိသို့။ **ဂန္တွာန၊** ကြွရောက်တော်မူလာကြ၍။ **ပိသာစေ၊** မြေဖုတ်ဘီလူးတို့ကို။ **နိဒ္ဒမိတ္တာန၊** နှိမ်နင်းတော်မူကြပြီး။ **ဗြဟ္မဇာလံ၊** ဗြဟ္မဇာလသုတ်ဒေသနာတော်ကို။ **အဒေသယျုံ၊** ဟောကြားတော်မူကြကုန်ပြီ။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသီဟ(သာသနဓဇ ဓမ္မာစရိယ)မှ ပြန်ဆိုပေးပါသည်။]***

ထို့နောက် ဘီလူးကျွန်းတွင် ခိုကပ်နေသော နီဂရိုအနွယ်ဝင် စမင်းတို့ကို မွန်တို့ အပြီး တိုက်ခိုက် အောင်မြင်သွားကြလေသည်။ ယခုအခါ ဘီလူးကျွန်းကြီးသည် မွန်ပြည်နယ် (၁၀)မြို့နယ်တွင် ပါဝင်ပါသည်။

ဘီလူးကျွန်းသည် ရှေးအခါက (၆၄)ရွာရှိခဲ့သော်လည်း ယခုအခါ ရွာပေါင်း (ရ၀)ကျော်ပြီ ဖြစ်ပါသည်။

ဘီလူးကျွန်း၏ မြို့တော်မှာ **ချောင်းဆုံမြို့** ဖြစ်ပါသည်။ မော်လမြိုင် မုပွန်ရပ်နှင့် ဘီလူးကျွန်း ကညော်ကျေးရွာတို့ ဆက်သွယ်ထားသော ဗိုလ်ချုပ်အောင်ဆန်းတံတားကြီးကြောင့် ယခုအခါ ဘီလူးကျွန်းကြီးသည် ပွင့်လင်းသာယာလှကာ နိုင်ငံခြားသည့်သည်



● ရွှေမြင်မိုရ်ကြေးသွန်းဘုရား

များ အစဉ် သွားလာ လည်ပတ်နေကြသည်။

စက်မှုလက်မှု ထွန်းကား၍ စင်ကာပူနိုင်ငံထက် ကျယ်ဝန်းသော ဘီလူးကျွန်းကြီးဟု ပညာရှင်များ ပြောကြားသည်ကို မှတ်သားခဲ့ရပါသည်။

ရန်ကုန်က မိတ်ဆွေတချို့ ဘီလူးကျွန်းကို မသိကြတဲ့။ မြန်မာနိုင်ငံ အရပ်ရပ်ကဆိုလျှင် ပို၍တောင် မသိသူ များပါမည်။

အသက်ကြီးသူများ ရှေးရှေးက စာသင်လျှင် ကျောက်သင်ပုန်း ကျောက်တံဖြင့် စာသင်ဖူးကြပါလိမ့်မည်။

သို့ဆိုပါလျှင် ထိုကျောက်သင်ပုန်း ကျောက်တံတို့သည် ဘီလူးကျွန်းမှ ထုတ်လုပ်၍ မြန်မာနိုင်ငံအနှံ့ တင်ပို့



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြောင်း ဘီလူးကျွန်းဖြင့် မိတ်ဆက်အဖြစ် တင်ပြလိုက်ရပါသည်။

## ချောင်းဆုံမြို့က ရွှေမြင့်မိုရ်စေတီ နှင့် ဘုရားတန်ခောင်းများ

လွန်ခဲ့သော နှစ်ပေါင်း(၉၀) ပတ်ဝန်းကျင်က ဘီလူးကျွန်း ချောင်းဆုံမြို့တွင် နေသော ဦးဖိုးကြည်+ဒေါ်ဖွားခင် တို့သည် လယ်ယာစိုက်ပျိုးခြင်းဖြင့် ရိုးသားစွာ နေထိုင်လုပ်ကိုင် စားသောက်ကြပါသည်။

ဦးဖိုးကြည်က အသက်(၅၀)နှစ်၊ ဒေါ်ဖွားခင်က အသက်(၄၅)နှစ်၊ (၁၆)နှစ်အရွယ် သမီးလေး တစ်ယောက် ရှိသည်။

တစ်နေ့သောအခါ ဒေါ်ဖွားခင် အိပ်မက် မက်သည်။ ဘုန်းကြီး တစ်ပါး အိမ်သို့ ကြွလာသည်။

'ဘယ်က ကြွလာလဲဘုရား'

ဟု လျှောက်ထားကြည့်တော့ **''နတ်ပြည် ခြောက်ထပ်က''**ဟုလည်း ပြောသည်။ **''တောင်ကိုးလုံးက''** ကြွလာသည်ဟုလည်း ပြောပါသည်။

ထိုအိပ်မက် မက်ပြီး ငါးရက်ခန့်ကြာသောအခါ အိမ်ရှေ့တွင် ဘုန်းကြီးတစ်ပါး လာရပ်ပါသည်။

အိပ်မက်ထဲကအတိုင်း အသားညိုညို၊ နားရွက်ကြီးကြီး၊ ခြေတော် လက်တော်များ ကြီးကြီး ဖြစ်သည်။ ဒေါ်ဖွားခင်က...

'အရှင်ဘုရား... အိမ်ပေါ်ကို ကြွပြီး သီတင်းသုံးတော်မူပါဘုရား'

ဟု ပင့်လျှောက်တော့ အိမ်ပေါ်သို့



မြင့်မိုရ်တောင်စေတီ ခြေတော်ရာဘုရား

ကြွတော်မူလာသည်။

ဘုရားခန်းတွင် ဆရာတော် သီတင်းသုံးရန် ပြင်ဆင်ပေးသည်။ ညလည်း ရောက်ရော...

'ငါ ထားဝယ်ကို ဘုရားဖူးသွားဦးမယ်'

ဟု ပြောသည်။ ညကြီးအချိန် မတော် ဘယ်လိုများ ကြွသွားမလဲ မသိဟု ဒေါ်ဖွားခင် တွေးနေတုန်း ဘုရားခန်းတံခါး ပိတ်သွားပါသည်။

အသံလည်း တိတ်ဆိတ်သွား၏။ ချောင်းကြည့်ပေါက်က ချောင်းကြည့်လိုက်တော့ ဘုရားခန်းထဲမှာ ဘုန်းကြီး မရှိတော့ပါ။

ဘုန်းကြီး ပြန်ကြွလာလျှင် အိမ်သားတွေ သိအောင် ချောင်းသံပေးပါသည်။ နောက် တစ်ရက်၊နှစ်ရက်ခန့်ကြာတော့ ခရောနီကယ် သတင်းစာထဲမှာ...



www.burmeseclassic.com

www.burmeseclassic.com





မြို့ဝိုက်တောင်စေတီဘေးမှ လျောင်းတော်မူဘုရားအနီးကပ်

ရွှေမြို့ဝိုက်စေတီမုခ်ဝ ချောင်းဆုံ



'ထားဝယ်မြို့က ဘုရားတစ်ဆူမှာ ဘုန်းကြီးတစ်ပါး ကောင်းကင်က ကြွလာပြီး ဘုရားလာဖူးကြောင်း၊ ဘုရားမှာ သော့တွေ ခတ်ပြီး တံခါးများ အလုံပိတ်ထားသော်လည်း ညဘက် ဘုရားဝင်း အတွင်းဝင်ပြီး ဘုန်းကြီးသည် ဘုရားရှိခိုးသည်။ ပုတီးစိပ်သည်'

ဟု ရေးထားကြောင်း ဒေါ်ဖွားခင်တို့ ကြားသိရသောအခါ ဘုန်းကြီး ထားဝယ်သို့ ဘုရားဖူးသွားမည်ဟု ပြောသည့်အချိန်နှင့် တစ်ထပ်တည်း ဖြစ်နေပါသည်။

**''ထူးတဲ့ ဘုန်းကြီးပဲ''** ဟု ဒေါ်ဖွားခင်တို့ ရိပ်မိသွားပါသည်။

ဒေါ်ဖွားခင်က သင်္ကန်းအသစ် ကပ်လှူသောအခါ သင်္ကန်း အဟောင်းကို ဒေါ်ဖွားခင်အား စွန့်လှူသဖြင့် ဒေါ်ဖွားခင် ရိုသေစွာ သိမ်းဆည်းထားပါသည်။

'အရှင်ဘုရားရဲ့ ဘွဲ့တော်ကို မိန့်တော်မူပါဘုရား'

'ယက္ကန်းစင်တောင် ယက္ကန်းစင်တောင် ဦးသြဘာသ'

'သက်တော် ဘယ်လောက်ရှိပြီလဲ ဘုရား'

'နောက် (၃)နှစ်ဆို ရာပြည့်ပြီ'

(၉၇)နှစ်ဟု ပြောသည်။ ကျန်းမာ ဖျတ်လတ် အသံက မာနေရော။

မင်းတို့ ဘုရားဒါယကာဖြစ်မယ်

ဒီနှစ်မှာပဲ ဦးဖိုးကြည်+ဒေါ်ဖွားခင် တို့ လယ်တွေ ရေငန်ဝင်၍ စပါးများ ပျက်စီးကုန်လေသည်။

ဦးဖိုးကြည်က ယက္ကန်းစင်တောင် ဆရာတော်ကို လျှောက်၏။

'ဆရာတော်ဘုရား တပည့်တော်တို့ကို ကယ်ပါဘုရား။ လယ်ထဲ ရေငန်တွေဝင်လို့ စပါးတွေလဲ ပျက်စီးကုန်ပါပြီ။ တပည့်



www.burmeseclassic.com



မြို့မိုက်တောင်ထိပ်မှ ရပ်တော်မူဘုရားကြီး



ရွှေမြို့မိုက်စေတီမှ ခေါင်းလောင်းကြီး

တော်တို့မိသားစု ဘာနဲ့စားမလဲ ဘုရား'

ဆရာတော်က…

'သူဟာသူ ပျက်ချင်ပျက် မပျက်ချင်နေ၊ မင်းတို့ ဘုရားဒါယကာ ဖြစ်ရမယ်'

ဟု မိန့်ပါသည်။ ဦးဖိုးကြည်က…

'ငွေမရှိဘဲ ဘယ်လို ဘုရား ဒါယကာဖြစ်မလဲ ဘုရား'

ဟု လျှောက်တင်၏။

'ကဲ…ငွေဒင်္ဂါးကိုးကျပ် ပေး'

ဟု တောင်း၏။

တစ်ကျပ်တန်ဒင်္ဂါး (၉)ပြား ကပ်လိုက်၏။

ထိုဒင်္ဂါး(၉)ပြားကို တရော်ကင်ပွန်းဖြင့် ဆေးကြောပြီး အပေါ်သို့ မြှောက်တင်လိုက်သည်။ ထိုဒင်္ဂါး(၉)ပြားလုံး ပြန်ကျမလာဘဲ လုံးဝ ပျောက်သွားပါတော့သည်။

ဆရာတော်က…

'ဖိုးကြည်တို့ ဖွားခင်တို့ ဘုရားဒါယကာ သေချာဖြစ်မယ်။ ရွှေမြို့မိုက် စေတီကြီး ပြင်ရမယ်။ ရွှေစက်တော်လို ကိုးခန်းကြီး ဘုရားလဲ တည်ရမယ်။

မတည်ခင်မှာ ဦးခွန့်ဆီသွားလိုက်ဦး။ ငါလွှတ်လိုက်တယ်လို့ပြော။ မင်းတို့ စားဝတ်လျှရေး စီးပွားလုပ်ချင်ရင် မီးသွေးရောင်း'

ဟု မိန့်ပါသည်။

ဦးဖိုးကြည်၊ ဒေါ်ဖွားခင်တို့လည်း မီးသွေးနှင့် သစ်လိုင်စင်ရရန် ကုလားသူဌေး ချောင်ဒရီနှင့် လိုင်စင် အပြိုင်ဆွဲရာ ဦးဖိုးကြည်တို့ လုပ်ခွင့်

 စာမျက်နှာ (၁၇၆) သို့

လေအတွက် အနေမခက်အောင်

လူတိုင်းအတွက် ဆရာဦးခင်ဆွေ၏

# တန်ခိုးရှင်

အမှတ်တံဆိပ်

# ကျောက်ပေါင်းလေနိုင်ဆေး




TMR-013669 (0820)
ထုတ်လုပ်ခွင့်လိုင်စင်အမှတ်-၁၀/၂၀၀၆၊
တဆေးထလတိုး (1251)

လူ၏ခန္ဓာကိုယ်သည် ဓာတ်လေးပါးဖြင့် ဖွဲ့စည်းထားသည်ကို လူတိုင်းသိနားလည်သော်လည်း (ဝါယော)လေသည် အဓိကကျသည်ကိုမူ သတိမမူမိပေ။ ထို့ကြောင့် လေထိုးခြင်း၊ လေအောင့်ခြင်း၊ လေချုပ်ခြင်း၊ ကျောရင်ညှပ်၍ အောင့်ခြင်း အထက်သို့ လေဆန်၍တအေ့အေ့နှင့် လေအန်ခြင်း၊ လေပူထခြင်း၊ ကြေညက်ခဲသောအစာနှင့် အအေးစာများစားမိ၍ အစာမကြေဖြစ်ခါ အစာမစားလိုခြင်း၊ အစာအိမ်လေနာဖြစ်ခြင်း၊ လေပွခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ လေချုပ်၍ ဝမ်း နေ့စဉ် ပုံမှန်မသွားသောကြောင့် ဝမ်းချုပ်ခြင်း၊ စမြင်းခံခြင်း ဝမ်းသွားအားမရ၍ ညှစ်၍သွားရခြင်း၊ ဆီးချုပ်ခြင်း၊ ဆီးနည်းခြင်း၊ ဆီးကျန်ခြင်းများ၊ ဓမ္မတာသွေးချုပ်ခြင်း၊ သွေးကျန်ခြင်းများ၊ လေသည်အထက်သို့သာတက်၍အောက်သို့မသက်ခြင်းကြောင့် အကြောတက်၊ အကြောတင်းခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း။

ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များ ဖန်စာ၊ ချုပ်စာစားမိ၍ ကလေးလေနာခြင်း၊ လေထိုးခြင်း၊ လေဆန်နာဖြစ်ခြင်း၊ နို့အန်ခြင်းတို့သည် လေနှင့်ပတ်သက်သောကြောင့် လေသည် ပွားများနေလျှင် လည်းကောင်း၊ လေအားနည်း၍ လေချုပ်နေလျှင်လည်းကောင်း၊ အထက်ပါရောဂါများ ဖြစ်တတ်ပါသဖြင့် လေကို (အထူး)ဂရုစိုက်ရန် လိုအပ်ပေသည်။ သွေးအတွင်းရှိလေ၊ အသားအတွင်းရှိလေ၊ အကြောအတွင်းရှိလေ၊ အစာအိမ်အတွင်းရှိလေ အပူအပုပ်များအောက်သို့ တဖြူးဖြူးနှင့် သက်၍ သွေးလေ ညီညွတ်မျှတကာ နေ့စဉ် ဝမ်းမှန်ပြီး အဆီကျ၍ ကိုယ်လက်ပေါ့ပါးစေရန်အတွက် ထုတ်လုပ်ထားသောဆေး ဖြစ်ပါသည်။

တန်ခိုးရှင် ဆေးတိုက် အမှတ်-(၁၉၂)၊ ရော(၈)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၂၈ ၆၃၅ ၂၂၅၊ ၀၉ ၈၆၃ ၅၂၂၅၊ ၀၉ ၂၅၀ ၀၁၅ ၀၈၇။

အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။




www.burmeseclassic.com

မုန်းဒေသမှ

# မှေတော်ဘုရားနှင့်

စိတ်ဝင်စားဖွယ်ရာများ

ဓင်းကုဒ္ဒိ
(ဂမ္ဘီရတောင်တန်း)



✦ ညီတော်တောင်စေတီတော်ကို အနီးကပ်ရိုက်ကူးထားပုံ

မုန်းဒေသဆိုသည်မှာ **ပဲခူးတိုင်းဒေသကြီးအတွင်း ပါဝင်သော မုန်းမြို့၏ အနီးဝန်းကျင်ကျေးရွာ**များကို ခေါ်ခြင်းဖြစ်သည်။

ပဲခူးရိုးမ(ခေါ်) အလယ်ရိုးမ တောင်တန်းကြီးနှင့် ရှမ်းရိုးမ(ခေါ်) အရှေ့ရိုးမ တောင်တန်းကြီးတို့၏ အကြားတွင် တည်ရှိပြီး စစ်တောင်းမြစ်ဖျား အရှေ့ဘက်ခြမ်းတွင်ရှိ၍ တောတောင်လျှိုမြောင် စိမ့်စမ်း ပေါများလှသည်။

အရှေ့ဘက်တွင် ကရင်ပြည်နယ်နှင့် ဆက်စပ်နေပြီး တောတောင်အလွန်ထူထပ်သည်။ **အနောက်ဘက် (၁၃)မိုင်အကွာတွင် ဖြူးမြို့**ရှိသည်။ အရှေ့တောင်ဘက် (၂၂) မိုင်ကျော်ခန့်တွင် **ကျောက်ကြီးမြို့**ရှိသည်။ မြောက်ဘက်တွင် **တောင်ငူမြို့ကြီးနှင့် (၃၅)မိုင်**ကျော်ခန့် ကွာဝေးသည်။

ကရင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့(ကေအင်ယူ) ကြီးစိုးခဲ့သည့် နယ်မြေဖြစ်၍ မြေမြှုပ်မိုင်းပေါက်ကွဲမှုများကြောင့် နာမည်ကြီးသော ဒေသလည်း ဖြစ်သည်။

ထို့ကြောင့် မုန်းဒေသတောတောင်များအတွင်း လူသွားလူလာ အရောက်အပေါက် နည်းပါးသည်။ ယခုအခါ တပ်မတော်နှင့် ကေအင်ယူတို့ ယာယီ အပစ်အခတ် ရပ်စဲထားသဖြင့် ထိုဒေသမှာ လုံခြုံအေးချမ်းမှု အထိုက်အလျောက် ရှိနေပြီ ဖြစ်ပါသည်။

ကျောက်ကြီး-မုန်း- တောင်ငူ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com





နောင်တော် တောင်ထိပ်စေတီမြန်လည်ပြုပြင်တည်ထားပုံ

ဆက်သွယ်ထားသော မော်တော်ကားလမ်းလည်း ကတ္တရာလမ်း ကောင်းမွန်နေပြီဖြစ်၍ သွားရေးလာရေး လွယ်ကူမြန်ဆန်နေပြီ ဖြစ်သည်။

**မွေတော်ရွာ၊ မဲပုပ်ရွာ၊ ကြောင်ပြာရွာ**တို့ကို မုန်းဒေသဟု ခေါ်ခဲ့ကြသည်။ မုန်းမြို့၏ အရှေ့တောင်ဘက် (၁၀)မိုင်ကျော်ခန့်သာ ကွာဝေးသည့် ကျေးရွာများဖြစ်ကြသည်။

အရှေ့ဘက်တွင် **မဲပုပ်ရွာ၊** အလယ်တွင် **မွေတော်ရွာ၊** အနောက်ဘက်တွင် **ကြောင်ပြာရွာ**များ အစဉ်အတိုင်း တည်ရှိသည်။

**ထိုရွာများမှာ ယခင်က ရှမ်းတိုင်းရင်းသားများ နေထိုင်ခဲ့ကြသည်။**

ကြောင်ပြာရွာနှင့် မွေတော်ရွာတို့မှာ စစ်တောင်းမြစ်၏ အရှေ့ဘက်မှ စီးဝင်သော ပြဒါးချောင်း၏ တောင်ဘက်ကမ်းတွင် ရှိကြပြီး မဲပုပ်ရွာမှာ ပြဒါးချောင်းအတွင်း စီးဝင်သော မဲပုပ်ချောင်းအနီးမှာ တည်ရှိသည်။

ကြောင်ပြာရွာမှာ ရှေးပဒေသရာဇ်မင်းများ လက်ထက်က အလွန်စည်ကားခဲ့သည့် ကျောင်းပြားယော်မြို့ ဖြစ်ခဲ့ဖူးသည်။

တောင်ပေါ်ဒေသ ထွက်ကုန်များဖြစ်သော ဒူးရင်းသီး၊ တညင်းသီး၊ ကွမ်းသီး၊ ပျားရည်၊ ပျားဖယောင်း၊ အသားခြောက်၊ သစ်၊ ဝါးစသည်တို့နှင့် မြေပြန့်ထွက်ကုန်များ ဖြစ်သော ဆန်,ဆီ,ဆား,အဝတ်အထည် လူသုံးကုန်စသည်တို့ကို ကုန်ပစ္စည်းချင်း ဖလှယ်ကြရာ ဆိပ်ကမ်းမြို့ဖြစ်သည်။

စစ်တောင်းမြစ်နှင့် မဝေးလှဘဲ ပြဒါးချောင်းကမ်းတွင် ရှိသော ကျောင်းပြားယော်မြို့မှာ လှေ၊ ဖောင်များ ဆိုက်ကပ်ရန် ဆိပ်ကမ်းကောင်းမွန်ပြီး ကုန်းလမ်းမှလည်း ဆင်များ၊ လှည်းများနှင့် သွားလာနိုင်ခြင်းကြောင့် ဖြစ်သည်။

ကောဇာသက္ကရာဇ် ၁၁၄၆ ခုနှစ် စစ်တမ်းကောက်ယူချိန်တွင် ဟံသာဝတီလက်အောက်ခံမြို့အဖြစ် တည်ရှိနေသေးသည်။

လွတ်လပ်ရေးရပြီး နောက်ပိုင်းပြည်တွင်း သောင်းကျန်းမှုများကြောင့် နယ်မြေ လုံခြုံအေးချမ်းမှုမရှိခြင်းကြောင့် မြို့ပျက်၊ ရွာပျက်ဖြစ်ခဲ့ရသည်။

ကျောင်းပြားယော်မြို့ ပျက်ပြီး ကြောင်ပြာရွာအဖြစ် ဆက်လက်တည်ရှိခဲ့သည်။

F.9B. July, 2019.



www.burmeseclassic.com

www.burmeseclassic.com





◆ ညီတော်တောင်စေတီသို့ အတက်လမ်း

ရှေးဟောင်းဘုရား၊ ကျိုက်တမော့နွတ် နောင်တော်ဘုရားအတက်လမ်းမှ ဂဝံကျောက်တုံးလှေကားထစ်များ။ ◆



ကြောင်ပြာရွာလည်း ပျက်ပြုန်းသည်။ ထို့နောက် မြိုင်ကြီးငူ ဆရာတော်ဦးသုဇနမှ **ဆွေနံ့သာမြိုင်ဟူသော ရွာသစ်**အဖြစ် ပြန်လည်တည်ထားပေးခဲ့သည်။

ကျောင်းပြားယော်မြို့ စည်ကားခဲ့စဉ်က **ရာမညတိုင်း၊ ကေလာသတောင်ခြေတွင် ထီးနန်းစိုးစံသည်။** စူဠသိရိမာသောကမင်းသည် မဇ္ဈိမဒေသမှ ကြွလာသည့် အရှင်သောဏ၊ အရှင်ဥတ္တရဦးဆောင်သော သာသနာပြုရဟန်းတော်များ၏ ဖော်ထုတ်ပေးချက်အရ ပြန်လည် တူးဖော်ရရှိသည့် သွားတော်ဓာတ်များ(၃၃)ဆူနှင့် ထိုသာသနာပြုရဟန်းတော်များ ပင့်ဆောင်ခဲ့သည့် ဆံတော်များကို ရာမညတိုင်းအတွင်း မြို့ရွာများသို့ ဝေငှပေးကာ စေတီဘုရား တည်ထား ကိုးကွယ်စေခဲ့ပါသည်။

သာသနာတော်နှစ် (၂၃၆) ဝန်းကျင် ဖြစ်ပါသည်။ ထိုစဉ်ကာလတွင် ကျောင်းပြားယော်မြို့က ရရှိခဲ့သည့် **မြတ်စွာဘုရား၏ ဆံတော်(၁)ဆူနှင့် သွားတော်ဓာတ်(၁)ဆူ**တို့ကို မြို့အရှေ့ဘက် မနီးမဝေးတွင်ရှိသော ကျောက်တောင်ကုန်းငယ်တစ်လုံးစီ၏ ထိပ်၌ ဌာပနာသွင်း၍ စေတီတော်များ တည်ထားကိုးကွယ်ခဲ့ကြသည်။

**ထို ကျောက်တောင်ကုန်း နှစ်လုံးအနက် ကျောက်တောင်ကုန်းကြီးထိပ်တွင် ဆံတော်ဌာပနာပြီး ကျောက်တောင်ငယ်ထိပ်တွင် သွားတော်ဓာတ်ကို ဌာပနာခဲ့ပါသည်။**

မွန်ဘုရင်၏ သြဇာအာဏာသက်ရောက်ရာဒေသဖြစ်၍ ဘုရားစေတီနှစ်ဆူ၏ ဘွဲ့အမည်ကို မွန်ဘာသာစကားဖြင့် ပေးခဲ့ကြသည်။

**"ကျိုက်ကမော့နွတ်၊ ကျိုက်ကမော့တွတ်"**ဟူ၍ ဖြစ်ပါသည်။ ဒေသခံတို့၏ အသံထွက်မှာ **"ကျိုက်မော့နွတ်နှင့် ကျိုက်မော့တွတ်"**ဟူ၍ ဖြစ်သည်။

**မြန်မာလိုဆိုလျှင် ကျောက်လုံးကြီးဘုရား၊ ကျောက်လုံးငယ်ဘုရား ဖြစ်သည်။**

ကျောက်တောင်ကုန်းအကြီး ထိပ်ရှိ ဘုရားစေတီက **"ကျိုက်မော့နွတ်"**ဖြစ်ပြီး ကျောက်တောင်ကုန်းငယ်ထိပ်ရှိ ဘုရားစေတီမှာ **"ကျိုက်မော့တွတ်"**ဖြစ်သည်။ (**နွတ်**=အကြီး၊ **တွတ်**=အငယ်)

မွန်တိုင်းရင်းသားများ ဤဒေသတွင် နေထိုင်ခဲ့ကြသည့် ကာလများတစ်လျှောက် ထိုဘုရားစေတီများကို မွန်ဘာသာစကားဖြင့်သာ ခေါ်ခဲ့ကြသည်။

ထို့နောက်ပိုင်းတွင် မွန်တိုင်းရင်းသားများ အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်းသွားကြပြီး သာသနာ ၁၆၅၅ ခန့်တွင် ပုဂံပြည်မှ အနော်ရထာမင်းက သထုံကို သိမ်းပိုက်ပြီးနောက် သထုံဒေသရှိ ရှမ်းတိုင်းရင်းသားများသည် သထုံ၏



www.burmeseclassic.com

မြောက်ဘက်သို့ တောတောင်လမ်းများအတိုင်း ရှောင်တိမ်းထွက်ခွာလာရာမှ ကျောင်းပြားယော်မြို့နေရာတွင် အုပ်စုတစ်စု အခြေချ နေထိုင်ခဲ့သည်။

ရှမ်းတိုင်းရင်းသားများ အခြေချနေထိုင်သည့် အချိန်ကာလတွင် ကျိုက်မော့ရွတ်နှင့် ကျိုက်မော့တွတ် တောင်ကုန်းများ၏ အနောက်ဘက်နှင့် မြောက်ဘက် အနီးဝန်းကျင်၌ လူနေအိမ်ခြေများ ဆောက်လုပ်နေထိုင်ခဲ့ကြသည်။

တောင်ကုန်းထိပ်မှ စေတီငယ်များကို ပြန်လည်ပြုပြင်၍ ဆက်လက် ကိုးကွယ်ခဲ့ကြရာ မူလစေတီဘွဲ့အမည်များကို မသိရှိတော့ဘဲ ယင်းတို့ ရှမ်းဘာသာစကားဖြင့် **"မွေတော်"**ဟုသာ ခေါ်ကြတော့သည်။ ဘုရားစေတီ အနီးအနားရှိ ရွာငယ်ကိုလည်း **"မွေတော်ရွာ"** ဟု ခေါ်ကြသည်။

နယ်မြေ လုံခြုံအေးချမ်းမှုမရှိသဖြင့် ကြောင်ပြာရွာနည်းတူ မွေတော်ရွာလည်း ပျက်ခဲ့သည်။ မြန်မာသက္ကရာဇ် (၁၃၆၀/၁၃၆၁)ခန့်တွင် မြိုင်ကြီးငူဆရာတော်ကြီး ကြွရောက်လာသည်။

ထို့နောက် မွေတော်စေတီ ပြိုပျက်များကို ပြန်လည် ပြုပြင်တည်ထား၍ ကျောက်တောင်ကုန်းကြီးထိပ်ရှိ စေတီတော်ကို **"ဆံတော်ရှင် မဟာ ဓာတုဗလ စေတီ"**ဟု လည်းကောင်း၊ ကျောက်တောင်ကုန်းငယ်ထိပ်ရှိ စေတီတော်ကို **"မဟာမွေသရီရစေတီ"**ဟု



◆ မွေတော်ဘုန်းတော်ကြီးကျောင်း ဆရာတော်ဦးတေဇနိယ

◆ မွေတော်ဘုန်းတော်ကြီးကျောင်း



လည်းကောင်း ဘွဲ့မည်သစ် သမုတ်ကာ မော်ကွန်းကျောက်စာ ရေးထိုးခဲ့ပါသည်။

ဒေသခံတို့က **နောင်တော်တောင်နှင့် ညီတော်တောင်ဟုသာ** အလွယ်ခေါ်ကြသည်။

**ဤစေတီ တောင်ကုန်းများ၏ အနီးဝန်းကျင်ရှိ အင်းပင်များမှာ ပင်လုံးကြီးမားခြင်းမရှိဘဲ ပင်လုံးသေးသေးနှင့် မြောင့်တန်း ရှည်လျားမြင့် မားကြခြင်းမှာ ထူးခြားမှုတစ်ခု ဖြစ်ပါသည်။**

ဘုရားကုန်းတော်၏ မြောက်ဘက် (၁)မိုင်ခန့်တွင် **မဲပုပ်ရွာနှင့် မဲပုပ်ချောင်း**ရှိသည်။ မဲပုပ်ချောင်းသည် ပြဒါးချောင်းအတွင်း စီးဝင်သည်။

၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလက စာရေးသူ မွေတော်ဘုရားသို့ ရောက်ရှိခဲ့စဉ် ညီတော်တောင်ထိပ်စေတီရင်ပြင်အနီးမှာ ဘုန်းတော်ကြီးကျောင်းငယ်ရှိသည်။ တောင်ခြေရှိ မွေတော်ရွာမှာ လူနေအိမ်ခြေ ငါးလုံးခန့် တွေ့ခဲ့ရသည်။

စာရေးသူရောက်ပြီး မကြာမီ ၂၀၀၅ ခုနှစ်ဆန်းပိုင်းမှာ လက်နက်

ကိုင်များ မွေတော်ရွာကို ဝင်ရောက် ပစ်ခတ်တိုက်ခိုက် မီးရှို့ကြသဖြင့် အိမ်များ မီးလောင်၊ တောင်ကုန်းထိပ်ရှိ ဘုန်းကြီးကျောင်းလည်း ပျက်စီးခဲ့ကြောင်း သတင်းကြားရသည်။

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် စာရေးသူ ဒုတိယအခေါက်အဖြစ် မွေတော်ရွာကို ပြန်ရောက်သည်။ ရွာတွင် လူနေအိမ်ခြေများ မတွေ့ရှိရပါ။

တောင်ခြေရှိ ဘုန်းတော်ကြီးကျောင်းနှင့် သာသနိက အဆောက်အအုံများစွာ တိုးတက်စည်ကားလာ၍ နတ်ရေတွင်းနှင့် နတ်နန်းဆောင်များလည်း တွေ့ရှိရသည်။

ကျောင်းထိုင် ဆရာတော်မှာ ဦးတေဇနိယ **သက်တော်(၅၀)၊ ဝါတော်(၃၀)။** ကျောက်ကြီးမြို့ ဇာတိဖြစ်၍ ၂၀၀၅ ခုနှစ် မွေတော်ရွာ မီးရှို့ခံရပြီးနောက်ပိုင်း ဤနေရာသို့ ရောက်ရှိ သီတင်းသုံးခဲ့ကြောင်း သိရသည်။

နောင်တော် တောင်ကုန်းထိပ် စေတီတော်သို့ အတက်လမ်းမှာ ရှေးခတ်ကခင်းထားသည့် ဂဝံကျောက်တုံးကြီးများဖြင့် လုပ်ထားသောလှေကားထစ်များ တွေ့ရသည်။


အောက်ခံ ဖိနပ်တော်မှာလည်း ဂဝံကျောက်တုံးကြီးများ တွေ့ရသဖြင့် စေတီတော်သည် မူလက ဂဝံကျောက်တုံးများနှင့်သာ တည်ထားသော စေတီတော်ကြီး ဖြစ်ပေမည်။

**မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက္ကသာမြို့ဟောင်းတွင် လည်းကောင်း၊ ဘီးလင်းမြို့နယ်၊ ဇုတ်သုတ် ကျေးရွာတွင် လည်းကောင်း ဖူးမြင်ခဲ့ရသော ရှေးဟောင်းစေတီဘုရားများမှ ဂဝံကျောက်တုံးအရွယ်အစားမျိုး ဖြစ်သည်။**

**နဂါးရောင်ခြည်မဂ္ဂဇင်း (၃၃)နှစ်ပြည့် အမှတ်တရ အထူးထုတ်**

သစ်တောမင်းကြီးဦးအောင်မြင့်၏ကောင်းကင်ဓာတ်ပုံများမှ မြန်မာ့ရှေးဟောင်းမြို့များစာအုပ်

**ဟံသာဝတီ(၃၃)မြို့တွင်ပါဝင်သော မြို့ဟောင်းအချို့ တည်နေရာပြ မြေပုံကြမ်း**




ထို ဂဝံကျောက်တုံးများကို တူးယူထားသည့်နေရာသည် ဘုရားကုန်းတော်၏ အရှေ့ဘက်တွင် ရောမရေကန်ကြီးဖြစ်နေသည်ကို ယခုတိုင် တွေ့မြင်နိုင်ပါသည်။

မူလက ထုထည်ကြီးမား ဘုန်းတော်မြင့်မားသော စေတီတော်ကြီးများ ဖြစ်ခဲ့သည်။ မြိုင်ကြီးငူဆရာတော်မှ စေတီငုတ်တိုကြီးများပေါ်မှ အရွယ်အစားသင့်ရုံမျှသာ ပြန်လည်တည်ထားနိုင်ခဲ့ခြင်းသာ ဖြစ်ပါသည်။

လက်ရှိ ကျောင်းထိုင်ဆရာတော်က ညီတော်စေတီကို ရွှေဆေးသင်္ကန်းကပ်လှူကာ ပြုပြင်ထားသဖြင့် လွန်စွာ သပ္ပါယ်နေပါသည်။

နောင်တော်စေတီမှာမူ ရွှေသင်္ကန်းတော် မကပ်လှူ မပူဇော်ရသေး၍ ရောင်ဝါမထွန်းပဘဲ ဖြစ်နေသည်။

ရှေးဟောင်းမြို့ ကျောင်းပြား

www.burmeseclassic.com

ယော်(ခေါ်) ကြောင်ပြာရွာ(ခေါ်) ဆွေနံ့သာမြိုင်ရွာ၏ အရှေ့ဘက် (၃)မိုင်ခန့်အကွာမှာ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဆံတော်ဌာပနာထားသော ကျိုက်မော့ခွတ်နှင့် သွားတော်ဓာတ် ဌာပနာထားသည့် ကျိုက်မော့ခွတ်ခေါ်သော ရှေးဟောင်း မွေတော်ဘုရားစေတီများ ပါရှိပါသည်။

သွားရောက် ဖူးမြင်လိုပါက **ရန်ကုန်မြို့မှ နေပြည်တော် အမြန်လမ်းအတိုင်း (၉၉)မိုင် (၄)ဖာလုံတွင် အောင်မင်္ဂလာ–သရက်စိန် လမ်းခွဲအတိုင်း အမြန်လမ်း အရှေ့ဘက်သို့ ကတ္တရာလမ်း (၄) မိုင်မောင်းသွားပြီး**လျှင် လမ်းဟောင်း ရောက်ပါသည်။

လမ်းဟောင်းအတိုင်း တောင်ဘက်သို့ အောင်မြင်မြို့ကို ကျော်သည်နှင့် ပဲခွယ်ကုန်းမြို့သို့ ရောက်သည်။

ပဲခွယ်ကုန်းမြို့ တောင်ဘက်အထွက်တွင် အရှေ့ဘက်သို့ ကတ္တရာလမ်းခွဲ (၁၇)မိုင်ကျော် ကျောက်ကြီးမြို့သို့ လမ်းညွှန်ရှိသည်။ ထိုလမ်းအတိုင်း မောင်းသွားပြီး စစ်တောင်းမြစ်ကူးတံတားကျော်လျှင် နတ်သံကွင်းမြို့ရောက်သည်။

နတ်သံကွင်းမြို့မှ ဆက်မောင်းပြီးနောက် ကျောက်ကြီးမြို့ မရောက်မီ တစ်မိုင်၊ နှစ်ဖာလုံအလိုတွင် ဆိပ်ကြီးဝရွာ ရောက်သည်။ ဆိပ်ကြီးဝရွာမှ မြောက်ဘက်သို့ ကျောက်ကြီး–မုန်း ကတ္တရာလမ်း မော်တော်ကားလမ်းအတိုင်း (၁၀)မိုင်ခန့် မောင်းသွားပြီး **"ဆွေနံ့သာမြိုင်ရွာသို့"** လမ်းညွှန် ဆိုင်းဘုတ်ကို လမ်း၏ အရှေ့ဘက် မြေနီလမ်းခွဲထိပ်မှာ တွေ့မြင်ရသည်။

ထို မြေနီလမ်းအတိုင်း မောင်းဝင်သွားပါက (၂)မိုင်ခန့်တွင် ဆွေနံ့သာ မြိုင်ရွာ (ကြောင်ပြာရွာဟောင်း) တွေ့မည်။

ထိုလမ်းအတိုင်း ဆက်မောင်းသွားလျှင် (၃)မိုင်ခန့် အရောက်၌ လမ်း၏ညာဘက်တွင် သာသနာ့အလံ စိုက်ထားသော လမ်းအတိုင်း မောင်းဝင်သွားပါက မွေတော်ကျောင်းသို့ ရောက်ပါပြီ။

သစ်ကားများ မောင်းသော လမ်းဖြစ်၍ အောက်ခြေမြင့်သော ကားများဖြင့် သွားပါက အဆင်ပြေ ချောမောမည် ဖြစ်ပါသည်။

ကျောင်းပြားယော် မြို့ဟောင်း မြေပုံကြမ်းနှင့် သွားတော်ဓာတ် (၃၃)ဆူ စာရင်းတို့ကို နောက်ဆက်တွဲဖြင့် ဖော်ပြပေးလိုက်ပါသည်။

*** ⟶

***တစ်ခါတစ်ခေါက် သွားရောက် ဖူးမြင်နိုင်ကြပါစေ။***

**မင်းကူဒွိ**
**(ဂမ္ဘီရတောင်တန်း)**

သထုံစေတီဝင်အရ
သွားတော်ဓာတ်စေတီ(၃၃)ဆူ
ပူဇော်ထားသော စာရင်း

| စဉ် | တည်ရာဒေသ | စေတီဘွဲ့ |
|---|---|---|
| ၁ | သထုံမြို့ဟောင်း | – ကေလာသစေတီ |
| ၂ | ဇုတ်သုတ်မြို့ | – ဇုတ်သုတ်စေတီ |
| ၃ | သထုံမြို့သစ် | – ရွှေစာရံစေတီ |
| ၄ | ယပ်မားမြို့ | – ကျိုက်ယပ်မား |
| ၅ | စစ်တောင်းမြို့ | – ကျိုက်ကလံဇန် |
| ၆ | စရစ်မြို့ | – ကျိုက်စရစ် |
| ၇ | သလွန်မြို့ | – ကျိုက်စလွန် |
| ၈ | သုရဲမြို့ | – ကျိုက်သုရဲ |
| ၉ | ကျောက်မော်မြို့ | – ကျိုက်တလင် |
| ၁၀ | ကျောင်ပြာမြို့ | – ကျိုက်မော့ခွတ် |
| ၁၁ | ကောလိယမြို့ | – ကျိုက်မုခလ |
| ၁၂ | မောရဋ္ဌယမြို့ | – ကျိုက်မွန် |
| ၁၃ | ဒိုန်မယ်မြို့ | – ကျိုက်ခွက် |
| ၁၄ | အခရိန်မြို့ | – ကျိုက်နတ် |
| ၁၅ | ကမော့ခွတ်မြို့ | – ကျိုက်မုနိုင် |
| ၁၆ | ဇုတ်ကနတ်မြို့ | – ကျိုက်ဇုတ်ကနတ် |
| ၁၇ | မော်လမြိုင်မြို့ | – ကျိုက်သံလံ |
| ၁၈ | ခမောင်နတ်မြို့ | – ကျိုက်မူနန်း |
| ၁၉ | ဇာသပြင်မြို့ | – ကျိုက်ပိုင်ကြဲ |
| ၂၀ | မုတ္တမမြို့ | – ကျိုက်တမော့ |
| ၂၁ | ကျိုက်ဒေါ်မြို့ | – ကျိုက်ဒေါ် |
| ၂၂ | ကျိုက်ကသာမြို့ | – ကျိုက်ကသာ |
| ၂၃ | ကျိုက်ရိုမြို့ | – ကျိုက်ရို |
| ၂၄ | တစ်စီမြို့ | – ကျိုက်တစ်စီ |
| ၂၅ | မုပ္ပလင်မြို့ | – ကျိုက်သလုံ |
| ၂၆ | ဘီးလင်းမြို့ | – သောဏုတ္တရစေတီ |
| ၂၇ | မိုးညက်မြို့ | – ကျိုက်မိုးညက် |
| ၂၈ | မိုးနိုင်မြို့ | – ကျိုက်မိုးနိုင် |
| ၂၉ | ကျိုက်ထိုမြို့ | – ကျိုက်ထို |
| ၃၀ | မုက္ကအူမြို့ | – ကျိုက္ကအူ |
| ၃၁ | ကျိုက်ကော်မြို့ | – ကျိုက်ကော် |
| ၃၂ | ရွှေဂွန်းမြို့ | – လက်ခလယ်စေတီ |
| ၃၃ | ပဝါမြို့ | – ပဝါစေတီ |





www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

သားသား၊ မီးမီး ကျန်းမာရေး…

# ဖိုးလမင်း

ခြုံသလိပ်ပျော်

သူငယ်နာရင်လူးဆေး




New Product of Set Kyar Minn Pharmaceuticals

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR 011215(0118)

## …"သတင်းကောင်းလေး ပါးလိုက်ပါရစေ"…

ကျွန်မတို့ မိန်းမသားအများစုဟာ တစ်နေ့မဟုတ်တစ်နေ့ မိခင်များဖြစ်လာကြရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ မေမေ၊ ဖေဖေတို့ခေတ်နဲ့ကျွန်မတို့ခေတ်ဟာအတော်လေးကွာခြားလို့ လာပါတယ်။ မေမေ ပြောစကားအရဆိုရင် မေမေတို့ခေတ်မှာ ရင်သွေးငယ် မီးဖွားတဲ့နေရာမှာပင် အတော်ကွာခြားနေပါပြီ။ ကျွန်မတို့ခေတ်က ရင်သွေးငယ်မီးဖွားရင် ခေတ်မီစွာနဲ့ လွယ်လင့်တကူ မွေးဖွားနိုင်ကြပါတယ်။ အချို့ဆိုရင် မိမိရင်သွေးကို မိမိလိုချင်တဲ့ နေ့၊ ရက်၊ လ၊ အချိန် နာရီ အတိအကျ ဗိုက်ခွဲပြီး မွေးဖွားလို့ရတဲ့ခေတ် ဖြစ်ပါတယ်။

မီးဖွားပြီးတော့လည်း မိခင်များမှာ မေမေတို့ခေတ်ကလို ခုနစ်ရက်လုံးလုံး မီးဖိုဘေးမှာနေပြီး မီးလှုံစရာမလိုတော့ပါ။ ပြီးတော့ နနွင်းလိမ်းခြင်း၊ သောက်ခြင်းတွေလည်း လုပ်စရာမလိုတော့လို့ ကျွန်မတို့လို ယနေ့ခေတ် သားဖွားမိခင်များအဖို့ အတော်လေးကို သက်သောင့်သက်သာ ရှိလှပါတယ်။

ကျွန်မမေမေကတော့ ကျွန်မသားလေးမွေးဖွားစဉ်က "ဆေးသုံးလည်းမလွယ်နဲ့ ရေးထုံးလည်းမပယ်နဲ့" လို့ ပြောပါတယ်။ နနွင်းနဲ့တောင်တန်းကြီးကို ရောသွေးပြီး အောက်ပိုင်းတွေ လိမ်းပေးပါတယ်။ ဆန္ဒမရှိပေမယ့်လည်း မေမေ့ရဲ့စေတနာကို ဥပက္ခာ မပြုရက်လို့ လိမ်းခဲ့ရပါတယ်။

အဲ့လိုမေမေရဲ့ စေတနာ၊ မေတ္တာကြောင့်နဲ့တူတယ် အခု သားလေးမောင်ဘုန်းမြင့်စန့် ၁၁ နှစ်ရှိလာသော်လည်း ကျွန်မမှာ ခြေတွေလက်တွေ ထုံကျဉ်ကိုက်ခဲတာ မဖြစ်ဘူးလေ။ ကျွန်မ သူငယ်ချင်းတွေဆို မိုးလေးအေးလာတာနဲ့ ခြေတွေလက်တွေ ကိုက်ခဲတယ်လို့ အမြဲညည်းနေတာတွေ့ရတော့ မေမေ့ကိုအရမ်း ကျေးဇူးတင်မိပါတယ်ရှင်။ ကျွန်မ ရေးထုံးမပယ်ခဲ့တဲ့ အကျိုးကျေးဇူးပေါ့…။

သားလေးသုံးလသားလောက်မှာ ကျွန်မအနေနဲ့ ဝမ်းချုပ်၊ လေချုပ်ပြီး အစာမကြေနိုင်တဲ့အစားအစာ စားမိတယ်နဲ့ တူတယ်။ သားလေးမှာ နို့ဗိုပြီး ထိုးလည်းနည်း၊ ဝမ်းလည်းနည်း။ ဗိုက်ကလေးကားယ်လို့ တအင့်အင့်နဲ့ မအီမသာဖြစ်ပြီး မအိပ်နိုင်ရှာဘူး။ ပြီးတော့ နို့တိုက်တော့လည်း မစို့၊ အတင်းနို့နဲ့ မျက်နှာလွှဲရုန်းပြီး ငိုနေတော့တာပဲရှင်။

ဒါနဲ့ မောင့် ဖေဖေ ကျွန်မယောက္ခမက "သမီး မြေးလေး ဘာဖြစ်တာတုန်း" လို့မေးကာ သားလေးကို အနီးလှမ်းကြည့်တော့ "ဟာ သမီး မြေးလေးက ရင်ပြည့်ရင်ကယ်ဖြစ်နေတာပဲ" လို့ ပြောတော့ "ဖေဖေ သားလေးဘာဖြစ်လို့ အဲ့လိုဖြစ်တာလဲ" မေးတော့ "သမီးရေ နို့ဗိုအရွယ် ရင်သွေးငယ်တွေဟာ မိခင်စားသောက်သမျှ အစားအစာမှန်သမျှ သူတို့လေးတွေရဲ့ ခန္ဓာကိုယ်ထဲကို နို့ရည်မှ တစ်ဆင့် ရောက်ကြတယ်လေ" "ဟုတ်ကဲ့" "အဲဒါတော့ မိခင်တွေက အစာမကြေတဲ့ အစားအစာတွေ၊ လေချုပ်၊ ဝမ်းချုပ်စေတဲ့ အစားအစာတွေ၊ အအေးစာ၊ ချွဲလေးခဲအေးစေတဲ့ အစားအစာတွေ စားပါများရင် မြေးလေးတို့လို ရင်သွေးတွေမှာ အစာခြေနိုင်စွမ်းအားနည်းနေတော့ အခုလို ရင်ပြည့်ရင်ကယ်ဖြစ်တာပေါ့" "ဟုတ်လား ဖေဖေ၊ မသိပါဘူး၊ စားလို့ရတာ အကုန်စားဆိုလို့ သမီးက အစားမရှောင်ဘဲ အကုန်စားနေတာ" "ခေတ်ဆေးပညာ အမြင်မှာတော့ အာဟာရပြည့်မီဖို့ဆိုပြီး အသီးအရွက်၊ သားငါး အကုန်စားစေတာပေါ့" "ဩော် ဟုတ်ကဲ့" "ဒါပေမဲ့ သမီးရေ အာဟာရပြည့်မီဖို့ဆိုရာမှာ အစား



www.burmeseclassic.com

အစာမှန်သမျှအကုန်စားရုံနဲ့ မပြည့်မီပါဘူးကွယ်" "ဟုတ်ဖေဖေ" "အစာလည်း ဆေးဖြစ်စေသလို အဲ့ဒီအစာကလည်း အဆိပ်ဖြစ်စေတာပဲလို့ ဖေဖေတို့ တိုင်းရင်းဆေးပညာရှင်ကြီးတွေက ဆိုထားပါတယ်" "ဟုတ်ကဲ့" "အဲ့လိုသာ အစားအစာက ရောဂါဖြစ်ပွားမှုကိုသက်ရောက်မှုမရှိရင် သွေးတိုး၊ ကျောက်ကပ်ရောဂါရှိသူတွေကို ဘာလို့အနေရှောင်ခိုင်းတာလဲ" "ဟုတ်" "ဒါဟာ အစားအစာအာဟာရတွေရဲ့ သက်ရောက်မှုလေကွဲ့" "ဟုတ်ကဲ့ပါဖေဖေ၊ သမီးအစားအသောက်တွေကို နောက်ဆို ဆင်ခြင်ပြီး စားသောက်ပါမယ်"

"ကဲ ကဲ မြေးလေးအတွက် ဖေဖေ ရင်လှူးဆေးဖော်စပ်လိုက်ဦးမယ်"ဆိုပြီး သားလေးအတွက် အလုပ်များနေလေတော့သည်။

ခဏနေတော့ ဖခင်ကြီး ကြွေပန်းကန်လုံးလေးနဲ့ရောက်လာပြီး သားလေးရဲ့ရင်၊ ဝမ်း၊ ဗိုက်၊ နောက် ကျော၊ ခေါင်းတို့ကို ဆေးလိမ်းပေးနေတာ ကြည့်နေမိတယ်။ ဖေဖေလည်း မြေးဖြစ်သူကို သေသေချာချာ ဆေးလိမ်းပေးပြီး အနီးလေးနဲ့ ထွေးထုပ်ထားတာကို တွေ့ရတယ်။

ကျွန်မလည်း သားလေးခံစားနေရတဲ့ ရင်ပြည့်ရင်ကယ်ဟာ ကျွန်မစားသောက်မှု မှုမမှန်လို့ဖြစ်ရတာ တစ်ကြောင်း၊ ဖေဖေက သူအလုပ်လုပ်နေရင် ဘယ်သူမှ မနှောင့်ယှက်စေချင်တာတွေ မကြိုက်တာက တစ်ကြောင်း၊ သားလေးကိုကြည့်ပြီး တစ်ညလုံးလိုလို မအီမသာနဲ့ တအီအီ ငိုရင်းရောဂါခံစားနေတာမကြည့်ရက်တာက တစ်ကြောင်းကြောင့် ဘာမှမပြောဘဲ ဘေးနားက မောင်ရယ်၊ ကျွန်မရယ် အသာကြည့်နေရင်း သားလေး မြန်မြန်နေကောင်းပါစေလို့ ဆုတောင်းနေမိတယ်။

ဆေးလိမ်းပေးပြီး ဆယ်မိနစ်လောက်ပဲ ကြာမည်ထင်တယ်။ သားလေးဆီးနဲ့ဝမ်းသက်လာတာတွေ့ရတယ်။ ဝမ်းတွေလည်း များများသွားတယ်။ ဆီးလည်းရွှဲနေတာပဲ။ အဲ့ဒီလို ဆီးဝမ်းတွေ သွားလည်းပြီးရော သားလေး ပါးစပ်လေးတပြင်ပြင်နဲ့ လုပ်နေတော့တယ်။

"ကဲ သမီးရေ မြေးလေးကို ချိုချိုတိုက်လိုက်ပါကွယ်" ဒါနဲ့ ကျွန်မလည်း သားလေးဆို့ပြီမလားဟု စိတ်ပူသော်လည်း မွေ့မွေ့ပြီးနို့တိုက်လိုက်တော့... အို ချစ်စရာလေး၊ လန်းဆန်းစွာနို့စို့နေတာတွေ့ရတော့ မိသားစုတွေ ဝမ်းသာမဆုံး ပီတိဖုံးလို့ပေါ့...။

"ဖေဖေ့ဆေးက အရမ်းစွမ်းတာပဲ"လို့ ဝမ်းသာအားရပြောမိတယ် "အေးသမီးရေ အဲ့ဒါ ရိုးရာလက်ဆင့်ကမ်း သူငယ်နာရင်လှူးဆေးပဲကွဲ့" "ဟုတ်ကဲ့ဖေဖေ အခြားဘယ်လိုရောဂါတွေ ပျောက်ကင်းသေးလဲ ဖေဖေ"လို့ တစ်ချိန်လုံးငြိမ်နေတဲ့ မောင်က မေးလေ၏။

"အဲ့ဒီ သူငယ်နာရင်လှူးဆေးဟာဆိုရင် ကလေးသူငယ်တွေမှာဖြစ်တတ်တဲ့ သူငယ်နာရောဂါအမျိုးမျိုးနှင့် အစာမကြေ ရင်ပြည့်၊ ရင်ကယ်၊ ချွဲကျပ်၊ ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကပ်ခြင်း၊ ဝမ်းဖော၊ ဝမ်းရောင်၊ ဝမ်းပျက်၊ ဆန်ကွဲစေ့ကဲ့သို့ ဝမ်းသွားခြင်းတုတ်.သန်ထခြင်း၊ လေတက်၊ လေအန်၊ လေဆန်နာဖြစ်ခြင်း၊ နို့အန်ခြင်း၊ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်၊ အညှော်ဝင်၊ အ ညှော်မိ၊ လေထိုး၊ လေအောင့်၊ ဝမ်းဗိုက်နာခြင်း၊ နို့ကောင်းစွာမစို့ခြင်း၊ မအီမသာဖြစ်ခြင်း စတဲ့ရောဂါတွေကို သက်သာပျောက်ကင်းစေတယ် သားရဲ့"

ကျွန်မကတော့ သားလေးအတွက် သားအဖိုးဖော်ပေးတဲ့ သူငယ်နာရင်လှူးဆေးကို အိပ်ရာဘေးအမြဲထားခဲ့တာ အခုသားလေး ၁၁ နှစ်ပင်ကျော်ခဲ့ပါပြီ။ သူငယ်နာရင်လှူးဆေးကြောင့် သားလေးမှာ မယ်မယ်ရရဘာရောဂါမှ မဖြစ်တာကတော့ အမှန်ပါ။ ဒီဆေးစွမ်းတစ်လက်ဖြစ်တဲ့ သူငယ်နာ ရင်လှူးဆေးအစွမ်းကြောင့် သားလေးမျက်နှာ ဖိုးလမင်းပမာဖြစ်လို့ "ဖိုးလမင်း သူငယ်နာရင်လှူးဆေး"ဆိုပြီး မိခင်တိုင်း အားထားရာ၊ သားသားမီးမီးတို့အတွက် အစွမ်းထက်ဆေးတစ်လက်အကြောင်း သတင်းကောင်းလေးပါးလိုက်ပါတယ်ရှင်...။



**မှတ်ထားနော် သားသား၊ မီးမီး ကျန်းမာရေး "ဖိုးလမင်း သူငယ်နာရင်လှူးဆေး"တဲ့...။**

မိခင်နှင့် ရင်ခွေးငယ်များ
ကျန်းမာရွှင်လန်းနိုင်ပါစေ
မေမြင့်သူ(လားရှိုး)

ကြော်ငြာဆိုင်ရာဆက်သွယ်ရန်
အမှတ် ၂၆၁(၆)လမ်း၊ ရန်ကုန်ဆက်ရှာနှီး၊ ပဲခူးကုန်မြို့နယ်၊
ရန်ကုန်ဖုန်း- ဝ၉ ၅၃၀၈၄၁၀၉၊ ဝ၉ ၄ ၂၃၁ ၄၈ ၂၃၀။

ကြော်ငြာဆိုင်ရာဆက်သွယ်ရန်
အမှတ်(၈/၆၁၁)၊ သုဓမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ဝ၉ ၅၁၁၈၈၂၂၊ ၀၁ ၉၆၉ ၁၀၉၁။

www.burmeseclassic.com



● အရိယဝံသ ဂုဏ်ရုံကျောင်းဆောင်၏ အနီးကပ်မြင်ကွင်း

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)

မြို့စစ်ကိုင်း၏

# သမိုင်းဝင်ပုံပါ ကျောင်းတော်ရာ (၈)

ယခင်လမှ အဆက်

အရိယဝံသကျောင်း
[အပိုင်း(၂) နိဂုံးပိုင်း]

ငှက်ကျော်ကျမ်းဖတ်ပွဲ

ငှက်ကျော် အဖွင့်ကျမ်း တစ်ခန်း ရေးပြီးတိုင်း သီတင်း နေ့မွန်းယိမ်း ချိန်တွင် ပုညရှင်စေတီတော်သို့ တက်ရောက်လေ၏။

ကြွရောက်လာသမျှ ကျမ်းဂန် တတ် တောင်ရိုးပျော် သံဃာတော်များ၏ ရှေ့မှောက်တွင် ဖတ်ကြား ခြင်း ပြုလေ၏။

ဥပုသ်သီတင်းနေ့တိုင်း "စာတမ်း ဖတ်ပွဲ"ပြုလုပ်လေ၏။ တစ်ခုသော သီတင်းနေ့၌ ပုဂံမြို့မှ ဘုရားဖူးကြွ လာသော ရဟန်းငယ်တစ်ပါးက ဆရာတော်၏ ကျမ်းစာကို နာယူ လျက် ရှိ၏။

ရှင်အရိယဝံသ ဖတ်ကြားရာတွင် "**အေး...အေး**"ဟု နှစ်ကြိမ် အသံ ပြု၏။

ဆရာတော်ကလည်း "အေး... အေး"အသံပြုရာစာပိုဒ်ကိုမှတ်ထား၏။

ကမ္ဘဋ္ဌာန်းတဲသို့ ပြန်ရောက်သော် ကျမ်းစာကို ပြန်လည်စစ်ဆေး၏။

❂တစ်နေရာတွင် ဝါကျထပ်နေ သည်ကို တွေ့ရ၏။

❂ နောက်တစ်နေ့တွင် "**ဣမံဂန္ထံ**" ဟု စွဲရမည့် နေရာတွင် "**ဣဒံ ဂန္ထံ**"ဟူ၍ အစွဲမှားကြောင်း တွေ့ ရလေ၏။

မိမိအမှားကို ထောက်ပြသော အသံရှင် ရဟန်းငယ်အား စူးစမ်း





www.burmeseclassic.com

www.burmeseclassic.com



ခေါ်ယူ၍ မေးမြန်းတော်မူ၏။

'ဝံ့ရှင်...ငါသည် ဤကျမ်းကို သာမည ပြုစုခြင်းမရှိ လူထံဝက်ထံ ဆိတ်ငြိမ်သော ညဥ့်အခါ၌သာ ပုရပိုက်ဖွင့်၍ ရေး၏။ နေ့အခါ၌ ပုရပိုက်ကို အုပ်သိမ်းထား၏။ ဤနယ်ကြီးကုတ် အားထုတ်ထားပါလျက် အတယ်အတွက် မနှစ်သက်သလို အသံပြုရပါသနည်း ဝံ့ရှင်'

'အရှင်မြတ် စီရင်အပ်သော ကျမ်းသည် ဆိုဖွယ်ရာ အများကြီး မရှိပါ။ တစ်ဦးတစ်ယောက်က ကျောက်စရစ်ခဲ လက်တစ်ဆုပ်ဖြင့် နံရံအား ပစ်ပေါက်ခဲ့သော် တစ်စေ့တစ်ခဲ မကျန် ထိမန်သကဲ့သို့ စကားအနက် အဓိပ္ပာယ်သို့ ရောက်ပါသည်။

ဝါကျတစ်ချက်ထပ်သည်၊ အစွဲတစ်ချက် ပျက်သည်ကိုသာ "အေး...အေး" ဆိုပါသည်'

ဟု လျှောက်လေ၏။

မိမိ ပြန်လည်သုံးသပ် ပြင်ဆင်အပ်သည်နှင့် ထပ်တူ ဖြစ်လေ၏။

ရဟန်းတော်လေး၏ ဉာဏ်ပညာကို ပူဇော်သောအားဖြင့် **ဒုကုဋ်သက်နှီးကြီး** ပေးအပ်တော်မူ၏။

'ဝံ့ရှင်အား ပူဇော်သည် မဟုတ်၊ ဝံ့ရှင်၏ ဂုဏ်ပညာကိုသာ ငါပူဇော်သည် ယူပါလေ'

ဟု အလှူခံဝံ့အောင် မိန့်တော်မူပါသည်။

နောင်အခါ ထိုရဟန်းတော်လေးသည် ဘုရင်၏ အကိုးအကွယ်ခံ ဖြစ်လာ၏။

ဤသို့အားဖြင့် ရေငုံဆရာတော်ကြီး၏ ပညာဂုဏ် ကျေးဇူးတော်ကို ပူဇော်သော "**မဏိသာရ မဉ္ဇူသာဋီကာ အဖွင့်ကျမ်း**"ကြီး အောင်မြင်လေတော့သည်။



မူလမဟာအတုလ ဆင်ဘိုးတော်မှ
ဖော်ကျိုးမင်းနှင့် မင်းသားတို့၏ ထူးခြားသော ပုံဟန်

### ပညာစမ်းသော သိကြားမင်း

ကျမ်းတော်ကြီး ရေးပြီးသည့်ညတွင် သိကြားမင်းကြီးက တိတ်တဆိတ် ယူဆောင်သွားလေ၏။ ထပ်မံ၍ အသစ်ရေးရလေ၏။

(၃)ကြိမ်တိုင်အောင် ရေးပြီးတိုင်း ထပ်ကာထပ်ကာ ခိုးယူသွား၏။

အစမှအဆုံးတိုင် စာသား၊ ပုဒ်၊ ပါဠိမကျန် တစ်ပါဒမလွဲ ရေးသားနိုင်၏။

သိကြားမင်းကြီးက ဆရာတော်၏ ဉာဏ်ပညာစွမ်းနှင့် သီလ သမာဓိကို စမ်းသပ်ခြင်း ဖြစ်သည်ဟု





www.burmeseclassic.com



ဆင်ဘိုစေတီ ခြေတော်ရင်းမှ ကုဋ္ဌိတာစေတီတော်အား လှပသပ်ရပ်စွာ ဖူးမြင်ရပုံ

**''သမဏသုခ ဆရာတော်ကြီး ဦးဝါသဝ''**မှ မိန့်ကြားခဲ့ပါသည်။

တတိယအကြိမ်၌ကား သီကြားမင်းကြီးသည် ဋီကာအဖွင့်ကျမ်းကြီးအား သယ်ယူ ဆင်းသက်၍ အရှင်မြတ်ကို ပြန်လည်ပေးအပ်ခဲ့လေ၏။

**''သမန္တပါသာဒိက အရှင်မဟာအရိယဝံသဓမ္မသေနာပတိ''** ဘွဲ့တော်ဖြင့် စစ်ကိုင်းသာသနာတော်၌ ကျော်ကြားသွားလေ၏။

ထူပါရုံဒါယကာ အင်းဝအရှင် နရပတိမင်းကြီးကလည်း အရိယဝံသ ဆရာတော်ကြီးအား ပူဇော်သောအားဖြင့် စေတီတော်တစ်ဆူ တည်ထားပါသည်။

သီကြားမင်းကြီး ကိုယ်တိုင်ကိုယ်ကျ ဆင်းသက်၍ ကျမ်းစာပေးအပ်




သော အောင်မြေနေရာတွင် တည်ထားခြင်းဖြစ်သည်။ **''ဋီကာကျော်တစ်ဆူ''**ကိုလည်း ရွှေပေတွင် ရေးသား၍ ဌာပနာတော်မူပါသည်။

## သီကြားကျစေတီ

အင်းဝဘုရင် နရပတိ၏ ကုသိုလ်တော်ဖြစ်သည်။ ယနေ့တိုင် သီကြားကျစေတီဟု သမိုင်းတွင်ခဲ့သော

www.burmeseclassic.com






အရိယဝံသဂုပ်စုံကျောင်း၏ ဗိသုကာပုံစံ

စေတီဖြစ်၏။

သိကြားကျစေတီသမိုင်း အကျယ်ကို **၂၀၁၇ ခုနှစ်၊ ဧပြီလထုတ်၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင်** ဖတ်ရှုနိုင်ပါသည်။

သိကြားကျ စေတီတော်ကား စစ်ကိုင်းမြို့၏ ကျစေတီ(၉)ဆူများတွင် ပထမဦးစေတီတော်ဖြစ်၏။

၁။ သိကြားကျစေတီ။ ***(အရိယဝံသချောင် အတွင်း၊ နရပတိစည်သူ)***

၂။ နတ်သားကျစေတီ။ ***(ဝိဇ္ဇာဓိုရ်ကုန်းတော်၊ ဝိဇ္ဇာဓိုရ်)***

၃။ အာကာသကျစေတီ။ ***(ရဟန္တာကြီး၊ စစ်ကိုင်းတောင်)***

၄။ ပြာသာဒ်ကျစေတီ။ ***(အလောင်းစည်သူ၊ သစ္စာတောင်အနီး)***

၅။ ဆောင်းတော်ကျစေတီ။ ***(ဒုတိယမင်းခေါင်၊ ဥမင် ၃၀ အနီး)***

နယ်ချဲ့ခေတ် အရိယဝံသချောင်တော်ကြီးနှင့်

အသန်းပြေ ဥယျာဉ်လေး ဖြစ်နေသော အဟော်တော့မှ တစ်နေရာ



၆။ ထူပါရုံအရိပ်ကျစေတီ။ ***(ညောင်ပင်သာ ဦးပုညကျောင်း၊)***

၇။ အထက်ကျစွာစေတီ။ ***(ကျစွာမင်း၊ ကျစွာတောင်)***

၈။ အောက်ကျစွာစေတီ။ ***(ကျစွာမင်း၊ ရောဝတီအနီး)***

၉။ သံပိုလ်ကျစေတီ။ ***(ခြေတော်ရာတောင်၊ နွံ့းတွင်း)***

**မှတ်ချက်။ ။ အချို့သော ပညာရှင်များက ရောဝတီမြစ် တစ်ဖက်**



www.burmeseclassic.com

မဟာအတုလ ဆင်ဘိုစေတီ၏
အနီးကပ်တည်ရှိသော ဆရာတော်ကြီး
အမှတ်တရ စေတီတော် ▸

**ကမ်းမှ ရွှေကြက်ကျစေတီကို လည်း မှတ်ယူကြပါ၏။ အမရပူရ အပိုင်ဖြစ်ပါသည်။**

ရှေးခေတ် အရိယဝံသချောင်

အင်းဝဘုရင် လက်ထက်မှ စတင်ခဲ့သောကြောင့် သက္ကရာဇ် ၁၃၈၀ ပြည့်နှစ်တွင်ကား နှစ်ပေါင်း(၅၅၀) ကျော်လွန်ခဲ့လေပြီ။

သမိုင်းချောင် (၉)ချောင် မဝင်ခြင်းမှာ အသင်္ချာစောယွမ်းမင်း၏ ခေတ်နှင့် နှစ်ပေါင်း(၁၅၀) ကွာဟခဲ့၍ ဖြစ်ပါမည်။ မူလချောင်မှာ နေရာမျှသာ ရှိတော့၏။

အင်းဝမင်း နရပတိက ကမ္ဘဋ္ဌာန်းတဲကို ချောင်တော်ကြီးအဖြစ် တည်ဆောက်ရာ အရိယဝံသ ဆရာတော်ကြီး၏ သီလ,သမာဓိ,ပညာဂုဏ်ကြီးမြတ်လှသည်ဖြစ်၍ မူလ အမည်ထက် **''အရိယဝံသချောင်''** အမည်က ပိုမိုကျော်စောနေခြင်း ဖြစ်သည်။

အရိယရုပ်စုံကျောင်း

ဆရာတော်ကြီး၏ (တစ်ပါးနေ) စာပေကျမ်းဂန်ပြုစုသော အဆောင်တော်ဖြစ်၏။ ရုပ်စုံကျောင်း အမည်တွင်ရခြင်းမှာ အဆောင်တော်ကြီး တစ်ဆောင်လုံးအား သစ်ထွင်း၊ ရုပ်လုံးရုပ်ကြွ၊ သဇင်ခွေ၊ ပန်းကနုတ် များဖြင့် တန်ဆာဆင်ထားခြင်း

ရုပ်စုံကျောင်းရှေ့မှ နှစ်ပေါင်းရာကျော်
မန်ကျည်းပင်ကြီးနှင့်
ဂုဏ်ရှိုးကြီး၏ ဌာန ▸







www.burmeseclassic.com

www.burmeseclassic.com





▲ အရိယဝံသဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းတဲ အောင်မြေအား ယနေ့ စိတ်ချမ်းမြေ့ကြည်နူးဖွယ်တွေ့မြင်ရပုံ

▼ သမိုင်းဝင် အရိယဝံသသိမ်တော်ကြီးအားအေးချမ်းသိတ်ငြိမ်မှာ မန်ကျည်းတော အတွင်း တွေ့မြင်ရပုံ



ကြောင့် ''အရိယ ရုပ်စုံကျောင်း''ဟု အမည်တွင်နေခြင်းဖြစ်သည်။

ရုပ်စုံကျောင်းမှာ တောင်မှ မြောက်သို့ (၄၅)ပေခန့်၊ အရှေ့နှင့် အနောက်ပေ(၃၀)မျှ ကျယ်ဝန်းပါသည်။

အလယ်ဗဟိုဆောင်မှာ ပြာသာဒ်ဘုံသုံးဆင့် ရွှေကျောင်းတော် ဖြစ်သည်။

ဝဲယာတွင် ပြာသာဒ်ဆောင်နှင့် ဘောဂဆောင်ငယ်များ ပါရှိသည်။

သုဝဏ္ဏသာမ ဇာတ်တော်၊ ဝေဿန္တရာဇာတ်တော်၊သိကြားရုပ်၊ နတ်ရုပ်များဖြင့် မွမ်းမံထားခြင်းကို တွေ့မြင်နိုင်ကြပါသည်။

## ပြုစုခဲ့သော ကျမ်းများ

၁။ ဋီကာလက်သန်း အဌကထာ။
၂။ ဋီကာကျော်။
၃။ မဏိသာရမဉ္ဇူ။
၄။ မဏိဒီပကာဒွါရကထာ။
၅။ ဂန္ထစရဏကထာ။
၆။ မဟာနိဿယ။
၇။ ဇာတက ဝိသောဓန။

စသော ကျမ်းတို့မှာ ကျော်ကြားသော ကျမ်းများဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com





● နယ်ချဲ့ခေတ်က တည်ဆောက်ထားခဲ့သော အရိယဝံသကျောင်းတော်အား တွေ့မြင်ရပုံ

### သီလအာနုဘော်

အရိယဝံသ ဆရာတော်ကြီးက ဘုရင်မင်းခေါင်ထံ စစ်ကိုင်းနှင့် အင်းဝ ရေယာဉ်ခွန် ချမ်းသာရန် အလှူခံ၏။ ဘုရင်က ခပ်မဆိတ် ပြန်ကြွသွားလေ၏။

ရွှေကြက်ယက်ဝဲကြီး အနား ရောက်လျှင် ဖောင်တော် တက်မ အား မိကျောင်းက ခဲထားလေ၏။ အမတ်ပညာရှိများက လျှောက်ထား သည့်အတိုင်း "**ဆရာတော် အလို အတိုင်း လှူပါမည်**"ဟု လျှောက် ထားမှ မိကျောင်းက လွှတ်ပေးခဲ့၏။

ဘုရင်မင်းခေါင် ဆရာတော်ကြီး အား အဖူးအမြော် ရောက်ခိုက် ဆင်ဖြူရတနာက ဖောဓိပင်ကို ဆွဲ ယူစားလေ၏။ စားစဉ် ခဏမှာပင် စီးတော်ဆင် လဲကျမေ့မြောသွား လေ၏။

သမားတော်များက ကုသသော် လည်း အသက်ရှူခြင်း မရှိတော့။ အရိယဝံသ ဆရာတော်ကြီးက မေတ္တာရေ သွန်းလောင်းပြီးမှ ဆင်ဖြူရတနာ ချမ်းသာရာ ရခဲ့လေ ၏။

ဘုရင်မင်းခေါင်က အသက် ရှင်သန်ခွင့် ရသွားသော ဆင်ဖြူ ရတနာအတွက် အရိယဝံသကျောင်းမှ ရောဝတီမြစ်သို့အဆင်း အတက် လမ်းကြီးအား ကျောက်ခင်းလမ်း စီခင်း၍ လှူတော်မူပါသည်။

### အရိယဝံသမှ စေတီများ

၁။ သိကြားကျစေတီ။
၂။ ဆင်ရှင်စေတီ။
၃။ မဟာအတုလ ဆင်ဘိုးစေတီ။
၄။ ဟံသာဂီရိ ဆင်ဘိုးစေတီ။
၅။ ဥမင်းကိုးဆယ် ဆင်ဘိုးစေတီ။
၆။ ဝန်ကြီး ဆင်ဘိုးစေတီ။
၇။ ဣန္ဒဝိတစေတီ။

စေတီ(၇)ဆူတို့မှာ ထင်ရှား ကျော်စောသော စေတီတော်များ ဖြစ်၏။ ဆင်ဘိုးဘွဲ့တော်နှင့် (၄)ဆူ တည်ထားပါသည်။

### သိကြားကျစေတီ

မူလ ကမ္ဘဋ္ဌာန်းတဲနေရာတွင် အောင်မြေအဖြစ် ဘုရင်နရပတိမင်း က တည်ထားခြင်း ဖြစ်သည်။ သိကြားမင်းကြီးနှင့် အကြောင်းပြု၍ ဋီကာကျော် ကျမ်းမြတ်ကို ဌာပနာ ထားသည့် စေတီဖြစ်၏။

### ဆင်ရှင်စေတီ

ဘုရင်မင်းခေါင် လက်ထက်တွင် အရိယဝံသ ဆရာတော်ကြီးအား

 စာမျက်နှာ (၈၆) သို့

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီးနောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင်ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

***[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ဝ၅၁ဝ YR ဝဝဝ၉၉၇]***

***[လိုင်စင်အမှတ် ၁၁/၂ဝဝ၈ တဆထလ တိုး(ဝ၁၂၁)]***

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာ ပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနု ချောမွတ်ပြီး မကြဲဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလှေအကျင့်မရှိသော တောင်တက်ဘုရားဖူးခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျိုးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျိုးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို လေးဖက်နာဆေး

***[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ဝ၃ဝ၅ YR ၃ဝ၆၃]***

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂ဝဝ)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကိုသိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ဆီးယပ်ရောဂါများ၊ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

***[တိုင်းရင်းဆေးမှတ်ပုံတင် ဝ၃၁၁ YR ဝဝ၃ဝ၆၂]***

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော "**သတ္တဂုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ၊ ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ–ဝ၂၉၁၇) ဖုန်း–ဝ၉–၄၉၂၆၄၄ဝ၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း၊ ၂၉၀၆၃၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com



ပြုပြင်ပြီး ဘုရားနှစ်ဆူအား အရှေ့ဘက်မှ ရှုမြင်ရပုံ

ကိုသက်ရှည်

လောကီအစီအရင်နဲ့ ထူးခြားသည့်

# ရွှေဟောင်းဘုရားနှစ်ဆူ

ပုဂံသာသနာအစ

ရှင်ပင်စာကြို့က

စလေနယ် ရှင်ပင်စာကြို့လှဘုရားကြီး အရှေ့တောင်ဘက် ဥယျဉ်ရွာ အဝင် ဘုရားကြီးအဝင်လမ်း တောင်ဘက်မှာ ယခင်က ထုံးသက်န်းမဲမဲနှင့် ဘုရားနှစ်ဆူ ထီးတော်၊ အရံစေတီ၊ မနုသီဟရုပ်၊ ခြသေ့ရုပ်တုတို့လည်း ကျိုးပဲ့ပျက်စီးကာ နှစ်ကာလရှည်သော် ပြုပြင်မည့်သူ မပေါ်ပေါက်ခဲ့။

ယခုတော့ ထုံးသက်န်း မဲ့ညစ်ညစ်နှင့် ရွှေဟောင်း ဘုရားနှစ်ဆူမှာ အောက်ခြေပစ္စယာအစ ထီးတော်၊ အရံစေတီ၊ မနုသီဟခြသေ့ရုပ်တို့ မကျန် အသစ်ပြုပြင်ထားတာတွေ့ရသည်။

ရွှေဟောင်းဘုရားနှစ်ဆူ၊ တစ်ဆူမှာ မြေပေါက်စေတီ ပစ္စယာသုံးဆင့် **အရံစေတီ (၈)ဆူ၊** ပထမပစ္စယာ ထောင့်လေးထောင့် (၄)ဆူ၊ ဒုတိယပစ္စယာ ထောင့်လေးထောင့် (၄)ဆူ၊ တတိယပစ္စယာ ထောင့်လေးထောင့် မနုသီဟရုပ် (၄)ရုပ်။

**မြောက်ဘက်တစ်ဆူမှာ...**

တိုက်မခံအပေါ်တွင် စေတီပေါက် ထောင့်လေးထောင့် အရံစေတီ (၈)ဆူ။

**အရှေ့ဘက်လိုဏ်မုခ်လှည့်...**

ရွှေဟောင်း ဘုရားနှစ်ဆူအား အသစ်ပြုပြင် လှူဒါန်းသူ ဘုရားဒါယကာမှာ ဥယျဉ်အရှေ့ရွာမှ ဦးသောင်းညွန့် မိသားစုပင်ဖြစ်သည်။

တစ်နေ့ ဦးသောင်းညွန့်အား သူ၏ ဈေးဆိုင်တွင်တွေ့ရာ စာရေးသူမှ သိလိုသမျှ မေးမြန်းကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com







◆ ပြုပြင်ပြီး မြောက်ဘက်လိုက်နယ်နှင့်
ရှေးဟောင်းဘုရား
လောကဓာတ်အစီအရင်
ခြသေ့ံလက်ထောက်
မနုသီဟရုပ်တုနှင့်
ရှေးဟောင်းဘုရား ◆

'ဦးသောင်းညွန့် ရွာအဝင်က ရှေးဟောင်းဘုရားနှစ်ဆူ ခင်ဗျား ပြုပြင် လှူထားတာလို့ ဦးသန်းမြင့်က ပြောလို့ ဘုရားတွေပြုပြင်ရတဲ့ ရည်ရွယ်ချက်နဲ့ ထူးခြားတာတွေများ ရှိလို့လား။

ဘုရားတွေပြင်ဆင်ဖို့ စိတ်ကူးနဲ့ ရည်ရွယ်ချက်ရှိရင်လဲ သိချင်ပါတယ်'

'ကျုပ်ကတော့ ဘာရယ်လို့ မဟုတ်ပါဘူး။ ဘုရားနှစ်ဆူက ရွာအဝင် ဘုရားကြီးအဝင် တောင်ဘက်မှာလဲ အစိုးရ တန်းကျောင်းကြီးကလဲ ပွင့်သွားတယ်။

ဒီတော့ ကျုပ်အမြင် ဒီနေရာ အဝင်လမ်းမှာ ဘုရားနှစ်ဆူက ထုံးသင်္ကန်းမဲမဲနဲ့ ဘယ်လိုမှ အဆင်မပြေ၊ အမြင်လဲ မလှဘူးပေါ့ဗျာ'

'ဒါလဲ ဟုတ်တာပေါ့ ဦးသောင်းညွန့်ရာ။ အခုလို ပြုပြင်ပြီး စေတီရံတွေ ပြုပြင်၊ ထီးတင်၊ မနုသီဟရုပ်၊ ခြသေ့ံရုပ်တွေပြုပြင် ရွှေချ၊ ပစ္စယာမှာက ပုဂံ ရှေးဟောင်းဘုရားတွေလို ဟင်္သာပြဒါး အနီခံအပေါ်က စေတီမှာ ရွှေမင်ချထားတော့ အတော့်ကို ကြည်ညိုသပ္ပါယ်ပါတယ်။

ဘုရားကြီးအဝင်၊ ရွာအဝင်၊ ကျောင်းဘေးဆိုတော့ ဘုရားတွေက ရွှေရောင်တဝင်းဝင်းနဲ့ သပ္ပါယ်သလို အတော့်ကို ကြည့်ပျော်ရှုပျော် သပ္ပါယလဲကျတာပေါ့။

တန်းကျောင်း မြေဂရန် တင်တုန်းကလဲ ကျုပ်တို့ပဲ တင်ခဲ့တာ၊ အခု တန်းကျောင်းလဲ ဆောက်ပြီးတော့ ဘုရားတွေက ပြုပြင်မယ့်သူ မရှိသေးဘူး။

နောက် ရွာက အိမ်ကထွက် ဆိုင်နဲ့အိမ် သွားချည်ပြန်လှည့်နဲ့ဆိုတော့ ကုသိုလ်ဖြစ်ချင်တော့ ဘုရားတွေ ပြုပြင်ဖို့ စိတ်ကူးပေါ်လာတာပဲ'

F.11B. July, 2019.



www.burmeseclassic.com

www.burmeseclassic.com



ဦးသောင်းညွန့် မိသားစုက ရွာအရှေ့တောင်ဘက် ကားလမ်းဘေးတွင် ဈေးဆိုင်၊ ပဲခွဲစက်၊ စိုက်ခြံနှင့် ရွာထဲအိမ်တို့ အသွားအပြန်လမ်းဘေးမှာ ဘုရားနှစ်ဆူက ရှိတော့ ကုသိုလ်ဖြစ်ချင် ရချင်တော့ စိတ်ကူးပေါက်ကာ ပြုပြင်ခဲ့ခြင်းပင် ဖြစ်သည်။

'အရံစေတီ၊ ခြသေ့၊ ထီးတော်နဲ့ ခြသေ့တစ်ကောင်လက်ခ တစ်သိန်းကျော်တယ်။ အားလုံး လေးဆယ်ကျော်လောက်ကုန်တယ်။

ထီးတင် ရွှေချ ဆေးခြယ် အစခပ်သိမ်းပေါ့ဗျာ။ ဘုရားနှစ်ဆူစလုံး လျှပ်စစ်မီးလဲ သွယ်ထားတယ်။ တစ်ဆူ တစ်လ(၁၅၀၀)နဲ့ နှစ်ဆူ တစ်လ(၃၀၀၀)ကျတယ်။ ကျုပ်ကပဲလှူတာ။

ဘုရားနှစ်ဆူ တည်ထားတာက တောင်ကမူပေါ် တည်ထားတာပဲ။ အောက်ခြေဖောင်ဒေးရှင်း ဘာတွေမရှိဘူး။

တခြားမကြည့်နဲ့ ဘုရားကြီးအရှေ့ဘက် ကျောင်းမကြီး ကျောင်းထဲက ဘုရားတွေ ချောင်းပို့ပြီးနေတာ အထက်ပစ္စယာခေါင်းလောင်းမှောက်နီးပါး မြေပို့နေတော့ ကြည့်ရင်သိနိုင်တယ်'

ဟုတ်တယ် ကျွန်တော့်ကိုလည်း ဦးပဋ္ဌင်းဦးပုညက မိန့်ဖူးပါသည်။ ဒီသိမ်ကျောင်း နေရာကလည်း ချောင်းပို့ချောင်းလျှံ မြေပေါ်မှာ ကျောင်းဆောက်ထားလို့ အခုဘုရားကြီး တည်ထားတာက သီရိဇေယျကုန်း ကုန်းမြေပေါ်တည်ထားတာ



ရွှေပေါင်းဘုရား၊ တနင်္ဂနွေထောင့် ခြသေ့ ခြေကန်ရုပ်တု

လို့ စာကြို့ဘုရားကြီးသမိုင်းမှာလည်း တွေ့ရသည်။

ယခု ဘုရားနှစ်ဆူ တည်ထားခဲ့သည်မှာလည်းသီရိဇေယျကုန်းတော် အရှေ့တောင်ဘက်၊ ဘုရားကြီးကုန်းမြေနှင့် တညီတည်းရှိမည့်နေရာ နရပတိစည်သူမင်းကြီး ခေတ္တနန်းစံခဲ့ရာ နန်းတော်ရာကုန်းမြောက်ဘက် တစ်ဖာလုံသာသာ အကွာတွင် တည်ထားခဲ့ခြင်း ဖြစ်သည်။

စာရေးသူမှ တချို့ကလည်းဘုရားနှစ်ဆူနေရာကို **မင်းချိုင်းကုန်းလို့ ရှေးလူကြီးတွေက ပြောသံလည်း ကြားဖူးတယ်လို့ ဦးသန်းမြင့်အား ပြောပြရာ...**

'အနောက်ဘက်နားမှာက ဂူနှစ်လုံးကလဲ ရှိနေလို့ ပြောတာလဲ ဖြစ်နိုင်ပါတယ်။

တချို့ကလဲ မင်းကြဲစည်ကုန်းလို့




www.burmeseclassic.com

www.burmeseclassic.com



စာကြို့ဘုရားကြီး တောင်ဘက် အဝင်လမ်း ရှေးဟောင်းဘုရားနှစ်ဆူသို့ လမ်းညွှန်မြေပုံ




ပြောကြတယ်။ မင်းမူးမတ်တို့ တိုင်းရေးပြည်ရာ ဆွေးနွေးကြံစည် ရာကုန်းဆိုရင်လဲ ရနိုင်တယ်'

ဟု ဦးသန်းမြင့်မှပြောပါသည်။

မင်းချိုင်းကုန်း၊ မင်ကြံကုန်းဘုရားနှင့်လည်း ပြောကြသည်။ နောက်ပြီး မြောက်ဘက် ဘုရားကလည်း လိုဏ်မုခ်ပါပြီး အတွင်းက ရုပ်ပွားတော်လည်း မတွေ့ရဘူးဟု စာရေးသူကပြောလျှင် ဦးသောင်းညွှန့်က...

'မြောက်ဘက်ဘုရားလိုဏ်ထဲမှာ ရုပ်ပွားတော်ရှိတယ်။ ကျုပ်တို့ငယ်ငယ် ကျောင်းသားဘဝရှိတယ်။ ကျောက်ဆင်းတုရုပ်ပွားတော်။

နောက်ပြီး ဘုရားစေတီနှစ်ဆူစလုံးကလဲ အရံစေတီလေးတွေနဲ့ ထောင့်တစ်ထောင့်နှစ်ဆူစီနဲ့ လေးထောင့် (၈)ဆူ စေတီကြီးနဲ့ဆိုတော့ ဘုရားကြီးက (၉)ဆူတည်ထားခဲ့တာ။

ဒါကြောင့် အရံစေတီတွေပါ အားလုံးပြုပြင်ထားတာ။ ဂူနှစ်လုံးကလဲ တခြားစီ။ ကျုပ်အထင် နရပတိစည်သူမင်းကြီး ဒီနေရာ ဘုရားတည်တဲ့အချိန် မူးမတ်စစ်သူကြီးစတဲ့ မင်းမှုထမ်းတွေထဲက တည်ခဲ့တဲ့ဘုရားပဲ ဖြစ်မယ်ထင်တယ်'

ဟု သူ၏ ထင်မြင်ချက်အား ပြောပြပါသည်။

ဦးသောင်းညွှန့်တို့ မိသားစုမှာ အရင်ဘဝ ဘဝတွေက ဒီဘုရား တည်ခဲ့တဲ့ ဘုရားဒါယကာတွေနှင့် ရေစက်ပဌာန်းဆက်ရှိခဲ့လို့ ဒီ ရှေးဟောင်းဘုရားနှစ်ဆူ ပြုပြင်လှူဒါန်းနိုင်တာလို့ စာရေးသူ ယုံကြည်မိပါသည်။

## ဘုရားနှစ်ဆူ၏ ထူးခြားချက်

တောင်ဘက်စေတီမှာ မြေစိုက်စေတီ၊ လေးထောင့်အုတ်ခုံ၊ ပစ္စယာ သုံးဆင့်နှင့် ထောင့်လေးထောင့်တွင် အင်္ဂါ၊ စနေ၊ ရာဟုထောင့်တို့မှာ ခြသေ့်သုံးကောင် တစ်ကောင်စီ တွေ့ရသည်။

အရှေ့မြောက် **တနင်္ဂနွေထောင့်၊ ခြသေ့်မှာ** ထူးထူးခြားခြား ခြသေ့်ကြီးက ခြေနှစ်ဖက် ဆောင့်ကြောင့်ထိုင်လျက် လက်နှစ်ဖက်က အခြားခြသေ့်တွေလို ရှေ့လက်မ ထောက် ရင်ဝအား လက်နဲ့ကပ်လျက် တွေ့ရသည်။

ရှေ့တည့်တည့်မှ **ခြသေ့်ငယ် (သား)က ခြသေ့်ကြီး ရင်ဝအား ရှေ့လက်ထောက်ကာ ခြေစုန်ကန်သည့်** ရုပ်တု ထုလုပ်ထားတာ တွေ့ရသည်။ အဓိပ္ပာယ်ကိုတော့ မျိုးစုံ စဉ်းစားနေမိသည်။

လောကီဂမ္ဘီရအစီအစဉ်နှင့် စီမံ ထုလုပ်ထားသည်လား။



www.burmeseclassic.com

www.burmeseclassic.com



ပထမခြေသေ့ကြီးဇာတ်ကို ခြေရာကောက်ပြီး ခိုင်ခိုင်ကြီးနဲ့အတူ လူတို့ဉာဏ်ကို အမြဲတိုးပြနေလာတဲ့သိုကတ်တာဟုဆင်ကြီး ဇာတ်ကိုရည်ညွှန်းတာလား၊ ပညာရှင်တို့သာ သိနိုင်မည်ထင်ပါသည်။

ခြင်္သေ့နှိုတိုက်ရုပ်တုအား မြင်တွေ့ဖူးသော်လည်း မိဘရင်ခွင် ခြေကန်သည့် ရုပ်တုမျိုး ဤဘုရားတွင်သာ မြင်တွေ့ဖူးသည်။

ထိုဘုရားစေတီ၏ တတိယ မြောက်ပစ္စယာတွင် ထုလုပ်ထားရှိသည့် မနုသီဟရုပ်တုတွေက ထူးခြားသည်ဟု ဆိုရမည်။

ရည်ရွယ်ချက်ကား လောကီအစိအရင်တစ်မျိုးပင်ဖြစ်သည်။

မနုသီဟရုပ်တု အစီအရင်တို့မှာ သုဝဏ္ဏဘူမိ အငွေ့အသက်တစ်ခု အဖြစ်မှတ်တမ်းတင်ရမည်ဖြစ်သည်။

**မြောက်ဘက် လိုဏ်မုခ်နှင့် ဘုရားမှာ** အရံစေတီ လိုဏ်မုခ်သာ ပါရှိပြီး ထောင့်လေးထောင့် ခြင်္သေ့ ရုပ်တု မတွေ့ရ။

**တောင်ဘက် မြေပေါက်စေတီ ဘုရားမှာ** စေတီရံခြင်္သေ့လက်ထောက်၊ ခြေကန်ရုပ်တု၊ မနုသီဟ လောကီအစီအရင်တို့နှင့် တည်ထားခဲ့ရာယခုအခါ အသစ်ပြုပြီးဖြစ်ပါသည်။

သို့ဖြစ်၍ စာကြိုလှဘုရားကြီးအား လာရောက်ဖူးမြော်ရင်း ရှေးဟောင်းဘုရား စေတီနှစ်ဆူတို့အား ဖူးမြော်လေ့လာနိုင်ဖို့ လမ်းညွှန် ရေးသားလိုက်ရပါသည်။

**ကိုသက်ရှည်**

ကျေးဇူးမှတ်တမ်း

**ဆောင်းပါး ဖြစ်မြောက်ရေးအတွက်သိလိုသမျှပြောပြပေးသူ၊ ဘုရားနှစ်ဆူ ပြုပြင်လှူဒါန်းသူ၊ ဉယျဉ်အရေ့ရွာဦးသောင်းညွန့်၊ ဉယျဉ်အရေ့ရွာဦးသန်းမြင့်၊ ကိုယ်တိုင်လေ့လာတွေ့ရှိမှတ်တမ်းများ။**

# နှာခေါင်းရောဂါများအတွက်

## ဆေးနည်းကောင်းလေးတစ်ခု







နှာခေါင်းနဲ့ပတ်သက်လို့ ဖြစ်တတ်သော နှာခေါင်းယားခြင်း၊ အမြဲတမ်း နှာခေါင်းပိတ်ခြင်း၊ နှာခေါင်းထဲ၌ တစ်စုံတစ်ရာ ဆို့ပိတ်နေသကဲ့သို့ ဖြစ်ခြင်း၊ အနံ့အာရုံမရခြင်း၊ လေရှူမဝခြင်း၊ အမြဲတမ်း နှာစေးတတ်ခြင်း၊ နှာရည်ကြည်များ တရွှဲရွှဲကျခြင်း ရောဂါများကို ပျောက်ကင်းချမ်းသာနိုင်တဲ့ ကိုယ်တိုင် အသုံးချဖူးခဲ့သော ဆေးနည်းလေးတစ်ခု ကို စေတနာဖြင့် တင်ပြလိုပါတယ်။

ဆေးနည်းလေးက ဆေးမည် မများလှဘဲ ငွေကုန်ကြေးကျသက်သာ၊ အလွယ်တကူလဲ ရှာဖွေရနိုင်တဲ့ အိမ်တွင်းမှာပင် ကုသနိုင်တဲ့ ဆေးနည်းလေးဖြစ်ပါတယ်။

**ပါဝင်တဲ့ ပစ္စည်းတွေကတော့...**

၁။ ဆေးဒန်း (၁)ကျပ်သား
၂။ ဇာတိပ္ဖိုလ်သီးဆန် (၁)ကျပ်သား
၃။ ရှိန်းခို (၁)ကျပ်သား
၄။ ငပုန်းဆေး (၁)ကျပ်သား

ဖြစ်ပါတယ်။

အဲဒီဆေးအားလုံး အမှုန့်ပြုပါ။

ယင်းနောက်တွင် ကွမ်းစားဆေး (ဆေးရွက်ကြီး) (၄)ကျပ်သားကို ရေ(၁၂)ကျပ်သားနဲ့ (၄)ကျပ်သား ကျန်အောင် ပြုတ်ပါ။ (၃)ပုံ၊ (၁)ပုံ ကျန်တာနဲ့ အဖတ်များ ကုန်အောင် စစ်ပြီး ကျောက်ပြားပေါ် (သို့မဟုတ်) ကျောက်ပျဉ်ပေါ်မှာ အထက်က အမှုန့်ပြုထားတဲ့ ဆေးနဲ့ ကြိတ်ပြီး အတောင့်လုပ်၊ နေရိပ်မှာ သွေ့အောင် လှန်းရပါမယ်။

အထက်ပါ ရောဂါများနဲ့ ပတ်သက်လာပါက ထိုဆေးတောင့်ကို ပျစ်ပျစ်သွေးပြီး နှာရိုးပေါ်မှာ ထူထူလိမ်းပေး၊ ရှူလဲ ရှူပေးပါ။ တစ်နေ့ကို အနည်းဆုံး (၃)ကြိမ်လောက် ပြုလုပ်ပေးပါက (၇)ရက်အတွင်း သက်သာပျောက်ကင်းနိုင်မှာ ဖြစ်ပါတယ်။

နှာခေါင်း တခွီးခွီး ဖြစ်တတ်တဲ့ ဖွတ်စအိုနာများ နှာခေါင်းထဲက မကောင်းတဲ့ ပိုးဒေါသတွေ အဲဒီဆေးကို ရှူပေးရုံနဲ့ အတောင့်လိုက်ကျလာတတ်ပါတယ်။

***အားလုံး ကျန်းမာ ချမ်းသာနိုင်ကြပါစေ။***

**အေးရွှေ(ဇီးကုန်း)**



www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ (၇၉)မှ အဆက်



ဆင်ဘိုးစေတီ(ဝန်ကြီး)စေတီတော်ရှေ့မှ ပျော်ရွှင်နေကြသော ဆင်ဖြူတော်(၂)စီး

ဖူးမြင်ရန် ရောက်ခိုက် ဆင်ဖြူရတနာသည် မဟာဗောဓိကိုင်းအား ဆွဲယူ စားသောက်လေသည်။ စားဆဲခဏမှာပင် စီးတော် ဆင်မရတနာသည် မေ့မြော လဲကျသွားလေ၏။

သမားများဖြင့် ကုသသော်လည်း သတိလည်လာခြင်း မရှိသောကြောင့် အရိယဝံသ ဆရာတော်ကြီး၏ မေတ္တာစွမ်းဖြင့် တစ်ဖန်ရှင်ပြန်သည့်အတွက် အမှတ်တရ ဆင်ရှင်စေတီ တည်ထားခဲ့သည်။

ဗောဓိပင်ဘိုးဘိုးကြီး၏ အရှေ့မြောက် ကိုက်(၅၀)အကွာတွင် တည်ရှိ၏။

## ဆင်ရှင်စေတီ(၁)

ဆင်ဖြူရတနာ၏ အဖိုးအခအဖြစ် တည်သောစေတီ ဖြစ်သည်။ ထိုစေတီအား **"မဟာအတုလ ဆင်ဘိုးစေတီ"**ဟု ဘွဲ့တော်ပေးခဲ့၏။ ဆင်ဘိုးစေတီ စုစုပေါင်း(၄)ဆူ တည်ထားခဲ့သည်။

အရိယဝံသချောင်၏ တောင်ဘက် ကုန်းတော်ပေါ်တွင် တည်ရှိပါသည်။ ဆင်ဘိုး(၄)ဆူတွင် ပထမဦးဆုံး စေတီဖြစ်၏။

## ဆင်ရှင်စေတီ(၂)

ဟံသာဂီရိ တောင်ထိပ်တွင် တည်ထားခြင်းကြောင့် "ဟံသာဂီရိ ဆင်ဘိုးစေတီ"ဟု ကျော်ကြားပါသည်။ ဆင်ရှင်စေတီတော်၏ မြောက်ဘက် ဟံသာဂီရိချောင်အတွင်း တည်ရှိပါ၏။

ဟံသာဂီရိ ဆရာတော်ကြီးက စောင့်ရှောက်ထားပါသည်။

## ဆင်ရှင်စေတီ(၃)

ယခုအခါ **"ဥမင်ကိုးဆယ်စေတီ"** ဟူသော ဘွဲ့အမည်အသစ်ဖြင့် အလွန်ကျော်ကြားသော **ဆင်ဘိုးစေတီ**ဖြစ်သည်။

အရိယဝံချောင်၏ အနောက်ဘက် မြတောင်ထိပ်တွင် တည်ရှိပါ၏။ သမိုင်းဝင်တောင်တော် (၂၀)ဖြစ်၏။ ဥမင်များဖြင့် အဆန်းတကြယ်စေတီဖြစ်သည်။

## ဆင်ရှင်စေတီ(၄)

အရိယဝံသချောင်၏ အရှေ့ဘက် ဟံသာဂီရိတောင် အမှတ်(၁၈)တောင်ကြောလည်း ဖြစ်သည်။

ဆင်ဘိုးစေတီ(၄) ဖြစ်သော်လည်း ယခင် အစိုးရလက်ထက် ဝန်ကြီး၏ ကုသိုလ်တော်ဖြစ်သည့်



www.burmeseclassic.com



အရိယဝံသ ဘိုဘိုကြီး စောင့်ရှောက်နေသော စောစီးပင်အား တွေ့မြင်ရပုံ

အတွက် **''ဝန်ကြီးဆင်ဘိုး''**ဟု အရပ်စကားဖြစ်နေလေ၏။

ကုသိုတစေတီ

အရိယဝံသချောင်နှင့် သိကြားကျ စေတီတို့၏ အနောက်ဘက် ကပ်လျက် တည်ရှိသော ဆုတောင်းပြည့် စေတီဖြစ်၏။

စေတီတော်၏ အောက်လိုဏ်ဂူများ၌ ဆရာတော်ကြီး ကျင့်ကြံအား ထုတ်ခဲ့သောကြောင့် လူသိများသော ဌာနကောင်းဖြစ်၏။

ကုသိုတစေတီ၏ အထက်စောင်း တန်းကြီးမှာ ဆင်ဘိုးတစ်ဆူဖြစ်သော ဥမင် ၉၀ ဆယ်စေတီသို့ တက်ရောက်ရာ လမ်းဖြစ်၏။

အရိယဝံသ ချောင်တော်ကြီး တည်ရှိရာ အောင်မြေ၏ အနောက်ဘက် ချပ်အတွင်း **ရေငုံချောင်၊ ပဘာချောင်**နှင့် **မဏိကုဏ္ဍလ ချောင်**တို့ တည်ရှိ၏။

ချောင်ကြီး၏ မြောက်ဘက်တွင် **ချမ်းအေးချောင်၊ မြဝတီချောင်၊ ရှင် မဟာသီလဝံသချောင်**နှင့် **ဝိပဿနာမဟာဂန္ဓာရုံ**တို့က တည်ရှိနေပါ၏။

ချောင်တော်၏ အရှေ့ဘက်တွင် **ဟံသာဂီရိချောင်၊ မြန်အောင်ချောင်ကြီး**တို့ တည်ရှိနေလေ၏။

အရိယဝံချောင်၏ တောင်ဘက်၌ **အနီးစခန်းချောင်**နှင့် **မှန်ကျောင်းတော်**တို့က ဝန်းရံထားလေရာ ထူးခြားလှသော သာသနာအောင်မြေအဖြစ် သာသနာ(၅)ထောင်မက ထွန်းပနေမည် ဖြစ်ပါသည်။

ချောင်တော်ကြီး၏ သာသနာ အောင်မြေသို့ တစ်ကြိမ် တစ်ခေါက်တော့ အရောက်လာစေချင်ပါဘိ။

***အဝေရာ ဘေးမဲ့ အေးမြချမ်းသာ ကြပါစေ။***

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***

ကိုးကား

- **သာသနလင်္ကာရစာတမ်း။**
- **စစ်ကိုင်းသာသနာဝင်ကျမ်း။**
- **မှန်နန်း တ/တွဲ။**
- **အရှင်ကောမုဒိဝရ၏ စာတမ်းဖတ်ပွဲ။**
- **သမြူးမြသောင်း၏ စစ်ကိုင်းဘုရားများ။**
- **နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ဧပြီလ ၂၀၁၇။**

စာရေးသူ ဆရာကြီးဦးအောင်ရွှေမြတ်(စစ်ကိုင်းတောင်)နှင့် စာရှုသူ...သုတေသီနှင့် ဝါသနာရှင်များသို့...

**စစ်ကိုင်းမြို့၏ သမိုင်းစဉ်ပါ ချောင်သေလာ(အရိယာဝံသချောင်) ပထမပိုင်းကို ၂၀၁၉ ခုနှစ်၊ မေလထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြခဲ့သော်လည်း ဇွန်လထုတ်၌ ဒုတိယပိုင်းကို ဆက်၍ ဖော်ပြရန် ဖြစ်သော်လည်း အခြားဆောင်းပါးတစ်ပုဒ်ကို ဖော်ပြမိပါသည်။**

**သို့ဖြစ်၍ ယခုလ ဇူလိုင်လထုတ်တွင် ဒုတိယပိုင်းကို ဆက်လက်ဖော်ပြရပါသည်။ ဖတ်ရှုသူများနှင့် ဆရာဦးအောင်ရွှေမြတ်(စစ်ကိုင်းတောင်)တို့ အဆက်အစပ် မဲ့သွားခြင်းအတွက် သည်းခံခွင့်လွှတ်ပေးပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။**

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**
*စာတည်းချုပ်*
*နက္ခတ္တရောင်ခြည်မဂ္ဂဇင်း*



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

► ကြော်ငြာ ဆောင်းပါး ◄

● မှတ်ပုံတင် - ၁၁၁၄၅ တရုတ် လိုင်စင် ၇၂၁၁ ဆေးဆိုင်(၁၃၂) ●

နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုဆောင်




" ဆရာကိုယ်ဥ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ရုတ်တလော အသက်ရှူကျပ်ပြီး မောတယ်ဗျား ညအိပ်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယ်ဥ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွှမ်းကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "

" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္ဓိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ထိုးသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယ်ဥ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးချက်နဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာ မကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါ သက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းချင်ရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယ်ဥ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အမြန်ဆုံးအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျား ဆေးအညွှန်းကို သိပါရစေ "

" ဂဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ စူးရှုအောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းမွန်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ခြေထောက်လှန်၍ နှလုံးခုန်မမှန် မောပန်းခြင်း၊ မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ တနေ့ပင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယ်ဥ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျား အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရနိုင်မှာလဲ "

" အထိကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ဆေးတစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ဖြူးရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ဂဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ ပေါ်လပြင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ဖြူးရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ဖြူးပေးနေပါပြီ။

မင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်-(၅၂/၁၅၆) သဘင်လမ်းကြီး မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၅၉ ၊ ၀၉-၅၁၈၈၄၁၂

**ကြော်ငြာ ထောင်ယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com




▲ လင်းမလိုစေတီတော်ကြီးအား ခမ်းနားကြည်ညိုဖွယ်ဖူးမြင်ရပုံ

# စစ်ကိုင်းတောင်ရှင် သမိုင်းဝင်စေတီများ

၏ အောင်မြေနှင့် ရှိခိုးပူဇော် ဂါထာတော်များ ( ၇၇ )

လင်းမလိုရွှေကူစေတီ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

*[၃-ကြိမ်]*

ကျန်စစ်သားတိ ဝိသုတေန
မဟာရာဇေန မာပိတံ။
လင်းမလိုရွှေကူ ထူပယံ၊
ဝန္ဒာမိ အဘိ သက္ကစ္စံ။

မြန်မာပြန်

**ကျန်စစ်သားတိ**– ကျန်စစ်သားဟူ၍၊

**ဝိသုတေန**– လွန်စွာကျော်ကြားတော်မူသော၊

**မဟာရာဇေန**– မင်းမြတ်ရာဇာသည်၊

**မာပိတံ**– တည်ထား ကိုးကွယ်အပ်သော၊

**လင်းမလို ရွှေကူ ထူပ**– လင်းမလို ရွှေကူစေတီတော်အား၊

**အဟံ**–"…"ဟု နာမသမုတ် အကျွန်ုပ်သည်၊

**ယံ**– အကြင် စေတီတော်မြတ်ကြီးကို၊

**အဘိ သက္ကစ္စံ**– အထူးလေးစားဂါရဝထား၍၊

**ဝန္ဒေ ဝန္ဒာမိ** – ရိုသေစွာ ရှိခိုးပူဇော်မြတ်နိုး လက်အုပ်မိုး၍ ကန်တော့ပါ၏။

ဒါယကာ

သီရိတြိဘုဝနာဒိတျဓမ္မရာဇ် ဘွဲ့ခံ **ကျန်စစ်သားမင်း**။ (၄၄၆–၄၇၄) သက္ကရာဇ် ၄၄၆ ခုနှစ်တွင် နန်းတက်သည်။

စေတီတည်နှစ်

သက္ကရာဇ် ၄၄၅ ခုနှစ်။

တည်နေရာ

ပတ္တမြားရပ်ကွက်၊ မင်းဝံတောင်

www.burmeseclassic.com





▲ လင်းမလိုစေတီတော်မြတ်ကြီး၏ အရံစေတီတော်(၃)ဆူအား

ထူးခြားသော ပုံဟန်ဖြင့် ဖူးမြင်ရပုံ

▼ လင်းမလိုရွှေကူစေတီတော်ကြီး၏ မုခ်ဦး



ခြေ။

အောင်မြေဌာန

စေတီတော်၏ တနင်္ဂနွေထောင့်။

ပွဲတော်ရက်

နှစ်စဉ် တပို့တွဲလပြည့်နေ့။

အစောင့်အရှောက်

လင်းမလို ဘိုးဘိုးကြီး။

ထူးခြားချက်

လင်းမလိုဘိုးဘိုးကြီးကား မူလက မင်းမဟာဂီရိ ဖြစ်ခဲ့သော်လည်း ရပ်ရွာဒေသတို့၏ အယူအစွဲဖြင့် အမည်သညာ ပြောင်းလဲခဲ့ဟန် ဖြစ်ပါမည်။

ကျန်စစ်မင်းကား ထီးလှိုင်သံပျင်ကြီး မဟာသမန်း၏သား ဖြစ်သည်။ လက်ရုံးရည်နှလုံးရည်ဖြင့် ပြည့်ဝထူးချွန်သူ ဖြစ်သည်။

ဖခင်ဖြစ်သူ ထီးလှိုင်ရွာ သံပျင်ကြီးအမည်မှာ "**ဝေါဟာရ လိနတ္ထဒီပနီကျမ်း**"တွင် ရှေးပုဂံမင်းများ လက်ထက် ကျောက်အက္ခရာ၌ **အမတ်**ဟူ၍ လည်းကောင်း၊ ရွာ၏ အကြီးအမှူး **သံပျင်ကလန်**ဟူ၍ ဖော်ပြထားသည်။






www.burmeseclassic.com

www.burmeseclassic.com





◆ လင်းမလိုစေတီတော်အနီးမှ
အစောင့်အရှောက်ကြီးလွန်းသည်ဟု
ဆိုသော
သက်တမ်းရှည် မန်ကျည်းပင်ကြီး

လင်းမလိုရွာကု
ဆင်းတုတော်မြတ်ကြီးအား ပူဇော်ရပုံ ◆

သို့ကြောင့် မဟာသမန်းသည် အမတ်ကြီးကဲ့သို့ အရာရှိတစ်ဦးဖြစ်သည်။

ကျန်စစ်သားမှာလည်း **''ကလန်စစ်သား''**ဟူသော ဝေါဟာရသည် နယ်မြေကို ကြီးကြပ်စောင့်ရှောက်ရသော **စစ်သူကြီး**ဖြစ်သည်ဟု ဆိုပါသည်။

**အနုရုဒ္ဓါသေ် အနော်ရထာမင်းကြီး၏ သားတော်တစ်ပါးကဲ့သို့ အားထားရသောကြောင့် အနုရုဒ္ဓါမင်းကြီး၏ သားတော်ဟု ထင်မှတ်မှားခဲ့ကြ၏။**

သံပျင်ကြီး မဟာသမန်းလွန်လျှင် ကလန်စစ်သားက ဆက်ခံရသည်။ နောင်သောအခါ အမတ်ကြီးရဋ္ဌပါလက **''ထီးလှိုင်ရှင်''**ဟု နာမပြုခဲ့၏။

အနုရုဒ္ဓါမင်းကြီး၏ သူရဲကောင်းဖြစ်လာသောအခါ၌ ညောင်ဦးဖီး၊ ငထွေရူးနှင့် ငလုံးလက်ဖယ်တို့ အားဖြည့် ပါဝင်လာကြလေ၏။

(က) သုဝဏ္ဏဘူမိ သထုံပြည်မှ ရှင်အရဟံသူမြတ် ရောက်ရှိလာပြီး မနုဟာမင်းထံမှ ပိဋကတ်တော်အစုံ သုံးဆယ်အား ပင့်ဆောင်ဖို့ ဖြစ်လာလေ၏။

နောက်ဆုံးမှာ မနုဟာမင်းကြီး အညံ့ခံခဲ့ပြီး ပိဋကတ်သုံးပုံ ပေစာအစုံသုံးဆယ်ကိုလည်း အနာဂတ်သာသနာတော်အတွက် ဆင်ဖြူတော် (၃၂)စီးဖြင့် ပင့်ဆောင်ခဲ့ကြ၏။

မနုဟာမင်းအား အိမ်တော်များနှင့်တကွ သားတော်**''စိတ္တကုမ္ဘာရမင်းသား''**ကို **''သုဝမ္မရာဇာ''** ဘွဲ့ဖြင့် သူကောင်းပြုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com







◄ လင်းမလိုစေတီတော်မြတ်ကြီးအား ၁၃၆၆ ခုနှစ်က ပြန်လည်မွမ်းမံပြုပြင်ထားသည့် မှတ်တမ်းကျောက်စာ

လင်းမလိုစေတီတော်မြတ်ကြီး၏ အောင်တံခွန်တိုင်ကြီးအား ယခုခေတ်ပုံဟန်ဖြင့် ပြန်လည်ပြုပြင်ထားပုံ ►

(ခ) တရုတ်နိုင်ငံသို့ စွယ်တော်ပင့်ခရီးစဉ်တွင် ကျန်စစ်သားနှင့် အတူ သူရဲကောင်း(၄)ယောက်တို့ဖြင့် သွားရောက်ခဲ့ကြ၏။

ဤခရီး၌ မင်းမြတ်အနုရုဒ္ဓါသည် **''မြဆင်းတုတော်''** ဖြင့်သာ ကျေနပ်ခဲ့ရလေသည်။

(ဂ) ဂွမ်းစစ်ဘုရင် တိဿရာဇာက ပဲခူး ဟံသာဝတီပြည်ကြီးအား သိမ်းပိုက်ရန် စစ်မက်ပြုလေ၏။ ဥဿပဲခူးမင်းက အနုရုဒ္ဓါမင်းကြီးထံ စစ်ကူတောင်းလေ၏။ မင်းကြီးက **''စစ်သည်လေးသိန်း စေလွှတ်မည်''**ဟု အမှာတော် ပို့လေ၏။

ကေန်စင်စစ် ကျန်စစ်သား ဦးဆောင်သော သူရဲကောင်းလေးဦးနှင့်အတူ အိန္ဒိယခြေလျင်စစ်သည် ရှစ်ဆယ်ပါဝင်သော လက်မရွံ့စစ်တပ်သာ ဖြစ်လေသည်။

အိန္ဒိယ ခြေလျင်စစ်သည်တို့အား ပညာရှင်တချို့က မဏိပူရ ကသည်းများ ဖြစ်ကြောင်း အဆိုတစ်ရပ်ရှိခဲ့သည်။

စစ်ပွဲ၌ ဂွမ်းစစ်သည် ခမာများကို အံ့မခန်း အစွမ်းပြလိုက်နိုင်ကြ၏။ စစ်ပွဲတွင် ခမာစစ်သူကြီးလေးဦးကို ပင် လက်ရဖမ်းဆီးနိုင်ခဲ့၏။

ဟံသာဝတီမင်း တိဿရာဇာက ကျန်စစ်သားနှင့် ပုဂံသူရဲကောင်းလေးဦးတို့အား နှစ်ထောင်းအားရသောကြောင့် လက်ဆောင်ဘဏ္ဍာများ ပေးအပ် ချီးမြှင့်၏။

အနုရုဒ္ဓါမင်းကြီးအားလည်း ချစ်



www.burmeseclassic.com

www.burmeseclassic.com





လင်းမလိုစေတီတော်မြတ်ကြီး၏ အရံစေတီတော်(၂)ဆူ

ကြည်ရေးစေတမာန်အဖြစ် **''နှမတော်မဏိစန္ဒာ''** မင်းသမီးကို ဆက်သလိုက်လေသည်။

ကျန်စစ်သားသည် အနုရုဒ္ဓါမင်းကြီးအတွက် ဤမျှအထိ အသက်ကို ပမာမထားဘဲ စွန့်စားဆောင်ရွက်ခဲ့သူ ဖြစ်သည်။

## အပြစ်ဒဏ်သင့်ခြင်း

မဏိစန္ဒာမင်းသမီးအား ဟံသာဝတီပြည် ဥသာမှ ယခုခေတ် မိုင်ပေါင်း(၆၀၀)ကျော် ခရီးဝေးသော ပုဂံသို့ ဝေါတော်ဖြင့် ခြေကျင်ခရီး ဖြစ်သည်။

ခရီးကြမ်း၌ နားနားနေနေ ခြေကျင်ခရီးကား တစ်လကျော် နှစ်လမျှကြာအောင် သွားရသော ခရီးအတွင်း ကျန်စစ်သားနှင့် မဏိစန္ဒာတို့ ရည်ငံမိကြလေတော့သည်။

မင်းဘဏ္ဍာအား လွန်ကျူးမိသော ကျန်စစ်သားကား မင်းမြတ်အနုရုဒ္ဓါ၏ အရိန္ဒမာလှံနှင့် ပစ်လွှတ်ခံရတော့သည့် အခြေအနေထိ တစ်ကြိမ် ဖြစ်သည်။

အရိန္ဒမာလှံကို ရုတ်ချည်းကောက်ယူ၍ ပုဂံနေပြည်တော်မှ ဝေးရာအရပ်သို့ ထွက်ပြေးခဲ့ရတော့၏။

ကျန်စစ်သားကား မဏိစန္ဒာကြောင့် အနုရုဒ္ဓါမင်းကြီး၏ လက်ထက်တွင် တစ်ကြိမ်၊ စောလူးမင်း၏ လက်ထက်တွင် တစ်ကြိမ်, နှစ်ကြိမ်တိုင်အောင် တိမ်းရှောင်ခဲ့ရ၏။

စောလူးမင်းနှင့် အခြင်းအရာကား ခမည်းတော် အနော်ရထာခေါ် မင်းမြတ်အနုရုဒ္ဓါ နတ်ရွာစံသော အခါ နန်းတက်လေ၏။

**''သီရိဝဒ္ဓြာ ဘရဏာတြိဘုပတိ''**ဘွဲ့ယူ၍ **''သီရိစန္ဒာဒေဝီ''**ကို မိဖုရားကြီးအရာထား အပ်နှင်း၏။

ဤမိဖုရားကြီးကား ဟံသာဝတီဘုရင်တိဿရာဇာက အနုရုဒ္ဓါမင်းကြီးသို့ ဆက်သသော နှမတော် ''မဏိစန္ဒာမင်းသမီး''ဖြစ်သည်။

စောလူးမင်းက နို့စို့ဖက်ဖြစ်သူ အထိန်းတော်သား ''ငရမာန်ကန်း'' အား ပဲခူး ဟံသာဝတီမြို့စားအရာ ပေးခဲ့၏။

ငရမာန်ကန်းသည် စောလူးမင်းအား ပုန်ကန်၍ ပုဂံပြည်သို့ တပ်များချီ၍ တိုက်လေတော့သည်။ တပ်ချရပ်နားနေခိုက် ငရမာန်ကန်းက



www.burmeseclassic.com

www.burmeseclassic.com





လင်းမလိုကန်တော်ကြီးအနီးမှ ဥစ္စာစောင့်မောင်နမ

ကျန်စစ်သားအား အမြဲတစေ လိုက်ပါကူညီလေ့ရှိသည့် ရွှေဖျဉ်းညီနောင်နှင့် အခြွေအရံများ



ဥပါယ်တံမျဉ်ဖြင့် ဆင်စီးပြီး ဟန်ရေးပြလေ၏။

စောလူးမင်းက တကယ်မှတ်၍ တိုက်လေရာ ဆင်တော်နှံ့နစ်၍ ဆင်းပြေးရလေရာ ငရမာန်ကန်းက လက်ရဖမ်းဆီးသွားခြင်း ခံရလေ၏။

စောလူးမင်း နန်းတက်စကာလတွင် မိဖုရားမဏိစန္ဒာနှင့် ကျန်စစ်သားတို့၏ အစွပ်အစွဲကြောင့် ကျန်စစ်သားမှာ ဝေးသောအရပ်တွင် ရောက်ခဲ့ရသည်။

ဤသို့ဖြင့် (၂)ကြိမ်မြောက် ပြေးလွှားနေခဲ့ရသော ကျန်စစ်သားသည် ငရမာန်ကန်း၏ လက်ထဲမှ ညဥ့်အချိန် သွားရောက် ကယ်ယူပြန်၏။

စောလူးကား ကျန်စစ်သားကို မယုံ။

'ခမည်းတော်လည်း မျက်ဖူးသူဖြစ်၏။ ငါလည်း မျက်ဖူးသူဖြစ်၏။ ငရမာန်သည်ကား ငါနှင့် နို့ တစ်ယောက်တစ်ဖက်စို့ခဲ့ကြသူဖြစ်၏။ ငါ့အား မသတ်တန်ရာ'

ဟု တွေးကြံမိလေ၏။

'ကျန်စစ်သား ငါ့ကို ခိုးသည်'

ဟု အဆက်မပြတ် အော်သောကြောင့်...

'မင်းဆိုးမင်းညစ်ထံ သေရစ်လေတော့'



www.burmeseclassic.com

www.burmeseclassic.com



▲ နန်းထိန်းမှတစ်ပါး မည်သူမျှ ထိကိုင်ခွင့်မရှိသော ထူးခြားသည့် နတ်လိပ်ပြာများ

▼ လင်းမလို့ဥယျာဉ်တော်မောင်နှမ တော်ရောက်သော ကန်တော်ကြီး နွေကာလရေနည်းချိန် အသုံးပြုသည့် ကန်အတွင်းမှ ရေတွင်းကလေး



ဆို၍ ပစ်ခဲ့ရလေ၏။

## ကျန်စစ်သား

ကျန်စစ်သား၏ ငယ်စဉ်ဘဝကား ကြီးလန့်စာစား ပြေးလွှားပုန်းလျှိုး နေခဲ့ရ၏။ ယခုတိုင် ပြေးလွှားနေရ ပြန်၏။

သို့တိုင်အောင် မင်းမြတ်အနုရုဒ္ဓါအား စိတ်မကွက် စိတ်မပျက် စောလူးမင်းအားလည်း များစွာ ငဲ့ညှာခဲ့နိုင်သူ ဖြစ်သည်။

စောလူးမင်းသည်လည်း ငရမာန် ကန်းက ပျူစောထီးမင်း ငှက်ကြီး ဦးခေါင်း မြှုပ်နှံရာအရပ်၌ ကွပ်မျက် လိုက်လေသည်။

ငရမာန်ကန်းလည်း ကျန်စစ်သား ကို မခံဝံ့၍ ပြေးလေ၏။

မုဆိုးငစဉ်ကြ လုပ်ကြံဖို့ လိုက်ရ လေ၏။ ရွာသာအနီးတွင် မီလေရာ ငှက်သံပေး၍ လှည့်အကြည့် လေးနှင့်ပစ်ရာ ကောင်းသော မျက်စိ တစ်ဖက်ကို စူးဝင်၍ သေ၏။

သက္ကရာဇ် ၄၄၆ ခုနှစ်တွင် နန်း တက်တော်မူသည်။

## မိဖုရား(၄)ပါး

၁။ အပယ်ရတနာ
၂။ မဏိစန္ဒာ
၃။ သမ္ဘူလ
၄။ ခင်တန်



www.burmeseclassic.com






▲ လင်းမလိုတိုတိုကြီးအား၊ အေးချမ်းသော ဆောင်းရာသီတွင် ဤသို့ နွေးနွေးထွေးထွေး ပူဇော်ထားပုံ

◀ ကျန်စစ်မင်းသား၏ ကညိုလ်တော် လင်းမလိုစေတီတော်မြတ်၏ အောက်ခြေ

တို့ဖြစ်သည်။

အပယ်ရတနာ

ကျန်စစ်သား၏ ငယ်ချစ်ဦးဖြစ်သည်။ ပရိမ္မရွာသူကြီး၏ သမီးဖြစ်၏။ ချောမောလှပ၍ အသိဉာဏ်ပညာ ကြွယ်ဝသူ၊ ချစ်ခင်မြတ်နိုးရသူဖြစ်သည်။

အပယ်ရတနာမိဖုရားမှ သမီးတော်တစ်ဦး ဖွားမြင်၏။

"**ရွှေအိမ်စည်**"ဟု အမည်တွင်၏။ ရွှေအိမ်စည်မှာ အိန္ဒိယမင်းသား ပဋိက္ခရားနှင့် ရည်ငံနေလေသည်။

ခမည်းတော် ကျန်စစ်သားမင်းက အမျိုးပျက်မည်စိုး၍ စောလူးမင်း၏ သားတော် "**လောကသိဃ်ဝိဇယ**"ခေါ် **စောယွန်း**နှင့် လက်ဆက်ပေးခဲ့သည်။

သမီးတော် ရွှေအိမ်စည်နှင့် စောယွန်းတို့မှ အလောင်းစည်သူ အလောင်းအလျာအား မွေးဖွား သန့်စင်ခဲ့၏။

စောယွန်းမှာ မွန်သွေးပါသူ အနုရုဒ္ဓါမင်း၏ မိဖုရား၊ မဟာဒေဝီ စူဠာမဏိတို့မှ ဖွားမြင်ခြင်းဖြစ်၏။

အဘိုးဖြစ်သူ ကျန်စစ်မင်းကြီးက လွန်စွာ ချစ်ခင်ခံရသူဖြစ်၍ ငယ်ရွယ်စဉ်မှာပင် နန်းမွေပေးခံရသော ဘုန်းသမ္ဘာရှင်မင်းကြီး ဖြစ်သည်။

မဏိစန္ဒာမိဖုရား

ကျန်စစ်သားသည် မဏိစန္ဒာ မင်းသမီးကိုလည်း ချစ်ခင်လှသည်။ မဏိစန္ဒာကြောင့်ပင် အနော်ရထာမင်းလက်ထက်နှင့် စောလူးမင်းလက်ထက်တို့တွင် (၂)ကြိမ်တိုင်တိုင် ထွက်ပြေးခဲ့ရသူ ဖြစ်သည်။

ဤသို့ (၂)ကြိမ်တိုင်အောင် ထွက်ပြေးပြီး ထီးနန်းရရှိမှ ပြန်လည်ပေါင်းသင်းခွင့်ရရှိသည်။ မဏိစန္ဒာမင်းသမီးအား ကျန်စစ်မင်းက "**ဝဋံသကာဒေဝီ**"ခေါ် "**ဦးဆောက်ပန်းဘွဲ့**"ဖြင့် မိဖုရားအရာထားခဲ့၏။

ဦးဆောက်ပန်းမှ သားတော်တစ်ပါး ဖွားမြင်ခဲ့သည်။ မိဖုရားကြီးမှာ ထီးနန်းစိုးစံစဉ်ကာလမှာပင် ကွယ်လွန်ခဲ့သည်။ သားတော်ကား "**ရာဇကုမ္မာ**"အမည်ဖြင့် ကျော်ကြားပါသည်။ ရာဇကုမ္မာကား စောလူးမင်း၏သား ဖြစ်သည်။

ကျန်စစ်မင်းက မဏိစန္ဒာအား ပေးခဲ့သော ရွာသုံးရွာကို သာသနာသို့ လှူခဲ့၏။

မိဖုရားသမ္ဘူလ

မဏိစန္ဒာကြောင့် ပထမအကြိမ် ထွက်ပြေးခဲ့ရစဉ် ကျောင်းဖြူရွာ၌ ခေတ္တခိုနေခိုက် ကျောင်းဖြူဘုန်းတော်ကြီးတူမ သမ္ဘူလနှင့် တွေ့ဆုံရလေ၏။ ကျန်စစ်သားနှင့် ရေစက်ဆုံမိကြသည်။ ဤကား တတိယမြောက်အချစ်တည်း။

ကျန်စစ်သားနှင့် ကိုယ်ဝန်ရှိနေရစ်

(စာမျက်နှာ (၁၀၁) သို့



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ကျန်းမာပါစေတိုင်းရင်းဆေးခန်း

# ဆရာမဒေါ်မဥ္ဇူ

(တဆ-၁၈၉၁)ပြောပြသော

# ကိုယ်ချင်းစာတရား အမြဲထားသည်နှင့်

## သက်ရှည် ကျန်းမာနည်းလမ်းကောင်းများ

မြောင်းမြ မောင်ယဉ်တင့်

''ဥစ္စာကံစောင့် အသက်ဉာဏ်စောင့်''ဆိုတဲ့ ဆိုရိုးစကား ရှိပါတယ်။ ကံ,ဉာဏ်,ဝီရိယသုံးပါး လက်ကိုင်ထားသူများဟာ စည်းစိမ်ချမ်းသာပြည့်စုံပြီး သက်ရှည်ကျန်းမာသောဘဝများကို ပိုင်ဆိုင်ကြသူများဖြစ်ပါတယ်။

ကံ,ဉာဏ်,ဝီရိယ လက်ကိုင်ထားပြီး ကျန်းမာရေးကို ဝန်ဆောင်မှုပေးနေတဲ့ ဆရာမဒေါ်မဥ္ဇူနဲ့ တောင်ဥက္ကလာပမြို့နယ်ကို ရောက်တဲ့အခါ သွားရောက် တွေ့ဆုံပြီး အသက်ရှည်ရာ ရောဂါမဲ့ကြောင်း နည်းလမ်းကောင်းများကို ဆွေးနွေး မေးမြန်းခဲ့ပါတယ်။

**တိုင်းရင်းဆေးဆရာကြီး ဦးဝင်းလေးနဲ့ ဆရာမကြီး ဒေါ်လှသိန်းတို့ရဲ့သမီးရင်း၊ ဆရာမဒေါ်မဥ္ဇူနဲ့** ဆွေးနွေး မေးမြန်းခဲ့သမျှ ပြန်လည် တင်ပြလိုက်ပါတယ်။

▲ **'ဆရာမအနေနဲ့ လက်ခံကျင့်သုံးလျက်ရှိတဲ့ ဆောင်ပုဒ်ရှိရင် သိပါရစေ'**

❍ 'ကျွန်မအနေနဲ့ ထာဝရကျင့်သုံးလျက်ရှိတဲ့ ဆောင်ပုဒ်ကတော့''**ကိုယ်ချင်းစာတရား အမြဲထားပါ**'' ဆိုတဲ့ ဆောင်ပုဒ်ပါ။

စိတ်အညစ်အကြေးများ ကင်းစင်ပြီး စိတ်နေစိတ်ထား မြင့်မြတ်စေနိုင်တဲ့ ဘာသာရေး အဆုံးအမများနဲ့အညီ ကျင့်ကြံနေထိုင်ပါတယ်။

တစ်နေ့တာကုန်ဆုံးရင် **ဥစ္စာ,ပညာ,ကုသိုလ် တစ်ခုခုရအောင်** ကြိုးစားပါတယ်။ တတ်နိုင်သမျှ သုံးမျိုးလုံးရအောင် ကြိုးစားပါတယ်'

▲ **'ဆရာမရဲ့ နေ့စဉ် နေထိုင်စားသောက်မှု Lite Style ကို ပြောပြပေးပါဦး'**

❍ 'စောစောအိပ်ပြီး **စောစော အိပ်ရာထတဲ့အကျင့်** ရှိပါတယ်။ **မနက်(၅)နာရီခန့် အိပ်ရာမှ** ထပြီး ကိုယ်လက်သန့်စင်ပြီးတဲ့အခါ ဘုရားကျောင်းဆောင်



◆ ဆရာမ ဒေါ်မဥ္ဇူ(တဆ-၁၈၉၁)

သန့်ရှင်းပါတယ်။ ဆီမီး၊ ရေချမ်း ကပ်လှူပူဇော်ပြီး ငါးပါးသီလ ခံယူပါတယ်။

အဲဒီနောက် အသွားအပြန်(၃)မိုင်ခန့်ဝေးတဲ့ ဈေးကို နေ့စဉ် လမ်းလျှောက်ရင်း ဈေးဝယ်ပါတယ်။ **လမ်းလျှောက် လေ့ကျင့်ခန်းလုပ်တဲ့သဘောပါ...**

ကျွန်မတို့မိသားစုက **ခြေလေးချောင်းသား အမြဲရှောင်ပါတယ်။** ကြက်သားနဲ့ ငါးကို အဓိကထားစားပြီး အသီးအရွက်ပါအောင် အမြဲစားပါတယ်။

ခရမ်းချဉ်သီး၊ ပန်းဂေါ်ဖီစိမ်း၊ မုန်ညင်းရွက်၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီစတဲ့ အသီးအရွက်တွေဟာ ကင်ဆာရောဂါကို တွန်းလှန်နိုင်ဂုဏ်သတ္တိတွေ ရှိတာကြောင့် အဲဒီအသီးအရွက် တစ်မျိုးမျိုးပါအောင် နေ့စဉ် ချက်ပြုတ်စားပါတယ်။

မနက်စာနဲ့ နေ့လယ်စာကို များများစားပြီး ညနေစာကို လျှော့စားပါတယ်။ **ရေကို တစ်နေ့(၂)လီတာခန့် ပုံမှန်သောက်ပြီး နွေးရာသီမှာ ရေပိုသောက်ပါတယ်။**

ဟင်းချက်စားတဲ့အခါ ပဲဆီ,နေကြာဆီတို့နဲ့သာ ချက်



www.burmeseclassic.com

www.burmeseclassic.com



စားပါတယ်။ **ဟင်းသီးဟင်းရွက်တွေ ကြော်ချက်မစားမီ ဆားရည်နဲ့ မိနစ်(၃၀)ခန့်စိမ်ပြီး ဆေးကြောပြီးမှ** ကြော်ချက်စားပါတယ်။ ရာသီစာ အသီးအနှံတွေ မစားမီ ဆားရည်နဲ့စိမ်၊ ရေဆေးကြောသန့်စင်ပြီးမှ စားပါတယ်'

▲ **'စိတ်ဖိစီးမှုတွေ ကြုံလာတဲ့အခါ ဘယ်လိုကျော်ဖြတ်တယ်ဆိုတာ ပြောပြပေးပါဦး'**

❍ 'လူမှုရေး၊ စီးပွားရေးဆိုတဲ့ အမှုကိစ္စတွေ ကြုံလာရင် **စိတ်ဖိစီးမှုတွေ ခံရတတ်ပါတယ်။** ကျွန်မတို့မိသားစုကတော့ ဆိုးတိုင်ပင် ကောင်းတိုင်ပင် ရှိကြပါတယ်။

ပြဿနာတစ်ခုကို စုပေါင်း ဖြေရှင်းကြတဲ့အတွက် စိတ်ဖိစီးမှုမရှိသလောက် နည်းပါတယ်။ အရာရာကို အကောင်းမြင်ဝါဒ ကျင့်သုံးတဲ့အတွက် ကိုယ်စိတ်နှစ်ပါး ချမ်းသာပြီး စိတ်ဖိစီးမှုတွေ ကင်းဝေးပါတယ်'

▲ **'ယနေ့ခေတ်ကာလမှာ နှလုံးရောဂါအဖြစ်များလာတာ တွေ့ရပါတယ်။ ကြိုတင်ကာကွယ်နိုင်တဲ့နည်းများကို ပြောပြပေးပါဦး'**

❍ 'နှလုံးရောဂါ ကြိုတင်ကာကွယ်နိုင်ဖို့ဆိုရင် **ဆေးလိပ်နဲ့ အရက်သောက်ခြင်း**ကို လုံးဝ ရှောင်ကြဉ်ပါ။ **သွေးပေါင်မှန်မှန်ချိန်ပါ။ သွေးအချိဓာတ်** (Cholestrol) ထိန်းပါ။ **လမ်းလျှောက်လေ့ကျင့်ခန်း မိနစ်(၃၀)ခန့် လုပ်ပါ။** အဆီအဆိမ့် လွန်ကဲစွာ စားသောက်ခြင်း ဆင်ခြင်ပါ။ **နှလုံးရောဂါ ကြိုတင်ကာကွယ်နိုင်တဲ့ နှလုံးအားဆေးသောက်ပါ။**

တိုင်းရင်းဆေးအနေနဲ့ **ဆေးအမှတ်(၁၅)သည်းခြေဆေးနဲ့ အဘိညာဉ် နှလုံးအားဆေးကို ဆတူရောစပ်ပြီး လက်ဖက်ရည်တစ်ဇွန်းခန့် နံနက်၊ ညတစ်နေ့ (၂)ကြိမ်** သောက်ပါ။ နှလုံးရောဂါကို ကြိုတင်ကာကွယ်နိုင်ပါတယ်'

▲ **'ဆရာမအနေနဲ့ ကျန်းမာနုပျိုအောင် ဘယ်လို ထိန်းသိမ်းဖြစ်ပါသလဲ'**

❍ 'ခုနက ကျွန်မပြောခဲ့သလို ကျွန်မတို့မိသားစုက ခြေလေးချောင်းသားကို လုံးဝရှောင်ကြဉ်တဲ့အတွက် **အနီရောင်အသားတွေ မစားခြင်းအားဖြင့်** ကင်ဆာရောဂါကိုကြိုတင်ကာကွယ်ရာရောက်ပါတယ်။ ကစီဓာတ်များတဲ့ အစားအစာ၊ အချို၊ အဆိမ့်၊ အငန်တွေ လျှော့စားပါတယ်။

ကျွန်မအပါအဝင် မိဘနှစ်ပါး၊ အစ်ကိုတွေက တိုင်းရင်းဆေးဆရာတွေ ဖြစ်တာကြောင့် အစားအသောက် ဆင်ခြင်တဲ့အတွက် သွေးချိုသီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါကင်းဝေးပါတယ်။

**အရွယ်တင်နုပျိုဖို့ဆိုရင်** ဆေးလိပ်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ **အိပ်ချိန်ပြည့် အိပ်စက်အနားမယူခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်း မပြုလုပ်ခြင်း၊** ကျန်းမာရေးနဲ့ မညီညွတ်တဲ့ အစာအစာစားသောက်ခြင်းစတဲ့ အချက်အလက်တွေကို ရှောင်ကြဉ်ပါ။

လေကောင်းလေသန့် ရှူရှိုက်ခြင်း၊ ရေကောင်းရေသန့် သောက်သုံးခြင်း၊ အိပ်ချိန်ပြည့် အိပ်စက်အနားယူခြင်း၊ ကိုယ်လက်ကျန်းမာရေး လေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်ခြင်း၊ ကျန်းမာရေးကို အထောက်အကူပြုတဲ့ အစားအစာများကို ရွေးချယ်စားသုံးခြင်းဖြင့် သက်ရှည်ကျန်းမာနုပျိုကြမှာ ဖြစ်ပါတယ်။ အဲဒီနည်းစနစ်အတိုင်း ကျွန်မကိုယ်တိုင် ကျင့်ကြံနေထိုင် စားသောက်ပါတယ်'

▲ **'ရင်တွင်းစကား ပြောကြားပေးပါဦး'**

❍ 'အသက်တိုခြင်းရဲ့ အကြောင်းရင်းများကတော့ **ဣဿမစ္ဆရိယစိတ်၊ လောဘ၊ ဒေါသ၊ မောဟ**တို့ကြောင့်လို့ ဆရာတော်ကြီးများ၊ လူကြီးမိဘများ ဆုံးမသွန်သင်တဲ့စကား မှတ်သားဖူးပါတယ်။

ဒါကြောင့် **"အကုသိုလ်ရှောင်၊ ကုသိုလ်ဆောင် ဖြူအောင်စိတ်ကိုထား၊ ဘုရားတိုင်းသာ ဟောမိန့်မှာ သုံးဖြာဤစကား ဘုရားတပည့် ထားသတိ ပွားဘိဤတရား"**ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမတရားကို မှတ်သားလိုက်နာကျင့်သုံးရင် သက်ရှည်ကျန်းမာနုပျိုကြမှာ ဖြစ်ကြောင်း ပြောချင်ပါတယ်'

▲ **'ကျေးဇူးတင်ပါတယ် ဆရာမ'**

ဆရာမဒေါ်မဥ္ဇူနဲ့ ကျန်းမာရေးကိစ္စအဝဝ ဆွေးနွေးတိုင်ပင်နိုင်တဲ့ လိပ်စာကတော့...


ဆရာမ ဒေါ်မဥ္ဇူ

**ကျန်းမာပါစေ တိုင်းရင်းဆေးခန်း**

အမှတ်(၈၂)၊ ဧယျလမ်း၊ (၁၀)ရပ်ကွက်၊

တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၇၃၀၈၅၅၄၄၀၊ ၀၉ ၇၃၀၂၉၉၃၀၊ ၀၉ ၄၂၀၀၆၆၁၉၈


**မြောင်းမြ မောင်ယဉ်တင့်**

F.13B. July, 2019.



www.burmeseclassic.com


www.burmeseclassic.com



# မုန်တိုင်းအန္တရာယ် ကာကွယ်နိုင်ဖို့

ထွန်းဝင်း (ကလေး)

စတိနည်းတစ်နည်း



သဘာဝဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးကြပါစေလို့ ဆုတောင်းသံများ ကြားလာရပါသည်။

ချစ်စရာကောင်းသော မြန်မာတို့၏ ဓလေ့အရ သီတင်းကျွတ်၊ တန်ဆောင်မုန်း အခါကြီးရက်ကြီးများမှာ လူကြီးသူမ ဆရာသမားတို့အား ရိုသေမြတ်နိုး ရှိခိုးကြရာဝယ် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လိုရာဆန္ဒပြည့်ဝကြပါစေ၊ သဘာဝဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးကြပါစေလို့ ခေတ်မီပညာတတ် လူကြီးသူမ ဆရာသမားတို့က ဆုပေးလာကြရပါတော့သည်။

သဘာဝဘေးအန္တရာယ် အသွယ်သွယ်တို့အနက် မုန်တိုင်းအန္တရာယ်သည်လည်း ကြောက်စရာ အလွန်ကောင်းလှပါသည်။ ကုန်းပေါ်ရှိ အဆောက်အဦးကြီးများ တဲအိမ်တိုက်တာများ၊ သစ်ပင်ကြီးများ အမြစ်မှ ကျွတ်လွတ် ပြိုလဲကြရပါသည်။

ရေကြောင်းလှေသင်္ဘောများ နစ်မြုပ်ပျက်စီးကြရပါသည်။ ကောင်းကင်သွား လေယာဉ်များပင် အန္တရာယ်ကြုံရတတ်ပါသည်။ အထူးသဖြင့် နွေရာသီမှ မိုးရာသီ အကူးအပြောင်းကာလမှာ ဖြစ်လေ့ဖြစ်ထရှိသော မုန်တိုင်းကြောင့် ရွာလုံးကျွတ် ပျက်စီးဆုံးရှုံးရသော သတင်းဆိုးကို ကြားရတိုင်း စိတ်မချမ်းမြေ့နိုင်ပါ။ စိတ်သောက ရောက်ရပါသည်။

**၂၀၀၈ခုနှစ်က နာဂစ်မုန်တိုင်းကြောင့်** ပျက်စီးဆုံးရှုံးမှုများကို ကြောက်ခမန်းလိလိ ကြားသိကြရာ ဝမ်းနည်းကြေကွဲမိကြရပါသည်။

ကြာတော့ ကြာခဲ့ပါပြီ။ **၁၉၇၅ခုနှစ်လောက်က ကျွန်တော့်ကိုယ်တွေ့ အဖြစ်အပျက်ကို တင်ပြပါမည်။**

စာရေးသူ စိုက်ပျိုးရေးဝန်ထမ်းဘဝက **စစ်ကိုင်းတိုင်းဒေသကြီး၊ ယခုမန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့မှာ တာဝန်ထမ်းဆောင်စဉ် တစ်နေ့** မိုးဦးရာသီဝင်စကာလမှာ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ(နလက) ဥက္ကဋ္ဌ ဗိုလ်ကြီးညိုမောင်နှင့် အတွင်းရေးမှူး၊ မြို့ပိုင်ကြီး ဦးညီညီ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ကျွန်တော်တို့ မြို့သာဘက်ကို ခရီးထွက်ခဲ့ကြပါသည်။

ကျေးရွာအုပ်ချုပ်သူများ တောင်သူများနှင့် ချည်မျှင်ရှည်ဝါ စိုက်ပျိုးရေးအကြောင်း၊ ဓာတ်မြေသြဇာပိုးသတ်ဆေးများ ပံ့ပိုးရေးဆွေးနွေးအပြီး ညနေလေးနာရီကျော်ကျော်ခန့်မှာ **ရာဟုထောင့် ကောင်းကင်တစ်ခုလုံး မည်းညိုမှောင်လာပြီး မုန်တိုင်းမြည်ဟည်းသံပါ** ကြားလာရပါတော့သည်။

ကျေးရွာနေပြည်သူများလည်း အလုပ်ရှုပ်ကုန်ကြရပါပြီ။ တလင်းထဲ နေလှမ်းထားသော သီးနှံများ သိမ်းကြ



www.burmeseclassic.com

www.burmeseclassic.com

ရ၊ ပစ္စည်းများသိမ်းကြရ၊ နွားများလုံခြုံစိတ်ချသောနေရာ ရွှေ့ကြရပါတော့သည်။

ထိုစဉ် အတွင်းရေးမှူးမြို့ပိုင်ကြီး ဦးညီညီကကျွန်တော့်အား **''ဓားမပေး၊ ဓားမပေး မုန်တိုင်း တားရမယ်''** ဆိုပြီး ဓားမတောင်းရာ ကျွန်တော်လည်း ဓားမကြီးတစ်ချောင်း ကောက်ပေးလိုက်ရာ မဲညိုမှောင်နေသော ရာဟုထောင့်ဘက်လှည့်ပြီး ဓားမထောင်၍ လေကို ခုတ်ပါတော့သည်။

ပါးစပ်မှ တတွတ်တွတ်ရွတ်ပြီး အမိန့်ပေးနေပါသည်။ မကြာပါ လေပြင်းရော မိုးရော ကျလာပါသည်။ တစ်နာရီကျော်ကျော်လောက်မှ မိုးရောလေရော ငြိမ်သွားပါသည်။

ထိုအခါ မြို့ပိုင်ကြီးဦးညီညီက ကျွန်တော့်အား ရှင်းပြပါသည်။

' "မုန်တိုင်း–ကက်ကင်းဓာတ်–ဓားမ"နဲ့ ခွဲပစ်ရတာ နိုင်ပြီ'

လို့ ပြောပါသည်။ ညရောက်တော့ အိပ်ရေးဝဝအိပ်ရပါသည်။

နောက်တစ်နေ့မနက် လက်ဖက်ရည်ဝိုင်းမှာ သတင်းကောင်းကြားရပါသည်။ ပတ်ဝန်းကျင်က ရွာတွေလည်း မုန်တိုင်းထိခံရကြောင်း။ ဒါပေမယ့် အပျက်အစီး နည်းပါးပါတယ်။ သစ်ပင်သစ်ကိုင်းအချို့ ကျိုးကျသလောက်သာ ဖြစ်ပါတယ်။ တဲအိမ်အဆောက်အဦးတွေ ပျက်စီးဆုံးရှုံးမှု မရှိကြောင်း ကြားရပါသည်။

ထိုသတင်းကြားအပြီး မြို့ပိုင်ကြီးကိုမေးကြည့်ရာ...

"မုန်တိုင်း–ဓားမ" ကက်ကင်းဓာတ်အပြင် ကျွန်တော်တို့ ဗုဒ္ဓဘာသာအရ သရဏဂုံကိုးပါးကို ဦးခံရွတ်လိုက်ရကြောင်း ဆယ်ပုံပုံ တစ်ပုံလောက်ပဲ ခံရတော့တာပါ။ သို့မဟုတ်ပါက ဒီရွာက ဆယ်ဆမက ပျက်စီးမှာ'

လို့ ပြောပါသည်။

နောက်တစ်ဖန် **(၁၉၈၀/၈၁)ခုနှစ်လောက်မှာ ကလေးမြို့မှ ကလေးဝမြို့။ ထိုမှတစ်ဆင့်** မုံရွာသို့ **စက်လှေငယ်ကလေးဖြင့် ခရီးသွားရာ** မင်းကင်းမြို့အလွန် ညနေ(၃)နာရီကျော်လောက်မှာ ရာဟုထောင့် မိုးညိုမှောင်လာတာတွေ့ရတော့ စက်လှေဆရာက စက်လှေကို ကမ်းဘေးကပ်ရပ်ပြီး စက်လှေကို ကြိုးများနှင့် ချည်ပါတော့သည်။

ဘာလို့လဲဟု မေးကြည့်ရာ မုန်တိုင်းလာတော့မှာလို့



ပြောရာ ကျွန်တော်လည်း ဘေးနားရှိ စက်လှေလုပ်သားလေးကို ခေါ်ပြီး ''ဓားမ''တောင်းရာ ထင်းခွဲဓားမကြီး ပေးပါသည်။

**ကျွန်တော်လည်း ဓားမကြီးကို ထောင်ပြီး လေကို ခွဲပါတော့သည်။ ပါးစပ်မှလည်း သရဏဂုံသုံးပါးမှစ၍ သမ္ဗုဒ္ဓေဂါထာ (၃)ခေါက်၊ ရှင်ဥပဂုတ္တဂါထာတော်တို့ကို ရွတ်ပြီး မုန်တိုင်းကို ကက်ကင်းဓာတ်ပြန် ''ဓားမ''ဖြင့် အပိုင်းပိုင်း ခုတ်၍ မုန်တိုင်းတားရာ မကြာမီ မုန်တိုင်းကွဲသွားပြီး အကြွင်းအကျန်သာ ခံရပါသည်။ အပျက်အစီးမရှိပါ။**

နောက်တစ်နေ့မနက် စက်လှေဆက်ထွက်ခဲ့ရာ ကျွန်တော်စီးလာသော စက်လှေထက် လေးငါးဆကြီးသော မော်တော်လေးမှာ မြစ်ကမ်းတစ်ဖက်မှာ ကျွမ်းထိုးမှောက်ခုန်ဖြစ်နေတာကို မြင်တွေ့ရပါသည်။ မေးကြည့်ရာ ယမန်နေ့က တိုက်သွားသော မုန်တိုင်းကြောင့် ပျက်စီးနေကြောင်း သိရပါသည်။

ဆိုလိုသည်မှာ မုန်တိုင်းတွေ့လျှင် ဓားမဖြင့်တားပါ။ သရဏဂုံ(၃)ပါး ပုဒိအာ,သမ္ဗုဒ္ဓေဂါထာ,ရှင်ဥပဂုတ္တဂါထာတော်တို့ရွတ်ပြီး တိုင်တည်ပါ။ ဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ပါသည်။

**ယခု ကျွန်တော် ကလေးမြို့မှာ အခြေချနေထိုင်စဉ် မုန်တိုင်း အရိုင်းအရောင်တွေ့တိုင်း ဓားမ,သရဏဂုံ,ပုဒိအာ, သမ္ဗုဒ္ဓေ, ရှင်ဥပဂုတ္တဂါထာတော်တို့ဖြင့် မုန်တိုင်းတားရာ အတော်များများ သက်သာရာရကြောင်း တွေ့ရပါသည်။**

ဤဆောင်းပါးကို ဖတ်မိသူတိုင်း မှတ်သားပြီး မုန်တိုင်းတားနိုင်ကြပါစေ။ သဘာဝဘေးအန္တရာယ် အပေါင်းတို့မှ ကင်းဝေးကြပါစေ။

***မေတ္တာစေတနာအပြည့်ဖြင့်...***

**ထွန်းဝင်း** *(ကလေး)*



www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ (၉၆)မှ အဆက်

ခဲ့၏။ ကျန်စစ်သားနန်းတက်၍ (၂) နှစ်ရှိသောအခါ သားယောက်ျား လေး ဖွားမြင်သည်အတွက် သမ္မုလ ၏ ကျေးဇူးသစ္စာအား ထောက်၍ ချစ်ခင်စွာ သိမ်းယူတော်မူ၏။

ထိုအချိန်က မင်းကြီးမှာ မြေး တော်ကို နန်းမွေပေးပြီဖြစ်၍ **"မြေး ကား အရင်း၊ သားကား အဖျား"** ဖြစ်လေပြီဟု မိန့်တော်မူသည်။

သားတော်ကို ကျန်စစ်သားက **"ဇေယျခေတ္တရာ"**ဘွဲ့ပေး၍တောင် စဉ် ခုနစ်ခရိုင်ကို အုပ်ချုပ်စေသည်။

တောင်စဉ် ခုနစ်ခရိုင်ကား **မင်းတုန်း၊ မင်းတပ်၊ ပတိမ်း၊ ငဖဲ** အစရှိသည့် ရခိုင်တောင်ရိုး အစပ်တိုင်အောင် ဖြစ်၏။

မိဖုရားခင်တန်

ငရမာန်ကန်းနှင့် တိုက်ခိုက်နေရ စဉ် အကူအညီများစွာ ပေးခဲ့သော ထီးလှိုင်ရွာသူကြီးသမီး ဖြစ်၏။

ထီးနန်းရရှိပြီးမှ ခင်တန်ကို မိဖုရား အရာ ချီးမြှင့်ခဲ့သည်။

ကုသိုလ်တော်များ

ကျန်စစ်သားကား ဘုန်းလက်ရုံး နှင့် ပြည့်စုံသူလည်း ဖြစ်၏။ ပြည်သူ ပြည်သားတို့၏ ချစ်ခြင်းခံယူသူ လည်း ဖြစ်၏။

အဋ္ဌရသသပညာအရာ၌ ကြွယ်ဝ သူ၊ နှလုံးရည်မြင့်မားသူ ဖြစ်လေရာ ထွက်ပြေးခိုလှုံရာ ခရီးတစ်ထောက် တိုင်းလိုလို အမှတ်တရ စေတီ တော်များ တည်ထားနိုင်ခဲ့ခြင်းမှာ ထူးခြားလှပေသည်။



လင်းမလိုကန်တော်ကြီးသို့ စီးဝင်ရာ ချောင်းကလေး

စီးတော်မြင်းအား အနားပေး၍ သစ်ရိပ်တွင် တမှေးအိပ်နေစဉ် နဂါး မင်းက မိုးကာပေးခဲ့၏။ ထိုနေရာ၌ **နဂါးရုံဘုရား** တည်ခဲ့၏။

ညောင်ပင်ကြီး တောအရပ်၌ ခေတ္တအနားယူခိုက်**"အရိပ်မထွက် ဘုရား"**ကို တည်ဆောက်လေ၏။ ယနေ့တိုင် ဘုရားပွဲတော်ကြီးဖြင့် စည်ကားလှ၏။

ပုဂံမြို့အနီးဟု မှန်နန်းရာဇဝင် က ဆိုရှိသော်လည်း ဇေယျာပူရ နယ်နိမိတ်အတွင်း ခြေရာတော် တောင်အနီး ခရီးထောက်တွင် **မင်း မဟာဂီရိနတ်နှင့် စကားပြောရာ ကုန်းတော်၌ ရွှေစကားဘုရား တစ်ဆူ** တည်ခဲ့၏။

အာလွကပ္ပရွာအနီး မြောက်ဘက် တောတွင် ပဲကူ၍ ထောင်းခဲ့သော ရွာသည် **ပဲကူရွာ**ဖြစ်လျက် **"ပဲကူ ရွှေဂူဘုရား"**တည်ခဲ့၏။

ထိုရွာနှင့် တစ်မိုင်ပျပျသာဝေး သော ရွာကြီး၌ ပဲတောင်းစားခဲ့သော ကြောင့် ပဲတောင်းရွာဟု တွင်ဆဲ ဖြစ်၏။ ပဲတောင်းရွာ၏ သောက်ရေ ကန်ကြီးထိပ်၌ **"ပဲတောင်းကန် တော်"**စေတီဟူ၍ ထင်ရှားသော ရွာဘုရားပွဲ ဖြစ်သည်။

မြင်းမူမြို့အနီး ထီးဆောင်းရွာတွင် ခေတ္တ အိပ်စက်ရန် အချိန်လင့်ပြီ ဖြစ်၍ စွဲကိုင်ထားသော အရိန္ဒမာလှံ ကို မြေ၌ စိုက်လေ၏။ (၂)ကြိမ်တိုင် တိုင် လဲကြသောကြောင့် ဆောက်ချို တောသို့ ပစ်ပေါက်လိုက်၍ အိပ်စက် လေသည်။

နံနက်လင်းအားကြီးအချိန်၌ လှံ တော်ကို သွားယူလေရာ တိတ် တဆိတ် လိုက်လာသော ရန်သူမင်း ချင်း(၇)ဦးမှာ အရိန္ဒမာလှံတော်၌ တစ်ဆို့ထိုးပြီး သေနေလေပြီ။

ဤဌာန၌ **"ရွှေလှံလဲဘုရား"** ခေါ် **ရွှေလဲပွတ်စေတီတော်**မှာ ယခုတိုင်ပင် အမှတ်တရ ရှိနေလေ သည်။

ယခု **ပဒတ်ထိုင်ရွာ**ဟု အမည် တွင်သော ဌာနတွင် ရောက်ရှိလေ ၏။ ဤရွာကား မြင်းမူမြို့နယ်



www.burmeseclassic.com

www.burmeseclassic.com



အတွင်း နွား၊ ဆိတ်၊ သိုးနှင့် သီးနှံပေါများသော ရွာကြီး ဖြစ်ခဲ့၏။

ကျန်စစ်သား ခေတ္တအပန်းဖြေဖို့ ထိုင်လိုက်စဉ် ကြီးမားသော ပုတတ်ကြီးတစ်ကောင်က တွင်းဝမှ ထွက်၍ လက်(၂)ဖက်ထောက်ကာ ထိုင်ကြည့်နေ၏။

ကျန်စစ်သား ထိုင်သကဲ့သို့ မျက်နှာချင်းဆိုင် ဆောင့်ကြောင့်ထိုင်နေလေရာ **"ပဒတ်ထိုင်ရွာ"**ဟု တွင်ခဲ့သည်။

အမှတ်တရအဖြစ် **"ရွှေပုတ်တောဘုရား"** တည်ထားလေ၏။ ပွဲတော်ရဘုရားတစ်ဆူ ဖြစ်သည်။

ကျောင်းဖြူရွာသို့ ရောက်ရှိလာလေ၏။ ကျောင်းဖြူရွာ **ဆရာတော် ရှင်မထီး၏ ဘုန်းကြီးကျောင်းမှ ရှောက်ချဉ်သီးကို လုံနှင့်ထိုးယူ၍** စားသောက်ရာ **"ချိုမြသော အရသာ"**ဖြင့် အားပြည့်စေခဲ့၏။

ဘုန်းတော်ကြီးတူမ **"သမ္ဘူလ"** နှင့် ရည်ငံခဲ့ပြန်သည်။ ကျောင်းဖြူရွာနေခဲ့စဉ် ကျောင်းဖြူဘုရား တည်ခဲ့၏။

အလုံ၊ ကြေးမုံ၊ မုံရွေးရောက်ခဲ့သော် ရွှေမြင်တင်တော်၊ မျက်ပြည်ရှိတောင်၊ ခမောက်တောင် တို့တွင် **ရွှေမြင်တင်၊ ရွှေမြင်မိ၊ ရွှေမြင်းမြင် စေတီတော်များ** တည်ထားခဲ့၏။ တောင်ထိပ်များ **ကျန်စစ်သား၏ မြင်းဖြူကြီးပုံတူ**ကို ပြုလုပ်ထားခဲ့၏။

မြင်းဖြူကြီးမှာ (၇) ပေမျှမြင့်မား၍ ခေတ်အဆက်ဆက် မော်ကွန်းဝင်ခဲ့သည်။




လင်းမလိုဘိုးဘိုးကြီး၏ နန်းဆောင်မှ တတမ်း

ချောင်းဦးမြို့အနီး သမိုင်းဝင် အမြင့်မြို့၌ **ရှင်ပင်တွင်းအောင်း ဘုရားနှင့် ဆည်ရွာ ထီးလှိုင်ရှင် ဘုရား**တို့မှာ အထူးကျော်ကြားလှ၏။

ထီးလှိုင်ရွာသို့ ရောက်လျှင် ထီးလှိုင်တောင်သူကြီး၏ ယာခင်းမှာ ဆင်ကြီး၏ တစ်ရပ်ခန့် ဆူးစည်းရိုး ခတ်ထားသည်။

ရွာသူကြီးက ဆူးစည်းရိုးခုန်ကျော်နိုင်လျှင် သခွားသီးများ **"ကြိုက်သလောက် စားတော့"**ဆိုလျှင် လုံထောက်၍ ခုန်ဝင်ပြီး စားလေ၏။

ထီးလှိုင်တောင်သူကြီး၏ သမီး **"ခင်တန်"**က ကျေးဇူးပြုခဲ့သော ကြောင့် မင်းဖြစ်သောအခါ ခင်တန်သည် မိဖုရားတစ်ပါးအဖြစ် ချီးမြှင့်လေသည်။

လမ်းခရီးတစ်လျှောက်၌ လုံရေးကစားလေ့ရှိသည်။ လုံရေးကစားရာ တိုင်းတွင် **လုံတော်ကျရောက်ရာ ဌာနတိုင်းတွင် စေတီများ**တည်ထားခဲ့လေ၏။

ထီးလှိုင်ရွာတွင် **ပဆစ်တုပ် ဘုရား** တည်၏။

လုံတော်ကျရာတိုင်း၌ **ဂူစုပ်ဘုရား၊ ဂူပြက်ဘုရား၊ ဂူပိစပ်ဘုရား၊ ဂူပြောက်ကြီးဘုရား၊ ဂူပြောက်ငယ်ဘုရား၊ ဂူနီဘုရားနှင့် ပြန်ဖြည့်ဂူဘုရား** ဖြစ်သည်။

အမှတ်တရ ဘုရားပေါင်း(၄၅)ရှိသည်။ အတော်များများ ဘုရားစေတီပုထိုးများ တည်ထားရာ၌ စိတ်ဝင်စားဖွယ်ရာ အဖြစ်အပျက်များနှင့် ဒဏ္ဍာရီသဖွယ် ထူးဆန်းသောအရာများကား များပြားလှပေ၏။

ရှောင်ရင်းတိမ်းရင်း၊ ပြေးရင်းလွှားရင်းမှ စစ်ကိုင်းတောင် အနောက်ဘက်ရှိ မင်းဝံတောင်ခြေသို့ နေမင်းကြီး ဂေါယာဝင်ချိန်တွင် ရောက်ရှိခဲ့လေသည်။

ဤခရီးသည်ကား ကျန်စစ်သားအတွက် မစိမ်းကားပါ။ အခါများစွာ သွားလာဖူးခဲ့၏။ ဇေယျာပူရ၏ အောင်မြေနယ်နိမိတ်လည်း ဖြစ်၏။

ဧရာဝတီမြစ်ကြီးအား ကျော်ဖြတ်လိုက်လျှင် နောင်အခါ၌ အဝ



www.burmeseclassic.com

www.burmeseclassic.com



ဓမင်းကျန်စစ်၏ မြင်းကြီး နှလုံးကွန့်ခေါင်အား ရေတိုက်၍ အသန်ပြောင်းခဲ့သော လင်းမလိုကန်တော်ကြီးအား မြင်ရပုံ

နေပြည်တော်ကြီး ဖြစ်လာမည့် ရွှေအင်းဝသို့ ရောက်ပေတော့မည်။

ဤခရီးလမ်းဖြင့်ပင် စွယ်တော်ပင့်ခရီးကိုလည်း သွားခဲ့ဖူးပြီ။ တစ်ခါက ရှမ်းပြည်နယ်သို့လည်း သွားခဲ့ဖူးပြီဖြစ်သည်။

ပုဂံပြည် ပေါက္ကံရာမနှင့်လည်း ဝေးခဲ့လေပြီဖြစ်သောကြောင့် စိတ်အေးချမ်းစွာ နားနေတော့မည်ဟုပင် တုံးတုံးချလိုက်လေတော့၏။

အရှေ့ဆီက စစ်ကိုင်းတောင်ကြီး၏ မှိုင်းညိုရီမှောင်သော အလုသည် နေဝင်တော့မည်ဖြစ်၍ မိုးရိပ်နှင့် လုပနေဆဲဖြစ်သည်။

ရောက်ရှိရာနေရာကား ဇေယျာပူရ၏ လုပသော မင်းဝံတောင်ခြေ ဖြစ်လေရာ စီးတော်မြင်းကြီးပင် ပင်ပန်းနေပြီ။

မြင်းတော်ကို ရပ်တန့်၍ ရေကန်ကြီး၏ ကုန်းထိပ်တွင် ဆင်းလိုက်၏။ မြင်းဖျူကြီး **''နှလုံးကွန့်ခေါင်''**လည်း ကန်ရေစပ်သို့ ရေသောက်ဆင်းသွားလေသည်။

တောင်ဘက် ကန်ဦးတွင် သစ်ရိပ်လည်း ကောင်းလှ၏။ တစ်ဖက်တွင် ရေကန်ကြီးသို့ စီးဝင်ရာ ချောင်းကလေးရှိနေ၏။ ထို့အတူ မဟာဂီရိ နတ်ကွန်းကြီးကလည်း ကျန်စစ်သားအတွက် အိပ်စက်နားခိုဖို့ရန် အသင့်။

ဤနတ်ကွန်းအား ယခုအခါ **''လင်းမလိုဘိုးဘိုးကြီး နတ်ကွန်း''** ဖြစ်သွားလေပြီ။

နတ်ကွန်း၌ အိပ်စက်ရာ၌ အုန်းသီးအား ခေါင်းအုံးသဖွယ်ထား၍ အိပ်စက်လေ၏။ အုန်းသီးမှာ သဘာဝအတိုင်း ကျန်စစ်သား လူးလွန့်တိုင်း ရွေ့လျားလေရာ ဦးခေါင်းသည် ပြုတ်၍ ပြုတ်၍ ကျလေ၏။

စိတ်မရှည်သော ကျန်စစ်မင်းသည် အုန်းသီးအား စမ်းချောင်းအတွင်း လွှင့်ပစ်လိုက်လေတော့သည်။

မိုးကလည်း မလင်းနိုင်သေး၊ မိုးရိပ်လေရိပ်ကြောင့် **လှဲချည်တစ်ခါ၊ ထိုင်ချည်တစ်လှည့် လင်းမလိုနှင့် မလင်းနိုင်။**

နောင်သောအခါ ထိုအရပ်သည် **''လင်းမလိုရွာ''**ဟု တွင်ခဲ့၏။ ယခုသော်ကား **ပတ္တမြားရပ်ကွက်** ဖြစ်သွားလေပြီ။

ကျန်စစ်သား တည်ထားသော စေတီသည်လည်း **''လင်းမလိုရွှေကူ''**ဟု ကမ္ပည်းတင်ပြီး တပို့တွဲလပြည့်တိုင်း ဘုရားပွဲတော်ကြီး စည်ကားလှပေ၏။

အုန်းပေါက်ချောင်း

ကျန်စစ်သား စိတ်ပေါက်ပေါက်နှင့် လွှင့်ပစ်ခဲ့သော **နတ်အုန်းသီးကား စမ်းချောင်းအတွင်း ကျရောက်ခဲ့ပြီး** စမ်းရေစီးနှင့် မျောပါ၍ ရေကန်ကြီးအတွင်း ရောက်ရှိသွားရလေသည်။

ဤ စမ်းချောင်းကလေးသည်လည်း **''အုန်းပေါက်ချောင်း''**ဟု အမည်တွင်သွားပြန်လေ၏။

ရေကန်ကြီးအတွင်း မျောပါလာသော အုန်းသီးကလေးသည် အခြားနေရာသို့ မရွေ့တော့ဘဲ ထူးဆန်းစွာ ရပ်တည်နေလေ၏။

အုန်းသီးကလေး ရပ်တန့်ရာ ကမ်းစပ်သည် တန်ခူး,ကဆုန် ရေခန်းချိန်တွင် အစဉ်အမြဲ ရေရှိနေဆဲ ဖြစ်သည်။

**ယခုအခါ ထိုနေရာကလေး၌ မြေအောက် ရေတွင်းကလေးအဖြစ် လင်းမလိုဘုရားကြီးအတွက် ရေကန်**



www.burmeseclassic.com

www.burmeseclassic.com



**အသင့် ကြာအသင့် ဖြစ်နေလေသည်၊**

လင်းမလိုရွှေကူ စေတီတော်မှာ ပုဂံခေတ်မှ ယနေ့တိုင်အောင် ခေတ်အဆက်ဆက်ကို ဖြတ်သန်းလာခဲ့ရပြီးဖြစ်သည်။

မူရင်းစေတီတော်၏ ပုံဟန်မပျက်တော့သည့်အတွက် အသေးစိတ် ရေးသားဖော်ပြနိုင်ခွင့် မရှိတော့ပါ။

လက်ရှိစေတီတော် တည်ရှိရာ အရပ်မှာလည်း **"ပတ္တမြားရပ်ကွက်"** ဟု ရပ်ကွက်သစ်ဖြစ်နေပါပြီ။

လင်းမလိုရွှေကူ စေတီမှ အနောက်ဘက်သည်လည်း **"နီလာဦးရပ်ကွက်"**ဖြစ်ပေါ် ပြောင်းလဲသွားပါသည်။

စေတီတော်မှ အနောက်မြောက်ထောင့်အရပ်တွင် **ရာဇမဏိစူဠာကောင်းမှုတော်ဘုရားကြီး ရှိနေ၏။** စေတီ၏ အရှေ့တောင်ထောင့်အရပ်တွင် **တောင်ဖီလာစေတီတော်** တည်ရှိလေရာ လမ်းဆုံဖြစ်သည်။

ကြီးကျယ်လှသော၊ ကျော်ကြားလှသော စေတီတော်(၂)ဆူတို့၏ ဗဟိုချက် အောင်မြေအရပ် ဖြစ်လေသည်။

## လင်းမလိုဘိုးဘိုးကြီး

ကျန်စစ်သား၏ ဂုဏ်ဟိတ်ဖြင့် မဟာဂီရိနတ်သည် လင်းမလိုဘိုးဘိုးကြီးအဖြစ် စောင့်ရှောက်လျက် ရှိနေလေသည်။

လင်းမလိုဘိုးဘိုးကြီးအား ဒေသခံများသည် အကြောင်းကိစ္စ ပြဿနာ



◆ လင်းမလိုပုရိဂုဏ်အတွင်းမှ နတ်ရဲမန်ကျည်းပင်ကြီးအား
ထူးခြားလှပစွာ တွေ့မြင်ရပုံ

မျိုးစုံအတွက် ကန်တော့ပွဲအပ်သော အခါတွင် ငှက်ပျောသုံးဖီးသာ ပါဝင်၍ အုန်းသီး မပါစေရ။

က။ ဘုရားပွဲတော်၌ဖြစ်စေ၊ ဆုတောင်းလို၍ဖြစ်စေ ကန်တော့ပွဲတွင် အုန်းသီးပါဝင်ခြင်း မရှိပါ။ ငှက်ပျောသီးသုံးဖီးအမည့်ဆိုလျှင် ပြည့်စုံလေ၏။

ခ။ ပွဲတင်ပွဲအပ် ဆုတောင်း မေတ္တာပို့ပြီးလျှင် ငှက်ပျောသီးများကို အိမ်သို့ ပြန်သယ်ယူခြင်းမပြုရဘဲ အနီးအနားရှိသူများအား ဝေငှစားသောက်စေရ၏။

ဂ။ ပွဲအပ်ခြင်း၊ ဆုတောင်းခြင်း၊ အဓိဋ္ဌာန်ပြုခြင်းများကို နတ်ထိန်းများအား အပ်နှံစေခိုင်းခြင်းမပြုရဘဲ မိမိကိုယ်တိုင်ကိုယ်ကျ မေတ္တာပို့ တောင်းဆိုရသည်။

နတ်ထိန်းဖြင့် တစ်ဆင့်ခံ ဆောင်ရွက်ပါက ပြဿနာများ ပြေပျောက်ခြင်းမရှိဟု အဆိုရှိနေပါသည်။ မိမိကိစ္စအား မိမိကိုယ်တိုင် **ပွဲစားမပါဘဲ (ဝါ)ရှေ့နေမပါစေဘဲ** ဆောင်ရွက်ကြရခြင်းဖြစ်သည်။

လက်တွေ့ကျသော "လင်းမလိုဘိုးဘိုးကြီး"ဖြစ်ပါသတည်း။

***အဝေရာ ဘေးမဲ့ အေးမြချမ်းသာကြပါစေ။***

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***

ကျမ်းကိုး

- မုံရွေးဆရာတော်ကြီး၏ စေတီယကထာ။
- ဦးကုလားရာဇဝင်ချုပ်
- မှန်နန်းရာဇဝင်(၁)
- ပုဂံမင်းဆက် ရာဇဝင်သစ် (တင်နိုင်တိုး)
- ပုဂံရွှေပြည်မှ သူရဲကောင်းများ (တင်နိုင်တိုး)



www.burmeseclassic.com

www.burmeseclassic.com



# ရေတံခွန်တောင်ဆရာတော်ကြီး ဦးအာဂတရ

## နှင့် ဂန္ဓာရီခရီးလမ်းမှ ထူးခြားသော မှတ်တမ်းများ [အပိုင်း-၃]

ဇင်သိုက်

### ယခင်လမှ အဆက်

### လေးကျွန်းရန်အောင်စေတီ

ထို့နောက် ဒုတိယကမ္ဘာစစ်ပြီး အထိမ်းအမှတ်အဖြစ် တည်ခဲ့သော လေးကျွန်းရန်အောင်စေတီသို့ သွားရောက်သည်။

'ကမ်းနားလမ်းမှာ လေးကျွန်းမာရ်အောင်၊ ဒီမှာ လေးကျွန်းရန်အောင်ဆိုတော့ ရက္ခန်းစင်တောင်ဆရာတော်နဲ့ ဆက်စပ်မှုရှိပုံရတယ်'

'ဟုတ်တယ်၊ ရက္ခန်းစင်တောင် ဆရာတော်ရဲ့တပည့်လို့ ဆိုတယ်။ နောက်ပိုင်း ဦးကြည်အောင်၊ ဒေါ်ထီတို့နဲ့ တွေ့ပြီးရင် ပိုပြီးရှင်းသွားလိမ့်မယ်။ မန္တလေးနန်းတော်ကို ပုံးကြဲတော့ "စစ်ကြီးပြီးပြီကွ"ဆိုပြီး ပန္နက်ချတည်ဆောက်တဲ့ စေတီပါ။

ရှေ့မျက်နှာစာမှာတွင် အဝင်မုခ်အထက်၌ စေတီတည် သက္ကရာဇ် ၁၃၀၇ ခုနှစ်၊ လက်ဝဲဘက်နံရံတွင် "အရဟံ၊ အ,ရဟံ၊ အရ,ဟံ"ဟူ၍ စာတန်းကမ္ပည်း ရေးထားပါတယ်။ နောက်ကျောဘက်မှာ "ဗ-ဂ-ဝါ-ဝါ-ဂ-ဗ။ ဗ-ဂ-ဝါ-ဝါ-ဂ-ဗ" လို့ စာတန်းနှစ်ခု ထွင်းထားပါတယ်။

ဆရာတော်ကြီးပေးတဲ့ ကျင့်စဉ်ဆိုတာ အဲဒါပဲ။ ဆရာတို့ ဉာဏ်ရှိသလိုသာ သဘောပေါက်ပါ။ **ဒါကို ပြပေးလို့ရတယ်။ ရှင်းမပြရဘူးလို့ ဆရာတော်မှာ ပါတယ်**'



◆ ရက္ခန်းစင်တောင် ဆရာတော် အထိမ်းမှတ်စေတီ

လက်ယာဘက် နံရံတွင်မူ **"လေးကျွန်းရန်အောင် ချမ်းသာ**



www.burmeseclassic.com

www.burmeseclassic.com





▲ လေးကျွန်းရန်အောင် ဂူပုထိုးတော် ရှုကွန်းစင်တောင် ဆရာတော် ရုပ်တု ▶



**ကြီး ဆုတောင်းပြည့်မြတ်စွာဘုရား''**ဟူ၍ ရေးသားထားလေသည်။ အတွင်း တိုက်မအလယ်တွင် တင်ပျဉ်ခွေရုပ်ပွားတော် တစ်ဆူ စံပယ်တော်မူသည်။

လေးကျွန်းရန်အောင် စေတီ၏ နောက်ကျောဘက် ကုန်းမြေတွင် ဆရာတော် သီတင်းသုံးသည့် ကျောင်းတိုက်ကြီးရှိသည်။ ယခုအခါ ကျောင်းဆောင်ငါးဆောင် ပတ်ဝိုင်းလျက် တွေ့ရသော်လည်း ဆရာတော်သည် အလယ်ရှိ သစ်သားကျောင်း၌သာ သီတင်းသုံးခဲ့သည်။

ကုသိုလ်ရှင်များက ကျောင်းဆောက် လှူဒါန်းလိုပါသည်ဟု လျှောက်ထားလာသောအခါ ဆောက်ရန် နေရာကို ညွှန်ပြခွင့်ပြုသည်။

ကျောင်းဆောင်များမှာ ခံ့ထည်သော်လည်း မူလသစ်သားကျောင်းကို ဖျက်ခွင့်မပြုခဲ့ချေ။

ကျောင်းဆောင်ကြီးများ ဝန်းရံနေသည့်တွင် တစ်ဆောင်နှင့် တစ်ဆောင် ဝရန်တာထိုး၍ ဆက်သွယ်ရန် စီမံသောအခါ တားမြစ်တော်မူသဖြင့် ဖျက်သိမ်းကြရသည်။

'အမှန်က နောက်ပိုင်းမှ သိတာပါ။ ကျောင်းဆောင်တွေ တစ်ဆောင်ပြီး တစ်ဆောင် ဆောက်လုပ်ထားတဲ့ပုံက အင်းချသလို မြင်းသွားကျနေတယ်။ ဒါကြောင့် အချင်းချင်းဆက်သွယ်ဖို့ လျှောက်လမ်းဝရန်တာ လုပ်တာကို ခွင့်မပြုတာဗျာ။

ကောင်းကင်က စနစ်ပုံအရဆိုရင် စမ တစ်လုံး ဒါမှမဟုတ် အင်းကွက်တစ်ကွက်ပုံစံ ဖြစ်နေပါတယ်'

ဆရာသီလက ကျောင်းဆောင်များကို လိုက်ပြလျက် မြေပေါ်တွင် အင်းချသည့်ပုံစံ ရေးခြစ်ပြလေသည်။

တောင်ပေါ်ရောက်လျှင် ကျောင်းတည်သည့် ပုံစံကို မှတ်တမ်းဓာတ်ပုံ ရိုက်ကူးရန် ကြံရွယ်ထားသော်



F.14B. July, 2019.

www.burmeseclassic.com

www.burmeseclassic.com



လည်း သစ်ပင်များ ပိတ်ဖုံးနေသဖြင့် မတင်ပြနိုင်ခဲ့ပါ။

အောင်မြေမြေပြင်မှ တစ္စန်းတစ မြင်ရသမျှကိုသာ ရိုက်ကူးတင်ပြရ ပေသည်။

### ဆရာတော်ပေးသည့် အဆောင်

'တစ်နေ့ ကောင်းကင်ပေါ်ဖြတ်ပြီး ပျံသွားတဲ့ လေယာဉ်ပျံတစ်စီးပေါ်က ပန်းပင်တစ်ပင် ကျောင်းဝင်းထဲ ကျလာတယ်။ စိန်ပန်းပင်ပါ။ ဆရာတော်က "အိမ်း… လိုချင်တာတော့ရပြီ။ ခင်ဗျားကြည့်စမ်း လေးမျိုးစိန်ပန်းဗျာ" (ဆရာတော်က ကျွန်တော့်ကို ယခင်ဘဝက သူ့ရဲ့တပည့်ရင်း ကပ္ပိယဖြစ်ဖူးတယ်လို့ ပြောပြီး အခုလိုပဲ တစ်ခါတစ်ရံ "ခင်ဗျား" နာမ်စား သုံးလေ့ ရှိပါတယ်။)လို့ ဆိုတာနဲ့ သွားကြည့်တော့ တစ်ပင်တည်းက အပွင့် အဖြူ၊အဝါ၊အနီ၊အပြာ လေးမျိုးပွင့်နေတဲ့ စိန်ပန်း ဖြစ်နေတယ်။

အဲဒီအပင်ကို ရုပ်ပွားတော်ကလေးတွေ ထုပြီး တပည့်ဒါယကာတွေကို အဆောင် ပြုကိုးကွယ်ဖို့ လှူလေ့ ရှိတယ်'

ဦးသီလက သူ ကိုးကွယ်ခွင့်ရသော လေးမျိုးစိန်ပန်း ရုပ်ပွားတော်ကို ပြပေးသည်။ ဗောဓိတစ်ထောင်ဆရာတော် လှူဒါန်းလေ့ရှိသော ရုပ်ပွားတော်များကဲ့သို့ ဉာဏ်တော် တစ်လက်မခန့် ရှိသည်။ မုဒြာမှာ ကရုဏာမုဒြာ တင်ပျဉ်ခွေဆင်းတု ဖြစ်သည်။

'နောက်တော့ စစ်ကိုင်းတောင် ချောင်တစ်ခုက ဆရာတော့် လေးမျိုးစိန်ပန်း အလိုရှိတယ်ကြားလို့ အမြစ်ကတူးပြီး ပို့ပေးတယ်။ အဲဒီအပင်ကနေ ရုပ်ပွားတော်ကြီးထုပြီး တပည့်ရင်းတွေ ပူဇော်ခွင့်



▲ ဦးသီလ ကိုးကွယ်ခွင့်ရသည့် လေးမျိုးစိန်ပန်းရုပ်ပွားတော်

▼ အနောက်မြောက်ခွန်းမှ ကျောင်းဆောင်





www.burmeseclassic.com

www.burmeseclassic.com



ရကြပါတယ်'

ထိုရုပ်ပွားတော်မှာ ဉာဏ်တော် (၁၀)လက်မခန့်ရှိ၍ ဆုပေးဟန် ဝရဒြမုဒြာ ဖြစ်သည်။ ဆေးအနက်ရောင် သုတ်ထားသည်။

'ဆရာတော်က အရေးကြီးတဲ့ အချိန်တွေမှာ သက်န်းအနက်ကို ကိုးကွယ်ရတယ်လို့ ပြောပါတယ်။ ဒါ... ဆရာတော် စီမံပေးတဲ့အတိုင်း ကိုးကွယ်ထားတာပါ'

ပလ္လင်အောက်ခြေအား လှေ့လာကြည့်သောအခါ တစ်စုံတစ်ရာ ထွင်းထုဌာပနာထားခြင်း မရှိပါ။ အရေးကြီးလျှင် ပူဇော်ရန်ဟု ဆိုသဖြင့် အစီအမံ အကာအကွယ်များ ပြုလုပ်ထားလေသလားဟု စူးစမ်းမိခြင်းဖြစ်သည်။

'အရေးကြီးတဲ့ အချိန်ဆိုလို့ ဆရာသီလမှာ အဲဒီတုန်းက ဘယ်လို အရေးကိစ္စ ကြုံနေရတာလဲ'

'ဟာ... သိပ်အရေးကြီးတာပေါ့။ ဘဝနဲ့ယှဉ်ရတာ။ ကျွန်တော်က အလုပ်မှာလဲ လက်ညှိုးညွှန်ခိုင်းရုံပဲ။ ဘာမဆို စိတ်တိုင်းကျ ရစေတယ်။ ဒီတော့ အသောက်အစားလဲ အတော့်ကို များခဲ့တယ်။

အတော်ကလေး ကြာတော့ ကျန်းမာရေးချူချာလို့ ဆရာဝန်ဆီ သွားပြတယ်။ ငယ်ပေါင်း ကျောင်းနေဖက်ပါ။ သူက ဓာတ်မှန်ရိုက် စသဖြင့် စနစ်တကျ သေသချာချာ စစ်ဆေးပြီးမှ ဒီလို အကြံပေးတယ်'

''သူငယ်ချင်း မင်းရဲ့ အသည်းတွေက အလုပ်မလုပ်တော့ဘူး။ အလွန်ဆုံး အချိန်ရရင် နှစ်လထက် မပိုတော့ဘူး။ စီစဉ်စရာရှိတာတွေ



လေးမျိုးစိမ်းပန်းဆင်းတုတော်ကြီး

အရှေ့စွန်းမှ ကျောင်းဆောင်





www.burmeseclassic.com

www.burmeseclassic.com





• စမ်းရေကျနေရာ အုတ်ကန်

စီစဉ်ပေတော့''

''ငါဘာလုပ်ရမှာလဲ''

'ဟ…ကလေးတွေကို နှစ်ဖက်မိဘတွေဆီ ခွဲပြီးအပ်။ ဘဝမှာ နောက်ဆုံးလုပ်ချင်တဲ့ဆန္ဒ၊ ကောင်းမှုတွေ လုပ်ချင်လဲ လုပ်ပေါ့။ ဒီရောဂါမျိုးက ဘယ်လောက်ပဲငွေကုန်ကြေးကျခံနိုင်ဦးတော့။ အသက်ရှင်နိုင်ဖို့ ရာခိုင်နှုန်း အင်မတန် နည်းပါးတယ်။ အရင်းအချာမို့ လုပ်စရာရှိတာ လုပ်နိုင်အောင် ပြောပြတာကွ''

ဆရာ့နှယ်… တွေးသာကြည့်ပေတော့။ အဲဒီအချိန်က ကျွန်တော်က အသောက်သမား။ ထူလို့မရအောင် သောက်တာ။ အခုလိုလဲ ဓမ္မပီတိတွေဘာတွေ မရသေးဘူး။ တရားတောင် ဖြောင့်ဖြောင့် မထိုင်ဖူးသေးဘူး။

သေရတော့မယ်ဆိုတော့ ဘယ်မှာ ဆောက်တည်ရာ ရမှာတုန်း။ ဒါနဲ့ လည်လိမ်ချိုးထားတဲ့ ဆက်ရက်လို ဆရာတော့်ဆီ ရောက်သွားတယ်။

ဆရာတော်က ကြည့်တာနဲ့သိတယ်။ အကြောင်းစုံမေးလို့ ပြောပြရတယ်။ လုပ်သက်ရင့် အထူးကုဆရာဝန်က ခေတ်မီနည်းကိရိယာတွေနဲ့ အထပ်ထပ် စစ်ဆေးပြီးမှ ပြောတာဆိုတော့ ဟန်မဆောင်နိုင်တော့ဘူးလေ။

အကြောင်းစုံသိရတော့ ဆရာတော်က ရေခပ်ခိုင်းပြီး လက်ညှိုးနဲ့ ထိရုံကလေးတို့ပြီး ''ကဲ…သောက်လိုက်''တဲ့။ သောက်တော့ သောက်လိုက်တယ်။ မျက်နှာက ဘယ်ရှင်မှာလဲ။

"မင်းဘာမှ မဖြစ်စေရဘူး။ မနက်ဖြန်မှာ ဆေးပြန်စစ်ကြည့်ကွာ"

တဲ့။ နောက် သုံး, လေးရက်ကြာတော့ သူငယ်ချင်းဆရာဝန်ဆီ ပြန်သွားတယ်။ သာမန်စမ်းသပ်ရုံနဲ့ သူမျက်လုံးပြူးသွားတယ်။ ဒါနဲ့ စက်ကိရိယာတွေနဲ့ ပြန်စစ်၊ အဖြေရလာတော့ ဘာချို့ယွင်းမှု မရှိတော့ဘူး။ (**normal**)နော်မယ်ပဲတဲ့။

နောက်တော့ အဲဒီသူငယ်ချင်းလဲ ဆရာတော်ရဲ့ တပည့် ဒါယကာရင်းဖြစ်သွားတော့တာပဲ။ အပြန်မှာ လိုက်ပို့ပေးမယ်။ လမ်း(၄၀)မှာ နေတယ်။ ဒီက အပြန်ဆိုရင် သူ အလုပ်နားနေလောက်ပါပြီ'

'ဒါထက် ခုနက ဆရာ**သီလပြော**



www.burmeseclassic.com



လက်ယာဘက်နံရံမှ စာတမ်း

**ခဲ့တဲ့ အရင်ဘဝတော်စပ်ပုံ** ဆိုတာ ပြောပါဦး'

'ဟုတ်ကဲ့ ဆရာတော်နဲ့ ပြန်ဆုံရပုံက ဒီလိုဗျာ... ကျွန်တော့်အလုပ်က ရေလှျံနေတော့ ညနေကျရင် အဖော်အပေါင်း တပည့်တပန်းတွေနဲ့ တရုံးရုံးပေါ့။ တစ်ညမှာ ဌာနဆိုင်ရာ အဖွဲ့အစည်းက လူတစ်စု လာခေါ်တယ်။ ရေတံခွန် ဆရာတော် ခေါ်ခိုင်းသတဲ့။

လူကမှ မထူနိုင်အောင် မူးနေတာ။ မလိုက်ဘူးဗျာဆိုလဲ မရဘူး။ အတင်းဆွဲခေါ်သွားကြတယ်။ ဆရာတော်ရှေ့ရောက်တော့ ခေါင်းငိုက်စိုက်ပေါ့ မျက်နှာ ပင့်မကြည့်ပြီး...

"ဟုတ်ပါတယ်၊ ခင်ဗျား ကျုပ်ကို သိရဲ့မဟုတ်လား"

တဲ့။ ဘယ်သိမှာလဲဗျာ။ လူတစ်ယောက်,နှစ်ယောက် ဖြစ်နေတာ။

''မသိပါဘူး ဘုရား''ပေါ့။ ဆရာတော်က စပရိုက်လီတာဘူးကြီး ယူပြီး ချပေးတယ်။

''သောက်လိုက်''

တဲ့။ ဗိုက်ထဲမှာ သောက်ထားတာက များနေပြီ။ မသောက်နိုင်တော့ဘူး။

ခေါ်လာတဲ့ လူတွေကလဲ ဝေါက်ငမ်းပြီး အတင်းတိုက်ကြတယ်။ ဒါနဲ့ အဲဒီတစ်ဘူးလုံး ကုန်အောင် ကြိတ်မှိတ် မျိုချရတယ်။

သောက်လို့ကုန်တော့...

"အေး...အေး... ပြန်ပို့လိုက်ကြကွာ။ လမ်းမှာ သူ သောက်ချင်သေးရင်လဲ မတားပါနဲ့"

လို့ မှာပြီး ပြန်ပို့ခိုင်းတယ်။

စပရိုက်ဖျော်ရည်သောက်ပြီး ပြန်လာတော့ အမူးပြေနေပြီ၊ ဒါနဲ့ ဆရာတော်အမှာစကားကလဲ ရှိနေလို့ အခွင့်ကောင်းယူပြီး ကြက်ကင်ကောင်းတဲ့ ဆိုင်မှာ ထပ်ပြီးချတယ်။

အကောင်းစားအရက် တစ်ပုလင်းသာ ကုန်သွားတယ်။ ရေအတိုင်းပဲ။ နောက်တစ်ဆိုင် ပြောင်းသောက် မထူးဘူး။ လေး,ငါးဆိုင်လောက် သောက်လို့ မမူးတော့မှ ကိုယ့်အခြေအနေကို သတိရပြီး အဲဒီကတည်းက အရက်ပြတ်တာပါပဲ။

နောက်ပိုင်း ကိုယ်တိုင်ကျင့်ကြံမိတော့မှ ဆရာတော်တွဲခေါ်လို့ အရင်ဘဝအကြောင်းတွေ သတိရ

www.burmeseclassic.com





ကျောက်လှုပ်များ

တယ်။ အရင်ဘဝက ဆရာတော်ကို အနီးကပ် ပြုစုလုပ်ကိုင်ပေးရတဲ့ ကပ္ပိယပါ'

'တခြား အကြားအမြင်တွေကော ရပြီလား'

'တရားထူးရပြီလို့တော့ မဆိုဝံ့ပါဘူး။ စပြီးလုပ်ခါစကတော့ တွေ့တာမြင်တာတွေ ထုတ်ပြောမိတယ်။ ဥပမာ ဒီနေ့ ကျောင်းကို ဘယ်သူရောက်လာမယ် ဆိုတာမျိုးပါ။ ဒီတော့ ဆရာတော်က ကျွန်တော့်ကို စေ့စေ့ကြည့်ပြီး...

"ခင်ဗျား မိန်းမလား။ မိန်းမလျှာလား။ နတ်ကတော်လုပ်စားမလို့လား"

လို့ ငေါက်တာနဲ့ သတိနဲ့ ယှဉ်ပြီး လမ်းမှန်ရောက်အောင် ကြိုးစားခဲ့ရပါတယ်'

လေးမျိုးစိန်ပန်း အဆောင်ပြုရခြင်းမှာ ဆရာတော်မွေးနေ့နံ တနင်္ဂနွေ ရန်ကြိုဟ်ဖြစ်သော''ဦးညို'' အင်္ဂါဓာတ်ကို ''စိန်ပန်း'' အပွားအစီး အထိန်းအကွပ်ပြုခြင်း ဖြစ်သည်။ **[စိန်ပန်း = အင်္ဂါ+ကြာသပတေး= ၈+၁၉=၂၇ သောမနဝင်း ရသဖြင့် နဝင်းဓာတ်နှင့်အတူ သောမ၏ အထိန်းအကွပ် ခံယူထားခြင်းဖြစ်သည်။]**

ဆရာတော်၏ ဘုန်းရိပ်ခိုလှုံကြသော တပည့်ဒါယကာအပေါင်းဘေးရန်ကင်းကွာ၍ မြတ်စွာဘုရားကို ကိုယ်စားယုံကြည်ခြင်းဖြင့် ကောင်းကျိုးလိုရာ ခံစားရစေရန် ရည်ရွယ်သည်ဟု သိရသည်။

လေးမျိုးစိန်ပန်း ဖြစ်သောကြောင့် အရပ်လေးမျက်နှာမှ အခက်အခဲရန်ဘယာများ ပျောက်ကွယ်၍ ပါပဆိုးကျိုးများ၊ သောမကောင်းကျိုးများ ဖြစ်တည်စေသည်။ တစ်နည်းအားဖြင့် ရာဇကြိုး၊ နေကြိုး၊ အာရောဂျကြိုး၊ ဓမ္မကြိုး၊ လေးကြိုးညီစွာဖြင့် လောကအား အထောက်အကူပေးနိုင်စေရန် ရည်ရွယ်ခြင်းလည်း ဖြစ်လေသည်။


ဤတွင် **လေးကြိုးကိုင်ဆရာတော်၊ ရက္ခန်းစင်တောင်ဆရာတော် ဦးသြဘာသ၊ စမတောင်ဆရာနွဲ့၊ ဆရာလူတို့နှင့်** ဆက်စပ်၍ အတွေ့အကြုံကို မေးမြန်းကြည့်သည်။

ဆရာသီလက **အမေထီ၊ အဘကြည်** စသည့်လက်ရင်း တပည့်ဒါယကာများနှင့် တွေ့ဆုံပေးခြင်းဖြင့် သိရှိရသမျှကို တင်ပြပါမည်။

ဦးသီလက...



www.burmeseclassic.com




● စေတီနောက်ကျောမှ ဆရာတော်ရွှန်းသည့် ကျွန်စဉ်

'ဆရာတော် ရွှေဖြစ်ထိုးနိုင်တာ ကြားဖူးတယ်။ ဒါပေမယ့် ဖိုထိုးတာတော့ တစ်ခါမှ မတွေ့ရဘူး။ တစ်နေ့မှာ ဒါယိကာရင်းပါ။ ကင်ဆာရောဂါနဲ့ ဝိန်ချုံးပြီး ဆရာတော်ကို လာပြီး နှုတ်ဆက်ကန်တော့သတဲ့။

ဆရာတော်က ဒါယိကာမရဲ့ လက်စွပ်ချွတ်ခိုင်းပြီး လက်နဲ့ဖျစ်ညှစ်လိုက်တာ ပြာတွေ ဖြစ်သွားတယ်။ အဲဒီပြာတွေကို သောက်ဖို့ ညွှန်းလိုက်တယ်။

တစ်လလောက် မကြာဘူး။ အဲဒီအမျိုးသမီး ကင်ဆာရောဂါ ပျောက်ပြီး ကျန်းကျန်းမာမာ ဖြစ်လာတာ ကျွန်တော့်ကိုယ်တွေ့ပါ။

ကျွန်တော် အသည်းရောင်ရောဂါ နောက်ဆုံးအဆင့် ရောက်နေတာကို ရေတစ်ခွက်နဲ့ ပျောက်သွားတာ ပြောပြီးပြီနော်။

ဒီလို ထူးဆန်းမှုတွေအပြင် ရက္ခန်းစင်တောင်ဆရာတော်နဲ့ စကားပြောဆိုတာတွေ မကြာခဏ ကြုံရတယ်။ ကျွန်တော်ကိုယ်တိုင်တော့ တစ်ခါမှ မတွေ့ရပေမယ့် ရက္ခန်းစင်တောင်ဆရာတော်က ရေတံခွန်ဆရာတော်ကို "မောင်လယ်တီ"လို့ ခေါ်တာတော့ သိရတယ်။

တစ်ကြိမ်မှာ...

"ဟေ့...အယ်လီဇဘတ် ဘုရင်မကြီးက လယ်တီဆရာတော်ကို တစ်နေ့ ဒဂါးတစ်ပြားကျ လှူဒါန်းဖို့ အမိန့်စာရှိတယ်။ ကြည့်ချင်ရင် ငါယူပြလို့ရတယ်။ တကယ့်လက်တွေ့မှာတော့ မြန်မာပြည်ကို အုပ်ချုပ်တဲ့ အင်္ဂလိပ်အစိုးရက တစ်ပြားမှ မပေးခဲ့ဘူးကွ"

လို့ ပြောပါတယ်'

ဟူ၍ ပြောပြသည်။

**အမေထီ (၇၉)နှစ်**ကလည်း...

'အမေ ကျောင်းမှာ အမြဲလိုလို ရှိတယ်။ ရက္ခန်းစင်တောင်ဆရာတော် လာလေ့ရှိတယ်ဆိုလို့ သတိထားပေမယ့် တစ်ခါမှ မတွေ့ဖူးဘူး။ ၁၉၈၈ ခုနှစ်မှာတော့...

"နင်တို့ဆီမှာ မလိုသူ ပေါ်တယ်။ ရက္ခန်းစင်တောင်ဆရာတော်ရုပ်တု ပူဇော်စမ်း"

ဆိုလို့ ပူဇော်ခဲ့တယ်။ ငွေငါးသောင်း ပေးရတယ်။

အရေးအခင်းကာလ ဘေးပတ်ဝန်းကျင်မှာ အပျက်အစီး ရှိပေမယ့် အမေတို့ကတော့ ဘာမှ ထိခိုက်တာ ငတ်မွတ်တာ ဒုက္ခအနိဋ္ဌာရုံတွေ မတွေ့မကြုံခဲ့ရဘူး။

တစ်နေ့တော့ ရေတံခွန်တောင်ပေါ်က ပုဂံ မင်းရှင်စောဘုရားမှာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်နေတုန်း တိုက်ပုံအကျႌ ပုဆိုးအနီအနက်ကွက်တုံးနဲ့ သျှောင်တစောင်းထုံးထားတဲ့ လူကြီးက ဆေးမှုန့်နည်းနည်းပေးပြီး သောက်မလားဆိုလို့ သောက်လိုက်တယ်။

အရင်တုန်းကလဲ ကျောင်းဝင်းထဲမှာ တစ်ခါတွေ့ဖူးလို့ မှတ်မိနေတယ်။ တောင်အောက် ပြန်ရောက်တော့ ဆရာတော့်ကို မေးကြည့်တယ်။

"အေး...အဲဒါ ဘိုးမင်းခေါင်ပဲ။ ငါ့ဆီကနေ စကားပြောပြီး ထွက်သွားတာ။ သိရင် တိတ်တိတ်နေ။ ဘယ်သူ့ကိုမှ လျှောက်ပြောမနေနဲ့"

ဆိုလို့ နေခဲ့ရတယ်။ အခုမှပဲ ပြောပြဖြစ်တယ်။

တစ်ရာတန်ပေါ်စ တန်ဆောင်မုန်းလပြည့်မနက်မှာ ဆွမ်းပို့ဖို့အသွား **ကျောင်းဝက မန်းကျည်ပင်ကြီးအထက် ဝါးနှစ်ပြန်လောက် အမြင့်**

စာမျက်နှာ (၁၁၉) သို့



www.burmeseclassic.com

www.burmeseclassic.com



# တကောင်းအောင်မြေနှင့်

## အနီးဝန်းကျင်မှ စိတ်ဝင်စားဖွယ်ရာများ

အောင်ဇေ (LL.B)

ကျွန်ုပ်တို့မိသားစု ဘုရားဖူးအဖွဲ့သည် **''အောင်မြေအထူးအဓိဋ္ဌာန်''**ခရီးအဖြစ် ပထမဆုံး **''တကောင်းအောင်မြေ''** ကို ရွေးချယ်ခဲ့ပါသည်။

**''မြန်မာအစ တကောင်းက''** ဆိုသည့် စကားကို ကြားဖူးနားဝရှိသဖြင့် မြန်မာနိုင်ငံရှိ မြန်မာလူမျိုးတို့၏ ပထမဆုံး အခြေချ မြို့ရွာ တည်ထောင်ခဲ့သည်ဆိုသော ရှေးမြို့ဟောင်းတစ်မြို့ ဖြစ်သည့် တကောင်းမြို့ကို ရွေးချယ်ခဲ့ရခြင်း ဖြစ်ပါသည်။

နံနက်(၆)နာရီခန့်တွင် ရန်ကုန်မြို့မှ ကိုယ်ပိုင်ကားဖြင့် ခရီးစဉ်ကို စတင်ခဲ့ပြီး လမ်းတွင် နံနက်စာနှင့် နေ့လယ်စာများ စားသောက်ချိန် (၄၅)မိနစ်ခန့်စီသာ ရပ်နား၍ ဆက်တိုက်မောင်းနှင်ခဲ့ရာ ည(၇)နာရီကျော်တွင် တကောင်းမြို့သို့ ရောက်ရှိခဲ့ပါသည်။

တကောင်းမြို့တွင် တစ်ခုတည်းသော ခေတ်မီ တည်းခိုခန်းဖြစ်သည့် ''မြသိန်းစိုး''ညှော့ရိပ်မွန်၌ တည်းခိုခဲ့ကြသည်။ တကောင်းမြို့တွင် မိုတယ်၊ ဟိုတယ်တို့ မရှိသေးပါ။

ထိုညှော့ရိပ်မွန်၏ အနီးအနား၌ပင် စားသောက်ဆိုင်များ ရှိသဖြင့် ညစာ ထွက်စားကြပြီး စောစော အိပ်ရာဝင်ခဲ့ကြပါသည်။



• အောင်မြေဘုရား

F. 15A. July, 2019.



www.burmeseclassic.com




တကောင်းမြို့ဟောင်း အဝင်လမ်းရှိ မုခ်ဦးကြီး

ဗိုဒ္ဓအောင်ချာဇွဲဘုံသာ အောင်မြေစေတီမုခ်ဦး



၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ နောက်ဆုံးပတ် မိုးအကုန် ဆောင်းအကူး ကာလမှာ တကောင်းမြို့၏ ညအပူချိန်မှာ အဲယားကွန်း မလိုအပ်လောက်အောင် အေးမြနေပါသည်။

နောက်တစ်နေ့ နံနက်(၆း၃၀)နာရီခန့်တွင် တကောင်းမြို့ မြောက်ဘက်ရှိ ရပ်ကွက်(၁)ကို သွားရောက်ခဲ့ပါသည်။ မကြာမီ တကောင်းမြို့ရိုးဟောင်းနေရာကို ဖြတ်သန်းရပါသည်။

တကောင်းမြို့ဟောင်းမှာ မြတ်စွာဘုရား မပွင့်မီ နှစ်ပေါင်း တစ်ထောင်ခန့်လောက်ကတည်းက တည်ရှိခဲ့ကြောင်း **ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (တကောင်းဌာနခွဲ)မှ မှတ်တမ်းတင်ထားပါသည်။**

တကောင်းမြို့မှာလည်း လည်ပတ်လေ့လာစရာ များသော်လည်း ကျွန်ုပ်တို့က အောင်မြေကိုသာ အဓိက အဓိဋ္ဌာန်ဝင်ကြမည်ဖြစ်၍ အနီးဝန်းကျင်ရှိ **ဘိုးဘိုးကြီး နတ်နန်းနှင့် ပေါက်ကျိုင်းဘုရား**ကိုသာ ဝင်ရောက်လေ့လာ ဖူးမြော်ခဲ့ကြသည်။

တကောင်းဘိုးဘိုးကြီး နတ်နန်းသည် တကောင်းဒေသတွင် အလွန်နာမည်ကြီးပါသည်။ အောင်မြေဘုရား၏ အရှေ့ဘက်တွင် တည်ရှိ



F. 15B. July, 2019.



ပေါက်ကျိုင်းဘုရား

ပြီး ကတ္တရာလမ်းသာ ခြားပါသည်။ နတ်နန်းမှာ ခမ်းခမ်းနားနား ဖြစ်သည်။

တကောင်းမြို့ဟောင်း၏ **ပထမ မင်း အဘိရာဇာမှ နောက်ဆုံးမင်း ဖြစ်သော ဘိန္နကရာဇာအထိ မင်း ပေါင်း(၃၃)ဆက် စိုးစံခဲ့ပြီး...** ဒုတိယမင်းဆက်ကို သတိုးဇမ္ဗူဒီပ ရာဇာမင်းက တည်ထောင်ခဲ့သည်။

(၈)ဆက်မြောက် သတိုးနဂါးရ သုတမင်းနှင့် လုစန္ဒီ မိဖုရားလက် ထက်မှစ၍ တကောင်းတွင် နန်း တက်သော မင်း(၃၅)ဆက်မှ ရက် ပိုင်း,လပိုင်းမျှနှင့် နတ်ရွာစံကြသဖြင့် လုစန္ဒီမိဖုရားကသာ (၁၇)နှစ်ကြာ တကောင်းထီးနန်းကို စိုးစံခဲ့သည်။

(၉)ဆက် မြောက်တွင် မောင်ပေါက်ကျိုင်းသည် နဂါးကြီးကို

ပေါက်ကျိုင်းဘုရားမုခ်ဦး



သတ်ဖြတ်အနိုင်ယူပြီး**''သတိုးနဂါး နိုင်မင်း''**အဖြစ် ထီးနန်းဆက်ခံ စိုးစံခဲ့သည်။

နန်းတက်စဉ်က အသက်(၁၈)နှစ် သာ ရှိသေးပြီး (၁၇)နှစ် ထီးနန်း စိုးစံကာ အသက်(၃၅)နှစ်အရွယ် တွင် နတ်ရွာစံကြောင်း သိရသည်။

ထိုမှ (၁၇)ဆက်မြောက် မဟာ ရာဇာမင်းသည် **သာသနာတော်နှစ် ၉၈ ခုနှစ်တွင်** ထီးနန်းကို စွန့်၍

www.burmeseclassic.com





တကောင်းဘိုးဘိုးကြီး ဦးခေါင်းပိုင်းရုပ်တု အနီးကပ်မြင်ရပုံ

တောထွက်ရဟန်းပြုသဖြင့် သတိုးကျောက်ရှည်မင်းက ထီးနန်းစိုးစံခဲ့ကြောင်း မှတ်တမ်းသမိုင်းဟောင်းရှိသည်။

**သတိုးနဂါးရမင်း (သုတမင်း)** အထက် တကောင်းထီးနန်း စိုးစံခဲ့သည့် (၇)ဆက်မြောက် သတိုးဂဠုန်ရမင်း(သခ်တ္တမင်း) လက်ထက် တကောင်းနန်းတော် တည်ဆောက်ရန် သစ်များကို **ဂန္ဓဗ္ဗတောင်(ယခု မိုးကုတ်မြို့၊ ပန်းမရပ်)**မှ ခုတ်ယူခဲ့ကြသည်။

နန်းမဉ္ဇူတိုင်အတွက် သုံးသောတိုင်တွင် မကောင်းသော နတ်နဂါး အမျက် ပါရှိသွားသည်။

ထိုနဂါးအမျက်ကြောင့် သတိုးနဂါးရမင်းမှ အစပြု၍ (၃၅)ပါးသော မင်းများ ရက်ပိုင်းမျှနှင့် နတ်ရွာစံခဲ့ကြရကြောင်း သိရသည်။

သတိုးနဂါးနိုင်မင်း (မောင်ပေါက်ကျိုင်း)၏ ဓားချက်ဖြင့် အသက်သေဆုံးခဲ့ရသော **နတ်နဂါးကြီးကို တကောင်းဘိုးဘိုးကြီးဟု မြို့စောင့်နတ်အဖြစ်** ရှေးအစဉ်အဆက် ပူဇော်ခဲ့ကြသည်။

မူလက မိဖုရားလုစန္ဒီက နဂါးကြီးကို ဖက်ထားဟန်ရုပ်တု ထုလုပ်ထားခြင်းဖြစ်သည်။ နှစ်ကာလ ကြာမြင့်၍ ထိုရုပ်တုဟောင်းမှာ ပျက်စီးခဲ့သည်။

**ရွှေအာလီတောရ ဆရာတော် ဘိုးကူ၏ အိပ်မက်ထဲမှာ လူလိုလို နတ်လိုလို သတ္တဝါတစ်ကောင် ပေါ်လာပြီး တလဝချောင်း တစ်နေရာ၌ သစ်တုံးတစ်တုံးကို ညွှန်ပြစဉ် ဆရာတော် အိပ်ရာမှ နိုးလာခဲ့သည်။**

ဆရာတော်မှ ထိုနေရာအားသွားရှာကြည့်ရာ အိပ်မက်ထဲက အတိုင်း သစ်တုံးကို တွေ့ရှိရသည်။

ထိုနတ်သည် သစ်တုံးကို သူ့ရုပ်ပုံ ထုလုပ်ခိုင်းတာ ဖြစ်မည်ဟု တွေးမိပြီး အိပ်မက်ထဲက ပုံအတိုင်း သစ်တုံးကို ထုလုပ်စေပြီး နတ်နန်းတွင် ထားရှိစေခြင်းဖြစ်သည်။

ဘိုးဘိုးကြီးနတ်နန်း၌ နတ်နန်းထိန်းရှိပြီး ကန်တော့ပွဲများ လှူဒါန်းမှုလည်း ပြုနိုင်သည်။

အောင်မြေဘုရား၏ မြောက်ဘက် မနီးမဝေး ပေတစ်ရာခန့် အကွာတွင် **"ပေါက်ကျိုင်းဘုရား"** ဟု ဘွဲ့အမည် ရေးထိုးထားသည့် စေတီတော်တစ်ဆူကို ဖူးမြင်ရ



www.burmeseclassic.com

www.burmeseclassic.com





တကောင်းဘိုးဘိုးကြီးနန်းအဝင် မုခ်ဦး



တကောင်းမြို့ဟောင်း၏ မြို့ရိုးကျိုးပြတ်၍ လမ်းလုပ်ထားသော နေရာမှ မြို့ရိုးဟောင်း အစိတ်အပိုင်းတစ်နေရာ

သည်။

**တကောင်းဘုရင် (၃၅)ပါးကို သတ်ဖြတ်ခဲ့သည့် နတ်နဂါးကြီးကို အနိုင်ရရှိအောင်မြင်ခဲ့သည့် အထိမ်းအမှတ်စေတီပင် ဖြစ်ပါသည်။**

သတိုးနဂါးနိုင်မင်း (မောင်ပေါက်ကျိုင်း)၏ အောင်မြေအဖြစ် သတ်မှတ်နိုင်သည်။

ထိုစေတီတော်၏ အရှေ့ဘက်ရင်ပြင်၌ အာရုံခံတန်ဆောင်း ရှိသည်။ ထိုနေရာတွင် ကျွန်ုပ်တို့မိသားစု ထိုင်၍ ပထမဆုံး အဓိဋ္ဌာန်ဝင်ခဲ့ကြသည်။

ထို့နောက်မှ မောင်ပေါက်ကျိုင်းဘုရား၏ တောင်ဘက်ရှိ **"ဇိနအောင်ချာရွှေဘုံသာ အောင်မြေစေတီတော်"**သို့ သွား၍ အောင်မြေနင်းခြင်း၊ အောင်မြေအဓိဋ္ဌာန်ဝင်ခြင်း ပြုကြပါသည်။

အောင်မြေအဓိဋ္ဌာန်မှာ **အောင်ဂါထာတော်**များကို စုပေါင်း ရွတ်ဆိုပူဇော်ကြခြင်း ဖြစ်ပါသည်။

အလောင်းဘုရား ဦးအောင်ဇေယျသည် မိုးညှင်းတစ်လျှောက်ရှိ ဒေသများအား သိမ်းပိုက်ရန် သက္ကရာဇ် ၁၁၁၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၈)ရက်နေ့တွင် အင်းဝမြို့မှ လှေတော်၊ ဖောင်တော်များနှင့် စတင်ထွက်ခွာခဲ့သည်။

အင်းဝမှ (၂၂)စခန်းဖြစ်သော ဆင်ဘိုစခန်းအထိ ရောက်ရှိအောင်မြင်ခဲ့ပြီး ဆင်ဘိုစခန်းမှ တဖြည်းဖြည်း ပြန်လည်စုန်ဆင်းခဲ့ရာ သက္ကရာဇ် ၁၁၁၅ ခုနှစ်၊ နှောင်းတန်ခူးလတွင် တကောင်းမြို့သို့ ရောက်ရှိခဲ့သည်။

တကောင်းနန်းတော်မှာ ခေတ္တစံနေစဉ် ဤ **"ဇိနအောင်ချာရွှေဘုံသာ အောင်မြေဘုရား"**ကို တည်ထားခဲ့ခြင်း ဖြစ်သည်။ နှောင်းတန်ခူးလဆန်း (၁၄)ရက်တွင် စတင်တည်ထားပြီး (၁၅)ရက်တွင် ထီးတော်တင်ကြောင်း သိရသည်။

နှစ်စဉ် တော်သလင်းလဆုတ် (၃)ရက်/(၄)ရက်တို့တွင် ဇိနအောင်ချာရွှေဘုံသာ အောင်မြေဘုရားပွဲတော် ကျင်းပပြုလုပ်လေ့ရှိသည်။ တကောင်းမြို့ဟောင်းတွင် ပြုပြင်တည်ထားပြီး ဘုရားစေတီတော် အဆူနှစ်ဆယ်ခန့်ရှိသည့်အနက် ပေါက်ကျိုင်းဘုရားနှင့် အောင်မြေဘုရားတို့သည် သမိုင်းကြောင်းအရ ထူးခြားထင်ရှားသော ဘုရားစေတီများဖြစ်ကြ၍ တကောင်းမြို့သို့ တစ်ခါတစ်ခေါက် ဘုရားဖူးရောက်ကြလျှင် မဖြစ်မနေ သွားရောက်ဖူးမြင် အဓိဋ္ဌာန်ဝင်သင့်ကြောင်း တိုက်တွန်းအပ်ပါသတည်း။

***စေတနာမှန်လျှင် ကံကောင်းမည်။***

**အောင်ဇေ** *(LL.B)*



www.burmeseclassic.com

www.burmeseclassic.com



# ကျန်းမာရေးညီကျင်

## စာ(၉)လုံးနှင့် နဝင်းဆင် စီရင်နည်း

**''အာရောဂျ ပရမံ လာဘံ''** ကျန်းမာရေးကောင်းမွန်ခြင်းသည် တန်ဖိုးမဖြတ်နိုင်သော လာဘ်ကြီးတစ်ပါးဖြစ်သည်ဟု မြတ်ဗုဒ္ဓဟောတော်မူခဲ့ပါသည်။

သတ္တဝါတိုင်း ကျန်းမာချမ်းသာစွာနေထိုင်နိုင်ရေးသည် အလွန်အရေးကြီးပါသည်။

ကမ္ဘာပေါ်ရှိ ပညာရှင်များကလည်း ကမ္ဘာကြီးတစ်ခုလုံး ကျန်းမာကြစေရန်၊ ချမ်းသာကြစေရန် နည်းပညာအမျိုးမျိုးနှင့် အလေးပေး၍ ဆောင်ရွက်မှု ပြုကြပါသည်။

သို့သော် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဟူသော ဓာတ်(၄)ပါးပေါင်းစု တည်ရှိနေသော သတ္တဝါတို့၏ ဘဝဖြစ်စဉ်များတွင် အနာရောဂါအမျိုးမျိုးနှင့် ဝေဒနာအမျိုးမျိုး ခံစားလျက် ရှိနေကြပါသည်။

စာရေးသူအနေဖြင့် မကြာခဏ ကျန်းမာရေးညံ့နေသူများအတွက် စီမံဆောင်ရွက်ပေးသော **''စာ(၉)လုံးနှင့် နဝင်းဆင်စီရင်နည်းကိုရသေ့တောင်မြို့နယ် ကြိန်တန်းကျေးရွာမှ ရွာသူကြီး ဦးဦးထွန်းအောင် (ကွယ်လွန်)၏** မှတ်စုစာအုပ်ထဲမှ ရရှိခဲ့ပါသည်။

မှတ်စုစာအုပ်ထဲမှ (မူ)အတိုင်း ရေးသားဖော်ပြရလျှင်...

မည်သူမဆို ကျန်းမာရေးညံ့ပါက ကျန်းမာချမ်းသာစေရန် စာလုံး (၉)လုံးနှင့် မိမိဖြစ်လိုရာကို အဓိဋ္ဌာယ်ပေါ်လွင်အောင် ရေးရမည်။

ပုံစံ ၁။ မတင်ဝင်း ကျန်းမာ ချမ်းသာပါစေ။ စာ(၉)လုံး

၂။ မတင်ဝင်း ရောဂါ ကင်းရှင်းပါစေ။ စာ(၉)လုံး

၃။ မတင်ဝင်း ရောဂါ ပျောက်ကင်းပါစေ။ စာ(၉)လုံး

ကျန်းမာရေးညံ့သူများအတွက် အထက်ပါပုံစံကို နမူနာယူ၍ နေအိမ်ရှိကြည့်မှန် (သို့မဟုတ်) ကျောက်ပျဉ်ပေါ်တွင်ရေး၍ တနင်္ဂနွေသားသမီးဖြစ်လျှင် တနင်္ဂနွေနေ့တွင် နေပူလှမ်းပေးရမည်။

အခြားနေ့များကိုလဲ ရောဂါဖြစ်သူ၏နေ့တွင် နေပူလှန်းပေးရမည်။ နေပူလှန်းစဉ် ဂုဏ်တော်(၉)ပါး တစ်ခေါက်ရွတ်ပါ။ သစ္စာပြုပါ။

မှတ်စုစာအုပ်ပါအတိုင်း စာရေးသူနှင့် ရင်းနှီးသော




မိတ်ဆွေများကို ပညာလက်ဆင့်ကမ်း ပြောပြခဲ့ရာ အချို့မိတ်ဆွေများထံမှ အကျိုးရှိကြောင်း ဝမ်းသာစကားကြားရပါသည်။

**မင်းလှမြို့ တ/မြို့သစ်(၉)လမ်း အနောက်ဘက်မှ မုန့်ဆရာကြီး ဦးလှကြည် ကျန်းမာရေး ခဏခဏ ညံ့နေ၍** စီမံဆောင်ရွက်ခဲ့ရာ အကျိုးရှိကြောင်း ပြောပြပါသည်။

နောက်တစ်ဦးကတော့ **ဆရာဦးခင်မောင်တင့် [တ/မြို့သစ်(၁၁)လမ်း]က** ဖြစ်သည်။ ထူးခြားမှုရှိကြောင်း ပြောပြပါသည်။

စာရေးသူအနေဖြင့် အများပြည်သူ ကျန်းမာချမ်းသာကြစေရန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် ရေးသားဖော်ပြလိုက်ပါသည်။


***သတ္တဝါအားလုံး ကျန်းမာကြပါစေ...***

**ဗိုလ်မင်း** *(မင်းလှ)*



www.burmeseclassic.com

စာမျက်နှာ (၁၁၂)မှ အဆက်



ပလ္လင်အောက်ခံတက် မြင်ကွင်း

**က ပျံဆင်းလာတဲ့ ဆရာတော်ကို တစ်ခါဖူးရတယ်။** ဒါလဲ မပြောရဘူး ဆိုလို့ နှုတ်ဆိတ်ခဲ့ရတာပ'

'ဘိုးမင်းခေါင်က အသက်အရွယ် ဘယ်လောက်ရှိပြီလဲ အမေ'

'အသက်ကြီးလှပါပြီ။ ဒါပေမယ့် တုန်တုန်ခိုခို အဘိုးအိုပုံစံ မဟုတ်ဘူး။ လွယ်အိတ် နှစ်လုံးလွယ်ပြီး မုတ်ဆိတ်ဖြူ ဆံပင်ဖြူကလည်း အရှည်ကြီးကို သျှောင်ထုံးထုံးထားတယ်။ အင်မတန် ကျန်းမာဖျတ်လတ်တာပဲ။

ပြီးတော့ အိမ်ပြင်ထားတဲ့ သာသနာ့ပွဲပေါ်မှာ ဓာတ်လုံးတစ်လုံး ရောက်နေလို့ ဆရာတော်ကိုလျှောက်တော့ ဘိုးဘိုးအောင် ပေးတာတဲ့။ အဲဒါကို လျှောက်ပြောမိလို့ သူများ ယူသွားပါရောလား'

'ရက္ခန်းစင်တောင် ဆရာတော် အကြောင်း ပြောပြပါဦး'

'ရက္ခန်းစင်တောင် ဆရာတော်ကို ရေတံခွန်တောင် ဆရာတော်က **''ကမ္ဘာကျော် ဆရာတော်ကြီး''**လို့ ခေါ်တယ်။ တစ်နေ့ ဆရာတော် နှစ်ပါး စကားပြောနေကြတယ်ဆိုလို့ အဲဒီကျောင်း အသားကျောင်း အောက်ကို သွားပြီး နားထောင်ကြည့်တယ်။

အသံသာ ကြားရတယ် ဘာမှ မသိဘူး။ ဆရာတော်ကို ပြန်မေးတော့ **မာဂဓဘာသာနဲ့ ပြောကြတာတဲ့။**

ရက္ခန်းစင်တောင် ဆရာတော် ပြန်သွားပြီဆိုလို့ လိုက်ကြည့်ကြတယ်။ ကိုရင်လေးတစ်ပါး ထွက်သွားတာပဲတွေ့ရတယ်။ ဆရာတော်က...

"နင်တို့ အတော် အ,တာကိုး။ အဲဒါ ရက္ခန်းစင်တောင် ဆရာတော်ပဲ" တဲ့။ ပြောပါတယ်။

တစ်ခါတလေလဲ ကလေးငယ်ပုံစံမျိုးနဲ့ လာတတ်တယ်။ ဘောင်းဘီတိုလေးနဲ့ တကယ့်ကလေးပဲပေါ့။ ဘယ် သတိထားမိမှာလဲ။ ဆရာတော်နဲ့ စကားပြောတာလဲ အကြာကြီးမဟုတ်ဘူး။ တစ်ခွန်း,နှစ်ခွန်း ပြောပြီးတာနဲ့ ပြန်သွားတာပဲ'

'ရေတံခွန်ဆရာတော်နဲ့ စတွေ့ပုံ ပြောပြပါဦး အမေ'

'အမေ အသက်(၅၂)နှစ်လောက်ထင်တယ်။ ရေတံခွန်ဆရာတော်က နင်တို့ဆီ လာခဲ့မယ်တဲ့ မှာလိုက်တယ်ဆိုပြီး လူတစ်ယောက် လာပြောတယ်။ ဘုန်းကြီးပဲ ကြွချင်ကြွပေါ့။ ဆွမ်းဘုဉ်းပေးမယ်ဆိုရင်လဲ ဆွမ်းစီမံထားရုံပေါ့။

ဘာကြောင့် ကြိုတင် အကြောင်းကြား



www.burmeseclassic.com

တာတွေ လုပ်နေရသေးသတုန်း၊ ဘာညာနဲ့ တွေးနေတုန်း အနက်ရောင်သင်္ကန်းရုံပြီး လွယ်အိတ်တစ်လုံး လွယ်ထားတယ်။ ရောက်လာပြီး ဖိနပ်လဲ မချွတ်ဘဲ ဘုရားခန်းပေါ် တက်သွားတယ်။

နောက်မှ ဝါ့ကို အဆိုးမဆိုနဲ့လို့လဲ ကြိမ်းသွားသေးတယ်။ ဒါနဲ့ ဆွမ်းတွေကပ်ပေါ့လေ။ ရေတံခွန်တောင်လာပြီး ဥပုသ်စောင့် ဒီအတိုင်းမနေနဲ့ပြောပြီး ပြန်သွားတယ်။ နောက်တော့ အမြဲတမ်းသွားပြီး ဆွမ်းပို့ ဥပုသ်စောင့်ဖြစ်ပါတယ်'

အမေထိမှာ ရေတံခွန်ဆရာတော် မကျန်းမာလျှင်လည်း အညစ်အကြေး သိမ်းဆည်း ဆေးဝါးတိုက်ကျွေးခြင်းဖြင့် အစဉ်ဆည်းကပ်ပြုစုခဲ့သူဖြစ်သည်။

ဆရာတော်မှာ အဆုတ်ရောဂါ ခံစားရလေ့ရှိရာ တစ်ခါတစ်ရံ အန်ချသောအခါ သွေးများနှင့် စိမ်းဝါနီညိုရောင်စုံ အညစ်အကြေးများ ထွက်ကျလေ့ရှိကြောင်း ပြောပြသည်။

ဦးသီလကလည်း...

'ဆရာတော် အဆုတ်နာရောဂါက တော်တော် ပြင်းထန်တယ်။ နောက်ပိုင်းကာလတွေမှာ သတိထားကြည့်တော့ အသက်ရှူတာ၊ မျက်တောင်ခတ်တာ တစ်ခါမှ မတွေ့ရဘူး။

ခန္ဓာဝန်ချတဲ့အချိန်မှာ ကျွန်တော်မရှိဘူး။ အရင်ပြောခဲ့တဲ့ ကျွန်တော့် အသည်းရောင်ရောဂါနဲ့ ပတ်သက်ပြီး ဆည်းကပ်လာတဲ့ သူငယ်ချင်း ဆရာဝန်က ပြောပြတယ်။ ဆရာတော်အခြေအနေ မဟန်လို့ ဆေးရုံတင်လိုက်တယ်။



ဦးသုတနေရာကျောင်း

အီးစီဂျီ(E.C.G) ရိုက်ကြည့်တော့ ဆရာတော် အသက်ရှူတာ မတွေ့ရဘူး။ အဆုတ်လဲ လုံးဝ မရှိတာ တွေ့ရတယ်တဲ့။ မွေးညင်းပေါက်တွေကနေ အသက်ရှူတယ်လို့ ထင်ရပါတယ်'

ဟု ပြောသည်။

**အဘကြည်အောင် (၇၅)နှစ်က...**

'ဦးပညာဇေဆီမှာ ပညာယူကြတာ (ရေတံခွန်ဆရာတော်) ဦးအာစာရရယ်၊ ဦးခင်မောင်ရယ်၊ ဦးအုန်းဖေရယ်ပါ။ လောကုတ္တရာကျင့်စဉ်တွေကော၊ လောကီသိပ္ပအတတ်တွေပါ စွယ်စုံသင်ကြရပါတယ်။

လောကီသိပ္ပနဲ့ ပတ်သက်လို့ ဆရာတော်ဆီက တစ်ဆင့်ပြန်သင်ယူခွင့်ရသူက ဦးပွင့်တစ်ပါးပဲ။ နောက်တော့ ပျက်စီး(လူထွက်)သွားတယ်။

ကျုပ်တို့ ဆရာသီလတို့ကတော့ လောကုတ္တရာကျင့်စဉ်တွေပဲ သင်ယူခွင့်ရတယ်။ ရက္ခန်းစင်တောင်ဆရာတော်နဲ့ ရေတံခွန်ဆရာတော်တို့ စကားပြောတာမကြာခဏ တွေ့ရပါတယ်။

ဒါပေမယ့် ရက္ခန်းစင်တောင်ဆရာတော်ကိုတော့ တစ်ခါမှ အနီးကပ်မြင်ခွင့် မရခဲ့ဘူး။

အဲ... ထူးခြားတာကတော့ ရေတံခွန်တောင် အနောက်တောင်ထောင့်က (ဂေါက်ကွင်းအနီး) ဆိတ်သည်းတောင်ကနေ ရေတံခွန်တောင်ဆီ ကူးလူးသွားလာနေတဲ့ ပတ္တမြားမျက်ရှင် ဆိုတာတော့ ခဏခဏ တွေ့ရတယ်။

နီနီရဲရဲ အလုံးကြီး အလင်းရောင်တွေ ဖြာထွက်နေတယ်။ ည(၉)နာရီလောက်မှာ တွေ့ရတတ်တယ်။ အချင်း ငါးလက်မလောက်ရှိမယ်။

ဆရာတော် ခန္ဓာဝန်ချပြီး နောက်ပိုင်း ကျွန်တော်လဲ ကျောင်းမရောက်ဖြစ်တော့ဘူး။ အဲဒီ ပတ္တမြားမျက်ရှင် ရှိသေးလား၊ မရှိတော့ဘူးလားဆိုတာ မသိတော့ပါဘူး'

ဟူ၍ ပြောပြသည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**ဖင်ညိုငယ်**




▲ နဂါးသဏ္ဍာန် တမာကွင်းထိုး

# တမာနဂါးကွင်းထိုး

စီးပွားတိုး

တစ်နေ့သောအခါသမယတွင် ကျွန်တော့်နေအိမ်သို့ စစ်မှုထမ်းများဖြစ်ကြသော တပ်ကြပ်ကြီး လင်းသက်ခိုင်နှင့် တပ်ကြပ်သန်းဇော်ဦး(ခ) ဖြူကြီးတို့ ရောက်လာကြလေသည်။

ကျွန်တော်နှင့် သူတို့နှစ်ယောက်သည် ညီအစ်ကိုအရင်းများကဲ့သို့ ချစ်ခင်ရင်းနှီးကြ၏။ ပွင့်လင်းကြ၏။ ပြောမနာဆိုမနာရှိကြ၏။

'ဟော…ဆိုင်းမတီးဗုံမတီးဘဲနဲ့ ဖြူနီးစားကြီး ဘယ်ကနေ ခြေဦးလှည့်လာကြတာလဲ'


'ပျင်းပျင်းရှိတာနဲ့ ရုံးပိတ်ရက်မှာ အစ်ကိုကြီးဆီလာလည်တာပါဗျာ။ နောက်ပြီး အစ်ကိုကြီး စာရေးဖို့ ကုန်းကြမ်းလဲ လာပေးရင်းပေါ့။ ဘာလဲ…ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက်ကို စိမ်းနေပြီလား'

'မစိမ်းပါဘူး ငါ့ညီတို့ရာ မလာတာကြာလို့ ပြောတာပါ။ ကဲ…စကားလဲပြော၊ ကော်ဖီနဲ့ မုန့်တွေလဲ စားကြဦး'

ထို့နောက် ကျွန်တော်တို့သုံးယောက်သည် ထွေရာလေးပါး စကားများ ပြောဆိုကြသည်။ ခဏမျှကြာသော အခါ တပ်ကြပ်ကြီး လင်းသက်ခိုင်က…

www.burmeseclassic.com





တမာကွင်းထိုးကို အမြင်တစ်မျိုးဖြင့် တွေ့ရပုံ

'အစ်ကို **တမာနဂါး**ကို သိလား'

ဟု မေးလာ၏။

'မသိဘဲရှိပမလား ငါ့ညီရယ်၊ အစ်ကိုကိုယ်တိုင် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ် (၃၃၇)မှာ ရေးခဲ့ဖူးတယ်လေ'

'ဒီလိုဆိုရင် နောက်ထပ်ရေးနိုင်ဖို့ ဟောဒီမှာ ကျွန်တော်နဲ့ ဆရာဖြူကြီး တောနက်ထဲက ရလာတဲ့ **တမာနဂါးကွင်းထိုး** အစ်ကိုစာရေးဖို့ လာပြတာပါ'

တပ်ကြပ်ကြီးလင်းသက်ခိုင်သည် ပြောပြောဆိုဆို ဂျာနယ်စက္ကူစာရွက်ကြီးနှင့် ထုပ်ယူလာသည့် အရာတစ်ခုကို ကျွန်တော့်စားပွဲခုံပေါ်သို့ တင်ပေးလာသည်။

ထို့နောက် အသာအယာ ဖြေချလိုက်ရာ နဂါးတစ်ကောင်နှင့် အင်မတန်တူသော တမာနဂါးကွင်းထိုး တွေ့မြင်ရပေသည်။

'ဒီတမာနဂါးကွင်းထိုးကို ဘယ်ကနေ ဘယ်တုန်းက ရခဲ့တာလဲကွ'

'မှတ်မှတ်ရရ**(၅-၃-၂၀၁၆)စနေနေ့** နေ့လယ်က ကျွန်တော်နဲ့ ဆရာလင်းသက်ခိုင် တောနက်တစ်ခုထဲကနေ ရခဲ့တာ အစ်ကိုကြီးရေ'

ကျွန်တော့်အမေးကို အနီးမှာ တစ်ချိန်လုံး စကားတစ်ခွန်းမျှ မပြောဘဲနေခဲ့သော ညီငယ်ဖြူကြီးက ဝင်ရောက် ဖြေဆိုလိုက်သည်။

'တမာပင်က အမြင့်ကြီးလား ဖြူကြီးရ'

'အမြင့်ကြီးမဟုတ်ပါဘူး ပေ(၂၀)လောက်ပဲ ရှိမယ်'

'ထူးထူးခြားခြား ဘာတွေ တွေ့ခဲ့သေးလဲ'

'ထူးခြားတယ်လို့ ပြောမလားတော့ မသိဘူး။ အဲဒီတမာပင်မှာ အဲဒီတမာနဂါးကွင်းထိုး တစ်ခုပဲ တွေ့ခဲ့ရတယ်။ ကျန်တာတွေက ပုံမှန် တမာပင်အကိုင်းအခက်တွေချည်းပဲ အစ်ကိုကြီးရ'

ထို့နောက် ကျွန်တော်သည် သွားလေရာ အမြဲပါလေ့ရှိသည်။ ပေကြိုးငယ်အခွေကလေးဖြင့် တမာနဂါးကွင်းထိုးကို သေချာကျနစွာ တိုင်းယူလိုက်၏။

တမာနဂါးကွင်းထိုး အလျားသည် (၁၉)လက်မရှိပြီး ဦးခေါင်းအမောက်ပါ အမြင့်သည် (၉)လက်မခန့် ရှိသည်ကို တွေ့ရလေသည်။ ထိုသို့ တိုင်းယူပြီးနောက် ကျွန်တော်သည် ကင်မရာဖြင့် ရှုထောင့်အမျိုးမျိုးကနေ ဓာတ်ပုံ(၄)ပုံ ရိုက်ယူလိုက်သည်။

**တမာနဂါးကွင်းထိုးသည် အဝါရောင်နှင့် နီညိုရောင် ရောစပ်မွဲ့ညည်းထားတော့ အနုစိုင် စစ်သက်ရှိ နဂါးတစ်ကောင် အမောက်ထောင် ချိန်ရွယ်နေဟန် တညီရှိသည်ကို တွေ့ရှိရသည်။ ဓလေ့သဏ္ဍာန် အဝန်းအဝိုင်းလေးများ ဖြစ်ပေါ်နေသည်ကိုလည်း တွေ့မြင်ရပေသည်။**

ထို့ပြင် ကိုယ်ခန္ဓာဟု ယူဆရနိုင်ဖွယ်ရှိသော နေရာ






www.burmeseclassic.com



▲ တမာကွင်းထိုးကို ဘေးတိုက်မြင်ရပုံ

▼ တမာကွင်းထိုးကို အဘက်ဘက်မှ မြင်ရပုံ



အသီးသီးတို့တွင်လည်း အကွက်အပြောက် အစက်ငယ် ကလေးများ တည်ရှိလျက် ရှိသည်ကို တွေ့မြင်ရသည်။

ထို့နောက် ကျွန်တော်သည် တပ်ကြပ်ကြီးလင်းသက်ခိုင်နှင့် တပ်ကြပ်ကြီးသန်းဇော်ဦးတို့ကို အောက်ပါအတိုင်း မေးမြန်းခဲ့လေသည်။

'ဒီ တမာနဂါးကွင်းထိုးကို မင်းတို့နှစ်ယောက်က အတူတူ ရရှိခဲ့တာဆိုတော့ ဘယ်သူ့ပစ္စည်းလို့ သတ်မှတ်ကြမလဲကွ'

'ဒါက ဒီလိုရှိပါတယ် အစ်ကိုကြီးရာ... ကျွန်တော်က လူပျိုလူလွတ်ပဲ။ အိမ်ထောင်သည်ဖြစ်တဲ့ ဟောဒီက ကျွန်တော့်အစ်ကိုလဲ ဖြစ်၊ ဆရာလဲ ဖြစ်တဲ့ လင်းကြီးကိုပဲ ပေးလိုက်ပါတယ်'

တပ်ကြပ်ကြီး လင်းသက်ခိုင်မှ...

'ဒီတမာနဂါးကွင်းထိုးကို ကျွန်တော် လက်ဝယ်ရပြီး ဆိုကတည်းက အမြင့်တစ်နေရာမှာ တင်ထားပြီး အမွှေးနံ့သာ မကြာခဏ ပက်ဖျန်းပေးခဲ့လို့လား မသိဘူး။ အကျဉ်းအကျပ် အခက်အခဲ တစ်စုံတစ်ရာ ကြုံဆုံတိုင်း ကူညီဝင်ရောက် ဖြေရှင်းပေးမယ့်သူတွေနဲ့ချည်း ကြုံဆုံခဲ့ရတာ သတိထားမိတယ်။

ငွေကြေးလဲ အခက်အခဲကြီး မကြုံရသေးဘူး။ လုပ်ငန်းခွင်မှာလဲ အဆင်ပြေတယ်လို့ ထင်တာပဲ။ အစ်ကိုကြီး အမြင်ကကော လုပ်စမ်းပါဦး'

'အစ်ကိုကြီးကတော့ မင်းလို လက်ဝယ်ပိုင်ဆိုင်ခွင့် မကြုံဘူးလေတော့ စာတွေနဲ့ ပေါင်းစပ်ပြီး နိမိတ်ကောက် ပြောရမယ်ဆိုရင် ရှေးဗေဒင်ပညာရှင်ကဝိတွေ ပြောဆို မိန့်မှာ စကားလိုပေါ့ကွာ"**ဥစ္စာလို ရန်ငြိုးဟ်ရှာ**"တဲ့'

'အဓိပ္ပါယ်ရှင်းပြပါဦး အစ်ကိုကြီး'

'အဓိပ္ပါယ်ကတော့ကွာ တမာဆိုတဲ့ စကားလုံးကို တစ်လုံးချင်း ဂဏန်းသင်္ချာနဲ့ ရေးမယ်ဆိုရင်... "**တ**"က(၇)ကွာ၊

"**မာ**"က (၅)ကွာ၊

ဒီတော့ **တမာ**ဟာ **ဓမ္မာ (၇+၅)**ဆိုတဲ့ ရန်ငြိုးဟ်နဲ့ ထပ်တူကျနေတာကို တွေ့ရလိမ့်မယ်။ ဒီတော့ ဥစ္စာပစ္စည်းတိုးပွားစေမယ်ဆိုတဲ့ "**ဥစ္စာလို ရန်ငြိုးဟ်ရှာ**" ဆိုတဲ့ စကားနဲ့လဲ ညီသွားတယ်လို့ ယူဆမိတာပဲကွာ'

'ဟုတ်ကဲ့အစ်ကိုကြီး အခုလို ကျွန်တော်တို့နှစ်ယောက်ကို ရှင်းပြပေးလို့ ကျေးဇူးတင်ပါတယ်။ အစ်ကိုကြီးလဲ အခု ကျွန်တော်တို့ပြောပြတဲ့ တမာနဂါးကွင်းထိုးအကြောင်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ပို့ဖြစ်အောင် ပို့လိုက်ပါ'

'စိတ်ချပါ အစ်ကိုကြီး ဆက်ဆက် ရေးပို့လိုက်မယ်'

***ဓမ္မော ဟဓေ ရက္ခတိ ဓမ္မစာရီ***

**သာထက်ဇော်(မကွေး)**



www.burmeseclassic.com


www.burmeseclassic.com



# မင်္ဂလာအခြံအရံ (၅) မျိုးပါရှိသော

လက္ခဏာရှင်

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ




ယခုဖော်ပြပေးလိုက်သော ညာလက်ဖဝါးပိုင်ရှင်မှာ အသက် (၃၀)ကျော်အမျိုးသားတစ်ဦး ဖြစ်ပါတယ်။

**''က''အက္ခရာနှင့်** ညွှန်ပြထားသည်မှာ **ကံလမ်းထီးရိုးအဖျား စနေဂြိုဟ်ခွင်မှာ ကြာဖူးပုံ၊ သစ်ပင်ပုံ မင်္ဂလာအခြံအရံရှိခြင်း** ဖြစ်သည်။ **''အကြီးအကဲ ဖြစ်အံ့''**ဟု အဟောရှိသည်။

**အတိတ်ဘဝ ကုသိုလ်ကံ ပါရမီရှိခြင်း ကြောင့် ဤဘဝ တွင် ဘာအလုပ် မဆို အောင်မြင် ကံကောင်းပြီး အကြီးအမှူး ဦးစီး ခေါင်းဆောင် ဖြစ်ရတတ်ပါသည်။**

စစ်ဘက်နယ်ဘက် အစိုးရဝန်ထမ်း ရာထူးကြီးဇာ မြင့်မားသော ပုဂ္ဂိုလ်တို့တွင် တွေ့ရ တတ်ပါသည်။

* * *




www.burmeseclassic.com

**"ခ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ **လက်သူကြွယ်ရင်း တနင်္ဂနွေဂြိုဟ်ခွင်ထိပ်တွင် အောင်လံမင်္ဂလာအခြံအရံရှိခြင်း** ဖြစ်သည်။

လောကစည်းစိမ်ပြည့်စုံအံ့၊ အကျော်အကောင်အံ့၊ လူကြီးလူကောင်းဖြစ်အံ့၊ ယာဉ်အမျိုးမျိုး ပိုင်ဆိုင်အံ့ဟု အဟောရှိပါသည်။

* * *




**"ဂ" အက္ခရာနှင့်** ညွှန်ပြ ထားသည်မှာ **တနင်္လာဂြိုဟ်ခွင် လက်ဖဝါးစောင်း လက်ဖဝါး အလယ်ဘက်သို့ ကူးခပ် နေဟန် ငါးရှဉ့်မင်္ဂလာ အခြံအရံ** ပါရှိခြင်း ဖြစ်သည်။

အထူးအောင်မြင်အံ့၊ လောကစည်းစိမ်ပြည့်စုံအံ့၊ သဘောကောင်းအံ့၊ ဩဇာရှိအံ့၊ လူတုသေပ်ိုင်းထောင်ဖြစ်အံ့၊ အလှူဒါန အမြဲလုပ်လိုအံ့၊ အလွန်ကံကောင်းအံ့၊ အရိုရမင်ငြောက်ဖြစ်အံ့ဟု အဟောရှိပါသည်။*[နိုင်ငံခြားခရီး ခဏခဏ သွားရသော သူများတွင် တွေ့ရတတ်သည်။]*

* * *




**"ဃ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ **အသက်လမ်းကြောင်းအရင်းနှင့် ကံလမ်းကြောင်းအရင်းတို့မှာ ငါးကြင်းမြီးမင်္ဂလာအခြံအရံပါရှိခြင်း** ဖြစ်ပါသည်။


အမှုကိစ္စအရာ၌ အားလျော်စွာ ပြုလုပ်တတ်သောသူ၊ သားသမီးများစွာရှိသူ၊ ဉစ္စာပစ္စည်းနှင့် ပြည့်စုံသောသူ၊ အထူးထူးအပြားပြား များစွာသော အမှုကိစ္စတို့ကို လုပ်ဆောင်၍ ဉစ္စာပစ္စည်းရှိသော သားသမီးတို့နှင့် ပြည့်စုံ၍ ချမ်းသာစည်းစိမ်ကိုခံစားရသောသူ ဟူ၍ အဟောရှိပါသည်။

* * *

**"င"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ **လက်မ၏ ဒုတိယဆစ်တွင် "ယဝ" (ခေါ်) မုယောစပါးစေ့ပုံ မင်္ဂလာ အခြံအရံ** ပါရှိခြင်းဖြစ်သည်။

သူတော်ပါတို့၏ ရိုသေမြတ်နိုးအပ်သော ဉာဏ်ပညာဉစ္စာစည်းစိမ် စသော ဂုဏ်တို့နှင့် ပြည့်စုံအံ့၊ အလိုလိုပင် မိမိထံသို့ သောကင်းသဲမှုယ် အမျိုးမျိုး ရရှိခံစားရအံ့၊ ရွှေကြေးရာထူး အဆင့်အတန်း မြင့်မားအံ့ဟု အဟောရှိပါသည်။

* * *





အထက်ပါလက္ခဏာရှင်သည် ယခုအခါ တပ်မတော် အရာရှိအဖြစ် တာဝန်ထမ်းဆောင်နေပါသည်။ နောင်အနာဂတ်တွင် အတော်မြင့်မားသော ရာထူးမျိုးသို့ ရောက်ရှိလိမ့်မည်ဟု ယူဆရပါသည်။

*(လက္ခဏာပညာသုတ တိုးပွားကြပါစေ။)*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်** *(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com





ဦးမင်းဇင် (ရွှေနဝင်း)

ထူးခြားဆန်းကြယ်သော

# ဓာတ်လုံးများ

အပိုင်း (၁၄)

ဆရာကြီးသိန်းသည် သူထင်ထားသလို မီးနုသည့် ဓာတ်များဖြစ်သော သွပ်ပြဒါးဓာတ်လုံးဟာ အလွယ်တကူ အရည်မပျော်ဘဲ မီးကုန်မီးရပ်၍ **''အသန္တိန္ဓ ဓာတ်''**ဖြစ်နေသည်မို့ ဘာလုပ်ရမှန်းကိုပင် မသိတော့ပါ။

ဘယ်လိုမီးမျိုးနှင့်ပင် ထို သွပ်ပြဒါးဓာတ်လုံးကို ထိုးပါသော်လည်း ဓာတ်လုံးသည် အရည်မပျော်ဘဲ နေနေသည်ကို တွေ့လိုက်ရလေတော့ ဆရာကြီးသိန်းက ထို ဓာတ်လုံးကို အသန္တိန္ဓဆိုက်နေလေပြီဟု သတ်မှတ်ပါသည်။

သူ့ကို မူလဓာတ်လမ်းစဉ်ပေးခဲ့သော ဆရာရသေ့ကြီး ပြောခဲ့စဉ်က **''သွပ်နဲ့ပြဒါး ဓါနှစ်ပါး ကောလီသမ ရွှေဖြစ်ရ ပေါ်များလာဘ်ရွှင်စေ''**ဆိုသည့် စာချိုးလေးကို ရွတ်ဆိုပြီးတော့မှ ပေးခဲ့တာပါ။ ဤကဲ့သို့ ဓာတ်လုံးဟာ အရည်မပျော်ဘဲ ''အသန္တိန္ဓဆိုက်လိမ့်မည်''ဟု မပါပေ။

စာချိုးဆရာမှာ မပါပေမယ့် လာတိုးနေတာက အသန္တိန္ဓ ဆိုက်နေတာမို့ သူ အတော်ကြီး အကြံအိုက်၍ သွားလေသည်။

တကယ်တမ်းဆိုရလျှင် အင်မတန်ကိုမှ **မီးအထိ မခံနိုင်ကြသည့် သွပ်နှင့် ပြဒါးကဲ့သို့သော ဓာတ်မျိုး**



www.burmeseclassic.com

www.burmeseclassic.com



**တွေကို စိမ်ပြီး ဓာတ်တည်၍** ထိုးကာမှ ထူးထူးဆန်းဆန်း လာပြီး ဖြစ်နေပါတော့သည်။

သည်ဓာတ်လုံးကို ဘယ်လိုများ ရှေ့ဆက်တက်ရပါ့မလည်းဟု (၆)လလောက်ကိုပင် စဉ်းစားတွေးခေါ်နေရပေသည်။

သူ ပထမဦးဆုံး စတင်စမ်းသပ်သည့်နည်းက ယင်းဓာတ်လုံးကို **လုံခြောက် မီး(၉)အုပ်ခန့် ထိုး၍ ယင်းလုံခွံကို ဘော်ကိုကျင်း ပြဒါးကို ဖမ်း၍ ကြည့်ပါသော်လည်း** ထူးခြား၍ မလာပါ။

နောက်တစ်ဖန် နာ(ခဲ)သန့်သန့်ကို အရည်ဖျော်ပြီး ယင်းလုံထဲသို့ အသန္တိနှဓာတ်လုံးကို နှစ်၍ ထည့်ပြီး မီး(၇)အုပ်ခန့် ထိုးပြီး လုံအအေးခံ၍ ခွဲကြည့်ပါသော်လည်း နာပျော်ရည်ပေါ်မှာ ဓာတ်လုံးက ပေါလောပေါ်နေတာကိုပဲ တွေ့ရလေသည်။

နာ(ခဲ)များမှာ ဘယ်လိုမှ ပြောင်းလဲမသွားပါ။ သည်နည်းလည်း အဆင်မပြေသေးဟု သတ်မှတ်လိုက်ရပါသည်။


သည်လိုနှင့် အဂ္ဂိရတ်စာပေကျမ်းစာများကို မွှေနှောက်၍ ရှာဖွေကြည့်လိုက်သည့် အခါမှာတော့ **''ရွှေသံပြာရောက် အာယုပေါက်''**ဆိုသည့် စာချိုးလေးကို သွား၍ သဘောကျမိလေပြီး သူ၏ ဓာတ်လုံးကို ရွှေကျွေးကြည့်ရလျှင် ကောင်းလိမ့်မည်ဟု တွေးမိလေသည်။

ဒါပေသည့် ရွှေကျွေးရအောင်က ဓာတ်လုံးက အရည်လုံးဝမပျော်လေတော့ ဘယ်လိုကြံရမှန်းကို မသိဖြစ်၍ နေပေသည်။

**(ရွှေကို ဘယ်လိုကျွေးရမလဲဆိုတာကို တစ်နှစ်လောက် အချိန်ယူ၍ စဉ်းစားရပါသည်။)**

နောက်ဆုံးတော့ အကြံကုန် ဂဠုန်ဆားချက်ဆိုသလို ဖြစ်ချင်ရာ ဖြစ်စေတော့ဟု စိတ်ပိုင်းဖြတ်လိုက်ပြီး မြို့ကို တက်၍ ဈေးဝယ်သော လူကြုံကို ဘုရားမှာ ရွှေဆိုင်းအချပ်(၅၀) ဝယ်လာပေးရန် မှာလိုက်ပြီး…

ရွှေဆိုင်းများကို သေချာစွာ **ရွှေပြားချပ်လေးကို ခွာယူ၍** တစုတစည်းတည်း ပြုလုပ်ပြီး **နံပါတ်(၃)လုံးတစ်လုံးကို ဖော်သေချာစွာ မံ၍** အခြောက်ခံပြီး သူ၏ဓာတ်လုံးကို ထည့်၍ လုံငှားဖုံးအုပ်ပြီး မီးသွေး(၇)



အုပ်ကျအောင် ထိုးလိုက်ပါသည်။

လုံငှားဖုံးကို ဖွင့်လိုက်သည့်အခါ ဓာတ်လုံးဟာ ကင်းပုံသီးမှည့်သဏ္ဌာန် နီရဲနေသည့်အချိန်တွင် ရွှေဆိုင်းချပ်များကို ဓာတ်လုံးပေါ်သို့ သေချာတင်ပေးလိုက်ပြီး လုံဖုံးကိုပြန်၍ အုပ်လိုက်ပြီး မီးသွေးအပြည့်ထည့်၍ ဖိုခွင်တစ်ခုလုံး မီးရဲနေအောင် ထိုးပေးလိုက်ပြီး မီးနှပ်၍ သူ့အလိုလို အေးသွားသည်အထိ ထားလိုက်ပါသည်။

မီး တစ်ည နှပ်ထားသည့်လုံကို ဖော်ယူလိုက်ပြီး လုံငှားဖုံးကို ဖွင့်လိုက်သည့်အခါ ဓာတ်လုံး၏အပေါ်တွင် ရွှေဆိုင်းချပ်များသည် ရွှေရောင် လုံးဝပျောက်သွားပြီး ဓာတ်လုံးပေါ်မှာ **အနက်ရောင် ချိပ်ဖတ်လေးများ**ကဲ့သို့ အုပ်၍နေပါသည်။

ထို ချိပ်ဖတ်လေးများကို ခွာယူလိုက်တဲ့အခါ အလွယ်တကူပင် ခွာယူလို့ ရပါသည်။ ဓာတ်လုံးကလည်း မူလအရောင်အဆင်းအတိုင်းပင် ဖြစ်နေပါသည်။

ထိုချိပ်ဖတ်လေးများကို သေချာသိမ်းထားပြီး သူဘာလုပ်ရမှန်းမသိသေးပါ။ တစ်ခါ စဉ်းစားခန်းဝင်ရပေဦးမည်။

သူ ဦးတည်ပြီးလုပ်ခဲ့တာတွေက ရွှေသံပြာရောက်အာယုပေါက် ဆိုခဲ့ပေမယ့် အခုဟာက ပြာမဟုတ်ဘဲ ချိပ်ဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com





သူ လေ့လာခဲ့ဖူးသည့် အင်္ဂရတ်စာပေများအရ **ချိပ်ဆိုရင် ပစ်ရသည်ဟု** ကြားဖူးနားဝရှိခဲ့လေတော့ ဓာတ်တစ်ပါးပါးကိုတော့ ပစ်ခတ်၍ ကြည့်ရပေမည်။ သို့သော် ဘယ်ဓာတ်ကို စီမံ၍ ပစ်ခတ်ရမည်ကို စဉ်းစားရပါသည်။

ရုပ်ဓာတ်(၉)ပါးထဲမှ ခိုင်ခံ့၍ နိဗ္ဗာန်ဓာတ်ကို ကူးလွယ်စေသော **ဒန်(ကြေးနီ)**နှင့် **ဘော်(ငွေ)ဓာတ်** နှစ်ပါးထဲမှ တစ်ပါးပါးကို ပစ်၍ ကြည့်ရမည်ဟု သူ သဘောပေါက်ထားပြီး ထိုဓာတ်(၂)ပါးအနက်မှ **သောတာပန်ဓာတ် ဖြစ်သော ဘော်ဓာတ်ကို** စမ်းသပ်ကြည့်ရန် ဆုံးဖြတ်လိုက်ပြီး...

သူ၏အမေ အမွေထားခဲ့သော ပစ္စည်းများထဲမှ **ငွေကြယ်သီးတစ်စုံ**ကို အရည်ကျို၍ သန့်စင်လိုက်ရာ **အလေးချိန်(၆)မူးသားခန့် ဘော်ဓာတ်သား**ကို ရပါသည်။

ထို သန့်စင်ထားသော **ဘော်(၆)မူးသားကို** လုံတွင်ထည့်၍ အရည်ပျော်အောင် ထိုးလိုက်ပြီး အရည်လျှင်လာသည့် အချိန်တွင် ရွှေဆိုင်းမှ ရလာသည့် ချိပ်များကို မှိုင်းခံစက္ကူပါးလေးနှင့် သေချာထုပ်၍ ဘော်ပျော်ရည်ထဲသို့ ပစ်ထည့်လိုက်ပြီး မီးသွေး(၇)အုပ် ဆက်၍ ထိုးပေးပြီး လုံကို မီးနှပ်ထားလိုက်ပါသည်။

ထို့နောက် အအေးခံပြီး၍ လုံကို ခွဲလိုက်သည့်အခါ ဘော်(၆)မူးသားလုံး ဝင်းဝါ၍နေပြီး ကျက်သရေ အပြည့်ဖြစ်နေပါတော့သည်။

ဆရာကြီးသိန်းလည်း အလွန် ဝမ်းသာပီတိဖြစ်နေပြီး သည်တစ်ခါတော့ ငါ အောင်မြင်ပြီဟဲ့လို့ ကြွေးကြော်လိုက်ပါတော့သည်။

မျက်မြင် အတွေ့ကတော့ ဟုတ်နေပါပြီ။ သို့သော် တကယ့် စာမေးပွဲအောင်ရန်အတွက် အစစ်ဆေးခံရန် မြို့ကိုတက်၍ ရွှေဆိုင်တွင် ရောင်းကြည့်လိုက်သောအခါ ရွှေဆိုင်မှ ပေါက်ဈေးနှင့် ဝယ်ယူလိုက်လေသည်။

ဒါဆိုရင်တော့ အမှန်တကယ် စာမေးပွဲအောင်ခဲ့လေပြီ။ ဆရာကြီးသိန်းတစ်ယောက် ရွာအပြန်လမ်းတစ်လျှောက် ခြေထောက်နှင့်မြေကြီး ထိတယ်လို့ကို မထင်လောက်အောင်ပင် ''တယ်ဟုတ်တဲ့ ငါပါလားရယ်''လို့ ဘဝင်လေဟပ်နေပြီး ဘဝင်သို့ ရောက်နေလေတော့သည်။

ဖြစ်မယ်ဆိုလည်း ဖြစ်လောက်ပေသည် လောကီရတနာ ရွှေဆိုတာက တစ်သိန်း တစ်ယောက် ဖြစ်ကြတာမှ မဟုတ်ဘဲ သည်အထဲမှာ သူကိုယ်တိုင်ကိုယ်ကျစီမံပြီး ရခဲ့သည့် ရတနာလက်ဖြစ် ရွှေမဟုတ်လား။

**(ရှေ့လတွင် သွပ်ပြဒါး အသင်္ချေနှုတ်ဓာတ်လမ်းစဉ်နှင့် ဆရာကြီးသိန်း၏ ဓာတ်လုံးဓာတ်သိမ်း ခံရပုံကို ဆက်၍ တင်ပြပေးပါမည်။)**

**ဦးမင်းဇင်(ရွှေနဝင်း)**



www.burmeseclassic.com

www.burmeseclassic.com



စမများ ပေါ်နေသည့်

# ပတ္တမြားရောင်တောက် ထန်းသားကျောက်

နတ်မောက် ကောင်းမွန်မြင့်

နတ်မောက်မြို့နယ်၊ **စည်သာအုပ်စု၊ စမ်းတောကုန်းရွာတွင် ရှေးမြန်မာဆေး ဆရာကြီးဦးသန်း ဆိုင်ထံ၌ စမအက္ခရာများ ပေါ်နေပြီး ကျောက်ကြည့် ဓာတ်မီးနှင့် ထိုးကြည့်လျှင် ပတ္တမြားရောင် နီစွေးစွေးအရောင် တောက်သော ထန်းသားကျောက်ကြီး** ရှိသည်ဟု သတင်းစကား ကြားရသည်။


ထိုသတင်းစကားကို **အင်ပင်တောကျောင်း ဆရာတော် အရှင်ဥဇ္ဇယမှ** သတင်းပေးမိန့်ကြားသဖြင့် (၂-၂-၂၀၁၉) စနေနေ့တွင် သားကြီးကျော်စွာထက်ကို ဆိုင်ကယ်မောင်းပို့ခိုင်း၍ သွားရောက်လေ့လာခဲ့ပါသည်။

ပုံတွင် တွေ့မြင်ရသည့်အတိုင်း စမအက္ခရာများ၊ စမအင်းအရုပ်များ ပေါ်နေသည်ကို ထင်ရှားစွာ မြင်တွေ့ရပါသည်။

အင်းပညာရှင်များကတော့ အဓိပ္ပာယ် ဖော်နိုင်လိမ့်မည်ဟု ထင်မြင်ယူဆမိပါသည်။

**ထိပ်ဘက်တွင် ထန်းအမျှင်အကြောများ ထင်ရှား တွေ့မြင်ရပြီး အောက်ခြေဘက်တွင် ထန်းအမြစ်များ မြင်ရပါသည်။**

F.17A. July, 2019.



ထန်းသားကျောက်ပေါ်မှ အင်းစမများ ထင်ရှားပေါ်နေပုံ



www.burmeseclassic.com

www.burmeseclassic.com







▲ ထန်းအမြုတေ ရှိနေသော
ထန်းသားကျောက်မှ
အင်းစများ၊ လက်တွေ့ယူမ လေ့လာစဥ်
ထန်းသားကျောက်မှ ထန်းမြစ်၊
ထန်းကြောများ၊ ထင်ရှားနေပုံ ◗

ထန်းသားကျောက်ကြီးကို မ,၍ သေချာကိုင်တွယ် ကြည့်ရှုရာ **အလေးချိန်သုံးပိဿာကျော်ကျော်**လေးပြီး အတွင်း၌ တစ်စုံတစ်ရာ အနှစ်ရှိသည်ဟု ယူဆနိုင်ပါသည်။

**ဆရာကြီးဦးသန်းဆိုင်**က ပြောပြသည်မှာ…

'နှစ်ပေါင်းတစ်ထောင်လောက်က ထန်းသားကျောက်ဟု ထင်မြင်ချက်ပေးကြောင်း၊ အတွင်းထဲတွင် ပတ္တမြားအမြုတေ ရှိသည်ဟု ယူဆကြောင်း'

ဟု ပြောပြပါသည်။

ပုံတွင် ဝိုင်းပြထားသည့်နေရာမှ ကျောက်ကြည့်ဓာတ်မီးနှင့် ထိုးကြည့်လျှင် **ထန်းသားကျောက်ကြီးမှာ နီစွေးစွေး အရောင်တောက်** ထွက်သည်ဟု ဆိုပါသည်။

ထန်းအမြုတေသည် အပင်တစ်သောင်းလျှင် တစ်ပင် ရှိခဲ့,ဖြစ်ခဲ့ပြီး… ကံကြီးသူ,ထိုက်သူများသာ ရရှိနိုင်ကြောင်း… ထန်းအမြုတေ ဆောင်ထားသူသည် သိဒ္ဓိရကြောင်း၊ အကျင့်ကောင်းများ ရရှိနိုင်ပြီး… အလုပ်၊ တာဝန်၊ အကြံအစည်များ တိုးတက်အောင်မြင် ပေါက်မြောက်အောင် **ထမ်းရွက်**နိုင်သည်ဟု သိခဲ့ရပါသည်။

သို့သော် ထန်းအမြုတေ ဆောင်ယူသူသည် သုရာ မှိဝဲပြီး ငါးပါးသီလ မလုံပါက ရရှိပြီးသော သိဒ္ဓိဓာတ်များ ခန်းခြောက်ကုန်ပျောက်ပြီး အပူဓာတ်ကို ရရှိစေပါ




www.burmeseclassic.com

www.burmeseclassic.com



မည်။

**''ထန်း''**သည် စနေနံ ဖြစ်ပြီး **နဂါးခတ်၊ မီးခတ် ပြာကျ လောင်ကျွမ်းတတ်သည်ဟု** သိရပါသည်။

အကယ်၍ သုရာကို ဆေးအဖြစ်ပင် မမှီဝဲဘဲ ငါးပါးသီလလုံစွာ နေထိုင်ကျင့်ကြံမည် ဆိုပါက ကိစ္စအဝဝ လုပ်ငန်းအထွေထွေ အဓိဋ္ဌာန်အမျိုးမျိုးကို သူများတကာထက် နှာတစ်ဖျားပိုကာ စွမ်းဆောင်ထမ်းရွက်နိုင်သည်ဟု သိရှိခဲ့ရပါသည်။

ယခုလာမည့် သင်္ကြန်ကာလတွင် ဆရာကြီး ဦးသန်းဆိုင်မှ ဥပုသ်ရက်ရှည် စောင့်ပြီးနောက် နှစ်သစ်ကူးလျှင် မန္တလေးမြို့သို့ သူ၏တပည့်ကျော်ခွဲ ဆရာများထံ သွားရောက်၍ ဤထန်းသားကျောက်ကြီးကို အမြုတေ ရှိ၊မရှိ လက်တွေ့သိရအောင် သွားရောက် လှီးဖြတ်ခွဲစိတ် စမ်းသပ်မည် ဖြစ်ပါသည်။



ကျောက်ထိုးခတ်မီးနှင့် ထိုးကြည့်သည့်အခါ နီရွှေအရောင်တောက်သော နေရာ

အကယ်၍ အမြုတေ ရရှိပါက ဘုရားတည် ကျောင်းဆောက် ကုသိုလ်ပြုရန် အဓိဋ္ဌာန်ထားကြောင်း ပွင့်လင်းရိုးသားစွာ ပြောပြပါသည်။

မန္တလေးတွင် ခွဲစိတ်လှီးဖြတ်၍ ထန်းအမြုတေ ရရှိပါက စာရေးသူအား အကြောင်းကြားပါမည်၊ ခေါ်ပါမည်၊ ထပ်မံ လေ့လာပါ၊ ထူးခြားလျှင် ပြောပါမည်ဟု ကတိပေးခဲ့ပါသည်။

စာရေးသူ၏ဖုန်းနံပါတ် တောင်းသဖြင့် ဖုန်းနံပါတ် ပေးခဲ့ပြီး ပြန်ခဲ့ပါတော့သည်။

**နတ်မောက် ကောင်းမွန်မြင့်**



www.burmeseclassic.com

www.burmeseclassic.com





▲ မိစ္ဆာလည်ပြတ်မန္တန်ပါ ပေစာရွက်

ဖိုးမင်း (မင်းလှ)

ရှေးဟောင်းပေစာ၌ တွေ့ရှိသော

# မိစ္ဆာလည်ပြတ်မန္တန်

၂၀၁၈ ခုနှစ်၊ မေလဆန်းတွင် စာရေးသူနှင့်အတူ ဆရာကျော်ညွှန့်(စစ်တွေ)တို့သည် ရှင်ပြုအလှူကိစ္စအတွက် ရခိုင်ပြည်နယ်၊ စစ်တွေမြို့သို့ သွားရောက်ခဲ့ကြပါသည်။

ဆရာကျော်ညွှန့်၏ မိဘများက စစ်တွေမြို့ ဘောလုံးကွင်းရပ်ကွက်တွင် နေထိုင်ကြပါသည်။

အလှူရက် (၂)ရက်လိုနေသေး၍ စာရေးသူသည် ညီမလေးများနေထိုင်ရာ မင်းဂံရပ်ကွက်သို့ အလည်သွားရောက်ခဲ့ပါသည်။

ညီမလေးများဖြစ်သော မဝင်း၊ မစိုးနုဖြူနေအိမ်၌ အနားယူ ညအိပ်နေထိုင်ခဲ့ပါသည်။

အငယ်မ မစိုးနုဖြူ၏ သမီးလေးဖြစ်သူ မမေလှိုင်ဦးက...

'အခင်ထွီးရောက်လာတာ အတော်ပဲ'

ဟု ဆိုကာ ပိတ်စအနက်ရောင်ဖြင့် ထုပ်ထားသော ပေစာထုပ်(၁)ခု ယူလာပြပါသည်။

ရှေးဟောင်းပေစာများဖြစ်နေ၍ စာရေးသူ စိတ်ဝင်စားသွားပါသည်။ **''အခင်ထွီး''ဟု ခေါ်ဝေါ်ခြင်းမှာ ရခိုင်ဝေါဟာရဖြစ်၍ မြန်မာလို ဦးလေးငယ်ဟု အဓိပ္ပါယ်ရပါသည်။**

တူမလေးဖြစ်သူ မေလှိုင်ဦးက...

"ဒီပေစာထုပ်က အဘိုး အဖီးလက်ထက်ကပင် ရှိလာခဲ့တာဆိုတော့ သမီးလဲ နည်းနည်းပါးပါးတော့ ဖတ်ဖူးတယ်။ သဘောမပေါက်တာ များနေတယ်။

အခင်ထွီးရောက်လာရင် ပြဖို့ စိတ်ကူးနေတာ ခုတော့ အတော်ပဲ အခင်ထွီး လေ့လာကြည့်ပါ။ အများအတွက် အကျိုးဖြစ်စေတဲ့ အကြောင်းအရာများပါရင် ဖော်ထုတ်ပေးပါ'

ဟု ပြောပြီး ပေစာထုပ်ကို ပေးခဲ့ပါသည်။

စာရေးသူအနေဖြင့် ပေစာပါ အကြောင်းအရာများကို တတ်နိုင်သမျှ ဖတ်ရှုလေ့လာပြီး **''မိစ္ဆာလည်ပြတ်မန္တန်''ပါ** ပေစာရွက်ကို ညီမလေးမစိုးနုဖြူအား မိတ္တူကူးခိုင်းပြီး ယူလာခဲ့ပါသည်။

မစိုးနုဖြူက...

'အစ်ကိုလေး...ဒီမန္တန်က အဖေ့ရှိစဉ်က အသုံးပြုခဲ့တဲ့ မန္တန်ဖြစ်တယ်။ ညီမတို့ငယ်စဉ်က နွားရုံတောင်ကျေးရွာမှာနေစဉ် ကျေးရွာဒေသက လူတွေ စုန်းပူး၊ နတ်ပူး၊ မိစ္ဆာပူးတစ်ခုခုဖြစ်ရင် အဖေ့ဆီလာပြီး ရေမန်း၊ ဆီမန်းတောင်းကြတယ်။


အဖေက ဒီမန္တန်နဲ့ မန်းပေးတယ်။ အဖေ့နာမည်က ဦးစံကျော်လှဖြစ်ပါတယ်။ ညီမတို့မှာ အစ်မကြီးက မကျော့ဦး၊ မစောမြသိန်း၊ မစိန်အေးသာ၊ မောင်အေးထွန်း၊ မဝင်း၊ ညီမ စိုးနုဖြူ အားလုံး



www.burmeseclassic.com

www.burmeseclassic.com





တယ်။ မန္တန်ကို ရွတ်တော့မယ်ဆိုရင် (၅)ပါးသီလ အရင်ခံယူရမယ်။ ပြီးရင် သစ္စာပြုပါ။ သီလသမာဓိရှိတဲ့ ပုဂ္ဂိုလ်ဆိုရင် ပိုစွမ်းတာပေါ့'

ဟု ဒေါ်မဝင်းက ကိုယ်တွေ့အကြောင်းအရာများကို ပြောပြပါသည်။

နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာဖတ်ပရိသတ်များ အနေဖြင့် ရှေးဟောင်းပေစာ၌ တွေ့ရှိသော ပျောက်ကွယ်လု နီးပါးဖြစ်နေသော **"မိစ္ဆာလည်ဖြတ် မန္တန်"** (သို့မဟုတ်) **မကောင်းမိစ္ဆာ ဟူသမျှ**ကို နိုင်စေသော မန္တန်တစ်ပုဒ်အား ဗဟုသုတ တိုးပွား၍ မှတ်တမ်းပြုနိုင်စေရန် ရေးသား ဖော်ပြအပ်ပေသည်။

အဖေ့ရဲ့ ပညာအမွေကို သင်ပေးခဲ့ပါတယ်။

ဒီမန္တန်ကို ပေရွက်၊ ကြေးပြား၊ ငွေပြားတွေမှာ သေချာရေးပြီး အဆောင်လက်ဖွဲ့ ပြုလုပ်ပြီး ဆောင်ထားရင် ပိုပြီးကောင်းတယ်။ ညီမတော့ လက်တွေ့ပါပဲ အစ်ကိုလေး'

ဟု ပြောပြပါသည်။

စာရေးသူအနေဖြင့် သည်မန္တန်နှင့်ပတ်သက်၍ ပိုပြီး တိကျခိုင်မာမှုရှိစေရန် မစိုးနုဖြူ၏ အစ်မဖြစ်သူ ဒေါ်မဝင်း နေအိမ်သို့ ရောက်ရှိသွားပါသည်။ ဒေါ်မဝင်း ပြောပြသည်မှာ...

"ဒီမန္တန်က သိပ်အစွမ်းထက်ပါတယ် အစ်ကိုလေး။ ဒီမန္တန်အကြောင်း ပြောပြရရင် အများကြီးပါပဲ။ ဟိုတလောက အဖြစ်အပျက်တစ်ခုကို ပြောပြပါမယ်။

ဖျိုင်းဖြူရွာက မသဇင်ဆိုသူ အသက်(၃၅)နှစ်ခန့် အမျိုးသမီး တစ်ယောက် ငါးရာရင်း မကောင်းမိစ္ဆာ ပူးကပ်လာတယ်။

လူမှန်းသူမှန်းမသိ စားမယ်၊ ဝါးမယ် ငါ့ကို အမဲသားကျွေး။ ငါ့ကို အမဲသားကျွေး ငါစားချင်တယ်။ နင်တို့ ငါ့ကို မကျွေးရင် သတ်မယ်၊ ဖြတ်မယ်ပြောတော့ ညီမဆီ ရောက်လာတယ်။

ညီမက ဆီ(၅)ကျပ်သားနဲ့ ရေ(၁)ပုလင်းကို မန်းပြီး ဆီကို ကိုယ်ခန္ဓာကို (စတီ)သဘော လိမ်းခိုင်းတယ်၊ ရေမန်းကို သောက်ခိုင်းတယ်။

နာရီဝက်တောင် မကြာပါဘူး။ မိစ္ဆာထွက်သွားတယ်။ နဂိုအတိုင်း ပြန်ဖြစ်သွားတယ်။ ဒီမန္တန်နဲ့ လူတော်တော်များများကို ကူညီပေးဖူး

## မိစ္ဆာလည်ဖြတ် မန္တန်

ဥုံ မဟာဇောဝိ ဇယမင်္ဂလံ ပလ္လင်္ဂံ မာရဇိနံ သဗ္ဗသတ္တရ
ဝိနာသန္တု ဒုရဲ ဒုရဲ ဂစ္ဆတု ဂစ္ဆတု သွား ဟုံ ဟုံ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဥုံ** | = အုံ |
| **ဇယမင်္ဂလံ** | = ဇယမင်ဂလံ |
| **ပလ္လင်္ဂံ** | = ပတ်လင်ဂံ |
| **သဗ္ဗသတ္တရ** | = သပ်ဗသတ်တရ |
| **ဝိနာသန္တု** | = ဝိနာသန်တု |
| **ဂစ္ဆတု** | = ဂစ်ဆတု |

ဆီမန်း၊ ရေမန်းအဖြစ် (၅)ပါးသီလယူပြီး သစ္စာပြု (၇)ခေါက်မန်း၍ပေးလေ **အဆောင်လက်ဖွဲ့ထိုး၍ ဆောင်ထားနိုင်သည်။**

**ကျေးဇူးတင်လွှာ။ ။ ရှေးဟောင်းပေစာအား ဖတ်ရှုခွင့်ပြုသော မမေလှိုင်ဦးနှင့် မစိုးနုဖြူ၊ ဒေါ်မဝင်း မင်းဂံရပ် စစ်တွေမြို့အား ကျေးဇူးတင်အပ်ပါသည်။**

ဗိုလ်မင်း*(မင်းလှ)*



www.burmeseclassic.com

www.burmeseclassic.com



တြင်း–နဝင်း အရိုးကျိုးပေါင်းပျောက်တဲ့

# ဝါးမင်း

ကိုထွန်း (မင်းလှ)



ဝါးမင်းပင်

လူတိုင်းမှာ ဝါသနာတစ်ခုစီတော့ ရှိကြမည် ထင်ပါသည်။ အချို့က ဂီတအနုပညာ ဝါသနာပါသည်။ အချို့က ပန်းချီ၊ပန်းပု ဝါသနာပါသည်။ အချို့က ဘောကန်၊ခြင်းခတ် အားကစား ဝါသနာပါသည်။

ကျွန်တော် ဝါသနာကတော့ ငယ်ငယ်ကပင် သေနတ်ကိုင်လာခဲ့ရသည့် ဘဝဆိုတော့ တောပစ် ဝါသနာ ပါခဲ့သည်။

ကျွန်တော်တို့ခေတ်က အစိုးရက ကိုယ်ပိုင်သေနတ်လိုင်စင် ထုတ်ပေးသည်။ ကျည်ဆန်ရောင်းပေးသည်။ အမဲပစ်လိုင်စင် ထုတ်ပေးပါသည်။

တောတွေ၊တောင်တွေကလည်း တောကောင်များက ပေါတော့ တောတောင်တွေ့လျှင် လျှောက်လည်ချင်၊ တောပစ်ချင်စိတ် ပေါက်ပြီး ပစ်မိပါသည်။

အသက်ကြီး၍ ပင်စင်ယူပြီဆိုတော့ သေနတ်တွေလည်း အပ်ခဲ့ရပြီ။ သေနတ်နှင့် ဝေးခဲ့ရပြီ။

ကျွန်တော်တို့ (၂၄)နာရီ တာဝန်ထမ်းဆောင်ခဲ့ကြသော လက်နက်ကိုင် ဝန်ထမ်းဟောင်းများ အငြိမ်မနေတတ်တော့ပါ။ တောထဲသွား သစ်ပင်စိုက်ချင်နေပါသည်။ ပင်စင်ယူပြီး (၁၅)နှစ်အတွင်း ကျွန်တော့်ခြံထဲတွင် အပင်တော်တော်များများ စုံနေပါသည်။

ရှေးက ဖတ်ဖူးသည့် ပုံပြင်ထဲတွင် အသက်ခြောက်ဆယ်ကျော် အဘိုးကြီးတစ်ယောက် သရက်ပင် စိုက်နေသည်ကို မြင်သွားသော ရှင်ဘုရင်သားက…

'အဘိုးအို ခင်ဗျားစိုက်တဲ့ သရက်ပင်ရဲ့အသီးကို ခင်ဗျား စားရမှာလား'

'မသေချာပါ မင်းသား'

'ကိုယ့်အတွက် အကျိုးမရှိတဲ့ သရက်ပင်ကို ဘာကြောင့် စိုက်ရတာလဲ'

ဟု အဘိုးအိုကို အပြစ်တင်တော်မူပါသည်။ အဘိုးအိုက…

'ကျွန်ုပ်စားသော သရက်သီးမှာ ကျွန်ုပ်အဘိုး စိုက်ခဲ့လို့ စားရတာပါ။ ယခု ကျွန်ုပ်စိုက်သော သရက်ပင်မှ အသီးကို ကျွန်ုပ်မြေးများ စားရမှာပါ'

ဟု ပြန်လည်ဖြေကြားလိုက်တော့ ဘုရင့်သားသူ့စကား မှားမှန်းသိပြီး အဘိုးအိုကို တောင်းပန်ပြီး ဆုတော်များပင် ချသွားသည်ဟု ဖတ်ခဲ့ဖူးပါသည်။

ယခု ကျွန်တော် ပင်စင်သွားပြီးကတည်းက သစ်ပင်စိုက်ခဲ့သည်တွင် စိန်တစ်လုံး၊ မြကျောက်၊ ရွှေဟင်္သာ သရက်ပင်များမှ အသီးများကို ကျွန်တော် စားနေရသည်မှာ ဆယ်နှစ်ခန့် ရှိပါပြီ။ ကျွန်တော့်မြေးများလည်း ယခုပင် စားနေရပါသည်။

ခြံထဲတွင်သာမက မြို့ပေါ်ရှိ ကျွန်တော့်အိမ်ရှေ့တွင်



www.burmeseclassic.com

www.burmeseclassic.com

လည်း အရိပ်အတွက်လည်းကောင်း၊ အလှအတွက်လည်းကောင်း စိုက်ထားပါသည်။ ထိုအထဲတွင် **''ဝါးမင်း''**ပင်အချို့ကလည်း **''ဝါးပုတီး''**ဟုခေါ်သော ဝါးရုံတစ်ရုံနှင့် **''အသောက''**ပင် သုံးပင်လည်း ပါဝင်ပါသည်။

စိုက်စဉ်က ဝါးမင်းပင်က အရိပ်ရသည်။ ဝါးလုံး၏ အဆစ်ဆစ်ကလေးများ အိုးပုတ်လိုလှ၍ စိုက်ခဲ့ပါသည်။ အသောကပင်လည်း အပင်ပုံက ထောင်တက်ပြီးလှ၍ စိုက်ခဲခြင်း ဖြစ်ပါသည်။

ထိုထက် ဘာမှ ပိုသိ၍ စိုက်ခဲ့ခြင်း မဟုတ်ပါ။ စိုက်ပြီး (၅)နှစ်ခန့်ကြာတော့ ဝါးမင်းပင်က အခြေကလေးများ ပေါ်ပြီး ဝါးရုံတစ်ရုံ ဖြစ်လာပါသည်။

အသောကပင်ကလည်း ပေ(၂၀)ခန့် မြင့်တက်ပြီး အလွန်ကြည့်ကောင်းလာပါသည်။ ကြည့်ကောင်းအောင်လည်း အောက်ခြေအရွက်များ၊ အကိုင်းများကို သစ်ပင်ညှပ် ကတ်ကြေးဖြင့် ပြုပြင်ပေးရပါသည်။

ကျွန်တော့်အိမ်ရှေ့တွင် ဝါးမင်းပင် စိုက်ထားသည်ကို တွေ့သွားသော ဝေဠုဝန်စာသင်တိုက်မှ စာချဆရာတော် ဦးတေဇိန္ဒ မြင်သွားပြီး ကျောင်းပတ်လည်တွင် စိုက်ချသွားပါသည်။

ဆရာတော်က **''ဝေဠု''**ဆိုတာ **''ဝါး''**ဟုလည်းကောင်း၊ **''ဝန''**ဆိုတာ **''တော''**ဟုလည်းကောင်း အဓိပ္ပါယ်ရကြောင်း...ဒါကြောင့် ကျောင်းပတ်လည်မှာ အလှအဖြစ် ဝါးမင်းပင်များ စိုက်လိုကြောင်း မိန့်ကြားသဖြင့် ဝါးမင်းပင်များ ပျိုးလှူလိုက်ပါသည်။

ယခု ကျောင်းပတ်ပတ်လည်မှာ ဝါးမင်းပင်များ အတော် ပွားနေပါသည်။ တစ်နေ့ ကျွန်တော့်အိမ်သို့ ဆရာမင်းသိခ်၏တပည့် စာရေးဆရာမ၊ ဗေဒင်ဆရာမ ဆရာမအေးချမ်းမော် ရောက်လာပါသည်။ အိမ်ရှေ့ လျှောက်ကြည့်ရင်း ဝါးမင်းပင်ရုံနှင့် အသောကပင်ကို တွေ့သွားပါသည်။

'ဦးတို့အိမ်က ဒါကြောင့် အရောင်းအဝယ် ကောင်းတာကိုး'

'ဘာဖြစ်လို့လဲ တူမရ'

'အိမ်ရှေ့မှာ ဝါးမင်းပင်နဲ့ အသောကပင် စိုက်ထားတာကိုး'



ဝါးမင်းသစ်နှင့် ကိုကျော်ကြီး

'ဘာကြောင့်လဲဟ... အရောင်းအဝယ် ကောင်းတာက ဆက်ဆံရေးကောင်းလို့ပါ'

'အဲဒါလဲ တစ်ကြောင်းပေါ့။ ဦးအပင်တွေက အကျိုးပြုနေတာ'

'ဘယ်လိုကြောင့်...'

'**ဝါးမင်း**ဆိုတာ **''ဝါး''**က ဗုဒ္ဓဟူးနံ **''၄''**၊ **''မင်း''**က ကြာသပတေးနံ **''၅''** ပေါင်းတော့ **(၉)**'

'ဟေ...'

'**အသောက**ဆိုတာ **''အ''**က တနင်္ဂနွေနံ **''၁''**၊ **''သော''**က သောကြာနံ **''၆''**၊ **''က''**က တနင်္လာနံ **''၂''** ပေါင်းတော့ **(၉)**'

'နင်ပြောမှပဲ သိရ ကြားရတယ်။ စိုက်တုန်းကတော့ ဒါတွေ မသိတာ အမှန်ပါပျာ'

'ဒါပေမယ့် အဲဒီအပင်တွေက တြင်းကျေ၊ နဝင်းကျေ တွေ ဦးရဲ့'

သူရှင်းပြမှပင် ကျွန်တော် စိုက်ထားသော အပင်များမှာ တြင်းတွေ့ နဝင်းတွေ ဖြစ်နေသည်ဟု သိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အိမ်မှာ အိမ်ဆောက်ပစ္စည်းအမျိုးမျိုးနှင့် စိုက်ပျိုးရေးပစ္စည်းအမျိုးမျိုးကို သမီးအကြီးနှင့် သူ့ခင်ပွန်းတို့က ရောင်းချနေပါသည်။

ကျွန်တော်တို့မှာ တောရွာ အဆက်အသွယ်များ ရှိသည့်အပြင် သမီးကလည်း ဆက်ဆံရေးကောင်း ရောင်းတတ်ဝယ်တတ်ဆိုတော့ နွေအခါ အိမ်ဆောက်ပစ္စည်း၊ မိုးအခါ စိုက်ပျိုးရေးပစ္စည်း ရောင်းရပါသည်။

ဂမ္ဘီရတွေ၊ တြင်းတွေ၊ နဝင်းတွေ နားမလည်တာတော့ အမှန်ပါ။ ကျွန်တော်တို့မှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်သဖြင့် ကံနှင့် ကံ၏အကျိုးကိုသာ ယုံကြည်ကြပါသည်။ ယခုတစ်ခါ လာပြန်ပြီ…

'အဘ နေကောင်းလား'

ထန်းပင်ကုန်းရွာမှ မောင်ကျော်ကြီး ဖြစ်ပါသည်။

'အေး…ကောင်းတယ်ကွ၊ မောင်ကြီး ဘယ်လဲကွ'

'အဘဆီ လာတာ'

'လာလေ…ဘာဝယ်မလို့လဲ'

'မဝယ်ဘူး…တောင်းစရာရှိလို့'

'ဘာတောင်းမှာလဲ…ငါ့မှာ ဘာပေးစရာရှိလို့လဲ'

'ဟော…ဟို ဝါးအဆစ်'

သူ လက်ညှိုးထိုးပြတာက ကျွန်တော့်အိမ်ရှေ့က **ဝါးမင်းရုံ**ပါ။

'ဟေ…အဲဒါ ဝါးမင်းရုံလေ၊ ဘာလုပ်ဖို့လဲ'

'သွေးလူးမလို့'

'ဘာဖြစ်လို့ သွေးလူးမှာလဲ'

'အရိုးကျိုးပေါင်းဖြစ်လို့'

'ဝါးမင်းက အရိုးကျိုးပေါင်း ပျောက်လို့လား'

'ပျောက်တာပေါ့ အဘရာ… ကျွန်တော်တို့ရွာက ကိုအောင်သိန်း ကျိုးပေါင်းဖြစ်တာ အဘသမီး မသီဂီ ပေးလိုက်တဲ့ ဝါးမင်းကို သွေးလူးတာ ပျောက်သွားလို့'

'ဟေ…'

'ကျွန်တော်လဲ ကျိုးပေါင်းဖြစ်လို့ ကြို့ပင်ကောက် အောင်မြင်မြင့်မိုရ်ဆေးရုံ သွားပြတော့ လည်ပင်းရိုးအဆစ် နံပါတ်(၄)နဲ့ (၅)မှာ ကျိုးပေါင်းတက်နေတယ်တဲ့'

'အဲဒီတော့…'

'လက်တွေ ထုံတယ်၊ ကျဉ်တယ်၊ ကိုက်တယ်။ လည်ပင်းလှည့်လို့ မရဘူး။ ဒေါက်ထောက်ထားရတယ်။ ညဘက်ကျတော့လဲ အိပ်မရဘူး'

'ဆရာဝန်က ဆေးမပေးလိုက်ဘူးလား'

'ဆေးတွေ ပေးလိုက်တာ အများကြီး၊ သောက်တယ် မသက်သာဘူး'

'ဟေ…'

'တစ်နေ့က ကိုအောင်သိန်းနဲ့တွေ့တော့ သူ့ဆီက မသီဂီ ပေးလိုက်တဲ့ ဝါးဆစ်အကျန်ကိုယူပြီး သွေးလိမ်းတော့မှ ကျဉ်တာတွေ၊ ကိုက်တာတွေ သက်သာသွားပြီး…ညကျတော့လဲ အိပ်ရတယ်'

'ဟုတ်တယ် အဖေရေ… ရွာကလူတွေ ကျိုးပေါင်းဖြစ်ရင် အဲဒီဝါးမင်း သွေးလူးရင် ပျောက်တယ်ဆိုပြီး လာတောင်းလို့ သမီး ဖြတ်ဖြတ်ပေးနေရတယ်'

ဟု မသီဂီက ဝင်ပြောပါသည်။

သူပြောမှ ဝါးမင်းရုံအား ကြည့်လိုက်ရာ ဝါးနှစ်လုံး၊ သုံးလုံးခန့် ဖြတ်ထားသည်ကို တွေ့လိုက်ရပါသည်။ ကျွန်တော့်ဝါးမင်းက အရိုးကျိုးပေါင်း ပျောက်သည် ဆိုတော့လည်း ဝမ်းသာရပါသည်။

ကျွန်တော် ဝါးမင်းစိုက်စဉ်ကတော့ တြင်းအတွက်လည်း မဟုတ်သလို… ဆေးပင်အဖြစ် စိုက်ခြင်းလည်း မဟုတ်သည်ကတော့ အမှန်ပါ။ ခုတော့ **''တြင်း–နဝင်း သာမက အရိုးကျိုးပေါင်း''**ပါ ပျောက်နေပြီဖြစ်သည်။

'အေး…အေး…ကျိုးပေါင်းပျောက်တယ် ဆိုတော့လဲ ဖြတ်ယူပေါ့ကွာ'

'ကျေးဇူးတင်ပါတယ် အဘ'

'အေး… အရိုးပေါင်းရောဂါရှင်များအတွက်ကတော့ သတင်းကောင်းပေါ့ကွာ'

'တကယ်ပျောက်တာပါ အဘ၊ ကျွန်တော့်လက်တွေ့ပါ'

'အေး…အေး၊ သာဓု…သာဓု…သာဓု'

***သတ္တဝါများ ကျန်းမာကြပါစေ။***

**ကိုထွန်း(မင်းလှ)**



www.burmeseclassic.com

www.burmeseclassic.com



ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ကျောင်းဦးကျေးရွာ ရှေးဟောင်းကျောင်းတော်ရာ ကုန်းတော်ပေါ်ရှိ စေတီတော်ပုံ

# အရှင်မောဂ္ဂလ္လာန်ရဟန္တာမြတ်ကြီးနှင့်

ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျောင်းဦးရွာ

ဦးသာဖြူ အငြိမ်းစားကျောင်းဆရာကြီး

ကောဇာသက္ကရာဇ် ၁၀၃၉ ခုနှစ်ကာလ ရှေးအခါမှ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်ရွာအနီး ကျောက်ဖူးရွာကြီးတွင် အဖ ဦးမောက်၊ အမိဒေါ်ကလိတို့မှ မွေးဖွားပြီးနောက် သားတစ်ယောက်ရှိသည်။

အရွယ်ရောက်လာ၍ ရဟန်းဝတ်ပြီး **အရှင်မောဂ္ဂလိ ရဟန်းအမည်**ရှိသည်။ ဘာဝနာတရား ကျင့်ကြံပွားများသဖြင့် ရဟန္တာတစ်ပါးအဖြစ် ထင်ပေါ်ကျော်ကြားသည်။

ပန်းတောင်းမြို့နယ်၊ ကံမမြို့နယ်၊ မင်းတုန်းမြို့နယ်များအတွင်းတွင် ပူဇော်ခြင်းကို ခံယူခဲ့ရသည်။

သမိုင်းဖြစ်စဉ်အရ ပန်းတောင်းမြို့နယ်အတွင်းမှ မွေးဖွားရာဇာတိ ကျောက်ဖူးကျေးရွာမှအစ ဘူးဘက်၊ ရပ်သာ၊ ကျွဲရဲ၊ တလုပ်ပင်၊ ကျောင်းဦး၊ ညောင်ပင်ရွာ၊ လယ်တီ၊ ရေကျော် အစရှိသည့် ကျေးရွာအမည်နာမသင်္ကေတများမှာ ထူးခြားလှသည့်အပြင် ပထမဦးစွာ ကျောင်းထိုင်ခဲ့ရာ ကျောင်းဦးကျေးရွာ ရှေးဟောင်းကျောင်းတော်ရာတွင် **''အရှင်မောဂ္ဂလိ''**ဘွဲ့မည်ရှိသည့် **စေတီတော်ကြီးနှင့် ရုပ်ပွားတော်မြတ်ကြီး**သည် လည်းကောင်း…

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ကျောက်မဲကျေးရွာရှိ **''အရှင်မောဂ္ဂလိ'' စေတီတော်မြတ်ကြီးနှင့် အရှင်မောဂ္ဂလိ ရုပ်ပွားတော်မြတ်ကြီး** သုံးဆူတို့သည် လည်းကောင်း…

ပြင်တောင်ကျေးရွာ ဗောဓိကုန်းခေါ် မြေသန့်ပေါ်၌



www.burmeseclassic.com



☙ မကွေးလိုဘိ အရှင်မောဂ္ဂလိ (ကျောင်းဦးကျေးရွာ)

တည်ထားသော **"အရှင်မောဂ္ဂလိ"စေတီတော်**နှင့် **ရုပ်ပွားတော်မြတ်ကြီး**သည် လည်းကောင်း...

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့အနီး ဘူးတောင်းကျေးရွာရှိ **"အရှင်မောဂ္ဂလိ" တန့်ရပ်စေတီတော်**နှစ်ဆူနှင့် **"အရှင်မောဂ္ဂလိ"**ရဟန္တာမြတ်ကြီးထံ ဘီလူးတောင်း၍ရသော **"ဘီလူးတောင်းခြေရာ"**သည် လည်းကောင်း...

စသည်ဖြင့် အရှင်မောဂ္ဂလိရဟန္တာမြတ်ကြီး၏ သာသနိကအဆောက်အအုံ သမိုင်းအမွေအနှစ်များ သက်သေအဖြစ် ယနေ့ထက်တိုင် ဖူးတွေ့နိုင်ပါသည်။

သို့ဖြစ်ပါ၍ ဤ အရှင်မောဂ္ဂလိ ရဟန္တာမြတ်ကြီးသည် သစ္စာပါရမီနှင့် မေတ္တာပါရမီတို့တွင် လည်းကောင်း၊ အဓိဋ္ဌာန်ပါရမီနှင့် တန်ခိုးတော်အရာတွင် လည်းကောင်း ထူးခြားအံ့ဖွယ် သမိုင်းမှတ်တိုင်သဖွယ် ယနေ့ထက်တိုင် တည်ရှိနေပါတော့သည်။

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ကျောင်းဦးကျေးရွာတွင် အဓိဋ္ဌာန်အရ တန်ခိုးတော်ပြသဖြင့် ကျောင်းဦးကျေးရွာမှ အထက်တန်းပြဆရာမကြီး ဒေါ်ရီရီလင်းမှ ဦးဆောင်ပြီး တောင်ပိုင်ဘိုးဘိုးကြီးထံ ခွင့်ပန်လျက် ပုံတော်တွင် ဖူးမြင်ရသည့်အတိုင်း **"သစ္စာဓိဋ္ဌာန် လေးမျက်နှာပေါ်တော်မူ အရှင်မောဂ္ဂလိ** စေတီတော်မြတ်ကြီးကို ငွေကျပ် သိန်းနှစ်ဆယ်ကျော် အကုန်ကျခံပြီး ကျောင်းဦးကျေးရွာတွင် တည်ထားကိုးကွယ်တော်မူခဲ့ပါသည်။

စေတီတော်မြတ်ကြီးအား တည်ထားကိုးကွယ်ရန်အတွက် ကောဇာသက္ကရာဇ် **၁၃၆၃ ခုနှစ်၊** သီတင်းကျွတ်လအခါသမယတွင် ကျောင်းဦးကျေးရွာ **အရှင်မောဂ္ဂလိရဟန္တာမြတ်ကြီး ကျောင်းထိုင်တော်မူခဲ့ရာ ရှေးဟောင်းကျောင်းတော်ရာ ကုန်းတော်ပေါ်တွင် ပေါက်ရောက်နေသော ရှေးဟောင်းညောင်ပင်ကြီး**အား ရွာသူရွာသား လူအများ ခုတ်လှဲကြရသည်။

ထိုအခါ မိမိတို့ လှဲလိုရာဘက်သို့ ကြိုးဖြင့် ဆွဲလှဲရာတွင် ညောင်ပင်ကြီးမှာ ကြိုးဆွဲဘက်သို့ ယိမ်းယိုင်လာပြီး တိမ်းစောင်းလျက်ရှိနေပြီ ဖြစ်ပါသည်။

ထိုအချိန်တွင် ကျောင်းဦးကျေးရွာမှ အသက်(၈၀)ကျော် အဘိုးအိုတစ်ဦးမှ ဟန်ရေးတကြွကြွ အားမာန်ပြလျက် ညောင်ပင်ကြီး မလဲပြိုနိုင်သည့်ဘက်မှ တင်ပျဉ်ခွေထိုင်လျက် **"ဖြတ်ကြပါလား၊ ဆွဲပါလား"**ဟု အားပေး

www.burmeseclassic.com



ကြိုးဆွဲရာဘက်သို့ မလဲဘဲ ဆန့်ကျင်ဘက်သို့ လဲကျသွားသော ညောင်ပင်ကြီး

နေပါသည်။

ကြိုးဆွဲထားကြသူ ပရိသတ်များမှာလည်း အားမာန်ပြ၍ ဆွဲနေကြစဉ်မှာပင် ညောင်ပင်ကြီးမှာ ကြိုးဆွဲထားရာဘက်သို့ မလဲတော့ဘဲ ဆန့်ကျင်ဘက်သို့ တစ်ပြန်အားပေးနေသည့် အဘိုးအိုရှိရာနေရာအနီး ကပ်လျက်လဲပြိုကျသွားသည်။

သို့နှင့် ခုတ်လှဲကြသူ ရပ်သူရွာသား လူအများတို့မှာ ရင်သပ်ရှုမော တွေးတောဆင်ခြင် နှလုံးဘဝင်တွင် အံ့သြဖွယ်ရာ ကြုံတွေ့ကြရပါတော့သည်။

ထိုသို့ ကြုံတွေ့လာပုံအရ မိမိတို့ ဆွဲလှဲရာဘက်တွင် သစ္စာကြီးမား အဓိဋ္ဌာန်တရားဖြင့် ညောင်ပင်ကြီး အပိမခံနိုင်သည့် အကြောင်းခြင်းရာ ထူးခြားစွာ တစ်ခုခုရှိနေခြင်းကြောင့်သာ တန်ခိုးကြီးမား နတ်ဒေဝါများတို့မှ ဆန့်ကျင်ဘက်သို့ တွန်းပို့သဖြင့် ပြောင်းပြန်လဲကျသွားသည်ဟု တွေးတောယူဆကြသည်။

သို့နှင့် ထိုစေတီပျက်ကြီးအား အသစ်တစ်ဖန် တည်ထားရန်အတွက် သဒ္ဓါထက်သန် စေတနာမှန်ဖြင့် ငွေကြေးအမြောက်အမြား လှူဒါန်းကြပါတော့သည်။

## မကြွလိုဘိ ရှင်မောဂ္ဂလိ

ကျောင်းဦးကျေးရွာ ရှေးဟောင်းကျောင်းတော်ရာကုန်းတော်ပေါ်ရှိ ရှေးအခါ ဘိုးဘွားလက်ထက်မှ တည်ထား ကိုးကွယ်လာခဲ့ကြသော စေတီတော်ကြီးမှာ ယခုအခါ ပြိုကျပျက်စီးလာပြီး စေတီတော်ပျက်ကြီးအတွင်းမှ ကြည်ညိုဖွယ်ရာ သပ္ပါယ်စွာ ရုပ်ပွားတော်မြတ်တစ်ဆူ ဖူးတွေ့ကြရပါသည်။

ကျောင်းတော်ရာနေရာဟောင်းမှာ ချုံနွယ်ပေါင်း မြက်ထူပြောလှသဖြင့် ယခုလက်ရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ဂန္ဓကုဋိတိုက်ကျောင်းအတွင်း ပင့်ဆောင်ကိုးကွယ်လိုကြသဖြင့် ဘုရားဒါယကာ လူကြီးအများ စုပေါင်းလျက် မ,ချီပင့်ဆောင်သော်လည်း လူအင်အား မည်မျှ များပြားစေကာမူ ကြွတော်မမူသဖြင့် အားမာန်လျှော့ကာ အိမ်ပြန်ကြရပါတော့သည်။

ထိုနေ့ညတွင် ကျေးရွာခေါင်းဆောင် လူကြီးတစ်ဦးအား ထူးခြားစွာ အိပ်မက်ပေးလာသည်မှာ…

'ဒါယကာတို့ ပင့်လိုသည့် ကျောင်းဦးရွာ ဘုန်းတော်ကြီးကျောင်းသို့ မကြွလိုကြောင်းနှင့် ကြွလိုသည့်နေရာ ဌာနမှာ တောင်ငါးလုံး

နတ္တရောင်ခြည်မဂ္ဂဇင်း ၁၃၉ စာမျက်နှာ (၁၄၃) သို့

www.burmeseclassic.com

www.burmeseclassic.com



မဖြင်ရသော

# အိမ်တွင်းအငွေ့အသက်များ

ဇော်မြင့် (မြင်းခြံ)

''အား...''

ဒေါ်သင်းသင်းသည် အော်ဟစ်ကာ ခုတင်ပေါ်မှ အောက်သို့လိမ့်ကျသွားသည်။

ခုတင်အောက်သို့ရောက်သော်လည်း ကိုယ်ခန္ဓာသည် တုန်လှုပ်နေ၏။ ဘယ်အချိန်တုန်းက ထွက်နေမှန်း မသိရသော ချွေးများသည် နဖူးနှင့်လည်ကုတ်မှာ ရွှဲနစ်နေ၏။

ဒေါ်သင်းသင်းသည် အသက်ရှူသည့် လေကို ပြင်းပြင်းထန်ထန်ရှူနေမိသည်။

အတန်ကြာသောအခါမှ... ထိတ်လန့်တုန်လှုပ်နေသော မိမိစိတ်ကို အသိဖြင့် ထိန်းချုပ်လိုက်ပြီးနောက် ခုတင်ဘေးမှာ ခြေနှစ်ဖက်ကို ဆန့်လိုက်သည်။ အိပ်မက်ကို စဉ်းစားလိုက်သောအခါ...

**ဒေါ်သင်းသင်း၏နောက်မှ လက်၌ အနီရောင်ကြိုးကိုကိုင်၍ အကျည်းတန်ရုပ်ဆိုးသောလူနှစ်ယောက်သည် အပြေးလိုက်သဖြင့် မိမိကရှေ့ကပြေး၊ သူတို့က နောက်ကလိုက်ဖြစ်နေသည်။**

**ပြေးသွားရင်း ရှေ့တွင် ချောက်ကမ်းပါးအနီးသို့ ရောက်လာသည်။ ပြေးရမယ့်လမ်း ရှေ့တွင်မရှိတော့။ ဒေါ်သင်းသင်း ကရပ်လိုက်သည်။**

လူနှစ်ယောက်က ဒေါ်သင်းသင်းကို လက်မောင်းမှ ဖမ်းချုပ်လိုက်သည်။ ထိုအချိန် စက္ကန့်ပိုင်းလောက်တွင်...

**အသက်ကြီးသောလူကြီးတစ်ယောက်သည် ဥရုတိုင် (ဥယျာဉ်တိုင်)ကို လက်ညှိုးထိုးပြလိုက်သည်ကို မြင်လိုက်ရသေးသည်။**

ဒေါ်သင်းသင်းသည်...

ရှေ့တွင် ပြေးလမ်းမရှိတော့ ရုတ်ခြည်းဆောင့်ပြီး ရုန်းလိုက်မိသဖြင့် ဖမ်းချုပ်ထားသူရော မိမိပါ ချောက်ကမ်းပါးက ကျသွားသောကြောင့် လန့်အော်ဟစ်သံထွက်လာကြောင်း စဉ်းစားမိလေ၏။

ဒေါ်သင်းသင်းသည်...

မကျေနပ်သလို မဲ့ပြုံးပြုံးလိုက်ပြီးနောက် ဒီအိပ်မက် မျိုးမက်တာ သုံးကြိမ်တောင်ရှိနေပြီဟု တစ်ဦးတည်း မျက်မှောင်ကြုတ်ပြောလိုက်သည်။

အသက်ကြီးသောလူကြီးက ဘာဖြစ်လို့ ဥရုတိုင်ကို လက်ညှိုးဖြင့် ထိုးပြရသနည်း၊ နောက်ထပ်စဉ်းစားမိပြန်သည်။

မရေမရာစိတ်အတွေးများကို ပုံဖော်လိုသည်။ အတွေးစိတ်က ပုံဖော်လို့မရ။

ထိုစိတ်များကြောင့် ဒေါ်သင်းသင်းသည် နေရာမှ ထလိုက်ပြီးနောက် ရေအိုးစင်သို့သွားပြီး ရေကိုတစ်ကျိုက်တည်း သောက်ချလိုက်သည်။ မီးခလုတ်ကို ဖွင့်လိုက်သည်။ နာရီရှိရာသို့ မျက်စိကရောက်သွားလျှင်...

'ပါတော့ တကယ်အံ့ဩတယ်။ အိပ်မက်က လန့်နိုးတိုင်း နိုးတိုင်း ဆယ့်နှစ်နာရီခွဲကွက်တိအချိန် ဖြစ်နေပါလား'

ဟု ပြောလိုက်သည်။ စိုးရိမ်စိတ်ကြောင့်လားမသိ ကိုယ်ခန္ဓာသည် ကြက်သီးတဖြန်းဖြန်း ထလာသဖြင့် သက်ပြင်းကို လေးလေးပင်ပင် ချလိုက်၏။

ဒေါ်သင်းသင်းသည် လှုပ်ရှားမှုမရှိ ကျောက်ရုပ်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မကို ဘာဖြစ်လို့လုပ်မှာလဲ ဆရာ'

'စဉ်းစားကြည့် ဒေါ်သင်းသင်း... ကိုယ်နေ့တိုင်း လုပ်နေတာက ကိုယ့်ရှေ့မှာပြုံးပြီး နောက်ကွယ်က လူမုန်းများ ရန်ပွားတဲ့အလုပ်နော်။

ငွေယူထားတဲ့လူက မပေးရင် ရန်တွေ့မယ်၊ ချိုးနှိမ် ပြောမယ်။ မကြားဝံ့မနာသာပြောမယ်။

ကိုယ်ကပြောခဲ့လို့ မေ့သွားပေမယ့် ခံရတဲ့လူတွေက မေ့မှာမဟုတ်သလို ကျေနပ်ကြမှာလဲ မဟုတ်ဘူး။

တစ်ဦးတစ်ယောက် မကျေနပ်လို့ လုပ်တယ်လို့ကော ပြောလို့ရတယ်'

ဟု ပြောလိုက်သည်။

ဒေါ်သင်းသင်းသည် ဆရာ့ပြောစကားကြောင့် တွေတွေဝေဝေဖြစ်သွားသည်။

'ကျွန်မ ဘယ်လို စဉ်းစားရမှန်း မသိတော့ဘူးဆရာ'

'ဒေါ်သင်းသင်း'

ဆရာက ခေါ်လိုက်သည်။

'ဘာပြောမှာလဲ... ပြောပါဆရာ'

'ခုခေတ်ကာလမှာ အချိန်အခါမဟုတ်ခဲ့ရင် လမ်းကို တောင် ရဲရဲမသွားရဲဘူး၊ သူခိုးဓားပြစတဲ့ လုရက်ကြတဲ့ ဝိလုမ္ပကခေတ်ကြီး၊ မြင်ကောင်းတဲ့လက်နက်ရှိသလို မမြင်ကောင်းတဲ့ လက်နက်တွေရှိကြတယ်။

အချို့ဆရာတို့ ပညာသည်တို့ဆိုတာ မိမိအတွက် အကျိုးတစ်ခုခုကိုသာ ရမယ်ဆိုရင် ဥစ္စာတိုင်၊ မဟာဂီရိ နတ်၊ အိုးအိမ်ခေါင်တိုင်၊ အိမ်လှေကားတို့မှာ အင်းမြှုပ် ခြင်း၊ ပညာစက်ထားပြီး မိမိတို့ မကျေနပ်သူ၊ မုန်းတီးသူ တို့ကို...

မိသားစု စကားတကျက်ကျက်များအောင်၊ ကျန်းမာ ရေးညံ့အောင်၊ စီးပွားရေးနိမ့်ကျအောင်၊ လူကို ဘေးဥပဒ် ဖြစ်အောင် လုပ်ပေးတတ်ကြတယ်'

ဒေါ်သင်းသင်းသည် ဆရာ့ပြောစကားကို နားလည်ပုံ မရ၊ သူ့စိတ်သည် ယောက်ယက်ခက်ဖြစ်နေဟန်ရှိ သည်။

ဆရာဦးအောင်သန်းက စကားကို ဆက်လိုက်ပြန် သည်။

'အထက်လမ်းပညာရှင်များက သတ္တဝါအားလုံးကို အန္တရာယ်



မပေးဘူး။ အထက်ပညာထက် နိမ့်ကျတဲ့ပညာရှင်အချို့ကတော့ ကိုယ်ကျိုးရမှာဆိုရင် အတွင်းသုံးဆယ့်ခုနစ်မင်း၊ အပြင်သုံးဆယ့် ခုနစ်မင်းတို့ကို အင်းပညာနဲ့ စေခိုင်းပြီး ပြုစားတတ်ကြတယ်။ မိမိတို့ကျွေးမွေးထားတဲ့ နတ်သူရဲ၊ တစ္ဆေစသော အောက်နတ်များ ကိုလဲ စေခိုင်းပြုစားတတ်ကြတယ်'

ဒေါ်သင်းသင်းဟု ဆရာက ငေါက်ဆတ်ဆတ်ခေါ် လိုက်သည်။

'ဟုတ်...ဟုတ်ကဲ့'

ဟု ယောင်နန ထူးလိုက်သည်။

'ဒေါ်သင်းသင်းရဲ့ အိမ်မက်ကိစ္စကို စိတ်မပူနဲ့။ ဆရာပြောမယ် သေသေချာချာ နားထောင်ပါ။ ဥစ္စာတိုင်မှာ အင်းမြှုပ်ထားလား၊ စက်မြှုပ်ထားလား၊ မသန့်တဲ့ဆေး၊ အင်းပြားပက်ထားလားဆိုတာ ဆရာလဲ ဂဃနဏ မသိဘူး။

ဒါကြောင့် ပြုလုပ်ထားသည်ဖြစ်စေ၊ မထားသည်ဖြစ်စေ၊ သံသယ လဲ ရှင်းသွားအောင် ကိုယ်ရော မိသားစုပါ ဘေးအန္တရာယ်မကျ ရောက်အောင် ဆရာ အင်းစီရင်ပေးလိုက်မယ်။

ဆရာပေးလိုက်မယ့်အင်းကို ပြာချ၊ တရော်ကင်ပွန်းသီးပြုတ်ရည် မှာထည့်၊ ရောမွှေပြီး သပြေပန်းနဲ့ ဥစ္စာတိုင်၊ မဟာဂီရိနတ်အိုးတို့ကို ပက်ဖျန်းပေးရမယ်။

အဲဒီလို လုပ်ပြီးသွားလို့ အိပ်မက်ဆိုးကိုမက်သေးရင် နောက်တစ် မျိုးစဉ်းစားမယ်။ ခုတော့ ဆရာပြောသလိုလုပ်ပါ။ အိပ်ရာကိုလဲ သန့်ရှင်းပါ။ သတိထားလဲအိပ်ပါ'

ပြောလိုက်သည်။

ဒေါ်သင်းသင်းသည် စိတ်သက်သွားဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

ဆရာဦးအောင်သန်းသည် အောက်ဖော်ပြပါအတိုင်း မိုင်းကိုင်စက္ကူ၌ ရေးနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်းသွင်းပြီးပုံစံ

| | | | |
|---|---|---|---|
| | ဓာ | ဏ္ဍာ | |
| မ | ယ | ဥ | ဇ္ဇ |
| တ္တိ | သ | ယ | ဧ |
| | သာ | ဒါ | |

အင်းသွားရန်

| | | | |
|---|---|---|---|
| | ၁ | ၄ | |
| ၃ | ၈ | ၁၁ | ၆ |
| ၁၂ | ၅ | ၂ | ၉ |
| | ၁၀ | ၇ | |

အင်းဆန်ဂါထာ

ဓာယမ္တွာ၊ သဇ္ဇဒါယ၊ သောဥ တ္တိ။

ဆရာဦးအောင်သန်းသည် တစ်ခဏချင်းပင် အင်းကို ရေးပြီးသွားလေ၏။

'ရော့...ဒေါ်သင်းသင်း ဒီအင်းစက္ကူကို ပန်းကန်လုံးထဲမှာ မီးရှို့ထည့်လိုက်၊ အင်းပြာကို တရော်ကင်ပွန်းရေနဲ့ ရောမွှေပြီးလျှင် ဖျန်းလိုက်'

ဟု ပြော၍ မိုင်းကိုင်စက္ကူအင်းကို ပေးလိုက်သည်။

အင်းပြာလေးသည် ဒူးနေရာမှာဒူး၊ တော်နေရာမှာ တော် နေထိုင်ရသကဲ့သို့ ဆရာ့ဘက်ဆရာ့ထောင့်ကလဲ လူပြု၊ သူပြု၊ နတ်တိုက်စသော ဘေးဥပဒ်အန္တရာယ် ရန်အသွယ်သွယ်တို့ကို လုံခြုံစေတတ်၊ ကာကွယ်စေတတ်သော နေရာကျလုပ်ပေးသည်ဟု ယုံကြည်သည်။

လူတို့သည် ဘေးဥပဒ်အန္တရာယ်တို့ကို ပေးနိုင်သော နတ်ဆိုး၊ နတ်ကြမ်း၊ စုန်း၊ တစ္ဆေ၊ မြေဘုတ်ဘီလူးတို့ကို သူတို့ကသာ ကိုယ်ထင်မပြလျှင် မမြင်ရပေ။

အန္တရာယ်ပေးနိုင်သော သစ်ငုတ်၊ ခလုတ်၊ ဆူးငြောင့် ကန်သင်းတို့သည် မြင်နိုင်သောဘေးများ ဖြစ်ကြသည်။ ထိုမြင်ရသော ဘေးတို့သည်ပင် သတိဖြင့် ရှောင်လွှဲပါလျက် တိုက်မိ၊ ခိုက်မိခြင်း ဖြစ်တတ်ကြသေးသည်။

မမြင်ရသော အန္တရာယ်မှ ရှောင်လွှဲရန် မလွယ်ကူပေ။

ထိုထိုသော အကြောင်းများကြောင့် မိမိတို့တိုက်တာ၊ အိမ်၊ အဆောက်အဦး တစ်ခုခုမှာ ထူးခြားသောဖြစ်စဉ် ရှိလာခဲ့သော် ဖော်ပြထားသော အင်းပြာဖြင့် ဥရုတိုင်စသော နေရာတို့ကို သတိပြုကြည့်ရှု၍ အကာအကွယ် ပြုပေးကြမည်ဖြစ်ရာ...

**ဇော်မြင့်** *(မြင်းခြံ)*

စာမျက်နှာ (၁၃၉)မှ အဆက်

ဝိတ်ဖုံးကာခို ရာဇဂြိုဟ်ပြည်နှင့် တူသော မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ ကျောက်မဲကျေးရွာ တောရကျောင်းသို့သာ ကြွလို ကြောင်း'

အိပ်မက်အမြင်ဖြင့် မိန့်မှာတော်မူပါတော့သည်။

ထိုသို့ အိပ်မက်အမြင်အရ ရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် ပင့်ဆောင်ကြရာတွင် ကျောက်မဲကျေးရွာ တောရကျောင်းသို့ ကြွတော်မူပါရန် လိမ်လည်လှျောက်ထားလျက် ယခင်က လူအင်အားအတိုင်း ပင့်ဆောင်ကြရာ ကြွချီလာသဖြင့် ရုပ်ပွားတော်မြတ်ကြီး ကြွလိုသည့် မကွေးတိုင်းဒေသကြီး၊ ကျောက်မဲကျေးရွာ တောရကျောင်းသို့ မပို့ဆောင်ဘဲ ကျောင်းဦးကျေးရွာ ဘုန်းကြီး ကျောင်းအတွင်းရှိ ဓမ္မာရုံ၌သာ ကိန်းဝပ်စံပယ်တော်မူစေပါတော့သည်။

ယင်းကဲ့သို့ ကျောင်းဦးရွာသား ဒါယကာအများတို့သည် မိမိတို့လိုရာ ကျောင်းဦးရွာ ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းသို့ ရုပ်ပွားတော်မြတ်ကြီးအား လိမ်လည်လှည့်ဖျား ပင့်ဆောင်မိကြသဖြင့် အပြစ်ကျရောက်မည့်အရေး စိတ်မအေးဖြစ်နေကြသည်။ ထိုစဉ်မှာပင် ကျေးရွာဒါယကာလူကြီးတစ်ယောက်အား အိပ်မက်စကား မိန့်ကြားရာတွင် **"ဒါယကာတို့ လိမ်လည်လှည့်ဖျား ပင့်ဆောင်ထားသည်ကို ခွင့်မပြုနိုင်ကြောင်း။ သို့ပါ၍ မူလနေရာ ကုန်းတော်ပေါ်သို့သာ ပြန်ကြွလိုကြောင်း"** အိပ်မက်စကား မိန့်ကြားပြန်သဖြင့် ကျေးရွာသူ ကျေးရွာသား ဒါယကာအများမှာ ကျောင်းဦးဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းမှ မူလနေရာ ကျောင်းတော်ရာ ကုန်းတော်ပေါ်သို့သာ ပြန်လည်ပို့ဆောင်လျက် ယခုပုံတော်တွင် ဖူးတွေ့ရသည့်အတိုင်း သစ္စာဓိဋ္ဌာန်လေးမျက်နှာ ပေါ်တော်မူ အရှင်မောဂ္ဂလိ စေတီတော်မြတ်ကြီးကို **၁၃၆၃ ခုနှစ်တွင်** တည်ထားလျက် စေတီတော်၏ လိုဏ်ဂူကြီးအတွင်း ရုပ်ပွားတော်မြတ် ပေါ်တော်မူ အရှင်မြတ်ကြီး သီတင်းသုံးလျက် ရှိပါတော့သည်။

**ဦးသာဖြူ**
*အငြိမ်းစားကျောင်းဆရာကြီး*



www.burmeseclassic.com

www.burmeseclassic.com



# ပိုးယားထိမိလျှင်

ပိစပ်ရွက်ကို သတိရပါ

မြန်မာနိုင်ငံသည် သစ်ပင်၊ သစ်တောများ၊ နေရာ အတော်များများတွင် ရှိနေသည်။ ရွက်ကြွေတောများ ရှိသလို အမြဲစိမ်းတောများလည်း ရှိကြသည်။

နွေရာသီ ရောက်ပြီဆိုလျှင် ရွက်သစ်များ ထွက်မြဲ ဖြစ်သည်။ ရွက်နုထိုးချိန် ရောက်ပြီဆိုလျှင် **''ပိုးယား''**ခေါ် အကောင်ငယ်များ ပေါက်ဖွားချိန်နှင့် တိုက်ဆိုင်တတ်ကြသည်။

လူတို့ သေလောက်သည့် အန္တရာယ်ဖြစ်အောင် ဒုက္ခမပေးသော်လည်း **ထိုပိုးယားတို့၏အမွေးများ လူ၏အရေပြားနှင့် ထိတွေ့ပါက အဖု,အပိမ့်များထခါ အလွန်ယားယံပြီး အဖူးအပြင်များထကာ** အတော်ပင် အခံရခက်လောက်သည်အထိ လူကို ဒုက္ခပေးတော့သည်။

တချို့လူများ ''ပိုးယား''ထိ၍ အဖု,အပိမ့်များ ထလာပြီဆိုလျှင် ဆေးရုံဆေးခန်းများသို့ သွားရောက်ခါ ကုသမှုခံယူကြရသည်။

သို့သော်လည်း ''ပိုးယား''ထိ၍ ယားယံခါ အဖု,အပိမ့်များ ထလာလျှင် ဆေးနည်းသိပါက အလွယ်တကူ ပျောက်နိုင်တာကို သိရှိရသဖြင့် ပြောပြချင်ပါသည်။

ဆေးနည်းသည် အလွန်လွယ်ကူပြီး ဆေးပင်အဖြစ် အသုံးပြုသော ဆေးပင်သည် မြန်မာပြည်ရှိ နေရာအတော်များများတွင် ပေါက်သောအပင်ဖြစ်သည်။

ဤဆေးပင်သည် ပိုးယားထိခြင်းကို ပျောက်စေသည်ဟု မှတ်ယူမိသော်လည်း ထိခိုက်ဒဏ်ရာရပြီး သွေးထွက်များသော ဒဏ်ရာများကို ထုပြီးအုံပေးပါက သွေးထွက်များ လွယ်ကူစွာ တစ်ခဏချင်း သွေးတိတ်စေပါသည်။

ထို့ပြင် ထိခိုက်သော အနာများလည်း ယောင်ခြင်း၊ မန်းထခြင်းမဖြစ်စေဘဲ မန်းနိုင်ဆေးပင်အဖြစ်လည်း အသုံးချနိုင်ပါသေးသည်။

ရောဂါအတော်များများ ပျောက်စေသော လူသိများသည့် ဆေးပင်လည်းဖြစ်သည့်အတွက် ဤဆေးပင်ကို လိုသလို အသုံးပြုနိုင်သော ဆေးပင်လည်းဖြစ်ပါသည်။

ဆေးပင်ဒေသအခေါ်များ ကွဲပြားစွာ နာမည်အမျိုးမျိုးခေါ်ကြသည်။ **ဂျာမဏီပင်၊ ကုန်းဗေဒါပင်၊ ပိစပ်ပင်** စသဖြင့် ခေါ်ကြသော ဆေးပင်ဖြစ်သည်။

**''ပိုးယား''ထိ၍ အဖု,အပိမ့်များထ၍ ယားယံနေသော ဝေဒနာဖြစ်ပါက...**

ကုန်းဗေဒါခေါ် ဂျာမဏီခေါ် ပိစပ်ရွက်ကို ထုထောင်း၍ "ဆား" အနည်းငယ်နှင့် သမအောင်မွှေကာ ထိုဆေးရွက် ဆားရောပြီးသား အရည်နှင့် အဖတ်တို့ကို ပိုးယားထိထားသောနေရာသို့ အခါခါ သုတ်လိမ်းပေးပါက တစ်ခဏချင်းပင် အဖုအပိမ့်များပျောက်ကာ ယားယံသည့်ဒုက္ခမှ ကင်းဝေးနိုင်ပါသည်။

**သာဂဒူး (ကသာမြေ)**



www.burmeseclassic.com


www.burmeseclassic.com



# ဒေဝတာလာဘ

စီမံကြရအောင်

ရှောင်လာက် (ဇရောအနောက်မြို့တော်)



ဒေသနာတော်တွင် နတ်များက ချစ်ခင်ကြသည့်အတွက် သံဃာတော်အရှင်မြတ်များကို စားဖွယ်ခဲဖွယ်တို့ဖြင့် လှူဒါန်းကြောင်းနှင့် နတ်များမှကူညီသဖြင့် လာဘ်ရွှင်ကြောင်း ဝတ္ထုများစွာ တွေ့ဖူးကြပါသည်။ စာဖတ်သူများလည်း သိကြပြီးဖြစ်ပါသည်။

**'လူလိုမှ နတ်လို၊ နတ်လိုမှ ဂြိုဟ်မ'**

ဆိုတဲ့ စကားတစ်ခု၊ အဆိုတစ်ခုကိုလည်း စာဖတ်သူများသိကြပြီး ဖြစ်ပါသည်။

ရှေးက ဤအစီအမံကို ပြုလုပ်စီမံ၍ ပညာအမွေထားခဲ့သော ဆရာအတွေ့အကြုံနှင့် ဆရာ၏ ညွှန်ပြမှုတို့သည် ကျွန်ုပ်တို့တွင် မည်မျှ အားရှိသည်၊ စွမ်းပကားရှိသည်တို့ကို စမ်းသပ်နိုင်ကြမည် ဖြစ်ပါသည်။

'မူလဆရာ၏ ဖွင့်ဟချက်ကို တင်ပြရမည်ဆိုလျှင် ကျွန်ုပ်သည် သုံးလောကထွင့်ထား ရှင်တော်မြတ်ဘုရား ဟောကြားခဲ့သော မေတ္တာသုတ်တော်ကို နေ့စဉ်နှင့်အမျှ စပ်နိုင်သမျှ စပ်နေအောင် ပွားများခဲ့ပါသည်။

အမြဲတမ်းထုံနေအောင်, ပါရမီဖြစ်အောင် ဆောင်ရွက်ခဲ့သည့်အခါတွင်၊ အတွေးအကြံတစ်ခု ရခဲ့သည်ဖြစ်၍ ဤဒေဝတာလာဘအစီအမံကို စီမံခဲ့ခြင်းဖြစ်ပါသည်။

မေတ္တာစွမ်းအားတို့ကြောင့် ဒေဝတာလာဘ အစီအမံ အောင်မြင်ခဲ့ပါသည်။

သို့အတွက်လဲ ရတနာသုံးပါး အထွဋ်ထားပြီး အနန္တငါးပါးကို ထိုလာဘ်လာဘမှရသော ငွေကြေးတို့ဖြင့် လှူဒါန်းပူဇော်ကန်တော့ခြင်းတို့ကို ပြုခဲ့ပါ၏။ အံ့သြမကုန် လာဘ်ရွှင်ပါကုန်၏'

ဟု ဖော်ပြလေသည်။

စိတ်ဝင်စားသူ စာဖတ်သူများနှင့် ဝါသနာရှင်များ သုတေသီများအတွက် အောက်တွင် ဒေဝတာလာဘ အစီအမံ အပြည့်အစုံကို ရေးသားဖော်ပြလိုက်ပါသည်။

### ဒေဝတာလာဘ အစီအမံ

၁။ ရက်မြတ်ရက်ကောင်းတစ်ရက်တွင် ပြုလုပ်ပါ။

၂။ အမြဲမေတ္တာသုတ်ကို ရွတ်ဖတ်ပြီး မေတ္တာပွားများသူဆိုလျှင် ပိုပြီး အကျိုးပေးပါသည်။

၃။ စတင်ဆောင်ရွက်မည့်နေ့၊ နံနက်အရုဏ်တက်တွင်...

- ကျ။ မြတ်စွာဘုရားအား သက်သတ်လွတ်ဆွမ်း (သစ်သီးဆွမ်း)ဖြင့် ကပ်လှူပါ။
- ခ။ ဘုရားကန်တော့ခြင်း၊ သီလခံယူခြင်း။
- ဂ။ မေတ္တာပို့သခြင်း၊ ကုသိုလ်အမျှပေးဝေခြင်းများ ပြုလုပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဃ။ အလင်းတိုင်၊ နံ့သာတိုင်၊ ပန်း၊ ရေချမ်းတို့ကို မိမိအာရုံရှိသည့်အတိုင်း ဆောင်ရွက်နိုင်ပါသည်။

၄။ **ဒေဝတာလာဘစီမံပုံမှာ...**

က။ ပြုဖွယ်နံနက် အရုဏ်တက်က ဆောင်ရွက်ပြီးစီးလျှင် ✳ထမင်းဖြူကို ညာလက်ဖြင့် (၃)ဆုပ်။ ထမင်းဆုပ် (၃)ဆုပ် ပြုလုပ်ရမည်။

ခ။ အောက်ပါဂါထာကို (၃၇)အုပ် ရွတ်ဖတ်ရမည်။

ဂါထာ

အဂ္ဂေါ ဗုဒ္ဓေါ၊ အဂ္ဂေါ ဓမ္မော၊
အဂ္ဂေါ သံဃော၊ အနုတ္တရော၊
အဂ္ဂေါစေဝ ဓမ္မရာဇာ။
စန္ဒော ပန္နရသော ယထာ၊
အဂ္ဂေါ ဝိပါကော မေ ဟောတု။
ယံယံ ဣစ္ဆိတံ သံဝိဇ္ဇတိ၊
တံတံ ဣစ္ဆိတံ သမိဇ္ဈတု။
ပုတ္တာ ပုတ္တဒေဝတာ၊
အာဂစ္ဆန္တု အာဂစ္ဆန္တု၊
ဘုဉ္ဇန္တု ဘုဉ္ဇန္တု၊
ပရိဟာရန္တု ပရိဟာရန္တု။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **အဂ္ဂေါ** | = | အက်ဂေါ |
| **အနုတ္တရော** | = | အနုတ်တရော |
| **ပန္နရသော** | = | ပန်နရသော |
| **ဣစ္ဆိတံ** | = | အိတ်ဆိတံ |
| **သံဝိဇ္ဇတိ** | = | သံဝိတ်ဇတိ |
| **သမိဇ္ဈတု** | = | သမိတ်ဇတု |
| **ဘုဉ္ဇန္တု** | = | ဘုန်ဇံတု |

အနက်

**ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်။ **အနုတ္တရော အဂ္ဂေါ၊** အတုမရှိ မြတ်တော်မူ၏။ **ဓမ္မော၊** တရားတော်သည်။ **အနုတ္တရော အဂ္ဂေါ၊** အတုမရှိမြတ်တော်မူ၏။ **သံဃော၊** သံဃာတော်သည်။ **အနုတ္တရော အဂ္ဂေါ၊** အတုမရှိ မြတ်တော်မူ၏။ **ဓမ္မရာဇာ၊** တရားမင်းဖြစ်တော်မူသော



မြတ်စွာဘုရားသည်။ **အဂ္ဂေါစေဝ၊** မြတ်သည်သာလျှင် တည်း။

**စန္ဒောပန္နရသောယထာ၊** တစ်ဆယ့်ငါးရက်နေ့ထွန်းသော လပြည့်ဝန်းကဲ့သို့။ **မေ၊** အကျွန်ုပ်အား။ **အဂ္ဂေါ၊** မြတ်သော။ **ဝိပါကော၊** ကောင်းကျိုးမင်္ဂလာအဖြာဖြာ သည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

**ယံယံ ဣစ္ဆိတံ၊** အကြင်ကြင်အလိုရှိအပ်သော ကောင်းကျိုးချမ်းသာ လာဘ်လာဘအဖြာဖြာသည်။ **သံဝိဇ္ဇတိ၊** ထင်ရှားမသွေ ရှိပါပေ၏။ **တံတံ ဣစ္ဆိတံ၊** ထိုထိုအလိုရှိအပ်သမျှ ကောင်းကျိုးချမ်းသာ လာဘ်လာဘ အဖြာဖြာသည်။ **သမိဇ္ဈတု၊** ပြည့်စုံပါစေသတည်း။

**ပုတ္တာ ပုတ္တဒေဝတာ၊** သားသမီးနှင့်မခြား အလားတူစွာ နတ်ဒေဝါတို့သည်။ **အာဂစ္ဆန္တု၊** လာကြစေကုန်သတည်း။ **အာဂစ္ဆန္တု၊** လာကြစေကုန်သတည်း။ **ဘုဉ္ဇန္တု၊** သုံးဆောင်ကြစေကုန်သတည်း။ **ဘုဉ္ဇန္တု၊** သုံးဆောင်ကြစေကုန်သတည်း။ **ပရိဟာရန္တု၊** ယူဆောင်သွားကြစေကုန်သတည်း။ **ပရိဟာရန္တု၊** ယူဆောင်သွားကြစေကုန်သတည်း။



F.19B. July, 2019.

www.burmeseclassic.com

www.burmeseclassic.com





*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသီဟ(သာသနဓဇဓမ္မာစရိယ)မှ ပြန်ဆိုပေးပါသည်။]*

ဂ။ **မိမိ၏ သီရိအရပ်တွင်** အမိုးအကာလွတ်သော နေရာတွင် ခုနှ် (သို့မဟုတ်) စင် တို့ဖြင့် ထမင်းဆုပ် (၃)ဆုပ်ကို တင်ထားရမည်။

ဃ။ ထမင်းဆုပ်များကို ငှက်ပျောဖတ်ခင်းပြီး တင်ထား ရမည်။

မိမိဆောင်ရွက်ပြီးသည်နှင့် **ကျီးလာပြီး ထမင်းဆုပ်ကို ယူသွားပါလိမ့်မည်။**

ထမင်းဆုပ်ချီပြီး ကျီးပျံသန်းသွားသော အရပ်ဌာနမှ (၃)ရက်အတွင်း များစွာသောလာဘ်တို့ ဝင်လာလိမ့်မည် ဖြစ်သည်။

**မှတ်ချက်။ ။**

**နေ့ဆက်ရက်ဆက်လုပ်ခြင်း၊ လစဉ်,လတိုင်း လုပ်ခြင်းကို ခွင့်မပြု။ တစ်နှစ်လျှင် (၃)ကြိမ်ထက် မပိုစေရဟု ပြဋ္ဌာန်းထားပါသည်။**

င။ ထိုဝင်လာသောငွေကြေးများမှ ရတနာသုံးပါး အနန္တငါးပါးတို့အား လှူဒါန်းပူဇော်ခြင်း၊ **နတ်ဒေဝတာများကို ကုသိုလ်အမျှ** ပေးဝေခြင်းတို့ ပြုလုပ်ပေးရမည်။

ထို အစီအမံတွင် ပြုလုပ်သောပုဂ္ဂိုလ်၏ နေ့သား အလိုက် သီရိအရပ်တွင် ထားရမည်ဖြစ်ပါသည်။ ဝေဒပညာသုတနည်းသူများအနေဖြင့် သီရိအရပ်ကို အလွယ်တကူ ကူညီနိုင်ရန် အခက်အခဲ ရှိကောင်းရှိနိုင်မည်ဖြစ်ပါသည်။

လွယ်လင့်တကူ ဆောင်ရွက်နိုင်ကြရန် **နေ့သား အလိုက် သီရိ**အရပ်တို့ကို အောက်တွင် ဖော်ပြပေး လိုက်ပါသည်။

နေ့သား/သမီးတို့၏ သီရိအရပ်

| စဉ် | နေ့သား/သမီး | သီရိအရပ် |
|---|---|---|
| ၁။ | တနင်္ဂနွေ | မြောက်အရပ် (သောကြာအရပ်) |
| ၂။ | တနင်္လာ | အရှေ့မြောက်ထောင့် (တနင်္ဂနွေထောင့်) |
| ၃။ | ဗုဒ္ဓဟူး | အရှေ့တောင်ထောင့် (အင်္ဂါထောင့်) |
| ၄။ | ကြာသပတေး | အနောက်တောင်ထောင့် (စနေထောင့်) |
| ၅။ | သောကြာ | အနောက်မြောက်ထောင့် (ရာဟုထောင့်) |
| ၆။ | စနေ | တောင်အရပ် (ဗုဒ္ဓဟူးအရပ်) |
| ၇။ | ရာဟု | အနောက်အရပ် (ကြာသပတေးအရပ်) |

ဤဒေဝတာလာဘ အစီအမံကို ဆောင်ရွက်သူ၏ **မေတ္တာအား၊** နတ်ဒေဝတာတို့၏ ချစ်ခင်မှုအတိုင်းအတာ အလျောက် လာဘ်ရွှင်ကြမည်သာ ဖြစ်ပါတော့သည်။

***ကောင်းမှုကိစ္စမှန်သမျှ လိုလားတောင့်တတိုင်း ရရှိပြည့်စုံကြပါစေ။***

**အောင်ထက်**

***(ရောအနောက်မြို့တော်)***



www.burmeseclassic.com

ခိုးသားရန်သူများ မဝင်ရောက်နိုင်သော

# ကြီးသီဟဂါထာတော်

ဇင်းရာဇာ
(နတ်မောက်)



မြတ်စွာဘုရားရှင် လက်ထက်ကတည်းက ဘုရားရှင် ဟောကြားခဲ့သည့် သုတ္တန်များသည် ဗုဒ္ဓဘာသာဝင်များအတွက် အကျိုးပွားစေပါသည်။

ထို့အတူ ဂါထာတော်များသည်လည်း အမျိုးမျိုး အဖုံဖုံ ပေါ်လာကာ ယုံယုံကြည်ကြည် ရွတ်ဖတ်ပူဇော်နေသူများလည်း ရှိနေကြမည် ထင်ပါသည်။

ဂါထာကို ယုံကြည်စွာ အသုံးပြု၍ အန္တရာယ်လက်တစ်ကမ်းက လွတ်မြောက်လာသူများ၏ ကိုယ်တွေ့ဖြစ်ရပ်များစွာလည်း ရှိနေကြမည် ထင်ပါသည်။

ကုလားရှင်ကျေးရွာသည် နတ်မောက်မြို့နှင့် (၆)မိုင်ခန့်ဝေးသော ရွာကြီးတစ်ရွာ ဖြစ်ပါသည်။ ဘာသာတရားနှင့် ရှေးလူကြီးသူမများ ကျင့်သုံးခဲ့သော ရပ်ဓလေ့ ရွာဓလေ့များကို ရှေးရိုးမူအတိုင်း ကျင့်သုံးဆဲရွာကြီး ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော်ကဆိုလျှင် ထိုရွာသို့ သွားကြမည်ဆိုပါက ခြေကျင်၊ နွားလှည်း၊ စက်ဘီး၊ ထွန်စက်တို့ဖြင့်သာ သွားလာရပါသည်။

ယခု မျက်မှောက်ကာလတွင် ကုလားရှင်ကျေးရွာသည် တိုးတက်ပြောင်းလဲသွားပြီ။ **နတ်မောက်–စိုင်ကောင်း မော်တော်ကားလမ်းကို** ကျေးရွာမြောက်ဘက်က ဖောက်လုပ်သဖြင့် သွားလာရေး အဆင်ပြေကြသည်။

ကုလားရှင်နှင့် နတ်မောက်သို့ မော်တော်ဆိုင်ကယ်ဖြင့် မိနစ်(၂၀)၊ (၂၅)မိနစ်လောက်နှင့် ရောက်နိုင်ပါသည်။

ဦးကြီးအောင်ချိန်သည် မိမိတို့၏ဦးကြီးဖြစ်၍ နှစ်စဉ်သွားရောက် တွေ့ဆုံဂါရဝပြုရသည်။ ကုလားရှင်ကျေးရွာတွင် ဖဆပလခေတ်၊ ပြည်သူ့ရဲဘော်ခေတ်၊ နလကခေတ်၊ ပြည်သူ့ကောင်စီခေတ်များ အားလုံး မီကမ်းသူဖြစ်ပါသည်။

ငယ်စဉ်က ဘုန်းတော်ကြီးများထံ ပညာသင်ဖူးသူဖြစ်၍ လောကုတ္တရာစာပေကိုလည်း တီးမိခေါက်မိလေ့လာထားသူဖြစ်သည်။ ယခုတစ်ပတ် တူအရီးနှစ်ယောက် တွေ့ဆုံရာတွင် ဦးအောင်ချိန်၏ ငယ်ဘဝအတွေ့အကြုံ၊ ငယ်ဆရာ၏ ဂုဏ်သတ္တိများကို ပြောဖြစ်ကြ၏။

www.burmeseclassic.com



'မင်းတို့ခေတ်ကာလကျမှ ဒီဂါထာတွေ ပေါ်လာတာ မဟုတ်ဘူး။ ဗုဒ္ဓမြတ်စွာသာသနာ ထွန်းလင်းစကတည်းက ရှိနေပြီးသား၊ ကျင့်သုံးကြပြီးသားဆိုတာ မှတ်သားထားပါ လူလေးရေ။ ဂါထာရွတ်ဖတ်တိုင်း အကျိုးမဖြစ်နိုင်ဘူး။ အကျိုးဖြစ်အောင် ရွတ်မှ အကျိုးဖြစ်မယ်။

တို့ဆရာတော်ကြီးက ညတိုင်း ဂါထာရွတ်ရင် အရမ်းကြည်ညိုစရာကောင်းတာ။ အခုတလော မင်းတို့အစိုးရဌာန အရာရှိတွေက ဂါထာတွေ အသည်းအသန် လိုက်ရှာကြတယ်။

ဘယ်ဂါထာက စွမ်းတယ်။ ဘာဖြစ်တယ်ဆိုပြီးတော့ ရေးကြ၊ ကူးကြ၊ ကျက်မှတ်ကြနဲ့ပေါ့။ တချို့လဲ ဂါထာရွတ်လို့ အကျိုးဖြစ်တယ်။ တချို့ကျတော့ ဂါထာရွတ်ပေမယ့် ဘာမှ မထူးပါဘူးကွာဆိုတာ ဖြစ်နေတယ်'

'ဟုတ်တယ် ဦးကြီး၊ ကျွန်တော်လဲ ဂါထာတွေ့ရင် မှတ်တယ်၊ ကျက်မှတ်တယ်၊ ရွတ်ဖတ်တယ်။ ဒါပေမယ့် အမြဲထာဝစဉ်တော့ မလုပ်ဖြစ်ဘူး'

ဦးကြီးအောင်ချိန်က ဂါထာရွတ်လျှင် အကျိုးဖြစ်ရန် နည်းလမ်းကို ရှင်းပြသည်။ ဂါထာကောင်းမှန်သမျှ အကျိုးရှိသည်။ တစ်ခုကောင်း မဟုတ်ပါ။

**ယုံကြည်မည်၊ ဖိတ်၊ ဒွန်နက်မည်၊ အချိန်မှန် အကြိမ်ကြိမ် ရွတ်ဖတ်မည်၊ အနက်အဓိပ္ပာယ်ကိုလည်း သိရမည်။ ရွတ်ဖတ်သူကိုယ်တိုင်ကလည်း သူတော်ကောင်းစိတ် မွေးမြူရမည်။**

**ယင်းအချက်များနှင့် ပြည့်စုံမှ သမ္မာဒိဋ္ဌိ အလုံးစုံ ပြည့်စုံနိုင်သော ဂါထာတော် ဖြစ်လာမည်ဟု ဦးကြီးအောင်ချိန်က ရှင်းပြသည်။**

'မင်းကို ဂါထာကြောင့် ဘယ်လိုအကျိုးရတယ်ဆိုတာ ငါပြောပြမယ်။ ငါ ပြောပြမှာကလဲ... ငါ ငယ်ငယ်က ကုလားရှင်တောင်ကျောင်းမှာ ညအိပ်ဘုန်းကြီးကျောင်းသား လုပ်ခဲ့တော့ ဆရာတော်ကြီးရဲ့ ဂါထာအသုံးပြုရွတ်ဖတ်မှုနဲ့ ဖြစ်ပျက်ခဲ့တဲ့ ကိုယ်တွေ့ကို မင်းကို ငါပြောပြမယ်'

'ဟုတ်ကဲ့'

'အေးကွာ... ငါ့မှာ ခုနစ်ရက်သားသမီးတွေ အကျိုးရှိစေမယ့် ဂါထာတစ်ပုဒ်ရှိတယ်။ ငါ့ဆရာဘုန်းကြီးက မေတ္တာနဲ့ ပေးခဲ့တာ၊ ရှားလဲ ရှားပါးတဲ့ ဂါထာတစ်ခုပါ။ လူသိလဲ တော်တော်နည်းမယ် ထင်တဲ့ ဂါထာပါ။

အစွမ်းထက်တာကတော့ အလွန်ကို အစွမ်းထက်တဲ့ ဂါထာ၊ ဒီဂါထာအကြောင်း ငါ့ရဲ့ ဘုန်းကြီးကျောင်းသား ငယ်စဉ်ဘဝက ကိုယ်တွေ့အဖြစ်ကို လူလေးကို ပြောပြမယ်'



ဦးကြီးအောင်ချိန်၏ ငယ်စဉ် ညအိပ်ဘုန်းကြီးကျောင်းသားဘဝက ဖြစ်သည်။ သူ၏ဆရာ ဘုန်းတော်ကြီးသည် ကျေးရွာတွင် သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့နှင့် ပြည့်စုံသော ဆရာတော်ကြီးတစ်ပါး ဖြစ်သည်။

ဘုရားဟော စာပေကျမ်းဂန်များကို ကျွမ်းကျင်နှံ့စပ်အောင် လိုက်စားသင်ယူသကဲ့သို့ အစွမ်းထက်ဂါထာများကိုလည်း အမြဲမပြတ် ရွတ်ဖတ် ပူဇော်လေ့ရှိသည်။

ကျောင်းတိုက်ရှိ ဘုရားဆောင်တွင် ဗုဒ္ဓရုပ်ပွားတော် အမျိုးမျိုး၊ ရှေးဟောင်းပေပုရပိုက်များ၊ ရှေးဟောင်းရုပ်ပွားတော်များ၊ ဘုရားကိုးဆူပုံတော်များ၊ ကျောက်ဆင်းတု, ကြေးဆင်းတုများ အပြည့်အစုံ ကိုးကွယ်ထားသည်။

ဘုန်းကြီးကျောင်းရောက်၍ ဘုရားခန်းကို ဦးချဝတ်ပြုကြသူများသည် ဖူးမြော်ကန်တော့ပြီးပါက သူတို့၏ စိတ်နှလုံးတွင် အအေးဓာတ်ကို ဖြစ်စေသည်။

လမိုက်သော ညတစ်ညတွင် ဖြစ်သည်။ အမှောင်ထုက ခါတိုင်းညများထက် ပိုမို၍ သိပ်သိပ်သည်းသည်း



www.burmeseclassic.com

www.burmeseclassic.com





ထူထူထဲထဲ ဖြစ်နေသည်။ ဘုန်းကြီးကျောင်း၏ အနောက်တောင်ဘက်ရှိ ဘုရားပျက်များ၊ အုတ်နီခဲများသည်ပင် အမှောင်ထုအောက်တွင် ပျောက်ကွယ်နေပေပြီ။

ကျောင်းဝိုင်းစည်းရိုး လေးဖက်လေးတန်တွင်လည်း အလွန်ကြီးမားသည့် မန်ကျည်းပင်များက အုပ်အုပ်ဆိုင်းဆိုင်း ရှိနေသဖြင့် ရွာက မျှော်၍ ကြည့်လျှင် ဘုန်းတော်ကြီးကျောင်းကို မမြင်နိုင်ချေ။

**ဆရာတော်ကြီးသည် ည(၁၀)နာရီရောက်လျှင် ဘုရားရှိခိုးခြင်း၊ ပရိတ်ကြီး(၁၁)သုတ်ရွတ်ဖတ်ပူဇော်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ခြင်း၊ မေတ္တာပို့ အမျှဝေခြင်း ပြုလုပ်လေ့ရှိသည်။**

ညအိပ် ဘုန်းကြီးကျောင်းသား မောင်အောင်ချိန်သည် ဆရာတော်ကြီး၏ ဝတ်ကြီးဝတ်ငယ်များကို ပြုစုရသဖြင့် ဘုန်းကြီးနှင့် အနီးကပ်ဆုံးနေရသူ ဖြစ်သည်။

မှောင်မိုက်သော မဟူရာညတွင် ည(၁၁)နာရီလောက် အချိန်၌ ကျောင်းဝိုင်းရှိ ခွေးများက အဆက်မပြတ် ထိုးဟောင်နေကြသည်။ တောင်ဘက်ကို ထိုးဟောင်လိုက်၊ အရှေ့ဘက်နှင့် အနောက်ဘက်ကို ထိုးဟောင်လိုက် ဖြစ်နေကြသည်။

ဆရာတော်ကြီးက ကျိန်းစက်ခြင်း မပြုသေးပေ။ ခွေးဟောင်သံ ဆူညံစွာ ကြားသော်လည်း တရားကို နှလုံးသွင်းလျက်ရှိသည်။ ည(၁၂)နာရီ မထိုးခင် ခွေးဟောင်သံများ ငြိမ်သက်သွားသည်။

နောက်တစ်နေ့ နံနက်စော အရုဏ်လာချိန်တွင် ဆရာတော်ကြီးက ခန်းနေဦးပဉ္စင်းများ၊ ကိုရင်များ၊ ဘုန်းကြီးကျောင်းသားများကို နှိုးလိုက်သည်။ ဆရာတော်က ဓာတ်မီးဖြင့် ကျောင်းဝိုင်းပတ်လည်ကို ကြည့်ရှုရန် ဦးပဉ္စင်းများ၊ ကိုရင်ကြီးများကို မိန့်ကြားသည်။

ကျောင်းဝန်းအပြင်ဘက် အရပ်မျက်နှာအားလုံးတွင် **ယောကျ်ား(၄)ဦးခန့်တို့၏ ခြေရာများ တွေ့ခဲ့ရကြောင်း** ဆရာတော်ကြီးအား လျှောက်ထားသည်။

'အေး. . .ဒါဆို တို့ကျောင်းကို မသမာသူတွေ လာကပ်ကြတာကွ။ တစ်ခုခု အကြံအစည်ရှိလောက်တယ်။ သတိနှင့်နေကြပေါ့'

ဟု မိန့်ကြားသည်။

ကျောင်းကို သူခိုးကပ်ပြီးနောက် အချိန်ကာလ (၂)လခန့်ရှိသည့်အခါ တန်ဆောင်းမုန်းလ ကထိန်ခင်းသောလ၏ တစ်ခုသောညနေပိုင်းတွင် ကျောင်းဝိုင်း၏ အရှေ့တောင်ထောင့်အရပ်မှ ယောကျ်ား(၄)ဦးသည် ကျောင်းဝိုင်းအတွင်း ဝင်လာသည်ကို မြင်တွေ့ရသည်။ ယောကျ်ား(၄)ဦးက ဆရာတော်ကြီးနှင့် တွေ့လိုကြောင်း ဦးပဉ္စင်း၊ ကိုရင်များက တစ်ဆင့် သတင်းပို့လျှောက်ထားသည်။

ဆရာတော်ကြီးက လက်ခံတွေ့ဆုံ၍ ထိုလူများသည် ဆရာတော်ကြီးကို ဦးချကာ ပါလာသော ငှက်ပျောခိုင်



www.burmeseclassic.com

www.burmeseclassic.com



(၄)ခိုင်ကို ဆရာတော်ကြီးထံ ကပ်လှူသည်။

'ဒကာတို့ ဘာကိစ္စရှိတုန်း၊ ဘယ်ကနေလာကြတာတုံး'

'တပည့်တော်တို့ (၄)ယောက်က... ရွာကပါ ဆရာတော်ဘုရား၊ တပည့်တော်က မောင်...၊ တပည့်တော် ဘယ်ဘက်ကလူက မောင်...၊ မြောက်ဘက်က ထိုင်တဲ့လူက ...၊ နောက်ကလူကို ...လို့ခေါ်ပါတယ် ဘုရား'



'ဒါဆို ဘာကိစ္စနဲ့ ဘုန်းကြီးဆီ လာရတာတုန်း လျှောက်ပါဦး'

'တပည့်တော်တို့ ဘုန်းကြီးကို စိတ်နဲ့ရော နှုတ်ဝစီကရော အကြိမ်ကြိမ် ဖော်ကားမိလို့ တပည့်တော်တို့ ငမိုက်သားလေးယောက်ကို ခွင့်လွှတ်ဖို့ လာပြီး လျှောက်ထားတာပါ ဘုရား'

'ဟ...ဒကာတို့ရ ဘုန်းကြီးက အခုလာတဲ့ ဒကာတို့ကို တစ်ခါမှ မမြင်ဖူးဘူး၊ စကားမပြောဖူးပါဘူး။ ဘုန်းကြီးနဲ့ ဒကာတို့နဲ့ စကားများထားတာလဲ မရှိတော့ ဘယ်ကို ဘယ်လို ခွင့်လွှတ်ရမှာဆိုတာ ဘုန်းကြီး နားမလည်တော့ဘူး'

'ဒီလိုဘုရား... ပြီးခဲ့တဲ့ (၂)လလောက်က အလွန်မှောင်တဲ့ ညတစ်ညမှာ ဘုန်းကြီးကျောင်းက ခွေးတွေ ထိုးဟောင်တာ ရှိခဲ့လား ဘုရား'

'အေး...ခွေးတွေ အဲညက အလွန်ဟောင်ခဲ့တာကွ'

'အဲညမှာ ခွေးဟောင်တာ တပည့်တော်တို့ (၄)ယောက်ကို ဟောင်တာ ဘုရား။ ခွေးဟောင်လို့ ဟိုဘက်ပြေးကပ်၊ ဒီဘက်ပြေးကပ် လုပ်ပေမယ့် မရဘူး ဘုရား'

'ခွေးဟောင်တာနဲ့ ကြောက်ပြီး ဝင်မရတာလား ဒကာတို့ရဲ့'

'တပည့်တော်တို့က ခွေးလောက်ကို ကြောက်ရမယ့်စာရင်းထဲကို ထည့်မထားတာ၊ ခွေးတွေငြိမ်လို့ ကျောင်းဝိုင်းထဲကို ခြေ(၄)လှမ်း (၅)လှမ်းလောက်ရှိသေး ဘုန်းကြီးမွေးထားတဲ့ ခြင်္သေ့(၃)ကောင်က ခုန်အုပ်မယ်လုပ်လို့ ဝင်မရတာပါ ဘုရား။

ဝင်မရတာဆိုတာထက် ခြင်္သေ့တွေ ကိုက်မှာစိုးတာနဲ့ ကြောက်လို့ ပြန်ပြေးကြတာပါ ဘုရား။ အပြန်မှာ ဘုန်းကြီးကို ခြင်္သေ့တွေ မွေးထားရပါ့မလား ဆိုပြီး နှုတ်က ဆဲရေးတိုင်းထွာ စိတ်ကလဲ အမျိုးမျိုး ပြစ်မှားခဲ့တာပါ ဘုရား'

'အေး...ဟုတ်ပါပြီ ဒကာတို့က ကျုပ်ကျောင်းထဲ ဘာလို့ ဝင်ချင်ရတာတုံး'

'တပည့်တော်တို့ အရှင်ဘုရားရဲ့ ဘုရားခန်းထဲက ဘုရားကိုးဆူတွေ ခိုးယူချင်လို့ပါ ဘုရား။ ဘုရားကိုးဆူပင့်စားတဲ့ ဆရာတစ်ယောက်က ဘုရားကိုးဆူတွေသာ ခိုးပေးပါ။ ငွေပေးမယ်ပြောလို့ ကြံစည်မိတာပါ။ တပည့်တော်တို့ကို ခွင့်လွှတ်ပါ အရှင်ဘုရား'

'အေးကွာ တစ်ကြိမ်တစ်ခါမှားတာတော့ ရှိပလေစေပေါ့ကွာ။ လောကမှာ ကြီးပွားချမ်းသာ အသက်ရှည်ချင်တယ်ဆိုရင် သမ္မာဒိတရားလေးပါးနဲ့ အလုပ်လုပ်ရမှာရမှာ ဒကာတို့ရဲ့။ အခုလို မတော်လောဘနဲ့ သူများ ပစ္စည်းခိုးပြီး စီးပွားမရှာကြနဲ့

သမ္မာဒိတရားလေးပါးထဲက သမဇီဝိတသမ္မာဒိဆိုတာ ကောင်းစွာ အသက်မွေးမှု လုပ်ပါလို့ မြတ်စွာဘုရားက ဟောကြားထားတဲ့အတွက် အကုသိုလ်နဲ့ ကင်းအောင် ကောင်းကောင်း ရှာဖွေစားသောက်ကြ၊ မမိုက်ကြနဲ့၊ မင်းတို့ လာရောက် တောင်းပန် ကန်တော့တဲ့အတွက် မင်းတို့အပြစ်တွေကို ခွင့်လွှတ်တယ်'

'ကျေးဇူးကြီးလှပါတယ်ဘုရား'

လူ(၄)ဦး ပြန်သွားသည့်အခါ ဘုန်းကြီးကျောင်းသား မောင်အောင်ချိန်က ဆရာဘုန်းကြီးအား မွေးထားသော ခြင်္သေ့(၃)ကောင်ကို ကြည့်လိုကြောင်း လျှောက်ထားသည်ဆို၏။



www.burmeseclassic.com

'ဝအောင်ချိန်ရ… ငါက ဘယ်ခြသေ့်မှ မွေးမထားဘူး။ ငါအမြဲ ရွတ်နေတဲ့ "တြိသီဟ"ဂါထာတန်ခိုးကြောင့် လူမသမာတွေက ခြသေ့် (၃)ကောင်မွေးတယ် ပြောနေတာ၊ ဂါထာပဲ ရွတ်တယ်။ မင်းလဲ ဒီဂါထာ ကျက်ထား။ မင်း ကြီးလာရင် အသုံးဝင်လိမ့်မယ်'

ဦးကြီးအောင်ချိန်က သူ့ဆရာ ဘုန်းကြီးထံက ရထားသော ''တြိသီဟ''ဂါထာတော်ကို မိမိအား ရေးကူးစေ၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင်ပါ ဖော်ပြရန် ခွင့်ပြုပေးခဲ့ပါသည်။ အစွမ်းထက်''တြိသီဟ''ဂါထာတော်ကြီးကို အောက်တွင် ရေးသား မျှဝေပေးလိုက်ပါသည်။



## တြိသီဟ ဂါထာတော်

ဩြောင်း တြိသီဟော၊ သတ္တနာဂေါ၊ ပဥ္စဗိသနမေဝစ၊
ကေယက္ကော နဝဒေဝါ၊ ပဥ္စဖြဟ္မာ သဟမ္ပတိ၊
ဒွေရာဇာအဌ အရဟန္တာ၊ ပဥ္စဗုဒ္ဓါ မဟာမုနိ။
ဩြောင်း တတြ တတြ သဗ္ဗတြသွာဟာ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဩြောင်း** | = အောင်း |
| **တြိသီဟော** | = တရိသီဟော |
| **သတ္တနာဂေါ** | = သတ်တနာဂေါ |
| **ပဥ္စဗိသ** | = ပင်စဗိတ်သန |
| **ကေယက္ကော** | = အေကယက်ခေါ |
| **ပဥ္စဖြဟ္မာ** | = ပင်စဖြန်မာ |
| **သဟမ္ပတိ** | = သဟမ်ပတိ |
| **ဒွေရာဇာအဌ** | = ဒွေရာဇာအတ်ထ |
| **အရဟန္တာ** | = အရဟန်တာ |
| **ပဥ္စဗုဒ္ဓါ** | = ပင်စဗုတ်ဓါ |
| **တတြ** | = တတ်တရ |
| **သဗ္ဗတြသွာဟာ** | = သပ်ဗတ်တရသွာဟာ |

အနက်

**ဩြောင်း။** ရန်သူသမျှ ရှောင်ရှားကြစေသတည်း။ **တြိသီဟော၊** ခြသေ့်သုံးကောင်။ **သတ္တနာဂေါ၊** နဂါး ခုနစ်ကောင်။ **ပဥ္စဗိသနမေဝစ၊** ဗိသနိုးနတ်မင်းငါးပါး။ **ကေယက္ကော၊** ဘီလူးတစ်ကောင်။ **နဝဒေဝါ၊** နတ်မင်းကြီးကိုးပါး။ **ပဥ္စဖြဟ္မာသဟမ္ပတိ၊** သဟမ္ပတိ အစရှိသော ဖြဟ္မာမင်းငါးပါး။ **ဒွေရာဇာ အဌအရဟန္တာ၊** လက်ယာရံလက်ဝဲရံ အရှင်မြတ်နှစ်ပါးနှင့်တကွ ရဟန္တာအရှင်မြတ်ရှစ်ပါး။ **မဟာမုနိ၊** မုနိငါးပါးတို့ထက် မြတ်တော်မူသော။ **ပဥ္စဗုဒ္ဓါ၊** ဘုရားငါးဆူ။

**ဩြောင်း။** ရန်သူသမျှ ရှောင်ရှားကြစေသတည်း။ **တတြ တတြ၊** ထိုထိုအရပ်ရပ် မျက်နှာတို့မှ လာကြသော ရန်သူအပေါင်းတို့သည်။ **သဗ္ဗတြသွာဟာ၊** ခပ်သိမ်းသော အရပ်မျက်နှာတို့သို့ ထွက်ခွာရှောင်ရှားသွားကြစေကုန်သတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသီဟ(သာသနဓဇ မွှာစရိယ)မှ ပြန်ဆိုပေးပါသည်။]*

**အနက်အဓိပ္ပါယ်အကျဉ်းမှာ…**

'ကာရံစောင့်ရှောက် ပြီးစီးအောင်မြင်ကြပါစေသတည်း'

ဟူ၍ ဖြစ်၏။

**[လွန်ခဲ့သော (၅)နှစ်ခန့်က ကွယ်လွန်သွားခဲ့သော ဦးအောင်ချိန်၏ ပြောပြချက်ကို မျှဝေခြင်းဖြစ်ပါသည်။]**

**မင်းရာဇာ(နတ်မောက်)**

www.burmeseclassic.com



# မင်းကိုချည်(မင်းကိုးချည်)

## စီရင်ပြုလုပ်ပုံ

မောင်ဝင်းဘို
(ချင်းတွင်းမြေ)

**မင်းကိုချည်(မင်းကိုးချည်)** ပြုလုပ်စီရင်ရန် လိုအပ်သောပစ္စည်းများမှာ အဖြူရောင်(ဝါဂွမ်း)ချည်တစ်မျိုး လိုအပ်ပါသည်။ ထို့အပြင် ရောင်စုံချည်(၄)မျိုးလည်း လိုအပ်ပါသည်။

**ချည်မျှင်ရစ်ခွေရန် အမျိုးသမီး(၅)ဦး လိုအပ်ပါသည်။ အမျိုးသမီး(၄)ဦးက မျက်နှာချင်းဆိုင် ထိုင်ရသည်။ အမျိုးသမီး(၁)ဦးက အလယ်မှ မတ်တတ်ရပ်၍ ချည်ခင်ကို ကိုင်ထားရသည်။**

ဘေးမှ အမျိုးသမီး(၄)ဦးက ထိုင်လျက် လက်ညှိုးကို မိမိတို့ဘက် လှည့်၍ ကွေးထားရသည်။

အလယ်မှ အမျိုးသမီးက ပထမဦးစွာ ချည်မျှင်ကို (၉)တောင် တောင်၍ ထိုင်နေသော အမျိုးသမီး(၄)ဦး၏ လက်ညှိုး(၄)ချောင်းကို ချိတ်၍ စတင်ရစ်ခွေရသည်။

လက်ညှိုးလေးချောင်းကို တင်းတင်းချိတ်၍ ဆွဲထားရသည်။ ပထမ(၉)တောင်ကို မူတည်၍ (၉)ခါ ရစ်ခွေရသည်။ (၉)ခါပြည့်သော အခါ တစ်မျက်ရသည်။

ထိုသို့ (တစ်မျက်) ပြည့်သောအခါ **''အနီ၊ အဝါ၊ အပြာ၊ အစိမ်း''** အရောင်(၄)မျိုး ချည်မျှင်တိုတိုနှင့် **(၄)တန့် (၄)နေရာ** စည်းချည်ပေးရသည်။

ထိုကဲ့သို့ (၉)တောင်အရှည် (၉)ခါ(တစ်မျက်စာ) အခွေပေါင်း (၉)ကြိမ် ပြည့်အောင် ရစ်ခွေပြီးမှ မင်းကိုချည် (တစ်ခွေစာ)စာရသည်။

ယင်းကဲ့သို့ တစ်ခွေစာရသော အခါ အလယ်လူမှ လက်မောင်းကို ကွေး၍ တံတောင်ဆစ်ကို ချိတ်ကာ



မင်းကိုချည် အခွေများပုံ





www.burmeseclassic.com

www.burmeseclassic.com





လက်ညိုးနှင့်လက်မကြား ချိတ်၍ ကွင်းလိုက်သောအခါ တစ်တောင်စာ(အကွင်း)ရသည်။

ထိုခွေကို ထပ်၍ ကွင်းလိုက်သောအခါ (အဆင့်ဆင့် ခွေလိုက်သောအခါ "ခွေကျဉ်းတစ်ခွေ"စာ) ရသည်။

မောင်ရှင်လောင်း တစ်ပါးစာအတွက် တစ်ခွေပြုလုပ်ရသည်။ (၅)ပါး(၅–ခွေ) စသည်အားဖြင့် အပါးအရေအတွက် ရှိသမျှ ပြည့်အောင် လုပ်ရသည်။

ဤသည်တို့မှာ မင်းကိုချည်(မင်းကိုးချည်)ပြုလုပ်ပုံ အဆင့်ဆင့် ဖြစ်ပါသည်။

လိုအပ်သော မင်းကိုချည်ခွေများ ရသောအခါ ယင်းအခွေများကို လင်ပန်းကြီးတစ်ချပ်ထဲသို့ အထပ်လိုက် စီထည့်ထားရသည်။

ထိုအခွေများ၏ အလယ်တွင် ဖန်ခွက်တစ်ခွက်ထဲ နံ့သာရည်တစ်မျိုးမျိုးကို လက်သုံးသစ်ခန့် ထည့်ထားရသည်။

နံ့သာရည်ကို နံ့သာနီ၊ နံ့သာဖြူ၊ ကရမက်၊ သနပ်ခါး စသည်ဖြင့် တစ်မျိုးမျိုးကို သွေး၍ ထည့်နိုင်သည်။

ထို့အပြင် နံ့သာရည်ခွက်ထဲသို့ တစ်ထွာခန့်စီရှိသော "သပြေပန်းခက်" (၅)ခက်ထည့် စိုက်ထားရမည်။

သပြေပန်းခက်ဖြင့် နံ့သာရည်ကို ဆွတ်၍(မင်းကိုချည်)ခွေများ အပေါ် ပက်ဖျန်းပေးထားရသည်။

မင်းကိုချည်(မင်းကိုးချည်) ပြုလုပ်ရာတွင် အဓိကအရေးကြီးသော အချက်မှာ **ပါဝင်ရသော အမျိုးသမီး (၅)ဦးမှာ မုဆိုးမ မဖြစ်ရပါ။ လင်စုံမယားစုံရှိသူများသာ ဖြစ်ရသည်။**

**ထို့အတူ သင်္ကန်းပန်းလှည့်သော အခါ "မင်းကိုချည်"လင်ပန်းရွက်၍ လိုက်သော အမျိုးသမီးမှာလည်း "လင်စုံမယားစုံ"ရှိသူသာ ဖြစ်ရပါသည်။**

သင်္ကန်းပန်းလှည့်သောအခါ အစီအစဉ်အတိုင်း "မင်းကိုချည်" လင်ပန်းရွက်သူ အမျိုးသမီးက အလှူ ဒါယကာ၊ ဒါယိကာမတို့၏ နောက်မှ ကပ်၍ လိုက်ရသည်။

ထိုသို့လှည့်လည်ပြီး "အလှူမဏ္ဍပ်"ရှေ့ အဝင်ပေါက်သို့ ရောက်သောအခါ မဏ္ဍပ်အတွင်းသို့ မဝင်ရသေးဘဲ မောင်ရှင်လောင်းများ စုံလင်အောင် ရောက်သည့်အထိ စောင့်နေရသည်။

အခြား အမျိုးသမီးတစ်ယောက်က "မင်းကိုချည်"တစ်ခွေစီယူကာ မောင်ရှင်လောင်းတစ်ပါး တစ်ခွေစီ ခေါင်းကို စွပ်ပေးလိုက်ရသည်။

မဏ္ဍပ်အတွင်း မောင်ရှင်လောင်းစင်ပေါ် မောင်ရှင်လောင်းများ ပြန်ရောက်သောအခါ မင်းကိုချည်ခွေများကို ပြန်ဖြုတ်ယူ၍ လင်ပန်းထဲသို့ ပြန်ထည့်ထားလိုက်ရပါသည်။

ထိုလင်ပန်းကို သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ၊ ပရိတ်အိုး စသည်များ တင်ထားသော အသုံးအဆောင်များနှင့်အတူ ရော၍ ခုံပေါ်သို့ တင်ထားရပါသည်။

ပရိတ်ဆောင် ပရိတ်တရားနာယူအပြီး အလှူပွဲပြီးဆုံးသောအခါ ဘုန်းတော်ကြီးကျောင်းသို့ ပို့လိုက်ရပါသည်။

ဖော်ပြပါ အကြောင်းအရာတို့မှာ မင်းကိုချည်(မင်းကိုးချည်)**ပြုလုပ်ပုံနှင့် အသုံးပြုပုံတို့** ဖြစ်ကြပါသည်။

"မင်းကိုချည်" အခေါ်အဝေါ် အမျိုးမျိုးရှိသည်ကို တွေ့ရပါသည်။ စာရေးသူတို့ ဒေသအခေါ်အဝေါ်မှာ **"မင်းငွေချည်"**ဟု ခေါ်ပါသည်။

F.20B. July, 2019.



www.burmeseclassic.com

www.burmeseclassic.com





''**မင်းကိုးချည်**''ဟု အလယ်စာလုံးကို ဝစ္စပေါက်ထည့်၍ ''မင်းကိုးချည်'' ဟုလည်း ခေါ်ကြပါသည်။

စာရေးသူ အနေအားဖြင့် ''မင်းကိုးချည်''အမည်က ပို၍ ဆီလျော်သည်ဟု ထင်မြင်ယူဆမိပါသည်။

အစမူလ စတင် ပြုလုပ်စဉ်ကပင် ချည်မျှင်အရှည်ကို (၉)တောင် မူတည်ရသည်။ (၉)တောင်ကို (၉) ခါ ပတ်ခွေ၍ပြည့်ပါက''**တစ်မျက်**'' ဟု ခေါ်သည်။

ထိုသို့''တစ်မျက်စာ''စီကို (၉)ခါ ပြည့်အောင် ပတ်ခွေရသည်။ ဤသို့ဖြင့် (၉)မျက်စာ ချည်မျှင်တစ်ခွေစာ (၉ × ၉)=၈၁ ပင် ကို ''မင်းကိုးချည်'' တစ်ခွေဟု သတ်မှတ်ထားသည်ကို တွေ့ရပါသည်။

ချည်မျှင်ခွေ (၉)တောင်၊ (၉)ပင်ကို ''**တစ်မျက်**''ဟု သတ်မှတ်၍ ရောင်စုံချည်မျှင် (၄)တန့်စီ စည်းချည်ပေးရသည်။

ပုံမှန်အားဖြင့် တစ်မျက်စာ(၄) တန့်စီ ချည်ပေးရသဖြင့် (၉)မျက်စာ (၉ ×၄)=၃၆ တန့်ရှိသည်ကို တွေ့ရသည်။ (၃ + ၆)= ၉ ရပါသည်။ **[ချည်မျှင် တစ်ခွေစာ(၈၁)ပင်ရှိ၍ (၈ + ၁)= ၉ ရသည်။]**

ဤသို့အားဖြင့် (၉)ကို မူတည်ပြီး (၉)ဖြင့် အဆုံးသတ်ထား၍ (မင်းကိုးချည်)အမည်က ပို၍ ဆီလျော်သည် ယူဆရပါကြောင်း တင်ပြအပ်ပါသည်။

**မှတ်ချက်။ ။မင်းကိုချည်၊ မင်းကိုးချည်၊ မင်းငွေချည် အခေါ်အဝေါ်သုံးမျိုးအပြင် (မင်းကိုချည်–မုန်ကူချည်) မုန်ကူချည် (မင်းကိုချည်)ဟူ၍ (မင်းကိုချည်) အမည်နှင့်တွဲ၍ ''မုန်ကူချည်'' ဟူသော အခေါ်အဝေါ်တစ်မျိုး ထပ်မံတွေ့ရှိရပါသည်။**

**မြန်မာစာအဖွဲ့ဦးစီးဌာနက ပြုစုထုတ်ဝေသော ''မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းနှင့် ခွဲထားသတ်ပုံကျမ်းငယ်''တွင် ဖော်ပြထားပါသည်။]**

**[ထပ်မံဖြည့်စွက်ချက်။ ။**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ အမှတ်(၃၅၅)၊ စာမျက်နှာ (၁၆၃၊ ၁၆၄) (အင်းစမရောင်ခြည်ကဏ္ဍ) ''နက္ခတ်(၂၈)လုံး အင်းအစီအရင်''(အင်းသုတေသီ)၏ ဆောင်းပါးတွင်…

'ဆီမီးခွက်တွင် မီးစာပြုလုပ်၍ ထွန်းညှိပူဇော်ရန်အတွက် မင်းကိုချည်ကို ညွှန်ကြားထားသည်။ မင်းကိုချည်ကို မီးစာကျိုးခြေကျစ်၍ ဆီမီးခွက်တွင် ထည့်ကာ ဘုရားမီး ပူဇော်ရန်ဖြစ်သည်။ မင်းကိုချည်သည် မောင်ရှင်လောင်းများ ကိုယ်တွင် ရစ်ထိုင်းပေးရသောချည် ဖြစ်သည်'

ဟု ဖော်ပြထားသည်ကို ဖတ်ရှုရပါသည်။

ယခုအခါ၌ တွေ့မြင်ရသည်မှာ ''မင်းကိုချည်''အခွေကို မောင်ရှင်လောင်းများ၏ခေါင်းကို စွပ်၍ ပေးရုံသာ ပြုလုပ်ကြသည်ကို တွေ့ရှိရပါသည်။

မင်းကိုချည် မူလအခွေကြီးကို တစ်ဝက်ချိုး၍ ခွေလိုက်သောအခါ တစ်တောင်ပတ်လည်ခန့် အကွင်း(အခွေ)ကို ရရှိပါသည်။

ယင်းအခွေကို မောင်ရှင်လောင်း၏ ခေါင်းမှစွပ်၍ ညာဘက်ပခုံးတွင် ချိတ်၍ ဘယ်ဘက်လက်၏ ချိုင်းအောက်သို့လျှိုပြီး စလွယ်သိုင်းသကဲ့သို့ စွပ်၍ ပေးလိုက်ခြင်းက ပို၍ သင့်လျော်သည်ဟု ထင်မြင်မိပါကြောင်း ဖြည့်စွက်တင်ပြအပ်ပါသည်။

မုံရွာမြို့သို့ ရောက်ရှိစဉ် ''အောင်မင်္ဂလာစာပေ'' စာအုပ်ဆိုင်ကြီးမှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတစ်အုပ်နှင့် ပါရမီမဂ္ဂဇင်းတစ်အုပ်တို့ကို ဝယ်ယူဖတ်ရှုဖြစ်ပါသည်။ ဖော်ပြပါ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏ စာမျက်နှာ (၁၂၁–၁၂၂) တွင် **''မြွေဆရာ ဖြစ်လိုလျှင်''** ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် ပါရှိသည်ကို တွေ့ရပါသည်။ ဆောင်းပါးရှင်မှာ **ဝိဇ္ဇာမဟိဒ္ဓိ ဦးသန်းမြင့်(တိုင်းရင်းဆေး)** ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဆောင်းပါးတွင် မြေပုံပညာ သင်ယူလိုသူက လိုက်နာဆောင်ရွက်ရမည့်အချက်များတွင် ဖယောင်းတိုင် (၉)တိုင်စီရင် ပြုလုပ်ရာ၌ လိုက်နာ ဆောင်ရွက်ရမည့်သူက **ချည်သုံးမျိုး**ကို ပေါင်းစပ်၍ **မီးစာပြုလုပ်ရမည်** ဖြစ်သည်။

မီးစာပြုလုပ်ရမည့် ချည်သုံးမျိုးမှာ **''ပရိတ်ချည်၊ သိမ်ဝင်ချည်၊ မင်းကိုချည်''**တို့ဖြစ်သည်။ ယင်းချည် (၃)မျိုးပါသဖြင့် ဖော်ထုတ်လေ့လာ၍ တင်ပြကြပါရန် မေတ္တာရပ်ခံထားသည်ကို ဖတ်ရှုရပါသည်။

စာရေးသူအနေနှင့် ပညာရှင်တစ်ယောက် မဟုတ်သော်လည်း လေ့လာသူတစ်ယောက်အဖြစ် မေးမြန်းစုံစမ်း၍ သိရှိရသမျှကို ဖော်ထုတ် တင်ပြအပ်ပါသည်။

စာရေးသူလည်း ဤ ''မင်းကိုချည်''အကြောင်း သေသေချာချာ မသိရှိခဲ့ကြောင်း ကြိုတင်ဝန်ခံပါ၏။ မောင်ရှင်လောင်း အသုံးအဆောင်တစ်မျိုးအနေနှင့်သာ သိရှိထားခဲ့ပါသည်။

စာတည်းချုပ်၏ မေတ္တာရပ်ခံချက်ကို ဖတ်ရှုမိရာမှ မိမိတို့ကျေးရွာရှိ သိမ်၍ နားလည်သော အတွေ့အကြုံရှိသော ယခုအခါ သက်ကြီးပိုင်းအရွယ်သို့ ရောက်နေပြီ ဖြစ်သော အသက်(၇၀)အရွယ် အမျိုးသမီးကြီး (၂)ဦးဖြစ်သည့် **''ဒေါ်ထွန်း''**နှင့် **ဒေါ်မြင့်**တို့ကို မေးမြန်းကာ ရေးသား တင်ပြထားပါသည်။

ထိုအမျိုးသမီး(၂)ဦးမှာ ယခင်က ရွာ၏ အလှူပွဲ,မင်္ဂလာပွဲ အစရှိသည့်ပွဲများတွင် ဝေယျာဝစ္စ လုပ်ငန်းအဝဝတို့ကို ဦးဆောင်၍ လုပ်ကိုင်ခဲ့သူများဖြစ်ပါသည်။

ထို အမျိုးသမီးကြီး(၂)ဦးမှာ စာရေးသူနှင့်လည်း အဒေါ်တော်စပ်သူများဖြစ်ပါ၏။ ဖခင်ဖြစ်သူ၏ ညီအရင်း(ဦးပုစိန်)နှင့် ဝမ်းကွဲညီ (ဦးသိန်းအောင်)တို့၏ ဇနီးများ ဖြစ်ပါသည်။ ယခုအခါ ဦးလေးနှစ်ယောက်မှာ ကွယ်လွန်သွားကြပြီ ဖြစ်ပါသည်။

ဖော်ပြပါ ဆောင်းပါးကို ရေးသားရန် ၂၀၁၈ ခုနှစ်၊ မတ်,ဧပြီလ လောက်ကတည်းက မေးမြန်းလေ့လာကာ အကြမ်းရေးထားခဲ့ပါသည်။

ရွာမှာ ထိုရက်,လများအတွင်း အလှူမင်္ဂလာပွဲ(၃)ပွဲ ကြုံခဲ့ပါသည်။ မူလက ဆောင်းပါးနှင့်အတူ မင်းကိုချည် လက်တွေ့ပြုလုပ်ပုံ၊ ပြုလုပ်ပြီး အခွေများ ထားသိုပုံ၊ အခွေအရွယ်အစား အမျိုးမျိုးတို့၏ ပုံတို့ကို ရိုက်ကူး၍ ပေးပို့ရန် ရည်ရွယ်ထားသော်လည်း အခြေအနေအရ မတင်ပြနိုင်တော့ပါ။ အခွေပုံစံ (၂) မျိုးကို ရိုက်ကူးထားသော ပုံတစ်မျိုးကိုသာ ထည့်သွင်း၍ ပေးပို့လိုက်ရပါသည်။

ဆရာတို့ မဂ္ဂဇင်းတိုက်သို့ အခြားသော သုတေသီများ၊ လေ့လာသူများ၊ ပညာရှင်များမှ ဆောင်းပါး ရေးသားကာ ပေးပို့ပြီးဖြစ်ပါကလည်း စာရေးသူအနေနှင့် ဝမ်းမြောက်ပီတိဖြစ်ကာ သာဓု ခေါ်ပါ၏။ အခြေအနေအရ အချိန်နောက်ကျပြီး ပေးပို့လိုက်ရသဖြင့် ခွင့်လွှတ်ပါရန် ပြန်ကြားရင်း နိဂုံးချုပ်အပ်ပါသည်။

**''မင်းကိုချည်၊ မင်းကိုးချည်၊ မင်းငွေချည်၊ မုန်ကူချည်''**စသည်ဖြင့် **အခေါ်အဝေါ် အမျိုးမျိုးရှိသော** ''မင်းကိုချည်'' ပြုလုပ်ပုံ အဆင့်ဆင့်နှင့် အသုံးပြုပုံတို့ကို စိတ်ရှည်လက်ရှည် ရှင်းလင်း ပြောပြပေးကြသော ဒေါ်ထွန်းနှင့် ဒေါ်မြင့်တို့အား အထူး ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

*လေ့လာတင်ပြသူ...*

**မောင်ဝင်းဘို**

***(ချင်းတွင်းမြေ)***



www.burmeseclassic.com

# ဂမ္ဘီရဩကာသနှင့်

ရွှေမြန်မာ
(ကသာ)



စာရေးသူ ကြားဖူးနားဝ ရှိနေရသည့် **''အညီရှိရင် ယင်အုံတတ်တယ်''**ဟူသော စကားနှင့် သားနှင့်အမေ မိခင်များ ကလေးသူငယ်ကို ချီပြီး နေဝင်ရီသရော အချိန်၊ နွားရိုင်းသွင်းချိန်များနှင့် ညဥ့်နက်သန်းခေါင်ယံ တို့ အပါအဝင် အချိန်အခါမရှိ မဖြစ်မနေ သွားလာကြ ရလျှင် မိခင်၏ ဦးခေါင်းထက်မှာ သြဇာညွှန့် ထိုးပန်ပြီး သွားလာတတ်ကြပုံတို့ကို မြင်ယောင်နေမိရဆဲ ဖြစ်ပါ သည်။

အညီရှိ ယင်အုံတတ်တယ်ဆိုတာ ဘာလဲ၊ ဘာတွေ လဲ ဟူသည်ကို အသက်အရွယ်ကရ၊ ဘဝအတွေ့အကြုံ တွေက များလာရပြီ ဖြစ်သည့်အတွက် သိရှိနားလည် ခဲ့ရပါပေပြီ။

စာရေးသူ နေအိမ်နှင့် ဘေးချင်းကပ် နေအိမ်မှ **အသက်(၈၄)နှစ်အရွယ်ရှိ ဒေါ်ညွှန့်ရင်သည်** အဆုတ် ကင်ဆာ ခံစားနေရရှာသည်မှာ တတ်ကျွမ်းနားလည် သည့် သမားတော်၏ ဆေးစစ်ချက်အရ (၅)လကြာမျှ သာ နေရတော့မည်ဟု ပြောကြားခဲ့သည်။

တိကျမှန်ကန်သော အဖြေ ဖြစ်သည်ဆိုသည်ကို သတ်မှတ်ကာလ နောက်ဆုံးလထဲ ဝင်လာသည်နှင့် အိပ်ရာထက်မှ မထနိုင်ရှာတော့သည်ကို ကြည့်ပြီး သိရှိခဲ့ရပါသည်။

အတူနေ ချွေးမနှင့် ဖတဆိုး မြေးမလေးမှာလည်း လိုတာမရှိရလေအောင် ပြုစုစောင့်ရှောက်ကြပါသည်။

ဒေါ်ညွှန့်ရင်သည် ဘာရောဂါမှမရှိ ကျန်းမာရေး ကောင်းနေစဉ် အချိန်တွေတုန်းကပင် မလွဲသာ မရှောင်သာ ရင်ဆိုင်ရမည့် သေဘေးအို တစ်နည်း အားဖြင့် လာမည့်ဘေး ပြေးတွေ့နိုင်ရန် ကြိုတင်ပြင်ဆင် ထားသည့်ဟု ဆိုရပါမည်။

ဝိပဿနာဘာဝနာ ရှုမှတ်ပွားများခြင်း၊ စိတ်ကောင်း စေတနာကောင်းခြင်း၊ ပေးကမ်းလှူဒါန်းမှုများခြင်းတို့ ကြောင့် စာရေးသူအားကျ အတုယူထိုက်သူ အတုယူ ခဲ့ရသည်။ သူတော်ကောင်း တစ်ယောက်ပင် ဖြစ်ပါသည်။ ဒီလောက်တောင် စိတ်ကောင်း နှလုံးကောင်းရှိပြီး ကောင်းမှုကောင်းရာတွေ ပြုလုပ်ထားပါလျက်နှင့် အညီရှိ ယင်အုံတတ်သည် ဆိုသလို တွေ့ကြုံ လာရပါသည်။ ချွေးမဖြစ်သူက ဝန်ထမ်းဖြစ်နေတော့ လူမမာ ဒေါ်ညွှန့်ရင်ဘေးနား အချိန်ပြည့် ရှိမနေပေးနိုင်သလို မြေးမလေးမှာလည်း အဘွားအတွက် ဓာတ်စာနှင့် ဆေးဝါးလိုအပ်တာလေးတွေ ပြေးဝယ်ပေးရ၊ ညရောက် ပြန်တော့လည်း ပြုစုနေကြရတာ ရက်ရှည်လများ ဖြစ်နေလေတော့ မောပန်းနွမ်းနယ်နေကြပြီး အိပ်မော ကျသွားကြရသည့် ညမျိုးလည်း ရှိခဲ့ရပြီ ဖြစ်ပါသည်။

နာတာရှည် ဝေဒနာသည် အိပ်ရာထဲ တစ်လနီးပါးမျှ လှဲနေခဲ့ရသော ဒေါ်ညွှန့်ရင် ထူးခြားလာသည်ကတော့ ဆုံးပါးရန် တစ်ပတ်မျှအလို…

ပဌမည

"ဒီမိန်းမသုံးယောက် ဆံပင်အရှည်တွေ ဖားလျားချပြီး ညရောက်

www.burmeseclassic.com



ရင် ငါ့နား လာလာပြီး ထိုင်ကြည့်နေကြတယ်။ ကောင်းကောင်းကို မအိပ်ရဘူး'

ဒုတိယည

'ငါ့မှာ တရားမှတ်လဲ မရ၊ အခုက သုံးယောက် မကတော့ဘူး။ ယောကျ်ားတွေရော မိန်းမတွေရော ဆံပင်ဖားလျားနဲ့ မိန်းမ သုံးယောက်ကပါ ထပ်ပါလာသေး။ ဘာလာပြီး လုပ်ကြတယ် မသိဘူး။ ငါ့ကို ဝိုင်းကြည့်နေကြသေးတယ်'

တတိယ

'လာကြပြန်ပြီလား။ ဘာတွေလဲ၊ ဘာလာလုပ်ကြတာလဲ'

ထိုတတိယမြောက် ညလွန်ခဲ့ပြီး နေ့လယ်ကြီးမှာပင် ဒေါ်ညွှန့်ရင်တစ်ယောက် မမိုတ်မသုန် မျက်ဖြူကြီး လန်ကြည့်ပြီး…

'နင်တို့တစ်တွေက ညညဆို လာပြီး နေ့ရောက်ရင် တစ်ယောက်မှ ပေါ်မလာကြတော့ဘူး ဟင်း'

မြေးမလေးက စာရေးသူကို မိသားစုဝင်လို အားကိုးပြီး ဖြစ်ကြောင်းကုန်စင် ပြောပြလာ၍ သိရှိခဲ့ရခြင်းပင် ဖြစ်ပါသည်။

စာရေးသူမှာလည်း ဘာလုပ်ပေးရရင် ကောင်းမှာလဲ ဟူသော အတွေးနှင့် **သားနှင့်အမေများ ဦးခေါင်းထက်မှာ ဩဇာညွှန့် ထိုးပန်သွားတတ်ကြပုံကို** မြင်ယောင်လာ မိပြီး ဩဇာပင်ကို ရအောင်ရှာ၊ **အညွှန့်ပါအကိုင်း(၆)ကိုင်း ချိုးယူလာခဲ့ပြီး ဒေါ်ညွှန့်ရင် အိမ်ခန်းအဝင်ဝ ဟိုဘက်သုံးကိုင်း၊ ဒီဘက်သုံးကိုင်း ဝါးထရံကြား ထိုးထားလိုက်ပြီဆိုကတည်းက** ဘာထူးခြားမှုမှ မပြောတော့ဘဲ တရားမှတ်နေနိုင်ရရှာတော့ပါသည်။

**အညိုရှိ ယင်အုံတတ်သလို ဆိုသည်မှာ နာတာရှည် လူနာများနှင့် ပြန်လည် မကျန်းမမာလာနိုင်တော့သည့် လူမမာများကို မမြင်ရ၊ မမြင်အပ်သည့် နာနာဘာဝ မကောင်းဆိုးဝါးများက လာရောက် နှောင့်ယှက်တတ်သည်ကို ဆိုလိုကြောင်း သိရှိနားလည်ခဲ့ရပါသည်။**

ဩဇာအာဏာရှိသည့် ဩဇာရွက်ဖက် အနံ့ကြောင့် နာနာဘာဝ မကောင်းဆိုးဝါးတွေ မလာနိုင် မကပ်နိုင် ဖြစ်သည်မှာ ဒေါ်ညွှန့်ရင်၏ ဖြစ်ရပ်က သက်သေသာဓက ပြလိုက်သလိုမျိုး ဖြစ်နေရပါသည်။

အဲဒီလို ပြုလုပ်ဆောင်ရွက်ပြီး တစ်ပတ်မျှအကြာ ဒေါ်ညွှန့်ရင် အနှောင့်အယှက်ကင်းတွေ တရားနာ တရားရှုမှတ်ရင်း ညင်ညင်သာသာ ဆုံးပါးသွားရရှာပါတော့သတည်း။

ရွှေမြန်မာ(ကသာ)

စာမျက်နှာ (၁၅၉)မှ အဆက်

၁။ အရှေ့ဘက်မုခ်တွင် လိုအင်ဆန္ဒကို ဆုတောင်းရမည်။

၂။ အနောက်ဘက်မုခ်တွင် ကျန်းမာရေး ဆုတောင်းရမည်။

၃။ တောင်ဘက်မုခ်တွင်ဘေးအန္တရာယ်မှ ကင်းလွတ်ရန် ဆုတောင်း ရမည်။

၄။ မြောက်ဘက်မုခ်တွင် ရှေးဘဝရှိခဲ့ဖူးသော ပစ္စည်းဥစ္စာများကို ယခုဘဝတွင် ပြန်လည်ရရှိရပါလို၏ဟု ဆုတောင်းရမည်။

ကျွန်ုပ်သည် ပုဂ္ဂိုလ်ထူး၏ အကြားတတ်အာရုံကို ယုံကြည်သက်ဝင်သောကြောင့် ခရီးဝေးသွားရမည်ဆိုလျှင်…

**မိမိအိမ် ဘုရားစင်တွင် ဆီမီး၊ ရေချမ်း၊အမွှေးတိုင်များ ဆက်ကပ်၍ မိမိစိတ်မနောကို ရွှေတိဂုံစေတီ မြတ်ကြီး၏ တောင်ဘက်မုခ် ဗုဒ္ဓရုပ်ပွားတော် ခြေရင်းတွင် မိမိကိုယ် ခစားရောက်နေသကဲ့သို့ မနောစိတ်အာရုံကို ပို့လွှတ်အာရုံထားပြီး…**

'ဘုရားတပည့်တော်သည် ယခုသွားရမည့် ခရီးစဉ်တွင် မည်သည့် ဘေးဒုက္ခအန္တရာယ် အပိတ်အဆင် အတားအဆီး၊ အနှောင့်အယှက်တို့မှ ကင်းလွတ်ရပါလို၏ အရှင်ဘုရား'

***(စိတ်ချမ်းသာစရာများတွေ့ကြုံရ၏)***

ဟု ဆုတောင်းပါသည်။

အထက်ပါ ရေးသားချက်များသည် ကျွန်ုပ်၏ အမှန်တကယ် ဖြစ်စဉ်အကြောင်းအရာ ဖြစ်ပါသည်။

ဤ မှန်သောသစ္စာစကားကြောင့် မုခ်ဦးအလိုက် ဆုတောင်းသူများ ဆုတောင်းပြည့်ကြပါစေ။

တတ်သိနားလည်သော သာသနာ့ အကျိုးဆောင်ပုဂ္ဂိုလ်များ၊ ကျင့်စဉ်စရဏရှင်ပုဂ္ဂိုလ်များမှ ကျွန်ုပ်၏ အာရုံရ ဆုတောင်းရန် အညွှန်းသည် ဓမ္မဓိဋ္ဌာန် ကျမကျ ဝေဖန်ပိုင်းခြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ပဋ္ဌာန်း အဟံဝန္တာမိ**

ဦးဘခင်



www.burmeseclassic.com

www.burmeseclassic.com



# သင်ယုံကြည်လျှင် ဆုတောင်းပါ



ဦးဘခင်



ဗုဒ္ဓကို ယုံကြည်လေးစားလျက် စိတ်ရင်းစေတနာ မေတ္တာထား အကျင့်သီလကို ဆောက်တည်၍ ထူးခြားသော ဘုရားစေတီဂူကျောင်း အဓိဋ္ဌာန်ပုတီးစိပ် တရားထိုင်၊ မေတ္တာပို့ခြင်းဖြင့် ထူးခြားသော အကြားအမြင် ဓာတ်တို့ကို ရနိုင်သည်ဟု ကိုယ်တိုင် ယုံကြည်၏။

နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်စဉ် အဆင်ပြေ စိတ်ချမ်းသာသောအချိန် စိတ်ပါလက်ပါ ဗုဒ္ဓ၏ အဆုံးအမ လမ်းစဉ်များကို သက်ဝင်ယုံကြည်စွာဖြင့် နေအိမ်တွင် သာသနာပွဲ ဆက်ကပ်သည်။ မနက်အရုဏ်တက်ချိန် မြတ်စွာဘုရားအရှင် ကိုယ်တော်မြတ်ကြီးနှင့် ရဟန္တာများ၊ ထွက်ရပ်ပေါက်ဆရာတော်ကြီးများ၊ အဘိုးဆရာသခင် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ထူးများ ပင့်ဖိတ်၍ အရုဏ်ဆွမ်းကပ်ခြင်း၊ ဂုဏ်တော်များ ရွတ်ဆိုခြင်း၊ အမျှပေးဝေခြင်းတို့ကို အဓိဋ္ဌာန်(၉)ရက် ဆောင်ရွက်ပါသည်။

ကျင့်စဉ်အားထုတ်မှု စရဏအားကောင်းပါမှ အကြားအမြင်အာရုံကို နံနက်(၃း၅၀)နာရီတွင် ရသည်ကို ကျွန်ုပ်ယုံကြည်၏။

အကြားအာရုံကို ယုံကြည်စွာဖြင့် အဆင်ပြေ စိတ်ချမ်းသာ၍ လုပ်ဖော်ကိုင်ဖက် တပည့်များနှင့် ရွှေစက်တော်ဘုရားဖူးရန် ဒိုင်နာကားတစ်စီးအပြည့်နှင့် စရိတ်ငြိမ်း သက်သတ်လွတ် အစီအစဉ်ဖြင့် ဘုရားဖူးထွက်ခဲ့သည်။

မနက်အရုဏ်တက်တွင် ရွှေစက်တော်ဘုရားရင်ပြင်ပေါ်တွင် အရုဏ်ဆွမ်းကပ်မည်။ အရုဏ်တက် ဆက်ကပ်ရမည့်အချိန်သည် တိကျစွာရှိမည်ဟု စိတ်ထဲတွင် တွေးမိ၏။

ညနေစောင်း တည်းခိုဆောင်များ ဈေးတန်းများသို့ လမ်းလျှောက်ထွက်စဉ် ကလေးငယ်တစ်ဦး စာရွက်တစ်ရွက်လာပေး၏။ အခြားမည်သူ့ကိုမှ ပေးခြင်းမရှိပါ၊ ပေးသွားသည်ရသည်ကိုလည်း မကြားရပါ။

ထူးခြားစွာပင် ထိုစာရွက်ပေါ်တွင် ပုံနှိပ်စာလုံးဖြင့် (၁၂)လရာသီ၏ တစ်လခြင်း၏ အရုဏ်တက်သော အချိန်ကို တိကျစွာ ပါရှိပါသည်။

ကျွန်ုပ်လည်း ယင်းအရုဏ်တက်ချိန်ကို အတိအကျ ကိုက်၍ ရင်ပြင်ပေါ်တွင် အရုဏ်ဆွမ်းကပ်ခဲ့ရသောကြောင့် စိတ်ရွှင်လန်းကြည်နူးရ၏။

တည်းခိုဆောင်တွင် ညအိပ်ရာဝင်တိုင်း ရွတ်ဆိုနေကျ ဗုဒ္ဓမြတ်၏ ဂါထာတော်၊ ဂုဏ်တော်များ ရွတ်ခြင်းလုံးဝ အိပ်ပျော်သွားမည့်အချိန်အထိ **"ဩောင်း အရဟံ သိဒ္ဓိ၊ ဩောင်း ဓမ္မံသိဒ္ဓိ၊ ဩောင်း သံဃံသိဒ္ဓိ"**ကို မပြတ်ရွတ်ဆိုရင်း အိပ်ပျော်သွား၏။

ထူးခြားသောအိပ်မက်နှင့် တစ်ဆက်တည်း ထူးခြားသော အကြားအာရုံဝင်လာ၏။

ပုဂ္ဂိုလ်၏ အကြားဓာတ် အာရုံအသံတစ်ခုမှာ တိုးတိုးညှင်းသာ ပီသသောအသံ ဖြစ်၏။

စေတီဘုရားများတွင် မုခ်လေးမုခ် ရှိသည်။ အဲဒီမုခ်၏ ဗုဒ္ဓရုပ်ပွားတော်ရှေ့မှောက်မှာ ဆီမီး,ပန်း,ရေချမ်း, အမွှေးတိုင်များ ဆက်ကပ်လှူဒါန်းပြီး ဆုတောင်းရန် ဖြစ်ပါသည်။

အကြားဓာတ် အာရုံအရ မုခ်လေးမုခ်တွင် ခွဲခြား၍ ဆုတောင်းရမည့် အသံတစ်ခုမှ ပေးသောအသိမှာ...

နဂါးမောက်မြည်မဂ္ဂဇင်း ၁၅၉ စာမျက်နှာ (၁၅၈) သို့

www.burmeseclassic.com

www.burmeseclassic.com



# ရုပ်ပျိုကျန်းမာ



## သက်ရှည်ဆေးနည်း









သန့်ရှင်းသော အရပ်၌ ပေါက်ရောက်၍ ပိုးအနာ အဆာမရှိသော **ထောက်ကြံ့ပင်**ကို နေ့ကောင်း နေ့မြတ် တစ်ရက်ရွေးချယ်ပြီး နေ့အချိန်တွင် အမွှေးတိုင်၊ ဖယောင်းတိုင်တို့ဖြင့် ပူဇော်ပသပါ။

**ထို့နောက် ထောက်ကြံ့ဆေးက်(၃)ပိဿာ(၂၅)ကျပ်သား ကို ခူးယူပါ။**

ယင်းထောက်ကြံ့ခေါက်များကို နေပူတွင် ကောင်းစွာ လှန်းပြီးနောက် အမှုန့်ထောင်းရမည်။

ယင်းထောက်ကြံ့မှုန့်များကို **ကြိတ်မှန်ရွက် သတ္တုရည်ဖြင့် အကြိမ်တစ်ရာထက် ပိုလွန်စွာ ထုံပါ။** ***[ကြိတ်မှန်ရွက်အရည်ဖြင့်နယ်ပြီး အိုး၌ လုံခြုံစွာ ထားသည်ကို "ထုံသည်"ဟု ဆိုသည်။]***

ထုံပြီးသော ထောက်ကြံ့မှုန့်များကို ကျောက်၌ ကြိတ်၍ **ပျားရည်၊ ထောပတ်**တို့ဖြင့် ရော၍ (ချိန်ဆ၍ ထည့်ပါ။) အိုးအတွင်း၌ အန္တာပိတ်လျက် **စပါးထဲတွင် တစ်လမျှ ထားပါ။**

ရက်ပြည့်လျှင် စပါးထဲမှ ဖော်၍ ဂုဏ်တော်၊ ပဋ္ဌာန်းများ ရွတ်ဆိုမင်္ဂလာပြုပါ။

စားသုံးမည့်သူသည် **ဝမ်းကို အန်ဆေးစားခြင်း၊ ဝမ်းနုတ်ခြင်းဖြင့် စင်ကြယ်အောင် ပြုလုပ်ပြီးမှသာ** ထိုဆေးအား မှီဝဲစားသုံးသင့်သည်။

ထိုဆေးအား မှီဝဲစားသုံးခြင်းဖြင့် ရောဂါအပေါင်းမှ ကင်းလွတ်ကာ ရွှေရောင်အဆင်း နုပျိုလန်းဆန်းစေပြီး လိုအပ်သော ခွန်အား မှန်သမျှ တိုးပွားပြည့်စုံစေပါသည်။

အိုခြင်းကို နှောင့်နှေးစေပြီး အသက်တစ်ရာတိုင် ကျန်းမာစွာဖြင့် နေသွားနိုင်သည်ဟုဆိုသည်။

**နောက်ဆက်တွဲ ဆေးနည်းကား...**

ထောက်ကြံ့အပွင့်ကို ကြိတ်ထားသော အဖတ်ကို ပျားရည်, ထောပတ်တို့ဖြင့်ရော၍ စားသုံးပေးပါက ဒူလာရောဂါ၊ ဝမ်းဗိုက်နှင့်ဆိုင်သော ဝမ်းပျက်,ဝမ်းနာ ရောဂါများ ပျောက်ကင်းသည်။

**နောက်တစ်နည်းကား...**

ထောက်ကြံ့ရွက်ကို ကြိတ်ထားသော အဖတ်ကို လက်ဖြင့် ကော်ရအောင် ချက်၍ အမြဲစားသုံးပါက **ခယရုပ်နာ၊ ရင်ဘတ်ဒဏ်သင့်နာ၊ ချောင်းဆိုး၊ အသံပျက် အသံဝင်ရောဂါများ ပျောက်ကင်းစေပါသည်။**

**ကျမ်းကိုး ။ ။ ဘေသဇ္ဇမဥ္ဇူသာကျမ်း**

*ကျန်းမာ၍ ဘေးရန် ကြောင့်ကြကင်းကြပါစေ။*

ဦးခင်ဌေး(*တနသာၤရီမြို့*)



www.burmeseclassic.com


www.burmeseclassic.com



# မယ်တော်ကြီး ဒေါ်သုမင်္ဂလာ

ရွှေမင်းသား (စစ်ကိုင်း)

## စရဏကျင့်စဉ်များ



သာသနာတော် ထွန်းကားရာ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးနှင့် မင်းဝံတောင်တော်တို့ကို အချို့မှာ ကွဲပြားစွာ မသိရှိကြချေ။

မင်းဝံတောင်သည် စစ်ကိုင်းတောင်ရိုး၏ အနောက်ဘက် သီတဂူ သံဃာ့ဒါနဆေးရုံကြီး၏ အနောက်ဘက် စစ်ကိုင်းတောင်သွား မော်တော်ကားလမ်း၏ အနောက်ဘက်တွင် ရှိပါသည်။

အဆိုပါ ကားလမ်းပေါ်မှ ကြည့်လိုက်ပါက တောင်နှင့်မြောက် သွယ်တန်းလျက်ရှိသော တောင်တန်းငယ်တစ်ခု ဖြစ်ပါသည်။

စစ်ကိုင်းတောင်ပေါ်သို့ သွားရာ ကားလမ်းပေါ်မှ ကြည့်လိုက်လျှင် ယခင်က **ရွှေဘုန်းပွင့်စေတီတော်မြတ်**ကို ဖူးတွေ့နိုင်ပါသည်။

**(ယခုမူ ကျောင်းတိုက်များ တိုးပွားလာ၍ ထီးထီးကြီး မြင်ဖို့ရာ ခဲယဉ်းသွားပါပြီ။)**

အဆိုပါ ရွှေဘုန်းပွင့်စေတီမြတ်၏ အောက်တွင် **မိုးညှင်းချောင်တည်ရှိပါသည်။** မိုးညှင်းချောင်၏ ဂူအတွင်း၌ မယ်တော်ကြီး ဒေါ်သုမင်္ဂလသည့် တရားအားထုတ်ကာ စရဏကျင့်စဉ်များကို ကျင့်ကြံပွားများလျက်ရှိပါသည်။

မယ်တော်ကြီး ဒေါ်သုမင်္ဂလသည် ငယ်စဉ် ကလေးဘဝမှပင် အသားငါးအသက်လုံးဝစားသောက်မှု မရှိခဲ့ပါ။ တရားကျင့်ကြံစဉ်ကာလတွင် ရေ၊ ဖျော်ရည်များကို သောက်သုံးခဲ့ပါသည်။

လွန်ခဲ့သော အနှစ်(၃၀)အချိန်မှ အစပြု၍ ထမင်းဆန်ဖြင့် ပြုလုပ်ထားသော အစားအစာများ လုံးဝစားသောက်ခြင်းမရှိဘဲ သစ်သီးဝလံများကိုသာ အနည်းငယ်စားသောက်ပါသည်။

မည်သည့်ခရီး မည်သည့်နေရာကိုမျှ ဖိနပ်စီးခြင်းလုံးဝမရှိဘဲ ခြေဖြင့် သက်သက်သာသာ သွားပါသည်။

မယ်တော်ကြီးသည် လဲလျောင်းအိပ်စက်ခြင်းမပြုဘဲ ကျင့်ကြံ၍





www.burmeseclassic.com

ဒါယကာ၊ ဒါယိကာမများ တောင်းပန်မှုကြောင့် ပက်လက်ကုလားထိုင်ပေါ်တွင် ခဏမျှသာ ထိုင်ပါသည်။ ကြာရှည်စွာ မထိုင်ပါ။

မယ်တော်ကြီး အကြောင်းကို စေ့စေ့ငှငှ မသိကြသူများက ဆန်စသော အလှူအတန်းပြုကြသော အခါ မယ်တော်ကြီးမှ ဆွမ်းချက်ပြီး ဆင်းရဲနွမ်းပါးသော သံဃာများကို ဆွမ်းလောင်းလှူဖြစ်ပါသည်။

ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းမှုကို အာရုံစိုက်ပြီး ကျင့်ကြံအားထုတ်ပါသည်။

မယ်တော်ကြီး ဂန္ဓာရီလှည့်ပြီး တရားအားထုတ်စဉ်တွင် မယ်တော်ကြီးအား **"အရှုံးမကြီး" "အောက်လမ်းဆရာမ"**ဟူသော ပုတ်ခတ်စွပ်စွဲချက်များကို တုံ့ပြန်ပြောဆိုခြင်း မရှိဘဲ **"ကိုယ့်အလုပ်ကိုယ်လုပ်"** ဟူသော ခံယူချက်ဖြင့်သာ လိုရာခရီးရောက်အောင် အားထုတ်ခဲ့ပါသည်။

မယ်တော်ကြီးသည် မည်သူ့ကို မဆို အပြစ်မဆိုပါ။ မေတ္တာပို့သမှုကိုသာဆောင်ရွက်ရင်း ရောက်လာသူ မှန်သမျှကို မယ်တော်ကြီး ဒေါ်သုမင်္ဂလ မှာလေ့ရှိသည်မှာ...

၁။ အချိန်သုခိုး အခိုးမခံနဲ့။
၂။ ကိုယ့်အလုပ်ကိုယ်လုပ်။
၃။ တစ်နေ့ (၂၄)နာရီမှာ နာရီဝက်လောက်မှ ဘာသာ သာသနာအတွက် အချိန်မပေးနိုင်ကြဘူးလား။
၄။ ရတနာသုံးပါးမမေ့နဲ့။
၅။ လောဘ,ဒေါသ,မောဟတွေကို တတ်နိုင်သလောက် ချုပ်တည်းကြပါ။
၆။ ငါ ပုထုဇဉ်ပဲ မှားမှာပေါ့လို့ ပေါ့ပေါ့



သေးသေး မပြောကြနဲ့။ အမှားတွေ့ရင် အမှန် မြင်ကြပါ။ နောက်တစ်ခါ ထပ်မမှားဖို့ ဆင်ခြင်ကြပါ။

ပြောမယ်ကြံမှသိ ကြံတုန်းကြိုက်ထားကြဟူသော စကားများကို လာသူအပေါင်းအား ဆုံးမဩဝါဒစကားအဖြစ် အမြဲပြောဆို မှာကြားလေ့ ရှိပါသည်။

မယ်တော်ကြီးသည် စကား တစ်ခွန်း လက်လွတ်စပယ် ပြောလေ့မရှိပါ။ မယ်တော်ကြီး ပြောသော စကားတိုင်း၏ နောက်ကွယ်တွင် အဓိပ္ပာယ်များစွာ ရှိပါသည်။

ဂရုစိုက်နားထောင်ပြီး လုပ်ကိုင်ဆောင်ရွက်ကြတတ်ပါက အကျိုးရှိပါသည်။ မယ်တော်ကြီးရှေ့ ရောက်လာကြသောအခါ မယ်တော်ကြီးက...

'ဘုရားတရားမေ့ ညအိပ်ရာဝင်ကာန်တော့ဖို့တော့ မေ့နေကြပြီမဟုတ်လား။ ရတဲ့အချိန်လေး လောဘ,ဒေါသ,မောဟ ချုပ်တီးကြ ယုံကြည်တဲ့သူမှ ပျောက်မယ်။ ဂိုဏ်ဆီ ဆေးမတောင်းနဲ့ ဘာဆေးမှ မရှိဘူး။ ဆေးကုနေတာ မဟုတ်ဘူး။ တင်ရှိနေတဲ့ ဝဋ်ကြွေးကြောင့် ဖြစ်လာတဲ့ဟာတွေကို မေတ္တာကမ္မဋ္ဌာန်းနဲ့ ကယ်ပေးနေတာ' ဟု မိန့်ဆိုပါသည်။

အိမ်မှထွက်လာခဲ့သည့် အချိန်မှစပြီး သံယောဇဉ်ဟူသမျှကို အပြီးပိုင်ဆုံးခန်းတိုင်အောင် ဖြတ်တောက်ပစ်ခဲ့သည့်အလျောက် ဝက်လက်မြို့သို့ တစ်ခေါက်တစ်ခါမျှပင် ပြန်ခြင်းမရှိရာမှ တစ်နေ့တွင် ပြန်ရန်အကြောင်းဆိုက်လာသည်။

ထိုနေ့ရက်သည်ကား **၁၃၄၂ခုနှစ်၊ တော်သလင်းလဆန်း (၇)ရက်နေ့** လူ့ဘဝ၌ ခင်ပွန်းတော်စပ်ခဲ့သူ ဦးလှမြိုင်တစ်ယောက် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း လာရောက် အသိပေးလာကြသည်။

သံယောဇဉ်ဆိုသည့် အရာထက် သတ္တဝါတစ်ဦး ကွယ်လွန်မှုအတွက် အသုဘကမ္မဋ္ဌာန်း စီးဖြန်းရန်အတွက် ဝက်လက်သို့ ခဏပြန်လာခဲ့သည်။

နှစ်အတန်ကြာ ကွယ်ပျောက်နေခဲ့သော ဒေါ်သိန်းတင်တစ်ယောက် ပြန်လာသည်ဟုဆို၍ လာရောက် တွေ့ဆုံကြသူများဖြင့် ပြည့်လျှံနေကာ တစ်ယောက်တစ်ပေါက် မေးမြန်းပြောဆိုကြရင်း တချို့မှ ဒီတစ်ခါ စိတ်နိုင်ပဲ့မလား ဟုပင် အရင်လိုမှတ်ပြီး စောင့်ကြဆဲ။

'ကဲ...ကဲ အားလုံးကြည့်ထားကြ။ သေခြင်းဆိုတာ ဒါပဲ။ ငိုဟာ၊ ငိုဘွဲ့ဆွာ၊ ငိုပွဲဆွည်းဟူသမျှ ဘာမှ ယူမသွားနိုင်ကြ

ဘူး။ ယူသွားနိုင်ကြတာက ဒါန,သီလ, ဘာဝနာ ကုသိုလ်များပဲ။

ငိုမနေကြနဲ့ ဘဝအဆက်ဆက် ငိုခဲ့ကြရတာများပြီး မငိုချင်ကြရင် မငိုရတဲ့ သံသရာကလွတ်ရာ နိဗ္ဗာန်ကိုသာ ရောက်ဖို့ ကျင့်ကြံအားထုတ်ကြ'

ဟု ဆိုရင်း ငယ်ဆရာဖြစ်သည့် ဘုရားကြီးကျောင်းတိုက်ဆရာတော်ကြီး ဦးဝါယမိန္ဒထံသာ ဆက်လက် ထွက်ခွာခဲ့သည်။ ဆရာတော်အား ဦးချပြီးသောအခါ...

'တပည့်တော်မ မှားယွင်းတာ လမ်းမှားတာရှိရင် အချိန်မရွေး ဆုံးမလမ်းပြပေးပါဘုရား'

ဟု ရှိသေစွာ လျှောက်တင်ရာ...

'ဒေါ်သုမင်္ဂလ မှားတာ မရှိပါဘူး။ ဒီအတိုင်း ဆက်လက်လုပ်ဆောင်ပါ'

ဟုဆိုရာ ဒေါ်သုမင်္ဂလ ပီတိများစွာ ဖြစ်ခဲ့ရသည်။

ဦးလမြိုင် မြေချသဂြိုဟ်ပြီးသောအခါ မင်းဝံတောင်သို့ ချက်ချင်းပြန်လာခဲ့သည်။ ဒကာ,ဒကာမအားလုံးမှာ ပိုမိုရှိသေလေးစားသွားကြသည်။ ဤခရီးတစ်ခေါက်သာလျှင် ဝက်လက်ကို ပြန်လည်ရောက်ရှိခြင်းပင်။

ထို့နောက်တွင်ကား ပဋ္ဌာန်းဆက်ပါသော စေတီဟောင်းများကို ဦးစီး၍ ပြုပြင်ခြင်းများ အားထုတ်ကြိုးပမ်းခဲ့ရာ အစစအရာရာ အားလုံး အောင်မြင်ပြီးမြောက်ခဲ့ပါသည်။

သာသနာပြုရန် ဆက်လက်ကျန်ရှိနေသေးသော တံတားဦးမြို့နယ် စကားအင်းကျေးရွာ ပင်းယ ရွှေစည်းခုံ ကုန်းတော်ကျောက်စာတန်ဆောင်းသို့ ပြောင်းရွှေ့နေထိုင်၍ သာသနာပြုလျက်ရှိသည်။ **၂၀၁၇ခုနှစ် ဒီဇင်ဘာလ(၂၇)ရက်တွင် ဘဝတစ်ပါးသို့** ကူးပြောင်းသွားခဲ့လေပြီတကား...။

ဝန်ခံချက်

**စာရေးဆရာ တင်အောင်မျိုး၏ မယ်တော်ကြီးဒေါ်သုမင်္ဂလ၏ ဘဝခရီးနှင့် နက္ခတ္တရောင်ခြည် အောက်တိုဘာလ ၂၀၁၈ခုနှစ် ထုတ်တွင်ပါသောထက်မင်းကျော်စွာ၏ဒေါ်သုမင်္ဂလာဘဝမှတ်တမ်းတို့ကို ကိုးကားတင်ပြပါသည်။**


**ရွှေမင်းသား *(စစ်ကိုင်း)***

စာမျက်နှာ (၁၆၅)မှ အဆက်

စနေ(ဘင်္ဂဋ္ဌာန)ဖွား ဖြစ်သူကို **စနေ+စနေ+ကြာသပတေး** နာမည် ပေးထားရာ ဘင်္ဂ+ဘင်္ဂ+ရာဇ ဖြစ်၍ နာမက္ခရတိုင်စဉ်မှန်၊ ဝုဒ္ဓိမှာ။ ဘင်္ဂ (၂)လုံး အတွင်းရန်ဓာတ် ဖြစ်နေ၍ နာမည်ပေးညံ့ပါသည်။

ဤနာမည်မျိုးတွင် ရာဇဌာနရှိ နာမည်နောက်ဆုံးစာလုံး ''မြင့်''ကိုသာ ထိုးမြဲလက်မှတ်အဖြစ် ရွေးထိုး သင့်သည်။

* * *



▲"ဝိုင်"ကို အောက်ခြေပြား ငွေအိတ်ပုံ ဆွဲပါ။

▲အညွန့်နေရာမှာ ပွင့်ဖတ်(၅)ခုပါသော ပန်းပွင့်ပုံ ဆွဲပါ။

▲လက်မှတ်အောက်က မျဉ်းမသား ရပါ။

***ယခုတစ်လအတွက် ဤမျှနှင့်သာ ကျေနပ်ပါ။***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**

***(ဥပဒေဘွဲ့)***

**လက္ခဏာဗေဒင်ပညာသုတေသီ**

**နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတိုက် နှင့် ဆက်သွယ် နိုင်သော ဖုန်းနံပါတ်များ...**

**၀၉-၇၇၆၃၄၉၇၈၅**

**၀၉-၄၄၃၂၅၇၈၂၀**

www.burmeseclassic.com




စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။ ＊ ＊ ＊



ယခုလအတွက် **နံပါတ်(၁)နေရာ၌** ဖော်ပြပေးလိုက်သည့် ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ **အသက်(၃၈) နှစ်ရှိပြီဖြစ်သော ''မာလာဆွေ''** ဆိုသည့် အမျိုးသမီး ဖြစ်ပါသည်။

နာမည် ရှေ့နှစ်လုံးဖြစ်သော **''မာလာ''**ကို အင်္ဂလိပ်အက္ခရာစာလုံးဖြင့် လက်မှတ်တွဲထိုးထားခြင်းဖြစ်သည်။


- ❖ အောက်မျဉ်း တစ်ဝက်တစ်ပျက်သာ ပိတ်ထားခြင်း၊
- ❖ လက်မှတ်နောက်ဆုံးမှာ အစက်ချထားခြင်း၊
- ❖ လက်မှတ်ကို ရေညီမျဉ်းအတိုင်း တဖြောင့်တည်း ထိုးထားခြင်း

စသည်တို့ကြောင့် ငွေမမြဲခြင်း၊ သံသယစိတ် အမြဲရှိနေခြင်း၊ အလွန်ရိုးသားဖြောင့်မတ်ခြင်း၊ ပင်ကိုဗီဇများရှိမည်။ ထိုးမြဲလက်မှတ်ပုံသဏ္ဌာန်ကောင်းတစ်ခု မဟုတ်ပါ။

သူမ၏ **မြန်မာလို မွေးသက္ကရာဇ်မှာ ၁၃၄၂ ခုနှစ်၊ ဝါခေါင်လ၊ ကြာသပတေးနေ့**ဖြစ်ရာ မူလမဟာဘုတ်ခွင် **နာမက္ခရတိုင်စဉ်နှင့် ဗုဒ္ဓိစဉ်** ချကြည့်လျှင် အောက်ပါအတိုင်း တွေ့ရှိရမည်။



＊ ＊ ＊*[နံပါတ် –၁]*





ကြာသပတေး (ဘင်္ဂဌာန)ဖွားကို **ကြာသပတေး+ဗုဒ္ဓဟူး+အင်္ဂါ = ဘင်္ဂ+အထွန်း+ရာဇ=အနိဋ္ဌ+ဣဋ္ဌ** နာမည်ပေးထားရာ နာမက္ခရတိုင်စဉ်မှန်ပြီး ဗုဒ္ဓိမှားနေသည်။ နာမည်အထိုက်အလျောက် ကောင်းပါသည်။

''မာလာ''ကို ထိုးမြဲလက်မှတ်ရွေးထိုးထားခြင်းမှာ မွေးနံကိုက်အမြစ်အုပ်ဖြစ်နေ၍ မကောင်းပါ။


ဤနာမည်မျိုးတွင် ရာဇဌာနမှ နာမည်နောက်ဆုံးစာလုံး **''ဆွေ''** ကိုသာ လက်မှတ်ရွေးထိုးသင့်သည်။

＊ ＊ ＊



- ▲ကြိုက်ပုံငွေအိတ်သင်္ကေတ ထည့်ပါ။
- ▲အညွန့်နေရာတွင် ပွင့်ဖတ်(၃)ခုပါသော ပန်းပွင့်ပုံ ထည့်ပါ။
- ▲လက်မှတ်အောက်က မျဉ်းမသားရပါ။
- ▲လက်မှတ်နောက်ဆုံးမှာ အစက် မချရပါ။

၂။ ＊ ＊ ＊





www.burmeseclassic.com

www.burmeseclassic.com



ယခုလအတွက် **နံပါတ်(၂)နေရာမှာ** ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ အသက်(၃၅)နှစ်အရွယ်ရှိ **"ကိုထူးချစ်"**ခေါ်သော အမျိုးသားတစ်ဦး ဖြစ်ပါသည်။

နာမည်နှစ်လုံးတွဲကို မြန်မာလိုလက်မှတ်ထိုးထားခြင်း ဖြစ်သည်။

ကြယ်ပွင့်သင်္ကေတများ ပါရှိနေသဖြင့် အချစ်ရေး အိမ်ထောင်ရေးတွင် ပူဆွေးသောက ကြုံရတတ်ပါသည်။

သူ၏ မြန်မာလို **မွေးသက္ကရာဇ်မှာ ၁၃၄၅ ခုနှစ်၊ ပြာသိုလ၊ စနေနေ့ဖြစ်၍ နာမက္ခရတိုင်စဉ်၊ မူလမဟာဘုတ်ခွင် ဝုဒ္ဓိစဉ်တို့ ချကြည့်လျှင်** အောက်ပါအတိုင်း တွေ့ရှိရပါသည်။

* * **[နံပါတ်–၂]*


လက်မှတ်ရွေးထိုးသင့်ပါသည်။


* * *



▲"ထ"ကို သေးသေးဆွဲပြီး နှစ်ချောင်းငင်မှ တစ်ချောင်းကို အောက်ခြေပြား ငွေအိတ်ပုံ တည့်တည့်လှလှ ဆွဲပါ။
▲လက်မှတ်အောက်က မျဉ်းမသားရပါ။
▲ဝစ္စပေါက်ကို ကြယ်ပုံ မဆွဲရပါ။

၃။ * * *






စနေ(အထွန်းဌာန)ဖွား ဖြစ်သူကို **စနေ+တနင်္လာ=အထွန်း+ပုတိ=ဣဋ္ဌ+အနိဋ္ဌ** နာမည်ပေးထားခြင်းက ညံ့ပါသည်။

ဝုဒ္ဓိမှန်သော်လည်း နာမက္ခရတိုင်မှားပါသည်။

အချစ်ရေးကိစ္စ၊ ငွေကြေးကိစ္စများ အရှုပ်အထွေး များနိုင်ပါသည်။ မကြာခဏ စိတ်ညစ်ရပါလိမ့်မည်။

ဤနာမည်မျိုးတွင် နာမည်ထိပ်ဆုံးတစ်လုံး **"ထူး"တစ်လုံးတည်းသာ**

ယခုလအတွက် **နံပါတ်(၃)နေရာမှာ** ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ **အသက်(၃၆)နှစ်ရှိပြီဖြစ်သော"မနွယ်နွယ်မြင့်"** ဆိုသည့် အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။


အသားညိုပြီး အရပ်မြင့်သောကြောင့် နာမည်နှင့် လိုက်ဖက်ပါသည်။ ထိုးမြဲလက်မှတ်အဖြစ် နာမည်ရှေ့နှစ်လုံး **"နွယ်နွယ်"**ကို အင်္ဂလိပ်အက္ခရာစာလုံးဖြင့် ရွေးထိုးထားကြောင်း ပြောပြသည်။

**လက်မှတ်ပုံသဏ္ဌာန်မှာ** ခွက်မှောက်ပုံ၊ အပြိုင်ပုံ၊ လိမ်ကောက်ပုံ အပြင် အင်္ဂလိပ်ဂဏန်း"2"ပါ ထည့်ထားခြင်းကြောင့် ငွေမမြဲခြင်း၊ အယှဉ်အပြိုင်များခြင်း၊ သူတစ်ပါးကို မှီခိုအားထားနေရခြင်း၊ အိမ်ထောင်ဆက် ဖြစ်တတ်ခြင်းတို့ ဖြစ်နိုင်ပါသည်။

မိန်းကလေးများ၏ နာမည်ရှေ့စာလုံးအဖြစ် **"လှ၊ စန်း၊ အုန်း၊ နွယ်၊ မို့"**တို့ကို မသုံးသင့်ကြောင်း ဆရာစဉ်ဆက် သတိပေးထားပါသည်။

သူမ၏ **မွေးသက္ကရာဇ်မှာ မြန်မာလို ၁၃၄၄ ခုနှစ်၊ တန်ခူးလ၊ စနေ ဖြစ်၍** မူလ မဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဉ်နှင့် ဝုဒ္ဓိအစဉ်တို့ ချကြည့်လျှင် အောက်ပါအတိုင်း တွေ့ရှိရပါသည်။

* * **[နံပါတ်–၃]*






www.burmeseclassic.com

www.burmeseclassic.com



အခိုးခံရ၍ ပျောက်သည့် ပစ္စည်းဥစ္စာ ပြန်ရရန်

# ဓာတ်ဆင်ဓာတ်ရိုက်နည်း

ကောင်းခန့် (သခွတ်မြေ) ဇက်လက်



ဓာတ်ဆင်ဓာတ်ရိုက်နည်းတို့သည် ဗေဒင်ဆရာတိုင်း မသင်မဖြစ်သည့် နည်းတို့ပင်ဖြစ်၏။

ဗေဒင်ဆရာတို့သည် ဗေဒင်တွက်နည်းအမျိုးမျိုးတို့ကို တွက်တတ် ဟောတတ်ရုံနှင့် မပြီးပေ။ တစ်နေ့နေ့ တစ်ချိန်ချိန်၌ ပစ္စည်းဥစ္စာပျောက် မေးလာသည်နှင့် ကြုံလျှင် ပြန်လည်ရရှိရေးအတွက် အသုံးပြုရန် ဓာတ်ဆင်ဓာတ်ရိုက်နည်းတို့ကိုလည်း လေ့လာသင်ယူထားရ၏။ သို့မှသာ အရေးကြုံလာခဲ့သော် အရန်သင့် ထုတ်ဖော်အသုံးပြုရန် အဆင်ပြေမည်။

စာရေးသူ ဗေဒင် ဟောတတ်ခါစက ထိုသို့ မေးလာ ခိုင်းလာသောအခါ ဓာတ်ဆင်ဓာတ်ရိုက်နည်းတို့ကို အရန်သင့် မဖြေတတ် မပြောတတ်သဖြင့် စာအုပ်လှန်ကာ ရှာခဲ့ရပေါင်းလည်း များခဲ့သည်။ နောက်မှ လိုအပ်သလို ခိုင်းရ ပြောရ၏။

ထို့ကြောင့် ဓာတ်ဆင်ဓာတ်ရိုက်နည်းတို့တွင် မိတ်ဓာတ် ရန်ဓာတ် အခိုက်ဓာတ် စသဖြင့် ဗေဒင်ဆရာတို့အတွက် အနည်းနှင့်အများ မလေ့လာလျှင် မဖြစ် မတတ်လျှင်မဖြစ် ရှာဖွေသင်ယူရပေသည်။

ယခု စာရေးသူ တင်ပြမည့် ပျောက်သည့်ပစ္စည်း ပြန်၍ ရရန် ဓာတ်ဆင်ဓာတ်ရိုက်နည်း တစ်နည်းသည် နည်းပေါင်းများစွာထဲမှ ဝါသနာရှင်တို့အတွက် လွယ်ကူစွာ ပြုလုပ်နိုင်ရန် ဆပွတ်နံအုပ်၍ ရိုက်ရသော အလွယ် ဓာတ်ဆင်ဓာတ်ရိုက်နည်း တစ်နည်းကို ရှာဖွေ၍ စာရေးသူအနေနှင့် ဝါသနာရှင်တို့အတွက် စေတနာ ရှေ့ထားကာ ရေးသားလိုက်ရပါသည်။

မိမိကိုယ်၌လည်းသော်လည်းကောင်း၊ မိမိအသိုင်းအဝိုင်း၌သော်လည်းကောင်း အရေးကြုံခဲ့သည်ရှိသော မိမိတို့အနေနှင့် လွယ်ကူစွာ ပြုလုပ်နိုင်ကြစေရန် လေ့လာမှတ်သားနိုင်ကြပါသည်။

အောက်ပါဇယားတွင် ကြည့်ပါ...

| အမှတ်စဉ် | ဂြိုဟ် | အညွန့် | တြိရန်း | စတုရန်း | ပဥ္စပွတ် | ဆဋ္ဌပွတ် | အမြစ် |
|---|---|---|---|---|---|---|---|
| ၁ | ၁-နွေ | ၂-လာ | ၃-ဂါ | ၄-ဟူး | ၅-တေး | ၆-ကြာ | စနေ |
| ၂ | ၂-လာ | ၃-ဂါ | ၄-ဟူး | ၅-တေး | ၆-ကြာ | စနေ | ၁-နွေ |
| ၃ | ၃-ဂါ | ၄-ဟူး | ၅-တေး | ၆-ကြာ | စနေ | ၁-နွေ | ၂-လာ |
| ၄ | ၄-ဟူး | ၅-တေး | ၆-ကြာ | စနေ | ၁-နွေ | ၂-လာ | ၃-ဂါ |
| ၅ | ၅-တေး | ၆-ကြာ | စနေ | ၁-နွေ | ၂-လာ | ၃-ဂါ | ၄-ဟူး |
| ၆ | ၆-ကြာ | စနေ | ၁-နွေ | ၂-လာ | ၃-ဂါ | ၄-ဟူး | ၅-တေး |
| ၇ | စနေ | ၁-နွေ | ၂-လာ | ၃-ဂါ | ၄-ဟူး | ၅-တေး | ၆-ကြာ |

ဓာတ်ဆင်ဓာတ်ရိုက် ပြုလုပ်မည်ဆိုလျှင် အထက်ပါ ဇယားကို အလွတ်ကျက်မှတ်ထားရန် လိုပါသည်။

ယခု စာရေးသူ တင်ပြမည်ဖြစ်သော ဓာတ်ဆင်ဓာတ်ရိုက်နည်းသည ပျောက်သော ပစ္စည်း ပြန်ရစေရန် **ဆပွတ်အုပ်၍ ရိုက်ရသော နည်းဖြစ်သဖြင့်** သက်ဆိုင်ရာ ဆပွတ်ဂြိုဟ်နံကိုယူကာ လွယ်ကူသောနည်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**၁–နွေ၏** ဆပွတ်ကြိုဟ်နံသည် ➜ ၆ကြာ
**၂–လ်ာ၏** ဆပွတ်ကြိုဟ်နံသည် ➜ စနေ
**၃–ဂါ၏** ဆပွတ်ကြိုဟ်နံသည် ➜ ၁နွေ

စသဖြင့် ဆိုင်ရာဆိုင်ရာ ဆပွတ်ကြိုဟ်တို့ကို မှတ်ထားပါ။ လက်တွေ့ ဓာတ်ဆင်ဓာတ်ရိုက်နည်းကို ဆက်လက်ပြီး တင်ပြပါမည်။



၁။ **၁–နွေနံပစ္စည်းဖြစ်သော အိုး,အိမ်,အကျီ...** စသဖြင့် ပျောက်ခဲ့သော်၊ အခိုးခံရသော် **''အင်သား'' တွင် လိုသောစာကို အောက်မှ အထက်သို့ ပြောင်းပြန်(မှန်စာရေးသလို)ရေးပြီး (ဥပမာ အကျီပြန်ရစေ)** မှန်စာရေးသလိုရေးပါ။

ထိုအင်သားကို လိုသောနေရာတွင် ဖောက်ထိုးစိုက်ပြီး သံတူနှင့် (၆)ချက်ရိုက်ပါ။ ရိုက်စဉ်၌**''အကျီပြန်ရစေ''** ဟု ဆိုပြီး ရိုက်ပါ။

၂။ **၂–နွေနံပစ္စည်းဖြစ်သော ကား,ကင်မရာ...** စသဖြင့် ပျောက်သော်၊ အခိုးခံရသော် **''ကုက္ကိုသား'' တွင်** လိုရာစာကို အောက်မှ အထက်သို့ မှန်စာနှင့် ရေးပြီး လိုရာအရပ်တွင် ဖောက်ထိုးစိုက်ပြီး **ထနောင်းသားနှင့် (၇)ချက်ရိုက်ပါ။** ရိုက်စဉ်၌လည်း **''ပြန်ရစေ...ပြန်ရစေ''**

၃။ **၃–ဂါနံပစ္စည်းဖြစ်သော စက်ပစ္စည်း,စပါး,ဆန်...** စသဖြင့် ပျောက်သော်၊ အခိုးခံရသော်**''ဇီး(ဆီး)သား''** တွင် အောက်မှအထက်သို့ လိုရာစာကို ပြောင်းပြန် မှန်စာရေးနည်းနှင့် ရေးပါ။

ပြီးက လိုရာအရပ်တွင် ဖောက်ထိုးစိုက်ပြီး အင်သားနှင့် **''ပြန်ရစေ...ပြန်ရစေ''**ဟု ရေရွတ်ပြီး (၁)ချက်ရိုက်ပါ။

၄။ **၄–ဟူးနံပစ္စည်းဖြစ်သော ရွှေ,လက်ကောက်, လက်စွပ်...**စသဖြင့် ပစ္စည်းပျောက်သော်၊ အခိုးခံရသော် **''ရှောက်သား''(သို့မဟုတ်)''လဲ့ဝါသား''** တွင် ပျောက်သည့် ပစ္စည်းအမည်နှင့် **''ပြန်ရစေ''**ဟု အောက်မှ အထက်သို့ ပြောင်းပြန် မှန်စာရေးနည်းနှင့် ရေးပြီး ဖောက်ထိုးစိုက်ကာ **ကုက္ကိုသားနှင့် ''ပြန်ရစေ...ပြန်ရစေ''**ဟု ရွတ်ဆိုပြီး (၂)ချက်ရိုက်ပါ။

၅။ **၅–တေးနံပစ္စည်းဖြစ်သော ဖုန်း,ပဲအမျိုးမျိုး...** စသည်ဖြင့် ပျောက်သော်၊ အခိုးခံရသော် **''ပေါက်သား''**တွင် လိုရာစာ အောက်မှ အထက်သို့ ပြောင်းပြန် မှန်စာအဖြစ် ရေးပြီး လိုရာနေရာတွင် ဖောက်ထိုးစိုက်ကာ **ဇီး(ဆီး)သားနှင့် ''ပြန်ရစေ... ပြန်ရစေ''**ဆိုပြီး (၃)ချက် ရိုက်ပါ။

၆။ **၆–ကြာနံဖြစ်သော သွပ်,သံထည်ပစ္စည်း...** စသည်ဖြင့် ပျောက်သော်၊ အခိုးခံရသော် **''သီးသား''** တွင် လိုရာစာ ပြောင်းပြန်မှန်စာရေးနည်းနှင့် ရေးပြီး လိုသောနေရာတွင် ဖောက်ထိုးစိုက်ပါ။ **''လဲ့ဝါသား'' နှင့် ''ပြန်ရစေ...ပြန်ရစေ''**ဆိုပြီး (၄)ချက်ရိုက်ပါ။

၇။ **စနေနံပစ္စည်းဖြစ်သော နွား,နားကပ်,နားတောင်း...** စသည်ဖြင့် ပစ္စည်း ပျောက်သော်၊ အခိုးခံရသော် **ထနောင်းသား(သို့မဟုတ်) ထိန်သားတွင်** လိုရာစာ ဥပမာ **နားတောင်း,နားကပ်...** စသဖြင့် အောက်မှ အထက်သို့ ပြောင်းပြန် မှန်စာရေးပါ။

ပြီးနောက် လိုရာအရပ်တွင် ဖောက်ထိုးစိုက်ကာ **ပေါက်သားနှင့် ''ပြန်ရစေ...ပြန်ရစေ''**ဆိုပြီး (၅)ချက်ရိုက်ပါ။

အထက်ပါနည်းတို့သည် မှန်ကန်၍ အလွယ်ဆုံးသော ပစ္စည်းပြန်ရရန် ဓာတ်ဆင်ဓာတ်ရိုက်နည်း ဖြစ်ပါသည်။

***သုနက္ခတ္တံ ကောင်းသော နက္ခတ်ကြ၍ ကောင်းကျိုး သုခ ရရှိကြပါစေ။***

**ကောင်းခန့်(သခွတ်မြေ)**
**ဝက်လက်**



www.burmeseclassic.com

www.burmeseclassic.com



# ပြည်လုံးချမ်းသာဂမုန်း

''ပြည်လုံးချမ်းသာ''ဟူသော အမည်ကပင်လျှင် ကျက်သရေရှိနေ၏။ ဂုဏ်ပြည့်နေ၏။ အချို့က ပြည်လုံးချမ်းသာဂမုန်းဟု မခေါ်ဘဲ **မယ်တော်ကြီးဂမုန်း၊ ရာဇာကြီးဂမုန်း၊ မဟာရာဇ်ဂမုန်း**ဟူ၍လည်း ခေါ်ကြသည်။

အမည်အမျိုးမျိုးဖြင့် ပသို့ပင်ခေါ်ပါစေ ပြည်လုံးချမ်းသာ ဂမုန်းပင်သည် တည်တည်ငြိမ်ငြိမ် အေးအေးမြမြ ရှိလွန်းလှ၏။ ခံ့လည်း ခံ့ညားသည်။

ပြည်လုံးချမ်းသာဂမုန်းသည် တနင်္လာသားသမီးများအတွက် ထူးထူးခြားခြား အကျိုးမပေးသော်ငြား အခြားသော နေ့သားသမီးများ စိုက်ပျိုးလျှင်မူ ထူးခြားစွာ အကျိုးပေး၏။

စိုက်ပျိုးပြီး ဝေစည်လန်းခြင်း ရှိ,မရှိကို ကြည့်၍ အကျိုးပေး,မပေး သိနိုင်ပါသည်။ ပြည်လုံးချမ်းသာဂမုန်းပင်ကြီး ဝေစည်လန်းဆန်း ပွံ့ဖြိုးချိန်တွင် ထူးခြားစွာ အကျိုးပေးလေ့ရှိ၏။

ပြည်လုံးချမ်းသာဂမုန်းကို တတ်သိကျွမ်းကျင်သော ဆရာသမား၏ အစီအမံဖြင့် စိုက်ပျိုးလျှင် မိမိအပေါ် မလိုမုန်းထားသူများ မကောင်းမကြံစည်နိုင်၊ ထင်ပေါ်ကျော်စောခြင်း၊ မိမိကြံစည်သမျှ အောင်မြင်ထမြောက်ခြင်း၊ စီးပွားလာဘ်လာဘများ တိုးတက်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

ဂမုန်းတို့၏ သဘာဝတွင် ပညတ်အရ၊ ဓာတ်အရ၊ နက္ခတ်အရ သူတစ်ဦး၌ အကျိုးရှိစေကာမူ အခြားသူတစ်ဦးတွင်မူ အကျိုးပေးချင်မှ ပေးတတ်သည်။

ဂမုန်းဟူသည်မှာ နှယ်နှယ်ရရ အပင်မျိုး မဟုတ်ချေ။ ပုညိဒ္ဓိ၊ ဈာနိဒ္ဓိ၊ ပညိဒ္ဓိ၊ ဝိဇ္ဇာမယိဒ္ဓိ စသည့် ကမ္မဒ္ဓိသဘာဝ ပင်မျိုးဖြစ်၍ ရုပ်စွမ်းမျှသာမက မမြင်ရသော အစွမ်းသတ္တိများလည်း ရှိနေ၏။

ရုပ်စွမ်းကိုသာ သိမြင်အသုံးချသော သာမန် သိပ္ပံပညာဖြင့်ကား တိုင်းတာ၍ မရနိုင်။

တမာရွက်သည် ရုပ်သဘာဝအရ ခါး၍... ငရုတ်သီးသည် စပ်ပူကြောင်း ရုပ်ပိုင်းဖြင့် လက်တွေ့ကျကျ သိနိုင်သော်လည်း ဂမုန်းတို့၏ သတ္တိအစွမ်းကိုကား ရုပ်ပိုင်းမျှဖြင့် မသိနိုင်ပါ။



ဂမုန်းတို့တွင် သိဒ္ဓိရှိ၏။ ဆိုင်ရာ အစောင့်အရှောက်ရှိ၏။ နွယ်မြက်သစ်ရွက် သစ်ပင်ရိုးရိုးတို့သည် ရောဂါဝေဒနာနှင့် အစာအာဟာရအတွက်သာ အသုံးဝင်၏။

ဂမုန်းတို့သည်ကား ရိုးရိုး ဆေးဖက်လည်းဝင်သည်။ ဝိဇ္ဇာမယ ဆေးဖက်လည်း ဝင်သည်။ သိဒ္ဓိအမျိုးမျိုးရှိရာတွင် ဆိုင်ရာ...ဆိုင်ရာသိဒ္ဓိတို့ကို ပေးစွမ်းနိုင်၏။

**ဂမုန်းဟူသော နာမပညတ်သည် (၂၇)လုံးသော နက္ခတ်တို့တွင် ''တောဝီသတိမ''ဟူသော (၂၃)ခုမြောက် ဓနသိဒ္ဓိနက္ခတ်နှင့် ယှဉ်သဖြင့် စီးပွားလာဘ်လာဘတို့ကို ပေးစွမ်း၏။**

ပြည်လုံးချမ်းသာဂမုန်းကို စိုက်မည်ဆိုလျှင် အောက်ပါဂါထာကို သုံးကြိမ် ရွတ်ဆို၍ စိုက်ပါ။ နေ့စဉ်ရေသွန်းလောင်းသည့် အခါတွင်လည်း ရွတ်ဆိုပါ။ သိသိသာသာ အကျိုးပေးပါသည်။

နမော ဗုဒ္ဓါယ၊ သိဒ္ဓံစ တုဟိ၊
မဟာဘူတေဟိ၊ သိဒ္ဓိကမ္မံ သိဇ္ဈတိ။

**သီရိဘုန်းခေါင်**



www.burmeseclassic.com

www.burmeseclassic.com



# အနာဂတ်လူငယ်များရဲ့ လက္ခဏာ

လှမင်းထွန်း (LL.B)
သိပ္ပံလက္ခဏာသုတေသီ







**အသက်(၂၄)နှစ်အရွယ် အမျိုးသမီးတစ်ဦးရဲ့လက္ခဏာ** ဖြစ်ပါတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘ၀တိုက်ပွဲ ဆင်နွှဲနေရတယ်ပဲ ဆိုပါတော့။

အခုလက်ရှိ ဒုတိယအိမ်ထောင်နဲ့ ပျော်ပျော်ရွှင်ရွှင် နေနေပါတယ်။ သူ့လက္ခဏာကို ဆန်းစစ်ခဲ့ဖူးတာကို ဖောက်သည်ပြန်ချတဲ့အနေနဲ့ တင်ပြပေးပါမယ်။

(၁) လက်သူကြွယ်နဲ့ လက်သန်းကြားကျဲနေခြင်း၊
(၂) ဦးခေါင်းလမ်းကြောင်းဟာ အသက်လမ်းကြောင်းနဲ့ လက်မစိတ်ရဲ့ (၃/၄)ပုံခန့် ကွာဝေးနေတယ်။

ဒါကြောင့် မည်သူ့ရဲ့ ဆိုဆုံးမမှုကိုမှ လက်မခံပါ။





www.burmeseclassic.com

www.burmeseclassic.com



(၃) အိမ်ထောင်ရေးလမ်းကြောင်းအရ အသက်(၁၈)နှစ်လောက်မှာ အိမ်ထောင်ပြုခဲ့တယ်။

(၄) ကံလမ်းကြောင်းကို လက်ညှိုးနဲ့ လက်ခလယ်ကြားက လာတဲ့ လမ်းကြောင်းက ဖြတ်ထားတယ်။

ဒီလက္ခဏာဟာ ဘဝမှာ မလွဲမရှောင်သာတဲ့ ကြမ္မာဆိုးနဲ့ ကြုံရတတ်ပါတယ်။ မဟုတ်ရင် မခံ၊ ဖွတ်ပြောတတ်တဲ့ အကျင့်တွေကြောင့် ရန်များတတ်ပါတယ်။

**(ဘယ်)**(၅) အောင်မြင်ရေး လမ်းကြောင်းကို လက်ခလယ်နဲ့ လက်သန်းကလာတဲ့ လမ်းကြောင်းတစ်ခု ဖြတ်ထားတယ်။ ဘဝမှာ ပင်ပင်ပန်းပန်း ကြိုးစားရပါမယ်။ ကိုယ်ထူးကိုယ်ချွန်လုပ်ရမယ့် လက္ခဏာပါ။

**(၆)နှလုံးလမ်းကြောင်းမှာ ကျွန်းတွေ ရှိနေလို့** သွေးသားလည်ပတ်မှု မမှန်ကန်ခြင်း၊ အသက်လမ်းကြောင်းတစ်လျှောက် ဥပဒ်လမ်းတွေ ဖြတ်ထားလို့ ကျန်းမာရေးမှာ တရှောင်ရှောင် ဖြစ်နေတတ်ပါတယ်။

**(ညာ)နှလုံးလမ်းကြောင်းမှ အခက်များဟာ** အသက်လမ်းကြောင်းကို ဖောက်ပြီး အင်္ဂါဂြိုဟ်ခုံထဲရောက်နေခြင်းကြောင့် ငယ်ရွယ်တဲ့ အသက်ပိုင်းမှာ ပထမအိမ်ထောင် ပျက်စီးခဲ့ရပါတယ်။ လက္ခဏာရှင်ဟာ အခုလက်ရှိ အိမ်ထောင်နဲ့ ပျော်ရွှင်စွာ နေထိုင်လျက် ရှိပါတယ်။

**(ညာ) အသက်ရဲ့ (၅၅)နှစ် အသက်လမ်းကြောင်း**မှာ ထင်ရှားတဲ့ ဥပဒ်လမ်းကြောင်း၊ (ဘယ်)အသက်(၅၅)နှစ် အသက်လမ်းကြောင်းမှာ ဘားတစ်ခု ဖြတ်ထားတာကြောင့် အဲဒီအသက်ပိုင်းမှာ ကျန်းမာရေးအထူးဂရုစိုက်ပါလို့ ဟောကြားပေးခဲ့ပါတယ်။

မိဘတိုင်းအနေနဲ့ အရွယ်မရောက်သေးတဲ့ မိမိရဲ့သားသမီးငယ်လေးတွေကို စစ်ဆေးပြီး တစ်နည်းနည်းဖြင့် ပြောင်းလဲသွားအောင် ကြပ်မတ်သွန်သင်ပေးသင့်တယ်လို့ ဆန္ဒပြုလိုက်ရပါတယ်။

***စာဖတ်သူအပေါင်းစိတ်နှလုံး ရွှင်ပြုံးနိုင်ကြပါစေ။***

**လှမင်းထွန်း*(LL.B)***
**သိပ္ပံလက္ခဏာသုတေသီ**

စာမျက်နှာ (၁၇၂)မှ အဆက်

ထည့်ပါ။ သွပ်ပေါ်မှာ ထုံးကျက်တက်ရည်ကို လောင်းထည့်ရသေးတယ်။ ပြီးရင် ထိုးတော့။

ရေပွက်လာလိုက် ဖိုခွင်ထဲ ထည့်ပြီး ရပ်ထားလိုက်နဲ့…တစ်ရက်တိတိ (၂၄–နာရီ) ထိုးရတယ်။ ပြီးရင် **သဖန်းစေး** ရှာရပါမယ်။ အထက်အညာအရပ်မှာရှိတဲ့ **ရေသဖန်းပင်တွေမှာ သူ့ရဲ့ ပင်ကိုအစေးဓာတ်ရှိတယ်။** ပင်စည်အသားက ခပ်ပွပွပါပဲ။

အခေါက်ကို ပါးပါးလေး တစ်လက်မလောက် လှီးရင် အစေးထွက်လာတယ်။ **ထွက်လာတဲ့ အစေးကို နို့ဆီဘူးနဲ့ တစ်ဘူးစာလောက်** ရအောင် ခံယူရတယ်။

ထုံးကျက်တက်ရည်နဲ့ ပြုတ်ထားတဲ့ သွပ်ဓာတ်တွေထဲကို သဖန်းစေး သုံးချိုးဆလောက် ထည့်ရတယ်။ ပြီးမှ လုံနှုတ်ခမ်းနဲ့အညီ မီးသွေးထည့်ပြီး ထိုးရတယ်။

သဖန်းစေးတွေက အရည်ပျော်ပြီး ပွက်လာလိုက်၊ သဖန်းစေးထည့်ပြီး ထိုးလိုက်နဲ့ ရထားတဲ့ သဖန်းစေး ကုန်အောင် ထိုးရတယ်။

ထိုးပြီးလို့ လုံကို အောက်ချအအေးခံပြီး ကြည့်တဲ့အခါ သွပ်ဓာတ်တွေကို ကျစ်လျစ်သိပ်သည်းစွာနဲ့ တွေ့မြင်ရပါမယ်။ အဲဒီ ရလာတဲ့ သွပ်ဓာတ်ကို ချော်နှစ်ခံဖို့အတွက် လက်ချားနဲ့ဆား ထည့်ပြီး (၁၀)နာရီလောက် ထပ်ထိုးရတယ်။

အဲဒီအခါ သွပ်ဓာတ်အခြေအနေကို အကဲခတ်ပြီး လုံတစ်ခိုင် မီးထိုးချလိုက်ရတယ်။ ပြီးတော့ ထုံးစံအတိုင်း ဖိုတိုက်ထဲမှာ အအေးခံရတယ်။

အေးလာတဲ့အခါ နုတ်ယူပြီး လုံကို ခွဲကြည့်တော့ အင်မတန်မှ ချစ်စရာကောင်းတဲ့ ဓာတ်လုံးလေးတစ်လုံး ရရှိလာမှာ ဖြစ်ပါတယ်။

ကဲ…သွပ်ဖမ်းနည်းက ပြီးသွားပါပြီ။ ပညာရှိတွေ အလိုရှိသလို အသုံးချကြပါစေလို့ ဆုတောင်းရင်း နည်းများစွာထဲက သွပ်ဖမ်းနည်းလေး အကြောင်း ပြောပြလိုက်ပါတယ်။

***ဒုက္ခပတ္တာ စ နိဒ္ဒုက္ခာ***
***ဟောန္တု သဗ္ဗေပိ ပါဏိနော***

**အောင်သင်း*(P.S.T)***





www.burmeseclassic.com

www.burmeseclassic.com





ဇော်သင်း
(P.S.T)

ပျော်ပျော်ရွှင်ရွှင်

# သွပ်ဖမ်းရှေအောင်

ဒီနေ့ ကျွန်တော် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်(၂၁၅)ကို ဖတ်နေမိတယ်။ စိတ်ဝင်စားမှု ထူးထူးထွေထွေ ရှိလို့ မဟုတ်ပါဘူး။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းက ကျန်းမာရေး၊ ပညာရေး၊ ကုသိုလ်ရေး၊ လောကီရေး အစုံအလင် ရှိတာကြောင့် ဗဟုသုတ နည်းနည်းပါးပါး ရရ ဆိုတဲ့သဘောနဲ့ပါ။

**စာမျက်(၁၇၂)က ဆရာဦးကျော်လင်း(နေလဝိဇ္ဇာ) ရေးတဲ့ ''စပ်တူပြုလုပ်နည်း''**ဆိုတဲ့ အင်္ဂါရတ်နဲ့ ပတ်သက်တဲ့ ဆောင်းပါးလေးကို ဖတ်မိတယ်။ ဆရာဦးကျော်လင်းက ဆောင်းပါးရဲ့ အဆုံးမှာ ဘာပြောထားသလဲ ဆိုတော့…

'အင်္ဂါရတ်ပညာရှင်များ သခ်ီရတာရေးကို ဆင်ခြင်၍ သတိပြုရမည့်အချက်မှာ သေလွယ်ပျောက်လွယ်၍ သက်တမ်းတိုသော ဤခေတ် ဤအခါ၌ ရလျှင်ကုန်၊ ဆုံလျှင်ကွဲ၊ ရှင်သေမြဲမို့ ဖြစ်လည်း ပျက်တတ်သည့် သဘောကို သတိပြု၍…

ဝိမိတို့ တတ်ကျွမ်းထားသော ပြည်သူ့အကျိုးပြု မှန်ကန်သော လက်တွေ့ ပညာရပ်များကို အသက်နှင့်ခန္ဓာ တည်မြဲနေစဉ် ခဏ၌ နောက်လေရာဘဝ ပညာပါရမီ ရင့်သန်ကြစေရန် ပညာဖြန့်ချိရာ မဂ္ဂဇင်းတိုက်များသို့ ရေးသားလှူဒါန်း ပေးပို့ကြရန် လိုအပ်ပေသည်'

တဲ့။ ကျွန်တော်က ဒီစာကြောင်းလေးကို ဖတ်ပြီး သဘောကျ မှတ်သားမိတယ်။

စကားအစပ်မရှိ ဒီ စာရေးနေတဲ့ ကျွန်တော့် အကြောင်းကို နည်းနည်း ပြောပါရစေ။ ကျွန်တော်တို့ အိမ်မှာ ကျွန်တော်နဲ့ ကျွန်တော့်အစ်ကိုကြီး နှစ်ယောက် ရှိတယ်။

အစ်ကိုကြီးက အင်္ဂါရတ်၊ ဓာတ်၊ ဝိဇ္ဇာတွေကို ဝါသနာပါတယ်။ သူ့မှာ အမြဲတမ်း ဓာတ်ခန်းထဲက ထွက်တယ်လို့ မရှိလှဘူး။ တစ်နေကုန် တစ်နေခန်း ဓာတ်ခန်းနဲ့သာ အချိန်ကုန်လေ့ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကတော့ အဲဒီလို မဟုတ်ဘူး။ စာအုပ်စာပေ ဆောင်းပါးတွေ ဖတ်ရှုရတာနဲ့ စာရေးရတာကို ဝါသနာပါတယ်။ ကျွန်တော်က စာကြည့်စားပွဲနားက ခွာတယ် မရှိဘူး။ အမြဲတမ်း စာအုပ်ကိုသာ ဖတ်လေ့ရှိတယ်။ သတ္တဝါအမျိုးမျိုး အလိုအဖျာသယ အမျိုးမျိုးပေါ့။ လူဆိုတာ သူ့သဘော သူ့သဘာဝနဲ့သူ လာတာ မဟုတ်လား။

အိမ်မှာ အစ်ကို ဖတ်လေ့ရှိတဲ့ စာအုပ်တွေကတော့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းစာအုပ်တွေပါပဲ။ ဒီမဂ္ဂဇင်းထဲမှာ သူ သိချင်တဲ့ အင်္ဂရတ်ပညာရပ်တွေကလဲ ပါတာကိုး။ သူ့အလို သူ့အကြိုက် သူ့စရိုက်နဲ့ သူပေါ့။

ဒီနေ့တော့ အစ်ကိုကြီးက ကျွန်တော့်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ဆောင်းပါးလေး တစ်ပုဒ် ထည့်ချင်တယ်လို့ ပြောတယ်။

အစ်ကိုကြီးကလဲ သူ သိမှတ်ထားတဲ့ အင်္ဂရတ်ပညာရပ်လေးတွေကို အင်္ဂရတ်ပရိသတ်တွေ သိစေချင်ပုံရပါတယ်။ ဆရာဦးကျော်လင်း ရေးတဲ့ ဆောင်းပါးလေးကိုလဲ ဖတ်မိဟန် တူပါတယ်။

ကျွန်တော်ကိုယ်တိုင်ကလဲ ဦးကျော်လင်း ရေးတဲ့ ဆောင်းပါးလေးကို ဖတ်ပြီး…

'ကိုယ်သိတဲ့ အကြောင်းအရာ အများသိအောင် စေတနာနဲ့ လုပ်ဆောင်ရမယ်'

ဆိုတဲ့ သင်ခန်းစာလေး ရထားတော့…

'အစ်ကိုကြီးက အင်္ဂရတ်အကြောင်း ရေးမှာလား'

လို့ မေးမိတယ်။

နောက် ထပ်ဆင့်ပြီး…

'အစ်ကိုကြီး သိပြီး၊ အစ်ကိုကြီးရေးချင်တဲ့ အကြောင်းအရာကို ကျွန်တော့် ပြောပြလေ၊ ကျွန်တော် ရေးမယ်'

လို့ ပြောလိုက်တယ်။

အဲဒီတော့ အစ်ကိုကြီးက သူသိတဲ့ **သွပ်ဖမ်းနည်းလေးအကြောင်း** ပြောပြတယ်။ ဒီ သွပ်ဖမ်းနည်းဆိုတဲ့ အကြောင်းလေးကို အစ်ကိုကြီးကနေ ကျွန်တော်က တစ်ဆင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အင်္ဂရတ် ဝါသနာရှင်တွေကို ရေးသားတင်ပြလိုက်ရပါတယ်။

အခုပြောမယ့် သွပ်ဖမ်းနည်းကို ကွယ်လွန်ဆုံးပါး



သွားပြီဖြစ်တဲ့ အင်္ဂရတ်ဝါသနာရှင် တစ်ဦးဆီက ရခဲ့တာပါ။ **၁၃၅၃ ခုနှစ်ခန့်ကပါ။** အဲဒီတုန်းက ကျွန်တော် **ကနီမြို့နယ်၊ ငါးဖျက်ရွာကို** ရောက်နေတာပါ။

အဲဒီရွာမှာ **အင်္ဂရတ်ပညာရှင် ဦးရွှေဆောင်**ဆိုတဲ့ လူကြီးရှိတယ်။ ကျွန်တော်ကလဲ အင်္ဂရတ်ပညာကို ဝါသနာပါလေတော့ ဦးရွှေဆောင်ဆီကို လေ့လာရင်း၊ ရှာဖွေရင်း ရောက်ခဲ့တာပေါ့။

ကျွန်တော်တို့ အင်္ဂရတ်ပညာ ဝါသနာပါသူတွေ ပြောကြရင်း ဆွေးနွေးကြရင်းနဲ့ တစေ့တစောင်း သွပ်ဖမ်းနည်းလေးအကြောင်းကို မှတ်သားမိခဲ့တာပါ။

အင်္ဂရတ်ထိုးတယ် ဆိုတာ **ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော**လို့ ခေါ်တဲ့ ဓာတ်ကြီးလေးပါး ညီညီမျှမျှ ပေးနိုင်မှ အဝိဇ္ဇာနဲ့ပြောက်တဲ့ နိဗ္ဗာနဓာတ် ဖြစ်နိုင်တာ မဟုတ်လား။ ဒီအချက်လေးကို အင်္ဂရတ်ထိုးမယ့် အင်္ဂရတ်ဝါသနာရှင်တိုင်းက သတိပြုရမှာ ဖြစ်ပါတယ်။

ထားပါ… ရှည်ရှည်ဝေးဝေး မပြောတော့ဘဲ ဒီ သွပ်ဖမ်းနည်းအကြောင်းကိုသာ ပြောကြရအောင်ပါ။

သွပ်ကို ဖမ်းမယ်ဆိုတော့ အရင်ဆုံး သွပ်ကို ရအောင် ရှာရပါမယ်။

**လက်နှိပ်ဓာတ်မီးထဲမှာ ထည့်အသုံးပြုတဲ့ ဓာတ်ခဲရဲ့ အခေါ်ယံ အကာတွေကို ခွာလိုက်ရင် သွပ်သားကို တွေ့ရပါတယ်။**

အတွင်းထဲက သွပ်ကိုသာယူပြီး ဓာတ်ပစ္စည်းတွေကို ထုတ်ပစ်ရပါတယ်။

**ရလာတဲ့သွပ်ကို အရည်ဖျော်ပြီး ငါးမြောင်း(ငါးခြမ်းစိတ်မြောင်း)လေးထဲ လောင်းထည့်ရတယ်။ ငါးကြိမ်လောက် လောင်းထည့်လိုက်တဲ့အခါ သွပ်သားကောင်းကောင်း ရပါပြီ။**

ရတဲ့သွပ် တစ်ကျပ်သားခန့်ကို နံပါတ်(၈)လုံးမှာ

စာမျက်နှာ (၁၇၀) သို့



www.burmeseclassic.com

www.burmeseclassic.com







အကျိုးရှိသော စကားပိုင်းမှ သိသင့်သိထိုက်သော

# စိုက်ပျိုးရေးပညာများ

ကာသာ သင်းမြွှေး

စာရေးသူသည် (၁၂-၉-၂၀၁၈)ရက်နေ့က ဇရပ်ဆောက်ပြီး ရေစက်ခမည့် ''ကုန်းဖဲ''ဟု ခေါ်သော နေရာသို့ အလှူရှင်နှင့်အတူ ရောက်သွားခဲ့ပါသည်။

**''ကုန်းဖဲ''**သည် ရွာမဟုတ်ပါ။ မိုးတားကြီး၊ နမ့်စမ်း၊ ဆူးပုပ်ကုန်း၊ ဟဲနားရွာများမှ ကြံခေတ်ထချိန်က နယ်မြေချဲ့ထွင်ပြီး စိုက်ပျိုးနေကြခြင်းဖြစ်၍ ထိုနေရာဒေသကို **''ကုန်းဖဲ''**ဟု ခေါ်တွင်နေကြခြင်းဖြစ်သည်။

ကြံခင်းခေတ် မဟုတ်တော့သောအခါ မစိုက်ပျိုးဘဲ ပစ်ထားသော ကြံခင်းများ ရှိသလို မြေပြန့်နေရာများတွင် လယ်စိုက်ကြပြန်သည်။

ယခု ပြောင်းခေတ် ဖြစ်လာပြန်တော့ ပြောင်းစိုက်ကြပြန်သည်။ ကြံခင်း မဖျက်ချင်သူများက ကြံကြိတ်ကြသည်။

ဤသို့ဖြင့် တစ်နှစ်ပတ်လုံး လည်ပတ်နေသဖြင့် ကုန်းဖဲတွင် အခြေချနေကြသလို ဖြစ်နေသည်။

လယ်သိမ်းပြီး ရက်ပိုင်းမျှသာ ရွာသို့ ပြန်ကြသည်။ တစ်ဖန် ကုန်းဖဲသို့ ပြန်ရောက်ပြီး လယ်လုပ်စရာရှိတာ လုပ်ကြရပြန်သည်။ ဤသို့ တစ်နှစ်လုံးနီးပါး တောထဲလိုက် အခင်းကွက်၊ လယ်ကွက်များ၌သာ အချိန်ကုန်ကြရသည်။

တစ်နေ့ နေ၍မှ ဘုန်းကြီး မတွေ့ရ၊ ဆွမ်းမလောင်းရ၊ အကြောင်းကြီးငယ်ရှိပြန်လည်း ဘုန်းကြီး ပင့်စရာမရှိ ဖြစ်နေသည်။

ထို့ကြောင့် ကုန်းဖဲတွင် ရောက်နေကြသူတို့က ဝေပေါင်တောရကျောင်းဆရာတော်အား ဘုန်းကြီးတစ်ပါး ထားပေးရန် လျှောက်ထားကြပြီး တစ်ပါးနေကျောင်းလေးတစ်ကျောင်း ဆောက်လုပ်ပေးထားသည်။

ဖားအောက်ဆရာတော်ကြီး၏မူအရ ဆွမ်းခံထွက်၏။ ဆွမ်းကွမ်းဝေယျာဝစ္စ ဆောင်ရွက်ပေးပါမည်ဟု လျှောက်ထားသော်လည်း မရပါ။



www.burmeseclassic.com

တစ်ပါးနေကျောင်း ရှိသော်လည်း ဇရပ် မရှိပြန်သေးသဖြင့် နမ့်စမ်းရွာမှ ဦးမာတူးက ဇရပ်တစ်ဆောင်ဆောက်ပြီး ရေစက်ချပွဲ ပြုလုပ်ပါသည်။

ထို့ကြောင့် စာရေးသူ ရောက်သွားခြင်း ဖြစ်သည်။ ဦးမာတူးသည် ကချင်တိုင်းရင်းသား ဖြစ်သော်လည်း ဗုဒ္ဓဘာသာဝင် ဖြစ်သည်။ ဇနီးဖြစ်သူမှာ ကဒူးတိုင်းရင်းသူ ဖြစ်သည်။

ကုန်းဖဲသို့ရောက်ပြီးသော် မိန်းမများက ဟင်းချက်ရန် ကြက်သွန်သင်၊ ဟင်းရွက်သင် စသည်ဖြင့် အလုပ်များနေကြသလို… ယောက်ျားကြီးများက ပါလာသော ဝက်သား၊ ကြက်သားတို့ကို ဟင်းချက်ရန် တုံးတစ်နေကြသည်။

တချို့ကလည်း ကနားဖျင်းတဲထိုးကြသည်။ အားနေကြသော လူကြီးများက စကားဝိုင်းဖွဲ့ ပြောကြသည်။

စာရေးသူက ဘာမှ လုပ်စရာ မရှိသူဖြစ်၍ စကားဝိုင်းတွင် ထိုင်မိလျက်သား ဖြစ်သွားပါသည်။

ထမင်းဟင်းချက်ကြသည်မှာ ကျောင်းနားရှိ အခင်းတဲနားတွင် ဖြစ်သည်။ ကျောင်းဝင်းထဲရှိ ဇရပ်ကို မနက်ဖြန်ရေစက်ချမည်ဖြစ်၍ လိုအပ်သည်များကို လုပ်သူက လုပ်ကြဖြင့် အလုပ်ရှုပ်နေကြပါသည်။

တွေ့ကြဆုံကြတုန်း စကားပြောဖြစ်ကြသည်ဖြစ်၍ တစ်ယောက်နှင့်တစ်ယောက် ဆုံမိကြလျှင် မည်သို့ပြောကြသည်ကို မှတ်မိသလောက် ပြောကြသည့်အထဲမှ စိုက်ပျိုးရေးအတွက် အသုံးဝင်မည့် ဗဟုသုတများကို အထူးဦးစားပေး ရေးပြပါမည်။

'ဟုတ်တယ်ဗျာ၊ ကျုပ်တို့ဆီက အအေးပိုင်းဆိုလို့ ကျုပ် ကွမ်းခြံလုပ်မလို့ စိတ်ကူးသေးတယ်။ ဒါပေမယ့် ဆောင်းကာလ နှင်းက တအားကျတာ အုန်းလက်တွေ အုပ်ထားရုံနဲ့ မရဘူး။ မိုးကာအုပ်ပြန်ရင်လဲ နေရောင် မရနိုင်ဘူး။

ကွမ်းက ဟင်းလင်းပြင် မကြိုက်ပေမယ့် နေပြောက်ထိုးတာကိုတော့ ကြိုက်တယ်။ မိုးရေ၊ နှင်းရေက ရွက်ဆစ်တွေကြား ရောက်သွားရင် ကွမ်းပင်က ပုပ်လိုက်လာတာ အတော်ကို ဂရုစိုက်နိုင်မှ။

ပြီးတော့ အသန့်လဲ ကြိုက်တယ်။ **ဆားခါတ်ပါတဲ့**



**အငန်ဆိုရင် မရဘူး။**

ကြားဖူးတာပြောရင် **ကွမ်းခြံထဲကို မိန်းမ ဝမ္မတာလာနေရင်တောင် မဝင်ရဘူးတဲ့ဗျ'**

ဟု ဦးသာညိုမှ စကားရှည်ရှည်ပြောပြီး ရပ်လိုက်သည်။

'ဘာပင်စိုက်စိုက် ပိုးသတ်ဆေးသုံးနိုင်မှပါ။ ပြီးတော့ မြေဩဇာလဲ ထည့်ရသေးတယ်။ မြေဩဇာက မြေအမျိုးအစား ခွဲခြားတတ်မှ ကောင်းတာ။ မခွဲခြားတတ်ဘဲ ရမ်းသမ်းပြီး ထည့်လို့မရဘူး။

ကိုယ့်ဘေးနားက အခင်းက ထည့်တဲ့ မြေဩဇာ ထည့်တိုင်း ကောင်းချင်မှ ကောင်းတာ၊ ကိုယ့်အခင်း တစ်ကွက်တည်းမှာတောင် မြေချင်းက တူတာ မဟုတ်ဘူး'

ဟု ပြောပြန်ပါသည်။

'ကျွန်တော်ကတော့ ပိုးသတ်ဆေးကို ကိုယ့်ဘာသာ ဖော်စပ်ပြီး သုံးတယ်။ မြေတွင်းအောင်းရော ရွက်ဖျန်းပါမကျန် အပင်မှာကပ်တဲ့ ပိုးကောင်ဟူသမျှ သုံးလို့ရတယ်။ အပင်အားဆေး၊ အသီးအရွက်အတွက် အားဆေးတော့ မဟုတ်ဘူး'

www.burmeseclassic.com







ဟု ဦးညွန့်ဝင်းက ပြောရာ…

'ဘာတွေနဲ့ ဖော်စပ်တာလဲ ပြောစမ်းပါ'

ဟု နားထောင်နေသူ ဦးသောင်းညွန့်က မေးပါသည်။

စာရေးသူကတော့ ပြောသမျှတွေကို ဦးနှောက်ထဲက လိုက်မှတ်နေပါသည်။ ဗဟုသုတဖြစ်ပါသည်။

'ဆပ်ပြာမှုန့်(၁)ထုပ်၊ ရှိန်းဒို(၅)ကျပ်သား။ ဆေးခေါင်း (ဆေးရွက်ကြီး) (၁၀)ကျပ်သားကို ရေ(၁)ဂါလန်နဲ့ ရောပြီး (၃)ရက် အပုပ်ခံပြီး စိမ်ထား၊ ပြီးမှ အပင်ကို ဖျန်း။

ဆေးရွက်ကြီးက ကွမ်းစားဖို့ အသင့်ပြင်ထားတဲ့ ဆေးရွက်ကြီး မဟုတ်ဘူး။ အရိုးပါ ပါတဲ့ ဆေးရွက်ကြီးကို ပြောတာ၊ ဆပ်ပြာမှုန့် က အီလန်အထုပ်က ပိုကောင်းတယ်'

ဟု ဦးညွန့်ဝင်းက သူ့ဆေးနည်းကို ပြောပြပါသည်။

'မဖောက်ထုံးလဲ မပါဘူးလား'

ဟု တစ်ယောက်က မေးပါသည်။

'မဖောက်ထုံးက ပိုးမကပ်အောင် ကာကွယ်တာပါ။ သရက်ပင် လက်မောင်းလုံးလောက်ရှိရင် မဖောက်ထုံး ကို ရေဖျော်ပြီး ပင်ခြေက စ,ပြီး သုတ်ထားကြတယ်။ သရက်ခြံတိုင်းမှာ မဖောက်ထုံး သုတ်ထားတာ တွေ့ ကြမှာပါ'

ဟု တစ်ယောက်က ဝင်ထောက်ပါသည်။

'ကားလမ်းဘေး သစ်ပင်ကြီးတွေမှာ ထုံးသုတ်ထား တာ တွေ့ရတယ်။ ဒါက ညအခါ ကားတွေ သွားလာ ကြတော့ ကားမီးနဲ့ သစ်ပင်တွေနဲ့ ပင်စည်ကို ထင်ထင် ရှားရှားမြင်ရတယ်။ လူတွေ ကပ်နေရင်လဲ ကွင်းကွင်း ကွက်ကွက် ပေါ်တယ်'

'ဟုတ်ပါပြီ…ဆပ်ပြာမှုန့်က ဘာကောင်းတာလဲ'

'ဆပ်ပြာမှုန့်မှာတော့ စတစ်ဆိုဒါ ပါတယ်လေ။ သူက ပိုးသေစေတယ်။ အထည်တွေမှာ ကပ်နေတဲ့ ပိုးသေ တယ်။ အရောင်ကို ချွတ်တယ်။ ကြေးချွတ်တာပေါ့ဗျာ'

ဟု တစ်ယောက်က ဝင်ထောက်သလို နောက်တစ် ယောက်ကလည်း…

'ဆေးရွက်ကြီးဆိုတာ လူတောင် အနံ့ရရင် မူးထုသွားတတ် တာ၊ ဒါကြောင့် ပိုးကောင်တွေက ဆေးရွက်ကြီးနံ့ရတော့ မကပ်နိုင်ဘူးပေါ့'

ဟု အခြားသူတစ်ယောက်က ဝင်ပြောပြန်သည်။

'ရှိန်းဒိုကိုလဲ ပိုးက ကြောက်တာပဲ။ အုန်းပင်၊ သရက်ပင်၊ စားပင်တွေ ပိုးကျလို့ အရွက်တွေ ခြောက်နေရင် ပင်စည်မှာ ကျပ်ဝိုင်းလောက် လွန်နဲ့ဖောက်ပြီး ရှိန်းဒို များများထည့်ပြီး ပြန် ပိတ်ထားရင် သေချင်နေတဲ့ အပင် မသေတော့ဘူး။ ဒါကြောင့် ရှိန်းဒိုကလဲ အစွမ်းထက်တာပဲ'

ဟု ဦးမြင့်ထွန်းက ဝင်ပြောပါသည်။

ထို့နောက် လယ်သိမ်းပြီးလျှင် မြေပဲစိုက်ကြ၊ မြေထောက်ပဲစိုက်ကြ စသည်ဖြင့် မိမိလုပ်ငန်း အကြောင်း ပြောကြပါသည်။

သို့ဖြစ်၍ ထိုစကားဝိုင်းတွင် စာရေးသူ နားထောင်ရ သည်မှာ ဗဟုသုတလည်းဖြစ်၊ သူသိ ကိုယ်သိတာ တွေ ဆွေးနွေးဖလှယ်ကြသဖြင့် အမြင်ကျယ်စရာ ဖြစ် ပါသည်။

ထို့ကြောင့် အကျိုးရှိသော စကားဝိုင်းဟု တင်စား လိုက်ရပါသည်။

***အားလုံး အသိပညာဗဟုသုတများ***

***တိုးပွားကြပါစေ။***

**ကသာ သင်းမွှေး**



www.burmeseclassic.com

စာမျက်နှာ (၆၃)မှ အဆက်

လိုင်စင်ရသွားသည်။ အင်္ဂလိပ်ခေတ်မှာ ဖြစ်သည်။

မီးသွေး ရောင်းကောင်းလှသည်။ ရန်ကုန်သို့ ပို့ရာ ပို့မလောက်ပင် ဖြစ်ပြီး စီးပွားတက်လာ၏။

ယက္ကန်းစင်တောင် ဆရာတော်ကြီး အမိန့်အတိုင်း မန္တလေးတောင်ရှိ ရသေ့ကြီးဦးခန္တီထံသို့ သွားကြသည်။ ဦးခန္တီက မန္တလေးတောင်တွင် မရှိ။

ရွှေစက်တော်တွင် ဘုရားစောင်းတန်းတွေ လုပ်နေသဖြင့် ရွှေစက်တော်သို့ လိုက်သွားကြသည်။ ရသေ့ကြီးဦးခန္တီက ကျင့်စဉ်များ နည်းနာများပေးသည်။

ထို့နောက် ဘီလူးကျွန်း ချောင်းဆုံသို့ ပြန်လာပြီး ရွှေမြင့်မိုရ်စေတီကြီး ပြုပြင်သည်။ ကိုးခန်းကြီး တန်ဆောင်းကြီးကို သံဖြင့် တည်ဆောက်သည်။ ရွှေမြင့်မိုရ်တောင်ကြီး၏ ပတ်လည်တွင်...

- ရပ်တော်မူဘုရားကြီး။
- ထိုင်တော်မူဘုရားကြီး ၊
- လျောင်းတော်မူဘုရားကြီး။
- ကြေးသွန်းဘုရားကြီး

စသည့်လေးဆူကို ခံ့ခံ့ညားညား တည်ထားကြလေသည်။

## ကြေးသွန်းဘုရားကြီး

## ရေထဲမြုပ်သွားခြင်း

ချောင်းဆုံမြို့ မြင့်မိုရ်တောင်စေတီ၏မျက်နှာစာ တောင်ခြေက အနည်းငယ် အတက်လမ်းတွင် ရွှေမြင့်မိုရ် ကြေးသွန်းဘုရားကြီး တည်ရန် ပြင်ဆင်ပြီး ကြေးသွန်းဘုရားကြီးကို မန္တလေးမှာ သွန်းလုပ်ပါသည်။

ယက္ကန်းစင်တောင် ဆရာတော်




▲ ချောင်းဆုံမြို့မြေပုံ

ကြီး၏ လမ်းညွှန်မှုဖြင့် ရသေ့ကြီး ဦးခန္တီက ဦးဖိုးကြည်+ဒေါ်ဖွားခင်တို့ အတွက် လုပ်ဆောင်ပေးခြင်း ဖြစ်ပါသည်။

မန္တလေး မဟာမြတ်မုနိဘုရားကြီး ပုံစံတူ ဖြစ်ပါသည်။ ဘုရားကြီးပြီး စီးသွားသောအခါ မန္တလေးမှ ဘီလူးကျွန်းသို့ ရေလမ်းခရီးဖြင့် သယ်ဆောင်ပင့်ခဲ့ပါသည်။

ထိုအချိန်တွင် ရာသီဥတု မိုးလေးများ တိုက်ခတ်ခြင်းနှင့် ဆုံတွေ့သွားသဖြင့် လှေစောင်း၍ ဘုရားကြီး ရေထဲ နစ်မြုပ်သွားပါသည်။

ဦးဖိုးကြည်+ ဒေါ်ဖွားခင်တို့လည်း ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ နောက်ဆုံးတော့ ယက္ကန်းစင်တောင် ဆရာတော်ကြီးကို တမ်းတကန်တော့ပွဲ ဆက်ကပ် လျှုဒါန်း ဆုတောင်းလိုက်မှ လွယ်ကူစွာ ပြန်ဆယ်၍ ရခဲ့ပါသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ခင်ခင်ဝင်း(မောရဝတီ)**

www.burmeseclassic.com



# ဝေရခြားဝေဖြခြား ရောက်နေသူများအတွက်

အောင်နေခွဲ (ကျိုက်လတ်)





တစ်နေ့သ၌ ကျွန်ုပ်၏ ဗေဒင်ဟောခန်း တည်ရှိရာ ကျွန်ုပ်၏ အိမ်ဂေဟာဆီသို့ အသက်(၃၀)ကျော်ခန့် အသားဖြူဖြူ ရုပ်ရည်သန့်သန့်ရှိသော ညီအစ်မနှစ်ဦး သည် ဗေဒင်လာရောက်မေးမြန်းကြလေ၏။

ညီအစ်မနှစ်ဦးဟု တန်းသိရခြင်းမှာ ရုပ်ရည်ချင်း အတော်အတန် တူနေသောကြောင့်ပင်ဖြစ်၏။ သူတို့ နှစ်ဦးသည် အိမ်တံခါးဝတွင် ကျွန်ုပ်၏ ဇနီးဖြစ်သူအား…

'ဆရာ…ရှိလား'

ဟု မေးမြန်းကာ အိမ်ပေါ်သို့ တက်လာကြပြီး အစ်မဖြစ်သူသည် ညီမဖြစ်သူအား ဦးစားပေးကာ အရင် မေးမြန်းစေ၏။

ထို့ကြောင့် ညီမဖြစ်သူသည် ဗေဒင်ဟောပြောရာ ခုံရှေ့တည့်တည့်တွင် ဝင်ရောက်ထိုင်လိုက်ပြီး ဉာဏ် ပူဇော်ခကို တရိုတသေ တင်လိုက်၏။

အစ်မဖြစ်သူက သူ၏ဘေးနား ကပ်လျက်တွင် ဝင် ထိုင်လိုက်၏။

'ကျွန်မရဲ့ ယောက်ျားကို တွက်ချင်လို့ပါ ဆရာ'

ဟု ဆိုလာသဖြင့် ကျွန်ုပ်သည် **ခုနစ်သင်္ကရာဇ်များ** မေးမြန်းကာ တွက်ချက်လေ၏။

ထိုသို့ တွက်ချက်ရာတွင် သူမခင်ပွန်း၏ မွေးနံသည် ရပ်ဝေးဒေသကို ညွှန်းဆိုသော **တိုင်ခြေဌာန**တွင် ရောက်ရှိနေပြီး **ဖေယျဂြိုဟ်ကြီး** ကပ်နေသည်ကို ဝမ်းသာစရာ တွေ့ရှိလိုက်ရ၍…

'ဒီကညီမယောက်ျားက ရပ်ဝေးမှာ အစစ အရာရာ တော်တော် အဆင်ပြေနေတယ်လို့ ပြနေပါတယ်'

ဟု ဟောဆိုလိုက်ရာ သူမသည် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ပြီး မျက်နှာပြင်သည် ဝင်းပသွားလေ၏။

'ဟုတ်ပါတယ်ရှင်…ယောက်ျားက မလေးရှားမှာပါ။ ဆရာပြောသလိုပါပဲ တော်တော် အဆင်ပြေပါတယ် ဆရာ။ ဒါပေမယ့်… မလေးရှားနိုင်ငံက ဆရာသိတဲ့ အတိုင်းပဲလေ လုံခြုံစိတ်ချရမှု မရှိဘူး။

မြန်မာနိုင်ငံမှာ ရှုတ်ရှုတ်ရှုတ်ရှုတ်ဖြစ်ရင် ဟိုမှာက မြန်မာတွေကို ပစ်မှတ်ထားပြီး တိုက်ခိုက်နေတာဆိုတော့ ရင်မအေးရဘူး ဆရာရယ်…အဲဒါ သူ့အတွက် ဒီနိုင်ငံ ကနေ ကိုယ့်ဆီက ယတြာတွေ လုပ်ပေးချင်ပါတယ် ဆရာ။ အဲဒီယတြာကိုပဲ လိုချင်ပါတယ်'

'ဪ…အေး…အေး ဒါက လွယ်ပါတယ် ညီမရယ်… ခင်ပွန်းဖြစ်သူရဲ့ အင်္ကျီကို ကိုယ့်ပခုံးပေါ်တင်ပြီး နေ့စဉ်နေ့တိုင်း မေတ္တာပို့ပေးရမယ်။

သရဏဂုံသုံးပါးကို ပုတီးစိပ်ပေးမယ်၊ ဘုရားဂုဏ်တော်ကိုးပါးကို သက်စေ့ ရွတ်ပေးမယ်၊ ၂၄ ပစ္စည်း ပဋ္ဌာန်းအကျဉ်းကို သက်စေ့ ရွတ်ပေးမယ်ဆိုရင် ဟိုကလူ ဘေးကင်းရန်ကင်း အန္တရာယ်ကင်း ပြီး အဆင်ပြေမှာပေါ့။ အဲဒါကိုပဲ နေ့တိုင်း လုပ်ပေးပါ'

'အဲဒါက ကျွန်မ လုပ်ပေးနေကျပါ ဆရာ၊ ဂုဏ်တော် ကိုးပါးတစ်ခုကိုပဲ သက်စေ့ မရွတ်ဖြစ်တာပါ။ မေတ္တာ ပို့တာ ပုတီးစိပ်တာ၊ ပဋ္ဌာန်းရွတ်ပေးတာတို့ကတော့ နေ့တိုင်း လုပ်ပေးပါတယ် ဆရာ။ ဒီထက်ပိုကောင်းတဲ့ ပိုထူးခြားတဲ့ အစီအရင် ပေးပါဦး ဆရာရယ်၊ ပိုပြီး စိတ်ချ စိတ်အေးချင်လို့ပါ'

'အေး ဒါဆိုရင်တော့ တစ်လကို တစ်ကြိမ် သူ့ရဲ့ မွေးရက်မှာ လုပ်ပေးရမယ်။ ဥပမာ သူ့မွေးရက်က အင်္ဂလိပ်လို (၁၀)ရက်နေ့





www.burmeseclassic.com

www.burmeseclassic.com

ဆိုပါတော့ လစဉ်(၁၀)ရက်နေ့ ရောက်ပြီဆိုတာနဲ့ မနက်ပိုင်းမှာ... သူက အင်္ဂါသားဆိုတော့ ထောပတ်ထမင်း (ဒါမှမဟုတ်) ဒံပေါက်ကို အိမ်က ဘုရားကို ကပ်လှူရမယ်။

ပြီးရင် ကိုယ်ရွတ်ဖတ်နေကျ ပရိတ်တွေ၊ ပဋ္ဌာန်းတွေ ရွတ်ဖတ်ပူဇော်... ပုတီးတွေဘာတွေလဲ စိပ်နေကျအတိုင်း စိပ်ပေါ့။

ပြီးရင် ဆွမ်းခံကြွလာတဲ့ သံဃာတော်တွေကို ထောပတ်ထမင်း လောင်းလှူပြီးရင် တန်ခိုးကြီး ဘုရားတစ်ဆူဆူကိုသွား။ သူက အင်္ဂါသားဆိုတော့ သူ့ရဲ့ အမြစ်နံ့ ပင်စည်နံ့ အညွန့်နံ့ အနံ့ (သုံးမျိုး(၃)ခုဖြစ်တဲ့) တနင်္လာအရပ်ရယ်၊ အင်္ဂါထောင့်ရယ်၊ ဗုဒ္ဓဟူးအရပ်ရယ်...အဲဒီ အရပ်,ထောင့်(၃)ခုမှာ ပန်းပေါင်းစုံကို ဝေဝေဆာဆာ လှလှပပ ပူဇော်ပေးရမယ်။

ပန်း (၅)မျိုး၊ (၇)မျိုး၊ (၉)မျိုး တစ်မျိုးမျိုး ပူဇော်ရမယ်။ ပန်းတစ်မျိုးကို ဘယ်နှပွင့်ဖြစ်ဖြစ် ရပါတယ်။ အဲဒီ အစီအရင်ကို တစ်လကို တစ်ကြိမ် သူ့မွေးရက်ရောက်တိုင်း လုပ်,လုပ်ပေးရမယ်။ တစ်လလုံးမှာမှ တစ်ရက်ပဲ လုပ်ပေးရမှာပါ။ အလုပ် မရှုပ်ပါဘူး။ အဲဒီရက်ကိုတော့ မမေ့စေနဲ့ပေါ့'

'ဟုတ်ကဲ့ ဆရာ...မမေ့စေရပါဘူး။ မှန်မှန် လုပ်ပေးပါ့မယ်'

ထို့နောက် ကျွန်ုပ်သည် ထုံးစံအတိုင်း ဆောင်ရန်၊ ရှောင်ရန်များနှင့် ပြုလုပ်ရမည့် အညွှံ့ချေယတြာ၊ ကံပွင့်,ကံမြင့်ယတြာတို့ကို ဆက်လက် ပြောပြပေးလိုက်ပါ၏။

ထို့နောက် မေးမြန်းမှု ပြီးစီးသွား၍ ညီမဖြစ်သူက နေရာဖယ်ပေးရာ အစ်မဖြစ်သူသည် ပေဒင်ဟောပြောရာ ခုံရှေ့တည့်တည့်တွင် နေရာယူဝင်ထိုင်လိုက်ပြီး ဉာဏ်ပူဇော်ခကို လက်နှစ်ဖက်ဖြင့် တင်လိုက်၏။

ညီမဖြစ်သူက ဘေးကပ်လျက်နားတွင် ပြန်ထိုင်လိုက်၏။

'ကျွန်မလဲ ကျွန်မယောက်ျားကို တွက်ချင်လို့ပါ ဆရာ'

ဟု ဆိုလာသဖြင့် ကျွန်ုပ်သည် **ခုနစ်သက္ကရာဇ်များ** မေးမြန်းကာ တွက်ချက်ရလေ၏။

ဆန်းတိုင်ထုပြီးသောအခါ သူမခင်ပွန်း၏ မွေးနံသည် တိုက်တိုက်ဆိုင်ဆိုင်ပင် **တိုင်ခြေဌာနတွင် ရပ်တည်နေ** သည်ကို တွေ့လိုက်ရပြီး ကပ်ဂြိုဟ်မှာကား **ကောဇာ၏ မရဏာဂြိုဟ်ကြီး ကပ်နေသည်ကို** စိတ်ထဲ မကောင်းစွာဖြင့် တွေ့ရှိလိုက်ရလေ၏။



ထို့ကြောင့် ကျွန်ုပ်သည်...

'ဒီက ညီမကြီးယောက်ျားက ရပ်ဝေးဒေသတွေဘာတွေ အကျိုးမပေးဘူး။ တစ်ရပ်တစ်ကျေးမှာ ရန်ပေါ်တာတို့၊ ကျန်းမာရေးညံ့တာတို့ ဖြစ်တတ်တယ်။ ဂရုစိုက်ရမယ်'

ဟု ဟောဆိုလိုက်ရာ သူမ၏မျက်နှာသည် ညှိုးငယ်သွားပြီး...

'ဟုတ်ပါတယ် ဆရာ၊ သူကလဲ မလေးရှားမှာပါပဲ။ (ဘေးက ညီမဖြစ်သူကို မေးထိုးပြလိုက်ပြီး) ညီမလေးယောက်ျားနဲ့က အလုပ်ဌာနချင်း မတူဘူး။ ကျွန်မယောက်ျားက စိတ်ဆတ်တယ်ဆရာ။ ဟိုမှာ ရန်လဲခဏခဏဖြစ်တယ်။ ဒီကြားထဲ ဆရာပြောသလို ကျန်းမာရေးကလဲ ချူချာတယ်။ အဲဒါ ကျွန်မ ဒီကနေ ယတြာ လုပ်ပေးချင်လို့ပါ'

'အေး...ဒါဆိုရင် ခုနကပြောခဲ့သလိုပဲ သူ့အင်္ကျီကို ပခုံးပေါ်တင်ပြီး နေ့တိုင်း မေတ္တာပို့ပေးရမယ်၊ သရဏဂုံသုံးပါးကို ပုတီးစိပ်ရမယ်၊ ဂုဏ်တော်ကိုးပါးနဲ့ ပဋ္ဌာန်းအကျဉ်းကို သက်စေ့နေ့တိုင်း ရွတ်ဖတ်ပေးရမယ်'

'ဟုတ်ကဲ့ပါ ဆရာ၊ လုပ်ပါ့မယ်'

'ပြီးရင်...သူက အင်္ဂလိပ်လို ဘယ်နှရက်မွေးတာလဲ၊ ဥပမာ (၂၀)ရက်နေ့မွေးတယ်ဆိုပါတော့...**လစဉ်လတိုင်း (၂၀)ရက်နေ့** ရောက်ပြီဆိုတာနဲ့ မနက်ပိုင်းမှာ သူက ဗုဒ္ဓဟူးသားဆိုတော့ အိမ်က ဘုရားကို အိုဇာတင်း ကပ်လှူရမယ်။

ပြီးရင် ပရိတ်တွေ၊ ပဋ္ဌာန်းတွေရွတ်၊ ပုတီးလဲ စိပ်နေကျအတိုင်း စိပ်။ ပြီးရင်...ဆွမ်းခံကြွလာတဲ့ သံဃာတော်တွေကို အိုဇာတင်း ကပ်လှူရမယ်။ ပြီးရင်...တန်ခိုးကြီး ဘုရားတစ်ဆူဆူကို သွား။ ဗုဒ္ဓဟူးသားရဲ့ အမြစ်ထောင့်,အရပ်၊ ပင်စည်ထောင့်,အရပ်၊ အညွန့်ထောင့်,အရပ်တွေဖြစ်တဲ့ အင်္ဂါထောင့်၊ ဗုဒ္ဓဟူးအရပ်၊ ကြာသပတေးအရပ်တွေမှာ ပန်းခြောက်တွေစွန့်၊ အမှိုက်တွေရှင်း၊ တံမြက်စည်းတွေလှည်း လုပ်ပေတော့။

အဲဒီအစီအရင်ကို တစ်လ တစ်ကြိမ် သူ့မွေးရက် ရောက်တိုင်း





www.burmeseclassic.com

www.burmeseclassic.com



မပျက်မကွက် လုပ်ပေးပါ။ တဖြည်းဖြည်း အဆင်ပြေသွားပါလိမ့်မယ်'

'ဆရာ သူ့ကျတော့ ပန်းပေါင်းစုံ မလှူရဘဲ... ဘာဖြစ်လို့ အမှိုက်ရှင်း၊ တံမြက်စည်းလှည်း လုပ်ရတာလဲ ဆရာ'

'ဩော်... ဒါက ဒီလိုပါ။ ဟိုမှာ အလုပ်အကိုင်တွေ အထစ်အငေါ့ဖြစ်၊ အခက်အခဲတွေတွေ့၊ ကျန်းမာရေးတွေမကောင်း၊ အဲဒီလို အဆင်မပြေတဲ့ လူတွေကြတော့ အမှိုက်တွေရှင်း၊ တံမြက်စည်းတွေလှည်း လုပ်ခိုင်းရတာပါ။

**''အနိဋ္ဌ''ဖြစ်နေတဲ့သူကို ''အနိဋ္ဌ''ယတြာ လုပ်ခိုင်းတဲ့သဘောပါ။** အနုတ်နဲ့အနုတ် တွေ့တော့ အပေါင်း ဖြစ်သွားတဲ့ သဘောတရားပါ။

နောက်ပိုင်း သူ့ဆီက အဆင်ပြေလာပြီ၊ ကျန်းမာရေးတွေကောင်းလာပြီလို့ သတင်းစကားကောင်း ကြားလာရပြီဆိုရင်တော့ အမှိုက်ကောက်၊ တံမြက်စည်းလှည်းတာတွေရပ်ပြီး **ပန်းပေါင်းစုံ (၅)မျိုး၊ (၇)မျိုး၊ (၉)မျိုး** တစ်မျိုးမျိုးကို ဝေဝေဆာဆာနဲ့ အဲဒီ ထောင့်အရပ် (၃)ခုမှာ လှူပေးပေတော့။ ဒါပဲ ယတြာက။ တစ်လကို တစ်ရက်ပဲ လုပ်ရမှာ။ မေ့တော့ မမေ့စေနဲ့'

'ဟုတ်ကဲ့ပါ ဆရာ၊ မမေ့အောင် ဂရုစိုက်ပါ့မယ်'

'အဲ...နှစ်ယောက်စလုံးကို အရေးကြီးတာလေး ပြောဖို့ ကျန်နေသေးတယ်။ အဲဒါက ဘာလဲဆိုတော့ သူတို့ပို့လိုက်တဲ့ ပိုက်ဆံ ရွှေနဲ့စာတွေထဲကနေ ထိုက်သင့်သလောက် လှူဒါန်းတာတို့ ပေးကမ်းစွန့်ကြဲတာတို့ လုပ်လုပ်ပေး။ ကုသိုလ်ပြုပေး၊ ကုသိုလ် ဆက်ပေးရမယ်နော်။ အဲဒါကိုလဲ မမေ့ကြနဲ့နော်'

'ဟုတ်ကဲ့ပါ ဆရာ၊ ဩော်...ဒါနဲ့ဆရာ သရဏဂုံ သုံးပါးက ပုတီး ဘယ်နှပတ် စိပ်ရမှာလဲ'

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ တစ်လုံးချ (၁)ပတ်၊ ဓမ္မံ သရဏံ ဂစ္ဆာမိ တစ်လုံးချ (၁)ပတ်၊ သံဃံ သရဏံ ဂစ္ဆာမိ တစ်လုံးချ (၁)ပတ်၊ ဒုတိယမ္ပိမှာ ဗုဒ္ဓံ,ဓမ္မံ,သံဃံ သုံးကြောင်းဆိုတော့ (၃)ပတ်၊ တတိယမ္ပိမှာ ဗုဒ္ဓံ,ဓမ္မံ, သံဃံ သုံးကြောင်းဆိုတော့ (၃)ပတ် အားလုံးပေါင်း (၉)ပတ် စိပ်ရပါမယ်'

'ဟုတ်ကဲ့ပါ ဆရာ'



ထို့နောက် ညီအစ်မနှစ်ဦးသည် ပြုံးပြုံးရွှင်ရွှင် ရွှင်ရွှင်လန်းလန်းဖြင့် ကျွန်ုပ်အား နှုတ်ဆက်ကာ ပေါ့ပါးသော ခြေလှမ်းများဖြင့် ပြန်သွားကြလေ၏။

ကျွန်ုပ်သည်ကား နောက်ထပ် ဗေဒင်မေးရန် ရောက်ရှိလာသော ဘာသာခြား လူမျိုးကွဲတစ်ဦးအား ထပ်မံ၍ ဟောပြောပေးနေရလေတော့သတည်း။

နေ့သားအလိုက် လှူဒါန်းရမည့်ပန်း

**တနင်္ဂနွေသားသမီး** → မုန့်ဟင်းခါး
**တနင်္လာသားသမီး** → သစ်သီး(၆)မျိုး
**အင်္ဂါသားသမီး** → ဒံပေါက် (သို့) ထောပတ်ထမင်း (သို့) တို့ဟူးသုပ်
**ဗုဒ္ဓဟူးသားသမီး** → အိုဗာတင်း (သို့) လေမုန့်
**ကြာသပတေးသားသမီး** → ကြာဆံသုပ် (သို့) ခေါက်ဆွဲသုပ်
**သောကြာသားသမီး** → ဆီထမင်း(သို့) ဆီကြော်မုန့်
**စနေသားသမီး** → လက်ဖက်သုပ် (သို့) လက်ဖက်ရည်

**မှတ်ချက် ။ ။ ယင်းအစီအရင်ကို တစ်နယ်တစ်ကျေးတွင် ရောက်ရှိနေကြသော မိမိတို့၏ သားသမီးများ၊ ညီအစ်ကိုမောင်နှမများ၊ မိဘများ၊ ဦးလေး,အဒေါ်များ၊ မိတ်ဆွေများ... အစရှိသည်တို့အတွက်လည်း ဆောင်ရွက်ပေးနိုင်ပါသည်။**

***ဘဝအစစ လှကြပါစေ။***

**အောင်နန္ဒစံ(***ကျိုက်လတ်***)**



www.burmeseclassic.com

# ရွှေတူးဖော်ရေးလုပ်ငန်း

## အကျိုးပေးသော သင်္ကေတ


သရာကြီးဦးအောင်မြိုင် (ဥပဒေသွဲ့) လက္ခဏာဗေဒပညာသုတေသီ

ယခု ဆောင်းပါးနှင့်အတူ ပူးတွဲဖော်ပြလိုက်သော ညာလက်ဖဝါး ပုံစံပိုင်ရှင်မှာ **အသက်(၄၀)နှစ် ဝန်းကျင်ရှိ** အမျိုးသားတစ်ဦး ဖြစ်ပါသည်။

**"က" အက္ခရာနှင့်** ညွှန်ပြထားသည်မှာ အသက်လမ်း အဆုံးသောကြာ ဂြိုဟ်ခွင်နှင့် တနင်္လာဂြိုဟ်ခွင် တို့ကြား လက်ဖနောင့် အလယ်ပိုင်း၌ **ငါးကြင်းမြီး မင်္ဂလာ အခြံအရံသင်္ကေတ** အလွန် လှပစွာ တည်ရှိခြင်း ဖြစ်ပါသည်။


**ထိုသင်္ကေတသည် ရွှေငွေ ကျောက်မျက်ရတနာ စသည့် အလှအပ အဆင်တန်ဆာ တွင်းထွက်ပစ္စည်းတို့နှင့်လည်း ပတ်သက်ပါသည်။**

* * *



www.burmeseclassic.com






ရွှေနှင့် ကျောက်မျက် တူးဖော်ရေးလုပ်ငန်းဖြင့် ကြီးပွားချမ်းသာနေကြသော သူများတွင် ထိုသင်္ကေတများနှင့် ထင်ရှားပေါ်လွင်နေကြောင်း မကြာခဏ တွေ့ခဲ့ရဖူးသည်။

**"ခ"အက္ခရာဖြင့်** ညွှန်ပြထားသည်မှာ လက်သူကြွယ်လက်ချောင်းရင်းအနီးမှ တနင်္ဂနွေဂြိုဟ်ခွင်သို့ ကျဆင်းနေသော **ထောင်လိုက်မျဉ်း** ဖြစ်ပါသည်။ ယင်းကို **အောင်မြင်ရေးလမ်းနှင့် မှားတတ်ပါသည်။**

**ထိုလမ်းကြောင်းကို သိုက်မှလာသူ လူ့ဝင်စားလမ်း ဟု ရှေးက လက္ခဏာသုတေသီဆရာကြီးအချို့က သတ်မှတ်ခဲ့ပါသည်။**

ရွှေငွေကျောက်မျက်ဥစ္စာပစ္စည်းတို့ကို ယခုဘဝမှာ အလွယ်တကူ ရှာဖွေရရှိ စုဆောင်းမိသူ၊ ရှေးအတိတ်ဘဝကုသိုလ်ကံကြောင့် ယခုဘဝမှာ အချောင်ပွပေါက်တိုးသူတို့၏ လက္ခဏာတွင် မကြာခဏ တွေ့ရှိခဲ့ဖူးသည်။

**"ဂ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ **အသက်လမ်းကြောင်း၏ အသက်ပိုင်း (၃၅)မှ(၄၀)အတွင်း တိုးတက် ကံကောင်းမှု လမ်းတိုလေး တက်နေခြင်း** ဖြစ်ပါသည်။

**ထိုအသက်ပိုင်းအတွင်း လုပ်ကိုင်ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းများ အောင်မြင်တိုးတက်မည့် နိမိတ်ဖြစ်ပါသည်။**


* * * ⟶

အထက်ဖော်ပြပါ လက္ခဏာရှင်မှာ **ရွှေကျင်မြို့နှင့် ကျောက်ကြီးမြို့ကြား ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးနယ်စပ် တောတောင်အတွင်းမှာ ရွှေတူးဖော်ရေးလုပ်ငန်း လုပ်ကိုင်နေသော လုပ်ငန်းရှင်တစ်ဦး ဖြစ်ပါသည်။** ရွှေတူးဖော်ရှာဖွေရေးလုပ်ငန်း အကျိုးပေး စီးပွားဖြစ်နေသူလည်း ဖြစ်ပါသည်။

*(လက္ခဏာပညာသုတ တိုးပွားကြပါစေ။)*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**






www.burmeseclassic.com

www.burmeseclassic.com



# ဆီးချိုသွေးချို ရောဂါရှင်များအတွက်


## ဆေးဖက်ဝင် အာဟာရ Diet ဟင်းလျာ စီမံနည်းများ[ ၁၅]




ယခုလို မိုးရာသီကာလများတွင် အအေးမိ၍ ဆီးချိုသွေးချို ရောဂါရှင်များ တုပ်ကွေးဖျား ဖြစ်ခဲ့ကြ၊ ပြီးလျှင် မစားချင် မသောက်ချင်နှင့် ခံတွင်းပျက်နာ စွဲကျန်ရစ်တတ်သည်ကို ဖြစ်ဖူးသူတိုင်း အမှတ်တရ ဖြစ်နေကြပါလိမ့်မည်။

တစ်နည်းပြောရလျှင် ဆီးချိုသမား စားစရာက ရှားရသည့်ကြားထဲ နှာခေါင်းကပါ အနံ့မရလေတော့ ရသအာရုံကို ခံစား၍ကို မရနိုင်ဘဲ အခိုးပိတ် အနံ့ပိတ်သည့် ရောဂါရယ်ဟု တိုင်းရင်းဆေးပညာ အမြင်အရ ပြောနိုင်ပါသည်။

အဓိက ရောဂါဖြစ်ရသည့် အကြောင်းရင်းက ပြင်ပမှ အအေးပတ်ဖွဲ့မှု များခြင်းကြောင့် ခန္ဓာကိုယ်အတွင်းမှာ အခိုးငုပ် အပူများပြီး နှာစေးနှာပိတ်ခြင်းကစ၍ အဆစ်အမျက်များမှာ အပူခိုအောင်း၍ ကိုယ်လက်ကိုက်ခဲနာကျင်ပြီး ခန္ဓာကိုယ်ကြီးမှ တုံ့ပြန်မှု ဓာတ်များ၏ နှိုးဆော်မှုကြောင့် ကိုယ်ပူလာ၍ အဖျားဝင်လာတာကို တုပ်ကွေးမိခြင်းရယ်ဟု ခေါ်ဆိုကြပေသည်။



ထို့ကြောင့် ရာသီနာ တုပ်ကွေးရောဂါ မဖြစ်ရအောင်နှင့် ဖြစ်ခဲ့လျှင်လည်း မြန်မြန် နာလန်ထနိုင်ကြစေရန် အတွက်...စားသောက်နေထိုင်ကြစေရန်အတွက်...

တိုင်းရင်းဆေးပညာ အမြင်အားဖြင့် ကြိုတင်ကာကွယ်နိုင်စေရန် **အချဉ်ဓာတ်၊ အစပ်ဓာတ်၊ ပူ၍ အခိုးကိုပွင့်စေတတ်သော အစာအာဟာရများကို** ရွေးချယ်၍ စားသုံးပေးစေရပါမည်။

ထို့ကြောင့် ယခုလို မိုးရာသီကာလများတွင် တုပ်ကွေးမိ၍ ကိုယ်လက်ကိုက်ခဲ ဖျားနာပြီး ခံတွင်းပျက်၍ မစားချင် မသောက်ချင်နှင့် နာလန်ထ နေး၍ ခန္ဓာကိုယ် လေးလံထိုင်းမှိုင်းနေခဲ့လျှင် အကောင်းဆုံး ဆေးဖက်ဝင် အစားအစာ ရှောက်သီးသုပ်ကို စားသုံးပေးခြင်းသည် အလွန်သင့်တော်ပါသည်။

ခန္ဓာကိုယ်မှာ ပိတ်ဆို့နေသော မလအညစ်အကြေးများနှင့် အပူအပုပ်အခိုးများကို **ရှောက်သီးမှာ ပါဝင်နေသည့် အချဉ်အရသာ(ဗီတာမင် Cဓာတ် အင်တီအောက်ဆီးဒင့် သတ္တိအစွမ်း)က** သန့်စင် ချေဖျက်ပေးကာ အခိုးအာကာသကို ပွင့်စေပြီး ကိုယ်လက် ပေါ့ပါး



www.burmeseclassic.com

www.burmeseclassic.com



ကာ နှုတ်ခံတွင်း ရှင်း၍ အစားအစာကို စားချင်စေသည့်စိတ် ဖြစ်ပေါ်လာပြီး အစာအိမ်က ကောင်းစွာ အလုပ် လုပ်လာပြီး...

စားလိုက်သမျှကို ကောင်းမွန်စွာ ချေဖျက်ပေးနိုင်လာပါတော့သည်။ တစ်ခါ တွဲဖက်ဟင်းလျာ ပုစွန်တုပ်ကလည်း အင်အားနှင့် အသားဓာတ်ကို ပေးစေနိုင်သည့် ပရိုတိန်းဓာတ် ပေါကြွယ်ဝစေပြီး စားသလောက် အားဖြစ်၍ အမြန်နာလန်ထစေပါသည်။

ထို့အပြင် ပါဝင်ပစ္စည်းများဖြစ်သည့် ကြက်သွန်နီ၊ စပါးလင်၊ ငရုတ်သီးစိမ်း စသည်တို့ကလည်း အစွမ်းထက် အင်တီအောက်ဆီးဒင့်ဓာတ်များ ပါဝင်နေပြီး ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးနိုင်စွမ်းရှိ၍ အမြန်ကျန်းမာလာစေနိုင်ပါသည်။



ပုစွန်တုပ်မီးဖုတ်၊ ရှောက်သီးသုပ်

**ပါဝင်ပစ္စည်းများ...**

၁။ ရှောက်သီး(၁)စိတ်
၂။ ပုစွန်တုပ်အနေတော်(၅)ကောင် ***(အကောင်သိပ်ကြီးလျှင် ခေါင်းက မာသည်။)***
၃။ ကြက်သွန်နီ(၃)လုံး
၄။ စပါးလင်(၁)ပင်***(အဖျားကိုဖြတ်၍ အရင်းပိုင်းကို ယူပါ။)***
၅။ ငရုတ်သီးစိမ်း(၁၀)တောင့်
၆။ ငရုတ်ကောင်း(၇)စေ့
၇။ ငါးပိမီးဖုတ်(သို့မဟုတ်)ငါးပိရည် ***(အနည်းငယ်)***
၈။ ကြက်သွန်နီ၊နနွင်းမှုန့်တို့ဖြင့် ချက်ထားသော ဆီချက် ***(လိုအပ်သလောက်)***
၉။ ပဲကျက်မှုန့်(၁)ဇွန်း

ပါဝင်ပစ္စည်းများစုံလျှင် ရှောက်သီးကို အမြွှာလေးများ ထွင်ထားပြီး ဆားရည်တွင် စိမ်၍ထားပါ။ ပြီးလျှင် ပုစွန်တုပ်များကို အနေတော် ကျက်ရုံသာ မီးဖုတ်၍ အခွံခွာပြီး အနေတော် လှီးဖြတ်၍ထားပါ။ ပြီးလျှင် ကြက်သွန်နီကို ပါးပါးလှီး စပါးလင်ကို အခွံရင့် ခွာ၍ ပါးပါးလှီးထားပါ။

ငရုတ်သီးစိမ်းနှင့် ငရုတ်ကောင်းတို့ကို မီးနှင့် အနည်းငယ် လှော်ပြီး ထောင်း၍ထားပါ။

အားလုံး အသင့်ဖြစ်လျှင် ဇလုံတစ်လုံးတွင် စုထည့်၍ ငါးပိရည်ကိုပါ ဆမ်းပြီး ပဲမှုန့်ထည့်၍ ဆီချက် နိုင်နိုင်ထည့်ပြီး အားလုံး သမသွားအောင် နယ်၍ အရသာကို ဟင်းခတ်အရသာမှုန့် ထည့်၍ လိုသလို ပြုပြင်ပေးလိုက်လျှင် မိုးရာသီ တုပ်ကွေးဖျားဖြစ်၍ ခံတွင်းပျက်ပြီး နာလန်ထ နေးသောသူများ...

**"ပုစွန်တုပ်မီးဖုတ်၊ ရှောက်သီးသုပ်"**ဓာတ်စာ စားဖွယ်ရာကို (၁)ဇွန်း၊ (၂)ဇွန်း မြည်းလိုက်သည်နှင့် ရှူးရှူးရှဲရှဲ အသံမြည်လာပြီး ချွေးများထွက်၍ အဓိုးပွင့်လာပြီး ကိုယ်လက်ပေါ့ပါးပြီး အမြန်နေကောင်းလာပါလိမ့်မည်။

**[မှတ်ချက်။ ။ဓာတ်စာ ရှောက်သီးသုပ်ကို နေ့လယ်အချိန်မှာ စားမှသာ အဓိုးပွင့်သည့် အာနိသင်ကို ပေးစွမ်းနိုင်ပါသည်။ ညနေအချိန်တွင် စားပါက အဓိုးပွင့်သည့် အာနိသင် နည်း၍ မကောင်းပါ။]**

ဤဆေးဖက်ဝင် အသုပ်စားဖွယ်ရာကို ဆီးချိုသွေးချိုရောဂါရှင်များ စိတ်တိုင်းကျ စိတ်ကြိုက် သုံးဆောင်နိုင်ပါသည်။

***သတ္တဝါများ စားသမျှ အားဖြစ်၍ ကျန်းမာကြပါစေ။***

***မင်းချမ်းမြေ့(ပုသိမ်)***



www.burmeseclassic.com

မှတ်တမ်းတင်သုတေသနပြုသင့်သော

# ရိုးရာဆေးပင်အပင်များ

## ကရင်ရိုးရာ''ခဒေါင်သော့''ဆေးနွယ်ပင်



ခဒေါင်သော့ဆေးနွယ်ပင်

အရွက်ကို ပြုတ်ပြီးတို့စရာအဖြစ် **ငါးပိနဲ့ မြှုပ်စား** ကြတယ်။ ယဉ်ယဉ်ကျေးကျေး ပြောရရင်တော့ လေလည်ပါတယ်။

ကရင်တိုင်းရင်းသားပီပီ ပွင့်ပွင့်လင်းလင်းပြောရင် အီးတဘူဘူ တဘွမ်ဘွမ် ပေါက်ပါတယ်။

**ကလေးသူငယ်တွေ ဝမ်းသောဝမ်းရောင်၊ ရင်ပြည့် ရင်ကယ်ဖြစ်ရင် အမြစ်ကို ရေနဲ့ ပွတ်ပွတ်လေးသွေးပြီး ရင်ဘတ်၊ ဝမ်းဗိုက်တွေမှာ လိမ်းပေးရင် ချက်ချင်းသက်သာ ပါတယ်။**

အရွက်က **အဝိုင်းပုံမှာ ထိပ်ဖျားလေးနည်းနည်း ချွန်ပါတယ်။** နွယ်က ပျော့ပါတယ်။ တစ်နှစ်ခံပင် ဖြစ်ပါတယ်။ မိုးရာသီမှာ ပေါက်ပြီး ဘေးနားရှိတဲ့ အပင် တွေကို နွယ်တက်ပါတ်။

ဘေးမှာ အပင်တွေ မရှိရင် မြေပြင်မှာ သွားပါတယ်။ အပင်သန်ရင် နွယ်က ခဲတံလုံးလောက် ရှိပါတယ်။ အမြစ်ကလဲ အဲဒီအရွယ်ပါပဲ။

**အရွက်နဲ့အမြစ်မှာ အနံ့ ရှိပါတယ်။ လင်းနေနံ့နဲ့ ခပ်ဆင်ဆင်တူတယ်။** ဒါပေမယ့် **လင်းနေနံ့လောက်** မစူးရှဘူး။ **ခပ်သင်းသင်းမွှေးတယ်။** အရသာ ခါးသက် စပ်ရှားပူ ဖြစ်ပါတယ်။

အရွက်ကို ပွတ်ခြေပြီး ရှူရင် ခေါင်းမူး/ခေါင်းကိုက် ပျောက်ပါတယ်။

**သူ့အမြစ်ကို ထောင်းပြီး သကြားရည် ဟင်းစားဇွန်း(၁)ဇွန်း စာ သောက်ရင် လည်ချောင်းနာရောဂါ ပျောက်ပါတယ်။**

**ပဥ္စငါးပါးကို ပြုတ်ပြီး မနက်တစ်ဇွန်း၊ ညတစ်ဇွန်း သောက် ပေးရင် ချောင်းဆိုးရောဂါ သက်သာပျောက်ကင်းတယ်။**

**''ခဒေါင်သော့''အမြစ်ကို အခြောက်လှန်း အမှုန့် ကြိတ်ပြီး** လင်းနေ၊ ချင်းခြောက်တို့နဲ့ ဆတူရော ပျားရည်နဲ့ ထပ်ရောပြီး ဆီးစေ့လောက် အလုံးကလေး တွေ လုံးပြီး အခြောက်လှန်း လေလုံတဲ့ ပုလင်းထဲမှာ ထည့် မနက်တစ်လုံး ညတစ်လုံး မှန်မှန်မျိုပေးရင် **လေဖြတ်ရောဂါ ကာကွယ်ပေးနိုင်တယ်။**

**ပဥ္စငါးပါးကို အမှုန့်ပြုပြီး နှမ်းဆီ၊ မုန်ညင်းဆီတို့ နဲ့ရော အဆစ်အမြစ်ရောင်ရမ်းခြင်း၊ အကြောကပ်၊ အကြောညှပ်၊ အကြောထုံးရောဂါတွေကို လိမ်းနယ် ပေးရင်** အမြန်ဆုံး သက်သာပျောက်ကင်းပါတယ်။

မတော်တဆ ထိခိုက်မိလို့ ရောင်ရမ်းနာကျင်ကိုက်ခဲ တာတွေ၊ အတွင်းကြေဒဏ် ဖြစ်နေတာတွေကိုတော့ ပဥ္စငါးပါးကိုပြုတ်ပြီး ဒဏ်ရာနေရာတွေကို အငွေ့ခံပေး ခြင်း ပြုလုပ်ရတယ်။

ပဥ္စငါးပါးကို ထုထောင်းပြီး ချင်းစိမ်း၊ မိသလင်၊ နနွင်း ရရာတွေနဲ့ ရောစပ် ဆားထည့်ပြီး ကြပ်ထုပ်လဲ ထိုးပေးရတယ်။

ချက်ချင်း ယူပစ်လိုက်သလို သက်သာပျောက်ကင်း ပါတယ်။ ရွှေနန်းနန်းတို့ရဲ့ ချွေးပေါင်းအိုးထဲမှာရော ကြပ်ထုပ်ထဲမှာပါ **''ခဒေါင်သော့''ဆေးနွယ်ပင်**ဟာ မပါမဖြစ်တဲ့ ဆေးတစ်မည် ဖြစ်ပါတယ်။ ကရင်ပြည်နယ် က တောရွာတွေမှာ ပိုးကရင်ဘာသာစကားနဲ့ **''ခဒေါင်သော့''**လို့မေးရင် သိကြပါတယ်။

**ရွှေနန်းနန်း**

www.burmeseclassic.com



# သူရဿတီမယ်တော်နှင့်

## ဂါထာတော်များ

မောင်လင်းခြောက်လင်း

ကျွန်တော်တို့ မြန်မာနိုင်ငံတွင် သူရဿတီနတ်သမီးကို လူတို့သည် ပိဋကတ်သုံးပုံစောင့်သော နတ်သမီး၊ နှုတ်ကိုစောင့်သော နတ်သမီး စသည်ဖြင့် ယုံကြည်ကိုးကွယ်နေကြပါသည်။

သူရဿတီသည် မြန်မာတို့ မြတ်နိုးလှသော နတ်သမီး ဖြစ်လေသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် အစဉ်အဆက် ကိုးကွယ်လေ့ရှိသော (၃၇)မင်းနတ်တို့တွင်လည်း သူရဿတီနတ်သမီးကို ထည့်သွင်းကိုးကွယ်ခဲ့ကြသည်။

**ထိုနတ်သမီး၏ ကြောင်းခြင်းရာသည် အိန္ဒိယနိုင်ငံသားတို့၏ ဗြဟ္မဏ ဟိန္ဒူအယူဝါဒဆိုင်ရာ ဝေဒကျမ်း၊ ဗြဟ္မဏကျမ်း၊ ပုရာဏ်ကျမ်း အသီးသီးတွင် ပါလေသည်။**

ထိုကျမ်း၏ အဆိုအမိန့်သည်လည်း အဓိကအားဖြင့် သုံးခုရှိလေသည်။

▲ အဓိပ္ပါယ်(၁)မှာ...

''သူရဿတီ''၏ မူလသက္ကတဖြစ်သော''သရဿွတီ'' နှင့် ဆက်စပ်နေ၏။

**''သရဿ=ရေ+ဝတီ=ရှိ''**ဟူ၍ အနက်ထွက်သည်။

ဤသည်ကို ပုဂ္ဂလဝိသေသပြု၍ အနက်ဆန့်လိုက်သော် ''**ရေဦးနေသော နတ်သမီး**''ဟူ၍ ဖြစ်လာသည်။

▲ အဓိပ္ပါယ်(၂)မှာ...

"သူရဿတီသည် လောကကို အစမူလ ဖန်တီးခဲ့သော ဗြဟ္မာမင်း၏ မိဖုရား"

ဟူ၍ ဖြစ်လေသည်။

▲ အဓိပ္ပါယ်(၃)မှာ...

"နှုတ်ကို အစိုးရသော၊ ပညာပေးတတ်သော နတ်သမီး"

ဟူ၍ ဖြစ်လေသည်။

ဖြည့်စွက်ဆိုရသော်...

"သူရဿတီသည် တူရိယာဂီတနှင့် ကဗျာစာဆိုမှုကို ကြည့်ရှုစောင့်ရှောက်သော သက္ကတဘာသာစကားနှင့် ဒေဝနာဂရီ အက္ခရာကို ဖန်တီးသော မယ်တော်"



ဟူ၍ မှတ်ယူကြလေသည်။

ထိုနတ်၏ အမည်ပွားတစ်ခုသည်လည်း **ဝါဏီ (စကား)** ဖြစ်လေသည်။

ထို့ကြောင့် **သူရဿတီအိုင်အတွင်း ဟင်္သာရုပ်ကို စီးကာ ကြာပွင့်ကိုကိုင်လျက် ထိုင်နေပုံ''**ကို ရေးဆွဲထုလုပ်လေ့ ရှိကြသည်။

ဤတွင် အိန္ဒိယရေမြေမှတစ်ဆင့် သီရိလင်္ကာ၊ မြန်မာစသော အိမ်နီးချင်းနိုင်ငံများသို့ ဘာသာအယူဝါဒ၊ အနုပညာ၊ စာပေ စသည်များ ရောက်ရှိ ပျံ့နှံ့ ခဲ့လေသည်။

ထိုအထဲတွင် သူရဿတီဆိုင်ရာ အယူဝါဒလည်း ပါ၏။ ထိုအခါ သူရဿတီနှင့် ဆက်စပ်၍ ခေတ်ဟောင်း ခေတ်သစ် မြန်မာစာပေကျမ်းဂန်များတွင် ဖော်ပြတတ်လေသည်။

**ရှင်မဟာသီလဝံသ၏ ဆုတောင်းခန်းပျို့တွင်...**

"စက်ခုတ်ဖြတ်ရန် လေးတောင်ပျဉ်နှယ်၊

ပညာကျယ်သည်၊ နှုတ်ငယ်သူရဿတီတည်း"



www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ စပ်ဆိုလေသည်။

**မစ္စတာမောင်မှိုင်းက ဘွိုင်းကောက်ငြိကာတွင်...**

"စာစီစာကုံး ရေးထုံးရေးနည်း နိသျည်းတစ်ဆူ ပြုမူလိုကုန်သော ဆရာများသည်လည်း စကားကောင်းအမျိုးမျိုးကို အစိုးရသော သူရဿတီနတ်သမီးကို ဆည်းကပ်ရိုကျိုး ရှိခိုးပူဇော်ရသည်"

ဟူ၍ ရေးလေသည်။

**သိပ္ပံမောင်ဝက စစ်ကိုင်းကူးတို့ အက်ဆေးစာမွန်တွင်...**

"မန်းသားတို့၏ နှုတ်ဖျားတွင် သူရဿတီနတ်သမီး စောင့်သည် ဟူ၍ ပြောဆိုကြလေသည်"

ဟူ၍ မှတ်ချက်ချလေသည်။

မြန်မာအများ သိကြသော သူရဿတီကား ထဘီနှင့် ထိုင်မသိမ်းအင်္ကျီ ဝတ်ဆင်ကာ စည်းပုံဆောင်ထားသည့် အမျိုးသမီးငယ်တစ်ဦး ဟင်္သာပေါ်တွင် ထိုင်နေပုံ ဖြစ်သည်။

အတွင်းသုံးဆယ့်ခုနစ်မင်းတွင်လည်း ထိုနတ်သမီး ပါလေသည်။

သူရဿတီကို ပိဋကတ်နှင့် ဆက်စပ်လာပုံမှာ **ပါဠိအဘိဓာန်တွင် ''ဝါဏီ''ဟူသော ပုဒ်ကို...**

၁။ သူရဿတီ ၂။ စကား

ဟူ၍ အနက်ပေးလေသည်။

ဤတွင် ဆရာမြတ်အချို့က သူရဿတီကို မြတ်စွာဘုရား၏စကား (ဝါ) တရားတော်နှင့် ခိုင်းနှိုင်းလာကြလေသည်။

သီရိလင်္ကာ(သီဟိုဠ်)ရဟန်းတော် **အရှင်သံဃရက္ခိတမဟာသာမိထေရ်သည် သုဗောဓာလင်္ကာရခေါ် လင်္ကာကျမ်းကို** ပြုစုခဲ့လေသည်။ **ထိုကျမ်းဦးတွင်...**

မုနိန္ဒ ဝဒနမ္ဘောဇ ဂဗ္ဘ သမ္ဘဝ သုန္ဒရီ။
သရဏံ ပါဏိနံ ဝါဏီ၊ မယှံ ပီဏယတံ မနံ။ ။

ဟူ၍ ဂါထာစီလေသည်။

ထိုဂါထာကို **ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက် စံကျောင်းဆရာတော် အလင်္ကာနိဿယသစ်တွင် နှစ်မျိုးနိဿယ** ပြန်ခဲ့လေသည်။

**မုနိန္ဒ ဝဒနမ္ဘောဇ ဂဗ္ဘ သမ္ဘဝ သုန္ဒရီ–** မြတ်စွာဘုရား



၏ ခံတွင်းတော်တည်းဟူသော ကြာတိုက်၌ ဖြစ်ခြင်းကြောင့် ကောင်းသောသဘောရှိသော၊

**ပါဏိနံ**–သတ္တဝါတို့၏၊ **သရဏံ**–ကိုးကွယ်ရာဖြစ်သော၊ **ဝါဏီ**–ပရိယတ်တည်းဟူသော မြတ်စွာဘုရား၏ စကားတော်သည်၊ (ဝါ) တရားတော်တည်းဟူသော သူရဿတီ နတ်သမီးသည်၊ **မယှံ**–ငါ၏၊ **မနံ**–စိတ်ကို၊ **ပီဏယတံ-ပီဏယတု** – နှစ်သိမ့်စေသတည်း။ (ဝါ) ပျို့စေခလို။

**တစ်နည်းမှာ...**

**မုနိန္ဒ ဝဒနမ္ဘောဇ ဂဗ္ဘ သမ္ဘဝ သုန္ဒရီ–** မြတ်စွာဘုရား၏ ခံတွင်းတော်တည်းဟူသော ကြာတိုက်၌ ဖြစ်ခြင်းကြောင့်ကောင်းသော၊ **ပါဏိနံ**–သတ္တဝါတို့၏၊ **သရဏံ**–ကိုးကွယ်ရာဖြစ်သော၊ **ဝါဏီ**–သူရဿတီနတ်သမီးသည်၊ **မယှံ**–ငါ၏၊ **မနံ**–စိတ်ကို၊ **ပီဏယတံ-ပီဏယတု** –နှစ်သိမ့်စေသတည်း။(ဝါ)ပျို့စေခလို။

ထို့ပြင် အနက်ပေးနည်း နှစ်နည်းတို့တွင် ရှေ့နည်းကား **သကပက္ခသာသနာဖက်ဆိုင်ရာ သကဝါဒီပုဂ္ဂိုလ်တို့၏** အလိုတည်း။

နောက်တစ်နည်းမှာကား **ပရပက္ခသာသနာတော်မှ အပဖြစ်သော ပရဝါဒီပုဂ္ဂိုလ်တို့၏** အလိုတည်း ဟူ၍ ဆိုလေသည်။

သူရဿတီဝေါဟာရကို ပိဋကတ်သုံးပုံနှင့် ထပ်တူထပ်မျှ တင်ပြခဲ့သည်မှာ **မန်လည်ဆရာတော်ကြီး၏ မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်တွင်** ဖြစ်လေသည်။ **ထိုကျမ်းဦးတွင်...**





www.burmeseclassic.com

"သုံးပုံပိဋကတ် ဝါဏီမြတ်ဟု
သူရဿတီ နတ်ဒေဝီလည်း
ယှဉ်မှီနိုင်စွ မပြတ်မလျက်
ငါ့နှလုံးတိုက် ရွှေကြာတိုက်၌
ပျော်ပိုက်စေပြီ......"

ဟု စပ်ဆိုထားသည်ကို တွေ့ရသည်။

**သက္ကရာဇ် ၁၁၁၂ ခုနှစ်ခန့်က အမတ်ကြီးမင်းရာဇာသည်** မွန်ဘာသာဖြင့် ကဗျာကျမ်းမှ မြန်မာဘာသာသို့ ပြန်ဆိုရေးသားသော **''ဟိတကာရီလင်္ကာ''၌...**

"ဟင်္သာဖြူစင် ယာဉ်ပေါ်တွင်၌
ဆင်းအင်ဖြူဆွတ် ကိုယ်ရောင်မွတ်လျက်
ကြီးမြတ်ဥာဏ ဘုန်းတေဇဖြင့်
လက်လှတယ်ညာ နှစ်ဖက်မှာကား
ပဒုမ္မာဖြူစိမ်ရောင်တူကို ခွဲယူအုံ့ဖွယ်
လွှန်တင့်တယ်သည် မိမယ်သူရဿတီနတ်
ကောင်းမြတ်လှစွာ သူတကာကို
ပညာကြီးကြောင်း ဆောင်ပေးကောင်းနှင့်
ထပ်လောင်းစီးပွား ကျွန်ုပ်အားလည်း
စကားသာချို တစ်ခွန်းဆိုက
ဟိုလူနတ် စိတ္တပူဒြိဖြင့်
ညက်အောင်မယ်စော အောင်စေသော်"

ဟု စပ်ဆိုထားသည်ကိုလည်း တွေ့ရပါသည်။

သူရဿတီနတ်သမီးသည် အတတ်ပညာကျက်သရေမင်္ဂလာတို့ကို ပေးစွမ်းနိုင်သည်ဟု ယုံကြည်ကြသည့်အလျောက် သူရဿတီဂါထာကို ဆောင်၍ ရွတ်ဆိုကြပါသည်။

"ဥုံ ပိဋကတ္တယ သမ္ဗုဏ္ဏံ
သဗ္ဗသိဒ္ဓိ သုခါဝဟံ
ဇိဝှဂ္ဂေ မေ နိသီဒိတွာ
မံဓာရေတု သူရဿတီ"

ခက်ခဲသော ပါဠိအသံထွက်

**ဥုံ** = အုံ
**ပိဋကတ္တယ** = ပိတကတ်တယ
**သမ္ဗုဏ္ဏံ** = သမ်ပုန်နံ
**သဗ္ဗသိဒ္ဓိ** = သပ်ဗသိတ်ဓိ
**ဇိဝှဂ္ဂေ** = ဇိတ်ဝှက်ဂေ



**သူရဿတီ** = သူရတ်သတီ
**မေနိသီဒိတွာ** = မေနိသီဒိတ်တဝါ

အနက်

**ဥုံ၊** ကောင်းခြင်းမင်္ဂလာ အဖြာဖြာသည် မကြာမျက်မှောက် ရောက်ရှိပါစေသတည်း။ **သဗ္ဗသိဒ္ဓိ သုခါဝဟံ၊** သိဒ္ဓိအမျိုးမျိုးနှင့် ချမ်းသာအမျိုးမျိုးကို ရွက်ဆောင်တတ်သော။ **ပိဋကတ္တယ သမ္ဗုဏ္ဏံ၊** ပိဋကတ်သုံးပုံကို စောင့်ရှောက်သော။ **သူရဿတီ၊** သူရဿတီနတ်သမီးသည်။ **မေ၊** အကျွန်ုပ်၏။ **ဇိဝှဂ္ဂေ၊** လျှာဖျား၌။ **နိသီဒိတွာ၊** တည်နေ၍။ **မံ၊** အကျွန်ုပ်ကို။ **ဓာရေတု၊** စောင့်ရှောက်ပါစေသတည်း။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသီဟ (သာသနဓဇ ဓမ္မာစရိယ)မှ ပြန်ဆိုပေးပါသည်။]***

အိန္ဒိယနိုင်ငံတွင် ထိုနတ်သမီးအား ပညာပေးတတ်သည်ဟု ယူဆကာ **သူရသွတီပူဇာခေါ်** ပူဇော်ပွဲများကို ယနေ့တိုင်အောင် ကျင်းပလျက် ရှိကြပါသည်။

ဟင်္သာရုပ်ကို စီးနင်းလျက်ရှိသော သူရဿတီပုံတော်ရှေ့၌ အမျိုးသမီးများက မိမိတို့ နှုတ်မှု့၊လက်မှု အတတ်ဆိုင်ရာ ပစ္စည်းများကိုလည်းကောင်း...

အမျိုးသားများမှလည်း သက်ဆိုင်ရာ လက်မှု့၊နှုတ်မှု ပညာ လက်နက်ကိရိယာများကိုလည်းကောင်း...

ကလေးသူငယ် ကျောင်းသားအရွယ်များကလည်း စာအုပ်၊ခဲတံ စသည့် ကျောင်းသုံးပစ္စည်းများကို ချ၍ ပူဇော်လေ့ ရှိပါကြောင်း ရှာဖွေတင်ပြလိုက်ပါသည်။

**မောင်ထင်အောင်လင်း**



www.burmeseclassic.com

တိုက်''ပျား''၊ ခိုက်''ပျား''နှင့်

ကောင်းကျိုးဆိုးကျိုးပေးမည့်

# ပျားစွဲနည်းနှင့်

အစီအမံများ

သာဂဒိုး
(ကသာမြေ)

စာရေးသူနှင့် ကသာမြို့ အမှတ်(၁)ရပ်ကွက်တွင် နေထိုင်သော စီတီ၊ ဗီစီတီ၊ ဒီဗီဒီခွေများ အငှားအရောင်းဆိုင်များတွင် ရောင်းချငှားရမ်းနေသော **''ဦးတင်မောင်လှ'' [မြို့နယ်ပညာရေးမှူး(ငြိမ်း)]**နှင့် လက်ဖက်ရည်ဆိုင်မှာ ထိုင်မိကြသည်။

၂၀၁၀ပြည့်နှစ်၊ မတ်လ (၃)ရက်နေ့က ဖြစ်သည်။ လက်ဖက်ရည်ချို အတူသောက်ရင်း စကားလက်ဆုံကျခဲ့ကြသည်။

ဆရာဦးတင်မောင်လှက ပျားများ၏အကြောင်း တစ်စေ့တစောင်း အကြောင်းပေါင်းစုံ ပြောခဲ့မိသည်။

ဆရာကြီး ဦးတင်မောင်လှက ပျားတို့၏မာယာ၊ **''တိုက်ပျား''၊ ''ခိုက်ပျား''၊ ''နားပျား''၊ ''စွဲပျား''** စသည့်အကြောင်းများထဲမှ **''တိုက်ပျား''**များအကြောင်းကို ပြောပြသည်။

စာရေးသူ၏ အတွေ့အကြုံအရ ''ခိုက်ပျား''များ အကြောင်းနှင့် ကောင်းကျိုးကိုပြုပေးသော **''မိတ်ပျား''**များကို အကြောင်းပြုပြီး ပြောခဲ့မိကြသည်။

ဆရာဦးတင်မောင်လှက တိုက်ပျားများကို စာသင်ကျောင်းသားများ၊ စာမေးပွဲဖြေချိန်၊ အတန်းစောင့်ကျနေသော ဆရာ,ဆရာမများကို လိုက်ပြီး တုပ်သဖြင့် ဆရာဦးတင်မောင်လှက ယင်း၏ သမာဓိနှင့်အတတ်များရောပြီး မောင်းထုတ်ခဲ့ရဖူးသည်ဟု ပြောပြခဲ့သည်။

ကျောင်းသားကျောင်းသူများကို မတုပ်ဘဲ၊ ဆရာများကိုသာတုပ်သောပျားသည် ''တိုက်''ပျားများသာ ဖြစ်သည်။ စာသင်ကျောင်းသားထဲမှ ဘယ်လိုအကြံနှင့် ဆရာများကို ဒုက္ခပေးရသနည်း။

ပျားတို့သည် လူအများကို အကျိုးပြုနိုင်ကြသည်။



ပျားရည်သည် ဆေးတစ်လက်ဖြစ်ပြီး၊ အာဟာရလည်း ပြည့်စုံသည်။ လူတို့ကို ''နိမိတ်''အဖြစ်လည်း ပေးတတ်သည်။

ပျားများကောင်းကျိုးပေးခဲ့ပုံများကို စာရေးသူ၏ အတွေ့အကြုံအရ ပြောကြားလိုပါသည်။

စာရေးသူနှင့် ကသာမြို့ အမှတ်(၈)ရပ်ကွက်တွင်နေထိုင်သော နတ်ကြီးကုန်းသား ကိုတင်ထွန်း+မနုစိန်တို့နှင့် ကသာမြို့ဝဲကြီးရွာအရှေ့ဘက် တုံပေါကျွန်းအနီး အင်းတစ်လုံးတွင် အင်းတိုင်လုပ်သူ ကိုတင်ထွန်း၏ နတ်စင်တွင် ပျားစွဲနေခဲ့သည်။

**သူ့ဖခင် ဦးသိန်းတန်က ပျားအုံကို ဒုက္ခမပေးစေတဲ့**



www.burmeseclassic.com

www.burmeseclassic.com



**''ယင်း''များနှင့် ကာရံကာ ထန်းလျက်,သကြား စသဖြင့် အချိုများကို ကျွေးမွေးကာ အင်းအောင်စေကြောင်း ဆုတောင်းပြီး ပျားများကို မေတ္တာပို့ခဲ့သည့်အတွက် အင်းများ ထူးခြားစွာ အောင်ခဲ့ပါသည်။**

စာရေးသူ၏ အိမ်တွင်းမှ သေတ္တာထဲတွင် ပျားအုံစွဲခဲ့ရာ သေတ္တာကို မ,ကြည့်ရာမှ ပျားသလက်များ ကျိုးကျသွားသဖြင့် ထိုပျားသလက်မှ ပျားရည်ကို ညှစ်ပြီး၊ **မုန့်လက်ကောက်ကြော်၍ ပျားရည်နှင့်သုတ်ကာ** လူများကို ကျွေးမွေးခဲ့ပါသည်။

**စီးပွားလာဘ်လာဘ တိုးတက်ပါစေကြောင်း ဆုတောင်းပြီး ပျားများကိုလည်း မသတ်ဘဲ သေတ္တာထဲ မှာ နေစေခဲ့သည့်အတွက် စီးပွားရေး တိုးတက်ခဲ့ပူး ပါသည်။**

ညီမဝမ်းကွဲတော်သူ ညီမတော်၏ အိပ်ခန်းထဲတွင်လည်း စာရေးသူ၏ အိမ်ထဲမှ သေတ္တာထဲမှာ စွဲသော ပျားများအတိုင်း စွဲခဲ့ပါသည်။

စာရေးသူကပြောပြသဖြင့် မုန့်ကြီးကြော်ကျွေးပြီး ကြိုဆိုလိုက်သဖြင့် စီးပွားရေးတိုးတက်ကာ အိမ်ငှား နေရာမှ ဇေယျာချောင် ''ရတ(၅)''မှာ အိမ်ကြီးရခိုင်များ ဝယ်နိုင်သည်အထိ ချောင်လယ်သွားပါသည်။

**''ကောင်းကျိုး''**များပေးသလို **''ဆိုးကျိုး''**များလည်း ပေးတတ်ပါသည်။

စာရေးသူငယ်စဉ်က ကသာမြို့နယ်၊ ရှမ်းကျွန်း၊ ဒုံးအော့ရွာပိုင်တွင် တောင်သူလုပ်ကိုင်နေသော မိသလင်းရွာသား ''ဦးမြစိန်+မမဲတူ''၏ တဲခေါင်တန်းတွင် ပျားစွဲနေသဖြင့် မီးခိုင်းမှုိင်းဖြင့်တိုက်ရန် သက္ကယ် မီးပိုက်ထွေးများ ပြုလုပ်ခါ မီးရှို့ပြီး မောင်းထုတ်ခဲ့ပါသည်။

မီးတုတ်မှာ မီးများစွဲလောင်သွားသဖြင့် တစ်တဲလုံး မီးလောင်သွားခဲ့ရသည်။ **ပျားအုံများ အိမ်ခေါင်၊ တဲခေါင်းများမှာ စွဲလျှင် လူကို ဒုက္ခပေးတတ်သည်။**

စာရေးသူ ''တဲခေါင်''တွင် ပျားစွဲခဲ့ရာ စာရေးသူ၏ မိခင် မမျှော်လင့်ဘဲ သေဆုံးသွားခဲ့ရသည်။

စာရေးသူ၏ အကိုအကြီးဆုံးတော်သူ ကပ္ပလိပ် ဘုန်းတော်ကြီး ဦးသုမဏာသည် သူ၏ အိပ်ခန်းအထက် ပန်းဆွဲတွင် ပျားအုံစွဲနေခဲ့သည်။

**ဆရာတော်က ဆန်ပေါက်ပေါက်နှင့် ပျားရည်ရောခါ အစာကျွေးပြီး ''ကဏှာင်း''ခေတ်ရိုက်သောနည်းဖြင့် ပြုလုပ်ပြီး ပျားများကို မေတ္တာပို့ အမျှဝေစေခဲ့ပါသည်။**



ကပ္ပလိပ်ရွာ၊ ဆရာ ''ဦးပုကယ်''နှင့် စာရေးသူတို့ ပြုလုပ်ပေးခဲ့ရသည်။ **(ရေဖျင်းကုသသော ဆရာ ''ဦးအုံးကျော်'' (ခ) ''ဦးပုကယ်'')**

ဆိုးစေတတ်သော ပျားအုံများစွဲလျှင် သူ၏ပျားအုံများကို မီးနှင့်သော်လည်းကောင်း၊ တုတ်နှင့်သော်လည်း ကောင်း မောင်းထုတ်ရိုက်ပုတ်ပြီး မမောင်းထုတ်ဘဲ မေတ္တာထားပြီး ကောင်းနိုးရာရာ နည်းပညာဖြင့် ကုစား မောင်းထုတ် ရွှေ့ပြောင်းနိုင်ပါသည်။

အသုံးပြုရမည့် ကက်ကင်း နည်းပညာမှာ ကင်ကင်း ရိုက်နည်း နိသရည်းဖြစ်ပါသည်။

**''ပေါက်'' ''ပေါက်''** = **''ပျားရည်''**
**ကြာသပတေးနံ** = **ကြာသပတေးနံ**
**''ပ''ဖဗဘမ** = **''ပ''ဖဗဘမ**
**''ပြေး''** = ''ပျောက်''
**''ဘေး''ဘယာ ''မ''ရှိ** = ''ဘေး'' ဘယာ ''မ''ရှိ
**''ဘေး''ရန်''ဖ''ယ်** = ''ဘေး''ရန် ''ဖ''ယ်

ဤနည်းမှာ ကသာမြို့နယ် **ကပ္ပလိပ်ကျောင်း ဆရာတော်၏နည်း** ဖြစ်ပါသည်။

သာဂဒူး *(ကသာမြေ)*



www.burmeseclassic.com

www.burmeseclassic.com



မှန်မှန်ရွတ်၍ ကျင့်ကြံပါလေ

# သမ္ဗုဒ္ဓေ

မြင့်



သမ္ဗုဒ္ဓေဂါထာသည် ထူးခြားအကျိုးများသည် ဖြစ်သော်လည်း ကျွန်မမှာ ဝတ်ထားပြီး မရွတ်ပွားမိပါ။ နှစ်ဆယ်ကျော် အရွယ်လတ်အချိန်ခါက သမ္ဗုဒ္ဓေဂါထာကို ရှစ်သောင်း လေးထောင်ပြည့်အောင် ရွတ်ဖြစ်ခဲ့သည်။ ဝါတွင်းတိုင်း သက်သတ်လွတ်စားသည့်အခါ အားလျော်စွာလည်း စားဖြစ်သည်။ နောက်ပိုင်းမှာ အလုပ်မအားခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် သမ္ဗုဒ္ဓေကို မရွတ်ဖြစ်တော့ပါ။

ရတနာသုံးပါးကို မေ့လျော့ခြင်း မရှိပါ။ မိဘနှစ်ပါး၏ သွန်သင်မှုနှင့် ဓမ္မမိတ်ဆွေကောင်းနှင့် တွေ့ကြုံရသဖြင့် ငယ်စဉ်မှ ခုချိန်တိုင် ရတနာသုံးပါးကို အလေးထား ကိုးကွယ်ဆည်းကပ်ခဲ့ပါသည်။

ကျွန်မက သက်သတ်လွတ်မစား ဖြစ်တော့သော်လည်း ခြေလေးချောင်း သတ္တဝါအသားကို ရှောင်ထားပါသည်။ ပုရစ်ကြော်ကို ကြိုက်ပေမယ့် ခြေလေးချောင်းဖြစ်သည် ထင်၍ မစားတော့ပါ။ အမဲသားနှင့် ဝက်သားကို ငယ်စဉ်ကတည်းက မစားပါ။

ကျွန်မ ရတနာသုံးပါး ကြည်ညို၊ ဂါထာတွေ ရွတ်ဖြစ်သော်လည်း ထူးခြားဖြစ်စဉ်မျိုး မကြုံဘူးပါ။ ငယ်စဉ်က အဓိဋ္ဌာန်ပုတီးစိပ်ခဲ့၊ အဓိဋ္ဌာန်ဖြင့် ဂါထာများ ရွတ်ပွားပြီး ကောင်းနိုးရာရာတွေကို အဓိဋ္ဌာန်ထားပြီး ရွတ်ပွားပူဇော်ခဲ့သော်လည်း ယခုအရွယ်ရောက်မှ အဓိဋ္ဌာန်မပြုဖြစ်တော့ပါ။ နံနက်,ည ပုံမှန် ပုတီးစိပ် ဝတ်ပြုပါသည်။

ကြီးမှ အဓိဋ္ဌာန်မပြု၍လား၊ သူတော်စင်တွေ အိပ်မက်ပေးခြင်း၊ ညွှန်ကြားကူညီခြင်း စသည့်များ ကြုံတွေ့ခဲ့ကြသူများကဲ့သို့ ကျွန်မမှာ မရှိပါ။

ငယ်စဉ်ကလည်း မကြုံတွေ့ရပါ။ အိပ်မက်ထဲမှာ သုံး,လေးခါ ဖိနပ်ပျောက်ခြင်း၊ သွားမည့်ခရီး မရောက်နိုင်ခြင်းတို့ မက်ဖြစ်သည်။

ကျွန်မ တရားထူးမရနိုင်၍ သည်သို့ အိပ်မက်ပေးခြင်းလားဟု စိတ်မကောင်း ဖြစ်ရသည်။ ကျွန်မ သွားလိုသည့် သောတာပန်အရိယာအဖြစ် ခရီးက အလွန်ပင် အလှမ်းဝေးသည် ထင်ပါသည်။

'အရပ်(၉)မျက်နှာမှာ ကိုယ့်ထက် အဆင့်အတန်းမြင့်တဲ့ ရဟန္တာ ဖြဟ္မာကြီးတွေ၊ တောထဲမှာလဲ တန်ခိုးအဘိညာဉ်ရှိတဲ့ ရဟန္တာကြီးတွေ ရှိတယ်။ အဲဒါကို သစ္စာဆိုပြီး တိုင်တည်ရင် ရတယ်။ သစ္စာဆိုရင် သူတို့တွေ ကြားတယ်။ ဒီတရားနှင့်ပတ်သက်ပြီး လမ်းမှန်ရောက်အောင် သင်ကြားပေးပါလို့ တိုင်တည်ရတယ်။

ကိုယ်မသိတာကို တိုင်တည်ပါ။ နောက် တပည့်သားအဖြစ် သတ်မှတ်ပါ ဆိုပြီးလဲ အပ်ရတယ်။ အိပ်မက်နဲ့ ဖြစ်စေ၊ တစ်ယောက်ယောက် တစ်နည်းနည်းနဲ့ ဖြစ်စေ အသိပေးတယ်'

ဆိုသည်ကို စာအုပ်တစ်အုပ်ထဲမှာ တွေ့ရှိ၍ ကူးယူမှတ်သားပြီး တိုင်တည်ကြည့်ပါသည်။

ကျွန်မမှာ ဘယ်လိုအားနည်းချက်တွေ ရှိနေသည် မသိပါ။ ပရိတ်ရွတ်၊ ဓမ္မစကြာ၊ ပဋ္ဌာန်းရွတ် မေတ္တာပို့အမျှဝေနေပေမယ့် ဘာကြောင့်ရယ် မသိပါ။ ထူးခြားချက် မရှိပါ။

မိမိကိုယ်ကို အမြဲတမ်း သုံးသပ်ပါသည်။ အကုသိုလ်နည်းနိုင်သမျှ နည်းအောင် ကျင့်ကြံအားထုတ်နေပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဝိပဿနာဉာဏ်တော့ မပွင့်သေးပါ။

ကျွန်မ သမ္ဗုဒ္ဓေ(၉)ခေါက် ပြန်ရွတ်ဖြစ်ပြီး မကြာမီ လိုချင်သည့်စာကို ရှာရင်း ရွတ်ဖတ်နည်း တစ်မျိုးကို မှတ်သားထားသည်မှ တွေ့ရသည်။

ကျွန်မ ရေးမှတ်ထားသည်ကို မေ့နေသည်။ အမှတ်မထင်တွေ့မိ၍ ဤအတိုင်း ဆက်ရွတ်ဖြစ်သည်။ ကျွန်မကဲ့သို့ ရွတ်နိုင်ရန် လက်ဆောင်ပါးလိုက်ပါသည်။

သမ္ဗုဒ္ဓေဂါထာ ရွတ်ပွားရန်

၁။ ဘုရားရှင်အား ရည်စူး၍ ''သမ္ဗုဒ္ဓေ''ဂါထာကို(၁) ခေါက်ဆိုပါ။ ***[မိမိဦးခေါင်း ငယ်ထိပ်ကို အာရုံပြုပါ]***

၂။ ဘုရား,တရားအား ရည်စူး၍ ''သမ္ဗုဒ္ဓေ''(၂) ခေါက်။ ***[မိမိ၏ ဘယ်ဘက်နားကို အာရုံပြု]***

၃။ ဘုရား,တရား,သံဃံ ရည်စူး၍ ''သမ္ဗုဒ္ဓေ''(၃)ခေါက်။ ***[ညာဘက်နားကို အာရုံပြု]***

၄။ ဘုရား,တရား,သံဃံ,မိဘ ရည်စူး၍ ''သမ္ဗုဒ္ဓေ''(၄) ခေါက်။ ***[မျက်စိနှစ်လုံးကြား နဖူးတည့်တည့် အာရုံပြု]***

၅။ ဘုရား,တရား,သံဃံ,မိဘ,ဆရာ ရည်စူး၍ ''သမ္ဗုဒ္ဓေ''(၅)ခေါက်။ ***[ဘယ်မျက်စိ အာရုံပြု]***

၆။ ရောင်ခြည်တော်ခြောက်သွယ် ရည်စူး ''သမ္ဗုဒ္ဓေ'' (၆)ခေါက်။ ***[ညာမျက်စိ အာရုံပြု]***

၇။ ခုနစ်ရက်သားသမီး ရည်စူး ''သမ္ဗုဒ္ဓေ'' (၇)ခေါက်။ ***[ဘယ်နှာခေါင်းပေါက် အာရုံပြု]***

၈။ အောင်ခြင်းရှစ်ပါး ရည်စူး ''သမ္ဗုဒ္ဓေ''(၈)ခေါက်။ ***[ညာနှာခေါင်းပေါက် အာရုံပြု]***

၉။ မိမိအာဏာစက် ရည်စူး ''သမ္ဗုဒ္ဓေ''(၉)ခေါက်။ ***[မိမိပါးစပ် အာရုံပြု]***

၁၀။(၁၀)ပါးသောသိဒ္ဓိ ရည်စူး ''သမ္ဗုဒ္ဓေ''(၁၀)ခေါက်။ ***[ရင်ခေါင်းတည့်တည့် အာရုံပြု]***

အောင်ခြင်းရှစ်ပါးကို ညွှန်းရမည် ပါသဖြင့် ဒေါ်မေရှင်၏ အောင်ခြင်းရှစ်ပါးသီချင်းကို သတိရမိသည်။ သီချင်းကို မမှတ်မိတော့ပါ။ မြတ်ဘုရား အောင်မြင်ခဲ့သည့် ရှစ်ပါးတွင် တစ်ပါးမေ့နေသဖြင့် ပုံဖော်နိုင်ရန် ပြန်ရှာကြည့်ရသည်။

ကျွန်မ မိတ်ဆွေ လက်ဆောင်ပေးသည့် ဘုရားစာအုပ်တွင်ပါသော သမ္ဗုဒ္ဓေကို ကျွန်မရွတ်ပွားသည့်အတိုင်း



မျှဝေလိုက်ပါသည်။ **(သာသနာစောင့်နတ်မင်းကြီးလေးပါးမှ အိပ်မက်ပေးသော ဂါထာဟု မှတ်ချက်ပြုထားပါသည်။)**

အန္တရာယ်ကင်း

သမ္ဗုဒ္ဓေ ဂါထာတော်ကြီး

၁။ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊
ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတ သဟဿာနိ၊
နမာမိ သိရသာမဟံ။

၂။ အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊
အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ
အာဒရေန နမာမဟံ။

၃။ နမက္ကာရ နုဘာဝေန၊
ဟိတွာ သဗ္ဗေဥပဒ္ဒဝေ၊
အနေကာ အန္တရာယာပိ၊
ဝိနဿန္တု အ,သေသတော။

ပါဠိအနက်

၁။ **အဋ္ဌဝီသံ၊** နှစ်ကျိပ်ရှစ်ဆူကုန်သော။ **သမ္ဗုဒ္ဓေစ၊** ဘုရားရှင်တို့ကို လည်းကောင်း။ **ဒွါဒသဉ္စ သဟဿကေ၊** တစ်သောင်းနှစ်ထောင်ကုန်သော။ **သမ္ဗုဒ္ဓေစ၊** ဘုရားရှင်



www.burmeseclassic.com

တို့ကို လည်းကောင်း။ **ပဥ္စသတ သဟဿာနိ၊** ငါးသိန်းကုန်သော။ **သမ္ဗုဒ္ဓေ၊** ဘုရားရှင်တို့ကို လည်းကောင်း။ **အဟံ၊** အကျွန်ုပ်သည်။ **သိရသာ၊** ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်။ **နမာမိ၊** ရှိခိုးပါ၏။

၂။ **ဝါဠုကာ ဂင်္ဂါ၊** ဂင်္ဂါမြစ်အတွင်း၌ သဲလုံးတို့သည်။ **အပ္ပကာ၊** နည်း ကုန်၏။ **နိဗ္ဗုတာ၊** ပရိနိဗ္ဗာန် ပြုသွားကြကုန်သော။ **ဇိနာ၊** ဘုရားရှင်တို့သည်။ **အနန္တာ၊** အဆုံးအပိုင်း အခြားမရှိကုန်။

**တေသံ၊** ထိုဘုရားရှင်တို့၏။ **ဓမ္မဉ္စ၊** တရားတော်တို့ကိုလည်းကောင်း။ **သံဃဉ္စ၊** သံဃာတော်ကို လည်းကောင်း။ **အဟံ၊** အကျွန်ုပ်သည်။ **အာဒရေန၊** ရိုသေစွာဖြင့်။ **နမာမိ၊** ရှိခိုးပါ၏။

၃။ **နမက္ကာရာ နုဘာဝေန၊** ရှိခိုးရသော အာနုဘော်ကြောင့်။ **သဗ္ဗေ၊** အားလုံးကုန်သော။ **ဥပဒ္ဒဝေ၊** ဥပဒ္ဒဝေါတို့ကို။ **ဟိတွာ၊** ပယ်ဖျောက် ပယ်သတ်၍။ **အနေကာ၊** များစွာကုန်သော။ **အန္တရာယာပိ၊** အန္တရာယ်တို့သည်လည်း။ **အ,သေသတော၊** အကြွင်းအကျန် မရှိသောအားဖြင့်။ **ဝိနဿန္တု၊** ကင်းစင်လွင့်ပ ပျောက်ပျက်ပါစေကုန်သတည်း။

မဟာလာဘ သမ္ဗုဒ္ဓေဂါထာတော်ကြီး

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဥ္စသတ သဟဿာနိ နမာမိ သိရသာ မဟံ။
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။

❂ ဗုဒ္ဓသေဋ္ဌံ မဟာတေဇံ၊ သဗ္ဗပိယံ လာဘံ လာဘံ။
❂ နမော ဗုဒ္ဓံ ဇယမင်္ဂလံ၊ သိရိပုဏ္ဏံ၊
တေသံ ဗုဒ္ဓဉ္စ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာနုဘာဝေန ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။
❂ အာဂစ္ဆေယျုံ သဗ္ဗဒေဝါ၊ အာယုဝဏ္ဏော သုခံ ဗလံ။
❂ ဇယံ ဒေသော ဒသဒိသာ၊ ဘဝတု မမ သဗ္ဗဒါ။

မဟာလာဘသမ္ဗုဒ္ဓေဂါထာတော်ကြီးမှာ ပါဝင်၍
မူရင်း သမ္ဗုဒ္ဓေဂါထာတော်ကြီးမှာ မပါသော
ဂါထာပုဒ်များ၏ အနက်အဓိပ္ပာယ်များ

၁။ ဗုဒ္ဓသေဋ္ဌံ မဟာတေဇံ၊ သဗ္ဗပိယံ လာဘံ လာဘံ။

**ဗုဒ္ဓသေဋ္ဌံ၊** လောကသုံးပါးတွင် အမြတ်ဆုံးဖြစ်တော်မူသော မြတ်စွာဘုရားသည်။ **မဟာတေဇံ၊** ကြီးသောတန်ခိုးရှိတော်မူ၏။ **သဗ္ဗပိယံ၊** ခပ်သိမ်းသော သူတို့ကချစ်မြတ်နိုးအပ်၏။ **မဟာလာဘံ၊** ကြီးကျယ်များမြတ်သော လာဘ်ရှိတော်မူ၏။



၂။ နမော ဗုဒ္ဓံ ဇယမင်္ဂလံ၊ သိရိပုဏ္ဏံ၊

**ဇယမင်္ဂလံ၊** အောင်ခြင်းမင်္ဂလာရှိတော်မူသော။ **သိရိပုဏ္ဏံ၊** ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော။ **ဗုဒ္ဓံ၊** မြတ်စွာဘုရားကို။ **နမော၊** ရှိခိုးပါ၏။

၃။ အာဂစ္ဆေယျုံ သဗ္ဗဒေဝါ၊ အာယုဝဏ္ဏော သုခံ ဗလံ။
ဇယံ ဒေသော ဒသဒိသာ၊ ဘဝတု မမ သဗ္ဗဒါ။

**သဗ္ဗဒေဝါ၊** ခပ်သိမ်းသော နတ်မြတ်နတ်ကောင်းနတ်အပေါင်းတို့သည်။ **အာဂစ္ဆေယျုံ၊** လာရောက်ကြကုန်ရာ၏။ **အာယုဝဏ္ဏော သုခံ ဗလံ၊** အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်းသည်လည်းကောင်း။ **ဇယံ ဒေသော ဒသဒိသာ၊** အရပ်ဆယ်မျက်နှာမှ အောင်မြင်ရခြင်းသည် လည်းကောင်း။ **မေ(မမ)၊** ကျွန်ုပ်အား။ **သဗ္ဗဒါ၊** အခါခပ်သိမ်း။ **ဘဝတု၊** ဖြစ်ပါစေသတည်း။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသီဟ(သာသနဓဇ ဓမ္မာစရိယ)မှ ပြန်ဆိုပေးပါသည်။]***

**မှတ်ချက်။ ။ လိုအပ်သောအနက် အဓိပ္ပါယ်များကို သမ္ဗုဒ္ဓေဂါထာတော်ကြီး အနက် အဓိပ္ပါယ်မှ ယူပါရန်...**

**(❂)ခရေပွင့်များပါသော ဂါထာပုဒ်များမှာ မူရင်း သမ္ဗုဒ္ဓေဂါထာတော်ကြီးမှာ မပါဝင်သော ဂါထာများ ဖြစ်ပါသည်။**

*ကောင်းကျိုးခပ်သိမ်း ပြည့်စုံကြပါစေ။*

မြင့်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



# မန်းစက်တော်ရာ ခြေမတော်အား

ဖူးတွေ့ခဲ့ရသည့် တစ်ခဏတာ

ဦးစိန် (တိုးချောင်ကြီး)



အချိန်ကာလအားဖြင့် ကြာပါပြီ။ **၁၉၈၀ ပြည့်နှစ်** စာရေးသူ မန္တလေးမှာ တာဝန်အရ ပြောင်းရွှေ့ ရောက်နေစဉ် ခေတ္တတည်းခိုခဲ့ရတဲ့ **တောင်ထီးလင်းတိုက်၊ ဇမ္ဗူသိဒ္ဓိ သပြေပင်ကျောင်းက ဦးပဥ္ဇင်းဦးဇောတိက**နဲ့ ခင်မင်ရင်းနှီးခဲ့ရတယ်။

ဦးပဥ္ဇင်းဦးဇောတိက,က **မင်းဘူးမြို့နယ်၊ ပေတောကျေးရွာမှ မန္တလေး**သို့ လာရောက်ပညာ သင်ကြားနေတာပါ။

တစ်နေ့မှာ စကားစပ်မိရာက စာရေးသူအား မန်းရွှေစက်တော်ဘုရားသို့ မရောက်ဘူးသေးက လိုက်ပါပို့ဆောင်ပေးမည် ဖြစ်ကြောင်း ပြောကြားခဲ့တယ်။

စာရေးသူကလဲ မရောက်ဘူးသေးတော့ အဖော်သဟဲပါ ရတော့ သဘောတူလိုက်တယ်။

ဒီလိုနဲ့ (၁-၃-၁၉၈၀)နေ့မှာ မန္တလေးက မနက်(၂းဝဝ)နာရီ ထွက်တဲ့ကားနဲ့ မကွေးမြို့သို့ ထိုမှတစ်ဆင့် ဧရာဝတီ မြစ်ကို ကူးတို့သင်္ဘောဖြင့် ဖြတ်ကာ မင်းဘူးမြို့၊ ထိုမှတစ်ဆင့် မန်းရေနံ တွင်းသို့ ဂျစ်ကားဖြင့် ထပ်ဆင့်သွားခဲ့ ရတယ်။

မန်းရေနံတွင်းကွင်းကို ထော်လာဂျီစီးပြီး ဖြတ်သွားရတာ ပေတောကျေးရွာသို့ ညနေ(၆းဝဝ)နာရီလောက်မှ ရောက်သွားကြတယ်။

ပေတောကျေးရွာက မန်းရေနံတွင်းနဲ့ ကပ်လျက်ရှိပါတယ်။ ဦးပဥ္ဇင်းဇောတိက မိသားစုကျေးရွာပေါ့။ အဲဒီရွာမှာ တစ်ညအိပ် နားခဲ့ရတယ်။

နောက်နေ့မှာ ဦးပဥ္ဇင်းရဲ့ ရဟန်းဒါယကာက အလှူလုပ်နေတာနဲ့ ကြုံရတာကြောင့် ရဟန်းဒါယကာနေထိုင်ရာ ရွာသို့ ခြေကျင်ခရီးနဲ့ ခရီးဆက်ကြရတယ်။

မနက် (၇းဝဝ)နာရီလောက်က စတင်လျှောက်လိုက်ရတာ၊ ရဟန်းဒါယကာရွာကို မနက်(၁ဝးဝဝ)နာရီလောက်မှ ရောက်သွားကြတယ်။

ယင်းလမ်းကြောင်း တစ်လျှောက်မှာ သဲမြေတွေ ဖြစ်ပြီး မြေပဲခင်းတွေချည်း စိုက်ပျိုးထားကြတယ်။

မြေပြင်ကလဲ နိမ့်ချည်မြင့်ချည်နဲ့။ ဘာကြောင့် ဒီလို ဖြစ်နေတာလဲလို့ ဦးပဥ္ဇင်းကို လျှောက်ထား မေးမြန်းတော့…

'ဒီအရပ်ဒေသက ဧရာဝတီမြစ်ကြီးနဲ့ နီးတယ်လေ။ မိုးအခါမှာ ဧရာဝတီမြစ်ကြီးက ရေလျှံတော့ ဒီဘက်တွေကို ရေလွှမ်းလာတယ်။ ရေပြန်ကျသွားချိန်ကြတော့ သဲသောင်တွေ ထွန်းခဲ့တယ်။

ဒါကြောင့် မြေပြင်မညီမညာဖြစ်ပြီး မြေပဲခင်းတွေချည်း စိုက်ပျိုးကြတာပေါ့လို့' လို့ ဦးပဥ္ဇင်းက ရှင်းပြတယ်။

ရဟန်းဒါယကာရွာမှ ညနေ (၂းဝဝ)နာရီလောက်က ပြန်ထွက်ခဲ့ရာ **ပေတောကျေးရွာ**သို့ ညနေ (၅းဝဝ)နာရီလောက်မှ ပြန်ရောက်ကြတယ်။ ဒုတိယအကြိမ် ပေတောကျေးရွာမှာ တစ်ညနားကြပါတယ်။

မနက်မိုးလင်းတော့ ဦးပဥ္ဇင်း



www.burmeseclassic.com

က…

'ဒကာကြီး…ဟိုဘက်ရွာကို ခေတ္တသွားရအောင် ဒကာကြီးက ကံကောင်းလို့ ရွှေစက်တော်ဘုရား မရောက်မီကတည်းက အထက်စက်တော်ရာဘုရားရဲ့ ခြေမတော်ကို အရင်ဖူးတွေ့ရမှာပါ'

ဆိုပြီး တစ်ဖက်ရွာဘက်ကို ကူးခဲ့တယ်။

တစ်ဖက်ရွာက ပေတောကျေးရွာနဲ့ မလှမ်းမကမ်းမှာ ရှိနေတာပါ။ နီးနီးလေးပါ။ ရွာနာမည်တော့ မေ့နေပါပြီ။

အဲဒီရွာ ဘုန်းတော်ကြီးကျောင်းရောက်တော့ ကျောင်းထိုင်ဆရာတော်အား ဝတ်ပြုပြီး အထက်စက်တော်ရာရဲ့ ခြေမတော်အား ဖူးတွေ့လို၍ မန္တလေးမှ လာရောက်ခြင်းဖြစ်ကြောင်း လျှောက်ထားလိုက်တယ်။

ကျောင်းထိုင် ဆရာတော်ကလဲ ဦးပဉ္ဇင်းဦးဇောတိကနဲ့ ရင်းနှီးတော့ ကြည်ကြည်သာသာ ခွင့်ပြုတယ်။ ဘုရားခန်းထဲကို ခေါ်သွားခဲ့တယ်။

ဘုရားခန်းရောက်တော့ ကြေးကျောက်ဆင်းတုတွေနဲ့ အတူ သီးခြားစားပွဲပေါ်မှာ ရွှေရောင်အဆင်းရှိတဲ့ စေတီတော်လေး တစ်ဆူကိုပါ ဖူးတွေ့ရတယ်။ စေတီတော်လေး အမြင့်က (၂)ပေခွဲကျော်လောက် မြင့်ပုံရတယ်။

**ဆရာတော်က စေတီတော်လေးကို လက်အုပ်ချီကန်တော့ပြီး ပထမစေတီတော်လေးမှာ တပ်ဆင်ထားတဲ့ ဓာတ်မြတ်နားလေးနဲ့ ထီးတော်လေးကို မပြတ်လိုက်တယ်။**

**ဒုတိယအနေနဲ့ စေတီတော်လယ်တိုင် ဖောင်းရစ်ကို မပြတ်လိုက်တယ်။**



**တတိယအနေနဲ့ စေတီတော်လေးရဲ့ ခေါင်းလောင်းကို လက်နှစ်ဖက်နဲ့ ညှပ်ပြီး လက်ယာရစ် လှည့်ဖွင့်လိုက်တော့မှ အတွင်းမှာ ရွှေရောင်ဝင်းလက်နေတဲ့ ခြေမတော်ကို ဖူးတွေ့ရတယ်။**

**ခေါင်းလောင်းနဲ့ ပလ္လင်ကြားမှာ ဌာပနာ ထည့်ထားတာပါ။**

စာရေးသူက သေချာစွာ ဖူးမြော်လေ့လာကြည့်တော့ ကျောက်သားက ပွဲထွက်နေတဲ့ ခြေမတော်တစ်ခြမ်းလို ဖြစ်နေပါတယ်။ ထုတစ်မိုက်လောက်ရှိပြီး အဝန်းအချင်း (၇)လက်မလောက်ရှိတယ်လို့ ခန့်မှန်းမိတယ်။

ထူးခြားနေတာက ဆံပင်လုံးအရွယ် မှိုသဏ္ဌာန်ပေါက်နေတဲ့ အဖြူရောင် အမွေးလေးတွေ ထွက်နေတာကိုလဲ သတိပြုမိတယ်။

ဦးဇောတိကက…

'မှိုလို ထွက်နေတဲ့ အမွေးလေးတွေကို လူတွေက အရမ်းလိုချင်ကြတယ်။ ဘုရားကျောင်းဆောင်မှာ ဖန်ပေါင်းချောင်နဲ့ ထည့်ပြီး ကိုးကွယ်ကြရင် စီးပွားတက်ကြလို့တဲ့'

ကျောင်းထိုင်ဆရာတော်က…

'အဲဒါ ဒကာလေး ဖူးချင်တဲ့ အထက်စက်တော်ရာက ခြေမတော် အစစ်ပဲကွယ့်'

လို့ ပြောကြားတယ်။

စာရေးသူက ဆရာတော်အား ''ဘယ်လို ဘယ်လို ဒီကို ရောက်နေတာလဲ ဘုရား''လို့ လျှောက်တော့ ဆရာတော်က ဖြစ်စဉ်ကို တိုတိုနဲ့ လိုရင်း ပြောပြတယ်။

'ဒကာလေး ရွှေစက်တော်ဘုရား သမိုင်းကို သိပါသလား'

'တပည့်တော် ဘုရားသမိုင်း အကျဉ်းတော့ ဖတ်ဖူးပါတယ် ဘုရား'

'ဒီလိုဆို အကျဉ်းပဲ ပြောတော့မယ်၊ လယ်ကိုင်းဘက်က ဆရာတော်ကြီးတစ်ပါးက ဘုရား ခြေတော်ရာရှိရာက တောင်စွန်းကြီး ဖြစ်နေတော့ လာဖူးသူ အများထိခိုက်မှာ စိုးလို့ရယ်၊ နောက်ပြီး ရာသီဥတုဒဏ်ကြောင့် ခြေတော်ရာ ကျောက်ကြီး တောင်အောက် လျှောဆင်းနိုင်တယ်ဆိုပြီး…

www.burmeseclassic.com





◆ ထိုစဉ်က ရွှေစက်တော်သီးမှ စာရေးသူ

ကျောက်မောင်းဆင်လို့ တောင် အလယ်ကို ဆစ်ပြီး ရွှေ့တယ်။ ဒါပေမယ့် အဆင်မသင့်သော ခြေမ တော်လေး ပွဲထွက်ပြီး ခြေတော်ရာ ကျိုးပဲ့ပါလာတယ်။

အဲဒီခြေတော်ရာက ခြေမတော် လေးကတော့ တောင်အောက် စဉ်ကျသွားတယ်။

ဒီအကြောင်းကို တောလိုက်မုဆိုး တစ်ယောက်က ကြားသိသွားတော့ အချိန်မီ ကြည့်ရှုဖို့ အမြန်လာခဲ့ တယ်။

ဒါပေမယ့် အချိန်မမီလိုက်ဘူး။ အထက်စက်တော်ရာ မူလနေရာ ချောက်အောက်ရောက်တော့ ကုတ် နဲ့ ကော်စဉ်က ပွဲကျလာတဲ့ ခြေမ တော်ရဲ့ အကျိုးအပဲ့ကို ရွှေရောင် တဝင်းဝင်းနဲ့ တွေ့တာကြောင့် ကောက်ယူပြီး ရွာကိုပြန်လာခဲ့တယ်။ ရွာက အိမ်မှာပဲ ပူဇော်ထားတယ်။

မုဆိုးက သူနဲ့ထိုက်လို့ ပူဇော်ရ တာလို့ ယုံကြည်တယ်။ မုဆိုးအလုပ် လဲ စွန့်လွှတ်လိုက်တယ်။ စီးပွား တက်လာတယ်။

ဒီအကြောင်း ရပ်နီးက လူများ ကြားရတော့ မုဆိုးအိမ်က ခြေမ တော်ကို ငှားရမ်းပင့်ဆောင်ပြီး ပူဇော်ကြတယ်။ စီးပွားတက်ကြ တာပဲ။

ဒီလိုနဲ့ တစ်ရွာဝင် တစ်ရွာထွက် ပူဇော်ကြတာက စီးပွားတက်ချင်လို့ ပူဇော်ကြတာ ဖြစ်နေတော့တယ်။

တစ်ရက်မှာတော့ လေကြီးမိုးကြီး တွေ ကျပြီး ရေဝတီမြစ်ကြီး ရေလျှံ ကျပါတော့တယ်။ မုဆိုးအိမ်ရော အခြားရွာတွေက အိမ်တွေပါ ရေမြုပ် ပြီး ဒုက္ခတွေ ရောက်ကုန်ကြတာ ပေါ့။

အဲဒီမှာ အိမ်ကြီးတစ်လုံးဟာ ထူးထူးခြားခြား အိမ်အလုံးလိုက်ကြီး ရေထဲမျောပါလာတာကို ဘုန်းကြီး တို့ ရွာကနေ လှမ်းမြင်တွေ့ရတော့ ကျောင်းက ဦးပဥ္စင်း၊ ကိုရင်၊ ကျောင်း သားတွေနဲ့ ပေါင်းပြီး လှေနဲ့ လိုက်လံ ကြည့်တော့ အခုမြင်တွေ့နေရတဲ့ အထက်စက်တော်ရာရဲ့ ခြေမတော် ပါနေတာကို မြင်တွေ့လိုက်ကြတော့ တယ်။

ဒါကြောင့် ခြေမတော်ကို ပင့် ဆောင်လာပြီး ဒီကျောင်းမှာ ကိုး ကွယ်ထားတာပေါ့။ အိမ်တွေမှာ တင်ထား ကိုးကွယ်လို့ မရဘူး။

လူတွေက စီးပွားတက်ချင်ဖော လောဘတွေနဲ့ ခြေမတော်ကို လာ လာပြီး ပင့်ဆောင်နေတာကြောင့် အခုလို လူမသိနိုင်အောင် ရွှေစေတီ လေး ပြုလုပ်ပြီး ဌာပနာ ထည့်ထား ကိုးကွယ်ထားတာလေ'

ဆရာတော်က ဖြစ်စဉ်အား ရှင်းပြ ရင်း ခေတ္တမျှရပ်ပြီး ရေနွေးကြမ်း တစ်ခွက် ငုံ့သောက်လိုက်ပါတယ်။ စကားပြောလွန်း၍ အမောဖြေပုံ ရပါတယ်။ ဆက်လက်ပြီး မိန့်ကြား တာက…

ဒီအကြောင်းကို သိရှိသူ နည်း သွားပါပြီ။ အဖြစ်အပျက်က နှစ် ပေါင်း ရာချီကြာမြင့်နေတော့ မေ့မေ့ ပျောက်ပျောက် ဖြစ်နေကြတာပေါ့။ ဒီအရပ်ဒေသက သက်ကြီးရွယ်အို တွေလောက်ပဲ သိကြတယ်။

**ဘုန်းကြီးတို့က ယခင် ဆရာတော် ကြီးများ အဆက်ဆက် ပြောင်းပြီး ထိန်းသိမ်းကိုးကွယ်လာကြလို့ ဆရာ တော်ကြီးများရဲ့ ပြောပြချက်ကြောင့် သိရှိရတာယ်။**

ဒကာလေး ရွှေစက်တော်ဘုရား ကို ရောက်ရင် သတိထားကြည့် အမြင့်(၉)တောင်လောက်ရှိပြီး သံ တိုင်တွေနဲ့ ကာထားတဲ့ စေတီတစ်ဆူ ကို တွေ့မယ်။

အဲဒီစေတီက ကြေကွဲသွားတဲ့ အထက်စက်တော်ရာရဲ့ အပိုင်းအစ တွေကို စုပေါင်းပြီး စေတီတည်ထား တာပဲ။ အဲဒါက **အထက်စက်တော် ရာ အစစ်စေတီပဲ။** ဘေးက စေတီ က စက်တော်ရာသဏ္ဍာန်လုပ်ပြီး




www.burmeseclassic.com

# ခန္ဓာကိုယ်အောက်ပိုင်း

## ခြေတွင် လေးလံကိုက်ခဲ သေချည့်ဖြစ်ခဲ့လျှင်

ဘဂိုးစံ



**၂၀၀၅ ခုနှစ်၊ (၉)လပိုင်းက** ဖြစ်သည်။

ဖီးကုန်းမြို့၏ အနောက်တောင်ဘက် မြို့နှင့်(၂)မိုင်နီးပါးမျှလောက်ဝေးသည့် ပေါက်ပင်ဆိပ်ရွာတွင် ကျွန်ုပ်နှင့် တစ်ရွာတည်းနေသည့် မြေးဖြစ်သူ ခင်အေးမော် (ဆယ်တန်းကျောင်းသူမလေး)သည် တစ်ညနေတွင် အလူးအလဲ ဖျားသဖြင့် မြို့နယ်ဆရာဝန်ကြီး၏ ဆေးခန်း သွားခဲ့ရသည်။

အဖျားမှာ ဆရာဝန်ကြီး၏ ဂရုတစိုက် ကြပ်မတ်ကုသပေးမှုဖြင့် (၃)ရက်နှင့်ပျောက် အဖျားပြတ်သွားသော်လည်း အောက်ပိုင်း တစ်ပိုင်းလုံး လေးလံ၍ ခြေထောက်များ မသယ်နိုင်တော့ဘဲ တောင့်တင်းကိုက်ခဲထုံကျဉ်နေကာ အကြောတွေဆိုင်းပြီး လမ်းမလျှောက်နိုင်ဘဲ ဖြစ်သွားပါတော့သည်။

လောလောဆယ်လည်း ဆေးခန်းသို့ ပြန်လည်မသွားဖြစ်၊ မပြုဖြစ်ဘဲ ကောင်းနိုးကောင်းနိုးနှင့် ''သူပြော ငါပြော'' ဆေးနည်းတိုများ လုပ်ရင်း (၂)ရက်လောက်မျှ ကြာသွားပါသည်။

ရောဂါက မပျောက်သည့် အပြင် ပိုဆိုးသလို ဖြစ်လာသဖြင့် နောက်တစ်နေ့၌ ဆေးခန်းသွားရန် စီစဉ်ကြရပါတော့သည်။

ထိုအချိန် အနောက်မိုးညိုမြို့နယ်၊ လှေကြပ်ကုန်းရွာမှ ဦးချက်ကြီးဆိုသူ **''ငရုတ်ပွသီးဆုပ်ပိန်'' (ရှူးခါစနေမလှန်းရသေးသည့် ငရုတ်သီးမှည့်)**များ ရောင်းရန်ရောက်လာသည်နှင့် ကြုံကြိုက်သည်။

သို့နှင့် ဦးချက်ကြီးမှ အကျိုးအကြောင်းမေးပြီးမှ ကူညီလိုပါကြောင်း ပြောဆိုခွင့်တောင်းသည့်အတွက် ကျွန်ုပ်တို့အားလုံးလည်း ခွင့်ပြုလိုက်ကြပါ၏။

ဦးချက်ကြီးသည် ထိုနေ့က (၁၅)မိနစ်ခန့်မျှ နှိပ်နယ်ပေးပါသည်။ သူနှိပ်ပြီး မကြာမီပင် ခင်အေးမော်မှာ အတော်ပေါ့၊ အတော်သက်သာသွားပါသည်။ လူလည်း အနည်းငယ် သွက်လက်လာပါသည်။

သို့အတွက် ယင်း ဦးချက်ကြီးအား နောက်ထပ် (၂)ရက်လောက် မျှနေပါရန် မေတ္တာရပ်ထားပြီး ဆက်လက်ပြုပြင်စေခဲ့ရာ (၃)ရက်မြောက်နေ့တွင်တော့ လုံးဝနီးပါး ကောင်းသွားပါတော့သည်။

မြေးဖြစ်သူ ခင်အေးမော်သည် ဝမ်းသာလွန်းသဖြင့် ကျွန်ုပ်တို့အား အမျိုးမျိုး လမ်းလျှောက်ပြရုံမက ကြိုးပင်ခုန်ပြပါသည်။

ကျွန်ုပ်တို့လည်း ဦးချက်ကြီးကို အထူးကျေးဇူးတင်ရှိကြသဖြင့် သူ၏ လိုအပ်သည်များ အကူအညီပေး၍ သူ၏ ငရုတ်သီးဆုပ်ပိန်များကိုလည်း ရောင်းချပေးခဲ့ကြပါသည်။

ဦးချက်ကြီး အပြန်တွင်တော့ မြေးဖြစ်သူ ခင်အေးမော်မှ ငွေ(၅၀၀ဝိ)နှင့် အင်္ကျီ,လုံချည်တစ်စုံတို့ကို လက်အုပ်ချီ ဦးချကန်တော့လိုက်ပါသည်။

ထိုအခါ ဦးချက်ကြီးက နောက်နောင်အခါများ၌ ဤကဲ့သို့ **ခန္ဓာကိုယ်အောက်ပိုင်းနှင့် ပတ်သက်၍ လေးလံထုံကျဉ် ကိုက်ခဲသေချည့် ဖြစ်ခဲ့လျှင်** ကူညီသင့် ကူညီထိုက်ပါက ကူညီနိုင်ပါရန် အောက်ပါ အကြောပြင် နည်းလမ်းကောင်းကို ပညာဒါနပြုခဲ့ပါသည်။

**ဆိုခဲ့သည့် ရောဂါများကို...**



www.burmeseclassic.com
www.burmeseclassic.com

မြီးညှောင်းရိုးမှ လက်နှစ်သစ်အကွာကို လက်မဖြင့် သန့်စွမ်းစွာ ထိုးနှက်ပါ။

နောက် ပေါင်တွင်းကြောတစ်လျှောက် တံတောင်ဆစ်ဖြင့် ထိထိ မိမိ ထောင်းပေးပါ။

နောက်ခြေသလုံးကြွက်သား(ဖရုံဆွဲသား)ကို လက်ကုန်ထိုးသိပ် နှိပ်ပါ။

ပြီးပါက ဒူးအဖုအားကို နာနာတေ့ပြီး ကြိတ်ပေးပါ။

ပေါင်,ခြေသလုံးကိုက်လျှင် ခြေဖဝါးအလယ်ကို နာနာထိုးနှိပ်ပါ။

ဦးချက်ကြီး၏ အကြောပြင်နည်းမှာ မခက်လည်း မခက်ခဲ နားလည်ပါးလည်လည်း ဖြစ်လွယ်ပြီး မှတ်သား လွယ်သည့်နည်းကောင်း ဖြစ်ပါသည်။

သူရွတ်ဆိုပြခဲ့သည့် **သုသုတဆေးကျမ်းနှင့် အနာတမီဆေးကျမ်းလာ အောက်ပါလင်္ကာလေး**နှင့် တကွ ရေးမှတ်ထားလိုက်ပါသည်။

'ပါဒါတတွေ၊ ခြေလျှင်သေက၊ ထုံကျဉ်စသည့်၊ မချည့်ဝေဒနာ၊ ရောက်တုံပါသော်၊ မီးညှောင်းအထက်၊ နှစ်သစ်တက်၍ လက်ကုန် ထိုးသိပ်၊ ကောင်းစွာနှိပ်လော့။

ထိုပြင်မှနောက်၊ ဒူးအောက်တစ်လျှောက်၊ ပေါင်ခြံရောက်အောင်၊ တံတောင်နှင့်သာ၊ နှိပ်ပါတစ်ခန်း။

ခြေယမ်းပေါင်ကိုက်၊ ရှိခိုက်ဒွန်လည်း၊ ခြေဖမိုးရင်း၊ ဖနောင့်တွင်းမှ၊ ခြေဖဝါးလယ်၊ အသားကြွယ်တွင်၊ နယ်ကာသာပင်၊ နှိပ်ခဲ့လျှင် သော်၊ ဆိုသောရောဂါ၊ ခြေအနာကို၊ မကြာလျင်စွာ ပျောက်မြဲ ပါတည်း'

နောက် သူကပင် ဆက်လက်၍ ပညာဒါနပြုနိုင်လျှင် ပိုကောင်းပါမည်ဟု အကြံပေး ပြောကြားခဲ့ပြန်ပါသည်။

သို့ကြောင့်ပင် ကျွန်ုပ်လည်း တစ်ဆင့် ဆက်လက်၍ ပညာဒါနပြုရာလည်းရောက်၊ ဦးချက်ကြီး၏ စေတနာကို တန်ဖိုးထားလေးစားရာလည်းရောက်၊ သူ့ကို ဂုဏ်ပြု ကျေးဇူးဆပ်ရာလည်းရောက်အောင် သူ၏ ဆန္ဒအရ ဆက်လက်တင်ပြအပ်ပါသတည်း။

**အဘိုးစံ**

စာမျက်နှာ (၁၉၅)မှ အဆက်

တည်ထားတာလေ။

သမိုင်းကြောင်းကို မှတ်မိရဲ့လား။ အထက်စက်တော်ရာကို မူလနေရာမှ တောင်အလယ်ကို ကုတ်နဲ့ ကော်ပြီး ပြောင်းလိုက်လို့ အဲဒီ ဆရာတော်ကြီး မျက်စိကွယ်သွားခဲ့ရတယ်။

အဲဒါကို ပြောင်းရွှေ့တဲ့ ခြေတော်ရာအပိုင်းအစတွေကို ငုံသွားပြီး စေတီတည်လိုက်တယ်။

စာရေးသူမှ...

'တပည့်တော်က မန်းစက်တော်ရာ စေတီတော်တွေကို တစ်ကြိမ်တစ်ခါမှ မရောက်ဘူးသေးပါဘုရား။ ယခု ဦးဇောတိက အကူညီနဲ့ ဘုရားဖူးဖို့ လိုက်လာတာပါ။

ယခုလို မန်းစက်တော်ရာ မရောက်မီ ကြိုတင်ပြီး ဖူးမြင်သိရှိခဲ့ရတဲ့အတွက် အလွန်ကံကောင်းကံထူးလှပါတယ်လို့ ယူဆပါတယ်ဘုရား။

ဖြစ်စဉ်ကို ရှင်းပြတဲ့ ဆရာတော်ကိုလဲ အထူးကျေးဇူးတင်လို့ ဂါရဝပြုပါတယ်'

ဟု ဆိုကာ တတ်နိုင်သမျှ ဝတ္ထုငွေ လှူဒါန်း၍ မန်းစက်တော်ရာသို့ ခရီးထွက်ရန် စီစဉ်လိုက်ပါတော့သည်။

**(၄–၃–၁၉၈၀နေ့ ရွှေစက်တော်ဘုရား မန်းချောင်းတွင် ဦးဇောတိကနှင့် စာရေးသူတို့၏ ရိုက်ကူးထားသော မှတ်တမ်းဓာတ်ပုံအား တင်ပြပါသည်။)**

*[ဦးဇောတိက(ပေတော)*
*(အမှတ်တရ)]*

**ဦးစိန်(တိုးချောင်ကြီး)**

**နက္ခတ္တရောင်ခြည်**
**မဂ္ဂဇင်း**
**နှင့်**
**ဆက်သွယ်**
**နိုင်သော**
**ဖုန်းနံပါတ်များ...**
**၀၉–၇၇၆၃၄၉၇၈၅**
**၀၉–၄၄၃၂၅၇၂၂၀**

# လက္ခဏာပဟေဠိ

အဖြေညှိကြစို့


သာရာကြီး ဦးအောင်မြင့် (ဥပဒေသွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ယခုလအတွက် ဖော်ပြပေးလိုက်သော လက္ခဏာ ပုံစံပိုင်ရှင်မှာ **အသက်(၃၀)ကျော် အမျိုးသမီးတစ်ဦး** ဖြစ်ပါသည်။

လက်ဖဝါးပြင်နှင့် လက်ချောင်းများကို သေချာ ကြည့်ရှုလေ့လာ စစ်ဆေးပြီး အောက်ပါ ပဟေဠိ မေးခွန်းများကို ဖြေကြည့်ပါ။

၁။ ရာထူးဩဇာ တိုးတက်မြင့်မားသူ ဖြစ်လာနိုင်လား။
၂။ စီးပွားဥစ္စာ တိုးတက် ပြည့်စုံကြွယ်ဝနိုင်သလား။
၃။ အိမ်ထောင်ရေး သာယာပျော်ရွှင် ခိုင်မြဲနိုင်လား။
၄။ ကျန်းမာရေး ကောင်းမွန်နိုင်လား။

မိမိတို့၏အဖြေများကို အကြောင်းပြချက်နှင့် တကွ သီးခြား စာရွက်လွတ်တွင် ရေးမှတ်ပြီးမှ ပဟေဠိ အဖြေများနှင့် တိုက်ဆိုင် ညှိနှိုင်းပါက လက္ခဏာ ပညာသုတ ပိုမိုတိုးပွား ရရှိနိုင်ပါသည်။




ပဟေဠိအဖြေများကို
စာမျက်နှာ(၂၀၀ )တွင် ကြည့်ရှုပါရန်

www.burmeseclassic.com



သီပေါဆရာတော် ဦးဖုး၏

# သံနှင့် ဆေးဒန်း

တွဲ၍ စီရင်နည်း

စာရေးသူမှာ အင်္ဂလိပ်ပညာရပ်ကို ဝါသနာအရ စိတ်ပါဝင်စားခဲ့ပါသည်။ အနယ်နယ်အရပ်ရပ်သို့ ဆေးကုသ ထွက်ခဲ့စဉ်ကလည်း ဒေသခံ အင်္ဂလိပ် ဆရာကြီးများနှင့် ဆရာတော်ကြီးများ ထံတွင် နည်းနာခံပြီး ပညာယူခဲ့ပါ သည်။

သို့သော် စာရေးသူမှာ အမှန်ကို ဝန်ခံရလျှင် ဓာတ်ကြီးလမ်းကို ရိက္ခာ ထောက် စားလမ်းလောက် စိတ်ဝင်စား ခြင်း မရှိခဲ့ပါ။ ရိက္ခာထောက် စားလမ်း ကို အမျိုးမျိုးအဖုံဖုံ လုပ်ဖူးကိုင်ဖူးခဲ့ ပါသည်။

ဘော်၊ ဒန်၊ သံ၊ ဂျုတ်၊ သွပ်၊ ပြဒါး၊ ဆေးဒန်း၊ ဟင်းရိုင်း၊ ဒုတ္တာ ဤဓာတ် များဖြင့်လည်း အကြိမ်ကြိမ်အခါခါ လုပ်ကိုင်ခဲ့ဖူးပါသည်။ လုပ်တိုင်းလည်း သင့်တင့်လျောက်ပတ်စွာတော့ ဖြစ်ခဲ့ သည်ရှိသကဲ့သို့ မဖြစ်သည်လည်း ရှိခဲ့ပါသည်။

မဖြစ်သည်မှာလည်း စာရေးသူ၏ မသိနားမလည်မှု၊ မီးနေမီးထား၊ လုံနေ လုံထား၊ ဓာတ်တို့၏ အကျိုးသွားတို့ ပြည့်စုံစွာ မသိမှု စသောအကြောင်း များကြောင့် မဖြစ်ခြင်းပင် ဖြစ်သည်။

သင့်တင့်လျောက်ပတ်စွာ ဖြစ်ခဲ့ သည်ဆိုခြင်းမှာ ရရှိလာသော ဓာတ် သားအပေါ်တွင် အကျိုးအမြတ် ခံစားမှု မှာ မီးသွေးဖိုး၊ လုံဖိုး၊ ဓာတ်သားဖိုး စသည်များကို တွက်ကြည့်လျှင် ထင် သလောက် မှန်းသလောက်မဖြစ်ပါ။

စာဖတ်သူ အင်္ဂလိပ် သုတေသီ ခင်ဗျား၊ ဤနေရာတွင် ဤအကြောင်း အရာဖြင့် မသက်ဆိုင်သေး၍ ဆက် လက် မရေးတော့ပါ။ နောင် အလျဉ်း သင့်ပါက စာရေးသူ နှစ်ပေါင်း (၃၀) ကျော် အလူးအလဲခံရပုံကို ရေးသား ပါမည်။

ထို့ကြောင့် **ပြင်ဦးလွင်(မေမြို့) အင်္ဂလိပ်ဆရာကြီး ဦးသစ်**ထံမှ ရရှိခဲ့ သော **သီပေါဆရာတော် ဦးဖုး၏ သံနှင့်ဆေးဒန်း** တွဲ၍စီရင်နည်းကို အင်္ဂလိပ်သုတေသီများနှင့် နက္ခတ္တ ဗေဒင်ဖြည် စာဖတ်ပရိသတ်များ ပညာ ဗဟုသုတ တိုးပွားစေရန် မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

သံနု (၃)ကျပ်သား
ဆေးဒန်း (၃)ကျပ်သား
နှာ (၃)ကျပ်သား

သုံးလက်မလုံနှင့် သံ,ကို အောက် ကထည့်၊ ဆေးဒန်း အလယ်မှ ထည့်၊ နှာ အပေါ်မှ ထည့်၊ လုံကို ဖော်မံ၍ မီးလှုံထိုး၊ မီးသွေး နှစ်ပြည် ကုန်စေ။ ကုန်လျှင် နှပ်၍ထား။ အလို အေးစေ။ ခွဲ၍ယူ။ သံ (၃)ကျပ်သား ရှိ၏။

ဆေးဒန်းသတ္တု ယူ၍ထား။ ယင်း



နည်းအတိုင်း သုံးကြိမ်ထိုးလေ။ ဆေးဒန်း (၉) ကျပ်သား၊ နှာ (၉) ကျပ်သား ကုန်၏။ သံ,ပန်း ငြိမ်း၏။ ယင်း သံသေကို **နွားချေးပြာ၊ ကောက်ရိုးပြာ၊ ကျွဲချေးပြာ၊ အလိုကျူပြာ၊ ညောင် ရွက်ပြာ၊ ငှက်ပျော သူငယ်စာပြာ** ဆားချက်၍ ယင်းဆားနှင့် သံလုံးကို ပိတ်၍ထိုး၊ သုံးလုံထိုး၊ သံနီ၍ ပြင်း၏။ (၁၂)လုံထိုး ကြိုးပေါ်၏။

သံလုံးနီလာမှ လက်ချားချော်နှင့် လုံ(၅၀)ထိုးလေ။ ပြီးလျှင် ရွှေ လေး ပဲသား သတ်၍ ကျွေး။ လုံခြောက် (၃၀)ထိုး။ နောက်ထပ် ရွှေ လေးပဲသား ကျွေး၊ လုံခြောက်ထိုး။ ရွှေပြာ ကျ၏။ ရွှေပြာကို သုံးပါလေ။

***ဆင်းရဲကင်းပျောက်***
***ချမ်းသာ ရောက်ကြပါစေ။***

**ဝိဇ္ဇာမဟိဒ္ဓိ ဆရာဦးသန်းမြင့်**
***(တိုင်းရင်းဆေး)***



www.burmeseclassic.com

## လ က္ခ ဏာ ပ ဟေ ဠိ အ ဖြေ လွှာ

စာမျက်နှာ ( ၁၉၈ )မှ အဆက်


### လက္ခဏာပဟေဠိ အဖြေများ

၁။ **ရာထူးဩဇာ တိုးတက်မြင့်မားနိုင်သူ ဖြစ်ပါသည်။**

အဘယ်ကြောင့်ဆိုသော်...

လက်ခလယ်အောက် စနေဂြိုဟ်ကွက်တွင် သန်လျက်ပုံ မင်္ဂလာအခွံအရံရှိခြင်းကြောင့် ဖြစ်ပါသည်။ **"ခ"အက္ခရာ**

* * *





၂။ **စီးပွားဥစ္စာ တိုးတက်ပြည့်စုံကြွယ်ဝနိုင်ပါသည်။**

အဘယ်ကြောင့်ဆိုသော်...

အခြားလက်ချောင်းထိပ်များတွင် ကြီးခွေသာရှိကြပြီး လက်သူကြွယ်ထိပ်ဖျားတွင်သာ စက်ဝိုင်းခွေရှိခြင်း **"ဂ"အက္ခရာ**နှင့်...

**လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ကွက်မှာ အောင်မြင်ရေးလမ်းနှင့်အကူလမ်းများရှိခြင်း "ဃ"အက္ခရာတို့ကြောင့် ဖြစ်ပါသည်။**

* * *





၃။ **အိမ်ထောင်ရေး သာယာပျော်ရွှင်ခိုင်မြဲနိုင်ခြင်း မရှိပါ။**

ခင်ပွန်းဖောက်ပြန်မှုကြောင့် အိမ်ထောင်ရေးဒုက္ခသောက ကြုံရပြီး အိမ်ထောင်ကွဲနိုင်ပါသည်။


အဘယ်ကြောင့်ဆိုသော်...

နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်း ပေါင်းပြီး လက်ပြတ်



လက္ခဏာရှင် ဖြစ်နေခြင်းကြောင့် ဖြစ်ပါသည်။ **"င"အက္ခရာ**

* * *




၄။ **ကျန်းမာရေး သိပ်မကောင်းနိုင်ပါ။**

အဘယ်ကြောင့်ဆိုသော်...

အသက်လမ်းကြောင်းမှာ ကျွန်းသင်္ကေတများ ရှိနေခြင်းကြောင့် ဖြစ်ပါသည်။ "က"အက္ခရာ

*(လက္ခဏာပညာသုတ တိုးပွားကြပါစေ။)*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

www.burmeseclassic.com



# လူဝင်စားတစ်ဦးနှင့်

## တွေ့ဆုံခြင်းနှင့် ပရလောကမှ အတွေ့အကြုံဆန်းများ



ဆရာမြင့် (ကသာ)

လူဝင်စားတို့သည် အများအားဖြင့် စကားပြောတတ်စ အရွယ်မှ (၁၂)နှစ်၊ (၁၃)နှစ်ထိသာ ဘဝဟောင်းအကြောင်း ပြောနိုင်ပြီး ဘဝဟောင်းအကြောင်းကို မသိသလို မေ့သွားတတ်သည်ကို တွေ့ရသည်။

အခုတွေ့ရသော လူဝင်စားမှာ ငယ်ငယ်အရွယ် မဟုတ်ပါ။ အသက် (၄၀)၊ (၅၀)နီးပါးရှိသော ဇနီးမယား၊ သားသမီးများနှင့် လူဝင်စား ဖြစ်ပါသည်။

စာရေးသူသည် **၁၉၉၄/၉၅ ခုနှစ်** ပညာသင်နှစ် အထက်တန်း (တွဲ အ .ထ.က)ငါးအိုးရွာ၊ မဘိမ်းမြို့နယ် ရှမ်း/မြောက်တွင် (ရွှေလီမြစ်ကူးတံတား မဆောက်သေး) နဝမတန်း,ဒသမတန်း ကျောင်းသား/သူများအား စာသင်ခဲ့ပါသည်။

ထိုစဉ်က ဒသမတန်းမှ ကျောင်းသူ **''မလှသီတာဝင်း''**၏ ဖခင် **''ဦးတင်လှ''**သည် လူဝင်စား တစ်ဦးဖြစ်ကြောင်း သိရှိ၍ တပည့်ဖြစ်သူ မလှသီတာဝင်းအား မေးရာ...

'ဟုတ်မှန်ကြောင်းနှင့် ဘဝဟောင်း အကြောင်း ပြန်ပြောရလျှင် နားထောင်သူ သာရှိလျှင် ည မအိပ်၊ ထမင်းမစား ပြန်ပြောင်းပြောလေ့ရှိကြောင်း'

သိရှိသည်။ **(ဓာတ်ပုံနှင့်တကွ ဖော်ပြပါသည်၊ ဓာတ်ပုံရိုက်သော ခုနှစ် ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ)**

စာရေးသူကိုယ်တိုင် လူဝင်စား ဦးတင်လှနှင့် တွေ့ဆုံ၍ တိပ်ခွေ ကက်ဆက်အသေးစားဖြင့် အသံဖမ်း မေးမြန်းထားခြင်းကို ပြန်ရေးထားခြင်း ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင် နောင်ဘဝရှိခြင်း လက်ခံသူများ၊ ကုသိုလ်,အကုသိုလ်၊ ကံ,ကံ၏ အကျိုးအကြောင်း သံဝေဂရဖွယ်ဖြစ်သဖြင့် ရေးသားလိုက်ပါသည်။

▲ **"ဦးတင်လှ... ဝင်စားဘဝဟောင်း အကြောင်း သိသမျှ မှတ်မိသလောက် ပြောပြပါ"**

○ 'ဆရာ ကျွန်တော့်ဘဝဟောင်း

F.26A. July, 2019.



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ပြောချင်ပါတယ်။ အရမ်းလဲ ဘဝဟောင်းကို အောက်မေ့တယ်။ လွမ်းလဲ တအား လွမ်းရပါတယ်။ ဆွေး ဆွေးမြည့်မြည့် ခံစားရပါတယ်။

ကျွန်တော် ယခင်ဘဝက အသက်ထွက်ခါနီးမှာ ကျွန်တော့် ဇနီးက သူ့လက်ကလေး ကျွန်တော့် ရင်ဘတ်ပေါ် တင်ထားတယ်။

အသက်ထွက်တော့ ခုနတုန်းက လက်ကလေး တင်ထားသေးတယ်။ အခုတော့ လက်တောင် မတင်ထား တော့ပါလားလို့ တွေးမိပြီး ဆွေးမြည့်စွာ ခံစားရတာကို ပြန်မြင်မိတယ်။

အလောင်းပြင်ဆင်ကြတော့ အိမ်ပေါ်ကနေ အိမ်အောက်ကို ချပြီး ပြင်ဆင်တာတွေကို ရုပ်ရှင်ကား ကြည့်သလို ပြန်မြင်နေတယ် ဆရာ။

အသုဘချဖို့လုပ်တော့ ကျွန်တော့် ရုပ်အလောင်းကို သုသာန်(သင်္ချိုင်း) ကို မသယ်သေးဘဲ စောင့်ဆိုင်းနေ တာကို ဘယ်သူကို စောင့်တာလဲ ဆိုတာကို လူဝင်စားဘဝဖြစ်မှ ပြန် မေးရတယ် ဆရာ။

ရှင်ပြုပေးထားတဲ့ ကိုရင်ကို စောင့် နေတာတဲ့ ဆရာ။

သင်္ချိုင်းမရောက်ခင် ရွာစည်းရိုး အပြင်ရောက်တော့ မကျွတ်မလွတ် တဲ့ဝိညာဉ်တွေ သူ့အစုနဲ့ သူ့အဖွဲ့နဲ့ သွားလာနေတာ တွေ့ရတယ်။

တချို့ဆိုရင် မူးကြောင်မူးကြောင် နဲ့ ခုန်ပေါက်သွားလာတာ တွေ့ရ တယ်။ ကျွန်တော့်ရဲ့ အလောင်းစင် ကို ဝိညာဉ်တွေ ခုန်တက်စီး၊ ရှေ့ ကနေ ဖြတ်ပြေး အလောင်းစင်ကို ဆွဲယမ်းခုန်တက်နဲ့ လုပ်တာတွေ တွေ့ရတယ်။

ဒါကြောင့်မို့ သုသာန်(သင်္ချိုင်း) ရောက်ခါနီးရင် အလောင်းစင် (အခေါင်း)ကို ပိုလေးလံလာသလိုပဲ လို့ ပြောကြတယ်။

မြေမြှုပ် မြေဖို့ပြီးတော့ သစ်ခက်၊ သစ်ကိုင်းနဲ့ မြေပုံရိုက်ပြီး ဝိညာဉ်ကို ''ကျွန်တော့်''ကို အိမ်လိုက်ဖို့ ခေါ် တာနဲ့ သစ်ခက်ကို ကိုင်ပြီး အိမ်ကို ပြန်လိုက်ခဲ့ရတယ်။

အိမ်မှာပြင်ထားတဲ့ အိပ်ရာလေး မှာ ထိုင်နေရတယ်။ စိတ်ထဲက ဘယ်သူ့အိမ်ကို သွားမယ်လို့ စိတ်ကူးလိုက်ရင် ချက်ချင်းရောက် သွားတာပဲ။

ရောက်သွားတဲ့အိမ်က သူငယ် ချင်းပဲ ဖြစ်ဖြစ်၊ ရင်းနှီးတဲ့သူ ဖြစ်ဖြစ် ကျွန်တော်က ဘဝခြားနေတဲ့ ဝိညာဉ်၊ သူတို့က လူသားဆိုတော့ ကျွန်တော့်ကို မမြင်၊ ကျွန်တော်က သူတို့ကိုမြင်။

ကျွန်တော့်ကို ''ထိုင်ပါဦး၊ လာ ကွာ''လို့လဲ မပြော၊ တကယ်တမ်း တော့ ကျွန်တော်က ဝိညာဉ်၊ သူတို့ က လူသား၊ ကျွန်တော့်ကို အလေး တယူ မရှိတော့ စိတ်တိုပြီး ''ဟုန်းဟုန်း...ဒိုင်း ဒိုင်း''လုပ်လိုက် တော့ သူတို့က...

"ဟိတ်ကောင်...မင်း လာမခြောက်နဲ့ ငါ့မှာ ကလေးတွေ ရှိတယ် မင်း သွား... သွား"

လို့ ပြောတော့ စိတ်ဆိုးပြီး ''သွား မယ်ကွာ''ဆိုပြီး တစ်နေရာ၊ တစ်ယောက်ယောက်ဆီကို စိတ်ထဲ က ရည်ရွယ်လိုက်ရင် ရောက်သွား တယ်။

အဲဒီနေရာမှာလဲ ဒီလိုပဲ ဖြစ်ပြန် တာပဲ။ တကယ်တော့ ကိုယ်က ဝိညာဉ်၊ ကိုယ့်ကိုယ်ကို မသိတော့ လူသားလိုပဲ ထင်နေတာကိုး။

ရက်လည်ဆွမ်း ချက်ကြတော့ လုပ်ကြကိုင်ကြတဲ့ကြားမှာ သွား လိုက်လာလိုက်၊ ဟိုကြည့်ဒီကြည့်နဲ့ ပေါ့။ ဇနီးမယားနား သွားတော့ ဇနီးမယားက ကလေးတွေနဲ့ ငိုနေ တာ တွေ့ရတော့ ''ဘာလို့ ငိုနေတာ လဲ''ပြောလဲ သူတို့က မကြားပါ။

ဘုန်းကြီး (ပင့်သံဃာ)တွေကို ဆွမ်းကပ်တရားနာတော့ ကျွန်တော့် ကိုခေါ် တရားနာ၊ ရေစက်ချ အမျှ ဝေတော့မှ ကျွန်တော် ဘဝခြား သွားတာ အဲဒီတော့မှ သိရပါတယ်။ ဝမ်းနည်းလို့ကိုမဆုံးနိုင် ဖြစ်ရပါ တော့တယ်။

ရေစက်ချတဲ့ ရေကို လက်ခုပ်နဲ့ ခံပြီး သင်္ချိုင်းကို ပြန်ရပါတယ်။ မပြန်လို့လဲ မရပါ။ အိမ်စောင့်နတ် မင်းက မောင်းချနေပါတယ်။

သင်္ချိုင်းရောက်တော့ ကျွန်တော့် ကို မြှုပ်ထားတဲ့မြေပုံမှာ ထိုင်နေရပါ တယ်။ ညနေ နွားရိုင်းသွင်းချိန် နေဝင်ရီတရောချိန်တွင် မြှုပ်ထားတဲ့ မြေပုံနားက သစ်ပင်ပေါ်တက်ပြီး ရွာကို လွမ်းလွမ်းဆွေးဆွေးနဲ့ ကြည့် ပြီး လွမ်းရတာ ယခုဘဝထိ လွမ်း တုန်းပဲ ဆရာ။

ရွာနားကို ကပ်သွားရင် ကပ်လို့ကို မရပါ။ ကျွန်တော့်လို ဝိညာဉ်တွေကို ရွာစောင့်နတ်တွေက လိုက်ရိုက်လို့



F.26B. July, 2019.

www.burmeseclassic.com

အသေအလဲ ပြေးရပါတယ်။

ရွာကို ဝင်လို့ မရပါ။ နွားတွေကြားထဲ ကပ်လိုက်သွားလဲ ရွာစောင့်နတ်မင်းနဲ့ မလွတ်ပါ။ လိုက်ရိုက်လို့ ပြေးရပါတယ်။ သစ်ပင်ပေါ်ကနေ ရွာကို ကြည့်ပြီး အလွန် လွမ်းရပါတယ်။

ဒီလိုနဲ့ တစ်ရက်မှာ ဝတ်စုံအဖြူဝတ်ထားတဲ့ လူဖြူဖြူနဲ့ လူမည်းမည်းနှစ်ယောက် ကျွန်တော့်မြေပုံကို ရောက်လာတယ်။ လူမည်းမည်း ဝဝတုတ်တုတ်က…

''ဟိတ်ကောင် လာ လိုက်ခဲ့''

လို့ လက်ညှိုးထိုးပြီး ခေါ်လို့ ကြောက်ကြောက်နဲ့ ဘာမှပြန်မပြောရဲဘဲ လိုက်သွားရပါတယ်။

တောတောင်တွေ လျှိုတွေ ချောက်ကမ်းပါးတွေ ဖြတ်သန်းပြီး သွားနေရပါတယ်။ လမ်းမှာ လူမည်းမည်းက ကတွတ်သီးပင်အောက်ရောက်တော့ သစ်သီးအပုပ်တွေကို စားဆိုပြီး ကောက်စားခိုင်းတဲ့အခါ လူဖြူဖြူက မစားနဲ့ မေ့သွားမယ်လို့ ပြောတော့ သစ်သီးအကောင်းတွေပဲ ကောက်စားခဲ့တယ်။

"အပုပ်တွေ မစားနဲ့ မေ့သွားမယ်"ဆိုတဲ့ စကားကို မသိခဲ့ဘူး ဆရာ။

ဝိညာဉ်တွေကို စစ်ဆေးတဲ့ တရားသူကြီးမင်းဆီ ရောက်မှ သိတော့တယ်။ ခေါင်းမှာ အချွန်အတက်နဲ့ ဘုရင်အဝတ်အစားအဆင်အယင်နဲ့ ပလ္လင်နဲ့တူတဲ့ ခုံအကြီးကြီးပေါ်မှာ ထိုင်ပြီး ကျွန်တော့်ကို ပေါင်လုံးလောက်ရှိတဲ့ လက်ညှိုးနဲ့ထိုးပြီး



''ဒီကောင် ရောက်လာပြီလား''

လို့မေးတော့ ကြောက်လို့ မော်မကြည့်ရဲဘူး။

ခေါ်လာတဲ့ လူဖြူဖြူနဲ့ လူမည်းမည်းက…

''ရောက်ပါပြီ အရှင်တဲ့''

ဘုရင်နဲ့ တူတဲ့သူက လူဖြူဖြူနဲ့ လူမည်းမည်းကို…

''ဒီကောင် လုပ်ခဲ့တဲ့အကြောင်းတွေ ပြောစမ်း''

ဆို ပြောတော့ လူဖြူဖြူနဲ့ လူမည်းမည်းက အချေအတင် လျှောက်ကြပါတယ်။

အဲဒီတော့မှ ကျွန်တော့်လုပ်ခဲ့သမျှ အားလုံး မေ့နေတဲ့အကြောင်းတွေ ပြန်ကြားသိရပါတယ်။

လူဖြူဖြူက သူဟာ ဘုရားဆွမ်းကပ်တယ်၊ ဆွမ်းလောင်းတယ်၊ ဘုန်းကြီးရဟန်း အများသူငါ လူတကာသွားတဲ့လမ်းကို တံမြက်စည်းလှည်းတယ်၊ အမှိုက်လှည်းတယ်၊ ကုသိုလ်ကောင်းမှုဘက်က လျှောက်ထားပါတယ်။

လူမည်းမည်းက မာန်မာန်ထန်ထန်နဲ့ ဒီကောင် အရက်သောက်တယ်၊ ဘိန်းစား(ရှူ)တယ်၊ ငါးပိုက်တန်းတယ်။ နွားတလှည့်ဘုရားစေတီနားမှာ ငါးပိုက်တန်းတာ ကိုးပိဿာလောက်ရှိတဲ့ ငါးကို အရှင်လတ်လတ် ခုတ်ထစ်သတ်ဖြတ်ပြီး ချက်ပြုတ်ပြီး အရက်နဲ့ မြည်းတာ အပြစ်ရှိတယ်၊ အပြစ်ဒဏ်ပေးပါလို့ လျှောက်ထားနဲ့ ကျွန်တော် ငရဲကျရပါတယ်။

ကျခံရတဲ့ငရဲက သစ်ပင်တက်ရတဲ့ ငရဲပဲ ဖြစ်ပါတယ်။ သစ်ပင်ပေါ်တက် ထိပ်ကိုရောက်ရင် သံနှုတ်သီးနဲ့ ငှက်အကောင်အကြီးကြီးတွေက ဝိုင်းထိုး ဆိတ်ဖဲ့ အသားတွေ အတုံးလိုက် အတစ်လိုက် ဆွဲဆိတ်စားခံရ…

မခံတော့ သစ်ပင်ပေါ်က လျောဆင်း အောက်ရောက်တော့ ငရဲသားတွေက လှံချွန်ချွန်နဲ့ ထိုးပြီး သစ်ပင်ပေါ် ပြန်တက်ခိုင်းနဲ့ ကျွန်တော့်လို သစ်ပင်တက် ငရဲခံနေရတဲ့သူတွေ အများကြီးပဲ။

ဒီလိုနဲ့ ဘယ်လောက်ကြာကြာ တက်လိုက်ဆင်းလိုက်နဲ့ အချိန် (နှစ်ပေါင်း) ဘယ်လောက် ကြာသွားမှန်း မသိပါ။

တစ်ရက် တစ်နေ့မှာ လူဖြူဖြူနဲ့ လူမည်းမည်း ရောက်လာပြီး…

"ဟိတ်ကောင် လာ လိုက်ခဲ့"

www.burmeseclassic.com



လက်ညှိုးထိုးပြီး ခေါ်တာနဲ့ ကြောက်ကြောက်နဲ့ လိုက်ခဲ့တာ ကျွန်တော့်ကို မြှုပ်ထားတဲ့ မြေပုံ နေရာကို ရောက်ခဲ့ရပြန်ပါတယ်။

မြေပုံလို့သာ ပြောရပါတယ်။ ချုံတွေ သစ်ပင်တွေ ဖုံးနေပြီပဲ။ လူမည်းမည်းက ခွေးမတစ်ကောင် ဖြတ်ပြေးသွားတဲ့အခါ…

''ဟိတ်ကောင် လိုက်သွား''

လို့ ခိုင်းပါတယ်။

လူဖြူဖြူက ဆွဲထားပြီး မလိုက်သွားနဲ့ အဲဒါ လူမဟုတ်ဘူး တိရစ္ဆာန်လို့ပြောပြီး ဆွဲထားပါတယ်။

နောက်တစ်ခါ နွားအုပ်ကြီးလာတော့ နွားမတစ်ကောင်ကို လက်ညှိုးထိုးပြီး လူမည်းမည်းက လိုက်သွားခိုင်းပြန်တယ်။

ကျွန်တော်က ကြောက်ရတော့ နွားမနောက် လိုက်မလို့ လုပ်တော့ လူဖြူဖြူက မလိုက်နဲ့၊ အဲဒါ နွား၊ လူမဟုတ်ဘူးပြောပြီး ဆွဲထားပါတယ်။

လူဖြူဖြူသာ မဆွဲထားရင် ကျွန်တော် တိရစ္ဆာန်ဖြစ်မှာ သေချာတယ်ဆရာ။

ခဏကြာတော့ ယခုဘဝ ဝင်စားမယ့်အမေ လုံချည်အနီရောင်ကလေးနဲ့ ခေါင်းပေါ်မှာ ဈေးရောင်းတဲ့ဗန်းလေးကို ရွက်လို့လာတာ မြင်နေရပါတယ်။

လူဖြူဖြူက မင်းလိုက်သွား အဲဒါ လူလို့ ပြောတော့ ကျွန်တော် အပြေးလေး လိုက်သွားတာ အနီးရောက် ခါနီးမှာ ပြန်လှည့်ပြီး ကြည့်လိုက်တော့ လူဖြူဖြူရော လူမည်းမည်းရော နှစ်ယောက်စလုံး မရှိတော့တဲ့အတွက် အားငယ်သလို စိုးရိမ်စိတ်ဖြစ်ပြီး လူဝင်စားမယ့် အမေ့အနောက်ကို လုံချည်ကို မိမိရရ ကိုင်ပြီး လိုက်သွားပါတယ်။

ရွာစည်းရိုးဝင်တော့ ရွာစောင့်နတ်များကလဲ လိုက်မရိုက်တော့ပါ ကြည့်လို့သာ ကြည့်နေကြပါတယ်။

လူဝင်စားမယ့်အိမ် အမေ့အိမ်ဝင်းပေါက်ရောက်တော့ အမေက ''ဖတ်ဖတ်''ဆိုပြီး တံတွေးထွေးပြီး လုံချည်ကို ခါချလိုက်တာ ကျွန်တော် လွင့်စဉ်ပြီး ပိုးလိုးပက်လက် ကျသွားရပါတယ်။

အမေက အိမ်ပေါ်တက်သွားပြီး ထမင်းစားမလို့ ပြင်ဆင်နေတာ တွေ့မြင်ရပါတယ်။ ကျွန်တော်က အမေကို ကြည့်လိုက် အိမ်ဝင်းပေါက်ကို ကြည့်လိုက်နဲ့ပေါ့။

အိမ်ရဲ့ ခြံစည်းရိုး တံုးတင်ကာတဲ့နေရာ၊ စည်းရိုးတားတဲ့ နေရာတိုင်းမှာ အစောင့်နတ်များ ရှိတဲ့အတွက် စည်းရိုးကိုကျော်ပြီး ငုံ့ဝင်ပြီးလဲ ဝင်လို့မရပါ။ ကျွန်တော့် အမေဟာ ထမင်းစားနေပါတယ်။ ကျွန်တော်က ခြံစည်းရိုးကို ကျွမ်းထိုးလိမ့်ပြီး ဝင်လိုက်တယ်။

လှေကားထစ်တိုင်းမှာလဲ အစောင့်များရှိတဲ့အတွက် ကြောက်ကြောက်နဲ့ အမေ ထမင်းစားတဲ့အနားကို မရောက်ရောက်အောင် ခက်ခက်ခဲခဲနဲ့ သွားရပါတယ်။

အနားရောက်တာနဲ့ အမေ့ထမင်းပန်းကန်နှုတ်ခမ်းစပ်ကို ခုန်တက်ပြီး အမေ့ထမင်းလုတ်ထဲ ခုန်အဝင် အမေက အမှိုက်ထင်ပြီး ပန်းကန်နှုတ်ခမ်းမှာ တင်ထားလိုက်တဲ့အခါ…

"ငါကဖြင့် ဒီမိန်းမကြီးကို ချစ်လို့ လိုက်လာပါတယ်ဆို သူက ငါ့ကို ပစ်ပယ်ထားတယ်ပေါ့"

နောက်ဆုံး ထမင်းလုတ်ထဲကို ခုန်အဝင် အမေက အစား၊ ဒီလိုနဲ့ ဗိုက်ထဲကို ကိုးလိုးကန့်လန့်နဲ့ ဝင်ရောက်ခဲ့ရတော့တယ်။

အမေ့ဗိုက်ထဲမှာနေတော့ အမေက ရေနွေးပူ၊ ဆေးအပူတွေ သောက်ရင် ကျွန်တော်က ဗိုက်ထဲကနေ မခံမရပ်နိုင်ဖြစ်ပြီး အမေ့ကို ဗိုက်ထဲကနေ ရန်ဖြစ်ရပါတယ်။

ကျွန်တော့်ကို မွေးဖွားပြီးစ အခါကနေ စကားပြောတတ်တဲ့ အရွယ်ရောက်တော့ အမေဈေးရောင်းပြန်တော့ ''အမေဘယ်သွားတာလဲ'' မေးတော့ အမေက …

''သားတို့စားဖို့ ဘောင်းဘီ, အင်္ကျီဝတ်ဖို့ အမေ(တိုဟူးသုပ်) ငါးတဲလေးရွာကို သွားရောင်းရတာ သားရဲ့''

"လမ်းလျှောက်သွားရတာ အဝေးကြီး"

လို့ အမေက ပြောတော့ ငါးတဲလေးရွာလို့ ကြားလိုက်ရတော့ ဘဝဟောင်းကို သွားသတိရတယ်။

နောက်တစ်နေ့မနက် အမေဈေးရောင်းသွားမယ်လုပ်တော့…

''သားလဲ ငါးတဲလေးရွာကို လိုက်ချင်တယ်''

လို့ ပူဆာတော့…

''မလိုက်ချင်ပါနဲ့သားရယ် နေကလဲပူ အဝေးကြီး ခြေကျင်လျှောက် ရမှာပေါ့''

ကျွန်တော်ကလဲ…

လိုက်ချင်တယ်ပဲ ပြောတော့



www.burmeseclassic.com

www.burmeseclassic.com



အမေက ချော့မရတော့ စိတ်ဆိုးပြီး ရိုက်တာပေါ့။

ကျွန်တော်လဲ ငိုပြီး ကျန်နေခဲ့ပါတယ်။ **(ငါးအိုးရွာ ရှမ်း/မြောက်နှင့် ငါးတဲလေးရွာ/ ကသာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး)နှင့် (၅)မိုင်၊ (၆)မိုင်ခန့်အကွာအဝေး ရှိမည် ထင်သည်။**

အမေ ညနေ ဈေးရောင်းအပြန် ရောက်တော့…

''သား အမေရိုက်တာ နာသွားလား''ပေါ့ကျွန်တော့်ကိုချော့ပါတယ်။

သားက ငါးတဲလေးရွာကို ဘာလို့ လိုက်ချင်တာလဲလို့မေးတော့ ကျွန်တော်က…

"ယခင်ဘဝက ငါးတဲလေးရွာက ဘယ်သူပေါ့။ ရွာမှာ ကျွန်တော့်သမီးတွေ ရှိတယ်။ အိမ်တွေ ရှိတယ်၊ အစ်မတွေ ရှိတယ်၊ တအားသွားချင်တယ် အမေရ ခေါ်သွားပေးပါ"

လို့ အမေ့ကို ဖက်ပြီး ပြောတော့ အမေက…

"အေ… စုံစမ်းမေးမြန်းပြီးရင် ခေါ်သွားမယ်ပေါ့"

တစ်ရက် ခေါ်သွားတော့ ပျော်လိုက်တာ။ ဘဝဟောင်းက ရွာကို သွားရမှာကိုး။ အမေ့လက်ကို ဆွဲပြီး ခုန်လိုက်ပေါက်လိုက်နဲ့ မောရမှန်း ပန်းရမှန်းမသိ အပြေးလေးသွားမိတယ်။

ငါးတဲလေးရွာက လူတွေကလဲ လူဝင်စားလာမယ်ဆိုတာ သိတော့ စောင့်နေကြတယ်။ ယခင်ဘဝက အိမ်ကို တန်းပြီး ဝင်သွားတယ်။ ငါးတဲလေးရွာက ယခင်ဘဝက အစ်မတော်သူက…

''နင် ဘယ်သူဟုတ်သလား''

လို့ မေးတော့…

''ဟုတ်တယ်''

လို့ ပြောတော့ (ဆန်ဖွပ်)မောင်းထောင်းနေတဲ့ကလေးမသုံးယောက်ကို လက်ညှိုးထိုးပြီး…

''နင့်ကလေးတွေ ဟုတ်သလား''

လို့ မေးတော့…

"နှစ်ယောက်က ဟုတ်တယ်။ နာမည်နဲ့ အကြီးမက ဘယ်သူ အငယ်မကဘယ်သူပေါ့။ ဟိုတစ်ယောက်က မသိဘူး"

လို့ ပြောလိုက်တော့ မယုံတယုံ ဖြစ်သွားပုံရတဲ့ ပုံသဏ္ဌာန်ဖြစ်သဖြင့် အစ်မက နင့်ဟာ မဟုတ်သေးပါဘူး ပြောတော့ ယခုဘဝ အမေကလဲ မျက်နှာတွေ ပျက်လို့ပေါ့။

ကျွန်တော်ပြောတာ မယုံဘူးလား ပြောပြီး ယခင်ဘဝက အစ်မကို လက်ဆွဲပြီး ဟောဒီနေရာမှာ သစ်ဆွဲတဲ့ သံကြိုးကို မြေအိုးထဲ ထည့်ပြီး မြှုပ်ထားတယ်။ တူးပါလို့ ပြောတော့ တူးဖော်တဲ့အခါ မြေအိုးကွဲနဲ့ သံကြိုးကို အခွေလိုက်တွေ့တော့ အဲဒီသံကြိုးကို အစ်မဆီက ငှားပြီး သစ်ဆွဲတာ အစ်မတော်သူရဲ့ သံကြိုးကို တော်တော်နဲ့ ပြန်မပေးမိဘူး ဖြစ်ခဲ့ရတယ်။

အစ်မက သံကြိုးကို ဘိန်းနဲ့လဲစားတယ် (ရှူ)လို့ စွပ်စွဲလို့ စိတ်နာပြီး မြေအိုးထဲ ထည့်ပြီး ဒီနေရာမှာ မြှုပ်ခဲ့တာလို့ ပြောတော့မှ အစ်မတွေ အမျိုးတွေဖက်ပြီး ငိုကြတယ်။

ကျွန်တော်က မောင်းထောင်းနေတဲ့ သမီးတွေထဲက တစ်ယောက်ကို ကျွန်တော့်သမီးလား မေးတော့ အစ်မက ''မင်းဆုံးတော့ မင်းမိန်းမဆီမှာ ကိုယ်ဝန်သုံးလနဲ့ ကျန်ခဲ့တာ'' ပြောတော့မှ သူ့ကို မသိတာကိုလို့ သိရတယ်။

အိမ်ခြံစည်းရိုးက အုန်းပင်သုံးပင်က နှစ်ပင်ပဲ ရှိတော့တာပဲလို့ ပြောတော့ ရေကြီးလို့ လဲသွားတယ် ပြောမှ အကုန်လုံးကို မှတ်မိနေတာ။ ဘဝဟောင်းက ဘိန်းရှူတော့ ယခုဘဝမှာလဲ ဘိန်းရှူမိတယ်။

ဟိုဘဝက မောင်းဆိုင်း (ကြေးနောင် ဆိုင်းဝိုင်း) တီးတတ်တော့ ဒီဘဝမှာလဲ လာပြီး အလိုလို တီးတတ်နေတယ် ဆရာ။

ယခုဘဝ (ငါးအိုး ရှမ်း/မြောက်) မှာ အိမ်ထောင်ကျပြီး သားတွေ၊ သမီးတွေနဲ့ သိုက်သိုက်ဝန်းဝန်း နေလဲ ယခင်ဘဝကိုတော့ လွမ်းဆွေးတုန်းပဲ။

ငရဲကျရဖို့ အစစ်အဆေးခံရတာတွေ၊ လူဖြူဖြူနဲ့ လူမည်းမည်းကြီးတွေကို ရုပ်ရှင်ကြည့်ပြီး မြင်နေရသလိုပဲ ဆရာ'

တဲ့။

သံဝေဂရစရာများ ဖြစ်ပါသည်။ ကုသိုလ်အကျိုး၊ အကုသိုလ်အကျိုးပေးများဟာ ပြုသူ၏ အဓိက''ကံ'' သာ ဖြစ်ပါတော့သည်။

**(၁၉၉၄/၉၅ ပညာသင်နှစ် ငါးအိုးရှမ်း/မြောက် မှတ်တမ်းများမှ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ရောက်မှ ပြန်လည်တွေးတောရေးခြင်း ဖြစ်ပါသည်။**

**မှတ်ချက်။ ။ နေရာဒေသ အမည် နာမည်အားလုံး အမှန် ဖြစ်ပါသည်။**

**ဆရာမြင့်(ကသာ)**



www.burmeseclassic.com

www.burmeseclassic.com



## ကာန်ဂရေ

**စီးပွားရေး** ။။ ငွေကြေးရောင်းဝယ်ရေး၊ လဲလှယ်ရေးလုပ်ငန်းများ အမြတ်များမည်။ ခရီးသွားလုပ်ငန်းများ ဖောက်သည်ကောင်းများ ရရှိနေဦးမည်။

**ဝန်ထမ်းရေးရာ** ။။ နိုင်းစေညွှန်ကြားသူ၏ တွက်ကိန်းအမှားကြောင့် လုပ်ကိုင်ရသူမှာ အမှားများ လုပ်မိလိမ့်မည်။ မအောင်မြင်သော စီမံကိန်း ဖြစ်လိမ့်မည်။

**အိမ်တွင်းရေး** ။။ သားယောက်ျားလေးအတွက် ပြဿနာများကို ဖြေရှင်းပေးရလိမ့်မည်။ အိမ်ထောင်ဖက်၏ ကျန်းမာရေး ဂရုစိုက်ပါ။ နှစ်ဖက်ဆွေမျိုးများ အကူအညီပေးမည်။

**အချစ်ရေး** ။။ အချစ်ရေးတွင် ငွေကြေးကိစ္စကြောင့် ချစ်သူနှင့် ခွဲခွာရတတ်သည်။

**ပညာရေး** ။။ ကျောင်းအဖွင့်တွင် လူသစ်စိတ်သစ်ဖြင့် မလျှော့သော ဇွဲလုံ့လဝီရိယဖြင့် ကြိုးစားပါလေ။

**ကျန်းမာရေး** ။။ လေထိုးလေအောင့် ဖြစ်တတ်ပါသည်။ (၁၅)ရက်ကျော်မှ သက်သာသွားမည်။ အစားအသောက် အနေအထိုင် သတိထားပါ။

**ဆောင်ရန်ရက်များ** ။။ ၂,၅,၉,၁၁,၁၄,၁၈,၂၀,၂၃,၂၇,၂၉,၃၀။

**ရှောင်ရန်ရက်များ** ။။ ၃,၆,၁၀,၁၂,၁၅,၁၉,၂၁,၂၄,၂၈။

**ထီထိုးရန်ရက်များ** ။။ ၄,၇,၈,၁၃,၁၆,၁၇,၂၀,၂၂,၂၅,၂၆,၂၉,၃၀။

**ထီထိုးရန်ဂဏန်းများ** ။။ **၄, ၅, ၈, ၉** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ ပြဿနာကြုံလျှင် ဆောင်ရွက်ရန်ကိစ္စရှိလျှင် အိမ်မှ မထွက်ခွာမီ "ဗုဒ္ဓေါ အရဟံ သိဒ္ဓိ ဘဂဝါ" ဟူသော ဂါထာကို (၆)ကြိမ် (၆)ခါ ရွတ်ဆိုပြီးမှ ဆောင်ရွက်ပါ။

## ကာန်လာ

**စီးပွားရေး** ။။ စားသုံးဆီ, ဓာတ်ဆီ, ချောဆီ ရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးအမြတ်များမည်။ ပွဲစား၊ ကိုယ်စားလှယ်၊ အကျိုးဆောင်၊ ရှေ့နေလုပ်ငန်းများ ဝင်ငွေကောင်းမည်။

**ဝန်ထမ်းရေးရာ** ။။ မိမိအလုပ်တာဝန်များကိုသာမက (အထက်လူကြီး၏ ကောင်းမှုကြောင့်) အခြားသူ၏ တာဝန်လုပ်ငန်းများကိုပါ ပူးတွဲလုပ်ဆောင်ရလိမ့်မည်။ စိတ်ရှည်သည်းခံပါလေ။

**အိမ်တွင်းရေး** ။။ အိမ်တွင်းရေး အဆင်ပြေသာယာမည်။ သား၏ မင်္ဂလာကိစ္စများကို စီမံပေးရမည်။ နှစ်ဖက်ဆွေမျိုးများ၏ အကူအညီ ရမည်။

**အချစ်ရေး** ။။ အချစ်ရေးတွင် ကြားလူဖျက်၍ ပျက်တတ်သည်။ လက်ထပ်ဖို့ စီစဉ်နေသူများ နှစ်ဖက်ဆွေမျိုးများကြောင့် အခက်အခဲ တွေ့ရတတ်သည်။

**ပညာရေး** ။။ ပညာရေးကို ကြိုးစားရလိမ့်မည်။ ကျောင်းဖွင့်ချိန်တွင် စတင်ကြိုးစားထားပါ။ အချိန်မီပါသေးသည်။

**ကျန်းမာရေး** ။။ သည်းခြေနာ ဖြစ်တတ်သည်။ ထိတ်လန့်ခြင်း၊ သတိမေ့ခြင်းတို့ ဖြစ်တတ်သည်။

**ဆောင်ရန်ရက်များ** ။။ ၃,၇,၉,၁၂,၁၆,၁၈,၂၁,၂၅,၂၇,၃၀။

**ရှောင်ရန်ရက်များ** ။။ ၄,၈,၁၀,၁၃,၁၇,၁၉,၂၂,၂၆,၂၈,၃၁။

**ထီထိုးရန်ရက်များ** ။။ ၅,၆,၉,၁၁,၁၄,၁၅,၁၈,၂၀,၂၃,၂၄,၂၇,၂၉။

**ထီထိုးရန်ဂဏန်းများ** ။။ **၃, ၅, ၆, ၇** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ မြတ်စွာဘုရားအား သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်း အလင်းတိုင်၊ အမွှေးတိုင်တို့ဖြင့် ဆက်ကပ်ပူဇော်ပါ။

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁)ရက် မှ (၃၁)ရက်နေ့အထိ
ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာ ရောင်ခြည်

## အင်္ဂါ









**စီးပွားရေး** ။။ ကုန်သည်၊ ပွဲစား၊ ရှေ့နေ၊ အကျိုးဆောင်တို့ ဝင်ငွေကောင်းမည့် ကာလဖြစ်သည်။ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ကိုယ်ပိုင်ကျောင်းများ တိုးတက်အောင်မြင်မည်။

**ဝန်ထမ်းရေးရာ** ။။ စိတ်ချမ်းသာလက်ချမ်းသာ အလုပ်လုပ်ကိုင်ရမည်။ အတွေးအခေါ် အယူအဆများ မှန်ကန်၍ အလုပ်များ၊ လုပ်ငန်းများ အောင်မြင်စွာ ပြီးစီးမည်။

**အိမ်တွင်းရေး** ။။ စီးပွားရေးကောင်းသောကြောင့် အိမ်တွင်းရေး အဆင်ပြေသာယာနေမည်။ သားသမီးတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့ အလွန်ကောင်း၏။

**အချစ်ရေး** ။။ ချစ်သူ၏ ချစ်သံသယစိတ် ပျောက်အောင် အတော်လေးကြိုးစားရလိမ့်မည်။ အနေအထိုင် အပြုအမူ အသွားအလာ အပြောအဆို အထူးဆင်ခြင်ပါလေ။

**ပညာရေး** ။။ ပညာရေး ကံဇာတာတက်နေသော ကာလဖြစ်၍ ကျောင်းဖွင့်သည်နှင့်စတင် ကြိုးစားပါလေ။ ထူးထူးချွန်ချွန် အောင်မြင်ပါလိမ့်မည်။

**ကျန်းမာရေး** ။။ သွေးတိုးသွေးတက်ရောဂါ ဖြစ်တတ်၍ သွေးတိုးစေမည့် အစားအစာများကို ရှောင်ပါ။

**ဆောင်ရန်ရက်များ** ။။ ၄,၆,၉,၁၃,၁၅,၁၈,၂၂,၂၄,၂၇,၃၀။

**ရှောင်ရန်ရက်များ** ။။ ၅,၇,၁၀,၁၄,၁၆,၁၉,၂၃,၂၅,၂၈,၃၁။

**ထီထိုးရန်ရက်များ** ။။ ၆,၈,၁၁,၁၂,၁၅,၁၇,၂၀,၂၃,၂၄,၂၉,၃၀။

**ထီထိုးရန်ဂဏန်းများ** ။။ **၄, ၆, ၈, ၉** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ ဆောင်ရွက်ရန် ကိစ္စရှိလျှင် အခက်အခဲပြဿနာရှိလျှင် အင်္ဂါထောင့်တွင် ထီးအနက် ရှစ်လက် လှူပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး** ။။ ငွေကြေး လဲလှယ်ရေး၊ ရောင်းဝယ်ရေး လုပ်ငန်းများ၊ လုပ်ငန်းဌာနများ၊ ဆိုင်ခွဲများ တိုးချဲ့လိုပါက တိုးချဲ့(နယ်ချဲ့)နိုင်သော ကာလဖြစ်သည်။

**ဝန်ထမ်းရေးရာ** ။။ ငွေကြေးကိုင်တွယ်သုံးစွဲရသော ဝန်ထမ်းများ စာရင်းဇယား သေချာစွာပြုစုထားပါ။ ငွေကြေးပြဿနာ ဝင်လာတတ်၍ မည်သူ့ကိုမျှ မယုံပါနှင့်။

**အိမ်တွင်းရေး** ။။ အိမ်တွင် ဝင်ငွေကောင်းမည်။ သားသမီးများကြောင့် အိမ်တွင်းရေး အဆင်ပြေ သာယာနေမည်။

**အချစ်ရေး** ။။ အချစ်ရေး အဆင်ပြေနေမည်။ ချစ်သူ မရှိသေးသူများ ကျောင်းနေဖက်သူငယ်ချင်း(သို့မဟုတ်) လုပ်ဖော်ကိုင်ဖက်ထဲမှ ချစ်သူတွေ့မည်။

**ပညာရေး** ။။ ပညာရေးကံဇာတာ တက်နေပါသည်။ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ပညာသာမက အသက်မွေးမှုပညာ သင်တန်းများပါ တက်ပါ။ အောင်မြင်တတ်မြောက်မည်။

**ကျန်းမာရေး** ။။ အရိုးအဆစ်များ နာကျင်ကိုက်ခဲတတ်၍ အလေးအပင်များ မ,မပါနှင့်။ ကိုယ်ရောစိတ်ပါ အနားယူပေးရမည်။

**ဆောင်ရန်ရက်များ** ။။ ၃,၅,၉,၁၂,၁၄,၁၈,၂၁,၂၃,၂၇,၃၀။
**ရှောင်ရန်ရက်များ** ။။ ၄,၆,၁၀,၁၃,၁၅,၁၉,၂၂,၂၄,၂၈,၃၁။
**ထီထိုးရန်ရက်များ** ။။ ၃,၅,၇,၈,၁၁,၁၄,၁၆,၁၇,၂၀,၂၃,၂၅,၂၆,၂၉။
**ထီထိုးရန်ဂဏန်းများ** ။။ **၃, ၅, ၇, ၈** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ "အောင်"ဘွဲ့တော်ပါရှိသော စေတီတစ်ဆူဆူ (သို့မဟုတ်) ဗုဒ္ဓရုပ်ပွားတော် တစ်ဆူဆူတွင် "အောင်သိဒ္ဓိ အရှုပ်"ဂါထာကို (၁၀၈)လုံး ပုတီးကုံးဖြင့် လေးပတ် စိပ်ပေးပါ။

## ကြာသပတေး

**စီးပွားရေး** ။။ အမျိုးသမီးအသုံးအဆောင်များ၊ အလှကုန်များ၊ အသင့်ချုပ်ပြီးသား အဝတ်အထည်များ အရောင်းအဝယ် ကောင်းမည်။ အဆိုပါ လုပ်ငန်းများကို တိုးချဲ့နိုင်ပါသည်။

**ဝန်ထမ်းရေးရာ** ။။ အလုပ်မှာ စိတ်ပျက်စရာလေးတွေ တွေ့ရမည်။ အလုပ်နှင့်သက်ဆိုင်သော ခရီးထွက်ရလျှင် အလုပ်လည်း အောင်မြင်၍ ငွေလည်း ဝင်မည်။

**အိမ်တွင်းရေး** ။။ မိသားစုအတွင်း စိတ်သဘောချင်း မတိုက်ဆိုင်တာလေးတွေ ရှိနေ၍ အားလုံးနှင့် စိတ်သဘောချင်းတူ၍ ပျော်ရွှင်ကြရစေရန် ဘုရားဖူးခရီး ထွက်ပေးပါ။

**အချစ်ရေး** ။။ အချစ်ရေး အဆင်အပြေဆုံးကာလ ရောက်နေ၍ အထူးသတိထား ဆင်ခြင်ရမည်။ ချစ်သူရှိနေသူများ "**ချစ်သူပြိုင်**"ဝင်တတ်၍ ဦးနှောက်ဖြင့် ချင့်ချိန် ဆုံးဖြတ်ပါ။

**ပညာရေး** ။။ အခက်အခဲတွေ့ရလျှင် စိတ်ပျက် အားလျှော့ရန်မဟုတ်။ ကြိုးစားအားထုတ်ရမည်သာဖြစ်သည်။ ဆန္ဒပြင်းပြလျှင် အောင်မြင်တော့မည်မှာ သေချာနေပြီ။

**ကျန်းမာရေး** ။။ ဦးခေါင်းကိုက်ခြင်း၊ ဦးခေါင်းမူးဝေခြင်းတို့ ဖြစ်တတ်၍ နေပူထဲမှ ပြန်လာလျှင် ဦးခေါင်းကို ရေလောင်းမချိုးရပါ။

**ဆောင်ရန်ရက်များ** ။။ ၄,၇,၉,၁၃,၁၆,၁၈,၂၂,၂၅,၂၇,၃၀။
**ရှောင်ရန်ရက်များ** ။။ ၅,၈,၁၀,၁၄,၁၇,၁၉,၂၃,၂၆,၂၈,၃၁။
**ထီထိုးရန်ရက်များ** ။။ ၃,၄,၆,၁၁,၁၂,၁၅,၁၈,၂၀,၂၁,၂၄,၂၇,၂၉။
**ထီထိုးရန်ဂဏန်းများ** ။။ **၃, ၄, ၆, ၉** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ ဆောင်ရွက်ရန် ကိစ္စများရှိလျှင် "ကျိုက်"ဘွဲ့ပါသော ဘုရားတစ်ဆူဆူ (သို့မဟုတ်) စေတီတစ်ဆူတွင် ကြာသပတေးအရပ်၌ **"ဥပ် ဗုဒ္ဓေါ ဗုဒ္ဓိ၊ ဂန္ဓဗုဒ္ဓိ၊ မြတ်စွာဘုရား လိုတရစေ"** ဂါထာကို (၁၉)ကြိမ် (၃)ခေါက် ရွတ်ဆိုပါ။

## သောကြာ

**စီးပွားရေး** ။။ ဓာတုဗေဒဆိုင်ရာပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ရောင်းဝယ် ခြင်း လုပ်ငန်းများ အကျိုးဖြစ်ထွန်းမည်။ အမြတ်အစွန်းများမည်။

**ဝန်ထမ်းရေးရာ** ။။ သက်ဆိုင်ရာအထက်လူကြီးများ စိတ်ကောင်းဝင်နေသည်။ သာမန်များတာလောက်ကိုတော့ သည်းခံခွင့်လွှတ်ပေးပါလိမ့်မည်။



**အိမ်တွင်းရေး** ။။ အိမ်တွင်းရေး အဆင်ပြေသာယာနေမည်။ သားသမီးတို့လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများ အောင်မြင်ကြီးပွားမည်။



**အချစ်ရေး** ။။ အချစ်ရေးတွင် သစ္စာရှိရှိ ရိုးရိုးသားသား ချစ်နေဖို့ အရေးကြီးပါသည်။ ကြားလူနှောက်မည့် အရေးများ ရှိနေ၍ ကြားစကားကို မယုံပါနှင့်။



**ပညာရေး** ။။ ကျောင်းပြီးသွားသူများ အဝေးခရီးတွင် အဆင့်မြင့် ပညာရေးများ သွားသင်ရကိန်းရှိနေသည်။ နိုင်ငံရပ်ခြားသို့ သွားခွင့်ကြုံမည်။

**ကျန်းမာရေး** ။။ အရိုး,အကြော,အဆစ်အမျက်များ နာကျင် ကိုက်ခဲတတ်၍ ရေချိုးလျှင် ရေနွေးဖြင့် စပ်ချိုးပေးပါ။ အအေးမခံပါနှင့်။

**ဆောင်ရန်ရက်များ** ။။ ၂,၆,၉,၁၁,၁၅,၁၈,၂၀,၂၄,၂၇,၂၉,၃၁။
**ရှောင်ရန်ရက်များ** ။။ ၃,၇,၁၀,၁၂,၁၆,၁၉,၂၁,၂၅,၂၈,၃၀။
**ထီထိုးရန်ရက်များ** ။။ ၄,၈,၁၁,၁၃,၁၄,၁၇,၂၀,၂၂,၂၃,၂၆,၂၉,၃၁။
**ထီထိုးရန်ဂဏန်းများ** ။။ **၄, ၈, ၉, ၀** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ လူတစ်ရပ်အရွယ် ဝါးတစ်လုံးကို အစိတ်ကလေးများ စိတ်ပါ။ ဝါးအစိတ်အချို့ကို တစ်ဝက် ဝက်ပိုင်း၍ ဝါးစိတ်အရှည်လေးများဖြင့် ဝါးကပ်လေး ရက်၍ ရွှံ့တက်ပေါ် ခင်းပေးပါ။

## စနေ

**စီးပွားရေး** ။။ အထည်ချုပ်လုပ်ငန်းများ အကျိုးအမြတ်များမည်။ ငွေကြေးလဲလှယ်ခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်းများ လုပ်ငန်းခွဲများ တိုးချဲ့နိုင်သောကာလ ဖြစ်ပါသည်။

**ဝန်ထမ်းရေးရာ** ။။ အလုပ်တာဝန်များ၊ လုပ်ငန်းများ၊ စီမံကိန်းများ ထူးထူးခြားခြား အောင်မြင်မည့်ကာလဖြစ်သည်။ လုပ်ငန်းရာထူး တိုးပေးရန်ရှိလျှင် မိမိရာထူးတိုးမည်။

**အိမ်တွင်းရေး** ။။ မိသားတစ်စုလုံး စီးပွားရေး ကြီးပွားရေး ကျန်းမာရေး ပညာရေးတို့ အားလုံးကောင်းသော ကာလဖြစ်၍ မိသားတစ်စု ပျော်ရွှင်ချမ်းမြေ့ရမည့်ကာလ ဖြစ်သည်။

**အချစ်ရေး** ။။ ချစ်သူနှင့် အဝေးသို့ထွက်မသွားပါနှင့်။ ပို၍ ဒုက္ခရောက်မည်။ အချိန်အခါကောင်းကို စောင့်ပါ။ အဆိုးပြီးဆုံးလျှင် အကောင်းပြန်စပါဦးမည်။

**ပညာရေး** ။။ ပညာရေးကံကောင်းသော ကာလဖြစ်သည်။ ကျောင်းစာသာမက အသက်မွေးမှု ပညာသင်တန်းများကိုပါ တက်ရောက်နိုင်ပါသည်။

**ကျန်းမာရေး** ။။ စိတ်တိုခြင်း၊ ဒေါသကြီးခြင်း၊ စိတ်ကျခြင်းတို့ ဖြစ်တတ်၍ စိတ်အေးချမ်းရန် ဝိပဿနာတရား ရှုမှတ်ပေးပါ။ အနည်းဆုံး အာနာပါနကျင့်ပါ။

**ဆောင်ရန်ရက်များ** ။။ ၄,၇,၁၀,၁၄,၁၇,၂၀,၂၄,၂၇,၃၀။
**ရှောင်ရန်ရက်များ** ။။ ၅,၈,၁၁,၁၅,၁၈,၂၁,၂၅,၂၈,၃၁။
**ထီထိုးရန်ရက်များ** ။။ ၂,၄,၆,၉,၁၂,၁၃,၁၆,၁၉,၂၂,၂၃,၂၆,၂၉။
**ထီထိုးရန်ဂဏန်းများ** ။။ **၃, ၄, ၆, ၉** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။။ စီးပွားဥစ္စာ တိုးတက်ချမ်းသာစေရန် ရှင်သီဝလိ ဆယ်ဂါထာကို မွေးနေ့နံနက် (၉း၁၅)နာရီတွင် (၁၀)ခေါက် ရွတ်ဆိုပူဇော်ပါ။

*ကျန်းမာ ချမ်းသာပါစေ။*

**ဆရာ ရောင်ခြည်**



www.burmeseclassic.com

www.burmeseclassic.com



# ကျွဲနွား ဦးချိုကျိုးနှာ



**ကုသနည်း**

မြင်းခြံမြို့နယ်၊ ဆီမီးခုံမှာ တာဝန်ထမ်းဆောင်တုန်းက အဖြစ်အပျက်လေးတစ်ခု ပြောပြဦးမယ်။ ဆီမီးခုံရဲ့ အရှေ့တောင်ဘက်(၆)မိုင်လောက်အကွာမှာ“**ပင်လယ်**” **ဆိုတဲ့ ရွာကြီးတစ်ရွာ ရှိတယ်။**

လောင်းကစားပွဲဆိုတာ နေရာတိုင်းမှာတော့ ရှိပါတယ်။ ဒါပေမယ့် ပင်လယ်ရွာက လောင်းစားက ထူးထူးဆန်းဆန်းလေး…

လူတိုင်း မြင်လွယ်,နားလည်လွယ်အောင် ပြောရရင် အရပ်ဒေသတိုင်းမှာ ကြက်တိုက်ပြီး လောင်းကစားလုပ်ကြတာ ရှိတယ်။ မြန်မာနိုင်ငံမှာတော့ ထင်ရှားပြီး ဝါသနာပါတဲ့လူတွေလဲ များပါတယ်။ တချို့ကလဲ ကြက်တိုက်ပွဲလို့ ခေါ်ကြပါတယ်။

စည်းကမ်းတွေ ဥပဒေတွေလဲ ရှိတယ်ဗျ။ အခု ကျွန်တော် ပင်လယ်မှာ တွေ့ခဲ့တဲ့ပွဲက နွားတိုက်ပွဲက နွားသိုးတွေ တစ်ကောင်နဲ့ တစ်ကောင် သေအောင်အထိ တိုက်တဲ့ပွဲ၊ လောင်းကြေးကလဲ မြင့်တယ်။ နွားသိုးတွေကို သေသေချာချာ မွေးထားတာ၊ နွားကိုင်တဲ့လူငယ်တွေ သီးသန့်ရှိတယ်။

**ဦးချိုတွေကို ဆီလိမ်းထားကြတယ်။ ပြောင်နေတာပဲ။ နွားတိုက်ပွဲမစခင် နွားသိုးကို စိတ်တို စိတ်ထိုးအောင် ထွေးနေကြတာ စည်းဝိုင်းကြီးဝိုင်းထားတယ် တိုက်ပွဲဝင်မယ့် နွားနှစ်ကောင် စည်းဝိုင်းထဲ တစ်ဖက်တစ်ချက် ဝင်ကြရတယ်။**

**မျက်နှာချင်းဆိုင်မိတာနဲ့ မာန်ဖီနေကြပြီ၊ အော်နေကြပြီ၊ လွှတ်လိုက်တာနဲ့ ဆော့ကြတော့တာပဲ၊ သဲကြီးမဲကြီးပဲ၊ စည်းဝိုင်းထဲမှာတင် သေသွားကြတာတွေရှိတယ်၊အဖက်ရာ ရကြတယ်။**

**အဆိုးဆုံးက ချို(ဂျို)ကျိုးသွားတာပဲ၊ တချို့လဲ ချိုး(ဂျို) တန်းလန်းကြီးဖြစ်နေလို့ ဖြတ်ပစ်ရတာတွေ ရှိတယ်။**

တချို့ကျတော့ ချိုနုလေးပဲ ကျန်တော့တယ်။ ချိုပြတ်ကျိုးသွားပြီးတော့ ဟောင်းလောင်းကြီး ဖြစ်နေတာလဲ တွေ့ဖူးပါတယ်။

တချို့နွားသိုးတွေကျတော့လဲ မြူးကြွပြီး ချိုသွေးတာကနေ ချိုကျိုးသွားတာမျိုးလဲ ရှိပါတယ်။

အမျိုးစုကတော့ တစ်ကောင်နဲ့ တစ်ကောင် ဝှေ့လို့ ဖြစ်ကြတာပါ။ ကျွန်တော်တို့ကတော့ အလုပ်ရှုပ်တော့တာပေါ့။ ချိုကျိုးပြီဆိုရင်တော့ ဘာကြောင့်ပဲ ကျိုးကျိုး **ကွမ်းစားထုံးနဲ့ ကြက်ဥတစ်လုံး ရောနယ်ပြီး သိပ်ပေးရပါတယ်။**

ဦးချိုအခေါင်းဖြစ်သွားရင် အခေါင်းကြီးပြည့်သွားအောင် သိပ်ပေးရပါတယ်။ **ပတ်တီးမစည်းရဘူး။ ပလတ်စတစ် အိတ်စွပ်မထားရဘူး။ လေဝင်လေထွက်ကောင်းအောင် ထားရတယ်။ ရေမထိစေရဘူး။ မိုးတွင်းဆိုရင် မိုးမမိစေနဲ့။**

**ရေမမိုအောင်၊ မိုးမမိုအောင် ဆိုပြီး ပလတ်စတစ်အိတ်နဲ့တော့ စွပ်မထားပါနဲ့. အနာပိုထိုးသွားမယ်။**

ယင်ကောင်လဲ မနားအောင်၊ အနာလဲ ကျက်လွယ်အောင် အပေါ်ယံကို **တာပင်တိုင်ဆီ(၁)ဆကို ဆီ(၁၀)ဆနဲ့ရောပြီး လိမ်းပေးထားရင် မြန်မြန်** ကောင်းသွားပါလိမ့်မယ်။

**ငွေသိန်း(တိ/မွေး/ကု)**



www.burmeseclassic.com

www.burmeseclassic.com



# ရန်သူမီးကို

## တားဆီးနိုင်သော ဤဂါထာ

အံ့ကြွယ်

''ဉဩ...ဉဩ'' ဟူသော ဉဩငှက်ငယ်လေး၏ ကြေကွဲစွာ မြည်ကြွေးသံကို စတင်ကြားရလေပြီ။

ဩော်... မြောက်ပြန်လေ၏ နှုတ်ဆက်တေးနှင့် ဉဩငှက်လေး၏ လွမ်းဆွတ်ဖွယ် ခွန်းဆိုတေးတို့ကြောင့် နွေဦးကိုတောင် ရောက်လာပြန်ပါပေါ့လားဟု အသိဝင်လာခဲ့သည်။

လွမ်းဆွေးမှုကို ခံစားရင်း ''ဒိတ်''ခနဲ ရင်ဖိုမိကာ စိုးရိမ်စိတ်ဖြင့် တွေးထိတ်မိပြန်သည်။ နွေဥတုကို ရောက်လာပြီမို့ ရန်သူငါးပါးထဲမှာ အဆိုးဝါးဆုံးလို့ ဆိုရမည့် ''ရန်သူမီး''ကို အမှတ်ရစေခဲ့သည်။

မီးဆိုသည် သုံးတတ်လျှင် မိတ်ဆွေဟု ဆိုထားသည် မဟုတ်လား ဒါဆို ဘာကြောင့် မီးကို ကြောက်ရသနည်း။ ဟုတ်ပါသည်။ မီးဆိုသည်မှာ သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူပါ။

သို့သော် သုံးတတ်၊ မသုံးတတ်ကြောင့် မဟုတ်ဘဲ ရှို့မီး၊ တောမီး၊ လျှပ်စစ်ရှော့မီး၊ မိုးကြိုးမီး စသည့် အကြောင်းများကြောင့်လည်း မီးလောင်ခြင်းကို ဖြစ်စေတတ်ရာ ကံအကြောင်းတရားနှင့် ပိုမို သက်ဆိုင်လေမလားဟု အတွေးတစ်စက ဝင်လာခဲ့သည်။

တစ်ခါတစ်ရံ ကံတရားက အံ့ဩဖို့တော့ကောင်းသည်။ မောင်အံ့၏ ကြီးပြင်းခဲ့ရာ ပဝတ္တိအရပ် **''ရေစကြိုမြို့''**တွင် မီးကြီးလောင်ခဲ့စဉ်က ဖြစ်သည်။

အချိန်ကာလမှာ **ခရစ်နှစ် ၁၉၈၀ ပြည့်နှစ်၊ ဧပြီလ (၁၈)ရက်နေ့၊ မြန်မာနှစ်ဆန်း(၂)ရက်နေ့** ဖြစ်ပါ၏။ မြို့၏ တစ်ဝက်ကျော် မီးလောင်ဆုံးရှုံးခဲ့ရသည်။

ရဲဌာန၊ မီးသတ်စခန်းအပါအဝင် ရုံးဌာနများ၊ မြို့မဈေးကြီးတို့ပါ အိမ်ခြေအဆောက်အအုံ ထောင်ချီပျက်သုဉ်းခဲ့ရသည်။

မြို့ကျက်သရေဆောင် အထင်ကရဖြစ်သော **''အောင်မြေသာယာ သူဌေးတိုက်''(အရပ်အခေါ် ဦးချင်းကျောင်းတိုက်ကြီး) လေးထပ်စာသင်တိုက်ကြီးပါ မီးဘေးသင့်ကာ နံရံလေးဖက်သာ ထီးထီးကျန်လျက်** ယနေ့တိုင် ပြင်ဆင်သူ ကင်းမဲ့နေခဲ့ရသည်။

**ထိုသို့ မီးလောင်ခြင်းကြောင့် အပျက်အစီးနှင့် ဆုံးရှုံးမှုများ လွန်စွာ များပြားခဲ့သော်လည်း မီးလောင်ပြင်၏ အလယ်တွင် နှစ်ထပ်တိုက်တစ်လုံးမှာ မီးဟပ်ထားသည့် အရိပ်အယောင်ကိုမျှ မတွေ့ရဘဲ ထီးထီးမားမား ကျန်နေခဲ့သည်မှာ အံ့ဩကုန်နိုင်ဖွယ်ဟု ဆိုရပေမည်။**

အဆိုပါ မြင်ကွင်းကြောင့် ကံကြမ္မာ၏ အလှည့်အပြောင်းကို ပိုမိုယုံကြည်ခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုကြီးဖြစ်ပြီး တစ်လကျော်အကြာ ယင်းသည့်နှစ်၏ ဇွန်လ(၁)ရက် တွင် မောင်အံ့တစ်ယောက် တာဝန်ဖြင့် ကယားပြည်နယ်သို့ ပြောင်းရွှေ့ခဲ့ရသည်။


ယခုဆိုလျှင် ဇနီးမယား သမီးသားနှင့် ပွားစီးနေခဲ့ရာ





www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်းသုံးဆယ်ကျော်ခဲ့လေပြီ။

ထိုသည့် ကာလအတွင်း ရံဖန်ရံခါ ပြန်လည်ရောက်ရှိခဲ့ရာ တစ်ကြိမ်တွင်တော့ အံ့သြဖွယ် မီးကွင်းခဲ့သည့် နှစ်ထပ်တိုက်၏ပိုင်ရှင် ဦးလေးကြီးနှင့် အမှတ်မထင် ဆုံမိခဲ့ရာ မီးကွင်းရခြင်း၏ အကြောင်းကို စပ်စုမိသည်။ ထိုဦးလေးကြီး(နာမည်မမှတ်မိတော့ပါ)က ပြောပြခဲ့သည်။

'အေးကွ…ပြောရရင်တော့ ယုံစရာမရှိဘူး။ အိမ်ရာအဆောက်အအုံတွေ ရာချီထောင်ချီ မီးလောင်ခံရပေမယ့် ဦးရဲ့အိမ်တစ်လုံးသာ မီးမသင့်ဘဲ ထီးထီးကျန်နေတာဟာ အဆောင်ကောင်း၊ အစီရင်ကောင်းလို့သာ ဖြစ်မယ်ဆိုပြီး လူတွေက ယုံကြည်ပြောဆိုခဲ့ကြတယ်လေ။

ဦးမှာ ဘာ အဆောင်အစီရင်မှ မရှိပါဘူးကွာ။ အတိတ်က ကောင်းမှုကံ အကျိုးဆက်နဲ့ ဘာသာတရားယုံကြည် ကိုးကွယ်မှုကြောင့်လို့ ပြောရမှာပါ။

အတိတ်ကံ ဆိုတာကတော့ မမြင်ရလို့ မသိနိုင်ဘူးပေါ့။ ဘာသာတရားကို အထူးတလည် ကျင့်ကြံအားထုတ်မှုရယ်တော့ သိပ်မရှိခဲ့ပါဘူး။

နေ့စဉ် မနက်‚ည အချိန်မှန် ဘုရားရှိခိုး ပုတီးစိပ်ဆိုတာတော့ မပျက်ခဲ့ပါဘူးလေ။ အထူးသဖြင့်တော့ မီးဘေးရန် ကင်းဝေးစေဖို့နဲ့ (၁၁)မီးငြိမ်းစေဖို့ ရည်မှန်းပြီး ပရိတ်ကြီး(၁၁)သုတ်လာ"ဝဋ္ဋသုတ်ပရိတ်တော်"ကို အမြဲ ရွတ်ဆိုပူဇော်ခဲ့တယ်။

ပြောစရာရှိတာက ဒီဝဋ္ဋသုတ်နဲ့ တွဲပြီး ရွာဦးကျောင်းဆရာတော်ချီးမြှင့်ခဲ့တဲ့ "မီးကွင်းဂါထာတော်"ကိုပါ ရွတ်ဆိုပူဇော်ခဲ့တာတော့ ရှိခဲ့တယ်ကွ။ ဒီဂါထာတော်တွေရဲ့ တန်ခိုးဂုဏ်တော် အာနုဘော်တို့ကြောင့် အခုလို မီးကွင်းခဲ့တာလို့ ယုံကြည်တယ်လေ'

'ဒီလိုဖြင့် အပန်းမကြီးဘူးဆိုရင် ဂါထာတော်များကို ရွတ်ဆိုပေးပါလားခင်ဗျ'

မောင်အံ့က တောင်းဆိုတော့ ဦးလေးကြီးက လိုလိုချင်ချင် ရွတ်ဆိုပြသည်။ ထိုဝဋ္ဋသုတ်တော်ကို ဓမ္မစာပေများတွင် အလွယ်တကူ ရှာတွေ့သော်လည်း မီးကွင်းဂါထာကိုမူ နှစ်ကာလကြာပြီဖြစ်၍ ရှာမတွေ့တော့ချေ။ အခုမှ တောတွေးတောင်တွေးနှင့် ပျောက်ဆုံးသွားသည့် ဂါထာတော်ကို သတိရနေမိသည်။

ရန်သူမီး၏အကြောင်းကို တွေးမိသည့် အတွေးစကို ရပ်ခဲ့သည်။ နွေရောက်ပြီဖြစ်သဖြင့် ရာသီဥတု အပူဒဏ်ကို ခံနိုင်ရန်နှင့် စိတ်နှလုံး အေးချမ်းမှုရှာရန် အပူအားလုံး၏ ငြိမ်းအေးရာ စခန်းသာဖြစ်သည့် **"ဖားဆောင်းမြို့တောင်ပိုင်းရပ်ရှိ ဓမ္မသိဒ္ဓိသိမ်ကျောင်း"**သို့ ထွက်လာခဲ့သည်။

ကျောင်းဝန်းအတွင်းရှိ **"အောင်သိဒ္ဓိစေတီတော်"**ကို ဖူးမြော်ကြည်ညိုပြီးနောက် ကျောင်းပေါ်သို့ တက်ခဲ့သည်။ **ဆရာတော်ဦးအာဒိစ္စ(သဒ္ဓမ္မဇောတိကဓဇ)** အား ရှိသေရှိခိုးဦးချကာ အပါးတိုး၍ ခစားခဲ့သည်။

'ဒကာလဲ ကျောင်းကို မရောက်တာကြာပြီနော်၊ နေကောင်း ကျန်းမာရောရှိရဲ့လားကွယ်'

'တင်ပါ့ဘုရား… ဘုန်းဘုန်းရဲ့ မေတ္တာကြောင့် ကျန်းမာပါတယ်ဘုရား။ စားဝတ်နေရေး၊ လူမှုရေးကိစ္စတွေနဲ့ မအားတာကြောင့် ဘုန်းဘုန်းဆီကို မရောက်ရတာပါ ဘုရား။

အခုတော့ နွေဥတု ရောက်တော့မှာမို့ အေးရိပ်ရှာရင်း အဝအမောတွေပြေဖို့ ဘုန်းဘုန်းကျောင်းရဲ့ အရိပ်ကိုခိုကာ ဒုလ္လဘရဟန်းခံရရင် ကောင်းမှာလို့ စိတ်ကူးပြီး ဘုန်းဘုန်းထံ လျှောက်ထားဖို့ ရောက်လာပါဘုရား'

'အေးလေ… ကောင်းတဲ့ စိတ်ကူးမို့ ဘုန်းဘုန်းက သာဓုခေါ်ရင်း ဝမ်းမြောက်ဝမ်းသာလက်ခံပါရဲ့ကွယ်၊ စိတ်ကူးကို မြန်မြန်အကောင်အထည် ဖော်ပေတော့

www.burmeseclassic.com

www.burmeseclassic.com

နေ့ာ်'

ဆရာတော်က ရွှင်လန်းဝမ်းမြောက်စွာ သာဓု အနုမောဒနာ ပြုခဲ့သည်။ ဆရာ,ဒကာ နှစ်ဦးတွေ့ဆုံခိုက် အာလာပသလ္လာပ ပြောခဲ့ကြသည်။ အခွင့်သင့်ခိုက် မောင်အံ့ သိလိုသည်ကို လျှောက်ထားခဲ့သည်။

'ဘုန်းဘုန်းဘုရား…နွေရာသီကို ရောက်တော့မှာမို့ ပူပြင်းခြောက်သွေ့ပြီး မီးရေးထင်းရေး စိတ်မအေးဘဲ တွေးပူမိပါတယ်ဘုရား။ တပည့်တော် အညာမှာ နေတုန်းက မီးဘေးအန္တရာယ် အကြီးအကျယ် တွေ့ကြုံခဲ့ဖူးတော့ အတော်ကြောက်လန့်ခဲ့ရတယ်ဘုရား။

အခုလဲ မီးဘေးကို ကြောက်တုန်းပါပဲ ဘုရား။ အဲဒီတုန်းက တစ်မြို့လုံးနီးပါး မီးဘေးကြုံရပေမယ့် တိုက်တစ်လုံးက မီးတောင်အဟပ်မခံရဘဲ ထီးထီးကျန်နေတာကို မြင်ခဲ့ဖူးပါတယ်ဘုရား။ ဒါကြောင့် ကံတရားရဲ့ အရေးပါမှုကို ဆင်ခြင်မိပါတယ်ဘုရား'

မောင်အံ့က နိဒါန်းချီကာ ရေစကြိုမြို့၏ မီးဘေးသင့်ကိုယ်တွေ့ကြုံရပုံကို ဆရာတော်အား လျှောက်ထားခဲ့သည်။

'အေး… ဒကာရဲ့ အတွေ့အကြုံကလဲ အံ့သြစရာပါဘဲ။ ဒီလိုအဖြစ်မျိုး ဘုန်းဘုန်းလဲ တွေ့ကြုံခဲ့ဖူးတယ်ကွယ့်။ ပြောရရင်တော့ ဘုန်းဘုန်း ရဟန်းပျိုဘဝ မန္တလေးတောင်ခြေနားက စာသင်တိုက်ကြီးတစ်တိုက်မှာ စာသင်သားအဖြစ် သီတင်းသုံးတုန်းက အဖြစ်ပါပဲ။

မြို့လယ်ရဲ့ အထင်ကရ ရပ်ကွက်တစ်ခုမှာ မီးလောင်လို့ ဘုန်းဘုန်းရဲ့သံဃာတွေ သွားပြီး မီးကူးငြိမ်းခဲ့ကြတယ်။ အဲဒီရပ်ကွက်က ဘုန်းဘုန်းတို့ စာသင်သားသံဃာတွေရဲ့ ဆွမ်းခံနယ်မြေမို့ ဒကာတွေလဲ ရှိကြတာပေါ့။

မီးလောင်မှုကြောင့် အိမ်ခြေနှစ်ဆယ်ကျော် ဆုံးရှုံးခဲ့ရတယ်။ အဲဒီထဲမှာ ထူးခြားတာက မီးစ,လောင်တဲ့ အဆောက်အအုံနဲ့ ကပ်လျက်က တိုက်တစ်တိုက်ဟာ မီးမလောင်ဘဲ ကျန်နေတာကို တွေ့ရတော့ မြင်ရသူတိုင်း အံ့သြကြရတယ်လေ။

ဒီတိုက်ပိုင်ရှင်က ဘုန်းဘုန်းရဲ့ ဆွမ်းဒကာအိမ် ဖြစ်လေတော့ မီးလောင်ပြီး မကြာမီမှာ ဘုန်းဘုန်းက



အဆောက်အအုံကို မီးမလောင်ခြင်းရဲ့ အကြောင်းကို မေးမိခဲ့ပါတယ်။ အဲဒီဒကာကြီးက…

"ဦးပဉ္စင်း အံ့သြမယ်ဆိုရင်လဲ အံ့သြလောက်ပါတယ်။ တပည့်တော်က ဝဋ္ဋသုတ်ပရိတ်တော်နဲ့ မီးကွင်းဂါထာကို မနက်တစ်ကြိမ် ညတစ်ကြိမ် နေ့စဉ် ရွတ်ဖတ်ပူဇော်ပါတယ် ဘုရား။

ဒီဂါထာတော်တွေရဲ့ တန်ခိုးတော်ကြောင့် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များက စောင့်ရှောက်ကြလို့ အခုလို မီးဘေးက လွတ်ကင်းတာဖြစ်ကြောင်း တပည့်တော်ကတော့ ယုံကြည်ပါတယ် ဘုရား"

လို့ လျှောက်ထားခဲ့တယ်။

ဒါနဲ့ ဘုန်းဘုန်းလဲ…

"ဒကာကြီးရယ်… ဒီလိုဆိုရင် ဦးပဉ္စင်းလဲ ဒီမီးကွင်းဂါထာကို နာကြားရအောင် ရွတ်ပွားပြစမ်းပါ"

လို့ ဆိုတော့ မီးကွင်းဂါထာ ရေးကူးထားတဲ့ မိတ္တူစာရွက်လေးတစ်စောင်ကို ဘုရားခန်းထဲက ယူလာပြီး ကပ်ခဲ့တယ်လေ။

အဲဒီအချိန်ကစပြီး ဘုန်းဘုန်းလဲ မီးကွင်းဂါထာကို မိတ္တူပွားပြီး အများဒကာများ အကျိုးအတွက် ဖြန့်ဝေပေးခဲ့တာ ယနေ့ထိတိုင်ပါပဲ။ အခုလဲ ဒကာအတွက် ချီးမြှင့်ပါတယ်ကွယ်'

ဆရာတော်က စားပွဲပေါ်ရှိ စာအုပ်များအောက်၌ ဖိုင်တစ်ခုတွင် ညှပ်ထားသည့် မိတ္တူစာရွက်လေး တစ်စောင်ကို ပေးခဲ့သည်။

မောင်အံ့က တရိုတသေ လက်ခံရယူပြီး ဖတ်မိလိုက်ရာ အံ့သြဝမ်းသာ ဖြစ်ခဲ့ရပါသည်။ အကြောင်းမှာ



www.burmeseclassic.com

ဘုန်းဘုန်းချီးမြှင့်ခဲ့သည့် မီးကွင်းဂါထာမှာ နှစ်,နှစ်ဆယ် ကျော်က ရရှိခဲ့ပြီး ဘယ်မှာ ထားမိမှန်း မသိ၍ ရှာမရသည့် မောင်အုံ့ အလွန်လိုချင်မိသည့် ဂါထာလေး ဖြစ်နေခြင်းကြောင့် ဖြစ်ပါသည်။

'မှန်လှပါဘုရား...အခု ဘုန်းဘုန်း ချီးမြှင့်လိုက်တဲ့ မီးကွင်းဂါထာက တပည့်တော် ရချင်လွန်းလို့ ရှာနေတဲ့ ဂါထာပါပဲ ဘုရား။ တပည့်တော် ကိုယ်တွေ့ မီးကွင်း ဂါထာလေး ဖြစ်သလို ဘုန်းဘုန်း ကိုယ်တွေ့ကြုံခဲ့ရတဲ့ ဂါထာမို့ အစွမ်းသတ္တိနဲ့ တန်ခိုးထက်မြက်မှုကတော့ သံသယဖြစ်ဖွယ် မရှိတော့ပါဘူး ဘုရား၊ ဘုန်းဘုန်းကိုလဲ ကျေးဇူးတင်ပါတယ် ဘုရား'

'အေး... ဘုန်းဘုန်းလဲ တန်ခိုးထက်မြက်ပြီး ယုံကြည်အားကိုးထိုက်တဲ့ ဂါထာတော်လို့ ခံယူပြီး မိမိကျောင်းနဲ့ မြို့ရွာနိုင်ငံအတွက် နေ့စဉ် ရည်စူးရွတ်ပွားလျက်ပါပဲကွယ်။

ဒီဂါထာက မီးဘေးသာမကဘဲ ဘုန်းဘုန်းကိုယ်တွေ့အရ နယ်မြေ မငြိမ်းချမ်းတဲ့ကာလမှာ တောတောင်တွေထဲမှာ သီတင်းသုံးခဲ့စဉ်က လက်နက်အမြောက် သေနတ်များ ဘေးကလဲ ကင်းဝေးခဲ့တာ အမှန်ပါပဲ။ ဒါကြောင့် ကျည်လွဲဂါထာလို့လဲ ဆိုချင်သေးတယ်ကွယ်'

ဆရာတော်က ဂါထာအစွမ်းကို ဖြည့်စွက် အမိန့်ရှိခဲ့ပြီး အသံထွက်နှင့် ပုဒ်ပြတ်အထားအသို မှန်ကန်စေရန် ရွတ်ပွားချီးမြှင့်ပေးခဲ့ပါသည်။

<u>မီးကွင်းဂါထာတော်</u>

ဥုံ တွံတေ တွံတေ မဟာတွံတေ၊
တွံတေ ဇာလော မဟာဇာလော၊
က္ကတော သမ္ဗုဒ္ဓတေဇေန၊
အပက္ကမာဟိ ဌာနတော။

ခက်ခဲသော ပါဠိအသံထွက်

**ဥုံ** = အုံ
**က္ကတော** = အိတော
**သမ္ဗုဒ္ဓ** = သမ်ဗုတ်ဓ
**အပက္က** = အပက်က

အနက်

**ဥုံ၊** ဝေးရာရှောင်ရှား သွားပါစေ။ **တွံတေ တွံတေ မဟာတွံတေ၊** အနည်းငယ်သော မီးအန္တရာယ်နှင့် ကြီးမားသော မီးအန္တရာယ်များ။



**တွံတေ ဇာလော မဟာဇာလော၊** အနည်းငယ်သော မီးတောက်မီးလျှံနှင့် ကြီးမားသော ကျယ်ပြန့်သော မီးတောက်မီးလျှံများ **(ဤမီးအန္တရာယ် အသွယ်သွယ်တို့သည်)။ သမ္ဗုဒ္ဓတေဇေန၊** မြတ်စွာဘုရား၏ တန်ခိုးတေဇော်အာနုဘော်ကြောင့်။ **က္ကတော ဌာနတော၊** ဤအရပ်ဌာနမှ။ **အပက္ကမာဟိ၊** ဝေးရာ ရှောင်ရှား ထွက်ခွာသွားပါလော့။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသီဟ(သာသနဓဇ ဓမ္မာစရိယ)မှ ပြန်ဆိုပေးပါသည်။]***

'ကဲ...ဒကာရဲ့ ဆန္ဒလဲ ပြည့်သွားပြီမို့ နေ့စဉ် မနက်, ည ရွတ်ပွားပူဇော်ပေါ့ကွယ်။ (၉)ခေါက်ဖြစ်စေ၊ သက်စေ့ ဖြစ်စေ၊ (၁၀၈)လုံးပုတီးတစ်ပတ်ဖြစ်စေ ရွတ်ပွားပါ။

ဒီဂါထာကို မရွတ်မီ ငါးပါး,ရှစ်ပါး စသဖြင့် ဆောက်တည်နိုင်ရင်တော့ ပိုပြီး တန်ခိုးထက်တာပေါ့။ ဒီဂါထာနဲ့အတူ ဝဋ္ဋသုတ်ပရိတ်တော်ပါ တွဲပြီး ရွတ်ပွားပူဇော်ပါလို့မှာပါရစေနော်'

'တင်ပါ့ ဘုရား...ဘုန်းဘုန်းအမိန့်ရှိတဲ့အတိုင်း တစ်နေ့မပျက် ရွတ်ဆိုပူဇော်ပါမယ်လို့ ကတိပြုပါတယ် ဘုရား'

ရောက်လာတော့မည့် ဂိမာန်နွေ၏ ဝါဆိုဦးမှစကာ တစ်ဝါဆို ဒုလ္လဘရဟန်း ဝတ်နိုင်ရေး သြဝါဒများ ခံယူပြီး ရွှင်လန်းတက်ကြွသော ခြေလှမ်းများဖြင့် နေအိမ်သို့ ပြန်လာခဲ့ပါတော့သည်။

**အုံ့ကြွယ်**




www.burmeseclassic.com


www.burmeseclassic.com



(၁၂)လရာသီ နက္ခတ်ဓာတ်စာ [2019-July လအတွက်]



# ဝါဆိုလ



## ကရကဋ်ရာသီ

# နက္ခတ်ဓာတ်စာ



ဆရာ ဗဟင်းချမ်းသာ

ဆောင်ရန်ရှောင်ရန် ဆေးဖက်ဝင် အစားအစာများ

**''ဝါဆိုဝါခေါင် ရေဖောင်ဖောင်''၊ ''မိကျောင်းဖွေးဖွေး မိုးအေးအေး''**ဟု လည်းကောင်း... **''ဝါဆိုဝါခေါင် ရေတွေကြီးလို့ သပြေသီးမှည့် ကောက်စို့ကွယ်''**ဟူ၍ လည်းကောင်း...ရှေးပညာရှင်ကြီးများက ဝါတွင်းကာလ ဝါဆိုဦး အခါသမယကာလ၏ သဘာဝ ရာသီဥတု သရုပ်မှန်ကို ဖွဲ့ဆိုထားခဲ့ကြပါသည်။

''ရာသီမသိ ပန်းနဲ့သို့'' ဆိုစကားလို ဝါဆိုလ ရာသီပန်းဖြစ်သော ပုန်းညက်ပန်းတို့ကလည်း လှိုင်လှိုင်ကြီး ပွင့်လာကြသည်။

မိကျောင်းပန်းတို့ကလည်း ဖွေးဖွေးလှုပ် ချောင်းရိုးတစ်လျှောက် ဖူးပွင့်ဝေဆာ သာယာစိမ်းစိုလှသည့် သဘာဝရှုခင်းကို ဖန်တီးထားသည့် လရာသီ ဖြစ်ပေသည်။

ဝါဆိုလသည် သဘာဝ ဥတုရာသီ ဓာတ်သဘောတရားအလိုအားဖြင့် နွေကာလ ပူပြင်းမှု တေဇောဓာတ်လွန်ကဲပြီး မိုးဦးကာလ မုတ်သုန်ရာသီအစမှာ ဝါယောဓာတ်ကပါ ဖက်ပြိုင်လာပြီး မိုးကျသည့် ဝါဆိုလမှာတော့...

အအေးဓာတ်(အာပေါ)က ဦးစီးလာပြီး အေးတစ်လှည့် ပူတစ်ခါ တေဇောနှင့် အာပေါ ဓာတ်ပြိုင် လွန်ဆွဲနေသည့် အခါသမယဆိုလျှင် မမှားပါ။

ထို့ကြောင့် ဝါဆို(ဝါခေါင်) ဝါတွင်းအစကာလတွေမှာ **ပူလွန်,အေးလွန်,တက်လွန်,သက်လွန်** ဆိုသည့် တစ်ဖက်လွန် အစားအာဟာရများ စားသောက်ခြင်းကို သတိပြု၍ ရှောင်ကြဉ်ရပါမည်။

အကြောင်းမှာ မိုးရွာလျှင် အေးမြလာပြီး... နေပူနေထွက်လာလျှင် ပူအိုက်ကြတာ စာရှုသူများ လက်တွေ့သိမြင်နေကြရပေသည်။

သို့ပါ၍ နာတာရှည်ရောဂါ အခံရှိသူများအတွက်...

---

ရှောင်ရန် အစာများ

---

မျှစ်၊ မှို၊ တညင်းသီး၊ အင်ဥ၊ ကိုင်းဥ၊ ဆူးပုပ်ကြီး၊ ဥသျှစ်သီး၊ တမာရွက်၊ ပီလောပီနံဥ၊ ဖား၊ ကြွက် စသည့် တွင်းအောင်းသား၊ မီးမြှိုက်သားများကို **အထူးရှောင်ကြဉ်ပါ။**

အအေးစာ,အပုပ်စာဖြစ်သည့် ဘဲသား၊ ဘဲဥ၊ ရေကြက်၊ ဗျိုင်းသား၊ ရေစစ္စလီသား၊ လိပ်သား၊ ကျွဲနို့၊ ကျွဲသားနှင့် ရေခဲစိမ် အအေးခံထားသော အသားများကို **ရှောင်ကြဉ်ရန် လိုအပ်ပါသည်။**

ခန္ဓာကိုယ် ကျန်းမာရေးအတွက်

ဆေးဖက်ဝင် အကျိုးပြုသည့် ရာသီစာ

စားသုံးသင့်သည့် ဓာတ်စာ အာဟာရများ

---

အသီးအနှံအနေဖြင့်...

---

ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်၊ မြင်းခွာရွက်၊ ပင်စိမ်းရွက်၊ ဇီရာရွက်၊ ပူဒီနာရွက်၊ ပျဉ်းတော်သိမ်ရွက်၊ ကြာဟင်းညွန့်၊ ဂေါ်တခါးညွန့်၊ ခွေးတောက်ရွက်...

မိုးသခွားသီး၊ ခဝဲသီး၊ ကင်ပွန်းချဉ်ရွက်၊ ချဉ်ပေါင်ရွက်၊ စပါးလင်၊ ချင်း၊ ပတဲကော၊ ငရုတ်စိမ်း၊ ဟင်းမွှေး



www.burmeseclassic.com

www.burmeseclassic.com

မဆလာနှင့် ဟင်းခတ်အမွှေးအကြိုင်များ…

နံနံစေ့၊ နံနံပင်၊ အညာကုက္ကိုရွက်၊ ရှောက်ရွက်၊ ရဲယိုရွက်၊ ရဲယိုသီး၊ မိုးနံရွက်၊ နွားလျှာကြီးရွက်၊ ဆူးပုပ်ကလေး၊ ကြိတ်မှန်ရွက်၊ ပိုးစာရွက်…

သဘော်သီး၊ သဘော်ရွက်နု၊ ပြည်ပန်းညို၊ ကြက်သဟင်းရွက်၊ လဲလူရွက်၊ ကြောင်ပန်းရွက် စသည် ဟင်းသီးဟင်းရွက်များကို စားသုံးရန် သင့်တော်ပြီး…

---

သား၊ငါးအနေဖြင့်…

---

ဆိတ်သား၊ သိုးသား၊ ချေသား၊ ဆတ်သား၊ ချိုးသား၊ ခါသား၊ ယုန်သား၊ နွားသား၊ ကြက်သား၊ ငုံးသားနှင့် ငါးခူ၊ ငါးကျည်း၊ ငါးရံ့၊ ငါးရှဉ့်၊ ငါးမြင်း၊ ငါးတန်၊ ကကတစ်(ရေချို)၊ ပုစွန်တုပ်၊ ပုစွန်ကြော့၊ ငါးကလေး ပေါက်…

စသည်တို့သည် ဝါဆိုလကာလအတွက် ကျန်းမာရေး အတွက်ဆေးဖက်ဝင်ဓာတ်စာ အာဟာရများ ဖြစ်ပါသည်။

---

အချိုပွဲ စားသုံးသီးနှံအနေဖြင့်

---

သရက်သီး၊ မင်းကွတ်သီး၊ စပျစ်သီး၊ ကျွဲကောသီး၊ ပန်းသီး၊ ကတွတ်သီး၊ ကတွတ်ယို၊ သီးသီး၊ သီးယို၊ မာလကာသီး၊ သစ်တော်သီးတို့ဖြစ်ပြီး…

---

အချဉ်သီးအနေဖြင့်…

---

ဇွေးသီး(အချို၊ အချဉ်)၊ သံပရာသီး၊ မန်ကျည်းမှည့်၊ မရန်းသီးဆားခြောက် စသည်တို့ကို စားသုံးနိုင်ပါသည်။

**အထူးသဖြင့် ဤဝါဆိုလတွင်…**

ဝမ်းနူးဝမ်းပျက်လွယ်သော အစာများ၊ ယင်နားစာများနှင့် နေ့ကျော် မသိုးထမင်း၊ မသိုးဟင်းများကို အထူး ရှောင်ကြဉ်ပါ။

**[ဤကာလသည် ပုအိုက်စွတ်စိုမှု များခြင်းကြောင့် အစာအိမ်နှင့်အတူ အူလမ်းကြောင်းကို ဒုက္ခပေးတတ်သော ဘက်တီးရီးယားပိုးများ ပွားများ ပေါက်ဖွားလွယ်သည့် ရာသီ ဖြစ်ပါသည်။]**

---

ဝါဆိုလ(ကရကဋ်ရာသီ) အခါသမယတွင်

မိသားစုတိုင်းအတွက် ကျန်းမာရေးအကျိုးပြု

ဆေးဖက်ဝင်ဓာတ်စာ ဟင်းစပ်အတွဲများ

[၇–ရက်(၁)ပတ်စာ ဟင်းပွဲများ]

---

**၁။ကြက်သားမဆလာ ဒိန်ချဉ်နှပ်ချက်ဟင်း**

- ★ ချဉ်ပေါင်မှန်ရောင်ဟင်းချို
- ★ ထောပတ်ထမင်း
- ★ ဇွေးသီးငါးပိဆီကြော်နှင့် တို့စရာအစုံ ဟင်းပွဲ

**၂။ဆိတ်သားနှပ်ဟင်း**

- ★ ပုစွန်၊ ကင်ပွန်းချဉ်၊ ငရုတ်စိမ်းချဉ်စပ် ဟင်းချို
- ★ သရက်ချဉ်သုပ်
- ★ ပုစွန်ခြောက်ဗာလချောင်ကြော်

**၃။ပုစွန်တုပ် မဆလာဟင်း**

- ★ ကြက်၊ ခွေးတောက်ဟင်းချို
- ★ သခွားသီးသုပ်
- ★ အညာငရုတ်သီးဆားထောင်း

**၄။ယုန်သားထောင်းကြော်**

- ★ မန်ကျည်းရွက်သုပ်
- ★ ပုစွန်ကျော့၊ ငရုတ်စိမ်းချက်ဟင်း
- ★ မြင်းခွာရွက်ဟင်းခါး

**၅။အမဲသားနှပ်ဟင်း**

- ★ ပဲကုလားသီးစုံချဉ်ရည်ဟင်း
- ★ သရက်သီးသနပ်
- ★ မြင်းခွာရွက်သုပ်

**၆။ငါးခူစဉ်းကော ရဲယိုရွက်ကြော်**

- ★ လဲလူရွက်၊ ငါးကင်ဟင်းချို
- ★ အညာကုက္ကိုရွက်နုသုပ်
- ★ ငါး၊ ငါးပိရည်ဖျော်တို့စရာစုံ

**၇။ငါးရှဉ့်၊ ဇွေးသီး ဆီပြန်ချက်**

- ★ ဒန့်သလွန်ရွက်၊ ငါးကျည်းကျပ်တိုက် ဟင်းချို
- ★ ရခိုင်ငါးပိထောင်းစပ်စပ်
- ★ ငှက်ပျောဖူးချဉ်သုပ်
- ★ တို့စရာစုံ

ယခုဖော်ပြခဲ့သော ဟင်းစပ်အတွဲ(၇–ရက် ၁–ပတ်စာ ဟင်းစပ်အတွဲ)များသည် မိသားစုတိုင်း ဝါတွင်းကာလ ဝါဆိုဦး **ကရကဋ်ရာသီချိန်ခါမှာ** စား၍လည်း နှုတ်ခံတွင်းမြိန်စေပြီး… မိသားစု ကျန်းမာရေးအတွက်လည်း အထူးအကျိုးပြုစေသည့် ရာသီစာ နက္ခတ်ဓာတ်စာစားဖွယ်ရာ ဆေးဖက်ဝင် ဟင်းလျာများ ဖြစ်ပါသည်။

***မြန်မာ့ရိုးရာ နည်းမှန်မှန် ကရကဋ်ရာသီခွင်အလိုက် ဓာတ်အကြိုက် နက္ခတ်ဓာတ်စာ စားဖွယ်ရာများ ဖြစ်ပါသည်ခင်ဗျ…***

**ဆရာ မင်းချမ်းသာ**



www.burmeseclassic.com

www.burmeseclassic.com





ဦးကျော်မြ (သား)မောင်တင်ထွန်းအောင်

# အဂ္ဂိရတ်ပညာအတွက် မေးတာ

အဂ္ဂိရတ်ပညာ

ကြိုးစားလေ့လာနေသူများထံမှ

စာတစ်စောင်

သို့...

ဆရာသောင်းမြင့်(သထုံ)

**ဆရာခင်ဗျား...**

ကျွန်တော်သည် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှ ဆရာ၏အဂ္ဂိရတ်ဆောင်းပါး များအား အထူးဂရုပြု၍ လစဉ် စောင့်စားဖတ်ရှုနေသော ဝါသနာရှင် တစ်ယောက်ဖြစ်ပါသည်။ ဆရာ ရေးသားခဲ့သော"**သွပ်ဝိဇ္ဇာထုံလမ်း**" **နှင့် "ဂျုန်ကုတ်က နဂါးရ၏"** ဆိုသော ဆောင်းပါးများအား အကြိမ်ကြိမ် လေ့လာပြီး ဝါသနာအရ လက်တွေ့ လုပ်ဆောင်ခဲ့ရာ ရာခိုင်နှုန်း အတော်များများ လုပ်ဆောင်၍ ရခဲ့သော်လည်း ခရီးပြီးဆုံးသည်အထိတော့ အောင်မြင်မှု မရရှိခဲ့ပါ။

အောင်မြင်မှု မရရှိသည့် အကြောင်းကတော့ ကျွန်တော်၏ မီးနှင့် ပတ်သက်သော အတတ်ပညာ နည်းပါးခြင်း၊ ငယ်စဉ်ကပင် နှစ်ရှည်လများ လုပ်ကိုင်ခဲ့သော်လည်း ဆရာသမားကောင်းများနှင့် တွေ့ကြုံသင်ကြားခွင့် မရရှိသည့်အတွက် လက်တွေ့ အတတ်ပညာနည်းပါးခြင်းတို့ကြောင့် အခက်အခဲများနှင့် တွေ့ကြုံခဲ့ရသည်မှာ ဆရာထံ ဤစာရေးသည့် အချိန်အထိပါပဲ ခင်ဗျား...

ဆရာ့ဆောင်းပါးကို ဖတ်ပြီးတော့ သွပ်ဝိဇ္ဇာထုံလမ်းကို ကျွန်တော် (၂)ကြိမ်လုပ်ခဲ့ရာ **သွပ်တစ်မတ်သားအား နံပါတ်(၈)လုံတွင်ထည့်ပြီး ယမ်း, ဆား, ဇဝက်, လက်ချား ချော်လေးပါးကို** ထည့်ပြီး လေဖိုတွင် မီးပေးခဲ့ပါသည်။

သွပ်ပျော်သည့်အချိန်တွင် အခေါက်ရွှေ အကောင်းစား တစ်ပဲသားကို ထည့်ပြီး သွပ်ပျော်သည့် မီးနှင့် တစ်နေကုန် မီးပေးထားပြီး နောက်တစ်နေ့မှ လုံကိုခွဲ၍ ဓာတ်ကို ချိန်ကြည့်သည့်အခါတွင် ဓာတ်ချိန် (၅)ပဲသားကို ရွှေငယ် တစ်ရွေးမျှသာ လျော့သည့်ဓာတ်ကို ရရှိပါသည်။

ဓာတ်တို့ ပေါင်းစပ်မှုမှာလည်း အကောင်းဆုံး အခြေအနေမှာ ရှိပါသည်ခင်ဗျား။ ယင်း ဓာတ်အလေးချိန်၏ သုံးဆဖြစ်သော သန့်စင်ထားသော နာသုံးဆနှင့် ဣန္ဒာစရိယလုံနံပါတ်(၄)တွင် ထည့်၍ နာကုန်သည်အထိ လှည့်သောအခါ နာများနှင့်အတူ ဓာတ်ပါ ကုန်ဆုံးသွားခြင်းနှင့် ကြုံတွေ့ခဲ့ရသော်လည်း ဒုတိယအကြိမ်မှာတော့ နာလှည့်ပြီးသောအခါ **(၃)ပြားသာရှိသော နီနီကလေး တစ်လုံး** ကျန်ရှိခဲ့ပါသည်။

ကျွန်တော် ဤကဲ့သို့ ရေးပြနေသည်မှာ နည်းမှန်သော်လည်း ကျွန်တော်၏ မီးမမှန်မှုကိုသာ ဆရာ သိစေချင်သည့်အတွက် ရေးပြရခြင်းပါ။

အထူးသဖြင့် နားလည်သည့်အခါတွင် မီး မကျွမ်းကျင်ခြင်း၊ အလွန်လျင်မြန်သော သွပ်ဓာတ်တို့၏ သဘောသဘာဝကို နားလည်မှု မရှိခြင်းတို့သည် အခက်အခဲများနှင့် ရင်ဆိုင်ရသော အဓိက အကြောင်းများနှင့်



www.burmeseclassic.com

www.burmeseclassic.com



အမှားများသာ ဖြစ်ခဲ့ရပါသည် ခင်ဗျား။

နောက်တစ်ခုကတော့ ဆရာ၏ **"ဂျူနိကုတ်က နဂါးရ၏"**လုပ်ရတ်ကို ယခု ဆရာ့ထံ စာရေးနေသည့် အချိန်မှာပင် **ပြဒါး(၁၀)ကျပ်၊ နာ(၃၀)ကျပ် နှစ်ပါးကို သံဒယ်တွင်ထည့်၍** ထမင်းချက်မီးဖိုတွင် တင်၍ ဓာတ်များ အရည်ပျော်လာသည့်အခါ သံဂေါက်နှင့် မွှေပြီး **ဆေးဒန်းနှင့် ကန့် တစ်ကျပ်သားစီ** ရောထားသည်မှ ပထမနေ့ (၁)ကျပ်သားယူပြီး ငါးမိနစ်တစ်ကြိမ် (၁)ပဲသား ဖြူးပြီး တစ်ကျပ်သား ကုန်ချိန်တွင် မီးဆက်ပေးထားခဲ့ပါသည်။

နောက်နေ့တွင်လည်း **ကန့်၊ဆေးဒန်းမှုန့် (၁)ကျပ်သား** ကုန်အောင် ဖြူးပေးပြီး မီးဆက်ပေးထားရာမှာ နာနှင့် ဓာတ် အချို့အဝက်သာ ကွဲပြီး အားလုံးသော နာများ ဖောင်စီးမလာသည့်အတွက် (၁၃)ရက်အကြာမှာ နာများအား ပြာရိုက်ထုတ်ပစ်ရာ **ပြဒါးချိန် သန့်သန့် စင်စင် (၆)ကျပ်သား** ရရှိသလို **နာပြာ**များအား ချိန်တွယ်ကြည့်ရာ (၂၉)ကျပ်သား ရရှိပါသည်။

ဤသည်မှာလည်း ကျွန်တော်၏ ပညာညံ့ဖျင်းမှုကြောင့် ဆိုသည်ကို နားလည်ခွင့် ရရှိခဲ့ပါသည်။

နောက်တစ်ချက်ကတော့ ယိုးဒယား ဆရာတော်၏ **သံနင်းပြဒါးနည်း**ကိုလည်း ကျွန်တော် ကြိုးစားကြည့်ပါသည်။ ပြဒါးဖမ်း၍ ရသော်လည်း **ပင်စင်ရိန်းသံဖျော်ရာတွင်** အခက်အခဲ ရှိသဖြင့် ယခုအထိ မအောင်မြင်သေးပါ။ ဆရာ တတ်နိုင်ပါက ညွှန်ပြပေးစေချင်ပါသည်။

ကျွန်တော်သည် အသက်(၁၀)နှစ်သားလောက်က ဖိုကြိုးကိုင်လာရသော်လည်း ဘဝကံ အကျိုးပေးကြောင့်လားတော့ မပြောတတ်ပါ။ ဆရာကောင်း သမားကောင်းများနှင့် တွေ့ကြုံ ပညာသင်ကြားခွင့် မရခဲ့ဘဲ စီးပွားဥစ္စာသာ အတော်များများ ဆုံးရှုံးခဲ့ရခြင်း အကျိုးသာ တွေ့ကြုံခဲ့ရသူပါ ဆရာ။

ယခု ကျွန်တော် အသက်(၇၆)နှစ်ရှိနေသည့် အရွယ်လွန် ဝါသနာရှင် ဖြစ်သော်လည်း ကျွန်တော့်တစ်ထပ်တည်း ဝါသနာတူ သားတစ်ယောက် ပါလာတော့ ကျွန်တော်၏ ပါရမီဆက်အား ဒီကလေးက ဆက်ခံနေသည့်အတွက် ကျွန်တော် ဖိုထိုးနေနိုင်သေးတာပါ။

ယခုတော့ ကျွန်တော်တို့သားအဖ ရမ်းမထိုးတော့ဘဲ **ဆရာကြီး ဦးမနောမယ၊ ဆရာသောင်းမြင့်(သထုံ) တို့၏** အဂ္ဂိရတ်နှင့် ပတ်သက်သည့် ဆောင်းပါးများ စုဆောင်းပြီး ကြားဆရာများ၏ ပညာပေးမှုကို တလေးတစား သင်ယူလေ့လာနေသူများပါ ဆရာ။

နောက်ဆုံးအနေနှင့် ဤမျှ နက်နဲသိမ်မွေ့သော ပညာရပ်များအား လူ့ဘဝသက်တမ်း ကုန်ခါနီး ကာလမှာသည်ပင်လျှင် အမှန် ပညာကို ကြိုးစားအားထုတ်ပါလျက် နည်းမမှန် မီးမမှန် ဖြစ်ရပ်ကြောင့် တိမ်းစောင်းမှုများအား တတ်နိုင်လျှင် ကူညီပြင်ဆင်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည် ခင်ဗျား။

*ကြိုတင် ကျေးဇူးတင်စွာဖြင့်...*

**ဦးကျော်မြ (သား)မောင်တင်ထွန်းအောင်**

အဂ္ဂိရတ် ဝါသနာရှင်၊ ပညာရှင်၊ သုတေသီများသို့...

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်သို့ (၁-၈-၂၀၀၃)ခု နေ့က ရောက်ရှိလာသော ပေးစာတစ်စောင် ဖြစ်ပါသည်။ အဂ္ဂိရတ်ပညာအတွက် အထောက်အပံ့ ဖြစ်စေလို၍ ဖော်ပြအပ်ပါသည်။

ပညာရှင် သုတေသီများမှ စာမှာပါသည့် ပြဿနာများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများအား ပညာပါရမီ အလှူငှာ ရေးသား ပေးပို့ကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**
*စာတည်းချုပ်*
*နက္ခတ္တရောင်ခြည်မဂ္ဂဇင်း*



www.burmeseclassic.com



▲ အင်းလေး ဖောင်တော်ဦးဘုရား ဒေသစာရီ ကြွချိန်

ကောင်းမြင့်မြတ်စိန်

တန်ခိုးကြီးမား

# အင်းလေးဖောင်တော်ဦးဘုရားနှင့်

ကိုယ်တွေ့ ထူးခြားဖြစ်ရပ်များ

ကျွန်တော်တို့နိုင်ငံမှာ ယခုအခါ ဘုရားဖူးခရီးသွားများ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာလျက်ရှိပါသည်။ ဘုရားဖူးခရီးစဉ်များတွင် **''အင်းလေး ဖောင်တော်ဦး ဘုရားဖူး''** ခရီးစဉ်ကို လူတိုင်းနီးနီး စိတ်ဝင်စားကြပါသည်။

"တစ်နှစ် တစ်ခါလောက်တော့ ရောက်အောင် သွားဦးမယ်"

ဟု အားခဲထားတတ်ကြပါသည်။ အင်းလေးကန်တော်က စိတ်ဝင်စားဖွယ်၊ ပျော်ရွှင်ကြည်နူးဖွယ် ကောင်းသလို ဖောင်တော်ဦးဘုရား ရုပ်ရှင်တော်မြတ်များကလည်းအလွန် ထူးခြား တန်ခိုးကြီးမားလှပါသည်။

ကျွန်တော်သည် ယခုအခါ တောင်ကြီးမြို့၊ အေးသာယာမြို့သစ်တွင် အခြေချ နေထိုင်သူ ဖြစ်ပါသည်။ အင်းလေးကန်သည် ညောင်ရွှေမြို့နှင့် ထိစပ်နေပါသည်။ အေးသာယာမြို့သစ်နှင့် ညောင်ရွှေမြို့မှာ ယခုအခါ တစ်ဆက်တည်း နီးနီးပင် ဖြစ်လာနေပါပြီ။

အေးသာယာမြို့သစ် စက်မှုဇုံဘက်မှ ညောင်ရွှေမြို့သို့သွားလျှင် (၄၅)မိနစ်ခန့် ရောက်နိုင်ပါသည်။ ထို့ကြောင့် ကျွန်တော်သည် အင်းလေးကန်အကြောင်း၊ အင်းသားတို့အကြောင်း၊ ဖောင်တော်ဦးဘုရား ရုပ်ရှင်တော်များအကြောင်း မကြာခဏ ကြားသိရကာ ရင်းနှီးနေပါတော့သည်။

နှစ်စဉ်လိုလိုလည်း အင်းလေးကန်ရှိ ဖောင်တော်ဦးဘုရားများကို သွားရောက် ဖူးမြော်ကန်တော့ပါသည်။ ဆွေမျိုးညီ့သည် မိတ်ဆွေညီ့သည်များ လာလျှင်လည်း လိုက်လံ ပို့ဆောင်ပေးခဲ့ပါသေးသည်။

www.burmeseclassic.com



အထူးသဖြင့် ကြားသိမှတ်သား ရသည်မှာ ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ၏ အံ့ဖွယ် ထူးခြားမှုများပင်ဖြစ်သည်။

အင်းလေးကန်ဒေသတွင် အခြေချနေထိုင်သော အင်းတိုင်းရင်းသား၊ ရှမ်းနှင့် ပအိုဝ်းတိုင်းရင်းသားများသည် ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များကို အထူးပင် ကြည်ညိုရှိသေ အားကိုးယုံကြည်ကြသူများဖြစ်ပါသည်။

ထိုသူများထဲမှ ကျွန်တော်၏ တပည့်များ၊ မိတ်ဆွေများ၏ ပြောပြချက်များအရ သူတို့ကိုယ်တွေ့ ထူးခြားအကျိုးများပုံများ အကြောင်းကို မကြာခဏ ကြားသိခဲ့ရပါသည်။

**အင်းလေး ဖောင်တော်ဦး ဘုရား ရုပ်ရှင်တော်မြတ်များ၏ အံ့ဖွယ်(၇)ပါးတွင်…**

'ဖောင်တော်ဦးဘုရား ရုပ်ရှင်တော်မြတ်များကို ဆက်ကပ်လှူဒါန်း ပူဇော်ပြီးသော သင်္ကန်းတော်တို့ကို ယုံကြည်လေးမြတ်စွာ ကိုးကွယ်၍ ဆောင်ထားခြင်းဖြင့် ဘေးရန်ကင်းခြင်း၊ ဥပဒ္ဒဝေအကာမှ လွတ်ကင်းခြင်း၊ လာဘ်ပေါများခြင်း အကျိုးထူးများ ရရှိစေသည်'

ဟူသော နံပါတ်(၁)အချက် အံ့ဖွယ်ကို ကိုယ်တွေ့ကြုံကာ အကျိုးခံစားခဲ့ရသူများ အကြောင်း ဝေမျှချင်ပါသည်။

**၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်**တွင် (GTI)ကျောင်းသားဟောင်း တပည့်ဟောင်း မောင်ထွေးက သူ့အိမ်မှာ ''စာရေးတံဆွမ်းကပ်လှူပွဲ'' ပြုလုပ်သဖြင့် ကျွန်တော်တို့မိသားစုကို ဖိတ်ပါသည်။

မောင်ထွေးသည် စာရေးတံမဲ (သံဃာတော်တစ်ပါးနှင့် ကိုရင်ငယ်နှစ်ပါး) မဲပေါက်ပါသည်။ ''ကြက်ဆီထမင်း''ဖြင့် ဆွမ်းကပ်ခြင်းဖြစ်သည်။

ဧည့်သည်များကိုလည်း ကြက်ဆီထမင်းဖြင့် ဧည့်ခံကျွေးမွေးပါသည်။ ကျွန်တော်ကတော့ နံနက်ရှစ်နာရီခန့်တွင် မောင်ထွေးအိမ်သို့ ရောက်သွားပါသည်။ ကျွန်တော်က ကြက်ဆီထမင်းစားရင်း…

'မောင်ထွေး မင်းက အင်းသားနော်'

'ဟုတ်ကဲ့ဆရာ… အဖေရော အမေရော အင်းသားတွေပါဆရာ'

'အေး…ဟုတ်ပြီ၊ ဒါဆို ဆရာသိချင်တာလေးတွေ မေးမယ်နော်၊ မင်းတို့ အင်းလေးကန်မှာ အင်းသားတွေအပြင် တခြားတိုင်းရင်းသားတွေလဲ ရှိတယ်မဟုတ်လား၊ အဲဒါသိချင်လို့ပါ'

'ရှိပါတယ်ဆရာ… ကျွန်တော်တို့ အင်းရင်းသားတွေကတော့ အများစုပါပဲ။ ရှမ်းနဲ့ ပအိုဝ်းတိုင်းရင်းသားတွေ၊ မြန်မာတွေလဲ ရှိပါတယ်ဆရာ'

'ပြီးတော့ ဆရာသိချင်တာ၊ ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်တွေကို ပူဇော်ထားတဲ့ ရင်ဖွေ့လှုံထားတဲ့ သင်္ကန်းတော်တွေကို ဆောင်ထားရင် တော်တော်အကျိုးထူးတယ်လို့ လူပြောများတယ်ကွ။ မင်းက ဒေသခံဆိုတော့ ပိုသိမှာပေါ့'

'ဟာ…ဟုတ်တာပေါ့ ဆရာရယ်၊ ကျွန်တော်ကိုယ်တိုင် ကိုယ်တွေ့ကြုံဖူးတာပါ ဆရာ'

'ဟေ… ဟုတ်လား၊ ဒါဆို ပိုကောင်းတာပေါ့ကွာ ပြောပါဦး'

'ကျွန်တော် **၂၀၀၅ ခုနှစ်က ကြုံခဲ့တဲ့ အဖြစ်အပျက်**ကို ပြောပြမယ်ဆရာ။ မလေးရှားနိုင်ငံမှာ ကျွန်တော် အလုပ်သွားလုပ်တုန်းကပေါ့ဆရာ။ ဆလန်းကောပြည်နယ်၊ ပူချွန်မြို့နယ်မှာ လုပ်ခဲ့တာပါ။

လကုန်ရက်မှာ ကျွန်တော်က အိမ်ကို ငွေလွှဲချင်လို့ အလုပ်ထဲက တာဝန်ခံကို ခွင့်တောင်းတာပေါ့ဆရာ။ သူက မလေးရှားလူမျိုး ဆိုင်ကယ်မောင်း ကျွမ်းကျင်တဲ့သူတစ်ဦးနဲ့ ထည့်ပေးလိုက်တယ်။

ကျွန်တော်က အဲဒီမလေးရှားလူမျိုးရဲ့နောက်က လိုက်စီးရတာပါ။ ဘဏ်ကို သွားတာဆရာ၊ အသွားတုန်းက ဘာမှမဖြစ်ဘူး။ အပြန်ကျမှ လမ်းအကွေ့တစ်ခုမှာ ဆိုင်ကယ်က ရုတ်တရက် မှောက်သွားတယ်။

ကျွန်တော်က အဲဒီ လဲတဲ့နေရာမှာ ကျန်ခဲ့တယ်။ လက်ကားယားခြေကားယားနဲ့ ကျသွားတယ်။ ဒါပေမယ့် ဘာမှတော့ မဖြစ်ဘူး။ ပွန်းတာပဲ့တာတောင် မဖြစ်ခဲ့ဘူး။

လမ်းဘေးမှာ လဲကျပြီး လက်ထဲမှာလဲ ပိုက်ဆံအိတ်လေး ကိုင်လျက်ပဲ ဆရာ။ ဆိုင်ကယ်မောင်းတဲ့ မလေးရှားကတော့ ဆိုင်ကယ်က အရှိန်မသေဘဲ တရွတ်တိုက် ပြေးသွားရင်း သူပါ ပါသွားတယ်။

ဆိုင်ကယ်က ကားတစ်စီးအောက် ဝင်ရောက်သွားပြီး တစ်စစီ





www.burmeseclassic.com

www.burmeseclassic.com





ဖောင်တော်ဦးဘုရားမှ သင်္ကန်းတော်

ကျိုးပဲ့ကြေမွသွားတယ်။

ဆိုင်ကယ်မောင်းတဲ့ မလေးရှား လူမျိုးကတော့ ကားနဲ့ သီသီလေး လွတ်သွားတယ်။ ဒါပေမယ့် ဒဏ်ရာ တွေပရမ္ပနဲ့ ဆေးတော်တော် ကုလိုက်ရတယ်'

'မင်းကတော့ တော်တော် ကံကောင်းတာပဲနော်။ ဆက်ပြောပါဦး'

'ကံကောင်းမှာပေါ့ဆရာ… ကျွန်တော့် ပိုက်ဆံအိတ်ထဲမှာ အင်းလေး ဖောင်တော် ဦးရုပ်ရှင်တော်မြတ် ဓာတ်ပုံလေးနဲ့ သင်္ကန်းစလေး အမြဲ ထည့်ဆောင်ထား တယ်လေဆရာ။ ကျွန်တော်တို့ အင်းသား တွေက တကယ်ကို ယုံကြည်အားကိုး တဲ့ အဆောင်ကောင်းပါဗျာ'

မောင်ထွေးသည် အင်းသားဖြစ် သော်လည်း အင်းလေးဒေသမှာ အခြေမချပါ။ **အေးသာယာမြို့သစ် အမှတ်(၁၀)ရပ်ကွက်တွင်** အခြေ ချနေထိုင်ပါသည်။ ကျွန်တော်နှင့် တစ်ရပ်ကွက်တည်း ဖြစ်ပါသည်။

နောက်တစ်ဦးကတော့ တောင် ကြီးမြို့ အေးသာယာ (GTI,GTC) က လုပ်ဖော်ကိုင်ဖက် **သရုပ်ပြ ဆရာကိုတင့်လွင်** ဖြစ်သည်။ သူက တော့ ကိုယ်တွေ့ကြုံပုံက တစ်မျိုး ထူးသည်။ သူက ပြောပြပုံမှာ…

'ကျွန်တော့် ငယ်ငယ်က အင်းလေးကန်ဒေသမှာ ပန်းရန် သွားလုပ်ဖူးတယ်။ ငယ်ငယ်ဆိုပေ မယ့် လူပျိုပေါက်အရွယ်ပေါ့ဆရာ။ အဲဒီတုန်းက ဖောင်တော်ဦးရုပ်ရှင် တော်မြတ်တွေကို ပထမဆုံး ဖူး,ဖူး တာပါပဲ။

ကိုယ့်ချွေးနဲ့စာ လုပ်အားခလေး နဲ့ ရွှေသင်္ကန်းကပ်ချင်တာနဲ့ ငွေစုပြီး ကပ်လှူခဲ့သေးတယ်။ အဲဒီလို ရွှေသင်္ကန်းကပ်တော့ ကျွန်တော့်ရဲ့ ဆရာက…

"ရွှေသင်္ကန်းကပ်ပြီးသား ရွှေဆိုင်းစ လေးတွေကို သိမ်းထား၊ ဆောင်ထား။ ဘေးရန် ကင်းတယ်၊ လာဘ်ကောင်း တယ်။ ဖောင်တော်ဦးဘုရား ရုပ်ရှင်တော် မြတ်တွေက သိပ်တန်ခိုးကြီးတယ်။ ယုံယုံ ကြည်ကြည်ဆောင်ထားနော်"

လို့ ကျွန်တော့်ကို ပြောတယ်ဗျ။

ဒါနဲ့ ကျွန်တော်လဲ အဲဒီ ရွှေ သင်္ကန်းကပ်ပြီးသား ရွှေဆိုင်းစက္ကူ လေးတွေကို သေသေချာချာအိတ် လေးနဲ့ ထည့်ပြီး ဆောင်ထားခဲ့တယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က စိတ်ဝင်စားလာပြီး...

'အဲဒီတော့ ဘယ်လို ထူးခြားမှု ကြုံတွေ့ခဲ့ရလဲဗျ'

လို့ မေးလိုက်မိပါတယ်။ ဒီအခါ သူက...

'ဒီလိုဗျ...တစ်နေ့မှာ ကျွန်တော် ဗိုက်အရမ်းနာတာ၊ ရစ်ရစ်ပြီး နာတယ်ဗျာ။ ဆေးတွေစားလဲ မပျောက်ဘူး၊ ဆေးမြီးတိုတွေလဲ စားတာပါပဲ။ မရဘူး။ တစ်ရက်နဲ့မပျောက်... နှစ်ရက်နဲ့မပျောက်၊ ဗိုက်က နာနေတယ်။ ဝမ်းကိုက်တာလဲ မဟုတ်ဘူး။ သုံးရက်မြောက်နေ့မှာတော့ ကျွန်တော် စိတ်ဓာတ်ကျလာတယ်။ ဘုရားရှိခိုးတယ်။

ဒီတော့မှ ကျွန်တော် သတိရသွားတာကတော့ ကျွန်တော် အမြဲသိမ်းထား၊ ဆောင်ထားတဲ့ ဖောင်တော်ဦးဘုရားက ရွှေဆိုင်းစက္ကူလေးတွေပါပဲ။ ဖောင်တော်ဦးဘုရားတွေကို ရည်စူးရှိခိုးပြီး ဆုတောင်းတယ်။

'တပည့်တော် ဝမ်းဗိုက် အရမ်းနာနေပါတယ်ဘုရား...အမြန်ပျောက်ချင်ပါတယ်ဘုရား'

လို့လဲ ဆုတောင်းမိတယ်။

ဆုတောင်းပြီးတော့ ရုတ်တရက် အကြံတစ်ခုရတာနဲ့ **ရွှေဆိုင်းစက္ကူတွေကို ဝါးစားပြီး မျိုချလိုက်တယ်။ "ခံစားနေရတဲ့ ဝေဒနာတွေ အမြန်ပျောက်ပါစေ"** လို့လဲ ဆုတောင်းမိတယ်။

သိပ်မကြာဘူးဆရာ။ ကျွန်တော် ဝမ်းသွားချင်လာတယ်။ ဒါနဲ့ အိမ်သာတက်လိုက်တာ ဝမ်းတွေ သွားပစ်တယ်။ ဗိုက်ထဲမှာ ရှင်းသွားတာပဲ။ ဗိုက်နာတာလဲ ယူပစ်သလို ပျောက်ကင်းသွားတော့တာပါပဲ ဆရာရေ'

'ဟင်... ထူးဆန်းလှချည်လားဗျ။ ကျွန်တော်လဲ မှတ်ထားရမယ်'

ကျွန်တော်သည်လည်း ဖောင်တော်ဦးဘုရား ရုပ်ရှင်တော်မြတ်များကို ရွှေသင်္ကန်း ကပ်လှူပြီးတိုင်း ရွှေဆိုင်းစက္ကူများကို သိမ်းထားဆောင်ထားခဲ့ပါသည်။

ဤဆောင်းပါးကို ပိုမိုပြည့်စုံသွားစေရန် **စာရေးဆရာမကြီး "အင်းလေး သန္တာခင်"** ၏ အတွေ့အကြုံကို ဖော်ပြပေးလိုက်ပါသည်။ ဆရာမကြီးက တောင်ကြီးမြို့တွင် ထုတ်ဝေဖြန့်ချိလျက်ရှိသော "ကမ္ဘောဇတိုင်း" သတင်းဂျာနယ်တွင် **"ဘုရားကြွတော့မယ်"** ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးပါသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၂၀)ရက်နေ့ထုတ် ဂျာနယ်တွင် ဖော်ပြထားခြင်းဖြစ်သည်။

ကိုယ်တွေ့အကြောင်းအရာ နှစ်ခု ဖော်ပြထားရာ (ဆောင်းပါးရှည်မည်စိုး၍) တစ်ခုကိုသာ ဖော်ပြပါမည်။ ဆရာမကြီး အင်းလေးသန္တာခင် ရေးထားသည့်အတိုင်း ဖော်ပြရသော်...

ကျွန်မ၏ဦးကြီး (အမေ၏တစ်ဝမ်းကွဲအစ်ကို)သည် အင်းလေးမှ ပင်လုံသို့ အရောင်းအဝယ်ကိစ္စဖြင့် ခရီးသွားလေ့ရှိသူ ဖြစ်သည်။ တစ်ကြိမ်တွင် ပင်လုံမှ တောင်ကြီးကားကိုစီးလာရာ ဘေးမှ အမျိုးသမီးတစ်ဦးက သူ့ မူးတတ်၍ နေရာချင်းလဲချင်သဖြင့် ဦးကြီးက နေရာချင်းလဲပေးလိုက်ပါသည်။

လမ်းတွင် ဓားပြအတိုက်ခံရသည်။ ကားမရပ်မီ သေနတ်ဖြင့်ပစ်သည်။ စောစောက နေရာလဲပေးလိုက်သူ အမျိုးသမီးသည် သေနတ်ဒဏ်ရာဖြင့် ပွဲချင်းပြီး သေပေါတော့သည်။

ဦးကြီးက ရင်ကိုဖိရင်း အိတ်ထောင်ထဲက သင်္ကန်းစကိုစမ်းရင်း **"ဖောင်တော်ဦးဘုရား ကယ်ပေလို့ ဖောင်တော်ဦးဘုရား ကယ်ပေလို့"** ဟု တ,မိပါတော့သည်။

ဦးကြီးသည် ခရီးသွားသည့်အခါတိုင်း ဖောင်တော်ဦးဘုရားမှ သင်္ကန်းစကို ဆောင်သွားလေ့ရှိသည်။

ဆရာမကြီး အင်းလေးသန္တာခင်သည် အင်းတိုင်းရင်းသူစစ်စစ်၊ အင်းလေးဒေသမှာပင် ကျောင်းအုပ်ဆရာမကြီးအဖြစ် လုပ်ကိုင်ခဲ့ပြီး အငြိမ်းစားယူခဲ့သူ ဖြစ်သည်။

အင်းလေး ဖောင်တော်ဦးရုပ်ရှင်တော်မြတ်များကို ယုံကြည်စွာ ကိုးကွယ်ဆည်းကပ် အားထားသူများသည် လက်ငင်း လက်တွေ့ အကျိုးထူးများ ခံစားကြရသည်မှာ အမှန်မုချပင် ဖြစ်ပါသည်။

စာဖတ်သူ ဓမ္မမိတ်ဆွေတို့အားလည်း အင်းလေးကန်ဒေသသို့ တစ်ခါ တစ်ခေါက်လောက်တော့ဖြင့် လာရောက်ပြီး ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ဖူးစေချင်လှပါသည်။

**ကောင်းမြင့်မြတ်စိန်**



www.burmeseclassic.com

www.burmeseclassic.com



ရေနံမြေ လွမ်းရ

# ရေကန်အနီးက သရဲပြိတ္တာ

[ ၁ ]

အချိန်အားဖြင့် ညဦးဆယ်နာရီခန့်...

သံရှည်ဆွဲပြီး အူနေသည့် ခွေးတစ်ကောင်၏ အူသံကလွဲ၍ ပတ်ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်၍နေသည်။

သည်အချိန်တွင် စက်မှုလယ်ယာစခန်း၏ အနောက်တောင်ဘက်မနီးမဝေးရှိ အိမ်တစ်အိမ်မှာတော့ ကြောက်ရွံ့ထိတ်လန့်ဖွယ် ကောင်းသည့် အဖြစ်အပျက်တစ်ခုနှင့် ရင်ဆိုင်နေရသည်ကိုတော့ အိမ်နီးချင်းတချို့မှလွဲ၍ လူတိုင်း သိနိုင်ကြမည် မဟုတ်ပေ။

'ငါ့ကို ဘာမှတ်လဲ... ငါနေရာလာပြီး ငါ မကြိုက်တာလုပ်တယ်။ သိမယ်... နင်တို့တော့ ငါ့အကြောင်း သိစေမယ်၊ ဒုန်း...'

အသက် ဆယ့်တစ်နှစ်ခန့်ရှိ ချစ်ဖူးငုံသည့် လက်သီးလက်မောင်းတန်းကာ အော်ဟစ်ကြုံးဝါးရင်း ခြေဆောင့်လိုက်သည်။

ဖခင်ဖြစ်သူ ကိုရဲလင်းအောင်နှင့် မိခင်ဖြစ်သူ မယ်တို့သည် သမီးလေး၏အပြုအမူကိုကြည့်ပြီး စိုးရိမ်ပူပန်မှုနှင့်အတူ ကြောက်ရွံ့ထိတ်လန့်လျက် ရှိပါ၏။

'တစ်နေ့လုံး အကောင်းသား၊ ခုမှ ကောင်ကာငင်ကာနဲ့ ဘယ်လို ဖြစ်ရတာပါလိမ့်၊ စောစောကပဲ ကျောင်းစာ ကြည့်နေသေးတာ'

ကိုရဲလင်းအောင်အဖို့ တွေးရင်း နားမလည်နိုင်အောင် ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်အောင့်လောက် ကြာတော့ ချစ်ဖူးငုံသည် ကြည်ကြည်လင်လင်နှင့် လူကောင်းတစ်ယောက်လို ပုံမှန်ဖြစ်၍လာသည်။

'အမေ…'

ချစ်ဖူးငုံက ခေါ်လိုက်တော့ မိဘနှစ်ပါးမှာ ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်သွားကြသည်။ နောက်မှ သတိပြန်ဝင်လာပြီး…

'သမီးလေး…သမီးလေး… သတိပြန်ရပြီ ဝမ်းသာလိုက်တာ သမီးလေးရယ်… ဒီတစ်ခါတော့ဖြင့် ကိုယ်ကျိုးနည်းပြီ အောက်မေ့တာ၊ ဘုရားမ,တာ၊ ဘုရားကယ်မ,တာ'

မငယ်က ချစ်ဖူးငုံကို ပွေ့ချီရင်း တတွတ်တွတ်နှင့် ပြောနေသည်။ လာရောက် ကြည့်ရှုမေးမြန်းကြသည့် အိမ်နီးချင်းတွေလည်း ယခုမှပင် ရယ်နိုင်ပြုံးနိုင်ကြတော့သည်။

'လူတွေက များလှချည့်လား၊ သမီးဘာဖြစ်တာလဲ အမေ'

ချစ်ဖူးငုံက ဝိုင်းအုံကာ ကြည့်နေကြသူတွေကို မျက်စိကစားရင်း မေးလိုက်သည်။

'အမယ်လေး… ပြောရမှာတောင် ကြောက်ပါရဲ့ သမီးလေးရယ်။ ဟော… ပြောရင်းဆိုရင်းတောင် ကြက်သီးတွေ ထလာပြီ'

မငယ်ကပြောရင်း တစ်ကိုယ်လုံး တုန်ခါသွားသည်။ သူမအဖို့ ခုချိန်ထိ အကြောက်က မပြေချင်သေး။ နောက်တော့ မငယ်က ချစ်ဖူးငုံ တစ်ယောက် လက်သီးလက်မောင်းတန်းကာ အော်ဟစ်ကြိမ်းမောင်းခဲ့ကြောင်း ဖြစ်ကြောင်းကုန်စင် ပြောပြသည်။



'ဟုတ်လား… သမီး ဘာမှ မသိဘူးအမေ၊ ကြောက်လိုက်တာ'

'မကြောက်ပါနဲ့သမီးရယ်… ဘုရားဂုဏ်တော်တွေကိုသာ နာနာရွတ်၊ နှစ်ဆယ့်လေးပစ္စည်းတို့ သမ္ဗုဒ္ဓေတို့ အမေ သင်ပေးထားတာပဲ။ ဘာမှ ကြောက်စရာ မရှိပါဘူး'

'ဟုတ်ကဲ့…အမေ'

စောစောပိုင်းက ကြောက်မက်ဖွယ်ရာ အဖြစ်အပျက်တို့နှင့် ရင်ဆိုကြဲကြိုက်နေရသော အိမ်ဂေဟာလေးသည် ယခုတော့ သူမဟုတ်သလို တည်ငြိမ်အေးချမ်းလျက်ရှိပါလေသည်။

[ ၂ ]

သောကတွေက အမှျင်မပြတ်ချင်။ ခေတ္တခဏသာ ချုပ်ငြိမ်းပြီး ပင့်ကူအိမ်လို ရစ်ပတ်နှောင်ဖွဲ့နေခဲ့သည်။

ကြည့်…နောက်တစ်ည ဆယ်နာရီခန့်မှာလည်း ချစ်ဖူးငုံ တစ်ယောက် လက်သီးလက်မောင်းတန်းကာ…

'ငါ့ကို ဘာမှတ်လဲ၊ ဟွန်း…ငါ အမဲသားစားချင်တယ်။ မကျွေးလို့ကတော့ တစ်အိမ်လုံး သတ်ပစ်မယ်'

ဟု ကြိမ်းမောင်းနေလေသည်။ မငယ်တို့လည်း ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ထူပူနေချေပြီ။ သည်အချိန်တွင် လာရောက်ကြည့်ရှုသူတို့မှာ နီရဲပြီး ပြူးကျယ်နေသည့် ချစ်ဖူးငုံ၏ မျက်လုံးကို ကြည့်ပြီး ကြောက်ရွံ့နေကြပါ၏။ တချို့ဆို ကြောက်လန့်ပြီး အလျှိုလျှိုနှင့် ထွက်သွားကြလေသည်။

'အမဲသားကျွေးဆိုလဲ ကျွေးပါ့မယ်။ ဘယ်သူဘယ်ဝါဖြစ်တယ်၊ ဘယ်မှာနေတယ်ဆိုတာသာ ပြောပါ'

မငယ်က ပြောလိုက်တော့ သရဲက…

'ဘာတွေပြောနေတာလဲ… ငါဟာ သရဲဆိုတာ မသိဘူးလား။ အမဲသား မကျွေးရင် တစ်အိမ်လုံး သတ်ပစ်မယ် ဘာမှတ်လဲ၊ ငါပြန်တော့မယ်'

ဟု မြန်မာဗီဒီယို ဇာတ်ကားတွေထဲက ဒုစရိုက်ခေါင်းဆောင် လေသံမျိုးဖြင့် ကြိမ်းမောင်းပြီး ချစ်ဖူးငုံခန္ဓာမှ ထွက်ခွာသွားသည်။

ဤသို့ဖြင့်…

တတိယညတွင် တစ်ကြိမ်၊

စတုတ္ထညတွင် တစ်ကြိမ်၊

လေးကြိမ်လေးခါ တိုင်အောင်ပင် သရဲပြိတ္တာသည် ည၉ဆယ်နာရီခန့် ရောက်လေတိုင်း ချစ်ဖူးငုံ၏ ခန္ဓာမှာ ဝင်ရောက်ပူးကပ်ပြီး ထုံးစံအတိုင်း အော်ဟစ်ကြိမ်းမောင်းနေလေသည်။

'ယောက်ျားရယ်… ဘယ်လိုလုပ်ကြမလဲ… ဒီအတိုင်းသာဆိုရင်တော့ နှစ်သထက်နှစ်ရတော့မယ်။ သမီးလေးသာ တစ်ခုခု ဖြစ်သွားရင် ကျွန်မတော့



www.burmeseclassic.com

www.burmeseclassic.com

ရှုမလား သေမလားပဲ၊ ကြံစည်ပါဦးရှင်'

ဖနီးဖြစ်သူ မငယ်က ပြောလိုက်တော့ ကိုရဲလင်းအောင်လည်း ခေါင်းကို တဗြီးဗြီးကုတ်ကာ စဉ်းစားနေရတော့သည်။

'မိန်းမရေ...အကြံရပြီဟေ့'

'ဟုတ်လား၊ ဘယ်လို အကြံများလဲရှင်၊ ပြောပြပါဦး'

'ဟို... နဘက်ရွာက ဦးဝင်းဆိုတာကို သိတယ် မဟုတ်လား'

'သိပြီလားရှင်... အကြားအမြင်ဆရာဆိုလား၊ ဘာဆိုလား၊ ကျွန်မတို့ အရင်ကနေခဲ့တဲ့ အိမ်ရဲ့ အနောက်ဘက်က ဒေါ်ဝင်းစိန်ရဲ့ သား သန်းနိုင်ဦးရဲ့ယောက္ခမ ဆိုတာလေ'

'အဲဒါ ပြောတာပေါ့။ သမီးလေးအတွက် အဲဒီဆရာကြီး ဦးဝင်းကို မေးကြည့်ရရင် ကောင်းမလားပဲ'

'ဟုတ်တာပေါ့ ယောက်ျားရယ်၊ ကျွန်မ အဲဒါကို မေ့နေတာ၊ သွားမယ်ရှင် သွားမယ်။ ကျွန်မတို့ သွားပြီး ဆရာကြီးကို မေးကြရအောင်နော်'

နောက်တစ်နေ့ နံနက်ပိုင်းတွင် ကိုရဲလင်းအောင်တို့ ဇနီးမောင်နှံသည် ချစ်ဖူးငုံကို ခေါ်ပြီး ဆရာကြီး ဦးဝင်းရှိရာ နဘက်ရွာသို့ ဆိုင်ကယ်နှင့် သွားခဲ့ကြသည်။

နဘက်ရွာဆိုတာက စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ် အတွင်းမှာရှိသည်။ **မြင်းမူမြို့နှင့် ဆိုပါက ဆယ်မိုင်၊ ဆယ့်တစ်မိုင်ခန့် ခရီးကွာဝေးပြီး ဘုရင်ကျိ ဘာသာဝင်တွေ အများဆုံး နေထိုင်သည့်ရွာကြီး** ဖြစ်သည်။



တကယ်တော့ ဦးဝင်းသည် ဂန္ဓာရီပုဂ္ဂိုလ်လား မပြောတတ်။ တစ်ခါတလေ အိမ်သူအိမ်သားတွေ မသိရဘဲ ခရီးရှည်ထွက်သွားတတ်သည်။ ဘယ်ကိုသွား၍ ဘယ်ကို လာမှန်းတော့ မသိရ။ လအနည်းငယ်ကြာမှသာ ဖြန်းစားကြီး ပြန်ရောက်လာသည်ချည်းဖြစ်သည်။

**အချို့ကတော့ ပြောကြသည်။ အဝတ်ဆင်နွမ်းနွမ်းနှင့် ဖျင်လွယ်အိတ်ကြီးလွယ်ကာ ရွာစဉ်လှည့်နေသည့် လူကြီးတစ်ယောက်သည် ဘုရားပြီ ဘုရားပျက်တွေ့ပါက ပြုပြင်နေတာကို တွေ့ရသည်တဲ့လေ။ အဲသည် ပုဂ္ဂိုလ်မှာ ဆရာကြီးဦးဝင်းလား ဆိုတာတော့ မည်သူမှ အတတ်မပြောနိုင်ပါလေ။**

ကိုရဲလင်းအောင်တို့ ဆရာကြီး ဦးဝင်း၏အိမ်ကို ရောက်သွားတော့ ဆရာကြီးသည် ဓာတ်ခန်းထဲတွင် တင်ပျဉ်ခွေလျက်ထိုင်ကာ ပုတီးစိပ်နေတာကို တွေ့ရသည်။ ဒါကြောင့် သားအဖသုံးယောက် ဆရာကြီးနောက်မှာ ကျုံ့ကျုံ့လေးထိုင်ကာ ဆရာကြီး ပုတီးစိပ်အပြီးကို စောင့်နေကြသည်။

မကြာမီ ပုတီးစိပ်ပြီး၍ ဆရာကြီးသည် ထိုင်ရာမှ ထလိုက်သည်။ ထိုအခါ မငယ်တို့ကို မြင်သွားပြီး...

'ဘာကိစ္စများလဲကွယ့်'

ဟု မေးလိုက်သည်။

'ကျွန်တော်တို့က မြင်းမူမြို့ကပါ ဆရာကြီး။ ဟောဒီသမီးလေးဟာ ညဆယ့်နာရီခန့်ရောက်တိုင်း မူးတယ်... မူးတယ်၊ ကျောတွေ အောင့်တယ်လို့ ပြောပါတယ်။ ပြီးတော့ လက်သီးလက်မောင်းတန်းပြီး ငိုနေရာလာပြီး ငါမကြိုက်တာလုပ်တယ်၊ နင်တို့တော့ ငါ့အကြောင်းသိစေမယ်လို့ အော်ဟစ်ကြိမ်းမောင်းပြီး နေတာပါပဲ ဆရာ'

'ဘယ်နှရက်လောက် ရှိပြီလဲ'

'လေးရက်ရှိပါပြီဆရာ၊ ညတိုင်းလိုလိုပဲ ဆယ်နာရီခန့်ရောက်တာနဲ့ သောင်းကျန်းတော့တာပါပဲ ခင်ဗျာ၊ အဲဒါကြောင့် သိုက်တို့ ဘာတို့နဲ့များ ပတ်သက်နေမလားလို့ အကျိုးအကြောင်း သိရအောင် လာခဲ့တာပါ ဆရာ'

ကိုရဲလင်းအောင်က အကျိုးအကြောင်း ပြောပြတော့ ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



သည့် ဓာတ်ခန်းဘက်သို့ မျက်နှာမူကာ တင်ပျဉ်ခွေ၍ထိုင်ပြီး မျက်စိမှိတ်လျက် အာရုံပြုသည်။ ငါးမိနစ်ခန့်ကြာတော့…

'သိုက်နဲ့မဆိုင်ဘူးကွယ့်၊ ကန်ပေါင်ရိုးမှာ မှောက်ရက်လဲလို့ သရဲက တက်နင်းလိုက်တာ'

ဟု အာရုံထဲ မြင်သည့်အတိုင်း ပြောလိုက်သည်။

'ဗျာ…'

'ရှင်…'

ဇနီးမောင်နှံ နှစ်ယောက်လုံး လန့်ဖျပ်ကာ အာမေဍိတ်ပြုမိကြသည်။

'ကလေးက ဘယ်ရေကန်ကို သွားမိလဲ'

သည်တော့ ကိုရဲလင်းအောင်က…

'ကျွန်တော် လွန်ခဲ့တဲ့လေးရက်က ရှေပန်းထိမ်လုပ်ငန်းမှာ အနားရတာမို့ စက်မှုလယ်ယာစခန်းရဲ့ အနောက်မြောက်ဘက် မနီးမဝေးမှာရှိတဲ့ ရေကန်ကို အပျင်းပြေ ငါးသွားမျှားတယ်ဆရာ၊ အဲဒီတုန်းက သမီးလေးကလဲ လိုက်ချင်တယ်ဆိုလို့ ခေါ်သွားမိပါတယ်'

'အဲဒီတော့ ကလေး ဘာဖြစ်သေးလဲ၊ လဲတာတို့ ခလုတ်တိုက်တာတို့ ရှိလား'

'ရှိတယ် ဆရာ၊ အဲဒီနေ့က မိုးကလဲ ရွာထားတော့ ကန်ပေါင်ရိုးဟာ ချော်နေတယ်။ ဒါကြောင့် သမီးလေးဟာ ခြေချော်ပြီး မှောက်ရက် လဲကျတယ်ဆရာ'

'ဟုတ်ပြီ… အဲသလို လဲကျတုန်း သရဲက ခါးကို တက်နင်းလိုက်တာပဲ။ ဒါကြောင့် ခါးတွေအောင့်တယ် ပြောတာပေါ့။ တကယ်တော့ သရဲဟာ ရေကန်အနီးမှာရှိတဲ့ သရဲပဲ။ သူနေတဲ့ နေရာကိုလာပြီး ငါးမျှားတာ မကြိုက်လို့ လုပ်တာ၊ အမှန်က သူ မကျေနပ်တာက မောင်ရင့်ကိုပဲ။ ဒါပေမယ့် မောင်ရင်က ကံမြင့်နေလို့ လိပ်ပြာငယ်တဲ့ ကလေးကို လုပ်လိုက်တာပဲ'

'ဒါ…ဒါဆို ဘယ်လိုလုပ်ရမလဲ ဆရာ၊ ကယ်ပါဦးဆရာရယ်… ဆရာကယ်မှ သမီးလေး အသက်ချမ်းသာရာ ရမှာပါ'

မငယ်ကပြောရင်း တရှုံ့ရှုံ့နှင့် ငိုနေသည်။

'ဒါလောက်ကြီး မစိုးရိမ်ကြပါနဲ့။ ရဟန်းသံဃာတွေပင့်ပြီး အိမ်ဝင်းခြံထဲမှာ ပရိတ်ရွတ်လိုက်ပါ။ အဲဒီသရဲပြိတ္တာ ဘယ်တော့မှ မနှောင့်ယှက်နိုင်တော့ပါဘူး။

ဆရာလဲ တတ်စွမ်းသမျှ မန်းမှုတ်ပေးပြီး အထက်ပုဂ္ဂိုလ်တွေကို ကူညီစောင့်ရှောက်ကြဖို့ အာရုံပြုကာ မေတ္တာရပ်ခံလိုက်ပါမယ်'

'ဟုတ်…ဟုတ်ကဲ့ဆရာ၊ ဆရာညွှန်ကြားတဲ့အတိုင်း ကျွန်မတို့ တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ပါ့မယ် ဆရာ'

အဲသည်နောက် သားဖသုံးယောက် ဆရာကြီးကို ကန်တော့ပြီး ပြန်ခဲ့ကြလေသည်။

## [ ၃ ]

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ(၁၈)ရက် စနေနေ့၊ ညနေ(၅)နာရီ…

ကိုရဲလင်းအောင်တို့ ဇနီးမောင်နှံသည် ပရိတ်ရွတ်ရန်အတွက် ပြင်ဆင်နေကြသည်။

သူတို့သည် ရဟန်းသံဃာများ ထိုင်တော်မူရန် အိမ်ဝင်းခြံအလယ်တွင် ဝါးကွပ်ပျစ်ခင်းထားသည်။ ထိုကွပ်ပျစ်ပေါ်မှာတော့ ကန်တော့ပွဲနှင့် ဆက်ကပ်ရန် အချိုရည်ဘူးများကို

(စာမျက်နှာ (၂၃၂) သို့)



www.burmeseclassic.com



မောင်ဘုန်းမြင့်
(သငါရွာ)

မြန်ပြည်မြောက်ဖျား နာဂတိုင်းရင်းသားများ၏ တောင်တန်းပေါ်မှ
ထူးဆန်းအံ့ဩဖွယ် နဂါးဖွဲ့၍

# နဂါးမှက်ထားခဲ့သော အင်း

**၁၃၆၅ ခုနှစ်၊ ခရစ်နှစ်အားဖြင့် ၂၀၀၄ ခုနှစ်က ဖြစ်သည်။**

ကျွန်ုပ် ရောက်ရှိသွားခဲ့သော ဤအရပ်ဒေသကား တစ်ချိန်က နေထိုင်ဖို့ဝေးစွ…သွားဖို့ပင် စဉ်းစားမရ(မဝံ့ရဲ)သော ဌာနဒေသ။

ဤအရပ်မှာပင် မြေတွင်း သယံဇာတ ရွှေဝါရွှေဖြူ ကျောက်စိမ်း ပယင်း (မိုးကုတ်မြို့ ဝါးဖြူတောင်၊ ကျပ်ပြင် စသော နေရာဒေသများတွင် ထွက်ရှိသော) ဖြူနီးကျောက် နီ,ဖြူ,ပြာ,ဝါ အရောင်မျိုးစုံ ရှိသော အဖိုးတန်ရတနာများ ထွက်ရှိပြီး…

ပြောင်စာတစ်ဖုတ် အမြစ်ပါ နုတ်ပြီး(ကျင်ယူ)လျှင် ရွှေတစ်ဆုပ်ရသည်ဟု နာမည်သတင်းကြီးခဲ့သည့် **အမိမြန်မာပြည် မြောက်ပိုင်းစွန်း** ဟူးကောင်းချိုင့်ဝှမ်းမှ မြစ်ဖျားခံစီးဆင်းခဲ့သော သလွှာ (သို့မဟုတ်) ချင်းတွင်း(ခေါ်)တနိုင်းခ၊ တနိုင်းမြို့ ဤမြို့ကိုပင် အခြေခံထား၍ ခေါ်တွင်ခဲ့သည် မသိ။

ခန္တီးမြို့မှအထက် ဆည်ကြီးများ ကျော်လွန်ပြီးသည်နှင့် **စဉ်းကားချောင်း၊ တကုန်းချောင်း၊ တံခွန်ချောင်း၊ တိုက်တီးချောင်း၊ ဒိုက်ဖား၊ တံခါး၊ တလုပ်၊ တဝမ်း၊ ရှင်ဗွေရန်၊ နံ့ဖြူ၊ နံ့ကွမ်း** စသော ချောင်းများသည် ဤ တနိုင်းခ(တမိုင်ခ)ခေါ်သော မြို့ဘေးမှ ပတ်ခွေစီးဆင်းခဲ့သော သည်မြစ်အတွင်း ပေါင်းဆုံစီးဆင်းခဲ့သည်။ ဤချောင်းကိုပင် **"တနိုင်းချောင်း"**ဟု လူသိများခဲ့သည်။

ဤဒေသသို့ ပရိယေသန ဝမ်းရေးအရ မိမိနေရပ် ဖောင်းပြင်မြို့နယ်၊ သငါကျေးရွာမှ ရေယာဉ်ခရီးဖြင့် မုံရွာမြို့မှသည် မန္တလေး ခရီးစဉ်ကို ရေလမ်းခရီး၊ ကုန်းလမ်းခရီးဖြင့် သွားရောက်ခဲ့ပြီး…

မန္တလေးမှ မြစ်ကြီးနားမြို့သို့ ရထားဖြင့်လည်းကောင်း၊ မြစ်ကြီးနားမှ တနိုင်းသို့ မော်တော်ကားဖြင့်လည်းကောင်း ဝမ်းစာရေး ခရီးစဉ်ကို အပြီးနှင် သွားရောက်ခဲ့စဉ် တနိုင်းမြို့ အရှေ့တိုင်း တည်းခိုခန်းတွင် တစ်ညတာ နားခဲ့သည်။

နောက်နေ့ရက်များတွင် မရောက်သေးသော ခရီးအတွက် တနိုင်းမြို့မှ အစုန်အဆန် လှေစီးကာ(တနိုင်းချောင်း) ချင်းတွင်းမြစ်ခရီးတွင် ရှင်ဗွေရန်ချောင်း အောက်ဘက်တွင် တစ်နေ့တာခရီးအတွက် တစ်ညတာ နားနေအိပ်စက်အပြီး ခရီးဆက်

www.burmeseclassic.com



ခဲ့သည်။

ကေအိုင်အို(**KIO**)တပ်စခန်း ရှိသော ဒလူးဂိတ်(တလူး)စခန်းတွင် ခရီးသွားများ ထွက်ဝင်မှတ်ပုံတင်များ စစ်ဆေးယူခဲ့ပြီး (ဝမ်းပလာစခန်း)တပ်ခွဲမှူးရုံးစိုက် ဆောက်ထားရာ (**KIO**)ဂိတ် ပန်ကာချောင်းဝတွင် နားနေအိပ်စက်ခဲ့ရသည်။

ထို့နောက် သွားရမည့်အရပ်ရောက်နှင့်ပြီးဖြစ်သော မောင်ဌေးလင်းနှင့် ရွှေကျင်လုပ်သားများရှိသော တိုက်တီးရွာကို စုံစမ်းရရှိသဖြင့်ရောက်လိုသော အရပ်ဒေသ တိုက်တီး (ခေါ်) စည်သာရွာသို့ နောက်နေ့တွင်ပင် ရောက်ရှိသွားခဲ့သည်။

ရောက်နှင့်ပြီးဖြစ်သော မောင်ဌေးလင်း၊ မောင်ကျော်ဝင်း၊ မောင်ထွန်းထွန်းဦး(စက်တော)၊ မောင်မောင်းဖွေ၊ မောင်အိုက်မောင်း (ရှမ်းတိုင်းရင်းသား၊ မောင်းခမ်းရွာသား)နှင့် မတွေ့ရသေးသဖြင့် တိုက်တီးကျေးရွာဥက္ကဋ္ဌ ဦးလန်းကဲ၏ အကူအညီယူကာ တိုက်တီးရွာအောက်ဘက် ကျောက်ဆည်လေး ချောင်းဖျားသို့ လူ လေး,ငါးယောက်နိုင်သော ဟွန်ဒါ စက်တပ်ရေယာဉ် စီးကာ အဆန်ခရီးကို ညနေ(၄)နာရီခန့်တွင် အပြီးသတ် ရောက်ရှိသွားခဲ့သည်။

ကျွန်ုပ် ရောက်လိုလှ၍ ရောက်ရှိသွားခဲ့သော ဤဒေသအရပ်ကား မြေတွင်းမြေပေါ် သယံဇာတများ ပေါများကြွယ်ဝသော ထွက်ရှိသော အနောက်ရိုးမ နာဂတောင်တန်းကြီးများ ကာရံဆီးတား၍ အိန္ဒိယနိုင်ငံ၊ ပန်ဂျပ်ပြည်နယ်နှင့် နယ်မြေနိမိတ်ခြား၍ထားသော နန်ယွန်,ပန်ဆောင်နှင့် လေးရှီး,လဟယ် အပိုင်နယ်အဝ၊ ခန္တီးခရိုင် အပိုင်ဒေသ၊ အိန္ဒိယနိုင်ငံနှင့် အမိမြန်မာနိုင်ငံ အပိုင်းအခြား၊ အနောက်ရိုးမ နာဂတောင်တန်းပေါ်မှ စီးဆင်းခဲ့သော ရေခွဲချောင်း…

ဤချောင်း၏အစ ကျွန်ုပ်တို့နေသော ရွှေကျင်စခန်း အထက် (မယော)မတ်ယော တစ်ချိန်က ဘိုးဘွား နာဂတိုင်းရင်းသား အဘိုး, အဘွားများ နေထိုင်ရာ တိုက်တီးရွာဟောင်း ရေပူချောင်း,ရေအေးချောင်း ပေါင်းဆုံရာ…

နာဂ တောင်ကြောကြီးပေါ်တွင် ကိုင်းကွင်း အင်းအိုင်များဖြင့် တောဆင်ရိုင်းကြီးများမှအစ ကျား,ဝံ,ချေ,ဆတ် တောနေသတ္တဝါများ ပျော်မြူးရာဖြစ်သည်။

ဤနေရာမှ နံနက်စောစောထသွားလျှင် တစ်ညအိပ်ခရီး နာဂဒေသတောင်တန်းရိုးမကြီးကို ဖြတ်ကျော်ပြီးသည်နှင့် အိန္ဒိယနိုင်ငံဘက်ခြမ်းရှိ ချင်း,နာဂ စသည် တိုင်းရင်းသားများ နေထိုင်ရာရွာသို့ သွားရောက်နိုင်သည်။

နောက်နေ့ (၄)နာရီမှ (၆)နာရီအတွင်း ညနေခင်းတွင် ရောက်နိုင်သည်ဟု တောလိုက်မုဆိုး လီဆူတိုင်းရင်းသားနှင့် နာဂတိုင်းရင်းသား



www.burmeseclassic.com

www.burmeseclassic.com





များမှ ပြောကြသည်။

ရှေးဘိုးဘွားတိုင်းရင်းသား အဘိုး၊ အဘွားများမှ ယနေ့ထိအောင် စားရိက္ခာနှင့် အဝတ်အထည်များကို သွားရောက်ပြီး အသားခြောက်များ၊ ဆင်စွယ်၊ဆင်ရိုး၊ ကျားရိုး၊ ကျားအရေများဖြင့်လည်းကောင်း… တွင်းထွက် သယံဇာတ အဖိုးတန်ကျောက်မျက် ရတနာများဖြင့်လည်းကောင်း လဲလှယ်သုံးစွဲနေထိုင်ခဲ့ကြသည်။

နိုင်ငံတော်၏ အုပ်ချုပ်ရေး မန္တရားအရ ဤ"မယော"ဟူသော ရွာမှစ၍ အုပ်ချုပ်မှုအောက်သို့ ရောက်အောင် ပြောင်းရွှေ့ခဲ့ရသော(မယောမှသည် တိုက်တီးခေါ် စည်သာဆီသို့ လေးခါပြောင်း၍ လေးရွာမြောက်နေထိုင်လာကြသည်မှာ စည်သာရွာဟု မတွင်ဘဲ "တိုက်တီးရွာ"ဟု အမည်တွင်နေခဲ့ပေသည်။

တိုက်တီးအမည် အစဦးရွာ (မယောရွာ) တည်ခဲ့ကြသော နာဂအဘိုး၊အဘွားများကား မရှိတော့။

ယနေ့အထိ ရှိနေသည်က ကိုးကွယ်မှု၊ ယုံကြည်မှု၊ ခေတ်စနစ်ပြောင်း၍ မပြောင်းသော မဟောင်းသော နဂါးမျိုးမှ ဆင်းသက်လာသည် ဟူသော ယုံကြည်မှု။

**"ပြောင်စာတစ်ဖုတ် ရွှေတစ်ဆုပ်"**ဟု သတင်းကြီးခဲ့သော ဤဒေသတွင် အထင်တကြီး မဝံ့တဝံ့ အရဲစွန့်ကာ ရောက်ရှိနေခဲ့သော ကျွန်ုပ်အဖွဲ့နှင့် ဟုမ္မလင်းမြို့နယ်၊ ဇီးကုန်းကျေးရွာမှ ကိုမြင့်အောင်နှင့် မျောလုပ်သား (၇) ယောက်အဖွဲ့ ဒီနှစ်ဖွဲ့တည်းသာ။

ဈေးမရှိ။ စည်းကားခြင်း အလျှင်းမဲ့။ စားရိက္ခာ လိုလျှင် တိုက်တီးရွာတွင်သာ လာရောက်ပြီး မျောသုံးပစ္စည်း၊ စားရိက္ခမှအစ အဝတ်အထည်များ ရောင်းချနေသော ကိုမောင်တူး ဈေးဆိုင်တွင် သွားရောက်ဝယ်ယူကြရသဖြင့် အနည်းဆုံး တစ်လစာ ဝယ်ယူထားကြရသည်။

ရွှေပေါသည်ဟု အပြောများခဲ့သော ဤဒေသတွင် လက်တွေ့ပေါများသည်ကို ပြောရပါလျှင် ကြံ့၊ပြောင်၊ဆင်၊ကျား၊စိုင်၊ဆတ်၊ ချေ၊ဒရယ်တို့ လွန်စွာ ပေါများလှ၏။

တစ်နေ့တစ်နေ့ဖြင့် ရွှေရှာနေကြသော ကျွန်ုပ်တို့ နှစ်ဖွဲ့ကား နေ့ရက်များစွာ ကုန်လွန်သည်နှင့်အမျှ စားရိက္ခာများလည်း နည်းပါးလာခဲ့သည်။

မျှော်လင့် မှတ်ထင်မထားဘဲ တိုက်တီးကျေးရွာဥက္ကဋ္ဌ ဦးလန်းကဲနှင့် အဖော်တစ်ယောက် ကျွန်ုပ်တို့ ရွှေကျင်စခန်းသို့ ရောက်လာပြီး နာဂရိုးရာပွဲတော် ကျင်းပရန် အလှူခံ လာရောက်ခဲ့ကြသည်။

ရင်းနှီးကျွမ်းဝင်ပြီး ဖြစ်သဖြင့် ဥက္ကဋ္ဌထံမှ ပါလာခဲ့သော တူမီးသေနတ်ကို ကျွန်ုပ်မှ ငှားသဖြင့် ခဲယမ်းအပြည့်အစုံ ငှားရမ်းပေးခဲ့သည်။

ဤအရပ်၊ ထိုအရပ်ဟု တိကျသော ဌာနဒေသကို မညွှန်းဆိုနိုင်ဘဲ **နဂါးဖွဲ့၍ နဂါးဝှက်ထားသော အင်းရှိကြောင်း၊ နဂါးစောင့်ကြောင်း၊ အလျား၊အနံ မခန့်မှန်းနိုင် တစ်မိုင်ခန့် ရေပြင်ကျယ်ကြီးရှိပြီး အတိမ်အနက် မသိနိုင်ဘဲ ဤအင်းအနီးတွင် ရှေးအဘိုးတို့ ပြောပြချက်အရ နဂါးမင်းဟု လူပြောများသော လူနီကြီးရှိကြောင်း…**

ထိုလူနီကြီး၏ နဖူးတည့်တည့်တွင် အရောင်တောက်သော စူးရှသော မျက်စိကဲ့သို့ ပါရှိကြောင်း၊ ဤသတ္တဝါကြီးအား တွေ့ခဲ့ဖူးသော တောလိုက်မုဆိုးများ လမ်းမှားရောက်ရှိသွားတတ်ကြောင်း…

အိမ်ပြန်ရောက်၍ မိတ်ဆွေမိသားစုများအား ပြောပြပြီး သေလွန်သွားကြကြောင်း၊ ဤသို့ ဖြစ်ပြီးတိုင်း အင်းရေ ခန်းသွားကြောင်း…



www.burmeseclassic.com



ဤအင်းရေ ခန်းနေစဉ် တောင်မြောက် စီတန်းစိုက်ထားသော **ပျဉ်းတိုင်(၈)ပေခန့်များ ထိပ်တွင် အကြီးဆုံး ဆင်ဦးခေါင်းရိုးမှအစ ချေ,ဒရယ် စသော သားကောင် တစ်ကောင်၏ အရိုးကို တိုင်ထိပ်တွင် တင်ထားတာ မြင်တွေ့ရကြောင်း။** တိုင်များ၏ အမြင့်မှာ (၇)တောင်မှ (၉)တောင်ခန့် ရှိကြောင်း...

တွေ့ရှိရသော မုဆိုး သေလွန်ပြီးသော်လည်းကောင်း (သို့မဟုတ်) သားကောင် တစ်ကောင်,ကောင်ကို နဂါးဖမ်း၍စားပြီးတိုင်း အင်းရေခန်းနေစဉ် မုဆိုးများ မျက်စိလည်လမ်းမှား၍ ရောက်သွားတတ်ကြောင်း...

တောင်မြောက် တန်းစီစိုက်ထားသော တိုင်အခြေနားကပ်ပြီး ခြေချင်းဝတ်မျှရှိသော ရေဖြင့် တောင်မြောက် ကူးဖြတ်သွားလာနိုင်ပြီး အခြားနေရာမှ ကူးဖြတ်၍ မရကြောင်း...

နှစ်(၂၀၀၀)ပြည့် ပွဲတော် ကျင်းပရန် သားကောင် သွား၍ပစ်သော (သခို)နာဂအဘိုး အသက်(၈၀)နှစ်သခိုအမည်ရှိ အဘိုးသည် ယခုတိုက်တီးရွာ မြောက်ဘက် စည်သာချောင်းဘေး တောင်ယာတွင် ရှိနေသေးကြောင်းနှင့် အင်းရေခန်းနေစဉ် ရောက်ရှိသွားဖူးကြောင်း...

သားကောင်ဦးခေါင်းရိုး တင်ထားသော ဆည်တိုင်ဘေးမှနေ၍ ရွာပြန်လမ်းအား နဖူးထိပ်တွင် အရောင်တောက်သော လူနီကြီးမှ လမ်းပြပို့ပေးခဲ့ကြောင်း သိရသည်။ အဘိုးသခိုသည် နဂါးမျိုးဖြစ်သည်။

မျက်စိလည်၍ နှစ်ကြိမ်မျှ ရောက်ခဲ့ဖူးသည်။ အခြားပုဂ္ဂိုလ်များ သေကြသော်လည်း အဘိုးသခိုကား မသေ။

ကျွန်ုပ်တို့ သွားရောက်တွေ့ခဲ့စဉ် အဘိုးသခိုအား ခရီးစဉ်ကို မေးမြန်းကြည့်ရာ **''သွား၍ မတတ်ပါ။ မျက်စိမမြင်တော့။ မလာနိုင်း''** ဤစကားစုဖြင့် အဖြေစကား ပြောပြခဲ့သည်။

ဤနေရာသို့ မလာနိုင်။ သွားခဲ့ ပြန်ခဲ့သော လမ်းမမှတ်မိ၊ မသွားတတ်တော့ပါ ဟူ၍ ပြောပြခဲ့သည်။

ယနေ့အထိ ရှိနေခဲ့သော ဤနဂါးဖွဲ့၍ ဝှက်ထားသော အင်းကားလူဖြစ်စေ၊ သားကောင်ဖြစ်စေ သေပြီး(နဂါးစားပြီး)တိုင်း မိုးများသော ဒေသ ဖြစ်သော်လည်း အင်းရေသည် ခန်းစမြဲ။

ဒေသန္တရဗဟုသုတ အတွေ့အကြုံရှိသော လီဆူမုဆိုးကြီးများ၊ ဒေသခံပုဂ္ဂိုလ်များအား မေးမြန်းကြည့်ရာ ရှေးအဘိုးတို့ အပြောများကြောင်း၊ ရောက်ဖူးသော သက်ရှိပုဂ္ဂိုလ်ပင် ရှိနေသေးသဖြင့် ရာဇဝင်လည်းမဟုတ် ပုံပြင်မဟုတ် တကယ့်ဖြစ်ရပ်မှန် ဖြစ်သဖြင့် မသွားလာသင့်ကြောင်းကိုပင် ပြောပြခဲ့လေ

www.burmeseclassic.com





သည်။

တစ်နေ့ ရွှေမျောနားသဖြင့် နံနက်စာ စောစောစားပြီး ညီတော်သူ မောင်ကျော်ဝင်းနှင့် ကျွန်ုပ် ခဲယမ်းများ အပြည့်အစုံ အပိုယူကာ တူမီးသေနတ်ထမ်းပြီး ရွှေကျင်စခန်း အထက်ဘက် တောင်ကြောပေါ်သို့ အမဲလိုက်ရန် ထွက်ခွာခဲ့သည်။

ခရီးအတော် နှင်မိသဖြင့် တိုး၍မျှ မပေါက်နိုင်အောင် ထူထဲစွာ ပေါက်နေသော ဝါးနွယ်,ကြိမ်နွယ်,ရုံးတောများရှိရာ လျှိုမြောင်အတွင်း ဆင်းခဲ့ကြရာ ကျွန်ုပ်တို့ခြေသံ ကြားသဖြင့် အလန့်တကြား အိပ်ရာမှထပြီး ပြေးသွားခဲ့သော ဆတ်စုံတွဲနောက်သို့ မိအုံနိုးဖြင့် လိုက်ခဲ့သည်။

ဤတွင် လျှိုမြောင်ကိုဖြတ် ခင်တန်းတောင်ကုန်းများ ကျော်ကာ တောဖြတ်တောင်ဖြတ် မသိဘဲ ညီအစ်ကိုနှစ်ယောက် လာလမ်းပျောက်၍ ဘယ်သို့ရောက်မသိ။ နေသည်ပင်လျှင် ဦးခေါင်းထက်တွင် ရွက်ထားရသည့်အလား…

မှန်းဆမရသော ခရီးတစ်ခုအတွက် တောင်ကြောပေါ်သို့ တက်ကာ ရှေ့တူရူအရပ်ဆီသို့ ဦးတည်ခရီးဆက်ခဲ့ရာ **တစ်ကေမျှ အကျယ်အဝန်းရှိပြီး လယ်ကွင်းကဲ့သို့ ကန်သင်းများဟုပင် ထင်မှားလောက်သော ရေများစိမ့်ထွက်ပြီး မြက်ခင်းပြင်ဖြစ်နေသော ဤနေရာတွင် ပင်ပန်းနွမ်းနေသမျှ** ရေသောက်၊ ကိုယ်လက်သုတ်သင် ခေတ္တမျှ နားနေအပြီး ရှေ့ခရီးဆက်ခဲ့သည်။

တစ်ဆက်တည်း ဖြစ်နေသော တောင်ကြောကြီးပေါ်မှ အဘယ်မျှနက်၍ အဘယ်အတိုင်းအရှည် ရှိသည်ကို မသိနိုင်သော ရေကန်ကြီးကား ကျွန်ုပ်တို့ရှေ့တွင် ကာဆီးနေခဲ့သည်။

တောင်ကြောပေါ် တက်စရာဟူ၍လည်း မရှိတော့။ အောက်ဘက် ဆင်းရပါမည်ဆိုလျှင်လည်း မြင့်မြင့်သမျှသော နေရာမှန်သမျှ ရေပြင်ပမာ ထင်မှတ်ရသော တိမ်တိုက်ကြီးများဖြင့် အဖွေးသား…

**ဤမျှ မြင့်မားမတ်စောက်သော တောင်ကြောကြီးပေါ်မှ ရေကန်ကြီးကား စိမ်းကြည်အေးမြလျက် ရှိနေသော်လည်း တောကောင်ကြီးများ ခြေရာ၊ နေရာ၊ အိပ်ရာ ဟူ၍ကား ရှားလွန်းလှ၏။**

ရေကန်အတွင်း မြင်ရသော ငါးမှလွဲ၍ သက်ရှိသတ္တဝါ မရှိသည်သို့။

ကျွန်ုပ်တို့ညီအစ်ကို တိုင်ပင်မထားဘဲ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ အတန်ငယ် ငြိမ်သက်ပြီး ရှေ့ခရီးအတွက် လက်ပတ်နာရီမှ သံလိုက်အိမ်မြှောင်ကို ကြည့်ပြီး ကြိမ်နွယ်,ဝါးနွယ်,ရုံးတောတိုးကာ ရေကန်ဘေးအတိုင်း မြောက်အရပ်သို့ ခရီးဆက်ခဲ့ကြသည်။

စခန်းမှအထက် စ,ထွက်ခဲ့သည်က အရှေ့စူးစူးအရပ် အစုန်အဆန် မသိရသော ရေကန်ကြီးမှ အပြန်ခရီးကား မြောက်ဘက်သို့ မည်သည့်အရပ် ရောက်နေသည်ဟု မမှန်းဆနိုင်သော်လည်း ကျွန်ုပ်တို့ ရွေးချယ်ခဲ့သော ဤအရပ်တွင် **တနိုင်းချောင်း ခေါ် ချင်းတွင်းမြစ်ကြီးကား** ကျွန်ုပ်တို့ ရောက်ရှိခဲ့သော နေရာဒေသနှင့် ကြည့်လျှင် အရှေ့နှင့်အနောက် သွယ်တန်းကာ စီးဆင်းနေသည်။

အရှေ့နှင့် အနောက်သို့ ဦးတည်သွားနေလျှင် ခရီးရှည်မည်။ တောင်ဘက်သို့ သွားလျှင်လည်း နာဂတောင်တန်းကြီး ကျော်ပြီးသည်နှင့် အိန္ဒိယနိုင်ငံထဲသို့ ရောက်သွားနိုင်သဖြင့် သားရဲအန္တရာယ်ကြောင့် အသက်ပင် မသေချာသော ခရီးအတွက် မြောက်အရပ်သို့ ဦးတည်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ခဲ့ကြသည်။

ညနေ(၆)နာရီထိုးရန် အနည်းငယ်အလိုတွင် တောင်လှိုင်း ပြိုကျထားသည့်သို့ ကျောက်ဆိုင်ကျောက်တုံးများ လျှောကျနေသော တောင်ကမ်းပါးပြတ်ကြီးမှ ခက်ခက်ခဲခဲ ဆင်းခဲ့ကြရသည်။

(၄၅)မိနစ်ခန့် ဆင်းခဲ့ရပြီး ရောက်ခဲ့သောနေရာကား စားရိက္ခာ အဝယ်သွားတိုင်း ဖြတ်ကျော်ခဲ့ နားနေခဲ့သော တိုက်တီးရွာ အနောက်တောင်ယာများ လုပ်ကိုင်ရာ ငါးလန်ဟု ခေါ်သော ခရီးထောက်အနားစခန်း…

ဤနေရာပင်လျှင် ဆန်းပြားလွန်းသည်။ ရေငန်ရေပုပ်များ ရှိသဖြင့် သားကောင်များ မြေကို စားသောက်ကြသဖြင့် လူ(၃,၄)ယောက် အိပ်လောက်အောင် လိုဏ်ဂူပမာ တောင်ခေါင်းများ၊ မြေကျင်းများ၊ တောမုဆိုးတို့ သားကောင်စောင့်သော လင့်စင်များရှိသော ချပ်(ဂျပ်)တွင်းဟု သတင်းကြီးသော ငါးလန်။

ခရီးပန်းသဖြင့် နွမ်းနေခဲ့သော ကျွန်ုပ်တို့ ညီနောင်နှစ်ယောက်ကား ခပ်ယှဲ့ယှဲ့ အပြုံးများဖြင့် သက်ပြင်းချသံ ရင်ခုန်သံနှောကာ **လူသူမနီး တောင်ကြောကြီးပေါ် နဂါးဖွဲ့၍ နဂါးဝှက်ထားသော အင်းမှ အသက်မသေ ပြန်ခဲ့ရပေပြီ**ဟူသော အပြုံးကိုယ်စီဖြင့် ရွှေကျင်စခန်းသို့ ဖင့်နွှေးလေးကန်သော ခြေလှမ်းများဖြင့် ပြန်ခဲ့ကြလေသည်။

စခန်းရောက်သဖြင့် အဖြစ်စုံ



ပြောပြခဲ့ရာ အားလုံးသော အဖွဲ့သားများ ညှိုးငယ်သော မျက်နှာများဖြင့် စုတ်တသပ်သပ် ရင်တမမ ရှိခဲ့သည်။

မိတ်ဆွေကြီးဦးလန်းကဲနှင့် အဘိုးသခို၊ ရွာသားများအား ပြောပြရာ အားလုံးက ကျွန်ုပ်တို့ညီအစ်ကိုအား သတ္တိကောင်းကြောင်း သြဘာပေးကြသည်။

မေးမြန်းကြသည်ကား **မျက်စိကဲ့သို့ အရောင်တောက်သော လူနီ (နဂါး)ကြီးနှင့် တွေ့ခဲ့ရပါသလား… ဆည်တိုင်တွေ၊ အရိုးစု၊ ဦးခေါင်းခွံတွေ တွေ့ခဲ့ပါသလား**…စသည့် မေးခွန်းများ မေးကြသည်။

ဤအင်းတွင် ထူးထူးခြားခြား မတွေ့ရပါ။ ဤအင်းရှိရာမှ (၄၅) မိနစ်ခန့် ဆင်းခဲ့သော တောင်အခြေတွင် တွေ့ခဲ့ရသည်ကား **ဆတ်မ တစ်ကောင်၏ ဦးခေါင်းတစ်လုံးနှင့် အခြေ(၄)ချောင်း၊ အရေခွံ တစ်ခုကို ဆင်ကြီးတစ်ကောင်၏ အရပ် (၉)ပေ၊ (၁၀)ပေခန့် အမြင့်ရှိသော သစ်ပင်တစ်ပင်၏ အကိုင်းတွင် တွဲလဲချ ချိတ်ဆွဲထားသည်ကို** တွေ့ခဲ့ရပြီး… ပိုးလောက်တို့ဖြင့် ပုပ်သိုးနံစော်နေသည်ကိုသာ မြင်တွေ့ရသည်။

အနီးဝန်းကျင်တွင် သားကောင်ခြေရာ၊ လူခြေရာဟူ၍ မတွေ့ရဘဲ သစ်ပင်ခွကြား အကိုင်းတွင် ချိတ်ဆွဲထားသော ဦးခေါင်းနှင့် အရိုးအရေများမှာ ပုပ်သိုးနေ၍ပင်လော။

ဓားလက်နက်ဖြင့် ခွဲစိတ် ဖြတ်တောက်ထားသည် မဟုတ်သကဲ့သို့ စူးစမ်းတွေ့ခဲ့ပုံများအား မိတ်ဆွေကြီး ဦးလန်းကဲ၊ အဘိုးသခိုနှင့် မိတ်ဆွေ ရွာသားတို့အား ပြောပြခဲ့သည်။

မိတ်ဆွေ ဥက္ကဋ္ဌဦးလန်းကဲအိမ်အတွင်း တိတ်ဆိတ်ခြင်း၊ ငြိမ်သက်ခြင်းကို အသက်ဝင် လှုပ်ရှားစေခဲ့သော အသက်(၈၀)ကျော် အဘိုးသခို အသက်သွင်းသည့်သို့ တိုင်းရင်းသားဘာသာစကားဖြင့် (၃)မိနစ်မျှ ပြော၍အပြီး ကျွန်ုပ်အား ကောင်းချီးပေးခြင်း၊ ဂါရဝပြုခြင်းများဖြင့် နှစ်ထောင်းအားရ ဝမ်းသာခြင်းကို ပြုခဲ့ကြသည်။

နာဂတိုင်းရင်းသား အဘိုးအို အဘိုးသခို၏ ဖိတ်ကြားချက်ဖြင့်ပင် မိတ်ဆွေကြီး ဦးလန်းကဲနှင့် ကျွန်ုပ်တို့ အဘိုးနေရာ စည်သာချောင်းဘေးတောင်ယာ အဘိုးသခိုတဲအိမ်သို့ ရောက်ရှိသွားကြသည်။

ထိုစဉ် အဘိုးသခိုက…



www.burmeseclassic.com

www.burmeseclassic.com



❖ နှီးဖြင့် ရက်လုပ်ပြီး သစ်သား အစေးချိပ်ရည် သုတ်လိမ်းထား သော အဖုံးအပိတ်ပါသည့် (ပခြုပ်)၊

❖ နှီးဖာအတွင်းမှ ဝါးဝွမ်းဖြင့် အိန္ဒိယဆာရီ… နာနတ်ချည်ဖြင့် ရက်လုပ်ထားသော၊ အနီရောင် အစဖြင့် အထပ်ထပ် ရစ်ပတ် ထားသော၊ ချဉ်ပေါင်လျှော်ဖြင့် ကျစ်ထားသော၊ အဖြူရောင် ကြိုးဖြင့် ချည်နှောင်ထားသော လူခေါင်းပုံ ကြေးဆွဲသီး [အမြင့် (၁ဒ)လက်မခွဲ၊ လုံးပတ် (၃)လက်မပတ်လည် ဦးခေါင်း တွင် (နဂါးဦးစွပ်မ်း) သရဖူကဲ့သို့ (၁)ခု]

❖ ငါးမူးလုံးခန့် အလုံးရှိပြီး (၁၄)လက်မ ပတ်လည်ခန့်ရှိ သော နဂါးပုံကြေးလက်ကောက် (၂)ခု၊

❖ အမြီးချင်းယှက်ပြီး တစ်ကောင် နှင့်တစ်ကောင် မာန်ထောင်နေ သည့်အလား ဦးခေါင်းချင်းဆိုင် အနေအထား ပြုလုပ်ထားသော အလုံး(၃)မတ်လုံးရှိပြီး အဝိုင်း အဝန်း(၁၆)လက်မခန့် ရှိသော ငွေသားဖြင့် ပြုလုပ်ထားသည့် ခြေချင်း(၂)ခုတို့ကို ပြသသည်။

အဖေ၊ အဘိုး၊ အမျိုး အဆက် ဆက်မှ သူ့လက်ထက်တိုင်အောင် ထိန်းသိမ်းခဲ့ပုံနှင့် ခန္တီးမြို့၊ ပေါမိုင်းရပ် ပရဟိတ ဘုန်းတော်ကြီးကျောင်း တွင် မြန်မာစာပေနှင့် အင်္ဂလိပ် ဘာသာစာပေများအား သင်ကြား လေ့လာခဲ့ပုံများကို ပြောပြခဲ့သည်။

''မယောရွာကို အဘိုးသခို မီပါ သလား''ဟု မေးရာ သူ့အဘိုး တည်ခဲ့သည်။ အဘိုးသခို မီခဲ့သည် ကား ကျောက်ဆည်လေးချောင်း အောက်ဘက်တွင် ရွှေ့ပြောင်းပြီး ''တိုက်တီးရွာ''ဟု တည်ခဲ့သော အခါတွင် အသက်(၁၄/၁၅)နှစ် အရွယ်ဟု ပြောပြခဲ့သည်။

အဘိုးသခို၏ အဖေ၊ အဘိုးတို့ ကား အိန္ဒိယနိုင်ငံဖွား နာဂတိုင်းရင်း သားများ ဖြစ်ကြပြီး အစာရေစာ ရှားပါးသဖြင့် ရေကြည်ရာ မြက်နုရာ အမိမြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိ လာကြပြီး မယောရွာကို စတင်တည် ထောင်ခဲ့ကြသည်။

ကိုးကွယ်မှု၊ ယုံကြည်မှုအားဖြင့် **နတ်နဂါးကို ပူဇော်ကြပြီး မြွေများ ကို စာနာသနားကြသည်။**

အဘိုးသခို၏ အဖေ၊ အဘိုး၊ ဘေးဘိုးတို့ ဦးခေါင်းချရာ…

ရေပူရေအေးတို့ဖြင့် တောင်တန်း ပေါ်မှ မယောရွာကား လူသူကင်း ကာ အထီးကျန်၍ အကျည်းတန် နေသကဲ့သို့…

အဘိုးသခို၏ ဘေးဘိုး နဂါးမျိုး တို့ဖွဲ့၍ နဂါးတို့ ဝှက်ထားသော အင်းကား **ခန္တီးခရိုင်၊ ခန္တီးအပိုင်၊ တိုက်တီးရွာအောက် ကျောက် ဆည်လေးချောင်းဖျား မယောရွာ ဟောင်းနှင့် ငါးလန်ကြားတွင် ထင်ကျန် ရှင်သန်ဆဲသာတကား…**

ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ဘဝ မှတ်တမ်း ဖြစ်ရပ်ဆန်း နဂါးအင်း ပုံရိပ်များအား စာရှုသူတို့ တင်ပြ ရင်း…

ထိုစဉ်က အတူရှိခဲ့သော အဖွဲ့ဝင်များ

၁။ မောင်ဘုန်းမြင့်*(သငါရွာ)*

၂။ မောင်ကျော်ဝင်း*(သငါရွာ)*

၃။ မောင်ဌွေးလင်း*(သငါရွာ)*

၄။ မောင်ထွန်းထွန်းဦး*(စက်တောရွာ)*

၅။ မောင်မောင်ဌွေ*(မောင်းခမ်းရွာ)*

၆။ မောင်အိုက်မောင်း*(မောင်းခမ်းရွာ)*

၇။ မောင်မြင့်အောင် *(ဟုမ္မလင်းမြို့နယ်၊ ဓီးကုန်းရွာ)*

၈။ ဦးလန်းကဲ*(တိုက်တီးဥက္ကဋ္ဌ)*

၉။ ဦးသခို*(တိုက်တီးရွာ)*

**[မှတ်ချက် ။ ။ အမည်၊ နေရပ် များ ပြောင်းလဲထားခြင်း မရှိပါ။]**

**မောင်ဘုန်းမြင့်*(သငါရွာ)***



www.burmeseclassic.com

စာမျက်နှာ (၂၂၄)မှ အဆက်

အရံသင့် ထားရှိလေသည်။

လာရောက်ကာ ပရိတ်တရားနာကြမည့်သူတွေ ထိုင်ရန်အတွက်တော့ ဖျာများခင်းထားသည်။ မကြာပါချေ ပဇ္ဇောတာရုံတိုက်အုပ်ဆရာတော် ဦးဝါသေဋ္ဌ အရှင်သူမြတ်နှင့်တကွ အရံရဟန်းသုံးပါးတို့ ကြွတော်မူလာပါသည်။

မငယ်တို့ ဇနီးမောင်နှံလည်း ဆရာတော်များအား ဦးချကန်တော့ပြီး ကန်တော့ပွဲ ဆက်ကပ်လေသည်။ အဲသည်နောက် ပရိတ်ရွတ်ပွဲ စတင်ကျင်းပသည်။

သည်အချိန်တွင်…

**ဝါရင့်ပြီး အထော်အတာန် အစွမ်းထက်နေသည့် သရဲပြိတ္တာသည် အကြောက်အလန့်မရှိဘဲ ထင်ပြဲဝင်လာပြီး ချစ်ဖူးငုံ၏နောက်မှာ ထိုင်နေသည်။**

သည်တော့ ချစ်ဖူးငုံက သူမ၏နောက်မှာ သရဲရောက်နေကြောင်း ပါးစပ်မှမပြောဘဲ ခြေဟန်လက်ဟန်ဖြင့် ထိုးပြနေသည်။

'ဒါ…ဘာလုပ်ကြတာလဲ၊ ဒီလိုလုပ်လို့ ရရိုးလား၊ ငါ့ကိုများ ဘာမှတ်လဲ'

သရဲပြိတ္တာ တစ်စခန်း ထပေပြီ။ ချစ်ဖူးငုံ၏ခန္ဓာမှာ ပူးဝင်ကာ လက်သီးလက်မောင်းတန်းပြီး အော်ဟစ်နေသည်။ ထိုအခါ တိုက်အုပ်ဆရာတော် ဦးဝါသေဋ္ဌက…

'အသင်… ဘယ်သူလဲ'

ဟု မေးလိုက်သည်။

'ဘာလို့ ပြောရမှာလဲ'

သရဲက မခန့်။ ပြန်ပြောသည်။

'လာ…လာ…ရှေ့ကိုတိုးခဲ့'

'မတိုးဘူး'



'မတိုးရင် သင့်ကို သိမ်ဝင်ပုတီးနဲ့ စွပ်ပြီး ချုပ်ထားမယ်'

'အဲဒါတော့ မလုပ်ပါနဲ့'

'မလုပ်စေချင်ရင် ရှေ့တိုးခဲ့'

သရဲက ရှေ့တိုးလာပြီး ဆရာတော်အား စားမတတ် ဝါးမတတ် မျက်လုံးပြူးကာ ကြည့်သည်။

'ပြောစမ်း ဘယ်သူလဲ'

'မပြောဘူး'

'မပြောရင် ပုတီးစွပ်ပြီး ဒဏ်ခတ်မယ်'

'မခတ်နဲ့ ပြောမယ်'

'ပြော'

'လှမြင့်'

'ဘာဖြစ်လို့ ကလေးကို ဒုက္ခပေးနေတာလဲ'

'သူတို့က ရေကန်လာပြီး ငါးမျှားတယ်'

'ငါးမျှားတော့ ဘာဖြစ်လဲ၊ သူ့ဘာသာ ငါးမျှားတာ သင်နဲ့ ဘာဆိုင်လို့လဲ'

'ငါးလာမျှားတာ မကြိုက်ဘူး၊ ပြီးတော့ အမဲသားကျွေးမယ်ဆိုပြီး မကျွေးဘူး။ ဒါကြောင့် ကြောက်အောင်.လန့်အောင် လုပ်နေတာ'

'အဲသလိုလုပ်တာ ကောင်းသလား။ လူ့ဘဝတုန်းက အကုသိုလ်တွေများခဲ့လို့ သရဲပြိတ္တာဖြစ်နေရတာ၊ အမဲသားလဲ မစားချင်ပါနဲ့၊ နောက်နှောင်လဲ မနှောင့်ယှက်ပါနဲ့။ ဒီဘဝက ကျွတ်အောင် ကောင်းရာ သုဂတိလားအောင် သတ္တဝါတွေအပေါ် မေတ္တာစိတ်ပွားပါ။ ဘယ်တော့မှ ဒုက္ခမပေးပါနဲ့'

ဆရာတော်က တရားပြတော့ သရဲပြိတ္တာသည် နှုတ်ခွန်းတုံ့ပြန်မပြော။ ခေါင်းငိုက်စိုက်ချကာ ငြိမ်ကျသွားသည်။ အဲသည်နောက် **"ကျေးဇူးတင်ပါတယ်"**ဟု ပြောပြီး ချစ်ဖူးငုံ၏ခန္ဓာမှ ထွက်ခွာသွားတော့သည်။

ထိုသို့ ပရိတ်ရွတ်ပြီးသည့်နောက် ချစ်ဖူးငုံကို သရဲပြိတ္တာ ဝင်ပူးနှောင့်ယှက်ခြင်း မရှိတော့။ ယခင်က ညဥ့်ဆယ်နာရီခန့် ရောက်တိုင်း ကြောက်မက်ဖွယ်ရာ အဖြစ်ဆိုးနှင့် ကြုံခဲ့ရပြီး သောကမီးတွေ တောက်လောင်နေခဲ့ရသည့် အိမ်ဂေဟာလေးသည် ယခုတော့လည်း ညစဉ်ညတိုင်း ပြုံးပျော်ရယ်မောသံတွေ ဖုံးလွှမ်းလျက် ရှိပါလေတော့သည်။

***[မြင်းမူမြို့မှ ချစ်ဖူးငုံ၏ မွေးစားမိခင်ဒေါ်ဝင်းစိန် ပြောပြသော ဖြစ်ရပ်မှန်အား ခံစားရေးဖွဲ့ပါသည်။]***

**ရေနံမြေ လွှမ်းစု**





www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com





နန်းဒိုမ်ရွှေ

# ခေါ်ကြားလား

## ဘယ်သူတွေက ခေါ်နေတာလဲ

ကျွန်မ၏ဖခင်သည် အစိုးရဝန်ထမ်းတစ်ဦးဖြစ်၍ တာဝန်ကျရာ မြို့များသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရပါသည်။

ထိုအခါ မိခင်ဖြစ်သူနှင့် ကျွန်မတို့မောင်နှမများ ဖခင် ပြောင်းရွှေ့ရာ မြို့များသို့ လိုက်ပါနေထိုင်ကြရပါသည်။

ငယ်စဉ်မှစ၍ တစ်မြို့ပြီးတစ်မြို့ ပြောင်းရွှေ့နေခဲ့ရသော ကျွန်မသည် အိမ်ထောင်သည် ဖြစ်လာသောအခါ၌လည်း ခင်ပွန်းသည် အလုပ်ရှိရာ မြို့ရောတောပါမကျန် လိုက်ပါနေထိုင်ရပါသည်။

ထိုသို့ လိုက်ပါနေထိုင်ခဲ့ရာတွင် ဖြစ်ရပ်ဆန်းများ မကြာခဏ ကြုံရပါသည်။

အချို့ဖြစ်ရပ်များမှာ ကျွန်မကိုယ်တိုင် ယုံကြည်သော်လည်း ကိုယ်တွေ့ကြုံခဲ့ရသည်မို့ စာဖတ်သူများအား တင်ပြလိုပါသည်။

တွေ့ကြုံခဲ့ရသော ဖြစ်ရပ်များ၊ များပြားစွာထဲမှ ပထမဦးဆုံး အကောင်အထည် မမြင်ရသော အသံကြားရသည့် ဖြစ်ရပ်မှန်နှစ်ခုကို တင်ပြလိုက်ပါသည်။

ပထမဖြစ်ရပ်မှာ မန်းသံပရာကန် စက်ရုံဝန်ထမ်းအိမ်ရာ၌ နေထိုင်စဉ်က ဖြစ်သည်။

အလုပ်သွားရက်များတွင် မသိသော်လည်း အလုပ်ပိတ်ရက် အိမ်၌နေစဉ် နေ့လယ် လူခြေတိတ်လျှင် **အိမ်ရှေ့နှင့် အိမ်ဘေး ကွန်ကရစ်ခင်းထားသော အပေါ် တောင်ဝေးတစ်ချောင်း တဒေါက်ဒေါက်**

F.30A. July, 2019.



www.burmeseclassic.com

www.burmeseclassic.com





**ထောက်ပြီး လမ်းလျှောက်နေသံ ကြားရပါသည်။**

ကျွန်မတစ်ဦးတည်း ကြားသည်ထင်သဖြင့် ခင်ပွန်းဖြစ်သူကို ပြောပြမိပါသည်။ **သူလည်း ကြားသည်ဟု ပြောပါသည်။**

**အပြင်ထွက်ကြည့်လျှင်လည်း လူမတွေ့ပါ။ နေ့ခင်းဘက်သာကြားရပြီး ညဘက်၌ မကြားရပါ။**

ကျွန်မတို့မှာ ဘာသာရေးအသိ နည်းသေးသူများဖြစ်သဖြင့် ထိုစဉ်က အမျှဝေရမည်လည်း မသိ။ မေတ္တာပို့ရမည်လည်း မသိခဲ့ပါ။

ယခုမှ စဉ်းစားမိပြီး ''သြော်... ငါတို့ နားမလည်ခဲ့လေခြင်း''ဟု စိတ်မကောင်း ဖြစ်ရပါသည်။

ထိုအိမ်တွင် နေစဉ်တစ်လျှောက်လုံး ရုံးပိတ်ရက် အိမ်မှာနေစဉ် နေ့လူခြေတိတ် မွန်းတည့်ပိုင်း၌ တောင်ဝှေးသံ တဒေါက်ဒေါက် ထောက်၍ အိမ်ဘေးမှ လမ်းလျှောက်သံကို ကြားခဲ့ရပါသည်။

နောက်ဖြစ်ရပ်တစ်ခုမှာ မင်းဘူးဓာတ်ငွေ့ရည်စက်ရုံ ဝန်ထမ်းအိမ်ရာတွင် နေစဉ်က ဖြစ်သည်။ ဌာနမှူး ဦးသန်းအောင်၏ဇနီး မမြင့် ကျွန်မအိမ်သို့ လာပါသည်။

'ညိုရေ...မမြင့် အိမ်လာတာ ဘာကိစ္စလဲ'

ဟု မေးပါသည်။ ကျွန်မက မလာကြောင်း ပြောပြရာ မမြင့်က...

'အိမ်ရှေ့က တံခါးခေါက်ပြီး မမြင့် နာမည်လာခေါ်တာ ညို့အသံပါ။ မမက မီးဖိုထဲ ရောက်နေလို့ ချက်ချင်းထွက်မလာနိုင်တာ။

ထွက်လာကြည့်တော့ ဘယ်သူမှ မတွေ့ဘူး။ ညိုမစောင့်နိုင်လို့ ပြန်သွားတယ်ထင်ပြီး ခုလာမေးတာ၊ ခုလေးတင်၊ ခုလေးတင်'

မမြင့်ပြောသည်ကို ကျွန်မအံ့ဩစွာနှင့်...

'ညိုမလာဘူး မမ၊ တခြားတစ်ယောက်များလား'

'မဟုတ်ဘူး၊ ညို့အသံမှ ညို့အသံအစစ်'

မမြင့်က သေသေချာချာ ပြောသဖြင့် ကျွန်မလည်း ထူးဆန်းအံ့ဩစွာ ကျွန်မ မဟုတ်ကြောင်း ဖြေရှင်းလိုက်ပါသည်။

နောက်တစ်လလောက်အကြာတွင် ဆက်သွယ်ရေး ဌာနမှူးဦးဇော်ဝင်း၏ဇနီး ထားထား ကျွန်မထံ ရောက်လာပါသည်။

'မညိုရေ...ထားထားကို လာခေါ်တာ ဘာကိစ္စလဲ'

ဟု မေးလာပါသည်။

'ထားထားဆီ မမ မရောက်ဘူး။ ဘာဖြစ်လို့လဲ'

ကျွန်မ ဖြေသံကြားသည့် ထားထားက အံ့ဩတကြီးနှင့်...

'ဟောတော့ ထားထားက မညိုလာခေါ်တယ်မှတ်လို့ ခုနက အိမ်ရှေ့တံခါးခေါက်သံကြားပြီး ထားထားရေ...ထားထားလို့ ခေါ်သံကြားတယ်။

တံခါးဖွင့်လိုက်တော့ ဘယ်သူမှ မတွေ့ဘူး။ မညိုအသံမှ မညို အသံအစစ်။ ဟင်းအိုးက တန်းလန်းဖြစ်နေလို့ မီးခလုတ် ဝင်ပိတ်ပြီး ခုလာမေးတာ'

ထားထားစကားကြားသော ကျွန်မ အံ့ဩရပြန်ပါသည်။ ကျွန်မတို့အိမ်တွေမှာ တယ်လီဖုန်းရှိသည်။ တစ်ဦးနှင့်တစ်ဦး ပြောစရာရှိလျှင် ဖုန်းဆက်ပြောနိုင်ပါသည်။ လူ မသွားမဖြစ်မှ တစ်အိမ်နှင့် တစ်အိမ် သွားကြပါသည်။

ယခု အိမ်တံခါးခေါက်ပြီး ခေါ်သံ။ အသံကလည်း ကျွန်မအသံ။ ဘယ်လိုမှ နားမလည်နိုင်ပါ။ ထူးဆန်း



www.burmeseclassic.com

www.burmeseclassic.com



သည်က အမှန်ပါ။

နောက်တစ်ကြိမ် ကြုံရပြန်ပြီ။

'အန်တီညို ကျွန်တော်ရောက်ပါပြီ။ ဘာခိုင်းမလို့ပါလဲ'

မောင်အုံးကြိုင်ဆိုသည့် ယာဉ်မောင်းသမားလေးက ကျွန်မကို လာမေးပါသည်။

'ဟင့်အင်း မခိုင်းပါဘူး။ မင်းကို ဘယ်သူခေါ်လို့လဲ'

ကျွန်မအမေးကို သူက အံ့ဩသည့် မျက်နှာနှင့် ကြည့်ပြီး...

'ခုပဲ မောင်အုံးကြိုင်ရေ... မောင်အုံးကြိုင်လို့ အန်တီညို့ခေါ်သံ ကြားလို့ ပြေးလာတာ။ ကျွန်တော်ကြားတာ အန်တီညို့အသံပါ'

ကျွန်မ မခေါ်ရဘဲလျက် ကျွန်မ ခေါ်သံကြားပြန်ပြီ။ နားမလည်နိုင်တော့ပါ။ ဘယ်သူကများ ကျွန်မအသံနှင့် ခေါ်နေပါလိမ့်၊ နားကြားမှားသည်ပြောရမှာလည်း တစ်ဦးတည်းမဟုတ်။ စဉ်းစားရခက်ပါဘိ။

ကြုံပြန်ပြီ။ သည်တစ်ကြိမ်တွင် ကျွန်မကိုယ်တိုင်ကြုံရခြင်း ဖြစ်ပါသည်။ ပိတ်ထားသော အိမ်ရှေ့တံခါးကို တဒုန်းဒုန်းထုသံနှင့်အတူ...

'မညိုရေ...မညို'

ဟု ထားထားခေါ်သံကို ကြားရပါသည်။

'လာပြီ ထားထားရေ၊ လာပြီ'

မီးဖိုထဲတွင် ပန်းကန်ဆေးနေရာမှ အပြေးတစ်ပိုင်းနှင့် ထွက်၍ အိမ်ရှေ့တံခါးကို ဖွင့်လိုက်ပါသည်။

**ကျွန်မအိမ်ရှေ့တွင် ဘယ်သူမှ မတွေ့ပါ။ လမ်းပေါ် လှမ်းကြည့်ရာတွင်လည်း တစ်ဦးတစ်ယောက်မှ မရှိပါ။ ထားထားတို့အိမ်ဘက် လှမ်းကြည့်တော့လည်း မည်သူ့မျှ မတွေ့။**

ကျွန်မ နားကြားမလွဲပါ။ ထားထားအသံမှ အစစ်အမှန်။ တိုးတိုးကလေးလည်းမဟုတ် အကျယ်ကြီးခေါ်သံ။ တံခါးထုသံလည်း အသေအချာ။ ခုတော့လည်း ဘယ်သူမှ မရှိ။ အူကြောင်ကြောင်နှင့် ကျွန်မ လမ်းဟိုဘက်ဒီဘက် မျှော်ကြည့်ရာ လူတစ်ဦးတစ်ယောက်မှ မတွေ့ရပါ။

အိမ်ထဲပြန်ဝင်ပြီး ထားထားထံ တယ်လီဖုန်းနှင့် မေးလိုက်ပါသည်။

'ဟင့်အင်း ထားထားမလာဘူး မမ'

ဟု ဖြေသဖြင့် ကျွန်မ အံ့ဩရပြန်သည်။ တံခါးခေါက်ပြီး ခေါ်သူမည်သူနည်း။ တောများရှင်း၍ ဝန်ထမ်းအိမ်ရာများ ဆောက်ထားသည်မို့ လူကြီးများ ပြောဖူးသည်၊ စာအုပ်များထဲတွင်လည်း ဖတ်ဖူးသည့် သင်းခွေချပ်သတ္တဝါကောင်ကများ ကျွန်မတို့ ခေါ်သံကြားပြီး လိုက်ခေါ်နေသည်များလားဟု တွေးမိပါသည်။

အကယ်၍ နာမည်လိုက်ခေါ်နေသည်က သင်းခွေချပ်ဖြစ်ခဲ့ပါလျှင် တံခါးခေါက်သူက မည်သူဖြစ်မည်နည်း။

*　　*　　*

၁၉၉၀ ပြည့်နှစ်က ကြုံခဲ့သော အဖြစ်အမှန်ပါ။ နှစ်‚နှစ်ဆယ်ကျော်ကြာခဲ့ပါပြီ။ ထိုစဉ်က ဝန်ထမ်းအိမ်များ ယခုလောက် မများသေးပါ။

ယခုအချိန်မှာကော ကျွန်မတို့နေစဉ်ကကဲ့သို့ **ခေါ်သံများ ကြားမိ**ကြပါသလားဟု မေးကြည့်ချင်ပါသည်။

**နန်းအိမ်ရွှေ**



www.burmeseclassic.com

www.burmeseclassic.com





တစ်ပိုးအောက်

ဝိဇ္ဇာပေးသည့်

# အင်းတစ်ကွက်နှင့်

ဘိုးတော်မြိုင်

ကျွန်ုပ်သည် နေ့လယ်(၁၂)နာရီ မထိုးမီ ပဌာန်းရွတ်မည့် အစည်းအဝေးသို့ တက်ရောက်ရန် **"လောကနန္ဒာစေတီ"**သို့ ရောက်ရှိနေလေ၏။

'သုံးရက်ပဌာန်း ပူဇော်ပြီးရင် ပဌာန်းသိမ်းပွဲမှာ ထမနဲ(၂၄)ဒယ်ထိုးမယ်'

ဟု ကျွန်ုပ်၏မိတ်ဆွေ ဦးသောင်းမှ ကြိုတင် သတင်းပေးလေ၏။

ပြီးခဲ့သည့် နှစ်ပတ်ကျော်လောက်မှ ဘုရား ရွှေသင်္ကန်းကပ်လှူပြီးသည်မှ မကြာသေး၍ ကျွန်ုပ်က...

'အေးဗျာ...ကြားရတာ ဝမ်းသာပါတယ်။ ပဌာန်းသိမ်းပွဲမှာ ထမနဲနဲ့ စတုဒိသာကျွေးရတာ ရာသီနဲ့လဲ ကိုက်ညီပြီး ဆေးဖက်လဲ ဝင်တာပေါ့'

ဟု ပြောလေရာ ဦးသောင်းက...

'အလှူရှင်ကိုသိရင် ခင်ဗျားအံ့သြသွားမယ်'

ဟု ပြောသဖြင့်...



www.burmeseclassic.com

'ဘယ်သူများတုံး'

ဟု ကျွန်ုပ်က မေးရာ...

'ရန်ကုန်မြို့ထဲက ဆောက်လုပ်ရေး ပစ္စည်းတွေရောင်းတဲ့ ဘာသာခြား မိသားစု တွေတဲ့'

'ဟင်...'

ဟု ကျွန်ုပ်က အံ့အားသင့်သွား လေရာ...

'မဟင်နဲ့... (၂)လုံးထီပေါက်လိုတဲ့။ (၂၄)ဆိုတဲ့ဂဏန်းမှာ ပေါက်တာ မနည်း ဆိုလား။ ဒါကြောင့် ဒီဘုရားမှာ ရွှေသင်္ကန်းကပ်တာလဲ သူတို့ပဲ။ အခု ထမနဲ့အလှူလဲ သူတို့ပဲလေ'

ဟု ဦးသောင်းက ပြောလေ၏။

'ပြောလက်စနဲ့ ပြောရဦးမယ်၊ နံပါတ်ပေးတဲ့သူက ပြီးတဲ့အပတ်က မှ ရက်လည်ခဲ့တဲ့ အဘ**ဦးမောင်မြိုင်**ပေါ့'

'ဘိုးတော်မြိုင်ကြီးလား'

'ဟုတ်ပါဗျာ'

ဟု ပြောနေစဉ် ကျွန်ုပ်တို့ကဲ့သို့ အစည်းအဝေး ရောက်နေသူများထဲမှ ဘိုးတော်မြိုင်အကြောင်းကို သိထားသည့် ဦးတင်မောင်က...

'ဘိုးတော်မြိုင်ကြီးကလဲ အံ့သြစရာ ကောင်းပါဗျာ... သူမသေခင် လူတွေကို မ,သွားလေရဲ့။ အကြားအမြင်ကလဲ ရနေတော့ သူ့နောက်မှာ လိုက်နေတဲ့သူတွေက တစ်တန်းကြီးပဲ... ဘိုးတော်ဆိုပြီး တော့လေ'

ဟု ပြောလေရာ ကျွန်ုပ်က ဘိုးတော်မြိုင်နှင့် ရင်းနှီးခြင်း မရှိဘဲ မြင်သာမြင်ဖူးခဲ့၍ ဦးတင်မောင်အား ဘိုးတော်မြိုင်အကြောင်းကို မေးလေရာ ပဌာန်းအစည်းအဝေး ပြီးသည်နှင့် ပြောပြလေတော့၏။



ဘိုးတော်မြိုင် မဖြစ်ခင်

ဦးမောင်မြိုင်သည် အသက်(၅၀) ကျော်မှစ၍ အလုပ်ကို မည်မည်ရရ မလုပ်တော့ချေ။

သားသမီးများကလည်း သူ့အိုး သူ့အိမ်နှင့် အဆင်ပြေနေ၍ ဖနီးဖြစ်သူအား သားသမီးများထံ အလှည့်ကျ စိတ်ချမ်းသာသလို နေစေကာ ဦးမောင်မြိုင်သည် ဟိုဆရာနောက်ကိုလိုက်၊ သည်ဆရာနောက်ကို လိုက်၊ ဟိုဂိုဏ်းလိုလို၊ သည်ဂိုဏ်းလိုလိုနှင့် နောက်ဆုံး အဂ္ဂိရတ်လိုင်းဘက်ပါ သွားလေတော့၏။

အသက်(၇၀)ကျော်ထိ ဘာမှ ဖြစ်ဖြစ်မြောက်မြောက် မဖြစ်တော့၍ တွံတေးဘက်တွင် ဘုန်းကြီးဝတ် လေတော့၏။

ဘုန်းကြီးဝတ်နှင့် တစ်ဝါခန့်၊ ကပ္ပိယအဖြစ်နှင့် (၆)လခန့် နေပြီးတူရှိရာ ရေစင်တောင်ရွာသို့ ခေတ္တ လာရောက်နေထိုင်လေ၏။

ဦးမောင်မြိုင်တူနှင့် ခြံချင်းကပ်နေသော ဦးတင်မောင်က ဦးမောင်မြိုင်အား ရေနွေးကြမ်းသောက်ခေါ်၍ စကားပြောလေ့ရှိရာ ဦးတင်မောင်က...

'အဘရယ်... မိသားစု သံယောဇဉ်တွေလဲပြတ်၊ ကိုယ်လုပ်ချင်တာတွေလဲ လုပ်ပြီးပြီပဲ၊ ဘယ်လို အခက်အခဲတွေရှိလို့ ဘုန်းကြီးဘဝကနေ ပြန်ထွက်လာခဲ့ရတာလဲ'

ဟု မေးရာ ဦးမောင်မြိုင်က...

'ဆွမ်းကွမ်းကိစ္စပါပဲ'

ဟု ပြောလေ၏။

'အဘတစ်ယောက်ကို ဘုန်းကြီးကျောင်းက မကျွေးနိုင်လို့လား'

'ကျွေးနိုင်တာပေါ့။ ဆွမ်းတွေကလဲပေါ ဟင်းတွေကလဲ အလျှံပယ်ပါပဲ။ ဒါပေမယ့် ဘုန်းကြီးတွေက

www.burmeseclassic.com



ဘာမှမပြောပေမယ့် ဘုန်းကြီးဆိုတာ ဆွမ်းခံစားရတယ်လေ'

'ဆွမ်းခံတဲ့နေရာမှာ ဘာပြဿနာရှိလို့လဲ'

'ငါနေတဲ့ကျောင်းက တောင်ကုန်းပေါ်မှာ ဆွမ်းခံရွာနဲ့ အလှမ်းဝေးတယ်။ တောင်တက်တောင်ဆင်းတွေကလဲ ရှိတော့ ခဏခဏနားရတယ်။ ကျောင်းရောက်တော့ မွန်းလွဲတော့မယ်။

တစ်ခါတလေ မွန်းလွဲသွားတယ်။ ကြာတော့ ငါ့အတွက်နဲ့ အများ စိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့ လူထွက်ခဲ့ရတယ်။ လူထွက်ပြီး အဲဒီကျောင်းမှာပဲ ကပ္ပိယလုပ်တယ်'

ဟု ပြောပြီး ရေနွေးကြမ်းငှဲ့ကာ အကြော်တစ်ခုကို စားလိုက်လေ၏။ ပြီးနောက်...

'ကျောင်းရဲ့ ဝေယျာဝစ္စကိစ္စတွေ ဆောင်ရွက်ပြီး နေ့လယ်နေ့ခင်းကျတော့ ငါ့ရဲ့ ဝါသနာကို မစွန့်နိုင်တာကြောင့် ဖိုရုံထဲမှာ ညနေစောင်းတဲ့အထိ ဖိုဆွဲနေတော့တာပဲ။ အဂ္ဂိရတ်ပေါ့ကွာ။

(၆)လလောက်ကြာတဲ့အထိ ဘာဓာတ်လုံးမှ မဖြစ်တော့တာနဲ့ ရွာပြန်တော့မယ်ဆိုပြီး ကျောင်းထိုင်ဆရာတော်ကို လျှောက်လို့ ခွင့်ပြုချက်ရတာနဲ့ ပစ္စည်းတွေသိမ်း၊ သန့်ရှင်းရေးတွေလုပ်နဲ့ ည(၁၀)နာရီလောက်မှာ အိပ်ပျော်သွားတယ်။ အဲဒီညမှာ ထူးထူးဆန်းဆန်း အိပ်မက် မက်တော့တာပါပဲ'

အဘမောင်မြိုင်က ရေနွေးငှဲ့သောက်ပြီးလျှင် သူ့စကားကို ဆက်ပြန်လေ၏။

'အိပ်မက်ထဲမှာ ဘိုးတော်တစ်ပါး ကြွလာပြီး မင်း အဂ္ဂိရတ်ထိုးတာ နှစ်တွေ ဒီလောက် ကြာနေပြီ ဘာမှလဲ မဖြစ်ဘူး။ ဒီတော့ ငါ... မင်းကို အင်းတစ်ကွက် ရေးပြမယ်။

အဲဒါကို သေသေချာချာ မှတ်ထားလို့ ဆိုပြီး ရေးပြတယ်။

မင်းဉာဏ်ရှိသလိုသုံး ဆိုပြီး အဲဒီ ဗိုဇ္ဇာကြီး ပျောက်သွားတယ်။ အိပ်ရာက နိုးလာတော့ မနက်(၄)နာရီ။ အင်းက တစ်ကွက်တည်းမို့ အင်းဆန်သွင်းတာက အစ မျက်စိထဲမှာ အကုန်မှတ်မိနေတယ်။ ငါလဲ ဘုရားကို မနက်အရုဏ်ဆွမ်းကပ်၊ သံဃာတော်တွေအတွက် ဆွမ်းချက်ကပ်ပြီး အိမ်ကို အပြီးပြန်လာခဲ့တယ်'

ဟု ပြောလေ၏။

*        *        *

ဦးမောင်မြိုင်သည် သားအကြီးရှိသည့် ပျဉ်းမနားရှိ တပ်ရင်းသို့ သွားရောက်ခဲ့ပြီး ဇနီးနောက် လိုက်သွားရာမှ (၂)ပတ်ခန့် နေလေ၏။ သားဖြစ်သူ ဂုတ်ထိပ် လုံခြုံရေးသွားနေ၍ ဟိုရွာ သည်ရွာ သွားရောက်လည်ပတ်ရင်း လူမမာများကို ဆေးကုသပေးရာ ရောဂါများ ပျောက်ကင်းကုန်၏။

အထူးသဖြင့် ဆေးရုံမှ လက်လွှတ်လိုက်သည့် ကင်ဆာရောဂါ၊ လေငန်းလေဖြတ်၊ သွေးတိုးနှလုံး၊ ဆီးချိုရောဂါများကို ဆေးတစ်ခွက်နှင့်ပင် ပျောက်ကင်းလေ၍ ဆရာကြီး(ဘိုးတော်) ဖြစ်နေလေ၏။

တကယ်တော့ မည်သည့်ရောဂါပင်ဖြစ်စေ စက္ကူပေါ်တွင် အင်းချ၍ မီးရှို့ပြာချကာ ရေနှင့် တိုက်သောနည်းဖြင့် ကုသနေသည်သာ ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင်…

ထမင်းချက်ဆောင်သို့ ဦးမောင်မြိုင် ရောက်သွားလေရာ စကားစပ်ပြီး ပြောရင်း ရဲဘော်များက ကျည်ပြီးဆေး တောင်းရာ ထုံးစံအတိုင်း စက္ကူပေါ်တွင် အင်းကွက်ရေး၍ ကြက်လည်ပင်းတွင် ချိတ်ဆွဲပြီး (၃)ကိုက်အကွာမှ စတင်းသေနတ်ဖြင့်ပစ်ရာ ကျည်မထွက်သဖြင့် မိုးပေါ်ထောင်ပစ်လိုက်ရာ ကျည်ထွက်သွားလေ၏။

ရဲဘော်များက ထပ်မံ စမ်းသပ်လို၍ ရွာထဲမှ အချိန်(၃၀)ခန့် ဝက်တစ်ကောင်အား အင်းစက္ကူ ချိတ်ဆွဲ၍ ဂျီ(၃)ရိုင်ဖယ်ဖြင့် (၁၀)ပေအကွာမှ ပစ်ပြန်ရာ ကျည်မထွက်သဖြင့် လွန်စွာ ယုံကြည်သွားကြလေ၏။

ရဲဘော်များက တောင်းခံကြ၍ လည်ပင်း၌ လက်ဖွဲ့လိပ်ကလေးများကို အဆောင်အဖြစ် ချိတ်ဆွဲရန် ပြုလုပ်ပေးခဲ့လေ၏။

သားဖြစ်သူ လုံခြုံရေးတာဝန်မှ ပြန်လာ၍ သူ့အဖေအကြောင်း ကြားသိရသဖြင့် ရက်သည်ဟု ဆိုကာ ပြန်သွားစေခဲ့လေရာ ဦးမောင်မြိုင်(ခ)ဘိုးတော်မြိုင်သည် ရန်ကုန်သို့ ပြန်လည် ရောက်ရှိခဲ့ရလေ၏။

ဦးတင်မောင်က…

'ဘိုးတော်မြိုင်ဟာ ရန်ကုန်က မြို့နယ်တွေမှာ တပည့်တပန်းတွေက ပင့်လို့ ဆေးကုသပေးတယ်။ သူ့တပည့်တွေနဲ့ အတူ တန်ခိုးကြီးဘုရားတွေရှိရာ ခရီးထွက်ပြီး တရားထိုင်၊ အဓိဋ္ဌာန်ဝင်ပြီး ကမ္မဋ္ဌာန်းတရားတွေကို ကျင့်ကြံရာက တပည့်တွေ များလာတယ်။

တပည့်တွေထဲမှာလဲ လောတသားတွေ



ပါလာတော့ နှစ်လုံးတွေ၊ သုံးလုံးတွေ ဘက်လှည့်ပြီး တောင်းလာကြတယ်။ ဘိုးတော်မြိုင်ကတော့ ဘုရားတွေကို ထုံးသင်္ကန်း,ရွှေသင်္ကန်း ကပ်တာတို့၊ ဘုရားစေတီအဟောင်းတွေ ပြုပြင်တာတို့ လုပ်နေတော့ ငွေရှိမှလဲ ဖြစ်မှာမို့ တိုက်ရိုက်တော့ ဂဏန်းတွေ မပေးဘူး။

အခု ထမနဲလှူတဲ့ ဘာသာခြားမိသားစုကို ဘုရားကို ရွှေချနော်… ကြားလား "ရွှေချ" "ရွှေချ"လို့ ပြောတာကို သူတို့ဘာသာ ကောက်ပြီး "ရွှေ"က "၄" "ချ"က "၂"ဆိုပြီး ၄၂ ၂၄ ဆိုပြီး နှစ်လုံးထိုးလိုက်တာ တစ်သောင်းဖိုးဆိုလား ပေါက်သွားတယ်။

ဒါနဲ့… ဒီလောကနန္ဒာစေတီတော်ကြီးကို လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူခဲ့တယ်လေ။ တစ်ဦးတည်းမဟုတ်ဘူး။ သူတို့အဖွဲ့ပေါ့။ တစ်ယောက်ကို လေး,ငါးထောင် စသဖြင့် ပေါက်ကြတယ်ဆိုပဲ။

မှတ်မိသလောက် ဟိုတစ်ပတ်ကလဲ ဘုရားမှာပဲ စနေထောင့်မှာ နဂါးသိုက်ရှိတယ်ဆိုပြီး သူ့ပရိသတ်ကို "နဂါးရုပ်"လုပ်လို့ ပြောတာနဲ့ နဂါးဆိုတာ "ရ၂"ဆိုပြီး ထိုးလိုက်ကြတာ သောက်သောက်လဲပဲ။

ဘုရားလာတဲ့လူတိုင်း ပေါက်တယ်။ အဲဒီနောက် သူ့နောက်ကို လူတွေက တကောက်ကောက် လိုက်နေတော့တာပါပဲ။ တစ်ဖက်ကလဲ ဆေးပညာက စွမ်းနေလေတော့ "ဘိုးတော်မြိုင်… ဘိုးတော်မြိုင်" ဆိုပြီး ထင်ရှားကျော်ကြားလာတာပါပဲ'

ဟု ပြောလေ၏။ ဦးသောင်းကလည်း ပြောပြန်လေ၏။

'အသက်က (၈၀)နားနီးလာတော့ ပြီးခဲ့တဲ့အပတ်က လူကြီးရောဂါနဲ့ ဆုံးတာလို့ သိရတယ်။ ကျုပ်တို့ သူ့အသုဘ လိုက်ပို့တော့ စည်ကားလိုက်တာ မပြောပါနဲ့တော့'

ကျွန်ုပ်က…

'ဘိုးတော်မြိုင်ရဲ့ အင်းတစ်ကွက်ကို ဘယ်သူရလိုက်သလဲ'

ဟု မေးရာ ဦးတင်မောင်က…

'ဒီသတင်းတော့ မကြားပါဘူး။ သူ့တပည့်တွေထဲက ထိုက်တဲ့သူ တစ်ယောက်တော့ ရသွားမှာပေါ့လေ'

ဟု ပြောရင်း အချိန်လည်း လင့်သွားပြီဖြစ်သဖြင့် ကျွန်ုပ်တို့လည်း လူစုခွဲ၍ ပြန်လာလေတော့၏။

**မှတ်ချက် ။ ။ ဆွေမျိုးသားချင်းများ သက်ရှိထင်ရှား ရှိနေ၍ မြို့၊ ရွာအမည်များကို ပြောင်းထားပါသည်။*(စာရေးသူ)***


**တစ်မိုးအောက်**



www.burmeseclassic.com

www.burmeseclassic.com





ခွေးလှေးယားမြစ်များ အခြောက်လှန်းထားပုံ

# ခွေးလှေးယားမြစ်

## မှိုမတက်၊ ပိုးမစားအောင် သိမ်းဆည်းနည်း

ကျွန်ုပ်သည် တိုင်းရင်းဆေး ဖော်စပ်သုံးစွဲရသည်ကို ဝါသနာပါသဖြင့် ဆေးဖက်ဝင် ဆေးမြစ်၊ ဆေးဥ၊ ဆေးရွက်၊ ဆေးကိုင်း၊ ဆေးသီး အချို့ကို စုဆောင်း သိမ်းဆည်းထားပါသည်။

ခွေးလှေးယား အရိုင်းမြစ်များကို လိုအပ်သောအခါ အဆင်သင့် သုံးနိုင်ရန်အတွက် တောမှ ဆွေမျိုးများကို တူးပြီး ကျွန်ုပ်ထံ ပို့ပေးစေခဲ့ပါသည်။

ကျွန်ုပ်ထံ ရောက်သောအခါ ခွေးလှေးယားမြစ်များကို အလောတော် ဖြတ်တောက်၍ နေလှန်းထားပါသည်။ ခြောက်သွေ့သွားသောအခါ အိတ်တစ်အိတ်တွင် ထည့်၍ သိမ်းဆည်းထားခဲ့ပါသည်။

တစ်နေ့တွင် အသုံးပြုရန် လိုအပ်သဖြင့် ထို ခွေးလှေးယားမြစ်များကို ထုတ်ယူသောအခါ မှိုတက်ခြင်း၊ ပိုးစားခြင်း ဖြစ်နေ၍ သုံးမရတော့ကြောင်း တွေ့ရှိရပါသည်။

ကျွန်ုပ်နှင့် ခင်မင်ရင်းနှီးသူ **''ဦးမင်းသူအောင်'' ''ငွေခဲလေး''ပရဆေးဆိုင်၊ တောင်ဥက္ကလာပမြို့နယ် (နန္ဒဝန်ဈေး)**အား ခွေးလှေးယားမြစ် တာရှည်ခံအောင် ထားသိုနည်းစုံစမ်းရာ...

'ခွေးလှေးယားမြစ်ကို အခြောက်လှန်းပြီး ပျားရည်နဲ့စိမ်ထား၊ ဆီနဲ့စိမ်ထား၊ လက်ချားမှုန့်နဲ့လှော်ထား၊ သုံးခါနီးမှ ထုတ်ယူသုံးစွဲရင် အာနိသင်မပျက်၊ မှိုမတက်၊ ပိုးမစားနိုင်ဘူး'

ဟု ရှင်းပြပေးပါသည်။

နောက် မိတ်ဆွေတစ်ဦးကမူ ရေခဲသေတ္တာထဲထည့် သိမ်းထားကြောင်း ပြောပြသည်။ ခွေးလှေးယားမြစ်ကို အချိန်ကြာကြာ ထားလိုသူများ ဆောင်ရွက်နိုင်ကြရန် ဖော်ပြပေးလိုက်ပါသည်။

**ဆရာအောင်**



www.burmeseclassic.com



## ရေတံခွန်တောင်ဝင်းကြောင်းဆက်

သီလ (ရေတံခွန်တောင်)

ကျွန်တော်

[ ၁ ]

မြူတွေဆိုင်းနေတဲ့ အရှက်တက်မှာ...

'တကူကူ...ကူး...တကူကူ...ကူး'

တဲ့။ ချိုးကူသံလေး ကြားလိုက်ရတယ်။

နေ့လယ်ပိုင်းကျတော့ ကားလမ်းပေါ်မှာ လေရူးတွေကြောင့် ဝေနေတဲ့ လေပွေရိုင်းတွေ မြင်လာရတယ်။

မြောက်ပြန်လေကို တောင်လေ နှောတော့ပြီလား...

နွေရောက်တော့ နီးတော့တာလား...

သမထသမား သမာဓိအားတွေ လျော့သွားလိုက်တာက ပြတင်းတံခါးကနေ အပြင်လောကကြီးကို ငေးမောမိနေလိုက်တဲ့အဖြစ်ကို ရောက်ရော။

[ ၂ ]

ကျွန်တော်တို့ ပုတီးစိပ်တော့မယ်ဆိုတော့ ပေသီးပုတီးလေးတွေ ဝယ်ကြရတယ်။ တစ်ယောက်စကားတစ်ယောက်နားနဲ့ သိပြီး ဝယ်ကြတာပါပဲ။

ရေတံခွန်တောင်ဆရာတော်ကြီးက **"ပေပုတီး"**ကို **"ပါပုတီး"**လို့ ပညတ်ခေါ်ဝေါ်တယ်။ ကိုယ်လုပ်တာကိုယ့်နောက်ပါအောင်ဆိုတဲ့ သဘောနေမှာပါ။

အဲဒါ ပုတီးလေး ဝယ်လာပြီး မစိပ်ခင် ဆရာတော့်အပ်ကြတယ်။ အဲဒီအခါ ဆရာတော်က ယူပြီး လေး,ငါး

www.burmeseclassic.com



လုံး စိပ်ပေးတယ်။ ပြီးရင်…

'ကိုင်း…ရော့'

နဲ့ ပြန်စွန့်တတ်တယ်။

အဲဒါ ဆရာတော်က **"ကိုယ့်ပုတီးလေး ကိုယ့်လည်ပင်း ဆွဲထား"**လို့လဲ မိန့်တတ်တယ်။

အဲ…ကိုယ်စိပ်နေတဲ့ ပုတီး လူပေးရင်ကျ မကြိုက်ဘူး။ မပေးရဘူး။ ပုတီးက ပုတီးစေ့လေးတွေ အရောင်နက်လာရင်လဲ…

'စွပ်ပြီကွ'

နဲ့ စွဲပြီး စိပ်ဖြစ်အောင် မိန့်ပြန်တယ်။ ပုတီးစိပ်ရင်လဲ…

'ပတ်ရေ မယူနဲ့။ ဓာတ်ရေယူ။ ဓာတ်ပိုင်မှ နတ်နိုင်တာ။ နတ်နိုင်မှ ဂြိုဟ်မတာ'

နဲ့ မိန့်ပြီး အချိန်မှန်မှန် အချိန်ကြာမြင့်ချိန် သတ်မှတ်ပြီး စိပ်ပွားစေတယ်။

**အဲ…တစ်နာရီကြာလာရင် "နေကမ္ဘာ",**
**နှစ်နာရီကြာကြာ စိပ်နိုင်လာရင် "လကမ္ဘာ"**
**လေးနာရီကျ "နေကမ္ဘာ"**

နဲ့ ဓာတ်သဘောတွေ မိန့်ပြတတ်တယ်။

နောက် ပုတီးစိပ်နေတုန်း ခြေလှုပ်လက်လှုပ်ရင်လဲ မရဘူး။ တင်ပျဉ်ခွေထိုင် ငြိမ်ငြိမ်လေးနေမှ။

[ ၃ ]

အဲဒီမှာ…

'ငါက မနောကံထဲမှာ နေတာကွ'

နဲ့ ဆရာတော်ကြီးက မိန့်ခဲ့တာလဲ ရှိတယ်။

**'ဘယ်လို မနောကံထဲမှာ နေတာပါလိမ့်'**

'ဘာမှန်းမှ မသိတော့တဲ့အဆင့်ထိ စိပ်ကွာ'

တဲ့။

ကျွန်တော် တွေ့တဲ့အချိန်မှာ ဆရာတော်ကြီးက ပုတီးမကိုင်တော့ဘူး။ ဒီလို ပုတီးမကိုင်ရတော့မယ့် အချိန်ကို မိန့်တယ်လို့ပဲ ကျွန်တော် သဘောပေါက်လိုက်မိတယ်။

ဒီလို အဆိုအမိန့်တွေက နှစ်ဆယ်ချီ ကြာခဲ့ပါပြီ။

ဟိုတစ်လောကတော့ ကျွန်တော် ပုတီးစိပ်ရင် ဆက်စိပ်မရဘဲ ငုတ်တုတ်ကြီး ဖြစ်ဖြစ်နေတယ်။

အဲလို ဖြစ်ရင် တစ်ကိုယ်လုံး အေးစိမ့်ပြီး ငြိမ်းငြိမ်းကြီး



ဖြစ်ဖြစ် ကျန်ရစ်တတ်တယ်။ အစားမစားချင်။ လူထဲမနေချင်နဲ့။

ခက်နေတော့တယ်။

[ ၄ ]

တစ်နေ့ဆီကတော့ တစ်မျိုး ဖြစ်လာပြန်ပါတယ်။

စိပ်လိုက်တယ်။ မကြာဘူး အရှိန်နဲ့ ပစ်တင်လိုက်သလို လက်နဲ့ မစိပ်တော့ဘူး။ စိတ်နဲ့ ဆက်စိပ်နေသွားတော့တယ်။ ဒါက နာရီဝက်လောက် ခံတယ်။

ဒီလိုနဲ့က သုံးရက်ကြာ ဖြစ်ပွားခဲ့တယ်။

သိချင်စိတ်က…

**ဒါဟာ ဆရာတော့်လမ်းကြောင်းအတိုင်း မှန်ပါရဲ့လား…သွေဖည်သွားပြီလား…**

***သီလ(ရေတံခွန်တောင်)***

F.31B. July, 2019.



www.burmeseclassic.com

www.burmeseclassic.com





◆ တောင်ပေါ်ရှိ ဂန္ဓကုဋိတိုက်

မိုးမိုး

# ဘုရားပြင်ခြင်းနှင့်

## ထူးခြားဆန်းကြယ်သော ဖြစ်ရပ်ဆန်းများ [အပိုင်း(၂) နိဂုံးပိုင်း]

ယခင်လမှ အဆက်

### မိုးတားဆရာကြီး အဘိုးစော

'မြန်မြန်လုပ်ကြဟေ့…မိုးတွေ အုံ့လာပြီ၊ ကြွေပြားတွေက အခုမှကပ်ထားတာ အင်္ဂတေခြောက်ဦးမှာမဟုတ်ဘူး။ မိုးရွာလိုက်ရင် အကုန်ပျက်စီးသွားမှာ အုပ်ဖို့ဆိုင်းဖို့ တာလပတ်တွေ ရှာထားကြဟေ့

ရာသီဥတုက ပြောင်းသွားပြီး လုပ်ရင်းကိုင်ရင်း မိုးလယ်သို့ပင် ရောက်လာသည်။ လုပ်ငန်းက မပြတ်သေး။ ဘုရားပတ်ဝန်းကျင်ကတော့ တစ်စတစ်စ စိုပြည်လာပြီ။ ပောဓိပင် ပဥ္စဝဂ္ဂီ(၅)ဦးနှင့် သလင်းဘုရား၊ ဗျာဒိတ်ပေးဘုရား၊ တန်ဆောင်းက လေးခု၊ ဘိုးတော်များထားရန် တန်ဆောင်း၊ တန်ဆောင်းများအားလုံး ကိုယ်ပိုင်မီးစက်ကြောင့် ထိန်ထိန်လင်းနေသည်။

အနီးအနားရွာမှလည်း ဘုရားဖူးလာကြပြီ ဥပုသ်စောင့်သူ စောင့်၊ တရားထိုင်သူက ထိုင်၊ ဖိုထိုးသူက ထိုးနှင့် စည်ကားစပြုလာသည်။

မိမိတို့က ပြုပြင်ဆဲ၊ မိုးကုန်လျှင် ဘုရားတစ်ဆူလုံး ရွှေသင်္ကန်းကပ်ရန် လျာထားသည်။ ယခုဘုရားက ရွှေရောက်တစ်ဝက် ငွေတစ်ဝက် ဖြစ်၍ ကြည့်ရတာ အဆင်မပြေ။

ငွေအင်အား လူအင်အားနှင့် ဖို၍ လုပ်ကြသည်။

မိုးတွင်းလည်းမရောင် ယခုတော့ ခက်ပြီ ကြွေပြားကပ်၍ (၅)မိနစ်မျှ မကြာသေး။ မိုးတွေ အုံ့လာသည်။ လျှပ်ရောင်က တဝင်းဝင်းသွားပြီး စိတ်ပျက်လက်ပျက်နှင့် အဘိုးစော ရှိရာ တိုက်ကလေးထဲသို့ ဝင်လာသည်။

အဘိုးစော ခုတင်ဘေး အသာကပ်ပြီး ကြမ်းပြင်နှံ့ ခင်းထားသည့် မွေးပွကော်ဇောပေါ် ဒူးထောက်၍…



www.burmeseclassic.com

www.burmeseclassic.com



'မိုးပေါ့ အဘိုးရာ… အလုပ်ကို ကောင်းကောင်း မလုပ်ရဘူး။ အဘိုး တားနိုင်ရင် တားပေးစမ်းပါ အဘိုးရာ'

လုပ်နိုင်မယ်လည်း မထင်ပါ။ အားကိုးရာ၍ ပြောမိပြောရာ ပြောမိခြင်းသာ ဖြစ်သည်။ ဒါပေမယ့် အဘိုးစောက…

'ဟော့ကောင် ဘယ်လောက်ကြာကြာဆိုရမလဲ'

ဟု မေးလာပါသည်။ စာရေးသူပင် ခပ်ကြောင်ကြောင် ဖြစ်သွားသည်။

'ဗျာ…အဘိုး ဘာပြောတာလဲ'

'အေးလေ…မင်းပဲ မိုးမရွာအောင်လုပ်ပေးဆို တစ်သက်လုံး မရွာအောင်တော့ မလုပ်နိုင်ဘူး။ (၁)နာရီ (၂)နာရီလောက်တော့ လုပ်ပေးနိုင်တယ်'

'ဟာ…အဘိုး အဲဒါဆို (၁)နာရီလောက်ဆိုရပြီး အငံတောက နာရီဝက်လောက်ဆို ခြောက်ပြီ'

အဘိုးစောက ဘုရားစင်ပေါ်မှ ဖယောင်းတိုင်တစ်တိုင်ကို မီးထွန်း၍ ရှင်ဥပဂုတ္တမထေရ်မြတ်ထံ သွား၍ ဝတ်ပြုနေသည်။

ပါးစပ်မှလဲ တတွတ်တွတ် ရွတ်နေသည်။ ခဏကြာတော့ ပြန်ရောက်လာပြီး…

'ကဲ လုပ်ကြတော့ဟေ့ (၂)နာရီလောက်ကတော့ မိုးမရွာစေရဘူး'

ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်နေသည်။ လျှပ်ရောင်ကလည်း တဝင်းဝင်း၊ တောင်ပေါ်ရှိ ဝါးပိုးပင်ကြီးများကလည်း လေကြမ်းကြောင့် ယိမ်းညွတ်နေကြသည်။ အဝေးမှ မိုးကြိုးပစ်သံ တစ်ချက်ကြားလိုက်ရသည်။

အားလုံးက မိမိကို လှမ်းကြည့်နေကြသည်။ မိမိအဆုံးအဖြတ်ကို စောင့်နေကြသည်။ ဘယ်လိုပဲ ဆက်လုပ်ရမှာလား ဆိုသည့်သဘော မိမိကတော့ အဘိုးကို ယုံသည်။ တစ်ခါမှ မကြုံဘူးသော်လည်း ခေါင်းညိတ်ပြလိုက်သည်။ ဆက်လုပ်ကြဟူသည့်သဘောပင်။

ပတ်ဝန်းကျင်တစ်ခုလုံး မည်းသထက် မည်းမှောင်သထက် မှောင်လာသည်။ လေက ပိုကြမ်းလာသည်။ သစ်ကိုင်းများ တဖြောင်းဖြောင်း ကျိုးကျသံ ကြားနေရသည်။

ထိုနေ့က မိမိတို့လုပ်ထားသော ကြွေပြားများကို တာလပတ် မအုပ်လိုက်ရပါ။ တောင်ပေါ်မှ ပြန်ဆင်းတော့ တောင်ခြေတစ်ခုလုံး ရေတွေဖွေးနေသည်။

တောင်ပေါ်မှာ မိုးတစ်စက်မှ မကျ။ နောက်တစ်ကြိမ်က ပိုထူးဆန်းသည်။ ရောက်တာကလည်း နောက်ကျ လုပ်ရကိုင်ရတာကလည်း များလှသဖြင့် ပြန်ချိန်နောက်ကျနေသည်။ မပြန်လို့ကလည်း မဖြစ်။

မနက်ဖြန် အားလုံးရုံးတက်ရမည် အချိန်ကလည်း (၈)နာရီကျော်ပြီ။ မိုးမှောင်ကလည်း ကျနေသည်။

'ကဲ…ပစ္စည်းတွေ သိမ်းကြ၊ မဖြစ်ဖြစ်အောင် ပြန်မယ်။ လက်နှိပ်ဓာတ်မီး ပါတဲ့သူက ရှေ့ကသွား။ ငါ အဘိုးကို ဝင်ပြောလိုက်ဦးမယ်'

ဟု ပြောပြီး အဘိုးအခန်းထဲ ဝင်၍…

'အဘိုး ကျွန်တော်တို့ ပြန်ဦးမယ် မိုးလေး နည်းနည်းတားပေးပါဦး'

ယခင်ကလို ပေါ့ပေါ့တန်တန် ပြောခြင်းမဟုတ်။ ယုံကြည်မှုအပြည့်နှင့်ဖြစ်ပါသည်။

'အေးပါကွာ မင်းတို့ အေးအေးဆေးဆေးပြန်ကြ၊ ငါ ကြည့်လုပ်လိုက်မယ်'

ရှေ့ကသွားသည့် ဝင်းနိုင်က လမ်း မမှတ်မိတော့။ တောင်ခြေပြန်ရောက်လိုက်၊ လယ်ကွင်းအစပ်ဘက် ရောက်သွားလိုက်နှင့် ချာလပတ်လည်နေသည်။

နာရီဝက်ကျော် နောက်ကျသွားသည်။ ကားပေါ်ရောက်၍ အားလုံး လူစုံပြီလား မေးရုံရှိသေးသည်။ မိုးက ရွာလာသည်။ သဲကြီးမဲကြီးပင်။

ဝင်းနိုင်ဆို ယနေ့အထိ ပြော၍ မဆုံး…

'ဘယ်လို ဖြစ်တာလဲ အဘရဲ့ ဒီလောက် လမ်းတွေမှားပြီး အချိန်ကြာနေတာတောင် ကားပေါ်တက်ပြီးမှ မိုးက ရွာတယ်။ အဲဒါ ဘယ်လိုဖြစ်တာလဲ'

စာရေးသူလဲ မဖြေနိုင်။

---

### ထီးတော်လှူရန်

### အကြောင်းဖန်လာပုံ

---

'အဘ ဘုရားက ဟာမိုနီ ပျက်နေသလိုပဲ'

ကျော်ကျော်လွင်က ပြောသည်။ စာရေးသူပင် ကြောင်သွားသည်။ ဒီကောင်က လေးမွန်ထွေးမွန်တို့ ဦးလေဇာဇာနှင့် အလွန်တူသည်။ လူကပိန်ပြီး ရှည်သလောက် စကားလုံးက ဝဝပြောတတ်သည်။

'မင်းဟာက ဘာလဲကွ ကျော်ကျော်လွင်ရ'

'ကြည့်လေ အဘရ… ဘုရားတစ်ခုလုံး ရွှေရောင်ဝင်းနေပြီး ထီးတော်ကျမှ သံချေး အထပ်ထပ်နဲ့ ကြည့်ရတာ တစ်ခုခု ချို့ယွင်းနေသလိုပဲ'

'သွားမလုပ်နဲ့ ကျော်ကျော်၊ ဘုရားစပြင်ကတည်းက သာကေတက ဦးမြင့်ဆွေ



www.burmeseclassic.com



◆ အောင်သာဆိမ့် လှူဒါန်းထားသည့် ထီးတော်

တို့အဖွဲ့က ထီးတော်တင်ဖို့ တာဝန်ယူပြီး သား။ ထီးတော်လဲ တောင်ပေါ်ရောက်ပြီး သား။ မင်း မတွေ့ဘူးလား။ ရမ်းလုပ်လို့ မဖြစ်ဘူးကွ။

ထီးတော်တင်တာ သူကံနဲ့သူ ဖြစ်လာ တာ အေးအေး နေစမ်းပါကွာ။ တို့အလုပ် မဟုတ်ပါဘူး'

ဆိုပြီး ခပ်အေးအေး နေကြသည်။

တစ်နေ့ ဘုရားပြင်အဖွဲ့ ခေါင်း ဆောင်ဦးဂျင်မီနှင့် ခြံပိုင်ရှင်ဦးစိန် သောင်းတို့ ကုမ္ပဏီသို့ အစောကြီး ရောက်လာသည်။ ဆိုင်ပင်မဖွင့်သေး၍ လမ်းဘေးလက်ဖက်ရည်ဆိုင် ဝင်ထိုင်ကြသည်။

'ကဲ…ပြော စောစောစီးစီး ဘာ ဖြစ်လာကြလဲ'

ဦးစိန်သောင်းက ပြောရခက်နေ သည့်ပုံနှင့်…

'အားတော့ နာတယ် ဦးစိုးရှိန်ရာ' ဟု စကားစသည်။

လူပေါင်း(၂၀, ၃၀)လောက်သာ ရှိသည့် ဤတောင်ပေါ်တွင် စိန်သောင်းမှာ (၂) ယောက်ဖြစ်နေ သည်။ တစ်ဦးမှာ ယခုခြံပိုင်ရှင် ဦးစိန်သောင်းဖြစ်၍ ကျန်တစ်ဦးမှာ ဗိုတိုးနေသည့် ဆံသဆရာ စိန်သောင်းဖြစ်သည်။

သို့ဖြစ်၍ မိမိတို့အဖွဲ့က အလွယ် တကူပင် ဝါးပိုးခြံပိုင်ရှင် စိန်သောင်းကို ဝါးပိုးစိန်သောင်းဟူ၍ လည်းကောင်း၊ ဆံပင်ညှပ်ဆရာ၊ ဗိုဆရာစိန်သောင်းကို ဆံသ စိန်သောင်းဟူ၍ ခေါ်လိုက်သည်။

လူနာမည်သာ တူသည် တစ်ယောက်နှင့် တစ်ယောက် ဆင် နှင့် ဆိတ်လောက် ကွာသည်။ ဝါးပိုး စိန်သောင်းက ပေါင်(၁၈၀)လောက် ရှိ၍ ဆံသစိန်သောင်း ပေါင်(၈၀) လောက်သာ ရှိသည်။

ဦးစိန်သောင်းက ပြောရခက်နေ ပုံရသော်လည်း ဦးဂျင်မီမှူ အားနာပုံ မပေါ်။ တည့်တည့်ပင် ဖွင့်ပြောလာ သည်။

'ဒီလို ဆရာဦးစိုးရှိန်ရ… ကျွန်တော်တို့ ဘုရားမှာ တင်မယ့် ထီးတော်က အပေါင်းကြီး ဖြစ်နေတယ်။ ဆေးမြန် မှုတ်ထားတာ အသစ်မဟုတ်ဘူး။

အခု ဆေးတွေ ကွာလာမှ သိတာ ဒါကြောင့် ထီးအကာတွေကို သွားမေးကြည့် တော့ လယ်မယား ရန်တွေဖြစ် အိမ်ပေါ်က ဆင်းတဲ့လူက ဆင်းနဲ့ စီးပွားတွေလဲ ပျက်နေကြပြီ။ ရွာကလူတွေကလဲ ထီး တော်အပေါင်းကို မထင်ချင်ကြဘူး။

အဲဒါ ဆရာ့ကို လာ အကူအညီတောင်း တာ ထီးတော်တင်မယ့် ပွဲတော်ရက်ကလဲ ကပ်နေပြီ မဟုတ်လား'

'နေဦး ဦးဂျင်မီ… ကျုပ် ရမ်း မလုပ်ရဲဘူးဗျ။ အဘိုးကို တိုင်ပင် ကြည့်ဦးမယ် သူက လှူဆိုရင် ကျွန်တော်လှူပါမယ်။ တန်ဖိုး ဘယ်

www.burmeseclassic.com



လောက်ရှိမလဲ'

ဦးဂျင်မီက ခေ့စပ်သည်။ အားလုံး စုံစမ်းပြီး မေးပြီးမြန်းပြီး ခေါင်းလောင်းအပါ ကျပ်(၉၀၀၀၀/)ကျမည်ဟု ပြောသည်။

ငွေရေးကြေးရေးက အကြောင်းမဟုတ် ထီးတင်သည့်အကြောင်း ဟိုနားဒီနား တစ်စွန်းတစ်စ ကြားဖူးသည်။ ခိုက်သည်တို့ ထီးတော်တင်ပြီး ပုံလွန်သွားသည့် ဆရာတော်များ အကြောင်း ရင်ထဲ ကူးစက်လာသည်။

'စေတီဆိုတာ ထီးတော်တင်ပြီးတာနဲ့ ဒီဘုရားဟာ ပြီးပြည့်စုံသွားပြီး စိုးရိုန်ရ ဒီဘုရားကို လူတကာ ရှိခိုးကြတော့မယ် သူတော်ကောင်းတွေပါမယ်။ ရိုးရိုးလူတွေလဲ ပါကြမယ်။ အရိယာဆိုတဲ့ ရဟန်းရှင်နဲ့ လူတွေလဲ ပါကြလိမ့်မယ်ကွ။

နတ်တွေဗိုဇ္ဇာတွေကလ ဘုရားရှင် အမှတ်နဲ့ ရှိခိုး ပူဇော်ကြလိမ့်မယ်။ အဲဒီလို လူတကာရှိခိုးရမယ့် စေတီကို ပဋ္ဌာန်းဆက် ဓာတ်ဆက် ရေးပါရမီ မပါတဲ့နဲ့တော့ ဝဋ်မှာ ပိုက်ဆံရှိတယ်၊ ဘုရားထီးတွေကို လိုက်တင်မယ်ဆိုပြီး လုပ်လို့မရဘူးကွ။

တင်လို့ကိုမရဘူး အကြောင်းအမျိုးမျိုးနဲ့ ပျက်တာပဲ။ အေး... ဖွတ်အတင်းတင်ပြန်လဲ ပြဿနာ ဖြစ်တော့တာပဲ။

အခု ထီးတော်တင်မယ့်ကိစ္စ မင်းဆီ ရောက်လာပြီဆိုတော့ မင်းနဲ့ထိုက်လို့ပဲ မင်းမှာ ရေးက ပါရမီပါလို့သာ ထီးတင်မယ့်အခွင့်အရေးရတာ ရဲရဲသာလုပ် ဘာမှ မကြောက်နဲ့ကွ'

လို့ အဘိုးက ညွှန်ကြားလာပါသည်။

သို့ရာတွင် ကိုယ့်ဝမ်းနာ ကိုယ်သာ သိဆိုသလိုပင်။

'အဘိုး ကျွန်တော်က သူတော်ကောင်း မဟုတ်ဘူး အဘိုးရဲ့'

'ဟေ...မင်းက သူတော်ကောင်း မဟုတ်ဘူးလား'

'မဟုတ်ဘူး အဘိုးရဲ့'

'ဘာလုပ်လို့လဲ'

'အရက်သောက်တယ် အဘိုးရဲ့'

'နောက်ကော'

'ဒါပဲ အဘိုးရဲ့'

'မူးရစ်ရမ်းကားနေသလား'

'ဟာ... အဘိုးကလဲ ကျန်းမာရေး အတွက် တစ်နေ့ (၂)ပက် (၃)ပက် လောက် သောက်တာပါ'

'ဒါဆို ရဲရဲသာလုပ်ကွာ'

မနက်စောစော ကားတစ်စီး ငှားပြီး ကြည့်မြင်တိုင် ဗားဂရား ကုန်းဆင်းသို့ သွားကြသည်။ ဦးဂျင်မီက ခေါင်းလောင်း အရေအတွက် ထီးတော်အတိုင်းအတာကို စစ်ဆေးသည်။ ပြီးတော့ ငွေလက်ငင်းချေ၍ တောင်ပေါ်သို့ ညတွင်းချင်း ပို့ဖြစ်သည်။

သူများတွေ ဆိုင်းတွေ,ဗုံတွေ, ဗြဟ္မာရုပ်တွေနှင့် ခြိမ့်ခြိမ့်သဲသဲ လှည့်လည်၍ ထီးတော်ကို အပူဇော်ခံနေစဉ် မိမိတို့ ထီးတော်မှာ တိတ်ဆိတ်ဆိတ်ဆိတ် တောင်ပေါ် ရောက်သွားသည်။

ထီးတော်ရောက်သွားပြီး (၃)ရက်မြောက်နေ့၌ ထီးတော်တင်ခြင်း၊ အနေကဇာတင်ခြင်း၊ ဆွမ်းကပ်ခြင်း တို့ကို ဆောင်ရွက်ဖြစ်သည်။ ထီးတော်တင်နေစဉ် မိမိတို့အဖွဲ့ မသွားနိုင်။ အလုပ်ချိန် ဖြစ်သည်။ ပိတ်ရက်လည်းမဟုတ် ညနေမှာ သွားနိုင်မည်။

ဒီတစ်ခါတော့ ဖနီးသည်က သူပါလိုက်မည်ဟု ပြောလာသည်။ ဝန်ထမ်းအားလုံးကို ပြောလိုက်သည်။

'မင်းတို့ မိန်းမတွေပါ ခေါ်ခဲ့ ညအိပ်မယ်။ မနက်ကို ဆွမ်းကပ်မယ် ညနေ(၄)နာရီ ထွက်မယ်'

ဟု စီမံလိုက်စဉ် တောင်ပေါ် ရောက်တော့ (၅) နာရီခွဲနေပြီး နှင်းမှုန်လေးများပင် ကျစပြုနေသည်။

ထီးတော်က တင်ပြီးပြီ ငြမ်းကတော့ မဖြုတ်ရသေး။ ဆရာတို့ ရွှေမိုးငွေမိုး ရွာနိုင်အောင်လို့ မဖြုတ်သေးတာဟု အကြောင်းပြသည်။ ဇနီးသည်နှင့်အတူ ရွှေမိုးငွေမိုး ရွာလိုက်ရသည်။ (၂၀၀/)တန် အသစ်ကျပ်ချွတ်(၃)အုပ် တက်တက်ပြောင်သွားသည်။

ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း အားလုံးကို တာဝန်ခံ ဆောက်ရွက်နေသည့် လက်သမားဆရာကြီး ဦးနွတ်ခမ်းမွေး၏ မျက်နှာနှင့် ငွေစက္ကူလိုက်ဖမ်းနေသော လက်မှာ ယနေ့အထိ မျက်စိထဲ ထင်ရှားနေဆဲဖြစ်သည်။

ထီးတော်တင်ခြင်းကိစ္စ ပြီးဆုံးပြီ။ မနက်မှ ဘုရားအနေကဇာတင်ခြင်း၊ ဆွမ်းကပ်ခြင်းကို လုပ်ကြမည်။ လူအားလုံးလည်း ပင်ပန်းနေ၍ ကိုယ့်အတွဲနှင့်ကိုယ် ဖျာခင်းသူ ခင်း၊ အိပ်ရာလိပ် ပြင်သူပြင်နှင့် အလုပ်ရှုပ်နေကြသည်။

ဤနေရာ၌ စာရေးသူဇနီးသည် အကြောင်း အနည်းငယ် တင်ပြလိုသည်။ ရှမ်းပုဒ္ဓဘာသာတစ်ဦးဖြစ်ရုံမက ဘုရားတရား အလွန် ကြည်ညိုသည်။ (၂၄)နာရီတွင် (၁၀)နာရီလောက် ဘုရားခန်းထဲမှာ ရှိသည်။

မည်မျှ ဆင်းရဲဆင်းရဲ သံဃာတော်များအား နိုင်သလောက် ဆွမ်းလောင်းသည်။ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်းအမှုကို နှစ်ပေါင်းများစွာ



www.burmeseclassic.com

www.burmeseclassic.com



◆ မြပြင်ပြီး ဘုရားအခြေအနေ

ပြုလုပ်လာသူ ဖြစ်သည်။

အနယ်နယ်အရပ်ရပ် ဘုရားပေါင်းစုံကို ရောက်ဖူးပြီး ဘုရားပြင်ခြင်းအမှုကို မိမိထက်စော၍ ပြုလုပ်ခဲ့သူဖြစ်သည်။

ဘုရား ပရိတ်တရားအားလုံးကို ရပြီး အတိုအထွာ ဂါထာပေါင်းစုံကိုလည်း အာဂုံရသူဖြစ်ပါသည်။

စာရေးသူ၏ တရားအရာ၌ မူလပထမ ဆရာအစစ်လဲ ဖြစ်ပါသည်။

## ကင်း စောင့်ရခြင်း

ထီးတော်ကိစ္စပြီး၍ ငြမ်းလည်း ဖြုတ်လိုက်သည်။ လရောင်နှင့် ရွှေရောင်ဝင်းနေသော သက်န်း အသစ်စက်စက် ထီးတော်နှင့် ဖူး၍ မဝနိုင်။ ကိုယ်တိုင်လုပ်၊ ကိုယ်တိုင် ရွှေ သင်္ကန်းကပ်ထားသော ဘုရား ကိုယ်တိုင်ဖူးရသည်မှာ အခြားဘုရား ဖူးရသည်နှင့်မတူ ဆီမီးများ၊ အမွှေးတိုင်များ ပူဇော်၍ မိမိတို့လင်မယား တရားထိုင်ရန် စီစဉ်ကြသည်။

နှစ်ဦးစလုံး ယောဂီအဝတ်နှင့်ဖြစ်၍ ဇနီးသည်က ယောဂီရောင် တဘက်ကို ပခုံးပေါ်လွှာထားသည်။ အချိန်ကို ကြည့်လိုက်ရာ ည(၈)နာရီကျော်ပြီ။ တရားထိုင်ရန် နေရာယူရုံရှိသေးသည် ကင်းခြေများ အကောင်များ ထောင်နှင့်ချီ၍ ဘုရားရင်ပြင်ပေါ် တက်လာသြည်။

အကောင်များမှာ နီရဲနေပြီး (၆) လက်မမှ (၁)ပေခန့်အထိရှိသည်။ တစ်ခါမှ ဤမျှများပြားသော ကင်းတွေကို မမြင်ဘူးပါ။ အိပ်မည့်သူတွေလည်း မအိပ်ရဲကြတော့ အားလုံး ဟိုပြေးဒီပြေး ဖြစ်ကုန်သည်။

ခြံရှင်ဦးစိန်သောင်းပင်လျှင် သူ့ခြံမှာ ကင်းများရှိသည်ကို မသိ။ (၁)ကောင်၊ (၂)ကောင်လောက်သာ လှစ်ခနဲ မြင်ဖူးသည်။

ယခုလို ထောင်သောင်းချီ၍ ပေါ်လာတော့ အံ့သြနေသည်။ ကင်းများ မရေနိုင်လောက်အောင် များသော်လည်း မည်သူမျှ ကင်းအကိုက်မခံရပါ။

ဦးအေးသန်းဇနီးက မတိုးမကျယ် ညည်းသည်။

'ဘုရားဖူးလာလိုက်ကြတာ လူတွေတောင် နေစရာမရှိတော့ဘူး'

ကင်းတွေကြားကပင် တရားထိုင်ရန် ပြင်ဆင်ရသည်။ ဟိုအဝေးက ဖိုတဲတွင် ဖိုထိုးနေသော ဦးစိန်သောင်းနှင့် အရှုးဒွေးမြင့်ကို လှမ်းမြင်နေရသည်။ ထူးထူးခြားခြား အရှူးဒွေးမြင့်ကလည်း ယနေ့မှ မိမိပေးထားသော ယောဂီဝတ်စုံကို ဝတ်လာသည်။

'ကဲ… အသေးလေး မင်း ငါတို့လင်မယား တရားထိုင်နေတုန်း ကိုယ်ပေါ်ကို ကင်းတွေ မတက်အောင် မင်းကြည့်ပေတော့ အဲဒါမှ ကင်းစောင့်တာ အစစ်ပဲ။ ဘယ်လောက် ကြာမလဲလို့တော့ မပြောတတ်ဘူး။ ငါတို့လင်မယား မထ



www.burmeseclassic.com

www.burmeseclassic.com



မချင်း မင်း ကင်းစောင့်

ခေတ်စီးခြင်းလော ဘာလော

တရားကို အကြိမ်ကြိမ် စာရေးသူ ထိုင်ဖူးပါသည်။ ရိပ်သာများ၌ လည်းကောင်း၊ တောတောင်များ တွင်လည်းကောင်း၊ မိမိအိမ်၌ လည်း ကောင်း အခါခွင့်သင့်သလို ထိုင်ဖူးပါ သည်။ တစ်ခါမှ (၂)နာရီကြာအောင် မထိုင်ဘူးပါ။ ထိုင်လည်း မထိုင်နိုင် ပါ။

ယခု မိမိမျက်စိဖွင့်၍ နာရီကြည့် လိုက်တော့ ည(၂)နာရီတိတိဖြစ် နေသည်။ **''ဟဲ့... ငါအဲဒီလောက် မထိုင်နိုင်ပါဘူး။ ဘယ်လိုဖြစ်ပါ လိမ့်''**ဟု အံ့ဩနေမိသည်။

ကင်းစောင့်နေသော အသေး လေးမှာ ဖျာတစ်ချပ်ပေါ်၌ နှစ်နှစ် ခြိုက်ခြိုက် အိပ်မောကျနေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ် ၍...

လပြည့်၏ လရောင်သာရှိသည်။ ဖယောင်းတိုင်မီးတွေလည်း ငြိမ်း ကုန်ပြီ။ ''ကဲ မိန်းမရေ အမွှေးတိုင် တွေ ထွန်းရအောင် ဒါမှ တစ်တော လုံးမွှေး၊ တစ်တောင်လုံး မွှေးသွား မယ်''ဆိုပြီး ဘုရားပတ်ပတ်လည် ထောင့်တစ်ထောင့်စီ၌ အမွှေးတိုင် လက်တစ်ဆုပ်စီ လိုက် ထွန်းညှိထား ပါသည်။

ပါးစပ်ကလည်း **''တစ်တော လုံးမွှေး၊ တစ်တောင်လုံးမွှေး''**ဟု တတွတ်တွတ် ရွတ်နေပါသည်။

ဇနီးသည်ကတော့ ဘုရား အနေကဇာတင်သည့် ဂါထာကို သံနေသံထားနှင့် ရွတ်နေပါသည်။

ထိုအချိန်မှာပင် ဗိုထိုးနေသော နေရာမှ အရှုံးငွေးမြင့်က မိမိတို့ နှစ်ယောက်ကို ကြည့်ပြီး...

'အဘ ကြွလာပြီ'

'အဘ ကြွလာပြီ'

ဟု ကုန်းအော်ပါတော့သည်။

မိမိမှာ အူကြောင်ကြောင် ဖြစ် ၍...

'ဘယ်က အဘ ဒီအချိန်ကြီးမှ ကြွလာပါလိမ့်'

ဟု ဟိုဟိုဒီဒီ ကြည့်နေစဉ်မှာပင် ဇနီးသည်ထံမှ...

'ဟော့ကောင် ငွေးမြင့်... မောင်းယူလာ ခဲ့စမ်း။ ငါ တီးချင်တယ်'

ဟု အလွန်ထူးဆန်းသော အသံ ဖြင့် တောင်းလိုက်ပါသည်။

'ဟုတ်ကဲ့အဘ... အဘ တီးဖို့ ကျွန်တော် မောင်းယူလာတယ်'

ဟု ပြောပြီး ပေးလိုက်ပါသည်။ ဤအရှုံးငွေးမြင့် မောင်းကိုင်သည်ကို ဤတစ်ကြိမ်သာ မြင်ဖူးသာည်။

ဇနီးသည်က မောင်းကိုင်ပြီး ဘုရားရင်ပြင် ပတ်ပတ်လည် တဒူဒူ ထုသွားသည်။ မိမိနှင့် ငွေးမြင့်မှာ တစ်စုံတစ်ခုသော ဆွဲငင်အား ကြောင့် မောင်းထုရာနောက်သို့ ကောက် ကောက်ပါအောင် လိုက် သွားရပါသည်။

ရင်ပြင်ကို (၃)ပတ်ပြည့်သည်နှင့် ဇနီးသည်ထံမှ **''လိုက်ဆို''**ဟူသော အသံကို ကြားရပြီး **''အောင် ထူးဆန်း''**ဂါထာကို ရွတ်ရပါတော့ သည်။

မိမိ ဤဂါထာကို မရပါ။ မည် သည့် ပရိတ်ကိုမှလည်း အစအဆုံး မရပါ။ ယခုမူ ဤ အောင်ထူးဆန်း ဂါထာကို ကျကျနန အစအဆုံး လိုက်ဆိုနေမိပါသည်။

ဂါထာ ဆုံးသွားသည်နှင့် **''အောင်ပြီ''၊ ''အောင်ပြီ''၊ အောင်ပြီဟေ့''**ဟူသော အသံကို မိမိအသံဟူ၍ပင် မထင် ကြားရသူ အပေါင်း အူထဲ အသည်းထဲ တုန် ၍ ကြက်သီးမွေးညင်း တဖြန်းဖြန်း ထလောက်အောင် တစ်တောလုံး၊ တစ်တောင်လုံး ဟိန်းသွားလောက် သော အသံနက်ကြီးဖြင့် အော်မိပါ သည်။

တပည့်အားလုံး လန့်နိုးပြီး အူကြောင်ကြောင် ဖြစ်နေချိန် ဘုရား ထောင့်တစ်ထောင့်မှ ကလေး တစ်ယောက်၏ ငိုသံကဲ့သို့ သံရှည် ဆွဲ၍ ငိုလိုက်သော အသံနှင့် အလွန် ရှည်လျားသော အရာတစ်ခု တောင် ပေါ်မှ လျောဆင်းသွားသံကို ကြား လိုက်ရသည်။

စာရေးသူပင် ဘာဖြစ်သွားမှန်း မသိ။ မိမိကိုယ်ကို ထိန်း၍ မရ၊ ဇနီးမောင်နှံ(၂)ဦးစလုံး မျက်ရည် ဖြိုင်ဖြိုင်ကျနေသည်။ ဒီကြားထဲ အရှုံးငွေးမြင့်ကလည်း မျက်ရည် ဖြိုင်ဖြိုင်ကျနေသည်။

'ဘာဖြစ်တာလဲ၊ ဘာစီးတာလဲ ဒါမှ မဟုတ် ဘာဖြစ်တာလဲ'

စာရေးသူ မသိပါ။ သိနိုင်၊ ဖြေ နိုင်သူများရှိလျှင် ဖြေကြည့်ရန် တိုက်တွန်း နှိုးဆော်လိုက်ပါသည်။

***လေးစားစွာဖြင့်...***

**စိုးရှိန်**



www.burmeseclassic.com

www.burmeseclassic.com



# ကြောင်ပုံဆေးဆိုတာ

## တကယ်ရှိတယ်၊ တကယ်စွမ်းတယ်ဆိုတဲ့ စာတစ်စောင်

လွန်းအောင်



နိုင်ရန်လည်းကောင်း၊ အများက ဒဏ္ဍာရီဟု ယူဆနေကြသော အရာသည် အမှန်တကယ် ရှိပါသည် ဟူသော အချက်ကို သိရှိထားစေလိုသော ဆန္ဒအရ လည်းကောင်း… ဤအကြောင်းအရာ ဖြစ်ပျက်သော နေရာသည်လည်း ဦးဝမ်ထိန်နေသော ဒေသတွင် ဖြစ်သောကြောင့် အသင့်တော်ဆုံးသောသူကို ရွေးချယ်၍ အသိပေးပြီး ဤအကြောင်းအရာကို ဖြစ်မြောက်အောင် ရေးသားဖို့ ရန်ကို နိဒါန်းအနေဖြင့် တိုက်တွန်းအပ်ပါသည်။

အဖြစ်အပျက်ကတော့ (တောက်ပြား)ကြောင်းပုံဆိုသည်မှာ ဒဏ္ဍာရီဟူ၍ ထင်နေကြပါသည်။ ကျွန်တော် သည်လည်း ယခင်က ဤကဲ့သို့ ထင်ခဲ့ပါသည်။

ကိုယ်တိုင် တွေ့ကြုံသည့်အခါကြမှသာလျှင် ရှေးလူကြီးတွေပြောသော စကားများသည် ဒဏ္ဍာရီ မဟုတ်မူဘဲ တကယ့်အဖြစ်အပျက်ဆိုတာ သိရှိရတော့သည်။

ဆောင်းပါးကို ရေးသားရာတွင် လွယ်ကူစေရန် အတွက် ကျွန်တော် ဘယ်ကဲ့သို့ သိရှိရသလဲ ဆိုသည်

သို့…

ဦးဝမ်ထိန်
စက်သစ်ရပ်
သံဖြူဇရပ်မြို့
မွန်ပြည်နယ်

မှ/

ဦးလွန်းအောင်
ရန်ကုန်

သတိရစွာဖြင့် စာရေးသားအပ်ပါသည်။ ဆောင်းပါးများ၊ ဝတ္ထုများ ရေးသားနေသည်ကို သိရှိထားပါသည်။

ဦးဝမ်ထိန်အနေဖြင့် ဆောင်းပါးတစ်ဆောင် ရေးသား



www.burmeseclassic.com

www.burmeseclassic.com

ကို အစဉ်အတိုင်း ရေးသားပေးပါမည်။ အကောင်းဆုံးကတော့ **နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင်ရေးရန်** အသင့်တော်ဆုံး ဖြစ်ပါမည်။

*　　　*　　　*

ကျွန်တော်သည် **၁၉၅၈ ခုနှစ်တွင်** ကျိုက္ခမိသို့ အမှုစစ်အရာရှိအနေဖြင့် ပြောင်းရွှေ့ခဲ့ရပါသည်။ ထိုသို့ ကျိုက္ခမိကို ရောက်ရှိစဉ်တွင် ကျိုက္ခမိသည် သောင်းကျန်းသူများ အထွတ်အထိပ် ရောက်ရှိနေချိန် ဖြစ်သောကြောင့် ကျွန်တော်တို့ဝန်ထမ်းများသည် ကာကွယ်ရေးများနှင့် ယင်းကာကွယ်ရေးများကိုသာ အားပြုနေရသော အချိန်ကာလ ဖြစ်ပါသည်။

တစ်နေ့တွင် အထက်ကုန်း ရွှေဆိုင်တစ်ဆိုင်မှ နေ့ခင်းကြောင်တောင် ရွှေများ ပျောက်ကုန်ကြောင်း ရဲစခန်းသို့ လာရောက် တိုင်ကြားပါသည်။

ကျိုက္ခမိမြို့ပေါ်တွင် ဤသို့သော အဖြစ်အပျက်မျိုး တစ်ကြိမ်တစ်ခါမျှ မဖြစ်ဘူးသော ကိစ္စဖြစ်၍ ကျွန်တော်ကိုယ်တိုင်သွားပြီး အခင်းဖြစ်နေရာကို ကြည့်ရှုပါသည်။

ကျွန်တော်ကိုယ်တိုင်လည်း အလွန် အံ့အားသင့်သွားပါသည်။ လူအများ တွေ့မြင်နေရသည့် ရောင်းရန် ထည့်ထားသည့် မှန်ဗီရိုထဲမှ ရွှေထည်များအားလုံး ပျောက်ဆုံး(နေ့ခင်း)နေသည်ဖြစ်၍ အမှုကို ဘယ်လိုစ၍ ကိုင်တွယ်ရမည်ကိုပင်မသိ ဖြစ်နေပါသည်။

ကျိုက္ခမိမြို့ပေါ်မှ ဤသို့သော ပစ္စည်းများကို ခိုးယူတတ်သောသူများကို စုံစမ်းပြန်တော့လည်း အစအန မျှပင်မရရှိ ဖြစ်နေပါသည်။

ဤကဲ့သို့ပင် အမှုကို မျှော်ထားပြီး စုံစမ်းနေခဲ့ရာ တစ်လခွဲလောက်ကြာတော့ ကျိုက္ခမိမြို့ ကျောက်တိုင် အနီးနေ **ဦးဖေကျန်ဒါ၏သား မောင်အေးကို၏ အိပ်ရာအောက်မှ ပျောက်ဆုံးသွားသော ရွှေများ**ကို အထုပ်လိုက် သူ၏အစ်မများက တွေ့ရှိကြကြောင်း…

သူ့ကို မေးမြန်းတော့လည်း သူ ယူသည်/ခိုးသည်ဟု ဝန်မခံ။ မသိစိတ် ဖြစ်နေကြောင်း သတင်းကြားသိရသဖြင့် ရွှေထည်များကို ရဲထုံးတမ်း အစဉ်အလာအရ သိမ်းဆည်းပြီး မောင်အေးကိုအား စစ်ဆေးမေးမြန်းရာတွင် အမှန်ပင် ဤရွှေများကို ခိုးယူသည်မှာ မသိစိတ်ဖြင့်



ခိုးယူခဲ့သည်ကို ကျွန်တော်ကိုယ်တိုင် လက်ခံလာသော အခြေအနေ ဖြစ်လာပါသည်။

မောင်အေးကို၏ မိဘများနှင့် အစ်မများက **မောင်အေးကို ပေါင်တွင် ထိုးထားသော ကြောင်ရုပ် အတက်တစ်ကောင်၊ အဆင်းတစ်ကောင်ကို** လူကြီးတွေအား ပြသပြီး **ဆေးအောင်နေသောကြောင် ခိုးယူနေခြင်းဖြစ်ကြောင်း** ကျိုက္ခမိတစ်မြို့လုံး သိရှိကြပါတော့သည်။

ကျွန်တော်အနေဖြင့် ဗဟုသုတအဖြစ် ဤကြောင်ရုပ်ကို မည်သူထိုးပေးသနည်း ဆိုသည်ကို မေးမြန်းရာ အောက်ပါအတိုင်း မောင်အေးကို ပြောပြ၍ သိရှိထားပါသည်။

မောင်အေးကိုသည် **ထိုအချိန်က (၁၄)နှစ်အရွယ်ခန့်** ရှိပါသည်။ သူ၏အိမ်အနီးနေ သူငယ်ချင်းနှင့် နှစ်ယောက်သား ကျိုက္ခမိဘုရားတွင် နေ့တိုင်းလိုလို သွားကစားကြရာ **ကျိုက္ခမိဘုရားတွင် ရက်ရှည် သီလစောင့်နေသော ပိတ်ဖြူဝတ်အဘိုးအိုတစ်ဦးက** မောင်အေးကိုနှင့် အဖော်တို့ကို ဆေးလိပ်ဝယ်ခိုင်း၊ ကွမ်းဝယ်ခိုင်းနေရာမှ ခင်မင်သွားပြီး သူတို့နှစ်ဦးကို **ကြောင်အတက်တစ်ကောင်၊ အဆင်းတစ်ကောင်စီ** ထိုးပေးလိုက်ကြောင်း…





www.burmeseclassic.com

www.burmeseclassic.com



ဆေးထိုးပေးသူမှာလည်း မည်သူဖြစ်မည်ကို ဘယ်သူမှ မသိကြကြောင်း သိရပါသည်။

မောင်အေးကိုတို့နှင့်အတူ ဆေးထိုးသူမှာတော့ ဘာမှမဖြစ်ဘဲ **မောင်အေးကိုသာလျှင် ဆေးအောင်နေကြောင်း** သိရှိကြရပါသည်။

အမှုကိုတော့ ထိုစဉ်က လူကြီးများ၏ ဆန္ဒအရ ပိတ်လိုက်ပါသည်။

မောင်အေးကို၏ကိစ္စသည် ဤအမှုကိစ္စ တစ်ခုတည်းနှင့် မပြီးပါ။ တစ်အိမ်ပြီးတစ်အိမ် နေ့ခင်းကြောင်တောင် ပစ္စည်းများ ပျောက်ကြ၊ မောင်အေးကို အိပ်ရာအောက်ရှာ၊ အိမ်အောက်ရှာ ပစ္စည်းများ ပြန်တွေ့ကြနှင့် ဖြစ်နေပါသည်။

သူ၏ ကြောင်ဆေးသည် အတက်လည်း အောင်သည်၊ အဆင်းလည်း အောင်သည်။ သို့သော် သုံးစားခွင့်မရ ဖြစ်ဟန်တူပါသည်။

သူ၏မိဘများက ဆရာအမျိုးမျိုးဖြင့် ဆေးကို ဖျက်ကြသော်လည်း ဆေးမပျက်ပါ။ ကျိုက္ခမိတစ်မြို့လုံး ဟိုခိုးဒီခိုး ဖြစ်နေသည်။

အဲဒီလိုရှိစဉ် ကျိုက္ခမိမြို့ကို စစ်ဗိုလ်တစ်ဦး အလည်ရောက်လာပြီး မောင်အေးကို သတင်းကို ကြားသိသွားပြီး လူလုရုပ်ချော လူငယ်လေးကို ချစ်ခင်ပြီး ရန်ကုန်မြို့ကို ခေါ်သွားခဲ့ပါသည်။

သို့သော် မကြာပါ… ခြောက်လလောက်ကြာတော့ မောင်အေးကိုအား ကျိုက္ခမိကို ပြန်ပို့ပါတော့သည်။ ရန်ကုန်တွင်လည်း တစ်မြို့လုံး လျှောက်ခိုးနေ၍ ထိန်းမနိုင်သောကြောင့် ပြန်ပို့ရကြောင်း သိရှိရပါသည်။

မောင်အေးကို၏ မိဘများက မောင်အေးကို၏ဆေးကိုဖျက်ရန် ငွေအကုန်ခံ ဖျက်ကြရာ စီးပွားရေးပင်ပျက်ရသည်အထိဖြစ်ကြောင်း နောင်တော့ သိရှိရပါသည်။

မကြာသေးမီက ကျွန်တော် ကျိုက္ခမိကို ရောက်ရှိပြီး ကျိုက္ခမိဂေါပကလူကြီးများကို ဤအကြောင်းအရာများကို မေးမြန်းရာ သူတို့ အတော်များများ သိထားကြသည်ကို သိရှိခဲ့ပါသည်။

အထူးသဖြင့် ဂေါပကလူကြီး ဦးစံထွန်းဆိုလျှင်



အတော်မှတ်မိနေပါသေးသည်။ ကျောင်းဆရာ ဦးစောထွန်းသည်လည်း အတော်သိနေပါသည်။

**သူတို့သိသည်နှင့် ကျွန်တော် သိသည်က တစ်စု ကွဲလွဲနေပါသည်။ ကျွန်တော် သိသည်က ဘုရားကိုလာသော ဝတ်ပြုဝတ်အဘိုးကြီးက ဆေးထိုးပေးကြောင်း သိထားသည်၊ သူတို့ကတော့ ရသေ့တစ်ဦး ထိုးပေးကြောင်း သူတို့သိကြသည်။**

မောင်အေးကို ဆုံးသွားပြီဖြစ်သည်။ သူ၏ အစ်မများ အနီးကပ် ဆွေမျိုးအတော်များများ ရှိနေသေးသည်ဖြစ်၍ ဆောင်းပါးတစ်စောင် ဖြစ်မြောက်အောင် ရေးသားပြီး ကြောင်ပျံဆိုတာ ဒဏ္ဍာရီမဟုတ် အမှန်တကယ်ရှိကြောင်း ဆောင်းပါးတစ်ပုဒ်တော့ ဖြစ်မြောက်အောင် ရေးပါ။

မောင်အေးကို၏ မောင်နှမများမှာ ကျိုက္ခမိမြို့တွင် ယခုတိုင် နေထိုင်လျက် ရှိကြပါသည်။

**လွန်းအောင်**

**မှတ်ချက်။ ။ ကြောင်ပျံဆိုတာ ဒဏ္ဍာရီမဟုတ် အမှန်တကယ်ပင် ရှိကြောင်းကို ကိုယ်တွေ့ သူတစ်ပြန် ကိုယ်တစ်ပြန် နပန်းလုံးခဲ့ရသူ ဖြစ်သောကြောင့် အများသိစေလိုသော ဆန္ဒဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်ကို လွန်ခဲ့သော (၂)နှစ်က ကိုယ်တိုင်သွားပြောကြားခဲ့သော်လည်း သူတို့ မယုံလို့လားတော့ မပြောတတ်ပါ။ စာစောင်တွင် ပါရှိမလာသဖြင့် အသင့်တော်ဆုံး ဦးဝမ်ထိန်ကို ရေးသားရန် အကြောင်းကြားရခြင်း ဖြစ်ပါသည်။**



www.burmeseclassic.com



ဝိုက်ကြီး တင်အောင်

# ဂိုဏ်ဝင်တေး ဆရာဝန်ကြီးတစ်ဦးနှင့်

ဆွေးနွေးမှုမှတ်တမ်း [အပိုင်း (၁)]

ဆရာကြီးရှိန်း၏ အိမ်တွင် ကျင်းပပြုလုပ်သော **၁၉၉၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့် ဆေးတော်ကျူးပွဲ၌ လာရောက်ပူဇော်ကြသော** ဂိုဏ်းထောက်ဆရာကြီးများအနက် အသားဖြူဖြူ၊ ထောင်ထောင်မောင်းမောင်း၊ အေးဆေး

တည်ငြိမ်သော ရုပ်ရည်လက္ခဏာရှိသည့် အသက်(၆၀)ခန့် ဆရာကြီးတစ်ဦးကို ညွှန်ပြပြီး ဆရာကြီးရှိန်းက...

'ကိုင်း... အဲဒါ တစ်ချိန်က ကျွန်တော့်လူနာပဲ။ အခုတော့ ကျွန်တော့်ဂိုဏ်းထောက် ဆရာကြီးတစ်ဦး ဖြစ်နေပြီ။ သူဟာ အမ်ဘီဘီအက်စ်တွဲရဲ့ ဆရာဝန်ကြီးတစ်ဦးပဲ။ ဆရာတို့စိတ်ထဲမှာ သိချင်တာ မှန်သမျှ၊ သံသယရှိတာမှန်သမျှ သူ့ကို မခြွင်းမချန် မေးကြည့်နိုင်ပါတယ်'

ဟု မိတ်ဆက်ပေးရင်း ပြောလိုက်ပါသည်။

ကျွန်တော်တို့သည် သိလိုသမျှ၊ သံသယရှိသမျှကို မခြွင်းမချန် အားမနာပါးမနာ မေးမြန်းခဲ့ကြပါသည်။ သို့သော် ဆေးတော်ကျူးပွဲတွင် အခြားအစီအစဉ်များကို ငဲ့ရသည်ကတစ်ကြောင်း၊ လူအများကြားတွင် တစ်ယောက် တစ်ပေါက် ဝင်ရောက်ဆွေးနွေး ပြောဆိုမိကြသည်များကလည်း သူ့အကြောင်းအရာများနှင့်သူ ကျယ်ပြန့်ပြီး စိတ်ပါဝင်စားစရာ ကောင်းသည့်အတွက်ကြောင့်တစ်ကြောင်း ဆရာဝန်ကြီး ဒေါက်တာဦးစိန်မြင့်ကို မေးမြန်းဆွေးနွေးရသည်မှာ အားမရခဲ့ကြပါ။

ထို့ကြောင့် **(၂၀-၁၁-၉၂)နေ့**တွင် တစ်ကြိမ်၊ **(၂၁-၁၁-၉၂)နေ့**တွင်တစ်ကြိမ် ဆရာဝန်ကြီးဦးစိန်မြင့်၏နေအိမ်ရှိရာ **အမှတ်(၁၂)၊ ယုဇနလမ်း၊ ရေကျော်သို့** သွားရောက်ကာ အေးအေးဆေးဆေး ဆွေးနွေးမေးမြန်းနိုင်ခဲ့ကြပါသည်။

ဆရာဝန်ကြီး ဦးစိန်မြင့်နှင့် ဆွေးနွေးသိရှိခဲ့ရသော အကြောင်းအရာများမှာ သဘာဝလွန်ဖြစ်ရပ်များကို မျက်စိစုံမှိတ် ပစ်ပယ်ကြသူများ၊ ရုပ်ဆန်လွန်းသော တက္ကဝါဒီပုဂ္ဂိုလ်များ၊ ဓာတ်ဆရာ အတုအယောင်နှင့် နတ်ဆရာ အတုအယောင်များ၏ နောက်ကိုလိုက်ပြီး စိတ်ကူးယဉ် အစွဲပူးနေသော ပုဂ္ဂိုလ်များအတွက် ဘဝပညာပေး အချက်အလက်များ ဖြစ်နေသဖြင့် ဆွေးနွေးချက်များကို ပူးပေါင်းပြီး တစ်ဆက်တည်း ဖော်ပြလိုက်ပါသည်။



* * *

▲ **'ဆရာကြီး အသက်ဘယ်လောက်ရှိပြီလဲ၊ ဘယ်ဘာသာကို ကိုးကွယ်ပါသလဲ'**

❍ 'ကျွန်တော် (၆၀)ပြည့်ပြီးပါပြီ၊ ဗုဒ္ဓဘာသာဝင်တစ်ဦးပါ'

▲ **'ဆရာကြီးက ဆရာဝန်ဆိုတော့ အမ်ဘီဘီအက်စ် ဘွဲ့ယူခဲ့ပြီးနောက်၊ ဘယ်က ရခဲ့ပါသလဲ'**

❍ 'ကျွန်တော် မန္တလေး ဆေးတက္ကသိုလ်က အမ်ဘီဘီအက်စ်ဘွဲ့ကို ရခဲ့ပါတယ်။ **၁၉၆၈ ခုနှစ်**မှာ ရတာပါ'

▲ **'ဆရာကြီး ရောဂါဝေဒနာက ဘယ်ပုံ ဘယ်နည်း ဖြစ်တယ်ဆိုတာ သိပါရစေ'**

❍ 'ကျွန်တော့်ဖြစ်ပုံက ဒီလိုဗျ။ ကျွန်တော်က ဆေးကျောင်းသားဘဝက အားကစား သိပ်လိုက်စားတယ်။ ဘောလုံးကန်၊ ဘတ်စကတ်ဘောကစား တော်တော်စုံစုံလင်လင် ကစားခဲ့ပါတယ်။ နောက် ကျောင်းစာမှာလဲ မညံ့ပါဘူး။

ပထမ ကျွန်တော်က ရန်ကုန်ဆေးတက္ကသိုလ်ကပါ။ ၁၉၅၇ ခုနှစ်၊ ၇ ပြဿနာစတာပါ။ ဒီအရင်ကလဲ ဖြစ်တာပေါ့ဗျာ။ ကျွန်တော်တို့က သိမှ မသိဘဲဟာ။ ကျွန်တော် စာမေးပွဲတွေ ကျ,ကျနေတာ။ အဲဒီနှစ်မှာ 3F(သုံးခါကျ)ထိရော။ အဲဒီနှစ်ဟာ ဆေးကျောင်းမှာ 3Fစနစ်ကို ပထမဆုံး စ,တာပဲ။ ကျွန်တော့်အဖို့ နောက်ဆုံး အခွင့်အရေးလို ဖြစ်နေတာပေါ့ဗျာ။

ဘယ့်နှယ်...ကျောင်းမှာ စာမေးပွဲခန်းထဲကိုမဝင်ခင် အပြင်မှာ ကျွန်တော်က ပြန်ပြန်သင်ပေးနေရတဲ့ သူငယ်ချင်းတွေက အောင်သွားတယ်။ ကျွန်တော်က စာမေးပွဲခန်းထဲရောက်တာနဲ့ အဲဒီတုန်း ကျွန်တော်တို့ဖြေရတာ **Convocation (ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ)**ထဲမှာဗျ။

အဲဒီထဲရောက်ပြီး စာမေးပွဲမှာ ထိုင်လိုက်တာနဲ့ တစ်ပြိုင်နက် ကျွန်တော် သတိလစ်ပြီး အိပ်ပျော်သွားတာပဲ။ အဲဒါ နေ့တိုင်းပဲ။ စာမေးပွဲဖြေတိုင်းပဲ'

▲ **'စာမေးပွဲခန်းစောင့် ဆရာတွေက မနှိုးဘူးလား ဆရာကြီး'**

❍ 'ကျွန်တော်က ထိုင်ရက်ကြီး သတိလစ်ပြီး အိပ်ပျော်နေတာဗျ။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ဆရာတွေက ဘာမှမသိဘူး။ ဒါပေမယ့် တစ်နာရီကျော်ကျော်လောက် ကြာသွားရင် ကျွန်တော် ပြန်ပြီး သတိရလာတယ်။

ဒီတော့ သုံးနာရီဖြေရမယ့် မေးခွန်းကို ကျွန်တော်က နှစ်နာရီမပြည့်တဲ့အချိန်နဲ့ ကပျာကသီ ပြန်ဖြေရတယ်။ ဒီတော့ ဘယ်လုံလောက်မလဲဗျာ။ စာမေးပွဲကလဲ အဲဒီတုန်းက သိပ်အကျများတာဗျ။

ဒီတော့ ကျွန်တော် 3Fထိရောဗျ။ ဒီတော့ ကျွန်တော့်မိဘတွေက ရန်ကုန်မှာမို့လို့ ဒီလိုဖြစ်တာထင်ပြီး ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဆရာဝန်ကြီး ဒေါက်တာဘသန်းကို ဝင်ပြောပြီး တောင်းပန်ပြောဆိုရတာပေါ့ဗျာ။

ကျွန်တော်က စာမေးပွဲ မဖြေနိုင်တာ မဟုတ်ဘူးဗျ။ အချိန်လျော့ပြီး ဖြေရလို့ ကျတာ။

ဒီတော့ အချိန် တိုးတောင်းလို့ကလဲ မရဘူး။ ဒါနဲ့ မန္တလေး ဆေးကျောင်းကို ပြောင်းရတာ'

▲**'ဆရာကြီး ညအချိန် ညဥ့်နက်တဲ့အထိ စာတွေကျက်ပြီး အိပ်ရေးပျက်များလို့ ဖြစ်တာများလား။ နောက်ပြီး အဲဒီလိုအိပ်ပျော်နေတဲ့ အချိန်မှာရော ဘာအာရုံ အထူးအထန်တွေ မြင်မိသလဲ။ အိပ်မက်တွေရော မက်သလား။ နောက်ပြီး အဲဒီအရင်မှာကော နိမိတ်ပြတာတို့ အိပ်မက်ပေးပြီး သတိပေးတာတို့ကော ရှိခဲ့သလား'**

❍'မရှိဘူးဗျ၊ နောက်ပြီး ကျွန်တော် အိပ်ရေးပျက်ပြီး ဖြစ်တာလဲ မဟုတ်ဘူး။ ကျွန်တော် အဲဒီအချိန်တုန်းကဆေးကျောင်းသား



ပဲ။ ဒါတွေ ဘယ်အယုံအကြည်ရှိမလဲ။ မျက်စိနဲ့ မြင်ရတွေ့ရတာ မဟုတ်တော့ ဘယ်ယုံမလဲ။ သိပ္ပံသမားတွေကိုးဗျ။

နောက်ပြီး **Convo:**ထဲ ရောက်သွားပြီး ထိုင်လိုက်တာနဲ့ ဘာမှ သတိမရှိတော့ဘဲ ငှက်ကြီး သတိလစ်ပြီး အိပ်ပျော်နေတာဗျ။ နောက်ပြီး **viva**(နှုတ်မေးခွန်းဖြေ) ဖြေတဲ့အခါမှာ ကျွန်တော့်နှုတ်တွေ ဆွံ့ပြီး ပြောလို့မရ ဖြစ်နေတယ်။

အဲဒီလို မဖြစ်ခင်တွေမှာ ဘာမှ ကြိုနိမိတ်ပေးတာတို့ အိပ်မက်မက်တာတို့လဲ မရှိဘူး။ ဒီလိုဖြစ်ရတာကိုလဲ ဘာကြောင့်လို့တော့ လုံးဝ မထင်မိဘူးဗျ။ ဒါတွေကြောင့်လို့ တွေးလဲ မတွေးမိဘူး'

▲**'ဆရာကြီးရှိန်းနဲ့က ဘယ်လို တွေ့ကြတာလဲ ဆရာကြီး'**

❍'ကျွန်တော် အဲဒါနဲ့ မန္တလေး ရောက်သွားရော... ဟိုရောက်တော့ ကျွန်တော့်အဒေါ်က ဒါ သွေးရိုးသားရိုး မဟုတ်နိုင်ဘူး။ ပယောဂတစ်ခုခု ဖြစ်မယ်။ ပယောဂဆရာနဲ့ပြရအောင် ဆိုပြီး ပြောတယ်။

ဒီတော့ ကျွန်တော် ဘယ်လက်ခံမလဲ... ဆေးကျောင်းသားပဲဟာ၊ ကျွန်တော် ဒါမျိုးတွေ မယုံကြည်ဘူး ဘာညာပေါ့ဗျာ။

နောက်ပြီး အခြေအနေကလဲ ကျန်တဲ့အချိန်မှာ ဘာမှ ဖြစ်တာမှ မဟုတ်ဘဲ၊ အကောင်းဆုံးပဲဟာ။ ဒီတော့ အဒေါ်က...

"နင်လိုက်ကြည့်၊ နင်မယုံလို့ မပြချင်ရင် မပြနဲ့...လိုက်တော့ လေ့လာကြည့်၊ ဆရာကြီးက လက်တွေ့ ပြလိမ့်မယ်။ စိတ်မှန်းသန်းမှန်းနဲ့ ဖြီးတာဖြန်းတာ မဟုတ်ဘူး"

လို့ ပြောတယ်။ ဒါနဲ့ ကျွန်တော် လိုက်သွားတာပဲ။ ယုံတာတော့ မဟုတ်ဘူး။ စိတ်ထဲမှာ ယုံကြည်လာလိမ့်မယ်လို့လဲ လုံးဝ မမျှော်လင့်ခဲ့ဘူး။ ဒီတုန်းက ဆရာကြီးရှိန်းက မန္တလေးမှာ ကုနေတာကိုး'

▲**'ဆရာကြီးစိတ်ထဲမှာ ဒါ ဒီလိုဖြစ်တာတွေဟာ စိတ်ဝေဒနာ တစ်မျိုးမျိုးကြောင့်လို့ကော မထင်မိဘူးလား'**

❍'မထင်ဘူးဗျ... ကျွန်တော်က ကျန်တဲ့အချိန်တွေမှာ ဘာမှ ဖြစ်တာမှ မဟုတ်ဘဲ။ **convo:** ထဲကိုဝင်မှ ဖြစ်တာကိုး။ နောက်ပြီး ဖြစ်ပြီး အိပ်ပျော်သလို ဖြစ်သွားတာကိုသိတယ်။ ပြန်သတိရတာနဲ့ စာမေးပွဲကို ကြိုးဖြေတာပဲ။

နောက်ပြီး စိတ်ဝေဒနာလို့ ထင်ရအောင်ကလဲ ကယောင်ချောက်ချားပြောတာဆိုတာတွေ လုံးဝရှိတာ မဟုတ်ဘူး။ **ထင်ယောင်ထင်မှား အာရုံ(illusion)**တွေလဲ ဘာမှ မမြင်ရဘဲ။ ဒါနဲ့ ဆရာကြီးရှိန်းနဲ့ တွေ့တော့ ကျွန်တော့်အဒေါ်က



www.burmeseclassic.com

www.burmeseclassic.com



ပြောပြတာပေါ့။

ကျွန်တော် ဘယ်လိုဘယ်ပုံ ဖြစ်တယ် ဆိုတာ…နောက်ပြီး သူတို့က ဆေးကျောင်းသားတွေ၊ ခေတ်လူငယ်တွေ၊ ပယောဂတွေ ဘာတွေ ယုံတာမဟုတ်ဘူး။ လက်တွေ့မြင်ရတွေ့ရမှ ယုံတတ်တယ်ပေါ့ဗျာ။ ဒီတော့ ဆရာကြီးရှိန်းက ပြောတယ်။ သူက ကျွန်တော့်ကို ဆရာလေးလို့ ခေါ်တယ်ဗျ။ ဆေးကျောင်းသားတွေကိုး။

"ဆရာလေးကို ကျွန်တော် လက်တွေ့ပြရင် ယုံမလား။ ဆရာလေးရောဂါက ဘာဖြစ်တယ်ဆိုတာလဲ ကျွန်တော် သိတယ်။

ဒီတော့ ကျွန်တော်က ဆရာလေးတို့ သိပ္ပံသမားတွေ ယုံအောင် ဘယ်လိုမှ မဖြစ်နိုင်တာတွေကို ဆရာလေး လက်တွေ့မြင်ရအောင် ပြမယ်။ ဆရာလေး လက်တွေ့ မြင်ရရင်ကော ယုံကြောင်း ဝန်ခံမလား"

လို့မေးတယ်။ ဒီတော့ ကျွန်တော်က…

"ဝန်ခံပါမယ်။ ယုံရင် ဆရာကြီးနဲ့ ကုပါမယ်"

လို့ ကတိပေးတာပေါ့ဗျာ။

အဲဒီမှာ ဆရာကြီးရှိန်းက သူ့ဆီမှာ ဆေးကုဖို့ ရောက်နေတဲ့ **(၁၃)နှစ်၊ (၁၄)နှစ် သမီးလောက်ရှိတဲ့ ကောင်မလေးတစ်ယောက်ကိုပြပြီး…**

"ဆရာလေး အဲဒီကလေးမလေးကို နိုင်အောင် ချုပ်နိုင်ပါ့မလား"

လို့ မေးတယ်။

ကလေးမလေး ကြည့်လိုက်တော့ ပိန်ပိန်လှီလှီ သေးသေးကွေးကွေးလေးဗျာ။ သူက ရောဂါခံစားနေရတာကိုးဗျ။ အရွယ်နဲ့ မလိုက်အောင် ပိန်ချုံးနေတာဗျ။ ဒီတော့ ကျွန်တော်က…

"ဟာ… ဆရာကြီး ကျွန်တော်က အားကစားသမား။ ကျွန်တော့်ဗလ၊ ကျွန်တော့်အရပ်အမောင်း (ဒေါက်တာဦးစိန်မြင့်၏ အရပ်အမောင်းမှာ ငါးပေ ဆယ်လက်မထက်မနည်း မြင့်သည်။)နဲ့ ကျွန်တော် ညှစ်ပြီး ချုပ်လိုက်ရင် ကောင်မလေး အရိုးတွေ ကျိုးကုန်လိမ့်မယ်။ ကျွန်တော်ချုပ်ရင် အသာလေးပေါ့"

လို့ ပြောလိုက်တယ်။

ဒီတော့ ဆရာကြီးရှိန်းက…

"ဒါဆို ဆရာလေး သူ့ကို နိုင်အောင် မချုပ်နိုင်ရင် ပယောဂ တန်ခိုးတွေကြောင့် ဖြစ်တာဆိုတာကို ဆရာလေး ယုံမလား"

လို့ မေးတယ်။ ဒီတော့ ကျွန်တော်က…

''ဒီကောင်မလေး သိုင်းတွေ ဘာတွေကော တတ်သလား''

လို့ မေးလိုက်တယ်။ ဒီတော့ ကောင်မလေးရော၊ သူ့မိဘတွေကရော၊ ဆရာကြီးရှိန်းကပါ မတတ်ကြောင်း ပြောကြတယ်။ ဒီတော့ ကျွန်တော်က…

''ဒါဆို ကျွန်တော် ရအောင်ချုပ်မယ်။ မချုပ်နိုင်ရင် ဆရာကြီးပညာကို လက်ခံမယ်''

လို့ပြောလိုက်တယ်။

ဒီတော့ ဆရာကြီးရှိန်းက…

''ကဲ… ဆရာလေး ရယ်ဒီပဲ၊ ချုပ်ပေတော့''

လို့ ပြောတော့ ကျွန်တော်က တစ်ခု သွားသတိရပြီး…

"ဟာ…ဒီတိုင်းတော့ ကျွန်တော် မလုပ်နိုင်ဘူး။ ကောင်မလေး အရိုးတွေ ကျိုးသွားရင်ဖြစ်ဖြစ်၊ သေသွားရင်ဖြစ်ဖြစ် ကျွန်တော့်ကို အမှုမလုပ်ပါဘူးလို့ အားလုံး လက်မှတ်ထိုးပေးမှ ကျွန်တော် လုပ်မယ်"

လို့ပြောတော့ သူတို့က လက်မှတ်ထိုးပေးကြတယ်။

ဒါနဲ့ ကလေးမလေးကို ကျွန်တော် နောက်ကနေ သိုင်းပြီး လက်နှစ်ဖက်ကို ချုပ်တာပေါ့ဗျာ။ ဟား… ဘာပြောကောင်းမလဲ ကျွန်တော်ချုပ်လို့ ဘာမှ မကြာလိုက်ဘူး၊ ကျွန်တော့်ကို ကိုင်ပေါက်လိုက်တာ နံရံနားမှာ ခွေခွေလေး ပစ်ကျသွားတာဗျ။

ကျွန်တော်ဖြင့်ဗျာ ကိုယ့်ကိုယ်ကို ယုံတောင်မယုံနိုင်ဘူး။ နောက်ပြီး ချက်ချင်းလဲ မထနိုင်ဘူး။ ဒီတော့ ဆရာကြီးရှိန်းက ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမေးတယ်။

"ကဲ…ဆရာလေး ယုံပြီလား"

တဲ့။ ဒီတော့…

"ဆရာကြီးရယ်…ယုံတော့ နည်းနည်း ယုံလာပြီ။ ဒါပေမယ့် သိပ်မယုံသေးဘူး"

လို့ ကျွန်တော်က ပြောလိုက်တယ်။

အဲဒါနဲ့ ဆရာကြီးရှိန်းက…

"ဆရာလေး ကဲ…လာထိုင်၊ ဆရာလေးကို သဘာဝနဲ့ ဘယ်လိုမှ မဖြစ်နိုင်တာ လက်တွေ့ ထပ်ပြမယ်။ ဆရာလေး လာကြည့်"

ဆိုပြီး စောစောက ကောင်မလေးကို ကျွန်တော့်ရှေ့မှာ ထိုင်ခိုင်းတယ်။ ကောင်မလေး မျက်နှာကို သေသေချာချာ စစ်ဆေးခိုင်းတယ်။ ဘာအနာအဆာမှ မရှိဘူး။

"ကဲ… ဟောဒီမှာကြည့်" ဆိုပြီး ဆရာကြီးရှိန်းက ကောင်မလေး နဖူး တည့်တည့်ကို လက်ညှိုးနဲ့ ထိရုံတို့လိုက်တာ။ ဟာ…သွေးတွေ ပန်းထွက်လာလိုက်တာ ဆရာရယ်၊ တွေးခံနဲ့ ခံထားရတယ်။ ထွက်လာတာမှ ရိုးရိုးစီးကျလာတာ မဟုတ်ဘူးဗျ၊ ပန်းထွက်လာတာ။ လက်နဲ့ စမ်းကြည့်တော့ သွေးပဲဗျ။

ကျွန်တော် ဆေးကျောင်းသားပဲဗျာ။ ဒီလောက်တော့ အတွေ့အကြုံအရ သိတာပေါ့။ နောက်ပြီး အဲဒီသွေးတွေကို ဆေးကျောင်း ယူလာပြီး **Lab**(ဓာတ်ခွဲခန်း)မှာ စမ်းကြည့်တော့ သွေးနီဥ၊ သွေးဖြူဥတွေနဲ့ ရိုးရိုးသွေးမှာပါတဲ့ ပစ္စည်းတွေ အပြည့်အစုံရှိတဲ့ လူသွေး အစစ်ပဲဗျ။

ဒါနဲ့ အဲဒီမှာ ဆရာကြီးရှိန်းက ကောင်မလေးရဲ့နဖူးကို လက်နဲ့ အသာအယာ သပ်ချလိုက်တော့ ပန်းထွက်နေတဲ့ သွေးက ချက်ချင်း ပြန်ရပ်ပြီး တိတ်သွားတယ်။ သွေးထွက်တဲ့ အပေါက်ကလေးတောင် မတွေ့ရဘူး။

ဒီတော့မှ ကျွန်တော်လဲ…

''ဆရာကြီးရဲ့ ပညာကို ယုံပါပြီ။ ကျွန်တော်ကို ကုပါ။ စမ်းသပ်ပါ''

လို့ အပ်လိုက်တယ်။ ဒီတော့မှ ကျွန်တော့်ကို ကုတော့ ကျွန်တော်ဟာ သိုက်က ဝင်စားသူဖြစ်ကြောင်း သိလာရပါတယ်။

ကျွန်တော် ဒီလိုဖြစ်ရတာတွေဟာ **''သိုက်ဝင်စား(ဥစ္စာစောင့်ဝင်စား)''**ကြောင့် ဖြစ်ရတယ် ဆိုတာတွေ သိလာရတယ်'

▲**'ဆရာကြီးရယ်သိုက်ဘီလူးက ကိုင်ပေါက်တာတို့၊ နဖူးက သွေးတွေ ပန်းထွက်တာတို့ဟာ ပဉ္စလက် (လက်လှည့်) ပညာတွေကော မဖြစ်နိုင်ဘူးလား။ အပြင်က မျက်လှည့်တွေဆိုရင်လဲ ဘာမှ မရှိတဲ့ဘူးထဲက ဖက်တွေ ထုတ်ပြ၊ ဘာမှမရှိတဲ့ ပန်းခွက်ထဲက ငှက်တွေ လောင်းပြ လုပ်ပြနေတာပဲဟာ'**

❍'အဲဒီတုန်းက ဆရာတို့က တွေးတာထက် ကျွန်တော်က ပိုပြီးတွေးတာပေါ့ဆရာ ကောင်မလေးကို စ,ချုပ်တုန်းက ကျွန်တော်က ခပ်သာသာပဲ စ,ချုပ်ပြီး နည်းနည်းလေးခိုင်အောင် ညှစ်ရုံရှိသေးတယ်၊ ကောင်မလေးကိုယ်မှာ ဘယ်လိုမှ ရှိနိုင်မှာမဟုတ်တဲ့ ခွန်အားဗလကြီး တစ်ခုက ကျွန်တော့် လက်တွေကိုတင်မကဘူး တစ်ကိုယ်လုံး သိမ်းမြှောက်ပြီး ကိုင်ပေါက်တာကိုးဗျ။

နောက်ပြီး သွေးတွေ နဖူးက ပန်းထွက်တာကလဲ ဘာမှ အစီအစဉ်ရှိတာ မဟုတ်ဘူး။ ကျွန်တော့်ရှေ့တည့်တည့်နားလေးမှာ ဖြစ်နေတာ။ အခု ကျွန်တော် ဆက်ပြောပြတာကြားရရင် ဆရာတို့ ပိုသဘောပေါက်မယ်။

ဆရာကြီးရှိန်းက ကျွန်တော့်ကို **နန်းစဉ်ဘုရားရှေ့မှာ** ရှိခိုးခိုင်းပြီး…

"ဤအင်္ဂါသားသည် "သိုက်ဆက်" ရှိပါက လက်တွင် တုန်ပြပါ"

လို့ ပြောလိုက်တာနဲ့ ကျွန်တော့် လက်တွေ တုန်တာပဲ'

▲**'ဆရာကြီး လက်တွေ တုန်နေတာကိုကော ဆရာကြီးကိုယ်တိုင် သိသလား… ရယ်ဖို့ ကြိုးစားမကြည့်ဘူးလား'**

❍'သိတယ်ဆရာ… ဘယ်လိုမှ ရပ်လို့မရဘူး။ ကိုယ့်လက်ကို ကိုယ်မပိုင်ဘူး ဆရာရေ၊ တုန်နေတာ ထိန်းလို့ကို မရဘူး။ ဒီတော့ ကျွန်တော့်ကို…

"စာမေးပွဲဖြေတဲ့အခါမှာ ဖြေမရအောင် လုပ်တာတွေဟာ "သိုက်ဆက်"က လုပ်တာ မှန်ရင် ရပ်ပြပါ"

လို့ ဆရာကြီးရှိန်းက ထပ်ပြောလိုက်ရော တုန်နေတဲ့ ကျွန်တော် လက်တွေဟာ ရပ်သွားကြတာ။

ဒီလို ရပ်တာဟာလဲ ကျွန်တော်က ရပ်တာ မဟုတ်ဘူး။ သူ့အလိုလို ရပ်သွားကြတာ။ ဒါနဲ့ ကျွန်တော် ဆရာကြီးရှိန်းဆီမှာ ပယောဂ ကုရပါတော့တယ်'

ရှေ့လ ဆက်ဖတ်ပါရန်

တိုက်ကြီး တင်အောင်



www.burmeseclassic.com

www.burmeseclassic.com



လင်းသာ ကိုဇွဲ

# သူတို့အရပ် သူတို့ဒေသနှင့် သူတို့ဇာတိမှ

## ပုံပြင်ဆန်ဆန် ဖြစ်ရပ်ဆန်းများ

ရခိုင်ကမ်းခြေမှ လင်းသာရွာ ဖြစ်လာသော

ဂမ္ဘီရပုံပြင်

သမိုင်း၊ တဘောင်၊ ဒဏ္ဍာရီ၊ အတိတ်နိမိတ် စသည်တို့မှာ ရှေးလူကြီးများ အစဉ်အဆက် ပြောဆိုခဲ့ကြသော စကားများဖြစ်ကြ၍ မယုံကြည်နိုင်သော်လည်း ပစ်ပယ်ခြင်း မပြုသင့်ပေ။

''တစ်ကျောင်း တစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း'' ''တစ်ဦးကောင်း တစ်ပညာ''ဆိုသလို မိမိတို့ဒေသနှင့် စပ်လျဉ်းသော ဖြစ်ရပ်များ တကယ်ပင် ရှိခဲ့ကြပေသည်။

ထိုအဖြစ်ပျက်များကို ကျွန်တော်က ရှာဖွေ၍ တင်ပြခြင်းမျှသာ ဖြစ်ပါသည်။



ထို့ကြောင့် ခက်ခဲနက်နဲသော ဖြစ်ရပ်များမှ မိမိတို့ဒေသနှင့်စပ်လျဉ်း၍ နှိုင်းယှဉ်တင်ပြရမည်ဆိုပါက ဒဏ္ဍာရီဆန်လှပေသည်။

သံတွဲမြို့နယ်၊ လင်းသာကျေးရွာသည် သံတွဲမြို့မှ (၆)မိုင်အကွာ ပေလီကမ်းခြေအနီး သံတွဲ–လုံးသာ ကားလမ်းဘေးတွင် တည်ရှိသော ရွာတစ်ရွာဖြစ်သည်။

လူဦးရေ သုံးထောင်နီးပါးခန့် နေထိုင်ကြသော ရွာကြီးတစ်ရွာဖြစ်ပြီး ရွာဦးစေတီမှ ခေါင်းလောင်းစာအရလည်းကောင်း၊ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး သွန်းလုပ်ခဲ့သော ခုနှစ်သက္ကရာဇ်များအရလည်းကောင်း နှစ်ပေါင်းများစွာက တည်ရှိခဲ့သော ရွာကြီးတစ်ရွာ ဖြစ်ကြောင်း သိနိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ သမိုင်းအစဉ်အဆက် ထင်ရှားခဲ့သော လင်းသာရွာနှင့် ပတ်သက်၍ ဒဏ္ဍာရီဆန်ဆန်၊ ဂမ္ဘီရဆန်ဆန် လူကြီးသူမများ ပြောဆိုခဲ့ကြသော အဖြစ်အပျက်များ ရှိခဲ့ကြပေသည်။

အဘယ်ကြောင့် လင်းသာကျေးရွာဟု ခေါ်တွင်ကြသနည်းဆိုသော် **''လင်း''**ဆိုသော စကားရပ်နှင့် ပတ်သက်၍ သတ္တဝါနှင့်ဆိုလျှင်**''လင်းပိုင်၊ လင်းမြွေ၊ လင်းဝက်၊ လင်းတ၊ လင်းယုန်၊ လင်းရှူး၊ လင်းဆွဲ''** ဟူ၍လည်းကောင်း...လူအနေနှင့်ဆိုလျှင် **''ဦးလင်း''**၊ **''ဒေါ်လင်း''** စသည်ဖြင့် ခေါ်စမှတ် ရှိကြပေသည်။

''လင်း''ဟူသော စကားရပ်နှင့် ပတ်သက်၍ ထိုကဲ့သို့ သတ္တဝါများ လူအမည်များ အခိုင်အမာ ရှိသကဲ့သို့ ဟိုရှေးယခင်က ''လင်း''ဟူသော အမည်နာမနှင့် သတ္တဝါကြီးမှာ အခိုင်အမာရှိခဲ့ကြောင်း လူကြီးသူမများ ပြောဆိုခဲ့ကြသည်ကို ကြားဖူးခဲ့ပါသည်။

**ရှေးဟောင်းလူတို့ မြင်ဖူးခဲ့သော လင်းသတ္တဝါကြီးမှာ နွားသတ္တဝါနှင့်ထပ်တန်ကြီးမားကြောင်း ဦးချိုက ဆင်စွယ်ပုံလို ပန်းဆိုင်းပန်းခက်များဖြင့် မွမ်းမံထားပြီးလျှင် တစ်ကိုယ်လုံးမှာလည်း ရွှေရောင်တောက်ပနေကြောင်း ပြောဆိုခဲ့ကြပါသည်။**

လင်းသတ္တဝါအမမှာလည်း အဖိုနည်းတူ အလွန်လှပတင့်တယ်ကြောင်း အထင်အရှား မြင်ရသူများ ရှိသလို၊ မထင်မရှား မြင်ရသူများလည်းရှိကြောင်း လူကြီးမိဘများ တစ်ဆင့်စကားအရ ကြားသိရပါသည်။

လင်းမောင်နှံတို့မှာ အရှေ့ဘက်တောင်ကြောတစ်လျှောက်တွင် ကျက်စားကြ၍ အနောက်ဘက် ပင်လယ်ကမ်းခြေကို ဟုန်းနတ်မင်းကြီးက စောင့်ရှောက်ပြီး ရန်သူများ ရောက်လာမည်ဆိုလျှင် သတိပေးတတ်လေသည်။

လင်းမောင်နှံတို့မှာ ဟုန်းနတ်မင်းကြီး၏ အစောင့်အရှောက်ခံ ဂမ္ဘီရသတ္တဝါများ ဖြစ်ကြ၍ ယင်းတို့ကို ကြည့်ရှုသူ များပြားလာကာ တစ်နေ့တခြား ကြိတ်ကြိတ်တိုးစည်ကားလျက် ရှိပေသည်။

သို့ရာတွင် ဖမ်းယူ၍ ရရှိသည်ဟူ၍ကား မရှိဘဲ တောတောင်တစ်လျှောက်ကျက်စားလိုက် တစ်ခါတစ်ရံ ဟုန်းနတ်မင်းကြီးထံ လာလိုက်နှင့် တောင်မြောက်လူးလာ စုန်ခတ်လျက် သာယာတွန်ကြူး ဘာသာဘာဝ သွားလာကျက်စား၍သာ နေကြပေသည်။

တစ်နေ့တွင် မြန်မာနိုင်ငံ အထက်ပိုင်းဒေသမှ လူတစ်ဦးသည် လင်းသတ္တဝါအကြောင်း စုံစမ်းရင်းနှင့် ရောက်ရှိလာလေသည်။

ထိုသူမှာ ဉာဏ်ပညာနှင့် ပြည့်စုံသူဖြစ်ရကား ဟုန်းနတ်မင်းကြီးထံ သွား၍ ဦးစွာ ဂါရဝပြုလေသည်။

ထို့နောက် ဟုန်းနတ်တောင်ကို နတ်ပူဇော် သက္ကာယပြု၍ လင်းသတ္တဝါကို အလိုရှိကြောင်း ပြောသည့်အခါ ဟုန်းနတ်မင်းကြီးသည် အမျက်ဒေါသ ပြင်းစွာ ထွက်လေသည်။

လင်းသတ္တဝါမောင်နှံတို့မှာ သူ၏ အစောင့်အရှောက်ခံသတ္တဝါများ ဖြစ်ကြ၍ လက်မခံ ငြင်းပယ်လေသည်။

သို့သော် ထိုသူမှာ ပါးနပ်လိမ္မာသူဖြစ်၍ အခွင့်အခါသင့်တိုင်း ဟုန်းနတ်ကြီးအား တင်မြှောက်ပသ၍...


'အကျွန်ုပ်သည် လင်းသတ္တဝါကို အလိုရှိ၍ ပင်ပန်းကြီးစွာ လိုက်ရှာခဲ့ရကြောင်း၊ ဗမာပြည်အထက်ပညာမှ ခက်ခဲစွာ လာခဲ့ရကြောင်း'



F.33B. July, 2019.

www.burmeseclassic.com

www.burmeseclassic.com



စသည်တို့ကို ပြောသည့်အခါ ဟုန်းနတ်မင်းကြီးသည် စိတ်ပျော့ပျောင်းလာလေသည်။

ဟုန်းနတ်မင်းကြီး စိတ်ပျော့ပျောင်းလာသည်ကို သိရသော လူညာဏ်ပညာရှိကြီးသည် **''သည်လောက်ဆို စိတ်ချရပြီ''** ဆိုပြီး သံတွဲတိုက်နယ် တစ်ပိုင်မှ နီးစပ်ရာ မုဆိုးတွေနှင့် တိုင်ပင်လေသည်။

အကျိုးအမြတ်ကိုလည်း ညီတူရမည်ပြောပြီး စည်းရုံးသည့်အခါ မုဆိုးတွေလည်း သဘောတူလေသည်။ ထို့နောက် အမဲလိုက်ခါနီး ဟုန်းနတ်ကြီးအား တင်မြှောက်ပသပြောဆိုရာတွင် ဟုန်းနတ်မင်းကြီးလည်း မည်သို့မျှ မပြောတော့ဘဲ ဆိတ်ဆိတ်နေလေသည်။

မုဆိုးတို့လည်း ဟုန်းနတ်တောင်တစ်ဝိုက် အသွားအလာ နေရာများတွင် ဆေးစီရင်ထားသော ပိုက်ကွန်ဖြင့် ထောင်ဖမ်းကြရာ လင်းမောင်နှံတို့သည် ပိုက်ကွန်တွင် မိလေတော့သည်။

လင်းမောင်နှံတို့လည်း ပိုက်ကွန်တွင် အမိမခံကြဘဲ ရုန်းကန်ကြရာ ပိုက်ကွန် ပေါက်ပြဲ၍ လွတ်မြောက်သွားသော်လည်း မုဆိုးတစ်ဦး၏ လုံ့ချက်မိ၍ အဖိုမှာ ဒဏ်ရာရသွားလေသည်။

လင်းဖိုကြီးမှာ ဒဏ်ရာအနာတရနှင့် ကြောက်လန့်တကြား ထွက်ပြေးရာ တကွဲတပြားစီ ဖြစ်သွားကြလေသည်။

လင်းဖိုကြီးမှာ မြောက်ဘက်သို့ ပြေး၍ လမ်းခရီး၌ တောင်ကလေးတစ်တောင်မှာ မေ့ပြီးလဲလေသည်။

မုဆိုးများကလည်း ဆက်လက်လိုက်ကြသဖြင့် ရှေ့ဆက်ပြေးပြန်ရာ လင်းဖိုကြီးသည် ရန်သူမမြင်အောင် တောင်တစ်တောင်တွင် ပုန်းအောင်းရပြန်လေသည်။

မုဆိုးတို့လည်း အဖွဲ့ခွဲ၍ လိုက်ကြသဖြင့် ဆက်လက်ပြေးရပြန်ရာ ချောင်းတစ်ခုကို ကူးပြီး မည်သို့မျှ မဟန်နိုင်တော့ဘဲ ကုန်းထက်တွင် လူးလိမ့်နေရလေသည်။

မုဆိုးတို့လည်း မီလုမီခင် ဖြစ်လာ၍ သူဌေးချောင်းနား အရောက်တွင် လုံးဝ မပြေးနိုင်တော့ဘဲ လုံ့ချက်အထိုးခံရ၍ လင်းဖိုကြီး သေဆုံးသွားလေသည်။

နီးစပ်သော ရွာများမှလည်း ပြေးလွှားကြည့်ရှုကြသည်။

နောက်ထပ် မုဆိုးအဖွဲ့လည်း ရောက်လာ၍ အမဲဟင်းဆိုပြီး ပြင်ဖျက်ရောင်းချကြသည်။

ကျန်သော အရိုးကပ် အသားကပ်များကိုလည်း သပြုပင်မှ သပြုသီးနှင့် ကျိုချက် စားသောက်ကြလေသည်။

အရိုးများကိုလည်း ပင်လယ်နားကမ်းခြေမှ တောင်တစ်တောင်တွင် စွန့်ပစ်ထားခဲ့ကြလေသည်။

**ပညာရှိဆရာက လင်းဖို၏ မျက်စိကို ကျိုးနည်းဖြင့် လျှို့ဝှက်စွာ ယူလိုက်ပြီး မုဆိုးများကို ရွှေတုံးတစ်တုံးစီ ခွဲဝေပေးလေသည်။**

**ထိုရွှေတုံးမှာ သုံးချင်သလောက်သုံးသော်လည်း ကုန်ခမ်းသွားသည်မရှိဘဲ လက်ထဲ၌ထဲတွင် အမြဲ ရွှေတုံးတစ်တုံး ကျန်ရှိနေသည်ဟူ၍ ပြောဆိုကြလေသည်။**

မုဆိုးများလည်း အလွန်အားရကျေနပ်လျက် ပညာရှင်ကြီးကို ကျေးဇူးတင်ကြသည်။ ထိုပညာရှင် ရရှိသော **လင်းမျက်စိများအနက် တစ်ခုမှာ ပြဒါးရှင်လုံး**




www.burmeseclassic.com

www.burmeseclassic.com



**ဖြစ်သောကြောင့် ထိုပုဂ္ဂိုလ်မှာ ဇော်ဂျီဝိဇ္ဇာဖြစ်ပြီး လိုရာသို့** သွားလေတော့သည်။



ထို့ကြောင့် ထိုအဖြစ်အပျက်နှင့် စပ်လျဉ်း၍ ရှေးဟောင်းလူတို့ စကားမှသည် နှောင်းလူတို့အထိ ပြောစမှတ် ဖြစ်ခဲ့ကြလေသည်။

လင်းသတ္တဝါတို့ ပိုက်ထောင်ချောက်ဖမ်းရာမှ လွတ်မြောက်ရာနေရာကို **''လွတ်မြောက်ခုံ''**ဟူ၍ လည်းကောင်း…

နှောင် ကာလရွေ့လျားလာသောအခါ **''မျောက်လွတ်ခုံ''**ဟူ၍ လည်းကောင်း…

လင်းသတ္တဝါကြီး မူးမေ့လဲသည့်နေရာကို **''လင်းမူးတောင်''**ဟူ၍ လည်းကောင်း…

ရန်သူမမြင်အောင် ပုန်းအောင်းရသည့်နေရာကို **''ရန်ပုန်းတောင်''**ဟူ၍ လည်းကောင်း ယခုထက်တိုင် ခေါ်တွင်နေကြလေသည်။

ထိုမှ တစ်ဖန် လင်းသတ္တဝါကြီး မြစ်ချောင်းကူးပြေးသည့်နေရာကို **''လင်းကူး''**ဟူ၍ လည်းကောင်း…

နာကျင်ပင်ပန်းလွန်း၍ ဘေးအန္တရာယ်ကြောင့် လူးလိမ့်နေရသော နေရာကို **''ဘေးလူး''**ဟူ၍ လည်းကောင်း…

**''ဘေးလူး''**မှသည် **''ဘဲလူး''**ဟူ၍ လည်းကောင်း ပြောင်းလဲသွားကြသည်ဟု ဆိုပါသည်။

လင်းသတ္တဝါကြီး အသက်သေသောနေရာကို **''လင်းသေ''(ဒေသခေါ်နှင့် လင်းသီရွာချောင်း၏ တစ်ဖက်ကမ်း ဆိပ်ကမ်းနေရာလေး ဖြစ်ပါသည်။)** ဟူ၍ လည်းကောင်း…

**အမဲဖျက် ပြင်ဆင်ရောင်းချသော နေရာအား ''ပြင်ရောင်းရွာ''**ဟူ၍လည်းကောင်း…

သပြုချဉ်သီးနှင့် ချက်ပြုတ်စားသောက် ကြသည့်နေရာကို**''သပြုချဉ်ရွာ''**ဟူ၍ လည်းကောင်း ယခုတိုင် ခေါ်ကြလေသည်။

စားသောက်ပြီး အရိုးများကို စွန့်ပစ်ထားသည့်နေရာမှာ ယခု မဇင်လေယာဉ်ကွင်းနားမှာ ရှိသည့် **''လင်းရိုးတောင်''**ဖြစ်လာပြီး… ဟုန်းနတ်မင်းကြီး ပိုင်ဆိုင်သည့်တောင်ကို **''ဟုန်းချောင်းတောင်''**ဟူ၍ လည်းကောင်း…

လင်းတို့နေသောရွာကို လင်းတို့၏ တွန်ကျူးသာယာသည့် အသံကြောင့် **''လင်းသာရွာ''**ဟူ၍ လည်းကောင်း…

လင်းသတ္တဝါတို့အား ကြိတ်ကြိတ်တိုး စည်ကားအောင် ကြည့်ခဲ့ကြသည့် နေရာကို **''ကြိတ်တိုး'' (နှောင်ကာလ ရွေ့လျားသောအခါ ''ကျိတ္တောရွာ'')** ဟူ၍လည်းကောင်း ယခုထက်တိုင် ခေါ်တွင်နေကြဆဲ ဖြစ်ပါသည်။

ဟိုရှေးယခင်က ဘိုးဘင်တို့ လက်ထက်မှ ပုံပြင်လိုလို ဒဏ္ဍာရီလိုလို ပြောဆိုခဲ့ကြသော လင်းသာရွာ၏ အကြောင်းကား ''တစ်ကျောင်းတစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်း''ဆိုသလို ပြောစမှတ် ဆန်းခဲ့ကြပါ၏။

လင်းတို့၏ သာယာနာပျော်ဖွယ်ကောင်းသော အသံကြောင့် **''လင်းသာရွာ''**ဟုခေါ်တွင်ခဲ့ကြောင်း အထောက်အထားမရှိ သမိုင်းမတင်ခဲ့သော အဖြစ်များ အဖြစ် ကျန်ရစ်ခဲ့ပေသည်။

သို့ရာတွင် ယခုအခါ လင်းသာရွာသည် ဘိုးဘင်တို့ လက်ထက်က သာယာခဲ့သည့် လင်းသာရွာထက် အဆပေါင်းများစွာ သာလွန်၍ **''လင်းသာရွာကြီး''** ဖြစ်နေပြီဖြစ်သည်ကို ဘိုးဘင်တို့အား မြင်စေချင်စမ်းပါသည်။

**လင်းသာ ကိုထွေး**



www.burmeseclassic.com

www.burmeseclassic.com



ကံဝင်း (တံတားရွာ)
အောင်ချမ်း-၁၂

# ဘဝကြီးသော်လည်း ပေတ္တာမကြီးပါ

## တာဝန်ထမ်းဆောင်သည့် ဒေသပြောင်းရွှေ့ခြင်း

ကျွန်တော်သည် မြစ်ကြီးနားမြို့တွင် တာဝန်ထမ်းဆောင်နေရာမှ ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် **"ခရိုင်အုပ်ချုပ်ရေးမှူး"** အဖြစ် တာဝန်ထမ်းဆောင်ခွင့်ရ၍ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ အလယ်တွင် မအူပင်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပါသည်။

မအူပင်ခရိုင်တွင် မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူ ဤမြို့နယ် (၄)ခု ပါဝင်ပါသည်။

မြို့နယ် (၁)ခုကို အုပ်ချုပ်ရသည်ပင် လုပ်ငန်းတာဝန် များပြားလှသည်ဖြစ်ရာ (၄)မြို့နယ်ဆိုတော့ ဆိုဖွယ်ရာ မရှိတော့ပါ။

ရောက်စလည်းဖြစ်၍ မြို့နယ်အားလုံးသို့ ရောက်အောင်သွားပြီး မြို့နယ်များ၏ အုပ်ချုပ်ရေး၊ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် ကိစ္စရပ်များကို အသေးစိတ် လေ့လာနေချိန်ဖြစ်ရာ နားချိန်ပင် မရှိသေးပါ။

## တံတားသစ်ကြီးဖွင့်ပွဲ ကြိုတင်ပြင်ဆင်

ထိုသို့ရောက်စဖြစ်၍ အရာရာကို လေ့လာနေဆဲတွင် ကျွန်တော့်ထံ တာဝန်ကြီးတစ်ခု ရောက်လာပါသည်။

ထိုတာဝန်များ ဆောက်လုပ်ပြီးစီးပြီဖြစ်သည့် **"ရောဝတီမြစ်ကူး**



www.burmeseclassic.com





**(ညောင်တုန်း) တံတားသစ်ကြီး''** ဖွင့်ပွဲကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ (၂၆)ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ လာရောက်ဖွင့်လှစ်မည်ဖြစ်၍ တံတားသစ်ဖွင့်ပွဲကို စည်စည်ကားကား ဖွင့်လှစ်နိုင်ရန် ကြိုတင်စီစဉ်ထားရန် ဖြစ်ပါသည်။

တံတားသစ်ကြီးတစ်ခု ဖွင့်လှစ်ရသည့် လုပ်ငန်းမှာ လွန်စွာများပြားသည်ဖြစ်ရာ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ခရိုင်တွင်း (၄)မြို့နယ်မှ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းပြီး မရပ်မနား ဆောင်ရွက်ရပါသည်။

လုပ်ငန်းများမှာ များပြားလှ၍ အသေးစိတ် မရေးတော့ပါ။

ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများ အတော်ပြီးပြီဖြစ်၍ တံတားသစ်ဖွင့်ပွဲအခမ်းအနား ဇာတ်တိုက်လေ့ကျင့်ခြင်းကို (၂၃-၁၁-၂၀၁၂) ရက်နေ့ နံနက်တွင် တံတားသစ်ကြီးပေါ်၌ ဆောင်ရွက်နေပါသည်။

ထိုစဉ် နေ့လယ်(၁၂)နာရီခန့်တွင် မိခင်နေထိုင်ရာ ကျောက်တန်းမြို့နယ်၊ တံတားရွာရှိ ညီမဖြစ်သူက အမေ အခြေအနေ မကောင်းကြောင်း... အမေ ဆောက်လုပ်လှူဒါန်းထားပြီး ရေစက်မချရသေးသော မြတ်စောညီနောင်ဘုရားသွားသည့် နတ်လမ်းကို တောင်ကျောင်းဆရာတော်ကို ပင့်ပြီး ရေစက်ချရန် စီစဉ်နေကြောင်း... အစ်ကို့ကိုလည်း အမေက မေးနေကြောင်း ဖုန်းဖြင့် ပြောပါသည်။

မြတ်စောညီနောင် စေတီတော်သည် ကျွန်တော်တို့ အိမ်ခေါင်းရင်းတွင် ရှိပါသည်။

မိခင် ကွယ်လွန်ခြင်း

အသက်(၈၀)ကျော်အရွယ် မွေးမိခင်ဆီ အပြေးသွားချင်သော်လည်း အထူးကိစ္စ တာဝန်ထမ်းဆောင်နေဆဲဖြစ်၍ မည်သို့မျှ မဖြစ်နိုင်ပါ။

ညနေ(၄)နာရီခန့် အစမ်းလေ့ကျင့်ပြီး တန်းဖြုတ်ချိန်တွင် လုံး၀ မကြားလိုသော သတင်းဆိုးက ဖုန်းဖြင့် ရောက်လာပါပြီ။

လွန်ခဲ့သော (၁၀)မိနစ်ခန့်က **အမေ ကွယ်လွန်သွားပြီဖြစ်ကြောင်း၊** မကွယ်လွန်မီ **အစ်ကို ရောက်ပြီလား**ဟု မေးကြောင်း၊ **အစ်ကို့ကို တွေ့ချင်နေကြောင်း၊** (၂၅-၁၁-၂၀၁၂) ရက်နေ့တွင် သဂြိုဟ်မည်ဖြစ်ကြောင်း ညီမဖြစ်သူက ပြောပါသည်။

နိုင်ငံတော် အကြီးအကဲများ တံတားသစ်ဖွင့်ပွဲ လုပ်မည်မှာ (၂၆-၁၁-၂၀၁၂) ရက်နေ့ဖြစ်၍ သဂြိုဟ်သည့်နေ့တွင် ကျွန်တော် မည်သို့မျှ မသွားနိုင်ခဲ့ပါ။

ဖခင် ကွယ်လွန်စဉ်ကလည်း ရုတ်တရက် ထိခိုက်မှုကြောင့် ကွယ်လွန်ခြင်းဖြစ်၍ အဝေးတွင် တာဝန် ထမ်းဆောင်နေသော ကျွန်တော် အသက်မမီသလို... မိခင် ကွယ်လွန်ခါနီးတွင်လည်း အထူးကိစ္စ တာဝန်ထမ်းဆောင်နေချိန်မို့ မသွားနိုင်ခဲ့ပါ။

မိဘ ဆိုသည်မှာ တစ်သက်မှာ တစ်ခါသာ တော်ရသည့်မို့ လူ့ဘဝက ထွက်ခွာခါနီး မိခင်က သားမျက်နှာကို ကြည့်လိုသော်လည်း မမြင်သွားရှာသည့် မိခင်အဖြစ်ကို



www.burmeseclassic.com

တွေးမိပြီး ရင်ထဲမှာ ဆို့နစ်လာကာ မအူပင် အပြန်လမ်းတွင် မျက်လုံးအိမ်မှ မျက်ရည်ပေါက်ကြီးများ တဖြိုင်ဖြိုင် ကျခဲ့ရပါသည်။

## ဇာတိရွာသို့အပြန်

ကွယ်လွန်ခါနီးလည်း မသွားနိုင်၊ သင်္ဂြိုဟ်စဉ်ကလည်း မသွားနိုင်သဖြင့် ရက်လည်ကိုတော့ ဖြစ်အောင် သွားခဲ့ပါသည်။

သုံးခွမြို့မှ တံတားရွာသို့ မော်တော်ယာဉ်ဖြင့် ထွက်ခွာလာရာ တံတားရွာ ရောက်ခါနီး (၁)မိုင်ခန့် အလိုတွင် ကျွန်တော်က မိခင်ကို သတိရပြီး နှုတ်မှ…

'အမေ ကျွန်တော် အမေ့ဆီ လာတယ်။ ကျွန်တော်လာတာ အမေသိရင် အမေ ကျွန်တော့်ကို ထူးခြားမှု တစ်ခုခု လုပ်ပြပါ'

ဟု နှုတ်မှ ဖွင့်ပြောပြီး ပတ်ဝန်းကျင်ကို ဂရုစိုက် ကြည့်နေပါသည်။

## ထူးခြားမှုကို တွေ့ရ

ကျွန်တော် ပြောပြီး မကြာမီပင် ကားလမ်းဘေး သစ်ပင်တွင် နားနေသော ငှက်တစ်ကောင်သည် ကားရှေ့သို့ ပျံလာကာ သွားနေသော ကား၏ ရှေ့မလှမ်းမကမ်းမှ ကားလမ်းအတိုင်း ရွာဘက်သို့ ပျံသွားနေသည်ကို ထူးခြားစွာ တွေ့ရပါသည်။

ကားက ငှက်နောက်မှ ဖြည်းဖြည်းချင်း လိုက်သွားပါသည်။ အဆိုပါ ငှက်သည် တံတားရွာ ဝင်ခါနီး အထွက်တိုးစခန်းရှေ့ အရောက်တွင် လမ်းမကြီးပေါ်မှ ခွဲထွက်ကာ လယ်ကွင်းပြင်သို့



ပျံတက်သွားသည်ကို တွေ့ရပါသည်။

ငှက်မှာ ကျွန်တော်တို့ဒေသတွင် တွေ့ရသည့် အမြီးနှစ်ခွနှင့် **''ငှက်တော်''** ဖြစ်ပါသည်။ သားကို ချစ်လှသည့် မိခင်က သား တမ်းတသည်ကို သိသဖြင့် ထူးခြားမှု လာပြသည်ကို တွေ့ရသောအခါ ရင်ထဲမှာ ဆို့နစ်လာပြီး မျက်ရည်ကျရပြန်ပါသည်။

## ဗမာ့ရို့ ရေစက်ချပွဲသွားရောက်

မိခင် ကွယ်လွန်သည့်နှစ်တွင် မန္တလေးတွင် နေထိုင်သည့် အစ်မဖြစ်သူက တံတားရွာ ကျွန်တော်တို့ အိမ်ခေါင်းရင်းရှိ မြတ်စောညီနောင် စေတီဘေးတွင် ဓမ္မာရုံတစ်ခု ဆောက်လုပ်လှူဒါန်းရာ ရေစက်ချပွဲ ပြုလုပ်ပါသည်။

ထိုအချိန်တွင် ကျွန်တော်သည် ပဲခူးတိုင်းဒေသကြီး လွှတ်တော်တွင် လွှတ်တော်ရုံးအဖွဲ့ တာဝန်ခံအဖြစ် ဆောင်ရွက်နေရာ ရေစက်ချပွဲသို့ ကျွန်တော် သွားပါသည်။

ရေစက်ချပွဲ အကြိုနေ့တွင် အစ်မဖြစ်သူက ကွယ်လွန်ပြီးဖြစ်သော ဖခင်၊ မိခင်တို့၏ အုတ်ဂူသို့သွားကာ မနက်ဖြန် ဓမ္မာရုံရေစက်ချပွဲတွင် အဖေ၊ အမေတို့ကို အမျှဝေမည်ဖြစ်၍ သာဓုခေါ်နိုင်ရန်အတွက် အိမ်သို့ လိုက်ခဲ့ပါရန် ဖိတ်ခဲ့ပါသည်။

ထိုအချိန်က ဖခင် ကွယ်လွန်သည်မှာ (၂၈)နှစ်ရှိပြီ ဖြစ်ပါသည်။

## သားမျက်နှာကို လာကြည့်သည့် မိခင်

ရေစက်ချပွဲ အကြိုနေ့ ညအိပ်ခါနီးတွင် ရွာမှာရှိသည့် နေအိမ်၌ ရန်ကုန်၊ မန္တလေးတို့မှ ဆွေမျိုးများနှင့် ပြည့်နေ၍ အိပ်စရာ မရှိသဖြင့် ဘုရားနှင့် ခြံဝင်းသာ ခြားသည့် တောင်ကျောင်းတိုက်ရှိ ညီအစ်ကို ဝမ်းကွဲ ဦးပဥ္စင်း၏ ကျောင်းဆွမ်းခန်းတွင် ကျွန်တော် အိပ်ပါသည်။

အိမ်တွင် အိပ်သည့် ဧည့်သည်များတွင် အသက်(၂)နှစ်ဝန်းကျင်ရှိ မိန်းကလေးတစ်ဦးနှင့် သူ၏ဖခင်တို့ပါ ရှိပါသည်။

ထိုကလေးသည် တံတားရွာသို့လည်း မရောက်ဘူး၊ ဘုန်းကြီးကျောင်းထဲသို့လည်း မရောက်ဘူး၊ ဦးပဥ္စင်းနှင့်လည်း ခင်မင်ရင်းနှီးမှု မရှိဘဲ အစိမ်းသက်သက်သာ ဖြစ်ပါသည်။

ည(၁၁)နာရီခန့် ဘုန်းကြီးကျောင်း၌ ကျွန်တော် အိပ်ပျော်နေစဉ် ဆူညံသံကြား၍ ကျွန်တော် လန့်နိုးပါသည်။ အသံကို နားထောင်ကြည့်ရာ ကလေးငယ်တစ်ယောက်က…

'ဦးပဥ္စင်းကျောင်း သွားမယ်။ ဦးပဥ္စင်း

www.burmeseclassic.com





ကျောင်း လိုက်ပို့'

ဟု ကျယ်လောင်စွာ အဆက်မပြတ် အော်နေသံကြား၍ အိပ်ရာမှ ထပြီး ထိုင်လိုက်ပါသည်။

ကလေးငယ်၏ ဖခင်၊ မိခင်တို့က ကျောင်းတံခါးကိုထုပြီး...

'ဦးပဉ္စင်း ထပါဦး... ဦးပဉ္စင်း ထပါဦး'

ဟု ခေါ်သဖြင့် ဦးပဉ္စင်းက တံခါး ဖွင့်ပေးပြီး...

'ဘာဖြစ်တာလဲ'

ဟု မေးရာ ကလေးဖခင်က...

'ဒီကလေးက ဦးပဉ္စင်းကျောင်း သွားမယ်။ ဦးပဉ္စင်းကျောင်း လိုက်ပို့လို့ အသံကုန် ဟစ်ပြီး အော်နေလို့ လိုက်ပို့တာ'

ဟု ကလေးကို ချီလျက်က ပြောရာ ဦးပဉ္စင်းမှာ စဉ်းစားရ ကျပ်သွားပါသည်။

အကြောင်းမှာ ထိုကလေး အသက်မှာ အသက်(၂)နှစ်ဝန်းကျင်သာ ရှိသေးခြင်း၊ ဦးပဉ္စင်းနှင့် ခင်မင်ရင်းနှီးမှု မရှိခြင်း၊ ဦးပဉ္စင်း ကျောင်းသို့ မရောက်ဘူးသေးခြင်း၊ ညအချိန်မတော် ဖြစ်နေခြင်း...

စသည်တို့ကြောင့် **"ဒီကလေး ဘာကြောင့် ငါ့ကျောင်းလိုက်ပို့လို့ ပြောတာပါလိမ့်"**ဟု စဉ်းစားရ ခက်နေပါသည်။

ကျွန်တော်သည် အဖြစ်အပျက် အားလုံးကို အိပ်ရာပေါ်က ထိုင်ကြည့်နေရာ အော်ဟစ်နေသော ကလေးသည် အော်တာ ရပ်ပြီး အိပ်ရာပေါ်တွင် ထိုင်နေသော ကျွန်တော့်မျက်နှာကို အငမ်းမရ ကြည့်နေပါသည်။

ကျွန်တော်လည်း...

'ဒီကလေး ငါနဲ့ တစ်ခါမှ မမြင်ဘူးပါဘဲ



ဘာကြောင့် ငါ့ကို ဒီလောက် ကြည့်နေတာပါလိမ့်'

ဟု စဉ်းစားမရ ဖြစ်နေပါသည်။

ကလေးသည် ကျွန်တော့်မျက်နှာကို အားရအောင်ကြည့်ပြီးနောက် ချီထားသော သူ့အဖေကို...

'ပြီးပြီ ပြန်မယ်'

ဟု ပြောသဖြင့် ကလေးအဖေနှင့် အမေတို့သည် ဘုန်းကြီးကျောင်း ပေါ်မှ ပြန်ဆင်းသွားပါသည်။

ကလေး ဆင်းသွားလျှင် ဦးပဉ္စင်း ရော ကျွန်တော်ပါ သည့်ကလေး အဆက်အစပ်မရှိ ည(၁၁)နာရီ အချိန် ဦးပဉ္စင်းကျောင်း လိုက်ပို့ဟု ဘာကြောင့် ပြောရသလဲဟု စဉ်းစားကြရာ အဖြေမထွက်ပါ။

နောက်တစ်နေ့ နံနက်တွင် အိမ်တွင် အိပ်သည့် အစ်မဖြစ်သူက ပြောသည်မှာ ည(၁၁)နာရီလောက် ညှော်သည်တွေ ရွာထဲက ပြန်လာပြီး နောက် ကလေးက...

'ဦးပဉ္စင်းကျောင်း သွားမယ်။ ဦးပဉ္စင်း ကျောင်းလိုက်ပို့'

ဟု အသံကုန်ဟစ်ပြီး အော်ကြောင်း ပြောရာ ကျွန်တော် သိလိုက်ပါပြီ။

လူ့ဘဝက ထွက်ခွာခါနီးတွင် သားမျက်နှာကို ကြည့်ချင်ရှာသော မိခင်ဖြစ်သူမှာ **"သားမျက်နှာကို မြင်မသွားရသဖြင့်"**သားမျက်နှာကို ကြည့်နိုင်ရန်အတွက် ကျွန်တော် ဦးပဉ္စင်းကျောင်းမှာ အိပ်သည်ကို သိသဖြင့် ရွာထဲက ပြန်လာသူများ နှင့် ကပ်ပါလိုက်လာပြီး လိပ်ပြာ ငယ်သည့် ကလေးကို ပူးကပ်ကာ ဦးပဉ္စင်းကျောင်း လိုက်ပို့စေပြီး ကျွန်တော့်မျက်နှာကို လာကြည့် ခြင်းဖြစ်ကြောင်း သိရသဖြင့် သား အပေါ် အချစ်ကြီးလှသည့် မိခင် အတွက် ကြေကွဲခြင်း ဖြစ်ရပါသည်။

မိဘဆိုတာ သက်ရှိဘုရား

သုံးလောကထွဋ်ထား ရှင်တော်မြတ်ဘုရားက သတ္တဝါများအပေါ် ထားရှိသည့် မေတ္တာတရားသည် အတိုင်းအဆမရှိ ကြီးမားသကဲ့သို့... မိဘများက သားသမီးအပေါ် ထားရှိသည့် မေတ္တာသည်လည်း အတိုင်းအဆမရှိ ကြီးမားလှရာ မိဘများကို ဘုရားနှင့် တစ်ဂိုဏ်းတည်းထားပြီး သတ်မှတ်ထားသောကြောင့် မိဘများသည် **"သက်ရှိဘုရားများ"** ဖြစ်ပါသည်။

သက်ရှိဘုရားများဖြစ်သော မိဘများကို အသက်ထင်ရှားရှိစဉ် အချိန်အတွင်း ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာအောင် ပြုစုလုပ်ကျွေးကျေးဇူးဆပ်ကြစေရန် ရည်ရွယ်၍ ဤဆောင်းပါးကို ရေးရခြင်းဖြစ်ပါသည်။

**ကံဝင်း(တံတားရွာ)**
**အောင်ဆန်း-၁၂**



www.burmeseclassic.com

ရန်အောင်မြင် ကျစ္စာဘုရားကြီးကို ကျော်ဖြတ်ကာ တောင်ခြေက ရွာကလေးသို့ ရောက်ခဲ့ကြတယ်။ စောဂျင်မီမှ မိတ်ဆက်ပေးခဲ့လို့ ဖထီးကြီးပူကယ်နဲ့ ရင်းရင်းနှီးနှီး ခင်မင်သွားခဲ့တယ်။

မြို့ကပါလာတဲ့ (အာဝီ) တစ်လုံး လက်ဆောင်ပေးလိုက်တာကို ဖထီး အလွန်သဘောကျနေပြီး...

'နင်က စာရေးဆရာဆိုဟုတ်လား'

'စာရေးဆရာတော့ မဖြစ်သေးပါဘူး၊ ဝတ္ထုလေးတွေ ဝါသနာအရ ရေးတာပေါ့ ဖထီးရယ်'

'အေး...ဒါဆို ငါမင်းကို အလွန် ထူးဆန်းပြီး အံ့သြဖွယ်ရာ အကြောင်းလေး ပြောပြမယ်။ နည်းနည်းတော့ ကြမ်းလို့ မင်းတို့ရေးလို့ ရနိုင်ပါ့မလား မသိဘူးကွာ'

'ရပါတယ် အဖြစ်မှန်ကိုသာ ပြောပြပါ ဖထီး၊ ကျွန်တော် အဆင်ပြေအောင် ဝတ္ထုပုံသဏ္ဍာန် တန်ဆာဆင် ရေးဖွဲ့ပါ့မယ်'




# ရိုးမတောင်ခြေက

ထူးဆန်းသောပညာနှင့် ပန်းခင်းလေးဒဏ္ဍာရီ

'အေးကွာ...ယခု ငါတို့ နေထိုင်နေတဲ့ ဒီအိမ်ဟာ တစ်ချိန်တုန်းက ငါ့သမီး နော်သင်ဇာနဲ့ ငါ့မိန်းမ နော်အဲမူတို့ အတူတူ နေလာခဲ့တဲ့ အိမ်ပဲကွ။ ဟိုး တောင်ခြေယာတဲက စတဲ့ ဇာတ်လမ်းပေါ့ကွာ။

အင်း...မင်းတို့ဖြတ်လာခဲ့တဲ့ တောင်ကျချောင်းလေးကလဲ ငါ့သမက်နဲ့ပတ်သက်ပြီး အံ့သြဖွယ်ရာ အဖြစ်ဆိုးတွေ ဖြစ်ခဲ့တာပါပဲကွာ။



နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ (၃၃)နှစ်ပြည့် အမှတ်တရ အထူးထုတ်

www.burmeseclassic.com



ဒီမအောင်ဖြူနယ်ဟာ အစဉ်အဆက် အုံ့ဆိုင်းရေး၊ မယုံနိုင်စရာ၊ ဂမ္ဘီရတွေနဲ့အမြဲ ဆက်နွယ်ပြီး ရှိနေခဲ့တာ၊ ဆန်းလှတယ်တော့ မဟုတ်ပါဘူးကွာ။

ခုတော့လဲ ငါတစ်ယောက်တည်းပဲ ကျန်နေခဲ့တယ်ပေါ့ကွာ။ လူအမည်၊ ရွာအမည်တွေတော့ လွှဲပြီးရေးပါကွာ။ ဟိုဘက်က ပြောနေမှာစိုးလို့ပါ။ ကိစ္စတော့ မရှိပါဘူး။ တစ်နယ်လုံးလိုလို သိခဲ့တဲ့ အဖြစ်အပျက်ပါပဲကွာ'

ဗုဒ္ဓဘာသာကိုးကွယ်တဲ့ ကရင်ရွာကလေး တစ်ရွာဖြစ်တဲ့ ''ဒိုး''ဆိုတဲ့ ရွာကလေးက ရိုးမတောင်ညိုညိုကြီးကို နောက်ခံထားကာ စိမ်းလန်းစိုပြည်တဲ့ တောပန်းတောင်ပန်းများ ဝေဆာစွာနဲ့၊ စိမ့်စမ်းရေများ၊ တောငှက်တောကြက်တို့ အော်မြည်သံများနဲ့ လှပအေးချမ်းဖွယ်ရာ ကောင်းကင်ပြာပြာကြီးရဲ့အောက် တည်ရှိလို့ နေပါတယ်။

ကရင်မလေး နော်သင်ဇာနဲ့ ဝိုင်းရွာက ကိုအောင်တို့ ချစ်သူနှစ်ဦးကတော့ မိဘများ ကြည်ဖြူထားကြတော့ အိမ်ရှေ့ မြက်ခင်းပြင်ကလေးမှာ တွေ့ဆုံစကားပြောခွင့် ရကြတယ်ပေါ့။

အချိန်တန် ညဉ့်နက်ခါနီးတော့လဲ ကိုအောင်တစ်ယောက် ချစ်သူကို မခွဲနိုင်မခွာနိုင်၊ ချစ်စကားတွေ ပြောလို့ မဝသေးပေမယ့် အချိန်တန် အိမ်ပြန်ခဲ့ရပြန်တယ်ပေါ့။

တစ်နေ့တော့ ကိုအောင်တစ်ယောက်၊ ဟိုးအဝေးကြီးကို အလုပ်လုပ်ရန် ထွက်ခွာသွားခဲ့တယ်ပေါ့။ တစ်နှစ်ပြည့်ရင် ပြန်လာမယ်လို့ ကတိပေးခဲ့ပေမယ့် သုံးရာသီ၊ သုံးမိုးသာ ပြောင်းသွားခဲ့တယ်။ မျှော်သာမျှော် ပေါ်မလာသူ ချစ်ရသူအတွက် နော်သင်ဇာတစ်ယောက် လွမ်းအားတွေ ပိုခဲ့ရပါတယ်။

နော်အဲမူနဲ့ သင်ဇာသားအမိနှစ်ယောက် ငရုတ်သီးလှန်းနေစဉ်မှာပဲ စောပူကယ်တစ်ယောက် ရှူးရှူးရှဲရှဲနဲ့ ဒေါသတကြီး တောင်ယာဘက်မှ ပြန်လာခဲ့တယ်။ နော်အဲမူမှ…

'ဘာဖြစ်လာတာလဲ ပြောပါဦး အစ်ကိုရယ်'

'ငါ့ ငှက်ပျောသုံးခိုင် သူခိုး ခုတ်ယူသွားပြန်ပြီ၊ ဒီတစ်ခါနဲ့ဆို သုံးကြိမ် သုံးခါရှိပြီ၊ ငါ သည်းမခံနိုင်တော့ဘူး။ တွေ့မယ် ပူကယ်အကြောင်း ကောင်းကောင်းကြီးကို သိစေရမယ်'

ကြိမ်းဝါး ပြောဆိုပြီး…

'နင်တို့သားအမိလဲ ကျန်တဲ့ ငှက်ပျောခိုင်တွေ ရင့်လာရင် မခုတ်ကြနဲ့ လိုအပ်လာရင် ငါပဲ ခုတ်မယ်ကြားလား။ ငါ့ကို ကတိပေးကြ'

နောက်တစ်နေ့ စောပူကယ် အမျိုးအဆွေများရှိရာ သုံးဆယ်မြို့ကို ထွက်သွားခဲ့တယ်။ ဆယ်ရက်လောက်ကြာတဲ့အခါမှာ နော်သင်ဇာတို့သားအမိနှစ်ယောက် တောင်ယာကို သွားပြီး ငရုတ်သီးခူးကြတယ်၊ နော်သင်ဇာမှ…

'ငှက်ပျောခိုင်တွေ မှည့်တော့မယ်၊ တော်ကြာ မစားရဘဲ လှင့်ပစ်နေရပါဦးမယ်'

'အေး…ဟုတ်ပါရဲ့ တော်ကြာမရောင်းရဘဲ ဖြစ်နေတော့မှာပဲ သမီးရယ်'

ဒါနဲ့ နော်သင်ဇာတစ်ယောက် ငှက်ပျောခိုင်ခုတ်ပြီး မိခင်နော်အဲမူနဲ့အတူ ရွာပြန်လာခဲ့တယ်။

မကြာခင်မှာပဲ စောပူကယ်တစ်ယောက် သုံးဆယ်မြို့သွားရာမှ ပြန်ရောက်လာခဲ့တယ်။

'ဒီငှက်ပျောခိုင် ဘယ်ကရတာလဲ အဲမူ'

'ဟိုတောင်ယာက မှည့်တော့မယ်လေ၊ ဒါကြောင့် သမီးသင်ဇာ တောင်ယာက ခုတ်ပြီး ယူလာခဲ့တာ အစ်ကို'

'ဘာ…တောင်ယာက ငှက်ပျောခိုင် တောက်'

တောက်တစ်ချက် ချက်ခေါက်ပြီး…





www.burmeseclassic.com

'ကဲ...ကဲ ဘာမှ ငါ့ကိုမမေးနဲ့၊ နှင့်သမီး ရေချိုးပေးလိုက် သန့်သန့်ပြန့်ပြန့် အိပ်ရာထဲ သိပ်သာထားလိုက်တော့'

နော်အဲမူလဲ သမီးကို ရေချိုးပေးနေစဉ် ရေတွင်းနံဘေး မြက်ခင်းပေါ်မှာ''ဝေါ့''ဆို သွေးများ အန်ချလိုက်တယ်။

စိမ်းမြနေတဲ့ မြက်ခင်းလေး သွေးရောင်လွှမ်းသွားခဲ့တယ်။ အိမ်ပေါ်ကို လင်မယားနှစ်ယောက် တွဲတင်၊ အိပ်ရာပေါ်မှာ သိပ်ထားလိုက်တယ်။ နော်သင်ဇာမှ...

'အမေ'

'ပြောလေ သမီး'

'အမေရယ်...သမီး ကိုအောင်ကို အရမ်းပဲ သိပ်ချစ်ခဲ့ရပါတယ်။ သမီးအခြေအနေကို အဖေရယ်၊ အမေရယ်၊ သမီးရယ် သုံးယောက်စလုံး သိပါတယ်။ ကိုအောင်ပြန်လာခဲ့လို့ရှိရင် သမီး သူ့အပေါ်မှာ သစ္စာရှိစွာ စောင့်မျှော်ခဲ့ရတာကို သိရအောင် အချစ်သက်သေပြခဲ့ပါရစေ။

သမီး သစ္စာဆိုပါမယ်။ သမီး ကိုအောင်အပေါ် သစ္စာရှိတာ မှန်ခဲ့ရင် တောစောင့်နတ်၊ တောင်စောင့်နတ်၊ ကွင်းပိုင်၊ ယာပိုင် ဘိုးကြီးများကို သက်သေတည် ဆုတောင်းခဲ့ပါတယ်။ မြက်ခင်းပေါ်မှာ အန်ခဲ့တဲ့ သမီးရဲ့သွေးများဟာ ပန်းပွင့်ကလေးများအဖြစ် တည်ရှိပြီး ချစ်သက်သေပြနိုင်ပါစေ'

ဆုတောင်းသံ ပြီးဆုံးတဲ့အခါမှာ လျှပ်စီးများလက်၊ မိုးခြိမ်းသံများနဲ့ တောင်ကြီးတစ်ခုလုံး မြည်ဟည်းကာ တောတစ်ခွင် ရိုက်ခတ်သွားခဲ့တယ်။

'အဖေကိုလဲ ခွင့်လွှတ်ပါတယ်၊ အမေ့ကိုလဲ ချစ်ပါတယ်။ သမီးရင်ထဲ မီးလို ပူနေတယ်။ မခံစားနိုင်တော့ဘူး အမေ သမီးသွားပါရစေတော့'

'သမီးလေး နော်သင်ဇာလေးရယ် အမေ ဝင်ခံပေးလို့ ရခဲ့ရင် ခံစားပေးပါမယ်။ အမေ့ရင်ထဲမှာ မချိတော့ပါဘူး သမီးလေးရယ်'

စောပူကယ်တစ်ယောက် နောင်တကြီးစွာ မျက်ရည်များ စီးကျကာ အိမ်ရှေ့ပြတင်းပေါက်မှ ရိုးမကြီးကို ငေးကြည့်နေတယ်။ ဆောင်းနှင်းဖြူများ အိမ်ထဲအထိ ရောက်လာခဲ့သော်လဲ ရင်မှာ မအေးချမ်းနိုင်ခဲ့ပါ။

'အစ်ကို...အစ်ကို သမီးခေါ်လို့ မရတော့ဘူး လုပ်ပါဦး'

'ဟီး...ဟီး'



'သမီးလေး'

စောပူကယ်မှ...

'နှင့်သမီး မျက်လုံးဖွင့်နေပေမယ့် အသက်မရှိတော့ဘူး'

'အမယ်လေး... သမီးလေး အဖြစ်ဆိုးလှချည်လား၊ ငါ့မှာ ဒီသမီးလေး တစ်ယောက်ပဲရှိတာ ရှင့်ကြောင့် သေပြီ၊ သမီးနော်သင်ဇာလေးရေ'

နော်အဲမူ အော်ငိုသံဟာ ရိုးမတောင်ခြေမှာ ပဲ့တင်ထပ်၍ ဆူညံသွားခဲ့တယ်။ အေးချမ်းသော ကရင်ရွာကလေးမှ ရိုးသားသော ကရင်မလေးနော်သင်ဇာ အားလုံးကို ထားရစ်ခဲ့ပြီပေါ့။

လပြည့်နေ့ နံနက်ခင်းမှာတော့ နော်သင်ဇာ အန်ခဲ့တဲ့ မြက်ခင်းပေါ်မှာ သွေးစအခြောက်များအစား ထူးဆန်းစွာ ပန်းပွင့်ကလေး ပွင့်ခဲ့ပြီး ဖြူဖွေးလှပတဲ့ ပန်းခင်းကလေး ဖြစ်ပေါ်လာခဲ့တယ်။ ပိုပြီးထူးဆန်းတာကတော့ ပန်းခင်း အလယ်မှာ ကြီးမားတဲ့ ပန်းပွင့်ကြီးတစ်ပွင့် ပွင့်နေခဲ့ပါတယ်။

ငွေလမင်းကြီး ထိန်ထိန်သာနေတယ်။ စောပူကယ်၊ နော်အဲမူတို့ ပြတင်းပေါက်မှ မြက်ခင်းလေးပေါ်က ပန်းခင်းလေးကို ကြည့်နေစဉ်မှာပဲ ပန်းပွင့်ကြီးထဲမှ မီးခိုးငွေ့များလိုလို ထွက်လာပြီး နှင်းမှုန်များအကြားမှာ

www.burmeseclassic.com



ဝိုးတဝါး သီချင်းသံလေးနဲ့အတူ ကရင်အင်္ကျီလုံချည်နဲ့ ခေါင်းမှာ ပဝါဖြူလေးစည်းထားပြီး ဘေးတစောင်း အနေအထားလေးနဲ့ နော်သင်ဇာတစ်ယောက် ပန်းခင်း အလယ်မှာ သီချင်းဆိုနေတာကို တွေ့လိုက်ပါတော့ တယ်။

သီချင်းစာသားလေးက မြန်မာလို...

'ငှက်ဖြစ်ရင်လဲ တစ်ကိုင်းတည်း နားပါရစေ၊ လူဖြစ်ရင်လဲ ဘဝ တစ်သက်တာ ပေါင်းပါရစေ၊ ပန်းပွင့်ကလေး ဖြစ်ခဲ့ရင်လဲ တစ်ကိုင်းထဲမှာ အတူပွင့်ပါစေ'

ဆိုတဲ့ အဓိပ္ပာယ်ရပါတယ်။ စောပူကယ် စိတ်မထိန်းရှာ ဘဲ ကုန်းထခဲ့တယ်။

'အစ်ကို ဘယ်သွားမလို့လဲ'

'ငါ့သမီးကို သွားတွေ့မယ်'

'အို...မလုပ်ပါနဲ့ သမီးလေး ပျောက်ကွယ်သွားမှာပေါ့၊ သမီးက လူမဟုတ်တော့ဘူးလေ ဘဝခြားနေပါပြီ အစ်ကိုရယ်'

'သမီးရယ် သူယောင်မယ်လား၊ နတ်သမီးလေးလား အမေကို ရှင်းပြခဲ့ပါဦး သမီးလေးရယ်'

နော်အဲမူ ဝမ်းနည်းစွာ ငိုလိုက်တဲ့အခါ စောပူကယ် စိတ်လျှော့လိုက်ရတယ်။ သီချင်းသံလေးလဲ ပြီးဆုံးတဲ့ အခါမှာ အခိုးအငွေ့များနဲ့အတူ ပန်းပွင့်ကြီးထဲ ဝင်ရောက် ပြီး ပျောက်ကွယ်သွားခဲ့ပါတော့တယ်။ လင်မယား နှစ်ယောက် အိပ်မရတဲ့ စိတ္တဇညလို ဖြစ်ခဲ့ရတယ်ပေါ့။

ကိုအောင်တစ်ယောက် ပြန်ရောက်တဲ့အခါမှာ ချစ်သူ ရဲ့ သတင်းဆိုးကို ကြားခဲ့ပြီး အရက်များသောက်စား ကာ၊ အိမ်ခေါင်တိုင်မှာ အဘိုးကို ဆက်ထားတဲ့အရက်ကို ယူသောက်ပြီး သူ့ချစ်သူနော်သင်ဇာ အဖြစ်ဆိုးဖြစ်မှာ ကိုတော့ မတားနိုင်ရကောင်းလားဆိုပြီး ကြိမ်းမောင်း ပြောဆိုပြီး ပုလင်းချိတ်ဆက်ထားတာကို ယူပြီး လွှင့်ပစ် လိုက်တယ်။

ဒီနယ်က နတ်ကြီးတယ်။ အမှားမခံဘူး၊ မြန်မြန်ပြန် တောင်းပန်မှ အန္တရာယ်ကင်းနိုင်တယ်။ ဗမာများကတော့ (ကရင်ဘိုးတော်)လို့ ခေါ်ကြတယ်။ နတ်စား ကရင်ဗုဒ္ဓ ဘာသာပေါ့။ ဝက်မွေးခဲ့ရင် ဝက်နဲ့ နတ်စားရတယ်။

ထမင်းအိုး,ဟင်းအိုးများ အိမ်ပေါ်တင်ပြီး မိသားစုက



လွဲရင် မည်သူမျှ မပါဘဲ စားကြတယ်။

စားလို့ဝမှ အိမ်အောက်ကို ထမင်းအိုး,ဟင်းအိုးချပြီး စားချင်တဲ့သူ ဝင်ခူး ခပ်စားနိုင်တယ်။ လာစားပါ မခေါ် ရဘူး။ ဝက်မမွေးရင် ကြက်နဲ့ နတ်စားရတယ်။ ဝက် ရောင်းပြီး နတ်မစားခဲ့လျှင် အန္တရာယ်ဖြစ်တယ်ဆိုကြ တယ်။

ဒီနေ့ လပြည့်နေ့နံနက်ပိုင်းမှာ ကိုအောင်တို့မိသားစု သုံးယောက်၊ နော်သင်ဇာတို့ရွာကို သွားကြတယ်။ ပန်းခင်းကြည့်ချင်တာရယ်၊ အလှူလုပ်ပြီး အမျှဝေပေး ချင်တာရယ်၊ ငွေလဲ ပေးမယ်ဆိုပြီး ထွက်ခဲ့ကြတယ်။

နော်သင်ဇာတို့ ရွာကိုရောက်ဖို့ရန် ချောင်းကို ဖြတ် လာကြရတယ်။ ချောင်းရေက ဒူးဆစ်တောင် မမြုပ်နိုင်တဲ့ ရေခန်းခြောက်ခါနီးအချိန် ဖြစ်တယ်။

ကိုအောင် အဖေက ရှေ့က၊ ကိုအောင်က အလယ်မှ၊ ကိုအောင်မိခင်က နောက်မှ ဖြတ်ကူးလာစဉ်မှာပဲ ''ဝုန်း'' ဆိုတဲ့ ရေသံနဲ့အတူ တစ်ပြိုင်တည်း ကိုအောင် တစ်ယောက် ရေထဲ စုပ်စုပ်မြုပ်သွားပါတော့တယ်။

လင်မယားနှစ်ယောက် အံ့အားသင့်ခဲ့ကြပြီးမှ ရှာဖွေ



www.burmeseclassic.com

www.burmeseclassic.com



ကြသော်လည်း မတွေ့၊ နီးစပ်ရာမှ ရွာသားများ ရှာလဲ မတွေ့ကြ ဖြစ်နေပါတော့တယ်။

နောက်ဆုံးမှာတော့ ကရင်ဆရာကြီးပင့်ပြီး ပွဲတင် ရွတ်ဖတ်တော့မှ နစ်မြုပ်ခဲ့တဲ့နေရာမှာပဲ ကိုအောင်ရဲ့ သက်မဲ့ခန္ဓာကိုယ် ပြန်ပေါ်လာပါတော့တယ်။ ဆရာကြီးမှ...

'အဘိုးကို အမှားကျူးလွန်ခဲ့လို့ ဖြစ်ရတာ'

လို့ ပြောပြတယ်။

ရွာပြန်သယ်ပြီး အသုဘကိစ္စ ပြီးမြောက်အောင် လုပ်ကြရတယ်။ စောပူကယ်တို့လဲ စိတ်မကောင်း ဖြစ်ခဲ့ကြရတယ်ပေါ့။ ကံဆိုးတဲ့ချစ်သူနှစ်ဦးပါပဲ။

လပြည့်နေ့နံနက်ပိုင်းမှာ ထူးဆန်းလှစွာ စောပူကယ်တို့ ပန်းခင်းလေးထဲမှာ ပန်းပွင့်ကြီးနှစ်ပွင့် ဖြစ်နေခဲ့တယ်။ ဒီလိုနဲ့ ညပိုင်းမှာ စောပူကယ်နဲ့ နော်အဲမူတို့ စောင့်ကြည့်နေကြတယ်။ ညဆယ့်နှစ်နာရီထိုးအထိ မထူးခြားတဲ့အတွက် အိပ်ရာဝင်ခဲ့ကြတယ်။

အိပ်၍ မပျော်ခင်မှာ အိမ်ရှေ့မှ အသံများ၊ စကားပြောသံများ ကြားရတဲ့အတွက်ကြောင့် အချိန်မရွေး ညှော်သည် လာတယ်ထင်ပြီး လင်မယားနှစ်ယောက် ထကြည့်ကြတဲ့အခါမှာ အလွန် တုန်လှုပ်ချောက်ချားသွားခဲ့ရတယ်။

ပန်းခင်းအလယ်မှာ ဟိုတစ်ချိန်ကလို ကိုအောင်နဲ့ နော်သင်ဇာတို့နှစ်ဦး လရောင်အောက်က နှင်းမှုန်များအကြားမှာ စကားပြောဆိုနေတာကို မြင်တွေ့လိုက်ကြတယ်။

'အဲမူ'

'ရှင် အစ်ကို'

'ဘယ်လိုလုပ်ကြမလဲဟင်'

'မပြောတတ်ဘူး အစ်ကိုရယ် မြင်ရတာဝမ်းသာပေမယ့်လို့ ကြောက်လဲကြောက်တယ် အစ်ကိုရယ်'

စောပူကယ်မှ...

'ကဲ...ဒီလိုဖြစ်နေလို့တော့ ရေရှည်မကောင်းဘူး'

ပြတင်းပေါက်မှ ခေါင်းပြူကာ...

'သားနဲ့သမီးတို့ရေ အဖေပြောမယ် နားထောင်ကြနော် ကြားရဲ့လား'

လို့ ပြောတဲ့အခါမှာ နားလည်သလို အိမ်ပေါ်ကို



နှစ်ယောက်သား မော့ကြည့်နေကြတယ်။

'မင်းတို့ ဒီဘဝမှာ ပျော်မနေကြနဲ့ကွာ၊ ကောင်းရာမွန်ရာဘဝကို သွားကြတော့၊ ပြုသမျှကုသိုလ်တွေကို အမျှဝေပေးမယ်။ အဖေလဲ တတ်ထားတဲ့ပညာတွေ အားလုံးစွန့်ပြီး ဘုရား၊ တရားနဲ့ ကြည်ညိုကျင့်ကြံနေတော့မယ်။ မနက်ခင်းရောက်ရင် ပန်းခင်းကို အမြစ်မကျန် ဖျက်ဆီးလိုက်မယ်။ သွားကြတော့နော်'

လို့ ပြောပြီး အမျှပေးဝေလိုက်တဲ့အခါမှာ နှင်းမှုန်ကြားမှ အိမ်ရှေ့ကို တရွေ့ရွေ့ ထွက်ခွာသွားကြပြီး ခြံဝမှာ တစ်ခါ သမင်လည်ပြန်လှည့်ကြည့်ကြပြီး ရိုးမတောင်ခြေက ပန်းခင်းလေးကို ထာဝရ ခွဲခွာသွားခဲ့ကြပါတော့တယ်။

**ကျမ်းကိုး။ ။ ကြို့ပင်ကောက် အရှေ့မှ (သာယာဝတီမြို့ဟောင်း) ဦးမြင့်ဝေ(ကြို့ပင်ကောက်)နှင့် ကျမ်းများစွာ မှီငြမ်းပါသည်။**

**ကြို့ပင်ကောက် နှင်းနွယ်**



www.burmeseclassic.com



သိုသိုမောင်
(ပုလော)

# ကမ္ဘာ့ဂါတာန်ဒီးနှင့်

## ကျောက်သဘော်"ရှင်ကြီး"

**ကြီးနှင့် တူ၏။ အနီးကပ်ကြည့်မှ ကျောက်တောင် ကျောက်သား ကျွန်းငယ်လေးတစ်ကျွန်း။**

**လူများ မတက်ရဲသည့် တက်ရန်မလွယ်ကူသည့် ကျောက်ဆောင်ပေါ်တွင် သစ်ပင်ငယ်တို့ ပေါက်နေကြ၏။**

**ကျောက်သဘော်ကို သဘော်ပျက်ရာမှ သဲများ ပုံလွှမ်း၍ ကျောက်တောင် ဖြစ်လာသည်ဟု ယူဆကြ၏။**

ဂမ္ဘီရသမားတို့ စိတ်ဝင်စားလောက်သည့် နေရာ ဖြစ်သည်။ နတ်ကြီးသည်ဟု ပြော၏။ နတ်က **ကုလား နတ်။**

ကျောက်သဘော်အပြင်ဘက်ရှိ ပြင်တောင်သည် ကျောက်ဆောင်များ ပေါများလှသဖြင့် လှိုင်းလေ ကြီးမားလွန်းလှသည်။

ကျောက်သဘော်လွန်လျှင် ကုလားမခေါင်းရွာတစ်ခု ရှိပေသည်။ **ကျောက်သဘော်တွင် "ရှင်ကြီး" ရှိသလို... ကုလားမခေါင်းတွင် "ရှင်ကြီး" ရှိသည်။** ကုလားမခေါင်တွင်လည်း နတ်က **"ကုလားနတ်"**။

တကယ့်အဖြစ်အပျက်ကို မမြင်ရသူများအတွက် ယုံနိုင်စရာ မဟုတ်သဖြင့် ပုံပြင်ဟု ထင်မှတ်ဖွယ်ရာ ဖြစ်နေတတ်ပေသည်။ ဤသည်ကား ကျောက်သဘော် ဒေသမှာ ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်များပင် ဖြစ်သည်။

ပုလောမြို့နယ်သည် ကမ်းရိုးတန်းဒေသ ဖြစ်သည့်အားလျော်စွာ ကျွန်းများ အစီအရီ ရှိကြပေသည်။

ရှေးအခါကတည်းက အရှေ့တိုင်းနှင့် အနောက်တိုင်းကို ရွက်လှေကြီးများဖြင့် ကုန်ကူးကြပေသည့် ကျောက်သဘော်တစ်ဝိုက်တွင် ကျောက်ဆောင်များ ပေါများသဖြင့် လှိုင်းလေများ ကြီးမားတတ်ပေသည်။

ပုလောမြို့မှ ရေလမ်းခရီးဖြင့် သွားလာနိုင်သလို... ကုန်းလမ်းဖြင့်လည်း ထမင်းမစားမှ သွားလာနိုင်ပေသည်။

ပုလောမြို့မှ ရေလမ်းခရီးဖြင့် သွားလျှင် စက်လှေဖြင့် သွားပါက နှစ်နာရီကျော်ကျော်တွင် ကျောက်သဘော်ကို ရောက်ရှိမည် ဖြစ်ပေသည်။

ကျောက်သဘော်ရွာက ကျောက်သဘော်နှင့် ပေ (၅၀၀)ခန့် ကွာဝေးပေသည်။

**ကျောက်သဘော်သည် တီအမျိုးအစား နစ်ထင်သဘော်**

www.burmeseclassic.com





ထိုနေရာများမှာ ရေးက သင်္ဘောပျက်၍ သေဆုံးပြီးနောက် နတ်ဖြစ်လာသည်ဟု ယူဆရပေသည်။ ထိုနတ်မျိုးမှာ အသူရကာယ်စာရင်းဝင်များ ဖြစ်ပေသည်။

ယခင်က ကျောက်သင်္ဘောရွာတွင် ဝက်မမွေးရဲ ဝက်မစားရဲကြပါ။ ကျောက်သင်္ဘောရွာတွင် အိမ်ခြေ (၅၀)ခန့်သာ ရှိပေသည်။ လူအားလုံးက ရေလုပ်သားများ ဖြစ်ကြပေသည်။

**ယခင်က ကျောက်သင်္ဘောရွာတွင် အလှူအတန်း ပွဲလမ်းသဘင်များရှိလျှင် ကျောက်သင်္ဘော''ရှင်ကြီး''ထံမှ အိုးခွက်ပန်းကန် ဇွန်းခွက် လက်ဝတ်တန်ဆာများ ငှား၍ ရသည်ဟု သိရသည်။**

နောက်ပိုင်း လူတွေ ဥာဏ်များလာ၍ ကျောက်သင်္ဘော''ရှင်ကြီး''မှ မငှားတော့ကြောင်း သိရသည်။

ကျွန်တော့်အဘိုးက သူ၏အဖေလက်ထက်တွင် ဖော့တောင်နှင့်ကျောက်သင်္ဘော ရွာနှစ်ရွာ အကြီးအကျယ် ရန်ဖြစ်ကြသည်။ ဖော့တောင်ရွာသားများက ကျောက်သင်္ဘောရွာသို့ ဓားလှံများဖြင့် လာပြီး တိုက်ခိုက်ကြသည်။

ကျောက်သင်္ဘောရွာသား (၂၀)ဦး သေဆုံး၍... ဖော့တောင်ရွာသားဘက်မှ (၁၀)ဦး သေဆုံးခဲ့သည်။ ယခုလို ကမ္ဘာ့ရန်ဖြစ်ရခြင်းမှာ ဘောလုံးပွဲမှစ၍ မကျေမနပ်ဖြစ်ကာ မြစ်ဖျားခံခဲ့သည်။

နောက်ပိုင်း ကျောက်သင်္ဘောရွာသားနှင့် ဖော့တောင်ရွာသားတို့ လမ်းတွင် ထပ်တွေ့ကြကာ မခံချင်အောင် ပြောဆိုကြ၍ ယခုကဲ့သို့ ရန်ပွဲ ဖြစ်လာကြသည်။

ကျောက်သင်္ဘောရွာသည် တစ်စပြင် ဖြစ်သွားခဲ့သဖြင့် တိတ်ဆိတ်၍ ခြောက်ကပ်ကပ် ဖြစ်သွားခဲ့သည်။

ကျောက်သင်္ဘောရွာတွင် နေထိုင်သူများမှာ လက်ငုတ်လက်ရင်း ရှိသူများသာ မခွဲမခွာနိုင် ရှိခဲ့ကြပြီး... ကျန်သူများမှာ ပြောင်းပြေးကြသူ များပေသည်။

ကျောက်သင်္ဘောရွာတွင် ခြောက်လှန့်ခြင်း ပိုမိုများပြားလာကာ သေဆုံးသူများပင် ရှိလာကြသည်။

ရန်ပွဲတွင် သေဆုံးသူများမှာ မကျွတ်မလွတ်သဖြင့် ကျောက်သင်္ဘောရွာတွင် စွဲကပ်နေသူများ ဖြစ်သည်ဟု ယူဆကြ၏။

ကျောက်သင်္ဘောမှ ရွာလူကြီးဦးလှသော်မှ ရွာပျက်မည့်အရေးကြောင့် ရွာသားများကို ခေါ်ယူပြီး ယခုကဲ့သို့ သရဲများ ခြောက်လှန့်ခြင်း၊ ဖမ်းစားခြင်း မခံရအောင် ဘုန်းတော်ကြီးများအား ပင့်၍ ပရိတ်တရားတော်နှင့် ကမ္မဝါ ရွတ်ဖတ်ခြင်းတို့ကို ပြုလုပ်ရန် ညှိနှိုင်းခဲ့ပါသည်။

သဘောတူသည်နှင့် ပုလောမြို့ပေါ်မှ ဘုန်းတော်ကြီး ငါးပါးကို ကျောက်သင်္ဘောရွာသို့ စက်လှေဖြင့် ပင့်ဆောင်လာကြပါသည်။

ဘုန်းတော်ကြီးများမှ ပရိတ်ရားတော်ကို ရွတ်ဖတ်ပြီး...

'ကျောက်သင်္ဘောရွာတွင် သရဲ,တစ္ဆေ, ပြိတ္တာ, ဘီလူး,သဘက်တို့ ရှိတာ ကြိုက်သလား'



www.burmeseclassic.com

www.burmeseclassic.com



ဟု သုံးကြိမ် မေးမြန်းပြီးသည်နှင့် နာနာဘာဝများ မနေနိုင်အောင် ကမ္ဘဝါကို ဖတ်ကြားရွတ်ဆိုပေးခဲ့ပါသည်။

ထိုအချိန်တွင် ကျောက်သဘော်ရွာမှ ''ရှင်ကြီး'' သည် ဘုန်းတော်ကြီးများကို မမြင်ဘူး၍ လာရောက်ကြည့်ရှုရာ ကမ္ဘဝါဖတ်သည်နှင့်ကြုံ၍ အဝေးသို့ လွင့်စဉ် သွားခဲ့ပါသည်။

ကျောက်သဘော်''ရှင်ကြီး''သည် ကုလားမခေါင်းရွာရှိ သူငယ်ချင်း''ရှင်ကြီး''ထံ ရောက်သွား၍ ဝါဝါနှင့် လူကို ကြောက်လန့်မိကြောင်း၊ နောင် ကျောက်သဘော် ရွာသို့ မသွားရဲတော့ကြောင်း ကုလားမခေါင်းရွာမှ မိန်းကလေးတစ်ဦးကို ဝင်ပူး၍ ပြောဆိုခဲ့ပါသည်။



''ရှင်ကြီး''နေသော ကျောက်သဘော်မှာ ကျွန်းကလေးဖြစ်ပြီး ရွာနှင့် ပေ(၅၀၀)ခန့် အကွာတွင် ရှိသည်။

ကျောက်သဘော်ရွာမှ ပရိတ်ရွတ်သံနှင့် ကမ္ဘဝါရွတ်ဖတ်သံကို ''ရှင်ကြီး'' မကြားသိနိုင်ပေ။

ကျောက်သဘော်''ရှင်ကြီး''မှာ သီးခြားနယ်ပယ်ဖြစ်၍နေသည်။ ''ရှင်ကြီး''မှာ သရဲ,တစ္ဆေအုပ်စုတွင် ပါဝင်ပေသည်။

ယခင် ကျောက်သဘော်ရွာတွင် ဘုန်းတော်ကြီးကျောင်း မရှိသော်လည်း ယခုတော့ ရှိနေပါပြီ။ ယခင် သရဲ,တစ္ဆေများကိုကြောက်လန့်သော်လည်း ယခု မကြောက်လန့်တော့ပါ။

သူ့နယ်ပယ်တွင်တော့ သူ့ကို ကြောက်နေရသေးသည်။ ဥပမာပြောရလျှင် တံငါလေ့ငယ်များသည် လှိုင်းလေ ကြီးမားလျှင် ကျောက်သဘော်ချောင်းသို့ ဝင်ခိုရပေသည်။

ဝင်ခိုနားသည့် နေရာတွင် ကျောက်သဘော်ရှိနေသဖြင့် ကြမ်းတမ်းသော စကားများနှင့် ညစ်ပတ်သော စကားများကို မပြောရဲ မဆိုရဲကြပါ။

ဘုန်းတော်ကြီးကျောင်းမှ ည(၇)နာရီအချိန် ပရိတ်ရွတ်သံများ၊ ပဋ္ဌာန်းရွတ်ဆိုသံများကို ညစဉ် ရွတ်ဆိုနေကြသဖြင့်လည်း ရပ်ရွာအေးချမ်းနေပါပြီ။

ယခုတော့ ဝက်သားကို စားရဲကြပါပြီ။ ကျောက်သဘော်ရွာမှာ ရတနာသုံးပါးကို ဆည်းကပ်၍ ဒါန,သီလ,ဘာဝနာဖြင့် မွှမ်းထုံနေပါသဖြင့်လည်း ရပ်ရွာ စည်ပင်ဝပြောလာပြီ ဖြစ်သည်။

**ရတနာသုံးပါး၏ တန်ခိုးကား နှိုင်းတုမရ ကြီးမားပေစွ။**

**ညီညီမောင်(ပုလော)**



www.burmeseclassic.com

www.burmeseclassic.com



ဦးတင်ဝင်း
(အောင်လံ)

ကိုယ်တွေ့

# လက်ရွစ်နတ်သမီး



အိပ်မပျော်ပါ။ ဟိုတွေးဒီတွေးနှင့် ဖြေဆိုခဲ့ပြီးသော အတန်းတင်စာမေးပွဲအတွက် စိုးရိမ်စိတ် ဝင်လာပြန်လေသည်။ စာရေးသူတို့ငယ်စဉ် ကျောင်းသားဘဝက တစ်နှစ်တစ်တန်း စာမေးပွဲအောင်ရန်မှာ အရေးကြီးလှပေသည်။ မိဘများမှာ တောင်သူလယ်သမားဖြစ်၍ ခက်ခဲ ပင်ပန်းစွာ ကျောင်းထား ပေးခဲ့ရခြင်း ဖြစ်ပါ၏။ ယခုခေတ်ကဲ့သို့ သီးနှံဈေးနှုန်းများ ကောင်းမွန်ခြင်း မရှိသေး၍ မိဘများအနေဖြင့် မိမိသားသမီးများကို မြို့သို့တက်၍ ကျောင်းထားပေးခြင်း အလွန်နည်းလေသည်။

မိဘများအနေဖြင့် ခက်ခက်ခဲခဲဖြင့် မိမိအား ကျောင်းထားပေးခဲ့ခြင်းဖြစ်ရာ တစ်နှစ်တစ်တန်း စာမေးပွဲ မှန်မှန်အောင်ချင်ပါ၏။

ကံ,ဉာဏ်,ဝီရိယ ထည့်၍ ကြိုးစားခဲ့ပါသည်။ ၁၉၅၉ ခုနှစ် စတုတ္ထတန်းနှစ်တွင် စကောလားရှစ် စာမေးပွဲအောင်ထားသဖြင့် အလယ်တန်းပညာရေး အတွက် နိုင်ငံတော်မှ တစ်လ(၂၀)ကျပ် ထောက်ပံ့ခဲ့ သော်လည်း လုံလောက်မှု မရှိခဲ့ပါပေ။

အကယ်၍ စာမေးပွဲ မတော်တဆ ကျရှုံးခဲ့ပါက လည်း နိုင်ငံတော်မှ ပညာသင်ထောက်ပံ့ကြေး ရပ်ဆိုင်း ခံရမည် ဖြစ်ပါသည်။

ထို့ကြောင့် လူငယ်ဘာသာဘာဝ စာမေးပွဲအောင် မအောင်ကို ကြိုတင်သိချင်၏။ ခန့်မှန်းကြည့်လိုက်၏။

စာရေးသူ၏ မွေးဖွားရာဇာတိကား **မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ မြို့လှကျေးရွာ** ဖြစ်ပါ၏။ မြောက်ဘက်နှင့် အနောက်ဘက်တွင် **ဘွက်ကြီးချောင်းရေ**သည် ရစ်ခွေစီးဆင်းနေရာ ဆောင်းရာသီနှင့် နွေရာသီများတွင်မူကား အလွန်ကြည်လင်သော ရေများ တသွင်သွင် စီးဆင်းနေသဖြင့် အလွန်သာယာလှပသည်။

နွေရာသီ ကျောင်းပိတ်သော ကာလများတွင် ယင်းချောင်းနံဘေးတွင်သာ နွားကျောင်းခြင်း၊ အပေါင်းအသင်းများနှင့် ကစားခြင်းတို့နှင့် အချိန်ကုန်ကြ၏။

နေ့အခါတွင် အလွန်ပျော်သော်လည်း ညပိုင်းရောက်လာသောအခါမူ အလွန်ပူအိုက်၍ အလွယ်တကူ



www.burmeseclassic.com

ဗေဒင်မေးကြည့်လို၏။

သို့သော် မိမိရွာတွင်လည်းကောင်း၊ ရွာနီးချုပ်စပ်တွင် လည်းကောင်း ဗေဒင်ဆရာ မရှိချေ။ ဗေဒင်ဆရာ ဦးဉာဏ်မောင်က ဖိုကိုးလုံးရွာရှိကြောင်း လူကြီးများ ပြောစကားအရ သိရပါသည်။

ထိုရွာမှာ မိမိရွာနှင့် (၈)မိုင်ခန့် အလှမ်းကွာနေ သဖြင့် သွားရောက် မေးမြန်းရန်မှာလည်း မဖြစ်နိုင် ပါပေ။ အမည်ကျော်ကြား မှန်အောင်ဟောနိုင်သော နတ်ဝင်သည်လည်း မရှိပါပေ။

အကြားအမြင်ဆရာ ဆိုသည်ကား ကြားပင် မကြားဘူးခဲ့ပါ။ ဗေဒင်မေးကြည့်ချင်လှပါသည်။ မည်ကဲ့ သို့ ဆောင်ရွက်ရမည်ကို အချိန်ရတိုင်း စဉ်းစားနေပါ တော့သည်။

နွေညတစ်ညတွင် စာရေးသူသည် အမေကြီး ဒေါ်မြစိန်၏ နေအိမ်သို့ သွားရောက်လည်ပတ်ပါသည်။ အနီး ဒေါ်ကြည်အုန်းနှင့် အရီးလေး ဒေါ်စံကြိုင်တို့ကို လည်း အသင့်တွေ့ရပါ၏။

ဦးတင်ငွေ၊ ဦးကျော်စိန်ဝင်း၊ ဦးတင်ထွန်း၊ ဦးအောင် ဆန်းဝင်း၊ ဒေါ်ကျော်လေး စသည်တို့ညီအစ်ကိုမောင်နှမ တစ်စုလည်း စကားလက်ဆုံကျရင်း အတူတကွ ရှိနေကြ ပါ၏။

စာရေးသူမှ စာမေးပွဲကို ဖြေဆိုနိုင်သော်လည်း အောင်စာရင်း ကြော်ငြာပြီးမှသာ စိတ်အေးချမ်းသာ ရမည်ဖြစ်ကြောင်း တင်ပြဆွေးနွေးရာမှ လက်စွပ် နတ်သမီးအား မေးကြည့်ရန် အကြံရကြပါတော့၏။

ထိုလက်စွပ်နတ်သမီးမှာ မြန်မာနတ်သမီး မဟုတ် ချေ။ အင်္ဂလိပ်လူမျိုး လက်စွပ်နတ်သမီး ဖြစ်သည်ဟု ဆိုလေသည်။

မေးမြန်းရပုံမှာလည်း အလွန်လွယ်ကူ၏။ ကုန်ကျ စရိတ် လုံးဝ မရှိသည့်အပြင် ပြင်ဆင်မှုလည်း အလွန် နည်းပေးသည်။

**သို့သော် ထိုလက်စွပ်မှာ အပျိုတစ်ဦးဦး ဝတ်နေသော လက်စွပ်ဖြစ်ရပါမည်။ အအိုလက်စွပ် မဖြစ်ရပါ။**

လက်စွပ်နတ်သမီး ဗေဒင်မေးတော့မည် ဆိုပါက ရေနွေးကြမ်း ပန်းကန်တစ်လုံး ရေမွှေး(သို့မဟုတ်)ပေါင်ဒါမှုန့် အနည်းငယ်နှင့် အပ်ချည်ကြိုးတစ်တောင်ခန့်တို့ကို လိုအပ်ပါသည်။ အခြား



ခက်ခက်ခဲခဲ ဘာပစ္စည်းမှ မလိုတော့ပါ။ ပြည့်စုံပါပြီ။

လက်စွပ်နတ်သမီး ဗေဒင်မေးတော့မည် ဆိုပါက အောက်ပါအတိုင်း ပြင်ဆင်ရပါမည်။

ရေနွေးကြမ်းပန်းကန်တစ်လုံးထဲတွင် ရေသန့် အနည်းငယ်ထည့်ပြီး ရေမွှေး (သို့မဟုတ်) ပေါင်ဒါမှုန့် အနည်းငယ် ရောထည့်ရပါမည်။ အချုပ်အားဖြင့် မွှေးကြိုင်နေသော ရေသန့်ရအောင် လုပ်ခြင်း ဖြစ်ပါ သည်။

ထို့နောက် အမျိုးသမီး အပျိုတစ်ဦးဦး၏ လက်စွပ်ကို တစ်တောင်ခန့် ရှည်လျားသည့် အပ်ချည်ကြိုး အစွန်း တစ်ဖက်ဖြင့် ချည်ပါ။

ကျန်အပ်ချည်ကြိုးအစွန်းကို ဗေဒင်မေးပေးမည့် ပုဂ္ဂိုလ်၏ ညာလက်ဖြင့် ကိုင်ထားရမည်။

လက်စွပ်ကို ရေနွေးကြမ်းပန်းကန်ထဲရှိ မွှေးကြိုင် နေထဲသော ရေထဲတွင် ခေတ္တ နှစ်ထားရပါသည်။ ဒါဆိုလျှင် ဗေဒင်မေးရန် အသင့်ဖြစ်ပါပြီ။

ဗေဒင် စတင်မေးတော့မည် ဆိုပါက ကြိုးဖြင့် ဆွဲထားသော လက်စွပ်ကို ရေမှဖော်၍ ရေနွေးကြမ်း ပန်းကန်အပေါ်မျက်နှာပြင်အထိ ဆွဲတင်ထားရပါမည်။ လွတ်လပ်စွာ လှုပ်ရှားနိုင်ရန် ဖြစ်ပါသည်။

ကြိုးကိုင်ထားသူမှ မိမိညာလက်တံတောင်ဆစ်ကို ကြမ်းပြင်တွင် ထောက်၍ ဆွဲတင်ထားရန် ဖြစ်ပါသည်။

ထို့နောက် အင်္ဂလိပ်လက်စွပ်စောင့် နတ်သမီးကို အင်္ဂလိပ်ဘာသာဖြင့် လည်းကောင်း၊ မြန်မာဘာသာဖြင့် လည်းကောင်း လေးလေးစားစား ပင့်ဖိတ်ရန် ဖြစ်ပါ သည်။ ဥပမာအားဖြင့်…

F.35B. July, 2019.

www.burmeseclassic.com



'အရှင် လက်စွပ်စောင့်နတ်သမီး ကျန်းမာချမ်းသာပါစေ။ အကျွန်ုပ်တို့ လက်စွပ်စောင့်နတ်သမီး ဗေဒင်မေးမြန်းလိုပါ၍ မေတ္တာဓာတ် ပေးသနားပြီး ဤလက်စွပ်ရှိရာသို့ ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ရောက်ရှိပါက လက်စွပ်အပ်ချည်ကြိုးအား ဝိုင်းပြပါရန် (သို့မဟုတ်) တောင်နှင့်မြောက် ရွေ့လျားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်'

ယုံယုံကြည်ကြည်ဖြင့် ဆောင်ရွက်ပါက မကြာမီ လက်စွပ်နတ်သမီး ကြွရောက်ကြောင်း သိသာပါသည်။ **အပ်ချည်ကြိုး ဆွဲထားသော လက်က အလေးချိန် အနည်းငယ်စီးလာသလို ထင်ရပါသည်။**

**အထူးသတိပြုရန် အချက်တစ်ခုမှာ** အပ်ချည်ကြိုးကိုင်ထားသူ၏လက်အား မည်သည့်အားမျှ မပါစေရပါ။ ထိုအခါ မေးခွန်းများ မေးမြန်း၍ ရပါပြီ။

ဥပမာအားဖြင့်...

'ကျောင်းတစ်ဦးဦးအမည်ဖြင့် စာမေးပွဲအောင်မည် ဆိုပါက လက်စွပ်အား တောင်နှင့်မြောက် (သို့မဟုတ်) အရှေ့နှင့် အနောက်အရပ် ယမ်းပါ'

ဟူ၍ ဖြစ်ပါသည်။

အထက်အထပ် အခါခါ ယမ်းပြပါလိမ့်မည်။ အောင်မည် မဟုတ်ပါက ယမ်းပြခြင်း မဟုတ်ဘဲ ငြိမ်နေပါလိမ့်မည်။ ပို၍ သေချာအောင် ဝိုင်းပြနိုင်း၍လည်း ရပါသည်။ ဆန့်ကျင်ဘက်မေး၍လည်း ရပါသည်။ အမျိုးမျိုး စမ်းသပ်နိုင်ပါသည်။

အပ်ချည်ကြိုးကိုင်ထားသည့် **ဗေဒင်မေးပေးသူ၏ လက်ကို အားမထည့်မိစေရန် အထူးအရေးကြီးပါ၏။**

စာရေးသူကိုယ်တိုင် ကြိုးကိုင်သည့်အခါတွင်လည်း ယင်းအချက်ကို အထူးသတိပြု ထိန်းသိမ်းပါ၏။ သို့မှသာ ပတ်ဝန်းကျင်မှ အယုံအကြည်ရှိမည် ဖြစ်ပါသည်။

ဗေဒင်မေးမြန်းသူများသည်လည်းကောင်း၊ ဗေဒင်မေးမြန်းပေးသည့် ကြိုးကိုင်သူသည်လည်းကောင်း **ငါးပါးသီလလုံပါက** ပိုကောင်းပါသည်။ **လက်စွပ်နတ်သမီးအား မေတ္တာပို့ပေးကြရမည်။**

လိုအပ်သည့် မေးခွန်းများကို မေးမြန်းပြီးပါက ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် လိုရာသို့ ပြန်လည်ကြွမြန်းနိုင်ပါကြောင်း ပြောဆိုပေးရမည် ဖြစ်ပါသည်။ **ဟာသအနေဖြင့် ပြက်ရယ်ပြုခြင်း လုံးဝ မလုပ်ရပါ။**

ဒါဆိုလျှင် လက်စွပ်စောင့်နတ်သမီး ဗေဒင်မေးမြန်းခြင်းလုပ်ငန်း ပြီးပါပြီ။ အလွန်လွယ်ကူပါ၏။ ဘယ်မှ ဗေဒင်သွားမေးနေစရာ မလို။ ပိုက်ဆံငွေကြေး ကုန်ကျစရာမလို။ မိမိအိမ်တွင်ပင် ပင့်ဖိတ်မေးမြန်းနိုင်ပါသည်။

လေးလေးစားစား ယုံယုံကြည်ကြည် မေးမြန်းကြည့်ရန်သာ လိုပါ၏။ စာရေးသူ အတွေ့အကြုံအရ အလွန်မှန်ကန်ကြောင်း တွေ့ရပါသည်။

ရာခိုင်နှုန်းပြည့် မမှန်ကန်သည်ထားဦး။ အနည်းဆုံး (၇၅)ရာခိုင်နှုန်းခန့် မှန်ကန်ကြောင်း လေ့လာတွေ့ရှိရပါလိမ့်မည်။

အံ့သြဖွယ်ကောင်းလေစွ။ စဉ်းစားတွေးတော၍ မရသော ဂမ္ဘီရပညာတစ်ရပ်ပင် ဖြစ်ပါတော့သည်။

မယုံကြည်သူတိုင်း လက်တွေ့ စမ်းသပ်ကြည့်နိုင်ကြပါသည်။ ယုံယုံကြည်ကြည် ဆောင်ရွက်ပါက အလွန်ထိရောက်ကြောင်း တွေ့ရပါလိမ့်မည်။

ယင်းနောက်ပိုင်းတွင် စာရေးသူနှင့် ဆွေမျိုးတစ်စုတို့သည် အကြောင်းကိစ္စ ကြုံလေတိုင်း ဤဗေဒင်ကို မေးမြန်းခဲ့ကြပါသည်။

ယခုအခါတွင်ကား စာရေးသူ၏ အမေကြီးဖြစ်သူ ဒေါ်မြစိန်သည်လည်းကောင်း၊ အရီးလေး တော်စပ်သူ ဒေါ်စံကြိုင်သည်လည်းကောင်း ကွယ်လွန်ကုန်ကြပါပြီ။ အရီးလေး ဒေါ်ကြည်အုန်းကား သက်ရှိထင်ရှား ရှိနေပါသေးသည်။

အတူတကွ ဗေဒင်မေးမြန်းခဲ့သည့် ညီအစ်ကိုမောင်နှမတစ်စုမှာမူ ယခုအထိ မြို့လှကျေးရွာတွင် ကျန်းမာချမ်းသာစွာ ရှိနေကြပါ၏။

စာရေးသူ ဝန်ထမ်းဘဝမှ သက်ပြည့်ပင်စင် ယူကာ အသက်(၆၀)ကျော်ခဲ့ပါပြီ။ ပညာကို သေရွာသို့ ယူသွားပါက အားလုံးပင် အချည်းနှီး ဖြစ်ပါလိမ့်မည်။

မျိုးဆက်သစ်များ အလွယ်တကူနှင့် လက်တွေ့ စမ်းသပ်နိုင်ရန်အတွက် တန်ဖိုးရှိလှသော ဤဂမ္ဘီရဗေဒင်ပညာရပ်တစ်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် နိုင်ငံတစ်ဝန်း ဖြန့်ဖြူးလိုက်ရပါသည်။

**ဦးတင်ဝင်း(အောင်လံ)**



Error connecting to MPT network

www.burmeseclassic.com

www.burmeseclassic.com



# လူဝင်စား ကျွန်တော့်ညီလေး

ဂွင်းလေး



ဟု ဆိုထားပေသည်။

ကျွန်တော်တို့တွင် ညီအစ်ကို(၅)ယောက်ရှိပြီး ညီမလေးတစ်ယောက်ရှိပါသည်။ ကျွန်တော့်အောက်တွင် ညီလေးတစ်ယောက် ရှိပါသည်။ ကျွန်ုပ်၏အဖေသည် မြန်မာလူမျိုး ဖြစ်သော်လည်း အမေသည် တရုတ်လူမျိုး ဖြစ်ပါသည်။ မွေးလာသော ကလေးများသည် မျိုးရိုးသန့်သော တရုတ်အသွေးသား များပါ၍ အားလုံးနီးပါး အသားဖြူကြပါသည်။

ကျွန်တော့်အောက် ညီလေး မောင်လှမြင့်မှာ အသား မည်းပါသည်။ ကျွန်တော်မှ အမေအား အမေကလေး မွေးစဉ် ဆေးရုံ၌ မေးရ၍ ကလေးများ မှားလာသလားဟု ထင်၍ အမေအား မေးရာ အမေမှ မမှားကြောင်း ပြောပြပါသည်။

ကျွန်တော့်ညီငယ် ထူးခြားချက်မှာ အရွယ်ရောက်လာ သည့်အခါတွင် သူ၏ သူငယ်ချင်းများသည် ဟိန္ဒူ ဘာသာဝင်များ၊ မူဆလင်ဘာသာဝင်များ၊ ကုလားလူမျိုး

**ဓမ္မပဒ (၁၂၆)တွင်...**

'အချို့သောသူတို့သည် ကျွန်တော်တို့၌ အမိဝမ်းတွင်း ပဋိသန္ဓေ နေကုန်၏။ (လူပြန်ဖြစ်ကုန်၏။) မကောင်းမှုပြုသောသူတစ်ဦးသည် ငရဲ၌ ဖြစ်ကုန်၏။

ကောင်းမှုပြုသောသူတို့သည် နတ်ပြည်သို့ သွားကုန်၏။ ကိလေသာ ကုန်ခန်းသည့် ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံကုန်၏'



www.burmeseclassic.com

ခရစ်ယာန်ဘာသာဝင်များနှင့် အပေါင်းအသင်းများပါသည်။

မြန်မာလူငယ် အပေါင်းအသင်း နည်းပါးပါသည်။ ကျွန်တော်မှ အစ်ကိုဖြစ်၍ ညီလေး လူမျိုးခြားများနှင့် ပေါင်းသင်းရာတွင် သတိထား ပေါင်းသင်းရန် ကျွန်တော် ပြောဆိုဆုံးမသော်လည်း မရပါ။ ပေါင်းသင်းမြဲ ပေါင်းသင်းနေပါသည်။

အရွယ်ရောက်လာသူဖြစ်၍ တားဆီးပိတ်ပင်မှု မလုပ်ပါ။ ညီလေး ဆယ်တန်းအောင် တက္ကသိုလ်တက်ပြီး ဘွဲ့ရသောအခါ ညီလေးနှင့် ကျောင်းတက်ဖက် ဟိန္ဒူမလေးနှင့် လက်ထပ်လိုကြောင်း တင်ပြ အရေးဆိုလာပါသောအခါ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမ အားလုံး ဝိုင်းတားကြသော်လည်း မရပါ။ ဟိန္ဒူမလေးအား တောင်းရမ်းယူခဲ့ပါသည်။

ကျွန်တော်မှ…

'အမေ့သား ဘယ်လိုဖြစ်တာလဲ'

ဟု မေးရာ အမေက…

'မတားနဲ့သား မရဘူး။ သူက လူဝင်စားဖြစ်တယ်'

ဟု အမေမှ ကျွန်တော့်အား ရှင်းပြခဲ့ပါသည်။

ကျွန်တော့်ညီ မောင်လှမြင့် မမွေးခင် တစ်ညအလိုတွင်…

'ခေါင်းပေါင်းနှင့် ကုလားကြီးတစ်ဦး ကုလားလေး ဆယ်ယောက် (၁၀)အား ခေါ်လာပြီး အမေထံ လာပြကြောင်း။ (၁၀)ယောက်ထဲမှ ကြိုက်သလောက် ခေါ်ယူထားနိုင်ကြောင်း ပြောရာ အမေမှ အိမ်မှာလည်း လူတွေများနေ၍ တစ်ယောက်ပဲယူမည်'

ဟု ပြောပြီး နောက်ဆုံး ကုလားလေးတစ်ယောက်အား ယူထားကြောင်း အိပ်မက်မက်ခဲ့သည်။

မွေးလာသောအခါ အသားမည်းမည်းနှင့် မောင်လှမြင့်ဖြစ်နေကြောင်းနှင့် မောင်လှမြင့် နားအားကြည့်ရာ နားနှစ်ဖက်စလုံးတွင် အနက်စက်ကလေးများ တွေ့ရကြောင်း၊ အမေမှပြောပြ၍ ကျွန်တော်မှ လူဝင်စား ညီလေး မောင်လှမြင့် ဟိန္ဒူမလေးနှင့် လက်ထပ်ယူခြင်းအား ကျွန်တော် မကန့်ကွက်တော့ပါ။

**နောက်ထပ် ထူးဆန်းမှုတစ်ခုကတော့** မောင်လှမြင့် မွေးလာသော ယောကျ်ားကလေးသည် အသားဖြူနေ၍



ကျွန်တော် အံ့သြမိပါသည်။ ကျွန်တော်တို့မှ တရုတ်နှင့်တူသော သူ့သားအား အမေတို့မျိုးရိုးမှာ ''ကျင်''မျိုးရိုးဖြစ်၍ **ကျင်စိမ်း**ဟု အမည်ပေးခဲ့ကြပါသည်။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ အဆုံးအမတရားသည် ကံ, ကံ၏ အကျိုးကြောင့် ဘဝအမျိုးမျိုး ကျင်လည်သော သံသရာလည်တတ်ပုံကို သတိပေးထားပါသည်။ သံသရာဟူသည် အဆက်မပြတ် တရစပ်ဖြစ်ခြင်းဟု အဓိပ္ပာယ်ရသည်။

ဤသို့ အဆက်မပြတ် ဆက်ကာ ဆက်ကာဖြင့် ဘဝတစ်ခုမှ တစ်ခုသို့ ကူးပြောင်းရွှေ့လျားသကဲ့သို့ ဖြစ်နေပုံကို သံသရာကျင်လည်သည်ဟု ဆိုတတ်ကြပေသည်ဟု ဆိုစကားကို တွေးတောမိရင်း လူဝင်စား ကျွန်တော့်ညီလေး ဘဝမှာ အောင်မြင်ပါစေဟု ဆုတောင်းမေတ္တာ ပို့သလိုက်ရပါတော့သည်။

ဝင်းလေး

www.burmeseclassic.com



တလုပ်မြို့အင်းထဲမှ

# ချောင်းနံ့ပင်သရဲ

သန်းလှိုင်ထွက်ား
(တိုင်းကျော်)



ဝါဆိုဝါခေါင်လ ရောက်ပြီဆိုရင် ကျွန်တော်ရဲ့အဖေ ခရီးစဉ်အသစ် စတင်ဖို့ အချိန်ရောက်ပါပြီ။

အဘယ်ကြောင့်ဆိုရသော် ဝါဆိုဝါခေါင် ရေဖောင်ဖောင် ရောက်ပြီဆိုရင် ပရိမ္မရွာအောက်ဘက် ကျောက်တန်းရွာ ရေပေါက်မှ ရောဝတီဘက် ဖြတ်ထွက်နိုင်တယ်လေ။

အဲဒီအခါကျတော့ ကျွန်တော်တို့ သားအဖရဲ့ (ဟာလာ)ဖွဲ့ဈေးကွက် ချဲ့ထွင်ဖို့ ပိုပြီး အဆင်ပြေသွားတာပေါ့ဗျာ။

ကျောက်တန်းရွာ ရေပေါက်သွားရင် ကျောက်ရစ်ရွာ၊ နဘက်ရွာ၊ ကင်းရွာ၊ သောင်ကြီးရွာ၊ ဘူးကိုင်းရွာ၊ သရက်သာရွာ အဲဒီရွာတွေ လှည့်ပြီး ရောင်းလို့မကုန်ရင် သာထွန်းရွာ၊ မင်းတန်းရွာထိ ရောက်အောင် သွားရောင်းတယ်။

အဲဒီရွာတွေက မကုန်ရင် နေပူကုန်းရွာမှ တစ်ဖက်ကမ်း ဆမိတ်ခုံ (ဆီမီးခုံ)ရွာဘက်ကို ရောင်းတယ်။ ဆီမီးခုံရွာကလွဲရင် အထက်ပါ ရွာစဉ်တွေဟာ မြောင်မြို့နယ်ထဲက ဖြစ်ပါတယ်။

နောက်မြစ်ပေါက် (သို့မဟုတ်) ချောင်းတစ်ခု ကျန်သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



နန္ဒင်းကိုင်းရွာအခြေကနေ ဆူးလေကုန်းရွာကနေပတ်ပြီး ဆင်လောင်ရွာ၊ မြစ်စုပ်ရွာ၊ မြစ်သာရွာ၊ သုခဒီပါရွာ၊ ရွှေလုံ့ရွာ၊ ငါးရံ့အိုရွာ၊ မင်းလှရွာ၊ ဇရပ်နီရွာကနေပြီး ရောဝတီမြစ်ဘက်ကို ထွက်လို့ ရပြန်ပါတယ်။

နောက် မြစ်ပေါက်တစ်ခုကတော့ ရေစကြိုမြို့ အရှေ့ဘက်တည့်တည့် မီးလောင်းကျွန်းရွာ၊ ဇရပ်နီရွာ…

နှစ်ရွာကြားကနေထွက်ပြီး ပန်းညိုရွာ၊ နတ်စင်ပေါက်နေပြီးလဲ ရောဝတီမြစ်ထဲ ခုန်ဆင်းသွားလာလို့လဲ ရပြန်ပါတယ်။



ဒါကြောင့် ကျွန်တော်တို့ လှေသမား၊ ဖောင်သမားများဟာ ဝါဆိုဝါခေါင် ရေဖောင်ဖောင်အချိန်မှာ (ကျေးဇူးတော်) မြစ်နှစ်စင်းရှိနေခြင်းကို အလွန်ပဲ ဝမ်းသာကျေနပ်ပျော်ရွှင်ကြတယ်။

ဘာကြောင့်လဲဆိုတော့ မြစ်နှစ်စင်း ပေါင်းစပ်ခြင်းအတွက် ကျွန်တော်တို့အတွက် **ရွှေလမ်းငွေလမ်းပေါက်ချိန်** ဖြစ်ပါတယ်။

တလုပ်မြို့အင်းထဲမှ ညောင်နီပင်သရဲအကြောင်း ရေးပါတော့မယ်။ တလုပ်မြို့သည် ရှေးဟောင်းမြို့တစ်ခု ဖြစ်ပါတယ်။ မြင်းခြံမြို့နယ်ထဲမှာ ရှိနေပါတယ်။

မြင်းခြံမြို့အထက်နား အနိမ့်ရွာ၊ ဂေါင်းခွဲရွာကို လွန်သော် တလုပ်မြို့ကို ရောက်ပြီလို့ ကျွန်တော် ထင်ပါတယ်။ ရေကြောင်းမှ သွားသော်မှ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဖွဲလှေသည် ပန်းညိုရွာ အောက်ဘက် နတ်စင်ပေါက်မှ ရွက်ဆင်ရွက်ဖွင့်ပြီး ရောဝတီမြစ်အရှေ့ဘက်ကမ်းသို့ ဖြတ်၍ ကူးပါတယ်။

တလုပ်မြို့ဆိပ်ကမ်းကို ရောက်သော် အဖေသည် ဖွဲရောင်းရန်အတွက် ရွာပေါ်တက်ပြီး ဖွဲဝယ်မယ့်သူကို ရှာဖွေပြီး အစပ်သွားပါတယ်။

ညနေ(၅)နာရီခွဲအချိန်ထိ အဖေလှေဆီ ပြန်မရောက်သေးပါ။ ညနေမှောင်ရီရီအချိန်မှ အဖေ ပြန်ရောက်ပါတယ်။

တလုပ်မြို့ အင်းထဲတွင် ပိုက်ချနေသော လှေတစ်စင်းရှိနေ၍ ကျွန်တော်တို့မှာ အဖော်အဖြစ် ရရှိနေပါတယ်။

ခါတိုင်းလဲ ဒီဆိပ်ကမ်းမှာ ကျွန်တော်ဆိုက်ပြီး ဖွဲရောင်းနေကျနေရာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အကြောင်းကို ပြောပြပါမယ်။ ကျွန်တော်သည် (၄)တန်းအောင်ပြီး အဖေသွားရာနောက်မှ အမြဲတမ်း ပါနေပါတယ်။ ကျွန်တော့်အသက်မှာ (၁၀)နှစ်ကျော် (၁၁)နှစ်ခန့် ရှိပါမယ်။

ကျွန်တော်တို့လှေအတွက် ငှားလာသော လူငှားမှာ ကိုရင်ကြီးဖြစ်ပါတယ်။ ကျွန်တော်နဲ့ သက်ရွယ်တူ ဖြစ်ပါတယ်။

ကျွန်တော်တို့ လှေသွားရာ ခရီးထွက်ရာတွင် အမြဲ တမ်းခေါ်နေကြဖြစ်ပါတယ်။

ကိုရင်ကြီးတွင် ချို့ယွင်းချက်တစ်ခု ရှိနေပါတယ်။ နားအလွန်လေးပါတယ်။ သို့သော် ပါးစပ်လှုပ်တာနဲ့ ဘာပြောနေတယ်ဆိုတာ အတပ်သိပါတယ်။ စကားကျယ်ကျယ် အော်ပြီး ပြောစရာ မလိုပါ။

အဲဒီအချိန်က ပညာရေးသည် ဦးစားပေးတဲ့ထဲ မပါနိုင်ပါ။ အလွန်ဆင်းရဲနေသော အချိန်ကာလ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်။

ပညာရေးထက် ဝမ်းရေးက အရေးကြီးနေချိန် ဖြစ်ပါတယ်။ မူလတန်း(၄)တန်း အစိုးရစစ် အောင်ပြီဆိုရင် ကျောင်းထွက်ပြီး ဖြစ်နိုင်ခြေရှိရာကို လုပ်ကိုင်စားသောက်ရသော ဘဝသမားများ ဖြစ်ကြပါတယ်။

အဖေရောက်လာပြီး ထမင်းစားရေနွေးအိုး တည်ပါတယ်။ ပိုက်လှေမှ လူနဲ့ မိတ်ဖွဲ့ရင်း စကားပြောနေကြပါတယ်။

ကျွန်တော်တို့ နှစ်ယောက်လဲ အဖေနဲ့ ပိုက်လှေမှလူနဲ့ စကားပြောတာကို ပုံပြင်သဖွယ် မအိပ်သေးဘဲ နားထောင်နေကြပါတယ်။

ကိုရင်ကြီးကို **"ဦးရင်ကြီး"**လို့လဲ ခေါ်ကြပါတယ်။ အများ နာမည်ခေါ်ခြင်းမှာ ဦးရင်ကြီး ဖြစ်ပါတယ်။ စကားပြောရင် အမြင်အာရုံနဲ့ ပြောရခြင်းအတွက် စကား အနည်းငယ် ထစ်ပါတယ်။

'ဟိုမှာမြင်လားဗျ ဦးလေးသာ…အင်းရဲ့ အနောက်ဖျားက ညောင်ပင်ဟာ ညညတိုင်ရင် တစ်ပင်လုံး ရဲတောက်နေတာ၊ မနက်လင်းတာနဲ့ အစိမ်းရောင်ဖြစ်သွားတာဗျ။

အဲဒါ ညောင်နီပင်လို့ ခေါ်ပြီး သရဲလဲ ရှိနေတယ်လို့ ပြောကြတယ်။ ကြက်ဝယ်လာကြသူတွေ၊ ဝက်သား,အမဲသား ရှေ့နောက် ထမ်းပိုးနဲ့ ထမ်းလာပြီး အဲဒီအပင်အောက်က ဖြတ်သွားလို့ကတော့ ကြက်ဆိုလဲ ခြေထောက်ပဲ ကျန်ရစ်တယ်။

ဝက်သားတွဲ,အမဲသားတွဲဆိုရင်လဲ တွဲထားတဲ့ လျှော်ပင်ပဲ ကျန်ရစ်တယ်ဗျ'

အဖေမှ…

'အခုလို ရေတွေက အင်းထဲမှာ ပင်လယ်ဝေနေချိန်မှာ အဲဒီ ညောင်နီပင်သရဲက ဘယ်သွားနေမှာလဲကွ၊ ငါတော့ မယုံဘူးကွ'

အဖေသည် ခေတ်ပညာတတ် မဟုတ်သော်လဲ ရှေ့နောက် ဆီလျော်တွေးပြီးမှ ယုံသူ ဖြစ်ပါတယ်။

ကြောက်လဲ မကြောက်ပါ။ သရဲတစ္ဆေဆိုရင် ပိုပြီးတော့ မကြောက်ပါ။ အခြောက်လဲ တစ်ခါမှ မခံရဘူးလို့ ပြောပါတယ်။

ဟုတ်ပါတယ်… ပိုက်လှေမှ လူပြောသလို ညောင်ပင်ကြီးတစ်ပင်လုံး နီလို့ နေပါတယ်။ ပါးစပ်လှုပ်တာ အခြေနေကြည့်ပြီး ဦးရင်ကြီးက သရဲတစ္ဆေအကြောင်း ပြောနေကြောင်း သိ၍ အလွန်ကြောက်နေပါတယ်။

ညဉ့်နက်သောအခါ ပိုက်လှေလူရော ကျွန်တော်တို့ပါအားလုံး အိပ်ရာဝင်ကြပါတယ်။

မနက်လင်းလို့ ကြည့်လိုက်သော ညက နီရဲနေသော ညောင်ပင်နီမှာ စိမ်းလဲ့၍ပင် နေပါတယ်။

တလုပ်မြို့တစ်ရွာလုံးသည် ဝါဆိုဝါခေါင် အင်းထဲသို့ ရေဝင်ချိန်တွင် မနက်ရော နေ့ရော ညနေပါ ရေ အလွန်ချိုးကြပါတယ်။

ယခုအချိန် ရေချိုးဆိပ်တွင် လူတွေ စည်ကားနေပြီး ပျော်စရာ အလွန်ကောင်းပါတယ်။ အောက်မှ မြေကြီးမှာလဲ ယာခင်းစပ် သဲစပ်စပ် ဖြစ်နေပြီး ပို၍ သန့်ရှင်းပါတယ်။

ရေချိုးဆိပ်နဲ့ မနီးမဝေးလေးမှာ ဘောလုံးကွင်းရှိတယ်လို့ ထင်ပါတယ်။ မနက်လင်းသော် ပိုက်ချလှေလဲ ငါးတွေ ဖြုတ်ပြီး လှေကို လှော်ပြီး အချိန်မီရောင်းရန် ပြန်၍ သွားပါပြီ။ ဘယ်အချိန်မှ ပြန်၍ လာတော့မယ် မသိပါ။

ညနေ နေဝင်ရီတရောအချိန်ထိ အဖေ ပြန်မရောက်သေးပါ။ ဒီနေ့ မနက် ဖွဲတင်း(၂၀)လောက် ရောင်းလိုက်ရတယ်။ အဖေလာစေချင်ပြီ နေဝင်ပြီးမှောင်တော့မှာဗျ။

အဲဒီအချိန်မှာပဲ ငိုခြင်းရှည်ကြီးတွေ ဖွင့်ပြီး လာနေတဲ့ လော်စပီကာသံတွေ ကြားနေရတယ်။

အောင်မောင်းကြီးရဲ့ ယောဂူဝ ဇာတ်ထုတ်ထဲက ငိုခြင်းဗျ။ ကျွန်တော်တို့လဲ ဘုရားလှည့်လား၊

(စာမျက်နှာ (၂၈၈) သို့)



www.burmeseclassic.com

www.burmeseclassic.com





အိုင်းမ အိုးပြင်မဲက

# နတ်ရဲ့ဆို

တင်ဘုန်းဝင်း

**"အိုးပြင်မဲ" အိုင်းမ–ရွှေစက်တော်** တောလမ်းပေါ်ကရွာ၊ ဒီရွာကလေးက အိုင်းမဆည်တော် သဲသောင်စခန်းပေါ်ကအတက် တောနှင့် ဆက်နေသည့် ရွာကလေး…

အိုင်းမ ဆည်တော်စခန်းကတော့ ရွှေစက်တော်လမ်းပေါ်မှ နာမည်ကျော်ကြား လူသိများသည့် စခန်းကြီးပါ။ **ဆီထမင်းနှင့် ငါးလေးကြော်**ကို ပျော်ပျော်ပါးပါးစားရင်း နားကြသည့် နေရာ…

အိုးပြင်မဲရွာက ခွာပြီဟေ့ ဆိုသည်နှင့် တောလမ်း ခရီးကြမ်းကစပြီး လမ်းက အတက်အဆင်း မကြမ်းသည့် လှည်းလမ်း၊ ခုတော့ ကားတွေ သွားနေကြပြီ။ ရှေးကဆို လှည်းတန်းကြီးတွေနှင့် သွားခဲ့ရသည့် ခရီးကြမ်း။

သက်ကြီးရွယ်အိုတွေနှင့် ကလေးငယ်တွေက လှည်းပေါ်မှာ၊ သန်သန်မာမာ လူငယ်တွေက ခြေကျင် ခရီးနှင်ကြသည်။ တစ်ဦးကို တစ်ယောက်က ဖေးဖေးမမ စောင့်ခေါ်ကြသည့် မေတ္တာလမ်း…





www.burmeseclassic.com

www.burmeseclassic.com





မောရမှန်းမသိ ဟိုကြည့်လည်း ရိုးတံကျဲ၊ ဒီကြည့်လည်း ရိုးတံကျဲ၊ ရွက်ကြွေတောထဲက ခရီးစဉ်၊ တည်ပင်ကြောရောက်မှ တစ်ထောက်နားကြသည်။

တည်ပင်အောက် ရောက်သည်နှင့် တည်သီးမှည့်ခြောက်ကလေးတွေကို ရှာဖွေကာ အလုအယက်ကောက်ကြသည်။ အခေါက်မည်းမည်း အရွက်ကျဲကျဲနှင့် တည်ပင်အိုကြီးတွေကလည်း အသွားထူးသည့် ဘုရားဖူးတွေကို အမြဲ ကြိုနေသလိုပါပဲ။

အပူပိုင်းဒေသ သန်းဒဟတ်တောသစ်ပင်ပေါပေမယ့် သစ်ရွက်ကြွေသည့် နွေဆိုတော့ အရိပ်က မရ၊ နေပူကျဲကျဲ ခရီးထဲက အဟုတ်မဝေးသည့် **လုတ်ဆေး**ကို ရောက်ကြပြီဆိုလျှင် **ကျောက်ကလေးတွေကောက်ဖို့** တစ်ထောက်နားကြသည်။

လုတ်ဆေးဆိုတာ ချောင်းကလေး၏ နာမည်ပါ။ ချောင်းကတိမ်တိမ်ပြန့်ပြန့်နှင့် သန့်နေသည်။ နွေမှာ ရေမရှိသည့် ချောင်းချောက်၊ မိုးရာသီရောက်မှ ကြည်လင်အေးမြသည့် ရေအလျဉ်က ညင်ညင်သာသာ စီးပါသတဲ့။

**ဒီချောင်းထဲမှာ ကျောက်ဆောင်အတုံးအခဲကြီးတွေ လုံးဝမရှိ၊ အသုံးကျသည့် သဲလည်းမရှိ၊ တကယ်ရှိသည့် အရာက အံ့ဩစရာ အမြူအစိကျောက်သေးသေးတွေ...**

အဝါရောင်က လူးစေ့၊ ဆတ်စေ့၊ ပြောင်းဖူးစေ့အရွယ် ကျောက်ငယ်လေးတွေ။ ဖွေးဖွေးဖြူနေသည့် ကျောက်ကလေးတွေက **ဆန်ကောင်း ဆန်ကျိုး ဆန်ကွဲမျိုး အရွယ်ငယ်ငယ်လေးတွေ။** ဒီကျောက်အသေးအဖွဲလေးတွေ ချောင်းထဲမှာ ပေါ်လာပုံကလည်း တစ်နှစ်နှင့်တစ်နှစ်မတူ။

**လူးစေ့ ဆတ်စေ့ ပြောင်းဖူးစေ့နှင့် ဆန်ကျိုး ဆန်ကွဲ တွဲပေါ်သည့်နှစ်ရှိသလို ဆန်ကောင်း ဆန်သန့် ဖြူဖြူသွယ်သွယ်အရွယ် ကျောက်ငယ်လေးတွေ ပေါ်သည့် နှစ်လည်း ရှိသည်။**

ဘုရားဖူးတွေက ဒီချောင်းရောက်လျှင် ဒီကျောက်သေးသေးလေးတွေကို ကောက်ကြသည်။ လူးစေ့၊ ဆတ်စေ့၊ ပြောင်းဖူးစေ့နှင့် ဆန်ကျိုးဆန်ကွဲ ကျောက်ကလေးတွေ တွဲတွေ့လျှင် "**လာမည့်နှစ် မိုးခေါင်ကာ ဆန်ရေစပါး ရှားမည်**"ဟု နိမိတ်ဖတ်ကြသည်။

ဖြူဖြူသွယ်သွယ် ဆန်ကောင်းအရွယ် ကျောက်ငယ်လေးတွေချည်း တွေ့လျှင် **ဆန်ရေစပါး ပေါများ**ဟု ယုံကြည်ကာ ဝမ်းသာကြသည်။

ဒီချောင်းကလေး၏ သမိုင်းကနက်ရှိုင်းလှသည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရား သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမသို့ စန္ဒကူးနံ့သာ ကျောင်းတော်ကြီးကို အလှူခံ သီတင်းသုံးတော်မူပြီး **မကုလတောင်ထွတ်ချာနှင့် နမ္မဒါမြကျောက်ဖျာ**သို့ ကြွတော်မူသည့် ဒေသစာရီခရီးမှ ကြားစခန်းတွင် **ဆွမ်းဘုဉ်း ပေးတော်မူပြီး အာလုတ် ဆေးတော်မူခဲ့သည့်** ချောင်းကလေးဟု ဆိုသည်။

သည်ချောင်းကလေးထဲမှာ ဗုဒ္ဓမြတ်ဘုရား အာလုတ်ဆေး၍ ထွေးတော်မူရာမှ ကျန်ခဲ့သည့် ဆွမ်းကျန်ကလေးတွေဖြစ်ပြီး နောင်သောအခါ ဤဒေသမှ လူအများ၏ အကျိုးငှာ စားရေးရိက္ခာရရှိရေး အတိတ်နိမိတ်ပေးရန် ချန်ထားတော်မူခဲ့သည့် ကျောက်ဖြစ်ရုပ်မှန် ဆွမ်းကျန်ကလေးတွေလည်း ဖြစ်ပါသည်။

သြော်... မြတ်ဗုဒ္ဓ၏ မေတ္တာကရုဏာတော်ကား ကြီးမားလှပေစွ။

လုတ်ဆေးချောက်မှ ကျောက်ကလေးတွေကို ကောက်ရင်းနောက်က လှည်းတွေကို စောင့်ကြသည်။ လှည်းတန်းကြီးရောက်မှ ခရီးဆက်လေ့ရှိကြသည်။ သည်ခရီး သည်တောလမ်းမှ ဘုရားဖူးလျှောက်လှမ်းခဲ့ကြသည့် ရှေးက





www.burmeseclassic.com



ပုဂ္ဂိုလ်ကျော်ကြီးတွေ၏ ခရီးသွားမှတ်တမ်းတွေကလည်း ဖမ်းစားနေဆဲပါ။

"လုံ့ဆုတွေပြား၊ ငှက်အများလည်း၊
ပျားသို့ချိုပေး၊ ရင့်ရှမ်းကြွေးလျက်၊
မောင်တွေတို့လော၊ မယ်တို့လောဟု၊
သဘောနှုတ်ဆက်၊ မေးကြလျက်တည့်၊
တကုန်းဆင်းသက်၊ တကုန်းတက်၍၊
မြိုင်နက်မြိုင်ကြေ၊ တစ်တောထွက်ဝင်၊
တစ်တောမြင်က၊ တစ်ပင်ရိပ်နား တစ်ပင်
သွား၍"

ဆိုသည့် **ရှင်မဟာရဋ္ဌသာရ၏ "ရွှေစက်တော်သွားတောလား"**

"ရုံးကြီးတောခေါ်၊ ဆည်တော်မည်တွင်၊
တည်ပင်လုတ်ဆေး၊ မဝေးစပ်ကာ၊
ကင်ပိမ့်ရှာ"

ဆိုသည့် **ညောင်ကန်ဆရာတော်ဦးပုဗ်၏ ရွှေစက်တော်သွားတောလမ်း**ကြီးက ခရီးစဉ်ကလည်း ပီပြင်လှပါဘိ။

သိပ္ပံမောင်ဝ၏ "ဆည်တော်မှ စက်တော်ရာသို့ သွားသော လမ်းကား ကုန်းတက်၊ ကုန်းဆင်း၊ ချောက်များ၊ မြောင်များ၊ ဖုန်များ ထူထပ်လှပေ၏။ (၉)နာရီထိုးပြီ မရောက်သေး၊ နေလည်း အတော်ပူလေပြီ။ (၁၀)နာရီထိုးပြန်ပြီ မရောက်သေး။ ခင်သန်းမြင့်တို့ လူစုလည်း မောလည်းမော၊ ရေလည်း ငတ်၊ ထမင်းလည်း ဆာကြလေပြီ။

ခြေလှမ်း အတော်နှေး၍ လာ၏။ (၁၀)နာရီခွဲလေသော် ခပ်လှမ်းလှမ်းမှ အထက်စက်တော်ရာ တန်ဆောင်း၊ စောင်းတန်းတို့ကို မြင်ကြရလတော့၏။ အားတက်၍ လာကြလေပြီ။ ခြေလှမ်းသွက်၍ လာ ကြလေပြီ။ မြတ်စွာဘုရား၏ တန်ခိုးတော်ကား ကြီးမားပေစွဟု ဖော်ပြထားပုံကလည်း ရင်ခုန်စရာပါ။

လူအများစုနှင့် စုဖွဲ့သွားကြသည့် ဘုရားဖူးတွေကတော့ သိပ္ပံမောင်ဝ ပြောသလို မမောကြ၊ ရပ်လိုက်၊ နားလိုက်၊ သွားလိုက်၊ စလိုက်၊ နောက်လိုက်၊ ရယ်မောလိုက်နှင့် မမောမပန်း တစ်စုတစ်ဝေး လှမ်းပြီး ဘုန်းကြီး တောင်တန်း ခင်ပိန့်စခန်း ရောက်မှ နောက်က လှည်းတွေကို စောင့်ကြသည်။

လှည်းတန်းကြီးကို မျှော်နေတုန်း ကုန်းပေါ်ကနေ သစ်ပင်သစ်ခက်တွေကြား အထက်စက်တော်ရာ ဘုရား၏ ဘုံပြာသာဒ်တွေလည်း မြင်၊ ခေါင်းလောင်းသံ လွင်လွင်လည်း ကြားမှ အမောပြေကာ ပျော်ကြသည်။

လှည်းတွေကလည်း ရောက်၊ ကျောက်တန်းဆင်းကနေ လေတင် အဆင်း လမ်းကကျဉ်း အဆင်းက ကြမ်း ဆိုတော့ ရှေ့ကပြေးပြီး အသံပေးသူက ပေးကြရသည်။

ဖြည်းဖြည်းလေးလေးနှင့် တကျွိကျွိ တအီအီမြည်ကာ စက်တော်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကို အဝိညာဏက လှည်းတွေကပါ ကန်တော့နေကြသည့် အလား ပျော်ပျော်ပါးပါး သွားခဲ့ကြသည့် ခရီး။

ပွဲတော်ကွင်းရောက်မှ လှည်းဝိုင်းကြီး ချကာ နားကြရတော့သည်။ အဲဒီကာလက **လှည်းဝိုင်းကြီးတွေ ချသည့်နေရာက (ယခု နမ္မဒါ တည်းခိုဆောင်တွေ ရှိသည့်) အထက်သောင်အဖျားမှာပါ။**

အောက်သောင် ရေိယာက အောက်စက်တော်ရာ၏ အောက်ဘက်မှာ ရှိသည်။ ဒီသောင်ကို **''နိဗ္ဗာန်သောင်''**ဟုလည်း ခေါ်ကြသည်။ ဒီသောင်ပေါ်က စားသောက်ဆိုင်တွေ၊ ဈေးဆိုင်တွေ၊ အကြော်ဆိုင်တွေ၊ ဟင်းသီးဟင်းရွက် ရောင်းချသူတွေနှင့် ပွဲတော်ကွင်း အလုပ်သမား တဲတွေရှိသည်။

ဘုရားပွဲတော် မှီပြီး လုပ်ကိုင်စားကြသည့် အလုပ်သမားတွေကလည်း စုံသည်။ တချို့က တဲကျောင်းဆောက်သည်။ တချို့က ဈေးဆိုင်ဆောက်သည်။ မျောတိုင်ဝါးခုတ်စားသူကလည်း များသည်။

ဒီကြားထဲ တိတ်တိတ်ပုန်း ငုံး၊ ခါ၊ တောကြက်၊ တောကြောင် ထောင်ပြီး ရောင်းစားသူတွေလည်း ရှိသည်။

ရွှေစက်တော်ဘုရား၏ တည်နေရာမှာ ရှေးအခါက တောကြီးဟေမာ ဖြစ်ပါ၏။ စက်တော်ရာနှစ်ဆူ ချထားတော်မူသည့် မကုလတောင်ထွတ်ချာနှင့် နမ္မဒါမြကျောက်ဖျာကလည်း ထူးခြား



လှပါဘိ။

မကုလတောင်ရိုးက **မုဆိုးကြီး သစ္စပဗန္ဓနေရာ၊** မန်းချောင်းရေအလျဉ် တသွင်သွင်စီးရာ နမ္မဒါမြကျောက်ဖျာက **နမ္မဒါနဂါးမင်း**တို့ပြည်ရွာ၊ အလွှာချင်းမတူ ကွဲပြားသည့် နဂါးနှင့်လူတို့ ပူဇော်ရန် ဗုဒ္ဓမြတ်ဘုရားကိုယ်တော်တိုင် ချထားပေးသနားတော်မူခဲ့သည့် ခြေတော်ရာနှစ်ဆူ။

တောအထပ်ထပ် တောင်အထူထူမှာ စံတော်မူသည့် စက်တော်ရာမြတ်နှင့် ကပ်ပြီး ပေးဖွဲ့ထားသည့် ဘေးမဲ့တောကြီးကလည်း ထူးခြားလှပါ၏။ ဘေးမဲ့ပေးထားသည့် သားသမင်တွေ၏ အတိတ်ဖြစ်စဉ်ကလည်း စိတ်ဝင်စားဖွယ် ကောင်းလှပါ၏။

တစ်ခါက ဒီဒေသမှ သစ္စပဗန္ဓမုဆိုးဖြစ်မည့် နွားလားဥသဘကြီး၏ အသားကို မတရား သတ်ဖြတ်စားခဲ့သည့် ဒေသသားတွေသည် ဘဝခြားသည့်အခါ သားသမင်တွေဖြစ်သွားသလို နွားကြီးကလည်း လူသားမုဆိုး ဖြစ်သွားပါသတဲ့။

အတုံ့အလှည့် ဘဝ၏ သံသရာထဲက လူသားမုဆိုးကြီးမှာ ရဟန္တာဖြစ်သွားပေမယ့် သားသမင်တွေ၏ အဆက်ကတော့ ရွှေစက်တော် တောနက်ကြီးထဲမှာ ယနေ့ထိ ရှိနေဆဲပါ။ ဒီသားသမင်တွေကို **''ရွှေသမင်''**ဟု မှတ်တမ်းတင်ထားသည်။ ကမ္ဘာမှာ ရှားပါးသည့် မြန်မာ့သမင်မျိုးဟုလည်း ဆိုကြသည်။

ဒီသမင်တွေ ပျော်ရွှင်သည့် ဘေးမဲ့တောကြီးက ဘုရားမြောက်ဘက်၊ **ရွှေစက်တော် ကျီးကန်ကာကွယ်တောက အရှေ့ဘက်၊ လေးပင်–အိုင်းမနှင့် ပဒေါင်း–ပျော်ဘွယ် ကာကွယ်တောတွေက တောင်ဘက်။**

နယ်လေးဖက်လုံး တောတွေဖုံးနေသည့် ဧရိယာ၊ အုပ်ချုပ်ရသူမှာ အိုင်းမ ဘီနယ်တာဝန်ခံ၊ အဲဒီတုန်းက ဘီနယ်တာဝန်ခံမှာ တောခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးဦးသန်းညွန့် ဖြစ်သည်။ အမဲတောအုပ် ဦးထွန်းရှင်ကလည်း အဲဒီခွင်မှာ အုပ်ချုပ်ရသည်။

ပွဲတော်အတွက် ထုတ်သည့် မျောနှင့်ဝါးတွေလို သီးခြား တာဝန်ပေးပြီး စစ်ဆေးအခွန်ကောက်ရသည်။ တစ်နှစ်,တစ်နှစ် မျောက တစ်သောင်းလောက် ခုတ်ပြီး ဝါးက တစ်သိန်းလောက်ထုတ်သည်။ ပွဲတော်သုံး ထင်းအတွက် မျောမှ ထွက်သည့် အကိုင်းအခက်တွေနှင့် ပင်သေ ပင်ခြောက်တွေကိုသာ ကောက်ဖို့,ခွေဖို့ ပြောရ ဟောရသည်။ သားငှက်မထောင်ရန်၊ တောမီးမရှို့ရန်လည်း ပြောရ ဟောရသည်မှာ အမော။

စာရေးသူက ပွဲတော်ကာလမှာ မကြာခဏ သွားရောက် အုပ်ချုပ်ရသည်။ ဒီတုန်းက (ဘေးမဲ့တော အုပ်ချုပ်ရေးအဖွဲ့) သီးခြား မရှိသေးပါ။

အကြီးအကဲတွေလာတိုင်း ပို့ရကြိုရသည်။ ဧည့်ခံရသည်။ လမ်းရှင်းရသည်။ မရှင်း၍လည်း မဖြစ်၊ လုံခြုံရေးအဖွဲ့တွေက အမဲပစ်လေ့ရှိသည်။ သူတို့ပစ်ခဲ့သည့် အမဲအမှုတွဲတွေက ရုံးထဲမှာ ရှိနေဆဲဖြစ်သည်။

၁၉၈၅ ခုနှစ် ရွှေစက်တော်ပွဲတော်ချိန် လုံခြုံရေးအတွက် ဆည်တော်တွင် စခန်းချနေသည့် ဗိုလ်ကြီးစံလှဘော်တပ်မှ တပ်သား **ခမ့်မန်းနန် (ချင်းတိုင်းရင်းသား)မှ** တည်ပင်ကြော အလွန်တောမှာ ကျားတစ်ကောင် ပစ်ခတ် သတ်ဖြတ်ခဲ့သည်။



**ကျားက အမပြစ်ပြီး အမြီးပျားထိ (၈)တောင် ရှိသည်။ ဘုရားဖူးတွေက ကျားစစ်စစ်မြင်၍ ထိုစဉ်က ကျားရိုးတစ်ကျပ်သားကို (၆)ကျပ် ဈေးပေါက အလုအယက် ဝယ်ကြ၍ သူမရ ကိုယ်မရ ဖြစ်ခဲ့ကြသည်ဟု ဆိုသည်။**

**၁၉၇၀ ခုနှစ် ပွဲတော်ချိန်မှာ**လည်း လုံခြုံရေးတပ်ဖွဲ့မှ ရဲဘော်တစ်ဦးက ကျောက်အိုး၊ လက်ပံစန်းလေသာတောင်မှ ပြောင်ပေါက်တစ်ကောင်ကို ပစ်ခတ်သတ်ဖြတ်မှုကြောင့် အမဲတောအုပ် ဦးထွန်းခန့်က ဓာတ်ပုံမှတ်တမ်းဖြင့် အမှုဖွင့်မှတ်တမ်းတင်ထားသည့် ရာဇဝင်လည်း ရှိသည်။

စက်တော်ရာသွား တောလမ်းမှာလည်း စကု–အိုင်းမ၊ ဆည်တော်–အိုးပြင်မဲ လမ်းသာ ရှိသေးသည်။ ပွဲတော်ကာလ ဘုရားဖူးအများ သွားလာခိုက် မတရား အမဲလိုက်မှု မရှိရေး ပြေးပြီး ထိန်းရကျောင်းရသည်။ သွားသည့်အခါတိုင်း အိုင်းမဘိနယ်စခန်းမှာ မတည်းဖြစ်၊ အိုးပြင်မဲက သောင်းလှအိမ်မှာ တည်း ဖြစ်သည်။

သောင်းလှက တပည့်ဖြစ်သူ တောခေါင်း ကျောက်လုံး၏ သူငယ်ချင်း ရွာသူကြီး။ သူနယ်ထဲက ဘယ်ခရီး ဘယ်တောသွားသွား နောက်ပါးက လိုက်ပြီး ကူညီသူ။

သူ့ရွာ အိုးပြင်မဲနှင့် ဆည်တော်က **"ရွှေစက်တော်–ကြီးကန်"** ကာကွယ်တောအစပ်မှာ ရှိသည်။ ဒီတောကို သူက ကျွမ်းသည်။ ဂျို(ချေ) သီးစားရှိသည့် နေရာ၊ သမင် ရေသောက်ဆင်းသည့်နေရာ အသေအချာ သိသည်။

ကြောင်ထောင် ဂျို(ချေ)ထောင်၊



www.burmeseclassic.com

www.burmeseclassic.com



လည်တိုးကွင်းနှင့် သားကောင် ထောင်နေကျ လူတွေကိုလည်း သူ သိသည်။ ဘယ်က မုဆိုးလာပြီး ဘယ်တောမှာ ဘာကောင် ပစ်သွား သည်ကအစ အတိအကျ ပြောပြ သည်။

'ကျုပ်တို့ ငယ်ငယ်က ဒီတောမှာ ကြက်တူရွေး၊ သာလိကာနဲ့ ဒေါင်း ပေါမှပေါ'

'ညသန်းခေါင်ယံ ချေဟောက်သံ အမြဲကြားရတယ်'

'လသာတဲ့အခါ သမင်တွေ ရေသောက်ဆင်းတာ မကြာမကြာ တွေ့ရတယ်'

'ခုတော့ သားကောင်တွေ အတော် ရှားသွားပြီ၊ ဆရာတို့ မကြာမကြာ လာထိန်းပါ'

ဟု တွေ့တိုင်း ပြောသည်။

ဒီတစ်ခေါက် စာရေးသူ ရောက် တော့ အမဲတောအုပ် ဦးထွန်းရှင် လည်း ရောက်နေသည်။ စာရေးသူ နှင့်အတူ အိုင်းမဘိနယ် တောခေါင်း ကြီးဦးသန်းညွှန့်၊ တောခေါင် မောင်မောင်နှင့် ကျောက်လုံးတို့ပါ စုစုရုံးရုံး ရောက်လာ၍ သောင်းလှ အံ့သြနေသည်။

'လူကြီးလာမှာလား၊ ဆရာ ကျွန်တော် ဘာလုပ်ပေးရမလဲ'

'ခုတလော ထနောင်းစမ်းနဲ့ ကျောက်ဖြူ တောင်မှာ သားကောင် ထောင်နေတဲ့ ကျူးကျော်ယာသမားတွေ ရှိတယ်ကြားလို့ သွားကြည့်မလို့'

'ဆရာ နေခဲ့ပါ။ အမဲအုပ်ကြီးနဲ့ ကျွန်တော်တို့ သွားလိုက်ပါမယ်။ နေလဲ မြင့်နေပြီ။ နားပြီး စားပြီးမှ သွားကြတာပေါ့'

ဟု ဆိုလိုက်သည်နှင့် သူ့ဇနီး မြမေက ရေနွေးပွဲမှာ စားစရာတွေ နှင့် ချပေးလာသည်။

မြမေက တောသူဆိုပေမယ့် ရုပ်ချော သဘောကောင်းသူ နူးညံ့ သိမ်မွေ့သူ ဖြစ်သည်။ အိမ်ထောင် သည်ပီပီ ညှော်ဝတ်လည်း ကျေပွန် လှသည်။

သူ့မှာ အမြွှာထွေးပွေ့ယုယပြီး ချစ်မဝသည့် သားလှ နီတာလေး တစ်ဦးသာ ရှိသည်။ နီတာက သောင်းလှနှင့် မြမေတို့၏ အသည်း ဟု စဉ်းစားနေဆဲမှာပဲ ရေဘူးတွေ အိတ်တွေကိုဆွဲပြီး သောင်းလှနှင့် အမဲအုပ်တို့အဖွဲ့ တောထဲ ထွက် သွားသည်။

မိုးမချုပ်မီ နေဝင်ရီတရောမှာ တောထဲက ပြန်ရောက်လာကြသည်။ အမဲဖျက်ထားသည့် ဂျီ(ချေ)ခေါင်း၊ ချေပေါင်၊ ချေခြေ၊ ချေလက်တွေကို သွေးစက်စက်နှင့် တစ်ယောက် တစ်ဖက် ဆွဲ၍ အိမ်အဝင် မန်ကျည်း ပင်ကြီးအောက်အရောက် ''နီတာ လေး''က သူ့အဖေကို မြင်တော့ ''အဖေ့''ဟု အော်ခေါ်ရင်း အပျော် ကြီးပျော်ကာ ပြေးအဖက် ရုတ်တရက် ပက်လက်လဲကျသွား သည်။

ဖျိုးဖျိုးဖျပ်ဖျပ် မတ်တတ်က လဲကျသွားသည့် သားငယ်ကို ကြည့် ကာ သောင်းလှခမျာ အလန့်ကြီး လန့်ကာ ဆွဲလာသည့် ချေသားတွဲ လက်ထဲက လွတ်ကျသွားသည်။ မြမေကလည်း ပြေးလာသည်။ တောပြန်အားလုံးကလည်း ''ဘာ ဖြစ်တာလဲ... ဘာဖြစ်တာလဲ''ဟု ဆိုကာ မျက်ကလဲဆန်ပျာ ဖြစ်သွား သည်။

သောင်းလှခမျာ နီတာလေးကို ပွေ့ရင်း...

'လုပ်ကြပါဦး...လုပ်ကြပါဦး'

ဟု မျက်လုံးကြီးပြူးကာ အော်နေ ရှာသည်။

ကလေးကလည်း သတိမရ၊ ဘေးမှ လူတွေက ကလေးကို လေ သာသည့်နေရာ အိမ်ပေါ်မှာထားဖို့ ဝိုင်းပြောမှ သတိရသည်။ ပရုတ်ဆီ လူး၊ သွေးဆေးလူးနှင့် မြမေမှာ လည်း ပဒါမြေလူး အရူးပမာ ဖြစ်နေ ရှာပြီ။

မကြည့်ရက်တော့ ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



လည်း ဘာမှ မတက်နိုင်။ တွေးငိုင်နေမည့်အစား ဆည်တော်က ဆေးမှူးကို သွားပင့်လိုက်သည်။ ဆေးမှူးဦးဝင်းကြည်က စာရေးသူနှင့် ကျောင်းနေဖက် ရေနံချောင်းသပြေကျောင်းထွက် ဖြစ်သည်။ ရွာချင်းက သိပ်မကွာတော့ ခဏအကြာ ဆေးမှူးရောက်လာသည်။

ဆေးမှူးက ရောက်ရောက်ချင်း ဖြစ်ပုံပျက်ပုံ စုံအောင်မေးသည်။ အပူချိန်တိုင်း မျက်လုံးဝိုင်းဝိုင်းလေးကို လှန်ကြည့်ပြီး သွေးခုန်နှုန်း၊ နှလုံးခုန်နှုန်း၊ စံနှုန်းမှန်သမျှ မကျန်ရအောင် စနစ်တကျ စစ်ဆေးသည်။ အထပ်ထပ် အမြန်မြန် ဟိုလှန်ဒီလှန် စစ်ဆေးလိုက် မေးလိုက်နှင့် စိတ်ကြိုက်စစ်ပြီးမှ…

'ကလေးက ဘာမှ မဖြစ်ပါဘူး။ အကောင်းကြီးပါ'

ဟု အသေအချာ ပြောပြသည်။

ကလေးက ဘာမှမဖြစ်ဟု ဆိုသော်လည်း သတိကလစ်နေ၍ ဘယ်လိုဖြစ်တာပါလိမ့်ဟု တွေးကာ အားလုံးက စိတ်မအေးဖြစ်နေကြသည်။ ညဦးကလည်း တဖြည်းဖြည်းနက်လာပြီး ထမင်းမစားနိုင် ဟင်းမစားနိုင် ကလေးနားထိုင်ပြီး မှိုင်နေကြသည်။

သူတို့ကိုကြည့်ကာ စိတ်မကောင်းဖြစ်နေရှာသည့် ဆေးမှူး ဦးဝင်းကြည်ခမျာမှာလည်း စာရေးသူနှင့်အတူ ထိုင်ကာ ကလေးအနီးမှာ နေရှာသည်။

ဘာမှ မဖြစ်သော်လည်း သန်းခေါင်ကျော်ထိ သတိမရသည်ကို အားမရသည့် အမဲအုပ်ကြီး ဦးထွန်းရှင်က "**သူ့အတွေ့အကြုံအရ နတ်ဝင်သည်ကို မေးကြည့်ကာ သိနိုင်မည်**"ဟု အကြံပြုသည်။

"တစ်ခုခုတော့ တစ်ခုခုပဲ"ဟု အစွဲရှိရှိ ပြောနေတာကြာတော့ အားလုံးက ဗေဒင်မေး နတ်မေးဖို့ ဆန္ဒပြင်းပြလာကြသည်။

နတ်ကတော် ဒေါ်ပန်းခြုံကလည်း ရွာထဲမှာရှိသည်။ တစ်ညလုံး တုံးလုံးပင် မလှဲနိုင်ကြ၊ သောကမီးဖိစီးနေကြပြီ။

နံနက်လင်းရုံရှိသေး ဒေါ်ပန်းခြုံကို ပြေးခေါ်ကြသည်။ ဒေါ်ပန်းခြုံကလည်း ကလေးခြေရင်းမှာ တဘက်ကလေးခင်းပြီး ရေစင်တစ်ခွက်၊ သပြေခက်နှင့် လက်နှစ်ဖက်ယှက်ကာ နတ်ပင့်နေပါပြီ။ သိပ်မကြာလိုက်…

'နင်တို့ သွေးသံရဲရဲနဲ့ အမဲကို ငါနန်းရှေ့က မလေးမစား ဆွဲသွားလို့ လုပ်လိုက်တာ'

ဟု အသံမာမာနှင့် ပြောပါတော့သည်။ ကြားရသူ အားလုံး မျက်လုံးပြူးသွားသည်။

အားလုံးက "**မသိနားမလည်၍ မှားမိသည့်အကြောင်း**" တောင်းပန်ကြသည်။ တောင်းပန်၍မရ၊ နတ်က ဒေါသနှင့် ထွက်သွားသည်။ ဒေါ်ပန်းခြုံကို ရှင်းပြပြီး နတ်ကို ထပ်ပင့်ခိုင်းကြသည်။

ဒေါ်ပန်းခြုံက အကြိမ်ကြိမ် ဦးနှိမ်ချပြီး ထပ်ကာထပ်ကာပင့်မှ နတ်ကကြွလာသည်။

စာရေးသူက စပြီး ရှင်းပြတောင်းပန်လည်း မရ။ အမဲအုပ် ဦးထွန်းရှင် ဝင်တောင်းပန်လည်း မရ။

သောင်းလှ အကြိမ်ကြိမ်ဦးချလည်း မရ။

တစ်ညနှင့်တစ်နေ့ မေ့နေသည့် ကလေး သေဘေးက လွတ်ပါ့မလား…သောကပရိဒေဝကို ရင်နှင့်အမျှ ခံစားနေရသည့် မြမေ မနေနိုင်တော့။ မျက်ရည်သုတ် ပုဆစ်တုပ် ကလေးထိုင် ကလေးကိုကိုင်ပြီး…

'ရွာတော့ရှင် အဘနတ်မင်းကြီးရှင့်… ကျွန်တော်မကို ချစ်လျှင် သနားလျှင် ကျွန်မတို့ အပြစ်ကို မမြင်ပါနှင့်ရှင်'

ဟု တရှိုက်ငင်ငင် ဝင်တောင်းပန်လိုက်မှ နီတာလေးက"အမေ"ဟု ခေါ်ကာ ထထိုင်ပါတော့သည်။

တစ်ည တစ်နေ့ မေ့နေသည့် နီတာ ဘာမှ မဖြစ်သလိုပါဘဲ။

နီတာလေးကို ကြည့်ကာ အံ့သြဝမ်းသာနေကြရပါပြီ။

"အိုင်းမ"ဆည်တော် ဆိုတာ "မပင်စရ"ဆည်ကြီး တည်စဉ်က စတေးခံခဲ့ရသည့် "**မအောင်ဖြူနတ်"ရဲ့နယ်**။

ဒီနယ်ထဲက အိုးပြင်မဲရွာ ဒီရွာက အိမ်ရှင်မြမေကို သနား၍ စာရေးသူတို့၏ အမှားကို ခွင့်လွှတ်တတ်သည့် သမ္မာဒေဝနတ်နှင့် ကြုံခဲ့ရဖူးပါသည်။

ရွှေစက်တော်ပွဲတော်ချိန် ရောက်တိုင်း တစ်ခါက ဆုံခဲ့ရသည့် **အိုးပြင်မဲက နတ်ရဲ့**ကို သတိရနေဆဲပါ၏။

**တင်ဘုန်းဝင်း**



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၂၈၀)မှ အဆက်



ဘာလား ညာလား တွေးပြီး ကုန်းပေါ် တက်ပြီး ကြည့်တယ်။

ဟိုက်... အဲဒါမှ ဒုက္ခဗျို့ အလောင်းစင်ကြီးထမ်းပြီး လာနေတာဗျ။

ကျွန်တော်တို့ လှေနဲ့ ခဲတစ်ပစ် လောက်ဝေးမှာ အဲဒီ အလောင်းစင်ကြီး ချတယ်။ ကြေးစည်ထုတယ်။ ပဒုမ္မာချုံတွေကလဲ အတော်မြင့်တယ်ဗျ။

ဘယ်အချိန် မြေကျင်းလာတူးမှန်း မသိဘူး၊ ထင်လဲ မထားဘူးဗျာ။ ဒီလောက်က လူတွေ စည်ကားနေတဲ့ ရေချိုးဆိပ်ဟာ သင်္ချိုင်းမြေမှန်း အခုမှ သိရတော့တယ်။

ဦးရင်ကြီးနဲ့ ကျွန်တော် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့် မျက်ရည်ဝိုင်းလာတယ်။ လူကလဲ ကလေးအရွယ်သာသာ ဆိုတော့ ကြောက်စရာရှိရင် တွေးခေါ်ချိန်မရှိဘူး။ အရမ်းကြောက်တာပေါ့ဗျာ။

'ဟော့... ဟော့... သန်း... သန်းလှိုင် တို့... တို့ ဘယ်လိုလုပ်မှာလဲ'

ဦးရင်ကြီးအသံ။

အသုဘချတဲ့ လူတွေလဲ သူတို့ ကိစ္စပြီးတော့ အလျှိုလျှိုပြန်ပြီး သွားကြပြီ။

မှောင်ရီလဲသန်းသွားပြီ တလုပ်မြို့ အင်းရဲ့ အနောက်ဖျား ကြည့်လိုက်တော့ ညောင်ပင်ကြီးက နီနေပြီ။

ကျွန်တော်တို့မှာ အဖော်လဲ မရှိတော့ပါ။ တစ်နေ့ကုန် ရေချိုးတဲ့လူလဲ တစ်ယောက်မှ မရှိတော့ပါ။

ကျွန်တော်တို့ နှစ်ယောက်မှာ အရွယ်နဲ့မမျှ ခံစားနေရတယ်။ အဖေ့အသံလဲ မကြားရသေးပါ။ ကြောက်လို့လဲ ဘယ်မှ ပြေးစရာမရှိပါ။

တိုင်ပင်မထားဘဲ နှစ်ယောက် ပြိုင်တူ လှေကြိုးဖြုတ် ထိုးဝါးနုတ်ပြီး အင်းစပ်အတိုင်း တောင်အရပ်ကို မှန်းပြီး ထိုးဝါး တစ်ဖက်တစ်ချက် ထိုးပြီး အဲဒီနေရာက ထွက်ပြေးခဲ့ကြတယ်။

အဲဒီအချိန်မှာ မီးရောင်မြင်ရာ မှန်းပြီး လှေကို ထိုးခတ် လှော်သွားတယ်။ ဖြစ်ချင်ရာဖြစ်၊ မြစ်ထဲကို ထွက်မိသွားရင်တော့ တောင်လေနဲ့ လှိုင်းအိကြီးတွေနဲ့ တွေ့ပြီး ကျွန်တော်တို့ သေချာပေါက်မြုပ်မှာ...

ဘယ်သောင် ဘယ်ကမ်းရောက်နေမှန်းလဲ မသိတော့ပါ။ အဖေကတော့ လူပျောက်နဲ့ လှေပျောက် လိုက်ရှာနေလောက်ပြီ။

အဲဒီချိန်မှာ ကံဆိုးမသွားရာ မိုးလိုက်လို့ ရွာဆိုသလို မိုးသက်လေ ခပ်ပြင်းတိုက်လာတယ်။ လေရောမိုးပါ ပါလာတယ်။ ကမ်းစပ်က မခွာအောင် သတိထားပြီး ဝါးထောက်ထားတယ်။

'ဟော့ကောင်တွေ ဘယ်က ကောင်တွေလဲကွ၊ ဒီကမ်းစပ်ကို ကပ်ခဲ့စမ်း။ မင်းတို့ ဘယ်ကလဲ'

အဲဒါနဲ့ ဓားပြဦးကျော်ခင် တဲကို ရောက်သွားပါပြီ။

ဒီနေ့ညတော့ အသက်တော့ မသေဘူးဆိုတာ သိလိုက်တယ်။ ညောင်ပင်နီသရဲကိုလဲ မကြောက်တော့ပါ။

မှတ်ချက်

နောက်တစ်ပတ် တလုပ်မြို့မှ အပြန် မိုးသက်လေနဲ့အတူတွင် ဓားပြကြီး ဦးကျော်ခင် အကြောင်းပါ ဆက်၍ ရေးပါမယ်။

**သန်းလှိုင်ထွဏ်း**
***(တိုင်းကျော်)***



www.burmeseclassic.com

www.burmeseclassic.com




ခင်သော်တာ ဈေးထဲပတ်ပြီး ဝယ်ချင်တာတွေ ရှာနေစဉ်မှာ ဈေးဆိုင်တန်းမှ ဈေးသည်တချို့ ပြောနေသံကို ကြားလိုက်ရသည်။

'ဟိုမှာ... ခင်သော်တာ တွေ့လား။ သူက အကြားအမြင် ရတယ်တဲ့။ သူ ပြောတဲ့ စကားဆို မှန်တာများတယ်။ သူက ပြောလိုက်ရင် မကောင်းတာ ဖြစ်မှာကိုပဲ ရွေးပြောတာ'

'ဘယ်လို ရွေးပြောတာလဲ ဒေါ်ပုရ'

'ဟိုအေ...ဒီလမ်းကို မသွားနဲ့ ခိုက်မိ လိမ့်မယ်တို့ သူ့ပါးစပ်က လွှတ်ခနဲပြော လိုက်တဲ့ စကားက ဖြစ်တာပဲ။ ရွာအရှေ့ ဖျားက မမယ်သစ်တို့အဖွဲ့ မြို့တက် ရုပ်ရှင်ကြည့်သွားမလို့ အဖော်စပ်နေ ကြတာ သူကြားတော့ ဒီနေ့ မသွားကြပါ နဲ့ ကားမှောက်လိမ့်မယ်လို့ တားတယ်။

သူတို့အဖွဲ့က အယုံအကြည်ရှိတဲ့ လူ တွေက လိုက်မသွားဘူး။ ကျန်တဲ့လူတွေ တကယ်လဲ ကားမှောက်တာ ကျိုးပဲ့ရုံမို့ တော်သေးတာ။ ဘာဖြစ်ပါစေတော်လို့ များ ကျိန်လိုက်ရင်လဲ ဖြစ်တာပဲတဲ့'

'ဒါဆို ဝမ်းတွင်းစုန်းများလား၊ ပြောတိုင်း ဖြစ်နေတာ။ ငါ ငယ်ငယ် က အဘွားပြောတာ ကြားဖူးတယ်။ ကောင်မလေးက ဝမ်းတွင်းစုန်းမ လေး၊ သူ့ကိုယ်သူလဲ မသိဘူး၊ ရှစ်နှစ်, ကိုးနှစ် အရွယ်လေးကိုး။ သူ့အဖေက ထင်းပေါက်နေတာ မောတော့ နှလုံးက အတင်းခုန်နေ တာကို သူက မြင်ရတယ်တဲ့။

အဖေ သိပ်မောနေရှာတယ်။ နှလုံးကလဲ သိပ်ခုန်နေတာ အမော ပြေအောင် တုတ်ကလေးနဲ့ ထောက် ထားဦးမှပဲဆိုပြီး စိတ်ထဲကနေ ထောက်ထားလိုက်တာ၊ တကယ် ထောက်နေသလို ခံစားရပြီး အဖေ က အောင့်တယ် အောင့်တယ် ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com





လဲကျသေသွားတယ်တဲ့။

ခင်သော်တာများ ဈေးလာဝယ်လို့ ဆစ်ရင် လျှော့ပေးလိုက်ကြနော်။ ကြောက်စရာကြီး'

ခင်သော်တာ ကြား၍ စိတ်ဆိုးသော်လည်း သွားမပြောဖြစ်ပါ။ ပြောလျှင် ပိုဆိုးနေမည်စိုး၍ ထိုဈေးတန်းက အသာလှည့်ပြန်လာခဲ့သည်။ ကိုယ်မြင်တာကို စေတနာနှင့် မဖြစ်ပါစေနှင့်ဟု ပြောပြမိတာကို စုန်းဟု အပြောခံရသေးသည်။ စိတ်ထဲကတော့ မကျေနပ်ပါ။

သူတို့ပြောလည်း ပြောစရာပါ။ ခင်သော်တာ ငယ်ငယ်ကတည်းက အစ်မတွေက အနိုင်ကျင့်၍ပဲဖြစ်ဖြစ်၊ ငယ်သေးသည်ဆိုကာ အတူတူပေးမဆော့၍ပဲဖြစ်ဖြစ် ငိုရင်းကနေ…

'ဆော့ရင်း ခလုတ်တိုက်ပါစေ၊ ခြေမကွဲပါစေတော်'

ဟု ဆိုလိုက်လျှင် တိုက်ဆိုင်၍ပဲလားမသိ၊ တကယ်ဖြစ်၍ အစ်မတွေကလည်း လန့်ကြသည်။

'အမေ… အမေ့သမီးလေးက ပြောရင် တကယ်ဖြစ်တယ်။ သမီးတို့တောင် လန့်လာပြီ'

ဟု အမေ့ကို တိုင်ကြသည်။

ဆယ်နှစ်သမီး လောက်တွင် သော်သော်ပြောတာတွေ မှန်လွန်း၍ လူတွေက ကြောက်လာသည်။ အဖေ လယ်ထဲသွားမှာကို သော်သော်က…

'မသွားပါနဲ့ အဖေရယ်… မြွေကိုက်လိမ့်မယ်။ ဒါပေမယ့် မသေပါဘူး'

ဟု ပြောလိုက်မိတာ တကယ်လည်း မြွေပေါက်ခံရသည်။

အနားမှာ လူတွေလည်းရှိပြီး ကြက်ခြေနီသင်တန်း တက်ထားသည့် လူတစ်ယောက်က ရှေးဦးသူနာပြုနည်းနှင့် ကုပေးပြီးမှ ဆေးရုံပို့၍ မသေတာဖြစ်သည်။

ယောကျ်ားတုန်းကလည်း…

'လယ်ထဲဆင်းရင် ခိုက်မိလိမ့်မယ်၊ မသွားပါနဲ့'

ပြောတာကို သွားမိ၍ မြက်ရိတ်ရင်း လက်မှာ တံစဉ်ပြတ်လာ၍ သူ့ယောကျ်ားကတောင် **"မင်းငါ့ကို ပြုစားလိုက်တာလား"**ဟု မေးရသည်။

ယောက္ခမတွေ၊ ယောက်မတွေက သော်သော်ကို သဘောမကျ။ အမြဲတမ်း နိမ့်သည့်စကား ပြောကြ၍…

'သော်သော်က နင်တို့ တစ်နေ့ငါ့ဝင်္ဂတွေ လည်လိမ့်မယ်'

ဟု ပြောတတ်သည်။

ယောက်မ အိမ်ထောင်ကျတော့ မယူမိက အရက်မသောက်တတ်သော ယောကျ်ား၊ သူမနှင့် ရကာမှ သောက်စားတတ်ကာ မိန်းမကို ရိုက်တတ်သည်။

'ကျွန်သမီးလေးက ဥစ္စာစောင့် ဝင်စားတာပါ။ စုန်းမဟုတ်ပါဘူး။ သူ့ကို မမွေးခင်ကတည်းက အိပ်မက်ပေးပြီး လာတာ'

ခင်သော်တာ၏အမေက သူ့သမီးလေးကို စုန်းဟု စွပ်စွဲ၍ မခံနိုင်ဘဲ ပြန်ပြောတတ်သည်။ ခင်သော်တာကို မမွေးခင် အိပ်မက်မက်သည့် အကြောင်းတွေကိုပါ။

*        *        *

**လွန်ခဲ့သော အနှစ်(၂၀)ကျော်က ဖြစ်သည်။** သူ့အိပ်မက်ထဲတွင် ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက် အိမ်ကို လာကြသည်။ သူတို့မောင်နှမ ဒီအိမ်မှာ နေပါရစေတဲ့လေ။ ခင်သော်တာ အမေက မလိုချင်ဘူးဆိုတော့ ယောကျ်ားလေးက ပြောသည်။

'ညီမလေးကိုတော့ ခေါ်ထားလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com





အမေရယ်၊ ညီမလေးက လူ့ပြည်ကို လာချင်လွန်းလို့ မနည်းခွင့်တောင်းပြီးမှ လာခွင့်ရခဲ့ရှာတာပါ။ ညီမလေးကို တော့ လက်ခံပါနော်'

'မထားခဲ့နဲ့...မထားခဲ့နဲ့၊ ငါ နှင့်ညီမလေးကို မလိုချင်ဘူး။ ယောကျ်ားလေးဆို တော်သေး တယ်။ ပြန်သွား...ပြန်ခေါ်သွား... ပြန်ခေါ်သွား၊ ဟဲ့ကောင်လေး နှင့်ညီမလေးကို ပြန်ခေါ်သွား'

လက်တခါခါဖြင့် ယောင်နေ သော ဇနီးဖြစ်သူအား ကိုဖိုးမောင် လှုပ်နှိုးလိုက်မိသည်။ နိုးလာတော့ မအေးငွေက ကယောင်ကတမ်းနှင့် ဟိုရှာဒီရှာ လုပ်နေ၍ ထပ်လှုပ်ပြီး နာမည်ခေါ်ရသည်။

'ကိုဖိုးမောင် ဟိုကလေးမရော... ကလေးမလေး တွေ့လိုက်သလား။ ပြန် သွားပြီလား'

'မိန်းမကလဲကွာ... ဘာတွေ ယောင်နေတာလဲ၊ အိပ်မက်က မနိုးသေးဘူးလား၊ ဘယ်ကလေးမမှ မရှိဘူး။ ဘာတွေဖြစ်နေတာလဲ'

'တော်ပါသေးရဲ့ အိပ်မက်မို့၊ အိပ်မက် ထဲမှာ ဆယ့်လေးငါးနှစ်အရွယ် ကောင် လေးနဲ့ကောင်မလေးနှစ်ယောက် အိမ်ကို ရောက်လာတယ်။ ဒီအိမ်မှာ နေပါရစေ တဲ့လေ။ ကျွန်မက ကလေးများနေလို့ လက်မခံနိုင်ဘူးပြောတော့ သူ့ညီမလေး ဆိုတာကို အတင်းထားခဲ့တာ၊ ကျွန်တော် က သူ့ကို စိတ်မချလို့ လိုက်လာခဲ့တာ၊ လက်ခံပါ အမေရယ်တဲ့လေ။

ယောကျ်ားသိတဲ့အတိုင်းပဲ... ကျွန်မ တို့မှာ ကလေးက လေးယောက်တောင် မလောက်မင ဖြစ်နေရတဲ့အထဲ နောက် နှစ်ယောက်ကို ထပ်လက်ခံလို့ ဘယ် ဖြစ်ပါ့မလဲ။ အတင်းငြင်းတော့ ကလေး မလေးကို ထားပြီး လှည့်ထွက်သွားလို့ ကျွန်မက လိုက်ခေါ်နေမိတာပါ'

'ဒါဆို ငါတို့ နောက်တိုးလေး တစ်ယောက် ရတော့မယ် ထင် တယ်'

'ပေါက်ပေါက်ရှာရှာတော် မလို ချင်ပါဘူး။ ယောကျ်ားလေးဆို တော်သေးရဲ့၊ သမီးတွေချည်း လေးယောက် ရှိနေတာ။ ဒါနဲ့... နေပါဦး သူတို့စကားက သိပ်ဆန်း တာပဲ။

**လူ့ပြည်မှာ နေချင်လွန်းလို့တဲ့။** ဝတ်ထားတာကလဲ ထိုင်မသိမ်းနဲ့ ဆံပင်အရှည်လေးနဲ့၊ ပန်းတွေ ပန် ထားတာလဲ ဝေလို့ မွှေးလိုက်တာ၊ နှစ်ယောက်စလုံး ကြိုးကြီးချိတ် ပုဆိုးနဲ့ ထဘီတွေဝတ်လို့ **သိုက်နန်း ကများလား မသိဘူး**'

'စိတ်ထဲ မထားပါနဲ့ကွာ၊ မိန်းမက မလိုချင်ဘူးဆိုတော့ ထားခဲ့မှာ မဟုတ်ပါဘူး'

သူတို့ အထင်မှားပါသည်။ မအေးငွေတွင် ကိုယ်ဝန်ရှိလာခဲ့ သည်။ ကိုယ်ဝန်က လေးလံသည်။ အိပ်နေလျှင် ထူပေးရသည်။ အိပ်မက်ထဲအတိုင်း သမီးလေး တစ်ယောက် ထပ်ပြီး မွေးဖွားခဲ့ သည်။

ကလေးလေးက ငယ်ငယ် ကတည်းက ချောလွန်းလှသည်။ လပြည့်ညတွင် မွေး၍ **"ခင်သော်တာ"**ဟု နာမည်ပေးထားသည်။

သူ့ကိုမွေးသည့် နေ့နှင့် တစ်နေ့ တည်း နှစ်အိမ်ကျော်က မရွှေဦး လည်း သားလေးတစ်ယောက် ဖွားမြင်သည်။

တစ်ညတည်း မွေးကြ၍ သူတို့ ကလည်း လပြည့်ညမွေး၍ **"ဖိုးလမင်း"**ဟု သူတို့သားလေးကို အမည်မှည့်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကလေးနှစ်ယောက် တစ်နှစ်ခွဲ နှစ်နှစ်အရွယ်ခန့်တွင် ဖိုးလမင်းလေးက အိမ်ဘက်လာပြီး ကစားသည်။ တစ်နေ့တည်း မွေးသော်လည်း ကစားလျှင် သူက အမြဲ အစ်ကိုကြီး လုပ်တမ်း ကစားသည်။ ''ညီမလေးရေ...အစ်ကိုကြီးရေ''နှင့် သိပ်ချစ်ကြသည်။ ကြွေပန်းကန်ကွဲလေးကို ပိုက်ဆံလုပ်ကာ ကစားကြသည်။

'အစ်ကိုကြီးက ညီမလေးနဲ့ နီးနီးကပ်ကပ် ဝင်စားရလို့ သိပ်ပျော်တာပဲ။ အခု အမေက ညီမလေးကို ချစ်ရဲ့လား။ အစ်ကိုကြီးအမေကတော့ ကလေးမရှိလို့ အစ်ကိုကြီးကို သိပ်ချစ်တာပဲ။

အစ်ကိုကြီးကတော့ သိုက်နန်းထဲမှာထက် လူ့ဘဝကို ပျော်တယ်။ အခုကတည်းက အဲဒီအမေဆီမှာ လက်ခံဖို့သွားပြောမိရင် အစ်ကိုကြီးတို့မောင်နှမ တစ်အိမ်တည်း အတူတူနေကြရမှာ'

သူတို့လေးတွေ ခုနစ်နှစ်အရွယ်တွင် ကျောင်းမှ အတူတူပြန်လာကြစဉ် နောက်က လိုက်လာသော အမေကို မမြင်ဘဲ ထူးထူးဆန်းဆန်း စကားများ ပြောလာကြသည်ကို ကြားလိုက်ရ၍ အံ့သြမိသည်။

'ဘုရား...ဘုရား... ငါ့ကို အိပ်မက်ပေးတဲ့ ကလေးနှစ်ယောက် တစ်အိမ်ကျော်ခြားပြီး ဝင်စားလာကြတာကိုး။ တကယ်ပဲ သူတို့က သိုက်က လာကြတာကိုး။ ဘာမှလဲ မပြောပြကြဘူး။

တချို့ သိုက်ကလာရင် စကားပြောတတ်ကတည်းက သူတို့က ဘယ်ကနေ လာကြတာတို့ ပြောတတ်ကြတာ ကြားဖူးတယ်။ ဒါကြောင့် ဒီကလေးနှစ်ယောက် ငယ်ငယ်ကတည်းက



သိပ်ချစ်ကြတာကိုး'

သူတို့ ပြောစကားတွေ ကြားမှ မအေးငွေ သိုက်ကလာသည်ဆိုတာကို ယုံတော့သည်။ မအေးငွေ တစ်ယောက် ကလေးငါးယောက်တာဝန်နှင့် ချက်ရ ပြုတ်ရ လျှော်ဖွပ်ရနှင့် မအားလပ်ခဲ့ပါ။

ကိုဖိုးမောင်ကို နံနက်စောစော လယ်ထဲမသွားမီ ထမင်းကျွေးလိုက်ရသေးသည်။ တောနေလူတန်းစားကတော့ ထမင်းကိုသာ အားပြုပြီး စားကြရပါသည်။ ထမင်းမှ မဟုတ်လျှင် အဆာမခံပါ။

ကလေးတွေ ကျောင်းမသွားမီ အဆာပြေ ထမင်းပူပူကို စားတော်ပဲပြုတ်နှင့် ကျွေးလိုက်သည်နှင့် နံနက်စောစော ထချက်ထားသည့် ထမင်းက ကုန်ပြီ။ ကလေးတွေနှင့်လည်း စကားလက်ဆုံပြောဖို့ အချိန်မရ။

ညနေ ထမင်းစားချိန်မှသာ တစ်ဝိုင်းတည်းစား၍ ဆုံကြရသည်။ ညစာ ထမင်းစားပြီးတော့ စာကျက်ကြနှင့် အိပ်ချိန်ရောက်တော့လည်း အခန်းနှစ်ခန်းတွင် ညီအစ်မငါးယောက် ခွဲအိပ်ကြသည်။ ကိုဖိုးမောင်တို့က တစ်ခန်း အိပ်ကြသည်။

'ကိုဖိုးမောင် သမီးအငယ်က သိုက်နန်းကလာတာ သေချာသွားပြီ။ ညနေက ဟိုတက်ခြံက သားလေးနဲ့ စကားပြောလာတာ ကျုပ် ကြားလိုက်တယ်။ ဟိုတက်ခြံက မမယ်ဒွေးက အဲဒီကလေး မွေးမှ လယ်တွေလဲ အထွက်တိုးနဲ့ စီးပွားတွေလဲ တက်တယ်။

သူ့အမေက အကျိုးပေးတဲ့ သားလို့ ပြောနေတာ။ သိုက်က လာတာချင်း အတူတူ အိမ်က သမီးက ဘာမှလဲ အကျိုးမပေးဘူး။ ဒုံရင်း ဒုံရင်းပဲ။ အဲဒါ ဘာဖြစ်လို့လဲ သမီးကို မေးလိုက်ရမလား'

'သူ မပြောပြချင်လို့ မပြောတာကို မသိချင်ယောင် ဆောင်နေပါ။ မမေးပါနဲ့ကွာ၊ မင်းကမှ လိုလိုလားလား မရှိတာကို။ ကလေးကို ဆူလိုက်ပူလိုက်နဲ့ဆိုတော့ ပေးချင်ရင်တောင် စေတနာမရှိလို့ နေမှာပေါ့'

'ကိုဖိုးမောင်နော်... ကျုပ်က ကိုယ့်သားသမီးပဲ မချစ်ဘဲ နေပါ့မလား၊ ချစ်ပေမယ့် ငွေကြေး မလုံလောက် ကလေးတွေကများတော့ အလိုလို စိတ်မရှည်နိုင်ဘူး'

ထိုသမီး ခင်သော်တာသည် အကြီးတွေ အိမ်ထောင်မကျမီ ကိုးတန်းနှင့် အိမ်ထောင်ကျခဲ့သည်။ သူ့ဘဝ တော်တော်ဝဋ်ကြီးပါသည်။ ပညာမစုံခင် အိမ်ထောင်ပြုကြပြီး ယောက္ခမအိမ် လိုက်နေရတော့ ယောက္ခမက မကြည်ဖြူ။

ရွာတွင် အလယ်တန်းကျောင်း



www.burmeseclassic.com

သာရှိ၍ နှစ်ယောက်စလုံး ကျောင်းမနေဖြစ်တော့ဘဲ လယ်ထဲဆင်းကူလုပ်ပေးရသည်။ ယောက္ခမအိမ်တွင် ယောက်ျားမျက်နှာနှင့် နေနေရသော ဘဝကနေ ယောက်ျားက မကြည်လျှင် မကြည်သလို အရိုက်အနှက်ခံဘဝ ရောက်ခဲ့ရသည်။

သူ့အစ်ကိုနှင့်တွေ့တော့ ပြောမိသည်။

'အစ်ကိုကြီးဘဝက အဆင်ပြေလို့၊ ညီမလေးကိုတော့ အစ်မတော်၊ အစ်ကိုတော်တွေက ပြန်ကိုမကြည့်ဘူး။ ညီမလေးလဲ လူ့ပြည်မှာ နေရတာ ငြီးငွေ့လာပြီ။ သိုက်နန်းကို ပြန်ချင်ပြီ'

'ဒီစကား မပြောပါနဲ့ ညီမလေးရယ်… ညီမလေးက ကတိသစ္စာပြုလာကတည်းက သားလေးကို အလှူလုပ်ပေး ရှင်ပြုပေးပြီးရင် ပြန်လာမှာလို့ ကတိတွေ ပေးခဲ့တာလေ။ အစ်ကိုကြီးက အိမ်ထောင်ပြုပြီး ကလေးတစ်ယောက်ရမှ ပြန်လာပါရစေလို့ ကတိပေးခဲ့တာ။ သိုက်နန်းကို မပြန်ချင်လို့ အိမ်ထောင်မပြုဘူး။ ချစ်သူတောင် မထားဘူး။ ညီမလေးက အခုထိ အလှူလုပ်နိုင်ဖို့ ဝေးလို့ ကိုယ့်ဘာသာတောင် မလောက်ဘူး။ သိပ်ပြီး လူ့ပြည်သွားချင်လွန်းလို့ နောက် မသွားချင်အောင် လုပ်ထားတာနေမှာ'

ခင်သော်တာ၏ ယောက္ခမတွေ မြို့ငယ်လေးတစ်ခုကို ပြောင်းသွားတော့ သူတို့လင်မယား အတူတူလုပ်ကိုင် စားကြသော်လည်း ယောက်ျားက အရက်လေးတမြမြနှင့် အလုပ်ကို လက်ကြောတင်း



အောင် မလုပ်ချင်ပါ။ ယောက်ျားက ကျန်းမာရေးလည်း မကောင်းဘဲ အရင်ဆုံးပါးသွားခဲ့သည်။

ယောက္ခမဘက်မှ အမွေရထားသော လယ်ယာမြေတွေကို ရောင်းပြီး မုံရွာ–မန္တလေး ကားလမ်းမပေါ်ရှိ ထမင်းဆိုင်တစ်ဆိုင်တွင် အလုပ်ကူလုပ်ခဲ့သည်။

စားစရိတ်ငြိမ်းသည့်အပြင် လခပါပေး၍ အဆင်ပြေလေသည်။ ခင်သော်တာအစ်မ သူတို့ကြီးကြီးဆိုင်ဖြစ်၍လည်း သမီးနှင့် သားလေးက ကူလုပ်ပေးကြသည်။

'သော်သော် ညည်းသားကို အလှူလုပ်ပေးရအောင်၊ ဆယ်နှစ်တောင် ပြည့်တော့မယ်။ ငါတို့လဲ အလှူငွေ ထည့်ပါ့မယ်။ အဖေ, အမေတို့ကလဲ သူတို့ရှိတုန်း အလှူပေးစေချင်တာ၊ အလှူကြီး မလှူနိုင်တောင် အကျဉ်းချုံးပေါ့ဟယ်'

'အကျဉ်းချုံးလုပ်မှပဲ ရမှာ အစ်မရယ်… ဘုန်းကြီးကျောင်းသွားကျောင်းမှာရှိတဲ့ သံဃာတော်တွေကို ဆွမ်းကပ်လှူပြီး အမျိုးတွေကလွဲလို့ ဘယ်သူ့ကိုမှ မဖိတ်တော့ဘူး။ ကြီးကြီးကျယ်ကျယ်လဲ မလှူနိုင်ပါဘူး။ ညီမမှာ ပိုက်ဆံမှ မရှိဘဲ။ **သားလေးကို ရှင်ပြုပြီးရင် ပြန်မယ်လို့ ကတိပေးခဲ့တာမို့ ရှင်ပြုပေးပြီးရင် ပြန်ရမှာ'**

အလှူအတွက် သင်္ကန်းတွေဝယ်၊ ဆွမ်းကပ်ရန် ဆန်, ဆီ, ငါးခြောက်, ကြက်သွန်ကအစ ဝယ်ပြီးမှ သားက **ရွှေဒင်္ဂါးဆယ်ပြားလောက် ပါသည့် ကတ္တီပါအိတ်ရှုံ့လေးတစ်ခု** လာပေးသည်။

'မမကြီးတစ်ယောက်က သားရဲ့ ရှင်ပြုအလှူထဲကိုထည့်တာ။ မေမေ့ကို ပေးလိုက်ပါတဲ့။ ကြီးကြီးကျယ်ကျယ် လုပ်ပေးပါလို့ မှာသွားတာ။ မမကြီးက သိပ်လှတာပဲ မေမေရယ်'

ခင်သော်တာ တစ်ယောက် ထိတ်ထိတ်ပျာပျာ ဖြစ်သွားရသည်။ လူ့ပြည်ကနေ ဆင်းရဲလွန်း၍ ဝေဒနာတွေ ခံစားရလွန်း၍ ပြန်ချင်သည်ဟု ညည်းမိသော်လည်း တကယ်တမ်းကြတော့ အရွယ်မရောက်သေးသည့် ကလေးနှစ်ယောက်ကြောင့် မျက်ရည်ကျရသည်။

'အစ်မတော်ရယ်… ညီမတော်ကို ကလေးတွေ ပညာတွေတတ်ပြီး သူတို့ဝမ်းစာ သူတို့ ရှာဖွေစားသောက်နိုင်တဲ့အထိ နေခွင့်ပေးပါနော်။ ကလေးတွေ ငယ်သေးလို့ပါ။ နောက် ဆယ်နှစ်လောက်ပါ။

ဆင်းရဲဒုက္ခရောက်လွန်းလို့ ဆေးကုစရာတောင် ပိုက်ဆံမရှိတဲ့ ဘဝတုန်းက

www.burmeseclassic.com



လာကူညီပါတော့လား။ ညီမတော် အပေါ်မှာ ရက်စက်ကြတာ။ ကလေးတွေ အဖေ မရှိမှ လာခေါ်ချင်တာလား အစ်မ တော်ရယ်'

သူမက တိုင်တည်ပြောကာ ငို တော့ ကလေးနှစ်ယောက်ကလည်း ငိုကြသည်။

ညက အိပ်မက်ထဲတွင် အစ်မ တော်နှစ်ယောက်ကို တွေ့သည်။

'နောက်ငါးနှစ်ကြာရင် ပြန်ခေါ်မယ်။ အလှူလုပ်ပြီး ပြန်လာမယ်ဆိုတဲ့ ကတိ နဲ့ လူ့ပြည်ကို သွားခဲ့တာ ပေးတဲ့ကတိ တည်မှပေါ့။ ဘိုးဘိုးကလဲ အခု ခွင့် တောင်းတာကို ကလေးတွေ သနားလို့ ခွင့်ပြုလိုက်တာ နောက်ထပ် ခွင့်မပြုနိုင် တော့ဘူး'



အစ်မတော်တို့ပေးသည့် ရွှေဒင်္ဂါး ပြားတွေကို ထုခွဲကာ ကျောင်း အတွက် လိုအပ်သော ပစ္စည်းများ လှူသည်။ ဟိုဘဝက အစ်ကိုတော် သည့် သူကလည်း အလှူအတွက် ကုသိုလ်ပါဝင်ကာ လာကူလုပ်ပေး ပါသည်။ စီစဉ်ထားသည့်အတိုင်း သာ လုပ်ခဲ့ပြီး ဘုန်းကြီးပွဲအတွက် အလှူငွေ ပိုထည့်နိုင်ခဲ့သည်။

ကျောင်းအတွက် လိုအပ်သည် များကို ပိုလှူနိုင်ခဲ့သည်။ သား ကိုရင်လူထွက်ပြီး အိမ်ပြန်ရောက် သည်နှင့် ခင်သော်တာတစ်ယောက် ဆေးခန်းနှင့် မပြတ်ဘဲ အခု ဆေးရုံ ပါ တက်နေရသည်။

'သော်သော်ရယ်... သမီးမှာလဲ ချူချာလိုက်တာ။ ကလေးတွေက ထမင်းဆိုင်မှာပဲလား'

'ဟုတ်တယ် အမေရေ... သူတို့ ကြီးကြီးရှိလို့ တော်သေးတယ်။ အမေတို့အိမ်လေးကို မပြန်နဲ့လို့ မှာလိုက်တယ်။ ကလေးနှစ်ယောက် တည်းဆိုတော့ စိတ်မချဘူး။ သူတို့ ကြီးကြီးဆိုင်မှာပဲ အိပ်ကြတော့လို့ သူတို့နဲ့ ရောအိပ်ခိုင်းလိုက်တယ်'

'အမေလဲ ဒီည အကြီးမဆိုင်မှာ အိပ်မှာ။ ကလေးတွေနဲ့လဲ ရောက် တုန်းလေး အတူတူ နေချင်လို့။ ကလေးတွေကို အမေ ရှာခေါ်ပြီး ကျောင်းထားပေးမယ်လေ'

'မလုပ်ပါနဲ့ အမေရယ်၊ အမေတို့ အသက်ကြီးမှ ဝန်တက်နေပါ့မယ်။ အခု နေတာက ထမင်းဆိုင်ဆိုတော့ စားဖို့က မပူရဘူး။ မကြီးကလဲ သူ့တူနဲ့တူမကို ချစ်ရှာပါတယ်။ အဝတ်အစားလဲ ဆင်ပါတယ်'

**လူ့ဘဝကို မရောက်ခင်တုန်းကတော့ လူ့ဘဝကို ရောက်ဖူးချင်ပါသည်။ လူ့ဘဝမှာ လျှနိုင်တန်းနိုင် တရားဘာဝနာများ၊ အားထုတ်နိုင်နှင့် သူတို့ဘုံဘဝနှင့် မတူ၍ လူတို့ရပ်ရွာကို တောစပ်မှနေ၍ မကြာခဏ မျှော်ကြည့်မိခဲ့ရသည်။**

သူ့ဘဝက ဘုရားသိုက်စောင့် ဘဝမို့ နောင် အရိမေတ္တေယျ ဘုရားရှင် ပွင့်မှသာ ဥစ္စာစောင့်ဘဝ မှ ကျွတ်ပေမည်။ ဥစ္စာစောင့် ဆိုသည်မှာ ပစ္စည်းစွဲလမ်းမိ၍ ဖြစ်ရ တာမို့ သူ ဘာကိုများ စွဲလမ်းမိ၍ ဥစ္စာစောင့် ဖြစ်ခဲ့ရသည်လဲ မသိ။

ဘဝသံသရာ လည်ပတ်နေသည် ဆိုဦးတော့ တစ်ဘဝတည်းမှာ တည်မြဲနေရသည့် သိုက်နန်းရှင် ဘဝသို့ ပြန်မရောက်လိုပါ။

**သို့သော်လည်း ကတိနှင့်အတူ ပြန်ကြရမှာက သိုက်နန်းက လာသူ များ၏ ဘဝကံကြမ္မာ ဖြစ်သလို ဘုရား သိုက်မှ ပစ္စည်းတွေမို့ လူတွေကို ပေးလို့မရဘဲ ကိုယ်ပိုင်ပစ္စည်း အနည်း ငယ်ကိုသာ ပေးနိုင် ရနိုင်ကြောင်းကို တော့ လူ့ဘဝမှ မိတ်ဆွေမျိုးများကို ပြောပြမိပါသည်။**

**[ဝန်ခံချက် ။ ။ သိုက်နန်းမှ ဝင်စားလာသော မိန်းကလေး တစ်ယောက်၏ဘဝကို သူပြောပြ ချက်အရ ရေးဖွဲ့ပါကြောင်း...]**

**စောမိသွင်(ရန်ကုန်)**



www.burmeseclassic.com

www.burmeseclassic.com



မေသစ္စာရှင်
(ဘုတလင်)

# အိမ်တိုင်မှာ

## ကပ်ပါလာတဲ့ တစ္ဆေ

တစ်ခုသော ရာသီကာလအချိန်မှာ ကိုလူမော်နှင့် မနှင်းမာတို့ အိမ်ခွဲဆောက်ရန် လုံးပမ်းနေကြပါသည်။

သို့သော် အကြောင်းအမျိုးမျိုးကြောင့် သစ်က ဝယ်၍မရ ဖြစ်နေပါသည်။

ကိုလူမော်မှာ အပေါင်းအသင်းကလည်း စုံလှသည်။ သူ့သူငယ်ချင်းများမှာ ရွာပေါင်းစုံ နယ်ပေါင်းစုံမှ ဖြစ်သည်။

ကိုလူမော်၏ သူငယ်ချင်းတစ်ယောက်က ရွာတစ်ရွာမှာ အိမ်အိုကြီးတစ်လုံးရှိကြောင်း၊ ထိုအိမ်ကြီးမှာ လူမနေတော့ကြောင်း၊ အိမ်ရှင်တွေက မြို့မှာနေကြ၍ ငွေလိုသည်နှင့် ထိုအိမ်ကြီးကို ရောင်းချင်ကြောင်း ပြောသည်။

မိန်းမဖြစ်သူကို ပြောတော့ ချက်ချင်းပင် သဘောတူသဖြင့် သူငယ်ချင်းကိုခေါ်ကာ အိမ်ကိုဝယ်ယူလိုက်သည်။ အိမ်တိုင်များက ပျဉ်းကတိုးသားဖြစ်၍ အလွန်ခိုင်ခံ့လှသည်။

အိမ်ဆောက်ပြီးတော့ ကိုလူမော်တို့မိသားစု သုံးယောက် အလွန်ပျော်ခဲ့ကြလေသည်။ သို့သော် သူတို့မိသားစု၏ အပျော်လေးမှာ ကြာရှည်မခံ။ နေ့လယ်နေ့ခင်းမှာတော့ ဘာမှမဖြစ်။ ညအချိန်မှာတော့ အိပ်ရာဝင်ပြီး အိပ်မောကျနေသည့် အချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်ကို ဆွဲမ,ခံရသည်။

ကိုလူမော်တစ်ယောက်တည်း မဟုတ်၊ မနှင်းမာလည်း ခြေထောက် ဆွဲခံရသည်။ ကံကောင်းသည်မှာ ကလေးတော့ ဘာမှမဖြစ်ပေ။

နောက်တစ်ည ဆွဲမ,ခံရတော့ ကိုလူမောင် နိုးသွားသည်။ မျက်လုံးဖွင့်ကြည့်တော့ အသက်နှစ်ဆယ်အရွယ်ရှိမည်ဟု ထင်ရသည့် အမျိုးသမီးတစ်ယောက်။

ခုတင်၏ ခြေရင်းဘက် အိမ်တိုင်ကို လက်ထောက်လျက် ရပ်ကြည့်နေသည်။

မနှင်းမာကို ကြောက်မည်စိုး၍ ဘာမှ မပြောဘဲ ဘုရားစာကိုသာ တွင်တွင်ရွတ်၍ အိပ်လိုက်သည်။

ခြေထောက်ဆွဲရုံမျှမက ညသန်းခေါင်ရောက်လျှင် လှေကားပေါ် တက်လိုက်,ဆင်းလိုက် အသံများကိုလည်း ကြားရသည်။

တစ်ညမှာ ကိုလူမော်၏ (၄)နှစ်အရွယ် သမီးလေးက အပေါ့သွားချင်သည်ဟု ပြောသဖြင့် မနှင်းမာ လိုက်ပို့ပေးသည်။ ကိစ္စပြီး၍ သားအမိနှစ်ယောက် အိမ်ထဲပြန်ဝင်လာတော့…

'ဟိုမှာ မေမေ… ဟိုးတိုင်မှာ မိန်းမကြီးတစ်ယောက် မီးကို ရယ်ပြနေတယ်။ အဲဒါ ဘယ်သူလဲ မေမေ'

ဟု မပီကလာပီကလာပြောတော့ မနှင်းမာမှာ ကြက်သီးတဖြန်းဖြန်း ထသွားသည်။

'ဘယ်မှာလဲ…ဘာမှမရှိပါဘူး'

ဟု ကလေးကို မငေါက်စဖူးငေါက်ကာ ကလေးကို စွတ်ခနဲ ပွေ့ချီပြီး အိမ်ပေါ်သို့ အပြေးတက်ခဲ့သည်။

ကိုလူမော်ကို အကျိုးအကြောင်း ပြောပြတော့ ကိုလူမော်လည်း အရမ်းစိုးရိမ်သွားသည်။

သူတို့ချည်းကပဲ အကြောင်းမဟုတ်၊ ကလေးက ရှိသေးတာမို့ မနှင်းမာ မိဘအိမ်မှာ အကျိုးအကြောင်း ပြောပြီး မိသားစုလိုက် ပြောင်းခဲ့ကြရသည်။

နောက်နှစ်ရက်လောက်နေတော့ ကိုလူမော်၏ သူငယ်ချင်းတစ်ယောက် ရောက်လာသည်။ အကြောင်းစုံကို ရှင်းပြလိုက်တော့ စိတ်မြန်လက်မြန် ရှိလှသည့် ကိုလူမော်သူငယ်ချင်းက ထိုရွာသွားရအောင်ဟု ဆို၍ သူငယ်ချင်းနှစ်ယောက် ထိုရွာကို သွားခဲ့ကြသည်။

ထိုရွာကိုရောက်ပြီး ကိုလူမော်၏သူငယ်ချင်း၏ အသိ



အိမ်ကို ဝင်သည်။ ထိုအိမ်က ပြောပြသည်မှာ အစက မိသားစုငါးယောက်ရှိကြောင်း၊ ထိုအိမ်အိုကြီး၏ အငယ်ဆုံးမိန်းကလေးက ကင်ဆာရောဂါ ဖြစ်သဖြင့် စိတ်ထိခိုက်ကာ ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်ကြောင်း၊ ကျန်သည့် မိသားစုများလည်း ရွာမှာမနေကြတော့ဘဲ မြို့ကို အပြီးပြောင်းသွားကြကြောင်း ပြောပြသည်။

ကိုလူမော်တို့လည်း ရွာသို့ ပြန်လာကြပြီး မကြာမီ ရက်အတွင်းမှာပဲ **အိမ်ကိုဖျက်ကာ ဇရပ်အဖြစ် လှူဒါန်း ဘုန်းကြီးငါးပါးပင့်ကာ ဆွမ်းသွတ်ပြီး** အမျိုးသမီးလေးအား အမျှပေးဝေလိုက်သည်။ သာဓုခေါ်သံအဆုံးမှာ အိမ်တစ်ဝန်းလုံး အမွှေးရနံ့များ မွှေးပျံ့ကြိုင်လှိုင်လာသည်ကို ကိုလူမော် သတိပြုမိသည်။ ထိုအချိန်မှစ၍ အခြောက်အလှန့် မရှိတော့။

ထို့နောက် ကိုလူမော်လည်း အိမ်တိုင် ဝါးကပ်အသစ်များ ဝယ်ယူကာ မကြာမီရက်အတွင်းမှာပဲ အိမ်အသစ် ပြန်ဆောက်ခဲ့ပါသည်။

နောင်ဘဝသံသရာ အဆက်ဆက်တိုင်း ထိုမိန်းကလေး သံသရာဝဋ်ကြွေးမှ လွတ်ကင်းပါစေဟု ကိုလူမော် ဆုတောင်းပေးနေမိပါတော့သည်။

**[ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ် နာမည်နာမများ လွှဲကာ ခံစားတင်ပြအပ်ပါသည်။]**

***ရှင်လန်းချမ်းမြေ့ကြပါစေ။***

**မေသစ္စာရှင်(ဘုတလင်)**



www.burmeseclassic.com

www.burmeseclassic.com



သန်းဆွေ (ရွှေဘို)
မူအုပ်ငြိမ်းဆရာကြီး

# ဘီလူးမကို

ဖိနပ်စောင့်ခိုင်းကြသူနှစ်ယောက်

ရွှေဘိုမြို့၏ အရှေ့ဘက် ရွှေဘို–ကျောက်မြောင်းသို့ သွားရာ လမ်း၏ မြောက်ဘက်တွင် **ပဂိုးကုန်းနှင့် မင်းကျောင်း**ဆိုသော ရွာကလေးနှစ်ရွာ ရှိသည်။

ထိုပဂိုးကုန်းရွာတွင် ကျောင်း,ကန်,ဇရပ်,ဘုရားနှင့် ဘုန်းကြီးကျောင်း ရှိသည်။

**လွန်ခဲ့သော (၁၅)နှစ်ကာလက ဖြစ်သည်။**

F.38A. July, 2019.

နဂါးရွာရောင်ခြည်မဂ္ဂဇင်း ၂၉၇

www.burmeseclassic.com

www.burmeseclassic.com



ယခုလို ဆိုင်ကယ်,ကားများ မပေါ်လှသေး။ စက်ဘီးခေတ်ဖြစ်သည်။

ကိုညိုဆန်းနှင့် ကိုသာထူး(နာမည်လွှဲ) နှစ်ယောက်သည် ဘုရားဖူးနေစဉ် **ဘုရားနားမှ ဘီလူးမရုပ်တုအား သူတို့၏ဖိနပ်များကို** မပျောက်ပျက်စေရန် အစောင့်ခိုင်းသည်။

နောက် မြို့အရှေ့ဘက်နားမှ စားသောက်ဆိုင်တွင် စားသောက်ကြသည်။ နေဝင်ဖျိုးဖျအချိန်တွင် စက်ဘီးကိုယ်စီ စီးကာ ဘုတ်ကုန်းရွာသို့ ထွက်ခွာလာကြလေသည်။

သူတို့သည် ဓာတ်ပုံဆရာများ ဖြစ်ကြသည်။ ဤဘုတ်ကုန်းရွာတွင် အလှူပွဲရှိတိုင်း ဓာတ်ပုံရိုက်ရသဖြင့် ဤရွာသည် သူတို့အတွက် မစိမ်းလှဘဲ အခေါက်ခေါက်အခါခါ ရောက်ဖူးသူများ ဖြစ်ကြသည်။

အဆိုပါ ဘုတ်ကုန်းရွာသည် မြို့၏ **အရှေ့မြောက်ဘက်(၆)မိုင်အကွာတွင်** ရှိသည်။ **မြို့၏မြောက်ဘက် ရေဦးမြို့သို့သွားရာ မဟာနန္ဒာကန် ကားလမ်းမှ** စက်ဘီးစီးလာကြသည်။

မြို့မြောက်ဘက် (၄)မိုင် (၂)ဖာလုံအကွာ **မိကျောင်းပင်ရွာ**သို့ ရောက်သောအခါ တံတားကိုဖြတ်၍ ထန်းတောအုပ်ထဲမှ ဖြတ်ကာ တောလမ်းအတိုင်း စီးခဲ့ကြသည်။

ထန်းအုပ်အလွန် ဘုတ်ကုန်းရွာ မရောက်မီ "**ရွာမိဿာ**"ဟူသော ရွာရှိသည်။ ထန်းအုပ်အလွန် တောတန်းသို့ ရောက်သောအခါ မည်သို့ဖြစ်သည်မသိ စက်ဘီးများမှာ တောတန်းတစ်နေရာသို့သာ ပြန်၍ရောက်နေသည်။ မျက်စိလည်နေကြလေပြီ။ စပါးကြီးမြွေ ညို့ထားသကဲ့သို့ ဖြစ်နေလေတော့သည်။

ဤသို့ဖြင့် စီးရင်း ပြန်ပြန်ရောက်နေကြသည်မှာ နံနက်(၄)နာရီထိုးလေပြီ။ ချွေးများပြန်၍ နှစ်ယောက်သား ဘာလုပ်ရမှန်းမသိကြတော့ပေ။ ကြောက်လည်း ကြောက်နေကြလေပြီ။

ကြံရာမရ ဖြစ်နေရာမှ တောစပ်အနီး ထင်းများ မီးပုံရှို့ ဆဲဆိုရေရွတ် သစ်ပင်များအား သေးများဖြင့်ပန်း ပြုလုပ်ကြလေတော့သည်။



သစ်ပင်ပေါ် တက်၍ကြည့်ရာ အဝေးမှ မီးရောင်မှုန်ပျပျကို တွေ့ကြလေတော့သည်။ ထိုအခါမှ မျက်စိလည် ပျောက်ကာ ရွာနားသို့ ရောက်လာကြတော့သည်။

ထိုမီးရောင်မှာ အလှူပွဲအတွက် ထမင်းဟင်းများ ချက်ပြုတ်နေသော ရွာသားများ ဖြစ်ကြလေသည်။ ဤသို့ဖြင့် ဘုတ်ကုန်းရွာသို့ ရောက်ကြလေတော့သည်။

သူတို့လည်း ဘဝတစ်သက်တာ မှတ်သားစရာ သင်ခန်းစာများ ရသွားကြလေတော့သည်။

ဆိုလိုသည်မှာ မကိုးကွယ်ချင်နေပါ။ မထိမဲ့မြင် မခန့်လေးစား မလုပ်သင့်ပါ။ ပရလောကသားတို့သည် သူ့အဆင့်အတန်းအလျောက် တန်ခိုးကမ္ဘဇိဒ္ဓိအစွမ်း ရှိကြလေသည်။

နောင်လာနောက်သားတို့ သတိပြု ဆင်ခြင်ကြနိုင်စေရန် လက်တွေ့ အဖြစ်အပျက်လေးတစ်ခုကို သာဓကထုတ်၍ ရေးသားတင်ပြလိုက်ရပါသည်။

အားလုံးသော သူတို့သည် မထိမဲ့မြင်ခြင်း ကင်းရှင်းနိုင်ကြပါစေ။

**သန်းဆွေ(ရွှေဘို)**
**မှုအုပ်ငြိမ်းဆရာကြီး**



www.burmeseclassic.com

www.burmeseclassic.com





ရွှေတောင် ဘင်မောင်ကြည်

# သံသရာအရေး တွေးကြရင်

မိုးအကုန် ဆောင်းအကူးစ လေရူး တွေ ပွေတဲ့အချိန်။ **၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ။** စာသင်ကြားရေးက အားကောင်းမောင်းသန်။ အခြေ အနေကလဲ ဖန်လာတယ်။

စာမေးပွဲအတွက် အားသွန်ခွန် စိုက်။ လုံးပန်းနေရ။ စနေတနင်္ဂနွေ ဆိုရင် မနက်(၂)အိမ်၊ ညနေ(၂) အိမ်၊ စာသင်ချိန်(၄)ချိန်။

သင်ချိန်က တစ်အိမ် တစ်နာရီခွဲ။ ကြားထဲမှာ နားချိန်က မိနစ်(၃၀)။ ညနေပိုင်းလေးပဲ နားရ။ ထမင်းစား ချိန်ပဲ အိမ်မှာရှိ။ ပင်ပန်းလှပါဘိ မောင်ဖိုးဟန်။

အချိန်တန်တိုင်း အလုပ်နဲ့လက်နဲ့ ဇယ်ဆက်။ သီတင်းတစ်ပတ်မှာ တစ်ရက်တောင် မနားရတဲ့အဖြစ်။ ဆင်းရဲမွဲတေမှုက ကင်းလွတ်ဖို့ ငွေ ရှာနေရတဲ့အချိန်။ ပိန်မသာ လိမ်မသာ။ ဇရာနဲ့ မရဏာ မတွေးဆ နိုင်တဲ့ ဘဝ။

မနက်(၇)နာရီမှာ ဝိုင်း။ (၅) ယောက် တစ်ဝိုင်း။ အဲဒါပြီးတော့ အိမ် တစ်အိမ်။ တစ်ယောက်တည်း အိမ်ပြန် ထမင်းစား နား။

မွန်းလွဲ တစ်နာရီ အိမ်က ပြန် ထွက် စာဆက်သင်။ (၂)ယောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်ဝင်။

နောက်ဆုံးအချိန်က တစ်ယောက်တည်း။ ယောကျ်ားလေး။ ကိုးတန်းပတ်လည်မှာ အဆင့်(၁)။ သင်ကြားရေးက အလွန်ကောင်း။ ဉာဏ်ကောင်းပြီး ကြိုးစားတော့ ဆရာစားမချန် သင်။

ပီပြင်လိုက်တဲ့ သင်ကြားရေး။ ကလေးရဲ့ အနာဂတ်ကာလ မြင်နေရပြီ။ ရောင်နီ စ…ပျိုး။ တိုးလို့တိုးလို့ လင်းရောင်ခြည်။

သူ့ကံက ဖန်။ ရေကန်အသင့် ကြာအသင့်။ အဖူးအပွင့်တွေ ဝေဝေဆာဆာနဲ့။

ဝါဖက်ရှစ်ပါး။ တစ်ပါးမကျန် မြင်။ သင်လိုက်တိုင်း တတ်သိ။ မေးလိုက်တိုင်း…မရ…မရှိ။

တစ်နေ့တာ (၃)ချိန် ဆက်တိုက် သင်ကြားခဲ့ရပေမယ့် မောတယ် ပန်းတယ် ဖိုးဟန် မရှိ။ မသိ။ ကိုယ်ဖိရင်ဖိ သင်။ မြင်အောင်ပြောပြ။ တတ်သိရစေ။ စေတနာတွေ ချွေ။ မေတ္တာရေ လောင်း။ ကောင်းမြတ်တဲ့စိတ် အေးရိပ်ခိုစေ။

ပထမဆုံးဝင်တဲ့ စနေ။ နောက်နေ့ တနင်္ဂနွေ။ အခြေအနေတွေ ကောင်း။

သူတို့အိမ် ရောက်သွားတာနဲ့ စားဖွယ်သောက်ဖွယ်တွေ ပြင်ဆင်ထားလိုက်တာ။ ငှက်ပျောသီး… လက်ဖက်သုပ်… ချိုချဉ်… ချောကလက်… မုန့်က (၃)မျိုး လောက်။

ဘယ်လောက်ပင် ပြောဆိုထားသော်လဲ ပြောမရ တားမရ။ သဒ္ဓါတရားက ဩ…ချရလောက်ရဲ့။

လက်တောက်ပြီးရွှေး။ ရေနွေးကြမ်းနဲ့ လက်ဖက်ရည်အချို ပိုလျှံ လိုက်ပုံများ မစားနိုင် မသောက်နိုင်။

စားလိုက်စမ်း သောက်လိုက်စမ်း အားမနာ လျှာမကျိုး ဖိုးဟန်မှာတော့ တစ်မျိုးကြီး အားနာ။

သားသမီး မချစ်တဲ့ မိဘ လောကမှာ မရှိ။

သားနဲ့ပတ်သက် ငြိချက်က သူတို့ရင်ထဲမှာ… သားရဲ့ဆရာ။ ကိုယ်ချင်းစာ။ ပညာရေးဌာနမှာ တာဝန်ကြီးကြီး ထမ်းဆောင်ခဲ့ကြတာ။

မွေးကျေးဖူးနပ်တဲ့ ဒီကလေး ကိုယ်ရည်ကိုယ်သွေး ဉာဏ်ရည်လေးကလဲ မြင့်။ အကျင့်ကလဲ ကောင်း။ အပေါင်းအသင်းကိုလဲ ရွေး။ နှောင့်နှေးကြန့်ကြာ မရှိရာဘူး။

ပညာက သူ့အတွက် အဓိက။ သာမညတွေ ဘေးဖယ်။

ဆွဲခေါ်သမျှ လိုက်ပါ။ အင်္ဂလိပ်စာ အခြေခံသိစရာတွေ ကျက်။ မှတ်။ ပြတ်တောက်…မေ့ကျန် ထောက်ပေးရန် မရှိ။ ခက်ခဲမှု သဘောက စင်းလုံးချော။ အဟောဝတ ကောင်းလေစွ။

ကြိယာ(၅)မျိုး (၅)ဆင့်။ ကြိယာတွဲ (၇)တွဲ။ နာမ်…နာမ်စားနဲ့ နာမ်တွဲ(၇)တွဲ။ အတွဲအဖတ် စကားဆက်နဲ့ နောက်ဆက် မကျန်။ ဘာသာပြန် (၅)မျိုး။ သွေးတိုးစမ်းမေး။ မေးတိုင်း ဖြေနိုင်။ အခြေခံ ပိုင်နိုင်။

အခြေခံပိုင်တော့ သင်တဲ့ဆရာမှာ အားရစရာ။ မကြာ တခဏ လမ်းကြောင်းပြလို့ ပြဋ္ဌာန်းစာအုပ်



www.burmeseclassic.com

ကိုင်နိုင်ပြီ။ သင်နိုင်ပြီ။ စာအုပ်ကိုင် သင်နိုင်လေပြီ။

မောင်ဖိုးဟန်က အခြေခံ အင်္ဂလိပ်သဒ္ဒါကို အပိုရိုက်သင်တာ။

'သဒ္ဒါမတတ် စာမတတ်
သဒ္ဒတ်မတာ စတ်မတာ'...လေ။

သင်လိုက်တာ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီမှာ စာမေးပွဲ။ အသေအလဲ တိုက်ပွဲဝင်နေရတဲ့ အချိန်။ ကုသိုလ်ကံ ဖန်လာပုံက...

ဇန်နဝါရီလ (၇)ရက်။ စနေညနေ အဲဒီအိမ်အရောက် စက်ဘီး ဒေါက် ထောက်။ မောင်ဖိုးဟန် စာသင်စားပွဲ ရှေ့မှောက်ရောက်။ ကောက်ကာ ငင်ကာ သင်တော့မယ်။

**ရှာတာရက်ကြီး ဘယ်လိုဖြစ်လေ တယ်မသိ။ အင်္ဂလိပ်စာ ဘာတစ်လုံး မှ မောင်ဖိုးဟန် မသိ၊ အေ...လား။ ဘီ...လား။ စီ...လား။ မခွဲခြားနိုင်။ ဆေးလို့သာ ပိုင်ရ။ အသိဉာဏ် ပျောက်။ ဒုက္ခတော့ ရောက်လေပြီ၊**

ကျူရှင်ဆရာဆိုတာက ပါလာတဲ့ စာအုပ် အဟုတ်ပါပဲ ဟန်ပြသာသာ။

သင်ကြားမယ့်ပညာက ခေါင်းထဲ မှာ စီကာစဉ်ကာ ပိပြင်စွာနဲ့ ထည့် ထားတာ။ တစ်ခုစီ တစ်ခုစီ အကန့် ကလေးတွေ စီ...လို့။

အဲဒီနေ့က အေမှန်း ဘီမှန်း တောင် မသိလောက်အောင် အသိ ဉာဏ်တွေ ပျောက်လေတော့ ရုက် စိတ်က ငယ်ထိပ် ဆောင့်တက်။ ခက်လေပြီကော။ စိတ်မောကိုယ် မော။ ဇောချွေးတွေ ပြန်။ ဘယ်နဲ့ ညာ လက်ဖျံနှစ်ဖက် ချွေးတွေ အသီးလိုက် အသီးလိုက် ထွက်။

ချွေးသီးတွ ဆီးကင်းလောက် ပျောက်တဲ့အောင် လက်ကိုင်ပဝါနဲ့



သုတ်။ သုတ်လို့ မနိုင်။ ဖြိုင်...ဖြိုင် ယိုစီးထွက်ကျ။

စဉ်းစားလိုက်တိုင်း ဦးနှောက်ထဲ က ဘာမှ ထွက်မလာ။ တတ်ထား တဲ့ ပညာက ဗလာ။ ရှက်လိုက်တာ။ မျက်နှာနီမြန်း။ သွေးဖျန်းသလို ထူပူ ပူတယ်လေ ဆယ်နေကဲ။ ရင်ထဲ မှာတဲ့ ဗလောင်ဆူ။ ပူလိုက်တဲ့ မီး။ မီးတစ်ပုံ မွေးသလို။ တအုံနွေးနွေး။

တွေးလိုက်တိုင်း လုံးလည်လိုက်။ ဉာဏ်ကလဲ မထောက်။ အကျ အပေါက်ကစ လုံးဝ...လုံးဝ။ မမှတ်မိ။

ထူးခြားလိုက်ပါဘိ မောင်ဖိုးဟန် တတ်သိပညာ မှဲ့သွားတဲ့ ဟန်။

သင်ကြားရေး နှောင့်နှေးကြန့် ကြာ ဖြစ်ရရှာပြီ။ အခက်ရယ်ကြုံ ဘယ်ပုံဖန်ရပ။

ကလေးက စာအုပ် လှန်၊ ဖတ်ရန် အသင့်။ မေးရင်လဲ ပြန်ဖြေဖို့ အသင့်။ ငံ့လင့်။ မာန်ဝင့်တဲ့ အနေ အထား။ အောင်နိုင်သူ စစ်သူကြီး အလား။

သင်ကြားမယ့် ဆရာဖိုးဟန်မှာ ဒုက္ခရောက်နေတာ သူမသိ။ သူသိ တာက...မေး။ မေးလိုက်တိုင်း ဖြေ မယ်...တကဲကဲ။ သူသိထားသမျှ

ကြဲတော့မယ့်ဟန်။

မောင်ဖိုးဟန် အကြံထုတ်ရပြီ။

'ဖတ်ကွာ'

ဖတ်သွားလိုက်တာ ကြောင်ပုစွန် စား ကြွပ်ကြွပ်ဝါး...သို့။

ဘာတွေဖတ်သွားမှန်း မောင်ဖိုး ဟန် လား...လားမှ မသိ။ ရော်ရမ်း လို့ပင် မမှန်းဆမိ။

ဖတ်သွားသမျှ မှန်သလား မှား သလာည။ အင်္ဂလိပ်စကားလုံးတိုင်း အသံထွက်နဲ့ အသံအတက်အကျ။ အနိမ့်အမြင့် သိသင့်တဲ့ အသံ အဖြတ်အတောက်။ ပြောင်မြောက်ရ မယ့် ကလေးရဲ့ ထိုးထွင်းဉာဏ်။

မောင်ဖိုးဟန် မဝေဖန်နိုင်တော့ပါ လား။

ရှူးပြီ။ တခဏတော့ ရှူးလေပြီ ထင်ပါရဲ့။ ဘေးဘီ...ငဲ့...စောင်း... ကြည့်။ အကြောင်းမသိကြလို့သာ ပေါ့။ တော်သေး။

'မပြေးသော် ကန်ရာ ရှိရမတဲ့'

'ဘာသာပြန်ကွာ ဗမာလို ပြော စမ်း'

အင်္ဂလိပ် စကားလုံးတိုင်းကို တစ်လုံးစီ တစ်လုံးစီ ဘောလ်ပင် ထောက်ထောက်ပြီးတော့ကို ဘာ သာ ပြန်သွားတာ။

ပြန်သာ ပြန်။ ဖိုးဟန် မသိ။

မချည့်တရိ ဝေဒနာနဲ့ (၁၀)မိနစ် သာသာ ''အောင့်''နေရတယ်။ မနည်းအား တင်းထားရတာ။ မသက်သာ။ (၁၅)မိနစ်လောက် ကြာတော့ မောင်ဖိုးဟန် ဟန် မဆောင်နိုင်တော့ဘူး။

'တော်တော့ကွာ။ ငါ ဒီနေ့ နေမကောင်း ဘူး။ ပြန်တော့မယ်'

www.burmeseclassic.com

ကလေးက ဆရာ့အရိပ်အကဲ ကြည့်နေတာမှ မဟုတ်တဲ့။ ဘယ်သိမလဲ။

''ဟုတ်ကဲ့''တဲ့။

အိမ်အပြန်လမ်း စက်ဘီးပေါ်မှ မောင်ဖိုးဟန် တွေးတယ်။ အေ... ဘီ။ အေ ဆိုတာ... ဘီ ဆိုတာ ဘာမှမသိ။ မေ့နိုင်လွန်းပါ၏။ ဘယ်လို ဘယ်ဟာ ဘာမှမသိ။ ဖြစ်လိုက်တဲ့ဒေါသ ခေါင်ထိပ်ထိ။

နွမ်းရိခွေနုံး နှလုံးမရွှင် အိမ်အဝင်။

ညနေခင်းစားပွဲမှာ ထိုင် စာအုပ်ကိုင် ငိုင်ငိုင်ကြီးတွေး။

စာအုပ်တောင် မဖွင့်သေး။ မပွင့်သေး။ အပြေးအလွှား အသိဝင်။ ဉာဏ်အမြင် ပြန်ရောက်။ ပျောက်နေတဲ့ အေ ဘီ စီ အစီအရီ ပြန်ပေါ်။ သြော်... သိလိုက်ပါပေါ့လား။

မောင်ဖိုးဟန် အကြီးအကျယ် ခံလိုက်ရလေပြီ။ အီစလံဝေ။

ရင်ဝကို တည့်တည့်မှန်။ ဒဏ်ရာတော့မရှိ။ လူ မသိ။

မေ့...သတိ ဖြစ်ရုံလေး။ အသေးအမွှားတော့ မဟုတ်။

လုပ်ရပ်က ရက်စက်။ ယုတ်မာ။ သက်သက်မဲ့ အရှက်ခွဲတာ။ အထိ...နာ။ ကျူရှင်ဆရာ ဘဝပါ ပျက်မယ့်ကိန်း။

စိတ်ကို ထိန်းပြီး စေ့စေ့တွေးလိုက်တော့ ရေးရေး ပေါ်။

စာတော်ရင် ''နင်''တော့လား ရယ်လို့...မလိုတမာ မကောင်းစိတ်တွေ မွေးပြီး ကြံ။ မတရားတဲ့နည်းနဲ့ ဖန်။ အပြုတ် နှံ။

အသားကုန် ယုတ်မာတဲ့ ''သင်း''တို့ ဉာဏ်။



စိတ်လိုအင် ဖြစ်ချင်ကြပုံကြောင့် နဝမတန်းမှာ နံပါတ်တစ် သူလဲ ဖြစ်ချင်...ကိုယ်ဖြစ်ချင်။ ဝမ်း တူတင်း အတင်း အတင်း ဖြစ်ချင်ကြ။

ကံ ဉာဏ် ဝီရိယ ကွာချက်က တုမရ။ ဖြစ်ချင်လို့ ယှဉ်ပြိုင်။ အနိုင်မရ။ ပြိုင်ပါသော်လဲ အရှက်ကွဲ။ အခဲမကျေ လက်စားချေ။

ပြိုင်ဖက်ကို နှိပ်စက်ဖို့ အကွက်ချ စီစဉ်။ သင်တဲ့ဆရာက ကြားဝင် လက်လျှို။ အို...ဗျာ ဘာမသိညာ မသိနဲ့ မခံချည့် မခံသာ။

မောင်ဖိုးဟန် စိတ်ကောင်းမွေး ကိုယ်လိုထင်မိ။ သတိဆိုတာ ပိုတယ် မရှိ။ လိုပါပေ၏။ လိုပေ၏။

နောက်နေ့ဆိုလဲ သင်ရဦးမယ်။ တနင်္ဂနွေ။ တွေဝေနေလို့ မဖြစ်။ သင်ဖြစ်အောင်ကို သင်ရမှာ။ ဝင်ဖြစ်အောင်ကို ဝင်ရဦးမှာ။

နှစ်အိမ်ဝင် သင်အပြီး အဲဒီအိမ်ကြီးဆီ မောင်ဖိုးဟန် အရောက်။ ဦးနှောက် ပျက်ပြန်ပါပြီ။ မချိတင်ကဲ ရင်ထဲမကောင်း။

အကြောင်း ဘယ်သို့...ဘယ်သို့လေ။

ရိုက်ချက်တော့ ထိပြန်ပြီ။ ရပ်တည်မရ။ ချွေးဖြိုင်ဖြိုင်ကျ။ ထိုင်မရ ထမရ။

တတ်သိပညာ ဗလချာ။ အင်္ဂလိပ်စာ ဘာမှမသိ။ ရိုက်ချက်က ငယ်ထိပ်ထိ။ ရက်စက်လွန်းပါဘိ။

တပည့်က စာတွေ ပြန်...လို့။ ညံ့...လို့။ ဖိုးဟန်မှာက ရတဲ့ဒဏ်ရာ အကြီးကြီး... ရှက်စိတ်ကြောင့် ဝေဒနာ ဖိစီး။

ခဏပဲနေ။ စက်ဘီးကို စီး။ အိမ်အပြန်ခရီး။

အိမ်ပြန်ရောက်တော့ စနေနေ့ မနေ့ကလို ပြောင်းပြန်လန်နေတဲ့ ဦးနှောက် ဖောက်သမျှ။ နဂိုနေပုံမှန်။ အကောင်းပြန်ဖြစ်။ ကောက်ကျစ်လိုက်ကြတာ...လွန်ယုတ်မာ။

သတ္တဝါတိုင်းမှာ မာန်ရှိ။ အပြည့်။ သိလိုက်တာမှ ဒက်ထိ။ ကြည့်လေ... အစွယ်မာန်... ဂျိမာန်... ပညာမာန်။ ဥစ္စာမာန်။ ရာထူးမာန်။ အာဏာမာန်။ ရာဇမာန်။ အင်း... ရာဇဝင်ထဲမှာ ဖတ်ဖူးတာ...

ဘာတဲ့ ရာဇမာန်ကြတော့ ''ရှ'' တယ်...ဆိုပဲ။ ဖိုးဟန် ကြားဖူးတာ။

မာန်နဲ့မာန ထိပ်တက်ကြတော့ ကိုယ်နှုတ်နှလုံး(၃)ပါးလုံးကို ပီပီပြင်ပြင် အကောင်အထည်ဖော်။ အပြုတ်ချ။

လောဘ... ဒေါသ... မောဟ ပိတ်ဆီး ကာကျ။ မကောင်းကြံကြ။

တစ်ဖက်သားမှာတော့ မမြင်ရတဲ့ ရန်သူရန်မူတာ ခံရ။ စဉ်းစားသာ ကြည့်လိုက်ကြပေတော့ ဒုက္ခ။ မုချ။ တချို့ဆို သေပွဲဝင်ရ။

အမျိုးသမီး တစ်ယောက်များ ခင်မင်ရင်းနှီးမှုကို ဘေးဖယ်။ အပြတ်





www.burmeseclassic.com

www.burmeseclassic.com



တွယ်မယ့်ပုံပဲ။ မအောင့်နိုင် မအည်းနိုင် နှုတ်က ဖွင့်ထုတ်။ ကောက်ကျစ်ယုတ်မာ ဇာတိပြ။

'နှင့်ကို ငါ လုပ်လိုက်ရမလား'တဲ့။

ကောင်းကြသေးရဲ့လားဗျာ။ ဖြောင်ကြီး။ မနာလိုစိတ် ကြီးမား။ စိတ်တွင်းခံစားချက် ရင်ထဲက ပွင့်ထွက်။ ခြိမ်းခြောက်ချက် သူမို့ နှုတ်ထွက်ရဲပေ။ အခုဆို သူလေ...။

မောင်ဖိုးဟန် ဘယ်တော့မှ သူတစ်ပါးကို မကောင်းမကြံ။ စိတ်ထဲမကူ။ သူတထူးက ရှုးရှုးမိုက်မိုက်နဲ့ မကောင်းကြံလာရင်လဲ သည်းခံ။ နှစ်ကြိမ် နှစ်တန်။ သုံးကြိမ်ကြံရင် လက်တုံ့ ပြန်။ ပြန် ပြန် နှံ့။ သူတို့ခံ။

ခံနိုင်ရင် ခံ။ မခံနိုင်ရင်ဖြင့် ကျွမ်းပြန်။

မောင်ဖိုးဟန် တုံ့ပြန်ကာ ရန်မပြုလိုသော်လဲ ကွဲပြဲသွားတဲ့ အရှက်အသက်နဲ့ လဲရတော့မယ်...အဖတ်ဆယ့် ဘယ်နေမလဲ။ ကဲ...

စနေတနင်္ဂနွေ (၂)ရက် ပက်ပက်စက်စက် နှံ့။ ရန်တုံ့ပြန်။

"သူရဋ္ဌ ဘောကြ ဗုဒ္ဓ စန္ဒရော သောရီ ဂုရု ဘောမ သူရဋ္ဌ"အချိန်ကာလ ပိုင်းခြား "အင်း" ကစားပြီ။

ပြင်းထန်လှတဲ့ ရန်သူ့အပူ လက်နက်။ အေးကွက်ကို ဖန်။ ကာကွယ်တွန်းလှန် ဒဏ်ပြန်...

**"အ-သောက"** အင်းတော် တစ်ဆူကို စီမံ။

သူ့အတတ် ဖျက်။ ကာကွယ်။ ပိတ်ဆို့။ ဝန်းရံ။

သူတို့လုပ်သမျှ ဒဏ် ခံနိုင်ရည်ရှိတယ်။ ဦးနှောက်ပျက်ပြီး သွက်



သွက်လည်အောင် မရူး။ မူး...မိုက်သလောက်ပါပဲဆိုတာ သိစေလိုက်တယ်။

ပျားဖယောင်းနဲ့ အကောင်းဆုံး စီရင် ဘုရားရှင်ကို...လက်တစ်ဆစ်လောက် မရှိ တရှိ။ သနားစရာသတ္တဝါမို့ ခွင့်လွှတ်။ စိတ်လွှတ်လက်လွှတ်သာ ဆိုရင်...

'ပိုးမရွှာ တိမ်ပြာတပိုင်းဖုံး...မောင်မလာမယ့်မှာ သီတင်းသုံး'

နောက်တစ်ပတ် စနေ။ နင်နေ ငါသွား။ အန္တရာယ်ကြားက လွတ်ပြီ။

ဒါပေမယ့် အဲဒီအိမ်ကို မသွား။ မသင်။ ဒုတိယအိမ် သင်ပြီးတော့ တတိယ အဲဒီအိမ်ကို မဝင်။

အချိန်တိကျ ရောက်လာနေကျ မောင်ဖိုးဟန်ကို ကေန် သူတို့ မျှော်ကြပြီ။ အိမ်ရှေ့က ထွက်။ ရပ်... ကြည့်နေကြ။

''ဖျတ်''ခနဲ လှမ်းအမြင် မောင်ဖိုးဟန်က သုတ်ခြေတင်။ လမ်းကို ဖြတ်။ စိုက်လိုက်မတ်တတ် ခရီးဆက်။ ဆက်လက် ထွက်ခွာ အိမ်ပြန်မှာ။

မောင်ဖိုးဟန် ကိုယ့်အိမ်ကို ဝင်မယ် ကြံရုံရှိသေး။ ကလေးနဲ့ သူ့အမေ ဖိုးဟန်နောက်ကနေ ထပ်ကြပ်မကွာ ကပ်ပါလာတယ်။ ကားအဖြူလေး...နဲ့။

'ဆရာကြီး ဟိုတစ်ပတ်က နေမကောင်းဘူးဆို။ အခုလဲ နေမကောင်းသေးလို့ မဝင်တာလား။ ဆေးခန်း လိုက်ပို့မယ်။ ကားပေါ်တက်ပါ'

ဒီစကားကြားတော့ ဖိုးဟန်မှာ...

'ဟာ ဆေးခန်း မသွားရလောက်ပါဘူး။ ကောင်းသွားမှာပါ။ စိတ်မပူပါနဲ့။ မလိုက်တော့ပါဘူး'

'အနားယူလိုက်ပါ ဆရာကြီး။ ဒီလိုဆိုရင် မနက်ဖြန် မျှော်နေမယ်နော်'

နောက်နေ့က တနင်္ဂနွေ။ သူတို့ပြောတဲ့ မနက်ဖြန်။ မောင်ဖိုးဟန် ကိုယ့်အိမ် ကိုယ်ပြန်တယ်။ မဝင်ဘူး။

ဒီနေ့တော့ မောင်ဖိုးဟန် ကိုယ့်အိမ်ကို အဝင် အိမ်ရှေ့မှာတင်ဘဲ ဆုံတယ်။ ဆိုင်ကယ်နဲ့ ညီအစ်ကို(၂)ယောက် လိုက်လာကြတာပါလား။

'ဆရာကြီး နေမကောင်းသေးဘူးလား။ ဖေဖေနဲ့မေမေတို့က မျှော်နေကြတာ'

'ကောင်းသွားပါပြီကွာ။ မင်းတို့ ဖေဖေနဲ့မေမေ အိမ်မှာ ရှိသလား'

'ရှိတာပေါ့ ဆရာကြီးရဲ့ စောင့်နေကြတာ'

'မင့် မိဘတွေကို ပြောထားလိုက်။ အခုချက်ချင်း မင်းတို့အိမ်ကို ငါလိုက်လာခဲ့မယ်'

စကားအဆုံး ဆိုင်ကယ် တဗုန်းဗုန်းနဲ့ ပြန်သွားကြတယ်။

ကိုယ့်အိမ်ထဲတောင် မဝင်ဘဲ စက်ဘီးလှည့်ပြီး မောင်ဖိုးဟန် သူတို့နောက်ကနေ လိုက်သွားတယ်။

အိမ်ရှေ့မှာ စားပွဲကုလားထိုင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ချထားတယ်။ စားပွဲပေါ်မှာ စားဖွယ် သောက်ဖွယ် အစုံ။ စေတနာကတော့ ကမ်းကုန်…

ဖနီးမောင်နဲ့ နှစ်ယောက်စလုံး အပြုံးနဲ့ ဆီးကြို။ နေရာပေး။ ထိုင်ကြပြီ။ စကားစပြီ။

'ကဲ…မပြောရင် မပြီးတော့လို့ ပြောမှ ဖြစ်တော့မယ်။ ခင်ဗျားတို့သား ပညာရေးမှာ ထူးထူးချွန်ချွန် တော်လွန်းကောင်းလွန်းလို့ ကျုပ်တော့ ခံရပြီ။

လွန်ခဲ့တဲ့ စနေတနင်္ဂနွေက စာသင်လို့မရ။ အသိဉာဏ်ပျောက် ဒုက္ခရောက်ခဲ့ရတယ်။ အရှက်လဲကွဲ အကျိုးနည်းခဲ့ရတယ်'

လင်မယား နှစ်ယောက်စလုံး အံ့သြတဲ့ မျက်နှာ။ သိသာပါတယ်။

မောင်ဖိုးဟန် ခရေစေ့ တွင်းကျ တစ်စမချန် မကျန်အောင် ပြောပြလိုက်တယ်။

'အဲဒီတော့ဗျာ ကျုပ်အတွက်တော့ ကျုပ်လုပ်ကိုင်ဆောင်ရွက်ပြီးပြီ။ ခင်ဗျားတို့သားအတွက်လဲ ဆရာရှာတော့။ ကျုပ်ကိုနက်လို့ မရရင် သူ့ကို "တုတ်"ဆက်လိမ့်မယ်။ မြိုမြိုပြီး နင်းရိုက်တဲ့အတွက် ရိုက်ချက်ပြင်းထန်။ မခံသာဘူး။

ခင်ဗျားတို့သားက နဝမတန်းပတ်လည်မှာ "တစ်"ဗျ။ "တစ်"ရချင်တဲ့သူ မကောင်းကြံတာ။ သူနေတာက ခင်ဗျားတို့အိမ်မြောက်ဘက်။ အကွက်ချပြီး စီရင်တာ။ ငွေရရင်ပြီးရော သံသရာသဘောကို မတွေးတဲ့ အောက်လမ်းဆရာ စုန်းမပါပါတယ်။

လင်ပန်းထဲမှာ ကျွဲခေါင်းပြတ်ထည့် အစိမ်းတိုက် တိုက်ထားတယ်။ အပြတ်ရှင်းတာပဲ သေတွင်းနဲ့ မနီးလို့သာ'

ပြောပြီးတာနဲ့ မောင်ဖိုးဟန် အိမ်



ပြန်ခဲ့တယ်။

ဖိုးဟန်ပြောစကား ကလေးရဲ့ မိဘတွေ ကြားတော့ ရင်…မ… ရပြီ။

နေမဝင်သေး ဖိုးဟန်အိမ်ရှေ့ကို ကားအဖြူလေး ဆိုက်လာတယ်။ ပြည်မြို့ကနေ ဖိုးဟန်အိမ်ကို တောက်လျှောက် မောင်းလာတာ… ဆိုပဲ။ သူတို့ အိမ်ကိုတောင် မပြန်သေး။ မင်္ဂလာစကားလေး ပြောချင်လို့တဲ့။

အဖေလုပ်သူက စကားတစ်ခွန်းမဟ။ အမေလုပ်သူက စကားစပြီး အားရဝမ်းသာ။ မျက်နှာမှာ ပီတိတွေ ဖြာလို့။ ကြည်သာအေးမြ… မြင်ရလေ။

'ကျွန်မတို့ ပြည်မြို့က ဆရာတော်တစ်ပါးဆီ ချက်ချင်းပဲ သွားတာ။ ဆရာ ပြောလိုက်တဲ့ စကားနဲ့ တထပ်တည်းပဲ။ မကွဲမပြား။ မခြားနား။ မိန့်ကြားချက်နဲ့ နှုတ်ထွက်စကား တစ်သားတည်း'

"စိတ်မဆင်းရဲကြလေနဲ့ ချမ်းသာကြစေ သတ္တဝါတွေ ကယ်တယ်"တဲ့။

လုပ်ဆောင်ဖွယ်တွေ ဖွင့်ဟမိန့်ကြား။ စီရင်သွားမှက "အင်း" တစ်ဆူ။ မထူတဲ့ ဖိုးဟန် ကောန်ဒိဋ္ဌ သိလိုက်ရပြီ။ သိပါပြီ။

'ထွက်ရပ်စခန်း လျှောက်လှမ်းနေတဲ့ ပုဂ္ဂိုလ်ထူး။ အောင်ပွဲဆင်တော့မယ့် လက်တစ်ကမ်းအလို "အင်း"ဝိဇ္ဇာဂိုဏ်'

ဆရာတော် သီတင်းသုံးတာက **ရွှေဆံတော် စေတီတော်မြတ်ရဲ့ တောင်ဘက်အရပ်။ လမ်းတစ်ဖက်ကပ်။ ပြည်မြို့ သဘော်ာဆိပ်ဟောင်းကြီးကနေ အရှေ့ဘက် ဖြတ်ထွက်။ တန်းတန်းမတ်မတ် တောင်ပေါ်တက်။**

တောင်ထိပ် ဗဟိုချက်နဲ့ အတက်ကလေးအကြား လမ်းခုလတ်။ ကပ်လျက်။ မြောက်ဘက်မှာ ကျောင်းဝင်း အဝင်တံခါး။ ခမ်းနားကြီးကျယ် သီတင်းသုံးချင့်စဖွယ် ထည်ထည်ဝါဝါ ကျောင်းတော်မဟာ။

နောက်တစ်ပတ်မှာ စနေတနင်္ဂနွေ စာသင်ရက် ဖိုးဟန်အိမ်ကထွက်။ လှည့်ပတ်သင်။ အဲဒီအိမ်ကို ဝင်။ အဆင်ပြေလိုက်ပုံများ…

ဆရာတပည့် အပေးအယူ အထူအမ စည်းကိုက်ဝါးကိုက်ကျ။ ဂျောင်းဂျောင်းပြေး။ စိတ်အေးချမ်းသာ။ စာသင်ချိန်မှာ ပျော်စရာ။

အခုတော့ ဒီကလေး ပညာတတ်ကြီးဖြစ်။ အိမ်ထောင်ရက်သားကျ။ ဖနီးမယား သားနဲ့သမီး နေအားကြီး ကားတစီးစီး တိုက်ကြီးကြီးနဲ့…

သူ့စွမ်းအင် ရှေ့ခရီး မြင်ရတဲ့ ဆရာဘဝင်မှာ လေခ အေးမြကြည်သာ။ စေတနာ မေတ္တာထား ပွားများလေလေ ဖြာ…ဖြာ ပီတိဝေ…

**ရွှေတောင် ခင်မောင်ကြည်**



www.burmeseclassic.com

www.burmeseclassic.com






# ပရလောကသားများကလဲ ကူညီကြပါတယ်

ကျွန်မတို့ ငယ်စဉ်ကလေးဘဝအရွယ်တွင် ကျွန်မတို့ မောင်နှမများကို ကျွန်မတို့အဘွားက ညဘက် အိပ်ရာဝင်ချိန်တွင် အမြဲပုံပြောလေ့ ရှိတယ်။

တကယ့်အဖြစ်အပျက်များ၊ ပုံပြင်များ၊ အဘွားရဲ့ အတွေ့အကြုံ၊ အဘွားဥစ္စာစောင့်ဘဝဖြစ်စဉ်များ တစ်နေ့တစ်မျိုး မရိုးရအောင်ပါပဲ။

တကယ့်ဖြစ်ရပ်ဆန်းများကိုလဲ စိတ်ဝင်စားဖွယ် ဗဟုသုတဖြစ်စရာ အကြောင်းလေးများပါ ပြောပြပါတယ်။

အဘွားပြောပြသော ဖြစ်ရပ်ဆန်းများတွင် စိတ်ဝင်စားဖွယ်ကောင်းတဲ့ **ကျွန်မရဲ့ဦးလေး ကြုံတွေ့ခဲ့ရတဲ့ အကြောင်း** ဖြစ်ပါတယ်။

အဘွားမှာ သားတစ်ယောက်၊ သမီးတစ်ယောက် ရှိပါတယ်။ ကျွန်မအမေက အကြီး၊ ဦးလေးက အငယ် မောင်နှမနှစ်ယောက် သိပ်ချစ်ကြပါတယ်။

ဦးလေးနာမည်က ဦးလှဆောင် အထက်တန်းကျောင်းဆရာတစ်ဦးပါ။ မအူပင်မှာ ဦးလေးက နေတယ်။ အဘွားကတော့ ဖျာပုံမှာ နေပါတယ်။

တစ်နေ့တော့ ဦးလေးမိန်းမက အငယ်ဆုံးကလေး မွေးပြီး မီးတွင်းထဲမှာ ဆုံးသွားတယ်။

ဦးလေးက ကလေး လေးယောက်နဲ့ ဒုက္ခရောက်နေတော့ အဘွားက အဲဒီကလေးတွေကို ခေါ်ပြီး မွေးထားရတယ်။ ဦးလေးကတော့ မအူပင်မှာ ကျောင်းဆရာအလုပ်နဲ့ပေါ့။

အဘွားရဲ့ညီမက ဖျာပုံမှာ ဈေးလာဝယ်တော့ အဘွားတို့အိမ်မှာပဲ တည်းခိုတယ်။ ဦးလေးကို မတွေ့တော့ အဘွားကို…

'မငွေရေ…လှဆောင်တစ်ယောက်လဲ မတွေ့ပါလား နေကောင်းရဲ့လား။ အလုပ်ထွက်သွားတာ နမြောဖို့ ကောင်းတယ်။ ကလေးတွေနဲ့ပဲ သွားနေတော့မယ်လို့ ပြောပြီး နှုတ်ဆက်သွားတယ်'

အဲဒီအချိန်က အဘွားက…

'မခင်မူ… လှဆောင် မအူပင်မှာ မရှိဘူးပေါ့ ဟုတ်လား'

'မငွေကလဲ လှဆောင် ဖျာပုံသွားမယ်ဆိုပြီး ပြောသွားတာ



www.burmeseclassic.com

www.burmeseclassic.com



နှစ်လလောက်ရှိပြီ'

မအူပင်က အမျိုးတွေက ဦးလေး ဖျာပုံမှာပေါ့။ ဖျာပုံက အဘွားတို့ကလဲ မအူပင်မှာပေါ့။ မြို့နှစ်မြို့ကြားမှာ ဦးလေး ပျောက်နေတာပေါ့။ အဘွား စုံစမ်းတာ နှံ့နေတာပဲ ဘယ်မှ စုံစမ်းလို့ မရဘူး။

တစ်လလောက်ကြာမှ ဦးလေးသတင်း ရတယ်။ ဖျာပုံနဲ့ မအူပင်ကြားက ဘုရားသုံးဆူရွာမှာ မိန်းမရနေတယ်ဆိုတဲ့ သတင်းကို ကြားရတယ်။

အဲဒီအခါမှာ အဘွား ဒေါသတွေထွက်ပြီး ဘုရားသုံးဆူရွာကို လိုက်သွားပြီး ပွဲကြမ်းတော့တာပေါ့။

အဘွားလဲ ဦးလေးကို အမျိုးမျိုး ချော့ခေါ်တာတောင် မရဘူး။ အနီးအနားက လူတွေကလဲ ဦးလေးကို ခေါ်သွားဖို့ သူ့မိန်းမက အောက်လမ်းနဲ့ လုပ်ထားတာလို့ပြောတာပေါ့။

အဘွားလဲ ဦးလေးကို ဘယ်လိုမှ ပြန်ခေါ်လို့ မရဘူး။ အဘွားက သေခန်းပြတ်ပြီ၊ လုံးဝပြန်မလာနဲ့ ကလေးတွေနဲ့လဲ တွေ့ခွင့်မပေးဘူးဆိုပြီး ပြန်ခဲ့တယ်။

နှစ်လလောက်ကြာတော့ ဦးလေး ဖျာပုံရောက်လာတယ်။ ပိန်ချုံးပြီး နေမကောင်းဖြစ်နေတာ။ ကျွန်မတို့အမေက အဘွားသိရင် နှင်ချမှာစိုးလို့ အနောက်ဘက် ထင်းစင်မှာ ဝှက်ထားတယ်။

ဦးလေးရောက်တဲ့ ညမှာပဲ အဘွားက အိပ်မက် မက်တယ်။ အရပ်အရှည်ကြီး လူနှစ်ယောက်က…

'ခင်ဗျားသားက ကျုပ်တို့ကို ဖျာပုံကို လိုက်ပို့ပေးပါ။ စားစရာ နေစရာ ပေးပါ့မယ်နဲ့ ခေါ်လာပြီး အခု ကျုပ်တို့မှာ စားစရာလဲ မရှိဘူး။ နေစရာလဲ မရှိဘူး။ ကျုပ်တို့ကို စားစရာ နေစရာ ပေးပါ' လို့ ပြောလဲအပြီး အဘွားလဲ လန့်နိုးသွားတယ်။

မနက်လင်းတော့ အဘွားက ကျွန်မအမေကို မေးတယ်။ **''လှဆောင် အိမ်ပြန်လာလား''**လို့ မေးပြီး ညက အိပ်မက်အကြောင်းကို ပြောပြတယ်။

အမေကလဲ မလိမ်ရဲဘူးလေ။ အဘွား နှင်လွှတ်မှာစိုးလို့ ထင်းစင်ပေါ်မှာ ဝှက်ထားတဲ့အကြောင်း ပြောတယ်။

အဘွားက သူသေတာ အရေးမကြီးဘူး။ ကလေးတွေ ဒုက္ခရောက်မှာစိုးလို့…



'ငွေစိုးကို သွားခေါ်၊ သူကိုပဲ အားလုံး လုပ်ခိုင်းရတော့မယ်'

ငွေစိုးဆိုတာ နတ်ကတော်ပါ။ ပြောတတ် ဆိုတတ်သူပေါ့။

အဲဒီငွေစိုးကပဲ နေစရာ စားစရာ ပေးကျွေးပြီး၊ ပြီးရင် ကိုယ့်အရပ် ကိုယ်ပြန်ကြပါလို့ ပြောတယ်။

ညဘက်ကျတော့ အဘွားကို အိပ်မက်ပေးတယ်။

'စားစရာ ရတယ်။ နေစရာလဲ ရတယ်။ ကျုပ်တို့ ပြန်တော့မယ်' ဆိုပြီး နှုတ်ဆက်သွားတယ်။

အဘွားက ဦးလေးကို…

'လှဆောင် နင် ဘာတွေလုပ်လာတာလဲဆိုတာ ငါ့ကို ပြောပြပါဦး'

ဦးလေးက အောက်ပါအတိုင်း ပြောပြပါတယ်။

*   *   *

ကလေးတွေကို သတိရပြီး အလုပ်ထွက်စာတင်ပြီး ဖျာပုံကို လာခဲ့တာ သင်္ဘောပေါ်မှာ မမြစိန်တို့ မောင်နှမနဲ့ ရင်းနှီးပြီး… ဦးလေးက မိန်းမ သေသွားပြီး ကလေးတွေနဲ့ တကွဲတပြား နေရတော့ စိတ်ညစ်လို့ အလုပ်ထွက်ပြီး ဖျာပုံမှာပဲ သွားနေမလို့ ပြောလိုက်တယ်။

အဲဒီအခါမှာ အဲဒီမိန်းက စိတ်ပြေလက်ပျောက် သူတို့အိမ်မှာ တစ်ရက်လောက်နေပြီးမှ ပြန်ပါ။ သူတို့




www.burmeseclassic.com

www.burmeseclassic.com



မှာ မောင်နှမနှစ်ယောက်တည်းရှိတာဆိုလို့ လိုက်သွားရင်းက အဲဒီမိန်းမနဲ့ အိမ်ထောင်ကျပြီး မပြန်နိုင်ဘဲ ဖြစ်သွားတယ်။

ဦးလေးမိန်းမက ဦးလေးကို ဖဲရိုက်ကျွေးတယ်တဲ့။ ဦးလေးက ဘာမှ မလုပ်တတ်ဘူး၊ ကျောင်းဆရာ ဆိုတော့။

အဘွား ပြန်သွားရက်တွေမှာ သူ့မိန်းမက ဖဲရိုက်မသွားဘူး။ ဦးလေး ထွက်ပြေးမှာစိုးလို့ ည ဦးလေး အိပ်မှပဲ ဖဲသွားရိုက်တယ်။

တစ်နေ့တော့ ဦးလေးမိန်းမရဲ့မောင်က…

'ခင်ဗျား ဖျာပုံကို ပြန်တော့။ ကျုပ်အစ်မက ခင်ဗျားကို အောက်လမ်းပညာနဲ့ လုပ်ထားတာ။ မယုံရင် ခင်ဗျားခေါင်းအုံးကို ဖောက်ကြည့်'

လို့ ပြောလာတယ်။

ဦးလေးက မယုံလို့ ဖောက်ကြည့်တော့ ခေါင်းအုံးထဲမှာ မိန်းမရုပ်နဲ့ တခြားပစ္စည်းတွေပါ တွေ့သွားလို့ ဦးလေးက စိတ်ဆိုးပြီး ချောင်းထဲကို လွှင့်ပစ်လိုက်တယ်။

အဲဒီအချိန်ကစပြီး ဒီမိန်းမကို ကြည့်မရဘဲ ဖျာပုံကို ပြန်ချင်နေတာ။ ပိုက်ဆံကလဲ မရှိ။

နောက်တော့ ကြံမိကြံရာနဲ့ အဲဒီရွာက ဘုရားသုံးဆူမှာ ညဘက် သူ့မိန်းမ ဖဲရိုက်သွားတုန်း…

'ဘုရားသုံးဆူမှာ ဥစ္စာစောင့်တွေ ရှိတယ်လို့ ပြောကြတယ်။ ကျုပ်ကို ကူညီပါ။ ကျုပ်မှာ ဒုက္ခရောက်နေပါတယ်။

ဖျာပုံကို ပြန်ချင်လို့ ပိုက်ဆံလဲ မရှိဘူး။ ခင်ဗျားတို့ လိုက်ပို့ပေးပါ။ ဟိုရောက်ရင် နေစရာလဲ ပေးပါမယ်။ စားစရာလဲ ပေးပါ့မယ်။ ကျုပ်ကို လိုက်ပို့ပေးပါ'

ဆိုပြီး ချောင်းစပ်မှာ ထိုင်စောင့်နေတယ်။

တော်တော်လေးလဲကြာရော ဘောက်တူတစ်စင်း လာတာ တွေ့ရတယ်။ အဲဒီထဲက လူတစ်ယောက်က…

'ဖျာပုံသွားမှာ လိုက်ချင်လိုက်ခဲ့'

လို့ ပြောတော့ ဦးလေးက…

'ကျုပ် လိုက်ချင်ပါတယ်။ ကျုပ်ကို ခေါ်ပါ'

လို့ ဆိုပြီး လိုက်သွားတာ လမိုက်ညဆိုတော့ လူကတော့ နှစ်ယောက်တည်း သဲသဲကွဲကွဲ မမြင်ရဘူး။ ဝါးဦးထုပ်တွေ ဆောင်းထားတာ။



ဖျာပုံရောက်တော့ အဘွားကိုကြောက်ပြီး မပြောရဲလို့ အခုလို ဖြစ်ရတာပါလို့ ပြောတယ်။ အဘွားကတော့…

'နင်မသေတာ တော်သေးတာပေါ့'

လို့ ပြောခဲ့တယ်။

အဘွားလဲ ဦးလေးကို ဘုန်းကြီးဝတ်ပေးလိုက်တယ်။ အခုတော့ ဦးလေးလဲဘုန်းကြီးဝတ်နဲ့ ပျံလွန်တော်မူသွားတယ်။

**[ဦးလေးရဲ့ တကယ့်ဖြစ်ရပ်မှန်လေး ဖြစ်ပါတယ်။ လူအမည်နဲ့ ရွာအမည်ကို ပြောင်းလဲထားပါတယ်။]**

***ပယောဂအနှောင့်အယှက်မှ အားလုံး ကင်းဝေးကြပါစေ။***

ဒေါ်တင်အေး(မအူပင်)



www.burmeseclassic.com

www.burmeseclassic.com


## နက္ခတ္တရောင်ခြည်စာအုပ်တိုက်မှ

## အောက်ပါ စာအုပ်များ ရရှိနိုင်ပါပြီ

**၁။ ဆေးမြီးတိုရောင်ခြည်** [အမှတ် (၁)မှ အမှတ်(၃၉)ထိ] **၂။ အဂ္ဂိရတ်ရောင်ခြည်** [အမှတ် (၁)မှ အမှတ်(၂၁)ထိ] **၃။ တိုင်းရင်းဆေးသမားတော်များ၊ ဆေးဆရာများနှင့် တွေ့ဆုံခြင်း** [အမှတ် (၁)မှ အမှတ်(၁၆)ထိ] **၄။ အံ့ဖွယ်ထူးခြား ဂမုန်းများ** [အမှတ်(၁)မှ အမှတ်(၁၀)ထိ] **၅။ ယတြာရောင်ခြည်** [အမှတ် (၁)မှ အမှတ်(၈)ထိ] **၆။ ကျင့်စဉ်ရောင်ခြည်**[အမှတ် (၁)မှ အမှတ်(၁၃)ထိ] **၇။ ဂါထာမန္တန်ရောင်ခြည်** [အမှတ် (၁)မှ အမှတ်(၉)ထိ] **၈။ ပရလောကနှင့်အံ့ဖွယ်ထူးခြားဖြစ်ရပ်ဆန်းများ**[အမှတ် (၁)မှအမှတ်(၁၀)ထိ]

**၉။ ပါရမီဘာသာရေးရာ အဖြေလွှာ** (ဆရာကြီး ဦးစံတင့်–စတုနိကာယ ကောဝိဒ) [အမှတ် (၁)မှ အမှတ်(၄)ထိ]

**၁၀။ တိရစ္ဆာန်ရောဂါကုဆေးနည်းနှင့် ဆေးမြီးတိုများ** [အမှတ် (၁)မှ အမှတ်(၅)ထိ]

**၁၁။ လက်တွေ့သီးပင်ပွင့်ပင် စိုက်ပျိုးနည်းများ** [အမှတ် (၁)မှ အမှတ်(၆)ထိ]

**မှတ်ချက်။ ။ တစ်အုပ်လျှင် စာမျက်နှာ (၁၆၀)စီ ပါပါသည်။ တစ်အုပ်လျှင် (၆၀၀)ကျပ် ဖြစ်ပါသည်။**
**စာတိုက်မှ မှာကြားလိုပါက ပို့ခ (၂၀၀)ကျပ် ကျပါမည်။ ငွေပေးချေးယူရပါမည်။**
**အမှန်တကယ် ရယူလိုသူများ အောက်ပါလိပ်စာအတိုင်း မှာကြားနိုင်ပါသည်။**

**ဆယ်သွယ်မှာကြားရန်လိပ်စာ**

**နက္ခတ္တရောင်ခြည်စာအုပ်တိုက်**

အမှတ်–၂၁၀(ပထမထပ်)၊ ၂၉–လမ်း(အထက်)၊ပန်းဘဲတန်းစာတိုက်၊ရန်ကုန်မြို့။ ဖုန်း ၀၉–၇၇၆၃၄၉၇၈၅၊ ၀၉–၄၄၃၂၅၇၂၂၀။





# ကြယ်ပါဖြူဖြင်း

အမှတ်တံဆိပ်

**ဆီးချို၊ သွေးချိုသောက်ဆေး**

ဆီးချိုသွေးချိုကြောင့် မကြာခဏ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားပြီး ဆီးအေအောင်၊ ဆီးကျုန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ ရွှေထွက်များ၍ ကိုယ်ခန္ဓာအားအင် ကုန်ခမ်း နုံးချိခြင်း၊ မောပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ မျက်စိ ဝေဝါးမှုန်ခြင်း၊ ယားနာပေါက်ခြင်း၊ အနာနှင့်တကွ ထိမိုက်ရှနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း တို့ကို သုံးစွဲနိုင်ပါသည်။

**အမြို့မြို့ရှိ မြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။**



မှတ်ပုံတင် - TMR ၀၁၁၂၉၄(၀၆၁၅)
လိုင်စင် ၂/၂၀၁၃၊တဆထလ၊(၂၃၈၅)

ပင်ရင်း **ကြယ်ဖြူဖြင်း ဆေးတိုက်** အမှတ်(၄၅၁)၊ သမိန်ဗရမ်းနှင့် အောင်ချမ်းသာ၊ (၃၆)ရပ်ကွက်၊ မြောက်ဒဂုံ။
၀၉–၇၃၀၁၄၀၄၄၊ ၀၉–၅၀၀၁၄၁၆၊ ၀၉–၅၁၉၈၇၅

ဖြန့်ချိရေး (ပြည်မြို့–ဆေးနန်းတော်ကြီးဆေးဆိုင်) (တောင်ငူမြို့–ရွှေပင်ငွေပင်သက်နီးတိုက်) (ပုသိမ်မြို့–မြွှာမှင့်ဆေးခန်း) (အေသဲမြို့–ထက်ဆေးခန်း) (ချာပုံမြို့–ဦးတင်မောင်ဝေ) (ရန်ကုန်–ကြည့်မြင်တိုင်ညဈေး–သိရီမေတိုး၊ ပွင့်လွှာဆေးဆိုင်) (ရန်ကုန်–ကျောက်မြောင်း–ကောင်းထက်အောင်ဆေးဆိုင်၊ သတိပဋ္ဌာန်လမ်းထိပ်) (တောင်ဥက္ကလာပ–စီတကဆေးဆိုင်)

* ကိုဝင်းမြင့်–မဘဘဆီဆေးမျိုးစုံဆိုင်၊ (၁၅)လမ်းထိပ်၊ ရန်ကုန်မြို့
* ကမ္ဘာလုံး ဦးဘညိန်ဆေးတိုက်၊ အမှတ်(၁၆၇)၊ ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်း၊ ရန်ကုန်မြို့ ဖုန်း–၂၅၆၄၁၁ (လိုင်းခွဲ–၇၂၅)




www.burmeseclassic.com

www.burmeseclassic.com











www.burmeseclassic.com

www.burmeseclassic.com

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း နယ်လှည့်အယ်ဒီတာအဖြစ် နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့သူ

W½kvf½&m ajrMuefzkefa&Tyrm
ESifh
W½kvfZmwwmcGfoHkwoD

Wu Jin Zhi
q&mxufi fausmfG

ထံတွင်

* တရုတ်ဇာတာခွင် (BaZi) ဇာတာ စစ်ဆေးခြင်း၊
* ရုပ်ဆင်းလက္ခဏာ စစ်ဆေးခြင်း၊
* အိမ်ဂေဟာ၊ အလုပ်ခန်း၊ အလုပ်ရုံ မြေကြန် စစ်ဆေးခြင်း၊
* မင်္ဂလာဆောင်နံ ဇာတာ တိုက်ဆိုင်စစ်ဆေးခြင်း၊
* တရုတ်ရိုးရာ အဆောင်အကာ (Fú)များ ပြုလုပ်ခြင်း

တို့အတွက် အောက်ပါ Viber ဖုန်းနံပါတ်သို့ ဆက်သွယ်နိုင်ပါသည်။




○ 09 767 171 324

○ 09 795 758 005

○ 09 253 325 027

ဆရာနှင့် တွေ့ဆုံနိုင်သည့် နေရပ်လိပ်စာ

Wu Jin Zhi
q&mxufi fausmfG
အမှတ် ၁၃၄၊ နိဗ္ဗာန်လမ်း၊ ပေါင်မြို့၊ မွန်ပြည်နယ်။



www.burmeseclassic.com

www.burmeseclassic.com


# ဆရာ ရန်အောင်ဟိန်း *[B.Sc]*

## ခရစ်ရှနားမူတီးပဒ္ဒတိ ရွှေဆောင်နက္ခတ် ဗေဒင်ပညာရှင်

- ▲ ကေပီစနစ်၊ မူလဇာတာ၊ ဟူးရားဇာတာစနစ်များဖြင့် မေးလိုသော အမေး ပြဿနာများကို တိကျပြတ်သားစွာ ဟောကြားပေးနေပါသည်။
- ▲ မွေးချိန်အတိအကျ မသိသူများအတွက် မွေးချိန်အမှန် ရှာ၍ တိကျသော မွေးဇာတာ ထုတ်ပေးပါသည်။
- ▲ ကေပီစနစ် သင်တန်းများလည်း ပေးနေပါသည်။ လွယ်ကူရှင်းလင်းသော စနစ်ဖြင့် အမြန်ဆုံး တတ်မြောက်ရန် သင်ကြားပေးနေပါသည်။
- ▲ ကေပီစနစ် ကွန်ပျူတာ ပရိုဂရမ်များ ရနိုင်ပါသည်။ အသုံးပြု၍ လွယ်ကူစေရပါမည်။
- ▲ ကလေးနာမည်ပေး၊ လုပ်ငန်းများနာမည်ပေး၊ ဆိုင်းဘုတ်အတွက် အရောင်ရွေးချယ်ခြင်း ဆိုင်းဘုတ် တင်သင့်သည့်အချိန် အစီအရင်များ အထူးဆောင်ရွက်ပေးပါသည်။
- ▲ ဆန်းကျမ်းဗေဒင်ပညာ၊ မဟာဘုတ်ဗေဒင်ပညာ၊ အင်္ဂဝိဇ္ဇာဗေဒင်ပညာများ သင်ကြားလိုက ဆက်သွယ်နိုင်ပါသည်။

**ဟောခန်းလိပ်စာ...**

**ဆရာ ရန်အောင်ဟိန်း*[B.Sc]***

**ခရစ်ရှနားမူတီးပဒ္ဒတိ ရွှေဆောင်နက္ခတ် ဗေဒင်ပညာရှင်**

**အမှတ်- ၁၈၂ (က) မြေညီထပ်၊ ၃၃-လမ်း အထက်၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**Ph: - 01374545, 09 966732993,**
**09 261447766, 09 73119826.**




www.burmeseclassic.com

www.burmeseclassic.com


## အချစ်ရေး၊ စေ့စပ်လက်ထပ်ရေးကိစ္စများ စိတ်ချမ်းသာစေရအောင်

- ◌ မိမိချစ်သူ (သို့မဟုတ်) စေ့စပ်ထားသူက မိမိတစ်ဦးတည်းကို ချစ်ခင်စွဲလမ်း သစ္စာရှိနေစေဖို့။
- ◌ မိမိချစ်သူ (သို့မဟုတ်) စေ့စပ်ထားသူနဲ့ အဆင်ပြေလွယ်ကူစွာ အမြန်ဆုံး လက်ထပ်ပေါင်းသင်းရဖို့။
- ◌ မိမိချစ်သူ (သို့မဟုတ်) စေ့စပ်ထားသူက မိမိထံကို အမြန်ဆုံး အဆက်အသွယ် ပြန်လုပ်စေဖို့။
- ◌ လက်ရှိကြုံတွေ့နေရတဲ့ အနှောင့်အယှက်၊ အခက်အခဲ၊ ကိုယ်စိတ်ဆင်းရဲစရာတွေ အမြန်ဆုံး ကင်းရှင်းသွားစေဖို့။
- ◌ အဆင်မပြေဖြစ်နေတဲ့ကိစ္စ အမြန်ဆုံး ပြန်အဆင်ပြေစေဖို့။

(ဂမ္ဘီရပညာ ယတြာအစီအရင် နည်းလမ်းကောင်းများ ရှိပါတယ်။)

# ဆရာဦးပိုင်ဇအောင်

(ဓိဋ္ဌာဘွဲ့) [လက္ခဏာဗေဒင်ယတြာအစီအရင်]

**တိုက်(၄၀)၊ အခန်း-၂(ပထမထပ်)၊ မဟာမြိုင်အိမ်ရာထိပ်၊ ဦးဝိစာရလမ်း၊**

**၄၁-ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**

**☎ ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၅၀၆၂၈၄၃၊ ၀၉-၅၀၉၃၈၉၁၊ ၀၉-၂၅၀၇၇၃၆၃၆။**

နယ်မြို့များမှလည်း ဆက်သွယ်နိုင်ပါသည်။



မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုရ

# ဆရာကြီး မင်းယက္ခ [နက္ခတ္တရောင်ခြည်]

**B.A(MAR),H.G.P.R.A, R.L.D.T.MED(ADVOCATE)**

**နက္ခတ်ရောင်ခြည် ဗေဒင်ဟောခန်း**

- ★ ကျမ်းပြုအကျော် ဒေသဆေးကန်ဆရာတော် ဦးပညာသီဟ၊ ✝ဗေဒဝိဇ္ဇာ ဆရာ ဦးမောင်ကြီး၊ ✝တွက်ရိုးပါရဂူ ပုဏ္ဏား ဆရာကာလာစန်၊ ✝ပုဏ္ဏားတော် ဆရာရှိန်၊ ✝ဆရာကြီး လျှပ်စစ် ဦးအုန်းသင်၊ ✝ဆရာကြီး ပျဉ်းမနား ဦးသန်းမောင်၊ ✝ဆရာကြီး မိုးတား ဦးထွန်းရှိန်၊ ✝ဆရာကြီး ဦးမြင့်သွင်(R.A)၊ ✝ဆရာကြီး မန္တလေးဦးမြကြီး၊ ✝ဆရာကြီး ရန်ကုန် ကျော်ရင်၊ ✝ဆရာ ဦးအေးကျော်၊ ✝မဟာဘုတ်ပါရဂူ ဆရာကြီး ဦးကြာမြင့်တို့၏ ပညာရပ်များနှင့် ဗေဒင်ပညာသက် နှစ်ပေါင်း ငါးဆယ်ကျော်ကို အရင်းတည်လျက် ''ပညာ၊စေတနာ၊မေတ္တာ၊သစ္စာတရား''တို့အပေါ်တွင် အခြေခံကာ ဟောပြော အကြံပေးသည်။
- ★ ရိုးရိုးဟော၊ အထူးဟော မခွဲခြားဘဲ သိလိုသမျှ ဟောပြောပေးသည်။[၅၀၀၀-ကျပ်]
- ★ ကလေးအမည်ပေး (၅၀၀၀)ကျပ်၊ ဆိုင်, လုပ်ငန်း, ကုမ္ပဏီ အမည်ပေး (၃၀၀၀၀)ကျပ်၊ (၅၀၀၀၀)ကျပ်။
- ★ ဟောစာတမ်း (၁၀၀၀၀)ကျပ်**(နှစ်,လ,ရက်,မွေးချိန် သိလျှင်,ဇာတိ)**တို့ကို ဖော်ပြ၍ **(ဦးထွန်းစိန် ၁၂/တမန(နိုင်)၀၁၆၆၉၉၊ ကမ္ဘောဇဘဏ်၊ သဃ်န်းကျွန်းဘဏ်ခွဲ ဇဝန၊ ရန်ကုန်မြို့)**သို့ ငွေလွှဲပါ။ ဟောစာတမ်းမှာလျှင်၊ ငွေလွှဲလျှင် ဖုန်းဆက် အကြောင်းကြားပါ။
- ★ လိုအပ်လျှင် ဗေဒင်ပညာသာမက ဥပဒေပညာ၊ စီးပွားရေးပညာ၊ အသုံးချ စိတ်ပညာတို့ဖြင့်ပါ ဆွေးနွေး အကြံပေးသည်။

**ဟောခန်း**

**အမှတ် (၂၅၂)၊ အောင်ရတနာ (၁၇)လမ်း၊ (၁၆)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။☎ ၀၉-၄၂၁၁၂၅၂၂၀။**

**[၂၀၉၊ ၂၁၀-အထူး။ ၅၂၊ ၁၆၁၊ ၄၀-အဝါ၊ ၃၆-အနီ၊ ၃၈-အစိမ်း။ ၁၉၇-ရွှေအင်း၀၊ ကမ္ဘာကျော်၊ ပဲခူးကား။ ဒါးပိန်ကား၊ စီး၍ လေးထောင့်ကန်လမ်းမကြီးနှင့် မောင်းမကန်လမ်းထောင့် ''နတ်စင်''ကားမှတ်တိုင်တွင် ဆင်းပါ။]**




www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး ဦးအောင်မြို့င် (ဥပဒေဘွဲ့)

**[လက္ခဏာဗေဒင်ပညာသုတေသီ]**

- လူက မကျန်းမာ၊ ရောဂါရှာတော့လဲ မတွေ့၊ ကုသမှုခံယူပေမယ့် မသက်သာ၊ ဆေးထိုးဆေးစားလဲ မထူးခြား။
- အိပ်မပျော်၊ စားမဝင်၊ အကြောတွေတက်၊ ခေါင်းကိုက်၊ ဗိုက်နာ ဝေဒနာစုံ ခံစားနေရပြီး လူက တဖြည်းဖြည်းနဲ့ ပိန်ချုံးချည့်နဲ့၊ ကိုယ်ခန္ဓာက မလှုပ်ချင်၊ နွမ်းနယ်၊ စိတ်ကလဲ မရွှင်လန်း။ အလုပ်အကိုင် စီးပွားရေး အိမ်ထောင်ရေးကိစ္စတွေမှာပါ စိတ်မဝင်စားနိုင်တော့တာဟာ သင့်လက်ဖဝါးပြင်က အဓိက လက္ခဏာလမ်းကြောင်းတချို့ပေါ်မှာ အဖြစ်သင်္ကေတငယ်တွေ ပေါ်လာလို့ပါ။
- အဲဒီဝေဒနာတွေကို အမြန်ဆုံး ထူးခြားသက်သာစေပြီး တစ်လခန့်အတွင်း အကျိုးထူးမည့် ဂမ္ဘီရပညာ ယတြာအစီအရင်ဖြင့် ပံ့ပိုးကူညီပေးပါရစေ။

**အမှတ်(၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**

**၀၉-၇၉၅၆၀၇၄၈၅၊ ၀၉-၅၀၆၂၈၄၃၊ ၀၉-၅၁၇၇၆၂၂၊**

***ဝဲ့ဖြည်အားပျိုးရှာသာ လာခဲ့ပါ***





အစိဋ္ဌာန်အောင်မြင်တဲ့ အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းဘုရားကြီးမှ

t"qleyg&rDtMumtjrif{ubraemynm&Sf

## ဆရာမ နန်းစန္ဒာ

ဘဝအခက်အခဲနှင့် ကြုံတွေ့ကြသူတိုင်း ဆရာမရဲ့ အဓိဋ္ဌာန်ကျင့်စဉ်ပညာစွမ်းနဲ့ ဟောပြောပြုလုပ်ပေးရာမှာ အခက်အခဲမရှိ အောင်မြင်ကြောင်းကို ဆရာမရဲ့ သားတပည့်အပေါင်း သိပြီး ဖြစ်ပါတယ်။ ''လာခဲ့ပါ'' မိတ်သစ်ပဋ္ဌာန်းဆက်များကို ဖိတ်ခေါ်လိုက်ပါတယ်။ အဓိဋ္ဌာန်ပါရမီအကြားအမြင် ဇော်သမနောပညာစွမ်းဖြင့် မရေးမတွက် ရုပ်ဆင်းသဏ္ဌာန်ကို ကြည့်ရုံမျှဖြင့် သင် ယခုကြုံတွေ့ခံစားနေရတဲ့ ကိစ္စမှန်သမျှကို အံ့သြလောက်အောင် မှန်ရမည်။

အိမ်ထောင်ရေး၊ စီးပွားရေး၊ အချစ်ရေး၊ ခြံ၊ မြေ၊ အိမ်၊ အမွေ၊ နာမည်ခိုက်၊ ဘေးဥပဒ်အန္တရာယ်၊ အမှုအခင်းပြဿနာနဲ့ ကားအရောင်းအဝယ်၊ ပညာရေးအခြေအနေ၊ စာမေးပွဲအောင်/ရှုံးတို့ကို တိကျပြတ်သားစွာ ဟောပြောပြုလုပ်ပေးလို့ စိတ်တိုင်းကျစေရမည်။ သင့်ကံကြမ္မာကို ကျင့်စဉ်၊ ဒေဝယတြာ၊ ဂမ္ဘီရယတြာနည်းတို့ဖြင့် ဇာတာမြှင့်ပေးပါမည်။

ကံဇာတာ စစ်ကြည့်ကြရအောင်၊ ရာထူးအတက်အကျ၊ ထီပေါက်ကိန်းရှိနေရင်တော့ ကျိန်းသေ ထီပေါက်ရမည်။

(နိုင်ငံခြားသွားဖို့ အခက်အခဲရှိနေပြီဆိုရင်တော့ အမြန်ဆုံးသာလာခဲ့ပါ။)

**သင့်ဘဝ အောင်မြင်ရေးအတွက် ကျိုက်ဝိုင်းဘုရားကြီးမှာ**

**ဆရာမ နန်းစန္ဒာ** ရှိတယ်။

မှန်ကန်ရမည်
အောင်မြင်ရမည်
စိတ်ချမ်းသာရ၍
ကျေနပ်စေရမည်။

**ဟောခန်းဖွင့်ချိန်။ ။ နံနက်(၈)နာရီမှ ညနေ(၅)နာရီထိ(လပြည့်၊ လကွယ်နေ့တိုင်း နားမည်။)**

**အခန်းအမှတ်(၁၁)၊ ကျိုက်ဝိုင်းဘုရား၊ အနောက်ဘက်မုခ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၇၃၀၃၄၁၂၂**




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com


ဝိဇ္ဇာဓရ ဆေးပညာဖြင့် အောက်ပါရောဂါများကို ကုသပေးသည်

သမားတော် ဒေါက်တာ ခင်မောင်လှ C.T.M.P (တဆ -၀၂၂၉၀) Ph.D (Alternative Medicine)(India)

ဆရာမ ကြည်ကြည်မြင့် B.Sc. (Zoo) C.T Medicine(တဆ -၀၃၇၈၂)

**ရွှေပြည်မင်း တိုင်းရင်းဆေးကုဌာန**

အသည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းကြီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါအမျိုးမျိုး။

နှစ်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်ကပ်နှင့် ဆီးကျိတ်ရောဂါ။ လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုဝတွင် အဖုအကျိတ်၊ စအိုနာအမျိုးမျိုး။

အမျိုးသမီးများသားအိမ်အတွင်းအလုံးအကျိတ်တည်ခြင်း၊ နှစ်ရှည်လများမီးယပ်အဖြူဆင်းခြင်း၊ ရင်သားအဖုအကျိတ် မခွဲမစိတ်မနာမကျင်စေဘဲနှင့် သိဒ္ဓိဝင်ဆေးတောင့်၊ဓါတ်လုံးများဖြင့် သီးသန့် သက်သာပျောက်ကင်းစေရမည်။

**ခန္ဓာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံး၊အကျိတ်၊အဖု၊ ကင်ဆာ(ခေါ်)မြစ်ပွားနာရောဂါ** အမျိုးမျိုးကို လက်ခံ၍ ကုသပေးသည်။

ဆေးခန်းဖွင့်ချိန် -

ရွှေပြည်မင်း တိုင်းရင်းဆေးကုဌာန

[illegible] နေ့လယ် (၁၂)နာရီ မှ ည (၇း၀၀)နာရီထိ

အမှတ် - ၂၅၊အခိုင်(၃)၊ ၁၄ ရပ်ကွက်၊ သံသုမာလမ်းကြီးမြင်သာ၊ တောင်ဥက္ကလာ၊ ရန်ကုန်မြို့ ☎ - [illegible] / [illegible]

တနင်္လာနေ့တိုင်း ပိတ်သည်။



မဟာဘုတ်ပါရဂူ ဆရာကြီး ဦးကြာမြင့် နှင့် ဆရာဦးစိုးလင်းတို့၏ တပည့်

**ဆရာဦးခင်ဇော်**

သင်၏ တန်ဖိုးရှိသော အချိန်ကို အကျိုးရှိစွာအသုံးချမည်ဆိုလျှင် –

သင်၏ကောင်းကျိုးချမ်းသာအပြာပြာနှင့် ရေရှည်အကျိုးစီးပွားဖြစ်စေမည့် အခွင့်အလမ်းများကို ပိတ်ဆို့ပန့်တား၊ သော့ခတ်ထားခြင်းခံထားရသည့် တံခါးအထပ်ထပ်ကို "နဝင်းစီးပညာ" ဟူသော သော့တံဖြင့် တစ်ချပ်ပြီး တစ်ချပ် ဖွင့်လှစ်ကြည့်ချင်တယ်ဆိုလျှင် – ကျွန်ုပ်နှင့် တွေ့ဖို့လိုပါလိမ့်မည်။

ဘာကြောင့်လဲဆိုရင် – အဲဒီသော့တံလေးဟာ ကျွန်ုပ်ထံမှာ ရှိနေလို့ပါပဲ။

ဆရာဦးခင်ဇော်

အမှတ် (၁၂) မြရတနာ (၁၀)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့

(ဥက္ကလာပ၊ ဘူတာအနီး)၊ ဖုန်း 09 5097356 / 09 73018801




www.burmeseclassic.com

www.burmeseclassic.com




wmjzifuhrDnf



ပါရမီရှင် ဆရာမကြီး ဒေါ်မြမြစိုး ဟောပြောခန်းဖွင့်၍ ကူညီဆောင်ရွက်ပေးလျက် ရှိပါသည်။

- ◆ အိမ်ထောင်ရေး ပြိုကွဲနေသူများ။
- ◆ မျှော်လင့်ချက်ကင်းပြီး စီးပွားကျနေသူများ။
- ◆ ချစ်သူ ပစ်ခွာစိမ်းကားသလား။
- ◆ မိမိအား မေတ္တာသက်ဝင် ချစ်ခင်လာစေချင်သလား။
- ◆ ချစ်ခင်သူ မိမိထံ လာစေချင်သလား။
- ◆ ထီပေါက်ကိန်း ရှိပါက ထီနံပါတ်များကို ရွေးချယ်ပေးခြင်း။
- ◆ အရောင်းအဝယ်ကောင်း၍ သွားလေရာ မျက်နှာပွင့်လန်းပြီး ချင်ခင်သူများစေချင်သလား။
- ◆ ရင်သွေးငယ်များ၏ ဘဝခရီး ကြီးပွားတိုးတက်စေရန် ကလေးနှင့်လူကြီးများ၏ အမည်များကို မှန်ကန်စွာ တွက်ချက်ပေးခြင်း။

ဉာဏ်ပူဇော်ခမှာလည်း စေတနာကြေးမျှသာဖြစ်၍ မြောက်၍မဟော၊ ခြောက်၍မဟော၊ အတိအကျ ဟောကြားပေးနေပါသည်။

ရုံးခန်း။ ။ အမှတ် (၂၄၁)၊ အပေါ်ထပ်၊ (၂၉)လမ်းနှင့် လမ်း(၃၀)ကြား၊ အင်းဝအအေးဆိုင်ရှေ့၊ အနော်ရထာလမ်းမပေါ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

အချိန်။ ။ နံနက် (၁၀)နာရီမှ ညနေ (၅)နာရီထိ နေ့စဉ်ဟောကြားပေးနေပါသည်။ ဖုန်း-၀၉ ၅၁၅၈၁၄၀



www.burmeseclassic.com

www.burmeseclassic.com


မိန်းကလေး

အမှတ်တံဆိပ်

မီးယပ်သွေးပေါ်ဆေး



မီးယပ် သွေးပေါ်ချိန်တွင် မီးယပ်သွေးမပေါ်ခြင်း၊ မီးယပ် သွေးပေါ်နည်းခြင်း၊ မီးယပ်သွေးမမှန်ခြင်း၊
မီးယပ်သွေးချုပ်ခြင်း၊ မီးယပ်သွေးပေါ်ခါနီးအချိန်၊ မီးယပ်သွေးပေါ်နေစဉ်အချိန်တွင်
ခါး၊ တင်၊ ပေါင်၊ ဆီးစပ်၊ ဆီးအုံ ကိုက်ခဲနာကျင်နေသူ အမျိုးသမီးများ
အတွက် သုံးစွဲနိုင်ပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်- **TMR** ၀၀၄၂၉၂ (၁၂၁၇)
လိုင်စင်အမှတ် ၄/၂၀၁၆-တဆထလ/တိုး (၀၈၄၁)
ကြော်ငြာခွင့်ပြုချက်-တဆ၀က (စာနယ်ဇင်း)၁၀၉/၀၉၁၄

ပင်ရင်း-အမှတ်(၇၇၆)၊ ဗိုလ်ဗလ(၁)လမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့

ဖြန့်ချိရေး

- လှထုမေတ္တာ ဆေးမျိုးစုံဆိုင် (၂၄-လမ်း)
- ကိုဝင်းမြင့်+မဘောဘီ ဆေးမျိုးစုံဆိုင်(၁၅-လမ်း)
- သိမ်ကြီးဈေး
  - ၁။ မိဘမေတ္တာဆေးဆိုင်
  - ၂။ ဦးမြင့်ဆွေ-သားများဆေးဆိုင်
  - ၃။ အာရောဂျံဆေးဆိုင်
  - ၄။ ကိုလှစိုးဆေးဆိုင်
- မင်္ဂလာဈေး
  - ၁။ NEOဆေးမျိုးစုံဆိုင်
  - ၂။ ကိုသက်နိုင်ဆေးဆိုင်
  - ၃။ သုခချမ်းသာဆေးမျိုးစုံဆိုင်
  - ၄။ အာရောဂျံဆေးဆိုင်
  - ၅။ အောင် ဆေးဆိုင်




www.burmeseclassic.com

www.burmeseclassic.com


## ဆရာမဒေါ်အေးလာဘ်ချမ်း

[လက္ခဏာဗေဒင်+ယတြာအစီအရင်](အမျိုးသမီးသီးသန့်ဗေဒင်ဟောခန်း)

▲ အိမ်မှ ထွက်သွားသော သားသမီး ဘေးအန္တရာယ် ကင်းစွာဖြင့် အိမ်ကို ပြန်လာစေဖို့။

▲ မိဘ သဘောမတူ ကန့်ကွက်နေသူကိုမှ တမ်းတမ်းစွဲ ဖြစ်နေခြင်း အမြန်ပြတ်သွားစေဖို့။

▲ မိဘ ဘာပြောပြော နားမဝင် ကလန်ကဆန်လုပ်နေသော သားသမီးအပေါ် ပြောစကားများ အောင်မြင်စေဖို့။

▲ အိမ်မှာမနေ အပြင်မှာ အပေါင်းအသင်းများနှင့် ပျော်ပါးနေသော သားသမီးကို အိမ်ပြန်လာစေဖို့ (သို့မဟုတ်) အိမ်မြဲစေဖို့။

▲ သားသမီး ပညာရေးတွင် ဘွဲ့ရပြီးဆုံးစေဖို့။

▲ လူကြီးမိဘ စီစဉ်ပေးသူနဲ့ စေ့စပ် လက်ထပ်ကိစ္စ အမြန်ဆုံး လက်ခံစေဖို့။

(ပိတ်ရက်မရှိ)နေ့စဉ် နံနက်(၉း၀၀)နာရီ မှ ညနေ(၄း၀၀)နာရီအထိ ဟောခန်းဖွင့်ပါသည်။

*တိုက်-၁၉၊ ဘီ(၁)၊ ၄၁-ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ ဦးဝိစာရလမ်းပေါ်၊*
*မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။*

*၀၉-၅၀ ၉၁၇၆၈၊ ၀၉-၇၃၀ ၄၁၇၁၁၊ ၀၉-၄၂၀ ၁၁၂၄၇၉*



## ဝိဇ္ဇာဓရ၊ ဂမ္ဘီရ၊ ဘာဆင့်မြင့်ကိုယ်တွေ့ ပြဒါးဓာတ်ဆေး၊

## ကျမ်းပြုသမားတော် **မင်းတင်မောင်** တိုင်းရင်း (ဗိတက)ဘာထူးကုဆေးခန်း

၁။ နှလုံးအာရုံကြော အားနည်းရောဂါများ။ (ကျား+မ)သွေးတိုးရောဂါများ။
၂။ နို့ကင်ဆာ၊ လည်ပင်းကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ အဆုပ်ရောဂါများ။
၃။ ဒူလာသွေးဝမ်း၊ မီးယပ်သွေးဝမ်း၊ သွေးအန်၊ သွေးလျှံ၊ သွေးခန်းသောရောဂါများ။
၄။ သုက်လွှတ်မြန်ခြင်း၊ အလိုလိုသုက်ယိုခြင်း၊ ရှိဖြူအဆင်းများခြင်း၊ ဘီပိုးစီပိုးရောဂါများ။
၅။ အရိုး၊ အဆစ်၊ အကြော ရောင်ရမ်းနာကျဉ်ကိုက်ခဲခြင်း၊ လေးဖက်နာရောဂါများ။
၆။ မကြာခဏ ကိုယ်ရေယူ၊ ချွဲသလိပ်ကျပ် ကလေးသူငယ်နာရောဂါများ။

### ဆရာကိုင် ကုသဓာတ်ဆေးများ

၁။ အာရုံကြောရွှေဓာတ်ဆေး၊ ၂။ ရသာယနရွှေပြာဆေး၊ ၃။ ရသာယနသံဓာတ်ပြာဆေး၊ ၄။ ဟော်မုန်းသွပ်ဓာတ်ပြာဆေး၊ ၅။ သွေးအားကောင်း ပြဒါးဆုံး ဓာတ်ပြာဆေး၊ ၆။ လေငန်းဆေးဒန်းဓာတ်ဆေး၊ ၇။ အစာဖျက်တေဇောသထဓာတ်ပြာဆေး၊ ၈။ ပိုးသေရှောင်ဓာတ်ဆေးများကို ၁၉၉၄ခုနှစ်မှစ၍ ဆရာကိုယ်တိုင် စမ်းသပ်စားသုံးပြီး(ဘေးထွက်ဆိုးကျိုးကင်းကြောင်း)သိပြီးမှ ကုသပေးခြင်းဖြစ်သည်။ ဖော်ပြပါ ဓာတ်ဆေးများကို နေ့စဉ် ယနေ့ထိကိုယ်တိုင် စားသုံးနေ၏။

"ဓာတ်မသေလျှင် လူသေမည်။ ဓာတ်သေလျှင် သက်ရှည်ကျန်းမာမည်"

အမှတ်-၅၇၉၊ ဘိုကုန်းရပ်၊ သံလွင်ဉယျာဉ်လမ်း၊ သံလွင်ဈေး(ရေတွင်းရှေ့)၊ မော်လမြိုင်မြို့။
ဖုန်း-၀၉ ၄၅၅၃၈၉၁၁၀၊ ဖုန်း-၀၉ ၄၂၅၂၉၉၅၅၃၊ ဖုန်း-၀၉ ၂၅၅၉၄၄၄၂၀။




www.burmeseclassic.com

www.burmeseclassic.com


သင့်မိသားစု ကျန်းမာရေး စိုင်ပရိုတွန်း အားဆေး သုံးစွဲပေး

အားအင်ပြည့်စွမ်း

# စိုင်ပရိုတွန်း

အားတိုးဆေးရည်

၂ နှစ်အထက် ဖွံ့ဖြိုးစ ကလေးငယ်များ၊
အရွယ်ရောက်ကာစကလေးများ။
အလုပ်ခွင်မှ ပင်ပန်းနွမ်းနယ်သောသူများ။
စားဝင် အိပ်ပျော် အစားအသောက်ပျက်သူများ။
အားကစားသမားများ။ နလံထစလူမမာများ။
သက်ကြီးရွယ်အိုများအတွက် အထူးသင့်လျော်သည်။
(အသက်အရွယ်မရွေး ကျားမ မရွေး သင့်လျော်သည်။)




ဘိုးဘိုး၊ဘွားဘွား
ဖေဖေ၊ မေမေ
သားသား၊ မီးမီး
တို့ပါမကျန်
မိသားစုတစ်စုလုံးအတွက်
စားဝင်၊ အိပ်ပျော်၊
ကျန်းမာ၍
အလုပ်လုပ်နိုင်သည်။

ဆေးညွှန်း
(အစာမစားမီ) လူကြီး လက်ဖက်ရည်ဇွန်းကြီးတစ်ဇွန်း
တစ်နေ့ ၃ ကြိမ်။
ကလေး(၂)နှစ်မှ (၆)နှစ် လက်ဖက်ရည်ဇွန်းသေး
တစ်နေ့နှစ်ကြိမ်။
ကလေး (၇)နှစ်မှ (၁၄)နှစ် လက်ဖက်ရည်ဇွန်းကြီး
တစ်နေ့ ၂ကြိမ် (သို့) ဆရာဝန်ညွှန်ကြားသည့်အတိုင်း
သောက်နိုင်သည်။

ဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။

MYAN. FDA Reg. No. R 2208A5674




www.burmeseclassic.com